www.dhammaransi.com

ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သော

# ယမိုက်အဖြေကျမ်း

ဆရာတော်ဘုရားကြီးရေးသားတော်မူရင်း
ပါဠိဘာသာမှ **လယ်တီပဏ္ဍိတ** ဆရာဦးမောင်ကြီး
မြန်မာဘာသာပြန်ဆိုထားသည်။



ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၄

www.dhammaransi.com

ကျေးဇူးရှင်

# လယ်တီဆရာတော်ဘုရားကြီး

ရေးသားတော်မူအပ်သော

# ယမိုက်အဖြေကျမ်း

ဆရာတော်ဘုရားကြီးရေးသားတော်မူရင်း
ပါဠိဘာသာမှ **လယ်တီပဏ္ဍိတ** ဆရာဦးမောင်ကြီး
မြန်မာဘာသာပြန်ဆိုထားသည်။

---

# THE ESSENCE OF YAMAKA

TRANSLATED FROM
THE ORIGINAL PALI WORKS
OF THE
RIGHT REVEREND LEDI SAYADAW.
BY

U MAUNG GYI [ Ledi Pandita ]

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၄

**H.262-A** [ဟံသာဝတီမှ]

www.dhammaransi.com

# နိဒါန်း

မြန်မာသက္ကရာဇ် ၁၂၇၃-ခု နှစ် နတ္တော်လအတွင်း မန္တလေးမြို့တော်၌ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးစံနေတော်မူစဉ်အခါ ဥရောပတိုက် အင်္ဂလန်ပြည်ရှိ ပါဠိအသင်းကြီး စက္ကရီတေရီ လန်ဒန်-ပါဠိဒေဝီထံမှ အဘိဓမ္မာယမိုက်ကျမ်းကြီးနှင့်စပ်လျဉ်း၍အလွန်သိမ်မွေ့နက်နဲသော ပုစ္ဆာ ၁၄ ပါးရပ်ကို လျှောက်ထားလိုက်ရာ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက ပါဠိဘာသာဖြင့် အကျယ်တဝင့်ရေးသား၍ ဖြေကြားပေးပို့တော်မူလိုက်သည် ဖြစ်ပါကြောင်း။

ထိုယမိုက်အဖြေများကို အင်္ဂလန်ပြည် ပါဠိအသင်းကြီးသို့ ရောက်လေသောအခါ မူလလျှောက်ထားသူ လန်ဒန်ပါဠိဒေဝီနှင့်တကွ ဥရောပတိုက်သား ပါဠိအသင်းဝင် ပညာရှိများလည်း သေချာစွာကြည့်ရှုကြသောအခါ လွန်စွာနှစ်သက်လှသဖြင့် ကျေးဇူးတင်ကြောင်းကို စာပေါင်းများစွာရေးသားတုန့်ပြန်ကြလေသည်ဖြစ်ပါကြောင်း။

အင်္ဂလန်ပြည်သို့ပို့လိုက်သော ယမိုက်အဖြေကျမ်းကို ပါဠိအသင်းကြီးက အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆို၍ ပုံနှိပ်ဖြန့်ချိလေရာ အရှေ့နိုင်ငံပညာနှင့် ဗုဒ္ဓဘာသာအဘိဓမ္မာကျမ်းတို့ကို စုံစမ်းလေ့ရှိကြသော ဥရောပတိုက်, အမေရိကတိုက်တွင် ထင်ပေါ်ကျော်စောသော ပညာရှိအပေါင်းတို့သည် ကောင်းမွန်နှစ်မြို့စွာသဘောကျကြောင်းကိုလည်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးထံသို့ စာပေါင်းများစွာ ရေးသားပို့ဆက်ကြသည်ဖြစ်ပါကြောင်း။

ဤမြန်မာနိုင်ငံတော်မှာ ထိုယမိုက်အဖြေကျမ်းကို မြန်မာဘာသာသက်သက်ဖြင့် ပြန်ဆိုရေးသားပြီးလျှင် စာအုပ်ရိုက်နှိပ်ခါ ထုတ်ဝေဖြန့်ချိရပါလျှင် မြန်မာပြည်တွင်နေထိုင်ကြသော ရဟန်းရှင်လူ တိုင်းသူပြည်သား လူများအပေါင်းတို့အား ယမိုက်ဉာဏ်တိုးပွား၍ အဘိဓမ္မာသဘောအချက်ကြီးတွေ ပေါ်လွင်ထင်ရှားစွာ ရှိလိမ့်မည်၊ သို့ဖြစ်၍ ဤယမိုက်အဖြေကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆို ရေးသား ရမည်ဟု ၁၂၇၅- ခုနှစ်က ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကို နာခံခဲ့ရသည်ဖြစ်ပါကြောင်း။

www.dhammaransi.com



# နိဒါန်း

သို့ရာတွင် ဗုဒ္ဓဘာသာအလင်းပြကျမ်း,သာသနသမ္ပတ္တိဒီပနီကျမ်း, သာသနဝိပတ္တိဒီပနီကျမ်း များကို မြန်မာဘာသာ ပြန်ဆိုနေရသဖြင့် ယမိုက်အဖြေကျမ်းကို မြန်မာဘာသာ ပြန်ဆိုရေးသားရန် အခွင့်မရဘဲ ကြာမြင့်ခဲ့ရသည် ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ကြာမြင့်သော အချိန်အတွင်းမှာလည်း သုတ္တနိပါတ်ပါဠိတော်, သဂါထာဝဂ္ဂသံယုတ်ပါဠိတော်, ထေရဂါထာပါဠိတော်, ထေရီဂါထာပါဠိတော်ကြီးများကို အဋ္ဌကထာနှင့်တိုက်ဆိုင်၍ မြန်မာဘာသာပြန်ဆိုခြင်းကိစ္စများကို ဆောင်ရွက်နေရပြန်ရာ ထိုယမိုက်အဖြေကျမ်းကို မြန်မာဘာသာ ပြန်ဆိုရန်အချိန်ကာလကိုပင် ဝေခြမ်းမျှတ၍ ထားရန်ပင် အခွင့်မရဘဲရှိခဲ့ပြန်ပါကြောင်း။

၁၂၇၅-ခုနှစ်သို့ရောက်သောအခါ ပျဉ်းမနားမြို့၌ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး မကျန်းမမာဖြစ်တော်မူစဉ် မြို့ဝန်ဦးသာထွန်းအောင်က ယမိုက်အဖြေကျမ်းကို လျင်မြန်စွာမြန်မာဘာသာပြန်ဆိုရေးသားရန်တိုက်တွန်းပေသည်အတွက် ထိုယမိုက်အဖြေကျမ်းကို စ၍ပြန်ဆိုရပေသည်၊ မြို့ဝန်ဦးသာထွန်းအောင်သည် သာသနာတော်ကြီးပွားရေးကို များစွာလိုလား၍ အဘိဓမ္မာကျမ်းဂန်များကို မိမိကိုယ်တိုင်အထူးသဖြင့် လေ့လာသင်ကြားပေသည်ပြင် သူတပါးတို့အားလည်း အဘိဓမ္မာတတ်မြောက်စေလိုသော စိတ်ကောင်း, စေတနာကောင်းဖြင့် နှိုးဆော်တိုက်တွန်းလေ့ရှိသောအတိုင်း ထိုဦးသာထွန်းအောင်၏ သဒ္ဓါစေတနာများကို ထောက်ထားသောအားဖြင့် ဤယမိုက်ကျမ်းကို လျင်မြန်စွာ မြန်မာဘာသာပြန်ဆို ရေးသားရခြင်း ဖြစ်ပါကြောင်း။

ဤယမိုက်အဖြေကျမ်း၌ပါရှိသော အချက်များသည် လွန်စွာနက်နဲ၍ အဘိဓမ္မာ ၇-ကျမ်းတွင်ခြောက်ဆင့်မြောက်သောယမိုက်ကျမ်းကြီး၏ ခဲရာခဲဆစ်မှန်သမျှကို အထင်အရှားဖော်ပြသော ကျမ်းဖြစ်ကြောင်းကို ကြည့်ရှုသောအခါ ကောင်းစွာသိနိုင်လိမ့်မည် ဖြစ်ပါကြောင်း။

ယခုအခါမြန်မာပြည်၌ အစိုးရပဌမပြန်ပွဲကြီး, မန္တလေးမြို့ သကျသီဟ စာပြန်ပွဲကြီးမှစ၍ စာပြန်ပွဲပေါင်းများစွာတို့ကို ပြုလုပ်လေ့ရှိကြရာ ထိုစာပြန်ပွဲကြီးများ၌ ယမိုက်ကျမ်းနှင့်သက်ဆိုင်သော ပုစ္ဆာအချက်

www.dhammaransi.com



များကို ဤယမိုက်အဖြေကျမ်းကိုလေ့လာကြည့်ရှုပါလျှင် လွယ်ကူစွာနှင့် ဖြေဆိုနိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

ထိုပြင်မှတပါး အဘိဓမ္မာကို လေ့လာသင်ကြားကြသောအမျိုးသား အမျိုးသမီးတို့အားလည်း ဤကျမ်းကိုကြည့်ရခြင်းအားဖြင့်အဘိဓမ္မာဉာဏ် ထက်သန်တိုးပွားကြရန်မှာလည်း အမှန်မလွဲပင်ဖြစ်ပါကြောင်း။

ဤကဲ့သို့ သာသနာတော်ကြီးအတွင်းမှာ လွန်စွာအကျိုးများမည် ဖြစ်သော ဤ''ယမိုက်အဖြေကျမ်း''ကို စာလုံးကောင်း, စက္ကူကောင်း နှင့် အထူးသားနားသေသပ်စွာရှိလေအောင် ကောင်းစွာပြင်ဆင်၍ ပုံနှိပ်စေပါသတည်း။

ရန်ကုန်မြို့။
လယ်တီ-ပဏ္ဍိတ။
ဆရာ-ဦးမောင်ကြီး။

၁၂၈၆-ခု တော်သလင်းလဆန်း ၁-ရက် ပဌမအကြိမ်၊ ၁၃၀၂-ခု တန်ခူးလဆန်း ၁၅- ရက် ဒုတိယအကြိမ်ရိုက်နှိပ်ပြီး၍ ၁၃၁၆-ခု နတ်တော်လဆန်း ၁၅-ရက်နေ့တွင် ကျွန်ုပ်တို့ ဟံသာဝတီ ပုံနှိပ်တိုက်က တတိယအကြိမ် ရိုက်နှိပ်ပြီးစီးပါကြောင်း။

**''ဟံသာဝတီ''**

www.dhammaransi.com

# မာတိကာ


ဦးရေ ... စာမျက်နှာ

၁။ ပဏာမပဋိညာဉ်စသည် .... ၁

၂။ လန်ဒန်ဒေဝီ၏လျှောက်ထားချက်
ယမိုက်ပုစ္ဆာငါးရပ် .... ၄

၃။ နိဒါနကထာ

(က) ဆရာတော်ဘုရားကြီးယူဆချက် .... ၆

(ခ) လန်ဒန်ပါဠိဒေဝီ၏ ချီးမွမ်းစကား .... ၇

(ဂ) နိုင်ငံခြား သာသနာထွန်းကားခြင်း၏
အရင်းမူလ .... ၈

(ဃ) မြန်မာဘာသာ ပြန်ဆိုရန်အမိန့် .... ၉

၄။ ပဌမ ပုစ္ဆာအဖြေ

(က) ယမိုက်ကျမ်းကို ဟောတော်မူရခြင်း၏
အကြောင်း .... ၁၀

(ခ) သဗ္ဗညုတဉာဏ်တော်၏ အစွမ်း
သတ္တိ ၃-မျိုး .... ၁၁

(ဂ) ဝါသနာနှင့် စရိုက်အထူး .... ၁၅

(ဃ) အကျဉ်းမှတ်ရန် ဂါထာ .... ၁၆

(င) အောက်အဘိဓမ္မာ ၅-ကျမ်းတို့၌ဟောသော
ဒေသနာတော်နည်းနှင့် ကြွင်းကျန်သော
ဒေသနာနည်း ၃-မျိုး .... ၁၇

(စ) ယမိုက်ကျမ်းကို ဟောတော်မူရခြင်း၏
အကျိုး .... ၂၀

၅။ ဒုတိယ ပုစ္ဆာအဖြေ

(က) ယမိုက်ကျမ်း၌အနုသန္ဓေဆက်စပ်ပုံ .... ၂၄

(ခ) မူလဟိတ်တရားကြီး ၉-ပါးတို့၏
မူလမြစ်ခြေသဘော .... ၂၆

(ဂ) မူလယမိုက်၏အကျိုး .... ၂၀

www.dhammaransi.com



# မာတိကာ

ဦးရေ စာမျက်နှာ


(ဃ) တိတ္ထိကြီး ၃-ပါး .... ၂၀
(င) ယုံမှားခြင်း ၈-ပါး .... ၃၄
(စ) ယုံမှားခြင်း ၁၆-ပါး .... ၃၆
(ဆ) ပဋိစ္စသမုပ္ပါဒ်အချက်၌ ယုံမှားပုံနှင့် ယုံမှားကင်းပုံ .... ၃၈
(ဇ) ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန္နအထူး .... ၃၉
(ဈ) အကျိုးနှင့်အကြောင်းဆက်သွယ်ပုံ ဥပမာ .... ၄၀
(ည) မှန်ရိပ်ဥပမာဖြင့် ပဋိစ္စသမုပ္ပါဒ်သဘောကို ပြဆိုချက် .... ၄၀
(ဋ) ဥပမာန-ဥပမေယျစပ်ဟပ်ပြချက် .... ၄၂
(ဌ) ဉာဏ်အမြင် ၃-ချက်နှင့်ဉာဏ်အဆင့် ဆင့်တက်ပုံ .... ၄၈
(ဍ) အပါယ,ဒုဂ္ဂတိ,ဝိနိပါတ,သံသာရ-ဟုဒ်လေးခုတို့၏ အဓိပ္ပါယ်ကိုရှင်းလင်းချက် .... ၅၁
(ဎ) ဥပမာန-ဥပမေယျစပ်ဟပ်ပြချက် .... ၅၈

၆။ တတိယပုစ္ဆာအဖြေ

(က) ဈာန်တရားတို့၌ ယမကဒေသနာနည်းဖြင့် ဝေဖန်ပုံ .... ၇၃
(ခ) ဝေဒနာတိက်၌ ယမကဒေသနာနည်းဖြင့် ဝေဖန်ပုံ .... ၇၅

၇။ စတုတ္ထပုစ္ဆာအဖြေ

(က) ထပ်ခါထပ်ခါဟောတော်မူရခြင်း၏ အကြောင်း .... ၇၇
(ခ) ပဋိသမ္ဘိဒါဉာဏ်တော်ကြီး ၄-ပါး .... ၈၄
(ဂ) ထပ်ခါထပ်ခါဟောတော်မူရခြင်း၏ အကျိုး .... ၈၅

www.dhammaransi.com



# မာတိကာ

ဦးရေ　　　　　　　　　　　　　　　　စာမျက်နှာ


၈။ ပဉ္စမပုဏ္ဏာအဖြေ

(က) မူလယမိုက်အစိပ္ပါယ်ချုပ်

၁—မူလ ၉-ပါး .... ၈၆
၂—မူလရှိ မရှိတရား ၂-မျိုး .... ၈၈
၃—နယ ၄-ပါး .... ၈၈
၄—ယမိုက် ၁၂-ပါး .... ၈၉
၅—ယမိုက်ဝေဖန်ပုံ .... ၉၀

(ခ) ခန္ဓယမိုက်အစိပ္ပါယ်ချုပ်

၁—နာမပညတ္တိ စိစစ်ခဏ်း .... ၉၃
၂—သစ္စာ ၂-ပါး ပြဆိုခဏ်း .... ၁၀၀
၃—ခန္ဓယမိုက် စိစစ်ခဏ်း .... ၁၁၄
၄—ပဏ္ဏတ္တိဝါရ အဓိပ္ပါယ်ချုပ် .... ၁၁၅
၅—ခန္ဓာ ၄-ပါးတို့၏ စစ်တန်း .... ၁၂၀
၆—ပဝတ္တိမဟာဝါရ စိစစ်ခဏ်း .... ၁၂၆
၇—သန္နိဋ္ဌာန,သံသယ,ဝိသဇ္ဇနာ သဘောတို့ကို ပြဆိုခဏ်း .... ၁၂၉
၈—အဖြေဝိသဇ္ဇနာ ၅-မျိုး .... ၁၃၁
၉—ပရိညာဝါရ စိစစ်ခဏ်း .... ၁၃၃

(ဂ) အာယတနယမိုက်အစိပ္ပါယ်ချုပ်

၁—အာယတန ၁၂-ပါး သရုပ်,ဖြစ်ရာဘုံနှင့် ကိစ္စ .... ၁၃၄
၂—ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အာယတန ဝေဖန်ပုံ .... ၁၃၇
၃—အာယတနရှိပုံများကို ပြဆိုချက် .... ၁၃၉
၄—ကောက်ယူပုံ နည်းအမြွက် .... ၁၄၀
၅—အာယတန ယမိုက်လက်ာ .... ၁၄၂

www.dhammaransi.com



# မာတိကာ

ဦးရေ စာမျက်နှာ

(ဃ) ဓာတုယမိုက်အဓိပ္ပါယ်ချုပ်

၁—ဓာတုသဒ္ဒါ၏ အနက်သွားနှင့်အတ္တစွဲပုံ, အနတ္တ
စခန်းဆိုက်ပုံ .... ၁၄၃
၂—နိဿတ္တ,နိဇ္ဇီဝသဘော .... ၁၄၇
၃—ဓာတ် ၁၈-ပါးသရုပ်နှင့်ဓာတ်ဖိုဓာတ်မ .... ၁၅၂

(င) သစ္စယမိုက် အဓိပ္ပါယ်ချုပ်

၁—သစ္စာ ၄-ပါးကို ပြဆိုချက် .... ၁၅၈
၂—ပဝတ္တိမဟာဝါရ၌ စီစစ်ချက် .... ၁၇၅
၃—သုဒ္ဓါဝါသဘုံနှင့်စပ်၍သစ္စယမိုက်ခက်ဆစ် .... ၁၇၇
၄—ပဟာနပရိညာသဘောကို ခွဲခြမ်း၍
ပြဆိုချက် .... ၁၉၀
၅—နိဗ္ဗာန် အသင်္ခတဖြစ်ပုံ .... ၁၉၂
၆—ပဌမနိဗ္ဗာန်၊ ဒုတိယနိဗ္ဗာန်၊ တတိယ
နိဗ္ဗာန်သို့ ဆိုက်ရောက်ကြပုံ .... ၁၉၀
၇—နိဗ္ဗာန်ချမ်းသာ၌ စောဒနာဝင်ချက် .... ၁၉၄
၈—သစ္စယမိုက်၌ ဟောသောပုဒ်အထူး
များကိုရှင်းလင်းချက် .... ၁၉၈

(စ) သင်္ခါရယမိုက်အဓိပ္ပါယ်ချုပ်

၁—ကာယသင်္ခါရကို ပြဆိုချက် .... ၂၀၀
၂—ဝစီသင်္ခါရကို ပြဆိုချက် .... ၂၀၄
၃—စိတ္တသင်္ခါရကို ပြဆိုချက် .... ၂၀၇
၄—သင်္ခါရယမိုက်ကိုဟောရခြင်းအကြောင်း .... ၂၁၂
၅—သင်္ခါရယမိုက်၌ ကောက်ယူပုံအချက်များ .... ၂၁၅
၆—ကာယသင်္ခါရဖြစ်ဆဲသဘောကို စီစစ်ချက် .... ၂၁၉
၇—အတီတဝါရ၌ အဓိပ္ပါယ်မှတ်ချက် .... ၂၂၄
၈—အနာဂတဝါရ၌ အဓိပ္ပါယ်မှတ်ချက် .... ၂၂၇

ဦးရေ | စာမျက်နှာ

(ဆ) အနုသယယမိုက်အဓိပ္ပါယ်ချုပ်

၁—အနုသယသဘော .... ၂၃၇
၂—ကာမရာဂ၏ပရိယုဋ္ဌာနဝီတိက္ကမဖြစ်ပုံ .... ၂၄၀
၃—အနုသယဓာတ်၏အားရှိအားမဲ့ဖြစ်ပုံ .... ၂၄၅
၄—အနုသယဓာတ်၏အကြွင်းမဲ့ချုပ်ငြိမ်းပုံ .... ၂၄၈
၅—ဘုံတို့၌အနုသယဓာတ်တို့၏ဖြစ်ပုံ .... ၂၅၀
၆—ပုဂ္ဂိုလ်တို့၌အနုသယကိန်းဝပ်ပုံ .... ၂၅၄
၇—အနုသယဓာတ်တို့၏ကိန်းဝပ်ရာဌာန .... ၂၅၅
၈—ဓာတ်သုံးပါးကို ပြဆိုချက် .... ၂၅၆
၉—ပဟာနေကဋ္ဌ, သဟဇေကဋ္ဌသဘော ၂-မျိုးကို ပြဆိုချက် .... ၂၅၇

(ဇ) စိတ္တယမိုက်အဓိပ္ပါယ်ချုပ်

၁—သိပုံ ၅-မျိုးတို့ကို ဝေဖန်ချက် .... ၂၇၃
၂—သဗ္ဗညုတဉာဏ်တော်နှင့်စပ်သောစကား .... ၂၇၄
၃—လောကီဉာဏ် ၈-မျိုး .... ၂၇၅
၄—ကမ္မဿကတာသမ္မာဒိဋ္ဌိကိုပြဆိုချက် .... ၂၇၇
၅—ဝိဇ္ဇာနနဓာတ်၏သဘော .... ၂၈၂
၆—သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ .... ၂၈၇
၇—စိတ်တို့၏ခဏခဏဖြစ်ပုံပျက်ပုံ .... ၂၈၈
၈—မနောဝိညာဉ်ကို ပြဆိုချက် .... ၂၉၆
၉—စိတ်၏ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုချက် .... ၃၀၅
၁၀—ဣန္ဒြိယပစ္စည်းသဘောအားဖြင့်စက္ခုဝိညာဉ်မည်ပုံကို ပြဆိုချက် .... ၃၀၆
၁၁—ကာရကသဘော, ကြိယာသဘောတို့ကို ပြဆိုချက် ၃၁၂
၁၂—သာမညလက္ခဏာ ၃-ပါးကို ပြဆိုချက် .... ၃၁၅
၁၃—စိတ်၏ကြိယာအမျိုးမျိုးဖြစ်ပုံကိုပြဆိုချက် .... ၃၁၆
၁၄—စိတ္တယမိုက်၏အဓိပ္ပါယ်ကို ဖော်ပြချက် .... ၃၂၀

www.dhammaransi.com

# (ည) မာတိကာ

ဦးရေ စာမျက်နှာ

(ဈ) ဓမ္မယမိုက်အဓိပ္ပါယ်ချုပ်

၁—ကုသလာဓမ္မာပုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ် .... ၃၂၅
၂—အကုသလာဓမ္မာပုဒ်၏ဆိုလိုရင်းအဓိပ္ပါယ်.... ၃၂၇
၃—အဗျာကတာဓမ္မာပုဒ်၏ဆိုလိုရင်းအဓိပ္ပါယ် ၃၂၉
၄—ကုသလတိက်တခုလုံး၏အဓိပ္ပါယ် .... ၃၃၃
၅—ဝေဒနာစသောတိက်ဒုက်တို့၏အဓိပ္ပါယ် .... ၃၃၆
၆—ဓမ္မယမိုက်၌ဟောတော်မူပုံအမြွက် .... ၃၃၇

(ည) ဣန္ဒြိယယမိုက်အဓိပ္ပါယ်ချုပ်

၁—ဣန္ဒြေ ၂၂-ပါးသရုပ် .... ၃၄၀
၂—ဣန္ဒြေခေါ်ရခြင်း၏အကြောင်းနှင့်ဌာနကြီး ၂၂-ပါး ၃၄၁
၃—ဒဿနစသောဌာန ၆-ပါး၌စက္ခုစသည်တို့အုပ်စိုးပုံ ၃၄၂
၄—ဣတ္ထိဌာန၌ဣတ္ထိန္ဒြေအုပ်စိုးပုံ .... ၃၄၅
၅—ပုရိသဌာန၌ပုရိသိန္ဒြေ အုပ်စိုးပုံ .... ၃၄၆
၆—ဇီဝဌာန၌ဇီဝိတ ၂-ပါး အုပ်စိုးပုံ .... ၃၄၉
၇—ခံစားမှုဌာနကြီး ၅-ရပ်၌ဝေဒနာအုပ်စိုးပုံ ၃၅၀
၈—ကမ္မကြိယာဌာန၌သဒ္ဓါစသည်တို့အုပ်စိုးပုံ.... ၃၅၂
၉—ဣန္ဒြေတရားတို့၏အုပ်စိုးမှုကြောင့် တဏှာ
မာန ဒိဋ္ဌိကြီး၃-ပါးတို့အားရှိ၍နေပုံ .... ၃၅၄
၁၀—ဣန္ဒြိယယမိုက်၌ဟောပုံတို့ကို စီစစ်ပြချက် .... ၃၅၇
၁၁—ဣန္ဒြိယယမိုက်ဟောပုံပါဠိတော်များကိုထုတ်ပြချက် ၃၆၁
၉။ နိဂုံး ၃၆၅

www.dhammaransi.com

# ယမိုက်အဖြေကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပဏာမပဋိညာဉ်စသည်

၁။ ယမကံ ဒေသနတ္ထာယ၊ ယမကံ ပါဋိဟာရိယံ။
ဒဿေတွာ ဘဂဝါ ဂန္တွာ၊ ခဏေန တိဒသာလယံ။ ။

၂။ ဝိစိတ္တံ ဂမ္ဘီရံ သဏှံ၊ ဒေဝါနံ ယမကံ ဇိနော။
ယော ဒေသေသိ မဟာပညော၊ တဒ္ဒေသကဿ မေ နမော။ ။

၃။ ဓမ္မဉ္စ ယမကံ သေဋ္ဌံ၊ ယမကေ အဋ္ဌပုဂ္ဂလေ။
ယမကံ ကတွာ ဒွိဟတ္ထာနိ၊ ဝန္ဒာမိ ယာမ-မာနသာ။ ။

၄။ ယမကံစ ဘိဝန္ဒာမိ၊ မမ အာစရိယံ ဝရံ။
မဟာလယ်တီကဝိရဋ္ဌ၊ မဟာဝိသုဒ္ဓါရာမိကံ။ ။

၅။ ယာ ပုဗ္ဗာ လန်ဒန်ဒေဝိယာ၊ သဏှာ ယမကသဉ္ဇိတာ။
တံ ပါဠိယာ ဝိသဇ္ဇေသိ၊ လယ်တီထေရော ဇုတိန္ဓရော။ ။

၆။ မြန်မာဘာသာယ တဿာ တ္ထံ၊ ရစယိဿတိ ယာစိတော။
ယမကံ ဉာတုကာမေန၊ ရတနတ္တယ-မာနိနာ။ ။

**H,262-1** [ဟံသာဝတီမှု]

www.dhammaransi.com



၇။ တသ္မာဟံ ရစယိဿာမိ၊ သ-ဘာသာယ သုဗောဓကံ။
တံ ပေက္ခိတွာ ယမကေသု၊ အတ္ထံ ဇာနန္တု သာဓဝေါ။ ။

၁။ ဘဂဝါ၊ ဘုန်းတော် ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူဖက်ကင်း မင်းထက်မင်း ဖြစ်တော်မူသောမြတ်စွာဘုရားသည်။ ယမကံ၊ ယမိုက်ကျမ်းကြီးကို။ ဒေသနတ္ထာယ၊ ဒေသနာ ဉာဏ်ဟုန်ဖြင့် အစုံအစုံ ဖွဲ့၍ဟောတော်မူခြင်းငှါ။ ယမကံ၊ လကျ်ာမျက်လုံးတော်က ရေအလျှံ, လက်ဝဲမျက်လုံးတော်က မီးအလျှံ,လကျ်ာနားတော်က မီးအလျှံ,လက်ဝဲနားတော်က ရေအလျှံ,လကျ်ာမွေးညှင်းတော်က ရေအလျှံ,လက်ဝဲမွေးညှင်းတော်က မီးအလျှံ၊ ဤသို့စသည် ထူးလည်ထိန်လျှံ ယမကံအစုံအစုံ ဖြစ်သော။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ ဒဿေတွာန၊ သာဝတ္ထိတိုင်း သမိုင်းညွန့်လူ သရက်ဖြူ၌ နတ်လူဗြဟ္မာ များစွာအံ့ဖွယ် ဆန်းတကြယ်လျှင် အသွယ်သွယ်ပြတော်မူပြီး၍။ တိဒသာလယံ၊ သုံးကျိပ်သုံးဦး နတ်မှူးစံရာ ဝတိံသာမည် သောင်းတိုက်ပြည်သို့။ ခဏေန၊နှစ်လှမ်းသုံးဘဝါး လျင်လျားတျင်းတျင်း ခဏခြင်းပင်လျှင်။ ဂန္တွာ၊ လယ်မြောတန်ခိုးအစွမ်းဖြင့် ကွန့်မြန်းကြွချီတော်မူလေပြီ။

၂။ မဟာပညော၊ သဗ္ဗညုတဉာဏ် နှိုင်းရန်မမြင် ကောင်းကင်မက ကျယ်ဝန်းလှသည့် အနန္တ ဉာဏ်တော် ရှင်ကြီး ဖြစ်တော်မူပေထသော။ ယောဇိနော၊ ငါးမာရ်အောင်မြင် အကြွင်သို့သော ဘုရားရှင်သည်။ ဝိစိတ္တံ၊ အံ့ဩစဖွယ် လွန်ဆန်းကြယ်ထသော။ ဂမ္ဘီရံ၊ ထောက်မှီနိုင်ခဲ လွန်နက်နဲထသော။ သဏှံ၊ ဉာဏ်ဖြင့်ချိန်တိုင်း မွေ့သိမ် နူးညံ့လှစွာထသော။ ယမကံ၊ ယမိုက်ဆယ်ကျမ်းကို။ ဒေဝါနံ၊ လွန်စွာများတောင်း နတ်ဗြဟ္မာအပေါင်းတို့အား။ ဒေသေသိ၊ ဒေသနာဉာဏ်ဟုန်ဖြင့် အစုံအစုံယှဉ်တွဲ၍ လွန်ကဲစွာ ဟောတော်မူလေပြီ။ တဒ္ဒေသကဿ၊ ထိုယမိုက်ကျမ်းကို ဟောတော်မူသော မြတ်စွာဘုရားအား။ မေ၊ လယ်တီပဏ္ဍိတ နာမသမုတ် အကျွန်ုပ်၏။ နမော၊ ဦးနှိမ်ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

၃။ သေဋ္ဌံ၊ ချီးမွမ်းအပ်၍ မြတ်ပေထသော။ ယမကံ၊ အဘိဓမ္မာ ဒေသနာမကိုင်ု ယမိုက်အစုံအစုံဟု ဆိုအပ်သော။ ဓမ္မဥ္စ၊ တရားတော်မြတ်ကိုလည်း။ ယမကော၊ မင်္ဂ,ဖိုလ် အစုံအစုံ ဖြစ်တော်မူကြကုန်သော။

www.dhammaransi.com



အဋ္ဌပုဂ္ဂလေစ၊ ရှစ်ပါးသောအရိယသံဃာတော် အရှင်မြတ်တို့ကိုရင်း။ ဒွိဟတ္ထာနိ၊ ဘယ်လက်ညာလက် လက်နှစ်ဖက်တို့ကို။ ယမကံ ကတွာ၊ ကြာပဒုံသို့ အစုံပြု၍။ ယမမာနသာ၊ အကုသိုလ် အညစ်အကြေးမှ ကင်းဝေးအောင် ရှောင်ကြဉ်သောစိတ်ထူး စိတ်မြတ်ဖြင့်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးဦးနှိမ်ပါ၏ ဘုရား။

၄။ ဝရံ၊ လွှမ်းမိုးထူးချွန် အလွန်မြင့်မြတ်ထသော။ မဟာလယ်တီကဝိရဥ္စ၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကိုရင်း။ မဟာဝိသုဒ္ဓါ-ရာမိကဥ္စ၊ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီးကိုရင်း။ မမ၊ လယ်တီပဏ္ဍိတ နာမသမုတ် အကျွန်ုပ်၏။ အာစရိယဥ္စ ယမကံ၊ ဆရာသခင် ကျေးဇူးရှင်အစုံကိုလည်း။ အဘိဝန္ဒာမိ၊ ကျေးဇူးတော်အဖုံဖုံ ဂုဏ်တော်အရပ်ရပ်ကို ရည်မှတ်ရိုကျိုးလျက် ရှိခိုးဦးနှိမ်ပါ၏ဘုရား။

၅။ လန်ဒန်ဒေဝိယာ၊ လန်ဒန်မြို့ရှိ ပါဠိဒေဝီသည်။ သဏ္ဍာ၊ သိမ်မွေ့ခက်ခဲသော။ ယမကသဥ္ဇိတာ၊ ယမိုက်ဆယ်ကျမ်းနှင့် စပ်ဆိုင်သော။ ယာ၊ အကြင်ပုစ္ဆာငါးရပ်ကို။ ပုဋ္ဌာ၊ မြန်မာပြည်သို့လှမ်း၍ မေးမြန်းအပ်လေပြီ။ တံ၊ ထိုမေးမြန်းအပ်သော ယမိုက်ပုစ္ဆာငါးရပ်ကို။ ဇုတိန္ဓ-ရော၊ ကံ, ဉာဏ်, ထိန်ပြောင် ဘုန်းရောင်ပဝင်း ဂုဏ်ရောင်လင်းထသော။ လယ်တီထေရော၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်။ ပါဠိ-ယာ၊ ပါဠိဘာသာဖြင့်။ ဝိသဇ္ဇေသိ၊ အကျယ်တဝင့် ဖွင့်ကာဖွင့်ကာ ကောင်းစွာ ဖြေကြားတော်မူလေပြီ။

[လန်ဒန်ဒေဝီ–ဟူသောအမည်သည် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက ခေါ်ရလွယ်အောင် သမုတ်တော်မူအပ်သောအမည်ပေတည်း။]

၆။ ယမကံ၊ အဘိဓမ္မာယမိုက်ကျမ်းသဘောကို။ ဉာတုကာမေန၊ သိခြင်းငှာအလိုရှိသော။ ရတနတ္တယမာနိနာ၊ ရတနာသုံးပါး၏ ဂုဏ်ကို အာရုံစိုက်စူး အထူးမြတ်နိုးလေ့ရှိပေသော ပျဉ်းမနားမြို့ မြို့ဝန်မင်းဦးသာထွန်းအောင်သည်။ တဿ၊ ထိုကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ပါဠိဘာသာဖြင့် ရေးသားတော်မူအပ်သော ယမိုက်အဖြေကျမ်း၏။ အတ္ထံ၊ သိလွယ်မြင်လွယ် အဓိပ္ပါယ်ကို။ မြန်မာဘာသာယ၊ မြန်မာဘာသာသက်သက်ဖြင့်။ ရစယဿု၊ ရေးသားစီရင်ပါလော့။ ဣတိ၊ ဤသို့။

www.dhammaransi.com



အဟံ၊ အကျွန်ုပ်ကို။ ယာစိတော၊ အကြိမ်ကြိမ် အဖန်ဖန် တောင်းပန် တိုက်တွန်းအပ်ပေသတည်း။

၇။ တဿ၊ ထိုသို့ ပျဉ်းမနားမြို့ မြို့ဝန်မင်း ဦးသာထွန်းအောင်၏ တိုက်တွန်းတောင်းပန်ချက်ကြောင့်။ အဟံ၊ လယ်တီပဏ္ဍိတ နာမသမုတ် အကျွန်ုပ်သည်။ သ- ဘာသာယ၊ မိမိအမျိုးအနွယ်မှ ဆင်းသက်သော မြန်မာဘာသာဖြင့်။ သုဗောဓကံ၊ အမြန်တတ်မြောက်၍ အသိဉာဏ် ပေါက်လွယ်အောင်။ ရစယိဿာမိ၊ ယမိုက်ဉာဏ်ကွန့်မြူး၍ အထူးရေး သားပါလတ္တံ့။ တံ၊ ထိုယမိုက်အဖြေကျမ်းကို။ ပေက္ခိတွာန၊ သဘော မိအောင် ရှုကြည့်တော်မူကြကုန်၍။ သာဓဝေါ၊ အဘိဓမ္မာ ပညာလို လား သူတော်ကောင်းအများတို့သည်။ ယမကေသု၊ နက်နဲကျယ်ဝှမ်း ဆယ်ကျမ်း ဆယ်စောင် ယမိုက်ဘောင်၌။ အတ္ထံ၊ သိမ်မွေ့ဆန်းကြယ် အဓိပ္ပါယ်ကို။ ဇာနန္တု၊ အသိဉာဏ်အခေါင်ဆိုက်၍ ယမိုက်ဉာဏ်ထွန်း လင်းကြပါစေကုန်သတည်း။

ပဏာမပဋိညာဉ်စသည်ကိုပြဆိုခဏ်းပြီး၏။

---

## လန်ဒန်ပါဠိအေဝိ၏လျှောက်ထားချက် ယမိုက်ပုစ္ဆာ ၅-ရပ်

ရှိသေစွာ လျှောက်ထားပါသည် လယ်တီဆရာတော်ဘုရား။

၁။ ဘုန်းတော် ကြီးလှသော မြတ်စွာဘုရားသည် အဘိဓမ္မာ ၇-ကျမ်းကို ဟောတော်မူရာဝယ် ငါးခုမြောက်ဖြစ်သော ကထာဝတ္ထု ကျမ်း၏အခြားမဲ့၌ ခြောက်ခုမြောက်ဖြစ်သော ''ယမိုက်ကျမ်း'' ကို ဟောတော်မူပါသည်၊ ထိုယမိုက်ကျမ်းကို ဟောတော်မူရာ၌အကြောင်း ကား ဘယ်သို့ရှိသည်၊ အကျိုးကား ဘယ်သို့ရှိသည်-ဟူ၍ သိလိုပါသည် ဘုရား။

၂။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားသည် ခြောက်ခုမြောက် ဖြစ်သော ယမိုက်ကျမ်းကိုဟောတော်မူရာ ရှေးဦးစွာ(၁) မူလယမိုက် ကို ဟောတော်မူပါသည်၊ ထို့နောင် (၂) ခန္ဓယမိုက်၊ ထို့နောင် (၃)

www.dhammaransi.com



အာယတနယမိုက်၊ ထို့နောင် (၄) ဓာတုယမိုက်၊ ထို့နောင် (၅) သစ္စယမိုက်၊ထို့နောင် (၆) သင်္ခါရယမိုက်၊ထို့နောင် (၇)အနုသယယမိုက်၊ထို့နောင်(၈) စိတ္တယမိုက်၊ ထို့နောင် (၉) ဓမ္မယမိုက်၊ ထို့နောင် (၁၀) ဣန္ဒြိယယမိုက်ကို ဟောတော်မူပါသည်၊ ထိုသို့ယမိုက်ဆယ်ကျမ်းကို ဟောတော်မူရာ၌ အဘယ်သို့အကြောင်းရှိသည်၊အဘယ်သို့အကျိုးရှိသည်-ဟူ၍ သိလိုပါသည်၊ ထို့ပြင်လည်း ထိုယမိုက်ကျမ်း၏ ရှေ့နောက် အနုသန္ဓေဆက်စပ်ပုံများတို့ကိုလည်း သိလိုပါသည်ဘုရား။

၃။ ယမိုက် ဆယ်ကျမ်းတို့၏ လိုရင်းတရားကိုယ်သဘောတို့မှာ ၁၀–မျိုးသာ ရှိပါသည်။ ၁၀–မျိုးဆိုသည်ကား (၁) မူလဟိတ်တရားကိုးပါး၊(၂) ခန္ဓာငါးပါး၊(၃) အာယတန ၁၂-ပါး၊ (၄) ဓာတ် ၁၈-ပါး၊ (၅) အရိယသစ္စာလေးပါး၊ (၆)သင်္ခါရသုံးပါး၊(၇)အနုသယ ၇-ပါး၊ (၈) စိတ်တပါး၊(၉) ကုသလတိက်ဝင်တရားစု၊ (၁၀) ဣန္ဒြေ ၂၂-ပါး၊ ဤသို့အားဖြင့် တရား ၁၀–မျိုးသာရှိပါသည်၊ ထိုတရား၁၀–မျိုးတို့ကိုသာ အဘယ့်ကြောင့် ယမက ဒေသနာ အဖြစ်ဖြင့် ဟောတော်မူပါသနည်း၊ ထိုယမိုက်ကျမ်းဝင် တရား၁၀-မျိုးတို့မှတပါး ဈာနတရား, မဂ္ဂတရား,အာသဝ စသောတရား, ဝေဒနာတိက်စသော တိက်ဝင်တရားတို့လည်း များစွာရှိကြပါကုန်သည်၊ ထိုတရားတို့ကို ယမက ဒေသနာအဖြစ်ဖြင့် အဘယ့်ကြောင့် မြတ်စွာဘုရား ဟောကြားတော်မမူဘဲ ချန်ထားအပ်ပါကုန်သနည်း၊ ထိုအကြောင်းကို သိလိုပါသည်ဘုရား။

၄။ ထိုယမိုက် ဆယ်ကျမ်းတို့၌ တခုတခုသော အနက်အဓိပ္ပါယ်ကို ထိုထို နေရာပေါင်းများစွာတို့၌ အကြိမ်ပေါင်းများစွာ အဖန်ဖန် အထပ်ထပ် ဟောကြားတော်မူခြင်းတို့လည်းထင်ရှားစွာ ပါရှိပါသည်၊ ထိုသို့ ဟောတော်မူခြင်းမှာ လွန်စွာကျယ်လွန်းသည့်ပြင် “ဂန္ထဂရု”ဟု ဆိုအပ်သော ကျမ်းလေးခြင်း,ကျမ်းကြီးခြင်းများဖြစ်နေသည်ဟု ထင်ပါသည်၊ ထပ်ခါထပ်ခါဆိုခြင်းတည်းဟူသော “ပုနရုတ္တိဒေါသ” လည်း သင့်သည်ထင်ပါသည်၊ ထိုသို့ အတိုင်းထက်အလွန် ထပ်ခါထပ်ခါ ဟောတော်မူရာဝယ် အကြောင်းကား မည်သို့ရှိသည်၊ အကျိုးကား မည်သို့ရှိသည်-များကိုလည်း သိလိုပါသည်ဘုရား။

www.dhammaransi.com



၅။ ယမိုက်ဆယ်ကျမ်းတို့တွင် တခုတခုသောယမိုက်ကျမ်း၏ လိုရင်းအချုပ်ဖြစ်သော ဝိဏ္ဏတ္တအဓိပ္ပါယ်များကိုလည်း အသီးအသီးပိုင်းခြား၍ သိလိုပါသည် ဘုရား။

ပုစ္ဆာ ၅--ရပ်ပြီး၏၊

## နိဒါနကထာ

အထက်ဖော်ပြအပ်သော ယမိုက်ပုစ္ဆာ ငါးရပ်သည် အင်္ဂလန်ကျွန်း လန်ဒန်မြို့တော်နေ ပါဠိဒေဝီထံမှ မြန်မာသက္ကရာဇ် ၁၂၇၃-ခုနှစ် နတ္တော်လအတွင်းမှာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးအထံတော်သို့ ဆိုက်ရောက်လာသည်။

## ဆရာတော်ဘုရားကြီးယူဆချက်

ထိုသို့ ဆိုက်ရောက်လာသော ယမိုက်ပုစ္ဆာ ငါးရပ်ကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ကြည့်ရှုတော်မူရာ--

၁။ "ဗုဒ္ဓသာသနာ တည်ထွန်းရာမဟုတ်သော အင်္ဂလန်ကျွန်း လန်ဒန်မြို့တော်မှ ဤကဲ့သို့နက်နဲသော ပုစ္ဆာများကို လျှောက်ထားပါပေသည်၊ လျှောက်ထားသူ ပါဠိဒေဝီသည် လျှောက်ချက်ကို ထောက်သောအားဖြင့် အဘိဓမ္မာ ကျမ်းဂန်တို့၌ ဉာဏ်ဖြင့် ကျက်စားနိုင်ကြောင်း ထင်ရှားပါပေသည်။

၂။ အဘိဓမ္မာယမိုက်ကျမ်းကြီးဆိုသည်မှာ သာမညဖြစ်သောဉာဏ်ဖြင့် သက်ဝင်စူးစိုက်နိုင်သော ကျမ်းမျိုးမဟုတ်၊ ဂမ္ဘီရဉာဏ်ဓာတ်ခံကြီးရင့်သော သူတို့၏ ဉာဏ်ဖြင့်သာလျှင် ကျက်စားရာဖြစ်ပေသည်။

၃။ လျှောက်ထားလိုက်သော ပုစ္ဆာများလည်း အလွန်အချက်ကျလှပေသည်။

၄။ ဤပုစ္ဆာငါးရပ်ကို ဖြေကြားခြင်းအားဖြင့် ယမိုက်ဆယ်ကျမ်းလုံး၏ အဓိပ္ပါယ်ကို အလွယ်တကူနှင့် အကျဉ်းချုပ်၍ သိနိုင်ရန်ဖြစ်ပေသည်။

၅။ ဤယမိုက်ပုစ္ဆာတို့ကို အဖြေရေးသားခြင်းအားဖြင့် အနောက်နိုင်ငံ ဥရောပတိုက်သား ပညာရှိပုဂ္ဂိုလ်များ၏ အဘိဓမ္မာအသိ

www.dhammaransi.com



ဉာဏ်ကိုလည်း ပွင့်လင်းစေကြောင်းဖြင့် ကောင်းစွာ ကူညီရာ ရောက်ပေလိမ့်မည်။

၆။ အနောက်နိုင်ငံ ဥရောပတိုက်အတွင်းမှာ အဘိဓမ္မာသာသနာကြီးကိုလည်း ထူထောင်စိုက်ပျိုးရာ ရောက်ပေလိမ့်မည်။

သို့ဖြစ်၍ လန်ဒန်ပါဠိဒေဝီ မေးလျှောက်အပ်သော ယမိုက်ပုစ္ဆာ ငါးရပ်ကို မကြာမတင် အလျင်တဆော အဖြေရေးသား၍ ပို့မှသင့်ပေမည်''

ဟု-ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ စိတ်သန္တာန်၌ အကြံဖြစ်တော်မူပြီးလျှင် ထိုယမိုက်ပုစ္ဆာ ငါးရပ်ကို ပါဠိဘာသာအားဖြင့် အဖြေရေး၍ လျှောက်ထားရင်း လန်ဒန်ပါဠိဒေဝီထံသို့ ရေးသားပြီး အဖြေများကိုတင်ပို့တော်မူသည်။

[**မှတ်ချက်။** ။ပါဠိဘာသာအားဖြင့် အဖြေဝိသဇ္ဇနာကို ရေးသားရခြင်းမှာ လန်ဒန် ပါဠိဒေဝီသည် ပါဠိဘာသာကို ကောင်းစွာ တတ်ကျွမ်းသော ဆရာမကြီးတဦး ဖြစ်သည့်အတိုင်း ပါဠိဘာသာအားဖြင့် ရေးသားဖြေဆိုလျှင် အလွယ်တကူနှင့်ပင် ယမိုက်အဓိပ္ပါယ်များကို ထင်ရှားစွာသိနိုင်ပေလိမ့်မည်၊ လန်ဒန်ပါဠိဒေဝီမှာ မြန်မာဘာသာကို တတ်ကျွမ်းသူမဟုတ်သောကြောင့် မြန်မာဘာသာဖြင့် အဖြေရေးသားပေးပို့ရန် အခွင့်မဟုတ်ပေ၊ ထို့ကြောင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် လန်ဒန်ပါဠိဒေဝီ မေးလျှောက်သော ယမိုက်ပုစ္ဆာ ငါးရပ်ကို ပါဠိဘာသာဖြင့် ရေးသားတင်ပို့တော်မူသည်။]

### လန်ဒန်ပါဠိဒေဝီ၏ချီးမွမ်းစကား

ပါဠိဒေဝီထံသို့ ထိုယမိုက် အဖြေများ ရောက်လေသောအခါ အစအဆုံး အကြိမ်ကြိမ် ကြည့်ရှု ဆင်ခြင်ပြီးလျှင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံသို့ လန်ဒန်ပါဠိဒေဝီက—

၁။ ''အရှင်ဘုရားထံမှ ပို့တော်မူလိုက်သော ယမိုက်ပုစ္ဆာအဖြေများကို အကြိမ်ကြိမ် အဖန်ဖန် ကြည့်ရှုရာ များစွာ နှစ်သက် လှပါကြောင်း။

၂။ ဖြေကြားတော် မူအပ်သော ယမိုက် အဓိပ္ပါယ် များသည် အလွန်ဆန်းကြယ်၍ လွယ်လွယ်ကူကူနှင့် အသိဉာဏ်ကိုဖွင့်၍ ပေးပါကြောင်း။

www.dhammaransi.com



၃။ ဤ ယမိုက် အဖြေများသည် ဖွင့်လှစ်ရန် လွန်စွာခက်ခဲ လှစွာသော ယမိုက် ကျမ်းကြီး ဆယ်ကျမ်းတို့ကို အလွယ်တကူနှင့် ဖွင့်လှစ်နိုင်ရန် ရွှေသော့ကြီးများနှင့် တူလှသည် ဖြစ်ပါကြောင်း။

၄။ အင်္ဂလန် နိုင်ငံတော်နှင့် အလွန်ဝေးကွာလှသော အရှေ့နိုင်ငံ မြန်မာပြည်မှနေ၍ ဤယမိုက်အဖြေများကို ရေးသား တင်ပို့တော်မူသည်မှာ များစွာကျေးဇူးတင်လှပါကြောင်း။

၅။ နောင်ကိုလည်း အဘိဓမ္မာ ကျမ်းဂန်နှင့်ဆိုင်သော ခဲဆစ်ခဲရပ်များကိုလည်း လျှောက်ထားရန် အခွင့်ပြုတော်မူပါမည့်အကြောင်း။

၆။ ယခုအခါ တပည့်တော်မသည် အဘိဓမ္မာ ကျမ်းဂန်ကြီးများကို ဓမ္မသင်္ဂဟမှ အစပြု၍ လေ့လာ အားထုတ်၍ နေသည်ဖြစ်ရာ ဉာဏ်မကျက်စားနိုင်သော အချက်တို့နှင့်ကြုံလျှင် အရှင်ဘုရားသာလျှင် အားထားရာရှိသည်ဟူ၍ မှတ်ထင်ပါကြောင်း”

ဤကဲ့သို့လျှောက်ထားသော စာပေါင်းများစွာလည်း အကြိမ်ကြိမ် အခါခါ ဆရာတော်ဘုရားကြီးလက်တော်သို့ ရောက်ရှိလေသည်။

### နိုင်ငံခြားသာသနာထွန်းကားခြင်း၏အရင်းမူလ

ဤယမိုက်ပုစ္ဆာ အဖြေကျမ်းကြီးကိုရေးသား၍ လန်ဒန်မြို့ ပါဠိဒေဝီထံသို့ တင်ပို့သည်ကအစပြုပြီးလျှင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဥရောပတိုက်ရှိ ပါဠိဘာသာကျွမ်းကျင်သူ ပညာရှိ, အဘိဓမ္မာ လေ့လာသူပညာရှိ, ဓာတုဗေဒဆရာပညာရှိ, ဘာသာအမျိုးမျိုး စုံစမ်းသောပညာရှိကြီးများတို့နှင့် ဆက်သွယ်မိလေသည်၊ ထိုဥရောပတိုက် ပညာရှိအများတို့က ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးထံသို့ ဘာသာရေးဆိုင်ရာပုစ္ဆာများ, အဘိဓမ္မာဖက်ဆိုင်ရာ ပုစ္ဆာများကို မကြာမကြာစာဖြင့်ရေးသား တင်ပို့ကာ လျှောက်ထားကြသည်။

လျှောက်ထားကြသောအတိုင်း ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးလည်း အဖြေစကားရေးသား၍ တင်ပို့ ပြန်ကြားတော်မူသည်၊ အထူးအားဖြင့် လန်ဒန်မြို့တွင် တည်ထောင်ထားရှိသော ပါဠိဘာသာအသင်းကြီးနှင့် အစဉ်တစိုက် ဆက်သွယ်တော်မူပြီးလျှင် မေးမြန်းသမျှသောပုစ္ဆာအရပ်ရပ်တို့ကို မပြတ်မပြတ်ပင်ဖြေဆိုရေးသား၍ ပြန်ကြားတော်မူလေ့ရှိသည်။

www.dhammaransi.com



ဤကဲ့သို့ ပြဆိုခဲ့ပြီးသောအတိုင်း ဥရောပတိုက် ပညာရှိကြီးများနှင့် ဆက်သွယ်ခြင်းကို အကြောင်းရင်းပြု၍ အနောက်နိုင်ငံ တလွှားတို့မှာ ဗုဒ္ဓသာသနာတော်ကြီး အခြေအမြစ် စိုက်တည်၍ အရှည်သဖြင့်ထွန်းကားတော်မူစေလိုသောဆန္ဒဖြင့်"နိုင်ငံခြား သာသနာပြုအသင်းကြီး" ကို တည်ထောင်တော် မူသည်။

ထိုနိုင်ငံခြားသာသနာပြု အသင်းကိုတည်ထောင်ကာ ဗုဒ္ဓသာသနာတော်ရေးနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံအတွက် ပညာရေးဖက်နှင့်ဆိုင်လျှင် ပညာဖြင့် ထောက်ပံ့ ကူညီတော်မူခြင်း, ပစ္စည်းရေးဖက်နှင့်ဆိုင်လျှင် ပစ္စည်းဖြင့် ထောက်ပံ့တော်မူခြင်း၊ ဤကဲ့သို့ ချီးမြှင့်ထောက်ပံ့တော်မူရာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဉာဏ်တော်အရှိန်, ဝီရိယတော် အဟုန်တို့ကြောင့် ဥရောပတိုက်၌ ဗုဒ္ဓသာသနာတော်သည် ထိုက်သည့်အားလျော်စွာ ပညာစက္ခု ရှိသော ပုဂ္ဂိုလ်တို့၏သန္တာန်၌ စွဲငြိထွန်းလင်းခြင်းသို့ ရောက်လေသည်။

ဥရောပတိုက်၌ ပြဆိုခဲ့ပြီးသောအတိုင်း ဗုဒ္ဓသာသနာတော်၏အကျိုးစီးပွါးထွန်းကားခြင်းမှာ "ယမိုက်ပုစ္ဆာအဖြေကျမ်း" ကြီးပင်လျှင် မူလပကတူပအရင်းနိဿယ ဖြစ်ကြောင်းကို ကောင်းစွာသိရှိကြရန် ဖော်ပြရခြင်း ဖြစ်ပေသည်။

## မြန်မာဘာသာပြန်ဆိုရန်အမိန့်

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက—

၁။ "ယမိုက်ပုစ္ဆာ အဖြေကျမ်းသည် ပါဠိဘာသာအားဖြင့်ရေးသား၍ လျှောက်ထားရင်း ပါဠိဒေဝီထံသို့တင်ပို့လိုက်ရာ ဥရောပတိုက်မှ ပညာစက္ခု ရှိသောသူတို့အား အကျိုးများစွာကို ဆောင်လေပြီ။

၂။ ဤ မြန်မာနိုင်ငံတွင် ရှိကြသော လူ ရှင် ရဟန်းတို့သည် ဤယမိုက်ပုစ္ဆာအဖြေကျမ်း၏ သဘောအဓိပ္ပါယ်များကို မှတ်သားသိရှိကြရန်အရေးလည်းရှိပေသေးသည်။

၃။ ဤယမိုက်ပုစ္ဆာအဖြေကျမ်းကို ကြည့်ရှု လေ့လာခြင်းအားဖြင့် ယမိုက်ကျမ်းကို ညဝါဆိုသော ရဟန်းတို့အားလည်း အလွယ်တကူနှင့် အကျိုးများစေရန် အချက်တွေ့ပါရှိသည်။

www.dhammaransi.com



၄။ အဘိဓမ္မာကို လေ့လာအားထုတ်ကြသော လူဒါယကာတို့နှင့် ဝိပဿနာအချုပ် ပဓာနအလုပ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့ အားလည်း အကျိုးများစေရန် အချက်ပေါင်းများစွာ ပါရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင်လည်း ရဟန်းရှင်လူအများတို့ အသိဉာဏ် တိုးပွား၍ အဘိဓမ္မာဉာဏ်အား ထက်သန်ကြစေရန် ဤယမိုက်ပုစ္ဆာ အဖြေကျမ်းကို ပါဠိဘာသာမှ မြန်မာစကားပြေသက်သက်ဖြင့် ချော မွေ့သန့်ရှင်းစွာ ပြန်ဆိုရေးသားရမည်''။

ဤသို့ ဆိုမိန့်တော်မူချက်များကို မှတ်သားနာခံရသည့်အတိုင်း ယခု အခါ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ သင်ကြားတော်မူ ဘူးသော ယမိုက်ကျမ်းဆိုင်ရာ အဘိဓမ္မာ ပညာများကို ထုတ်ဖော်အ သုံးပြုပြီးလျှင် ''လယ်တီပဏ္ဍိတ'' မည်သော အကျွန်ုပ်သည် ဤယမိုက် ပုစ္ဆာအဖြေကျမ်းကို မြန်မာစကားပြေ သက်သက်ဖြင့် ရေးသားရ ခြင်းဖြစ်ပါသတည်း။

နိဒါနကထာပြီး၏။

---

### ၁-ပဌမပုစ္ဆာအဖြေ

(၁) ဘုန်းတော် ကြီးလှသော မြတ်စွာဘုရားသည် အဘိဓမ္မာ ၇-ကျမ်းကို ဟောတော်မူရာဝယ် ငါးခုမြောက်ဖြစ်သော ကထာဝတ္ထု ကျမ်း၏ အခြားမဲ့၌ ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းကို ဟော တော်မူပါသည်၊ ထိုယမိုက်ကျမ်းကို ဟောတော်မူရာ၌ အကြောင်း ကား ဘယ်သို့ရှိသည်၊ အကျိုးကား ဘယ်သို့ရှိသည်-ဟူ၍ သိလိုပါသည် ဘုရား။

ဤပဌမပုစ္ဆာ၏မေးလိုရင်းမှာ ယမိုက်ကျမ်းကိုဟောတော်မူခြင်း၏ အကြောင်းနှင့် ယမိုက်ကျမ်းကို ဟောရခြင်း၏ အကျိုးကို မေးလိုရင်း ဖြစ်ပေသည်။

### ယမိုက်ကျမ်းကို ဟောတော်မူရခြင်း၏အကြောင်း

ယမိုက်ကျမ်းကို ဟောတော်မူရခြင်း၏ အကြောင်းကို ရှေးဦးစွာ ဖြေကြားပေအံ့။

www.dhammaransi.com



ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်တော်သည် အစွမ်းသတ္တိ သုံးမျိုးတို့နှင့် ပြည့်စုံတော်မူ၏။

အစွမ်းသတ္တိသုံးမျိုးကား—

(က) သိသင့် သိထိုက်သော "ဉေယျဓမ်" တရားအလုံးစုံကို အကုန်အစင် အကြွင်းအကျန်မရှိ မှန်သောအတိုင်း သိမြင်တော်မူခြင်း,

(ခ) "ဉေယျဓမ်"တရားတို့ကို ဖွင့်ဆို ဟောကြားတော်မူရာတွင် ဒေသနာနည်း အမျိုးမျိုးတို့ကို ဟုတ်မှန်သော အတိုင်း အကြွင်းမဲ့သိတော်မူနိုင်ခြင်း,

(ဂ) ဆုံးမထိုက်သော သတ္တဝါ,ကျွတ်ထိုက်သော သတ္တဝါတို့၏ အာသယ, အဇ္ဈာသယ, အနုသယ,အဓိမုတ္တိ, ဝါသနာ, စရိုက်, ရှေးကံ, ရှေးပါရမီတို့ကို ဟုတ်မှန်သောအတိုင်း အကြွင်းအကျန်မရှိသိတော်မူနိုင်ခြင်း,

[ဤကား သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသတ္တိ သုံးမျိုးတို့ပေတည်း။]

**မှတ်ချက်။** ။တတိယ ဖြစ်သော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသတ္တိကိုပြရာ၌—

**၁။ အာသယဆိုသည်ကား။** ။သတ္တဝါတို့အား ရှေးရှေးသော ဘဝတို့၌ စိတ်၏တည်နေကိန်းအောင်းရာ အခြေကိုဆိုလိုသည်၊ ထိုအာသယကို တရားကိုယ်ကောက်လျှင် အကုသိုလ်ဖက်၌ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိကိုရ၏၊ ကုသိုလ်ဖက်၌ ကမ္မဿကတာဒိဋ္ဌိနှင့် ယထာဘူတဉာဏ်, ဝိပဿနာဉာဏ်တို့ကို ရ၏၊ မြတ်စွာဘုရားတို့သည် ဝေနေယျသတ္တဝါတို့ကို ဆင်ခြင်တော်မူရာ ဤသတ္တဝါသည် ရှေးအခါ ဥစ္ဆေဒဒိဋ္ဌိဖြစ်ခဲ့ဘူး၏၊ ဤသတ္တဝါသည် ရှေးအခါ ကမ္မဿကတာဒိဋ္ဌိနှင့် ပြည့်စုံခဲ့ဘူး၏၊ဤသတ္တဝါသည် ရှေးအခါ ဝိပဿနာ ဉာဏ်ကို ထူထောင်ခဲ့ဘူး၏၊ ဤသို့စသည်ဖြင့် သိမြင်တော် မူနိုင်ကြကုန်၏။

ဤသို့သိမြင်တော်မူခြင်းကိုပင်လျှင် အာသယဉာဏ်ဟူ၍၎င်း, အာသယကို မှန်သောအတိုင်း သိမြင်သည်ဟူ၍၎င်း ဆိုအပ်လေသည်။

www.dhammaransi.com



၂။ **အဏ္ဍာသယဆိုသည်ကား။** ။အာသယ သဘောထက်ပင် လွန်ကဲသော စိတ်၏ တည်နေကိန်းအောင်းရာ အခြေကိုဆိုလိုသည်၊ ထိုအဏ္ဍာသယကို တရားကိုယ်ကောက်လျှင် အကုသိုလ်ဖက်၌ လောဘ, ဒေါသ, မောဟ အားဖြင့် သုံးပါးရ၏၊ ကုသိုလ်ဖက်၌ အလောဘ, အဒေါသ, အမောဟအားဖြင့် သုံးပါးရ၏၊ ပေါင်းလိုက်လျှင် အဏ္ဍာသယခြောက်ပါးရှိ၏။

သဗ္ဗညုတဉာဏ်တော်ဖြင့် အဏ္ဍာသယကို သိတော်မူပုံမှာ—

(က) ဤသတ္တဝါသည် ရှေးအခါ လောဘဓာတ် လွန်ကဲခဲ့၏၊ ထို့ကြောင့်အလိုရမ္မက်ကြီး၏။

(ခ) ဤသတ္တဝါသည် ရှေးအခါ ဒေါသဓာတ်လွန်ကဲခဲ့၏၊ ထို့ကြောင့် အမျက်ဒေါသကြီး၍ စိတ်ခက်ထန်၏။

(ဂ) ဤသတ္တဝါသည် ရှေးအခါ မောဟဓာတ်လွန်ကဲခဲ့၏၊ ထို့ကြောင့် တွေဝေမိန်းမောစွာနှင့် ဉာဏ်ပညာ ထိုင်းမှိုင်း၏။

[ဤကား အကုသိုလ်၏ဆိုင်ရာ သတ္တဝါတို့၏ အဏ္ဍာသယသုံးမျိုးကို သိတော်မူပုံတည်း။]

(က) ဤသတ္တဝါသည် ရှေးအခါ အလောဘဓာတ် လွန်ကဲခဲ့၏၊ ထို့ကြောင့် အလိုရမက်နည်းပါး၍ ကာမဂုဏ်တို့၌ အပြစ်မြင်လေ့ရှိ၏။

(ခ) ဤသတ္တဝါသည် ရှေးအခါ အဒေါသဓာတ်လွန်ကဲခဲ့၏၊ ထို့ကြောင့် စိတ်နှလုံး နူးညံ့စွာနှင့် မေတ္တာပြန့်ပြော၏၊ဒေါသတရားတို့၌ အပြစ်မြင်လေ့ရှိ၏။

(ဂ) ဤသတ္တဝါသည် ရှေးအခါ အမောဟဓာတ် လွန်ကဲခဲ့၏၊ ထို့ကြောင့်တွေဝေထိုင်းမှိုင်းခြင်းမရှိဘဲ အသိဉာဏ် ပွင့်လင်းစွာနှင့် တတ်သိလိမ္မာ၏၊ မလိမ္မာမှု မသိမှုတို့ကို အပြစ်မြင်လေ့ရှိ၏။

[ဤကား ကုသိုလ်၏ဆိုင်ရာ သတ္တဝါတို့၏အဏ္ဍာသယ သုံးမျိုးကိုသိတော်မူပုံတည်း။]

ဤကဲ့သို့ သဗ္ဗညုတ ဉာဏ်တော်ဖြင့်သိတော်မူခြင်းကိုပင်လျှင် အဏ္ဍာသယဉာဏ်ဟူ၍၎င်း, အဏ္ဍာသယကို အကြွင်းမဲ့သိတော်မူသည် ဟူ၍၎င်း ဆိုအပ်လေသည်။

www.dhammaransi.com



**၃။ အနုသယဆိုသည်ကား။** "သတ္တဝါတို့၏ သန္တာန်၌ အစဉ်သဖြင့် ကိန်းဝပ်၍ စွဲကပ်ပါရှိလာသော သဘောကို ဆိုလိုသည်၊ ထိုအနုသယ သည် ကာမရာဂါနုသယစသောအားဖြင့် ၇-ပါးရှိ၏။

[အနုသယ ၇–ပါးသရုပ်မှာ ထင်ရှားပါပြီ။]

ဤသတ္တဝါ၌ ကာမရာဂအနုသယခေတ်လွန်ကဲ၏.ဤသို့စသည်ဖြင့် သိတော်မူခြင်းကိုပင်လျှင် အနုသယဉာဏ်ဟူ၍၎င်း, အနုသယကို အကြွင်း မဲ့သိတော်မူသည်ဟူ၍၎င်း ဆိုအပ်လေသည်။

**၄။ အဓိမုတ္တိဆိုသည်ကား။** "စိတ်တို့၏အာရုံတို့၌ ရဲရင့်လွတ်လပ်စွာ ကွန့်မြူးခြင်းသဘောကို ဆိုလိုသည်၊ ဥပမာအားဖြင့် သားသမင်တို့သည် တောအတွင်း၌ ရဲရင့်လွတ်လပ်စွာ ကွန့်မြူးလေသကဲ့သို့ ငါးသတ္တဝါတို့ သည် ရေအတွင်း၌ ရဲရင့်လွတ်လပ်စွာ ကွန့်မြူးလေသကဲ့သို့တည်း။

(က) အချို့သော သတ္တဝါတို့၏စိတ်သည် မကောင်းမှုကို ပြုလုပ်ရေးနှင့် ကြုံကြိုက်သောအခါ ထိုမကောင်းမှု အာရုံတို့၌ တွန့်ဆုတ်ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရင့်လွတ်လပ်စွာ ကွန့်မြူး လေ၏၊ ဤကဲ့သို့မကောင်းမှု အာရုံတို့၌ ရဲရင့်လွတ်လပ်စွာ ကွန့်မြူးခြင်းသဘောကို "ဟီနာဓိမုတ္တိ" ခေါ်သည်။

(ခ) အချို့သော သတ္တဝါတို့၏ စိတ်သည် ကုသိုလ်ကောင်းမှု ပြု လုပ်ရေးနှင့် ကြုံကြိုက်သောအခါ ထိုကောင်းမှု အာရုံတို့၌ တွန့်ဆုတ် ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရင့်လွတ်လပ်စွာကွန့်မြူး လေ၏၊ ဤကဲ့သို့ ကုသိုလ်ကောင်းမှုအာရုံတို့၌ ရဲရင့်လွတ် လပ်စွာ ကွန့်မြူးခြင်း သဘောကို "ပဏီတာဓိမုတ္တိ"ခေါ် သည်။

**အချုပ်အားဖြင့်**–မကောင်းမှု၌ ရွှတ်ရွှတ်ချွံချွံ စိတ်သွားပုံ ထက်မြက် မှုကို ဟီနာဓိမုတ္တိ ဆိုလို၏၊ ကုသိုလ်ကောင်းမှု၌ ရွှတ်ရွှတ်ချွံချွံ စိတ် သွားပုံထက်မြက်မှုကို ပဏီတာဓိမုတ္တိဆိုလို၏။

ဤသတ္တဝါ၌ ဟီနာဓိမုတ္တိရှိ၏၊ဤသတ္တဝါ၌ ပဏီတာဓိမုတ္တိရှိ၏၊ဤသို့ သိတော်မူခြင်းကို အဓိမုတ္တိဉာဏ်ဟူ၍၎င်း, အဓိမုတ္တိကို သိတော်မူသည် ဟူ၍၎င်း ဆိုအပ်လေသည်။

www.dhammaransi.com



**၅။ ဝါသနာဆိုသည်ကား။** ။ရှေးရှေးဘဝတို့၌ များစွာဖြစ်ပွား၍ အထုံပါလာခဲ့သော သဘောကိုဆိုလိုသည်၊ ထိုဝါသနာသည် လွန်စွာ များပြားလှ၏၊ အချို့သော သတ္တဝါတို့၌ ကာမရာဂ အထုံဝါသနာပါ၍ အလိုရမ္မက်ကြီး၏၊ အချို့သောသတ္တဝါတို့မှာ အပြောကြမ်း,အဆိုကြမ်း, အသွားကြမ်း, အလာကြမ်းနှင့် ဒေါသအငွေ့ အသက်အထုံ ပါလာ၏၊ ဤသို့စသည်ဖြင့် သတ္တဝါတို့၏ အထုံ၌ လာသည်အားလျော်စွာ ဝါသနာ ပေါင်းများစွာရှိ၏။

(က) သျှင်သာရိပုတ္တရာသည် ရှေးအခါက မျောက်ဖြစ်ခဲ့ဘူးသော ဘဝနှင့်နီးသဖြင့် အထုံဝသီလိုက်ပါလာသောကြောင့် ကိုယ် လက်မငြိမ်မသက်ဘဲ လှုပ်လှုပ်ရှားရှားဖြစ်တော်မူ၏၊ခုန်ချင် လွှားချင်သော ဝါသနာရှိ၏၊ ချောင်းငယ်, မြောင်းငယ် များကိုတွေ့လျှင် လွှားကနဲ ခုန်တော်မူလေ့ရှိ၏။

(ခ) သျှင်ပိလိန္ဒဝစ္ဆ မထေရ်သည် ရှေးအခါက မင်းကေရာဇ်ဖြစ် ခဲ့သော ဘဝနှင့်နီးသဖြင့် မင်းဝသီလိုက်ပါလာသောကြောင့် အပြောအဆို အနေအထိုင်များသည် မင်းပုံ- မင်းဟန်နှင့် မင်းဆန်၍နေ၏၊ အခေါ်အပြောရင့်သီး၏။

(ဂ) အင်္ဂုလိမာလထေရ်သည် ရှေးအခါ ဘီလူးဖြစ်ခဲ့ဘူးသော ဘဝနှင့်နီးသဖြင့် စိတ်ကြမ်း,ကိုယ်ကြမ်းနှင့် အပြုအမူ ကြမ်း တန်း၏။

ဝသီဝါသနာဆိုသည်မှာ လွန်စွာစွန့်နိုင်ခဲ၏၊ ရဟန္တာဖြစ်သည်တိုင် အောင် စွဲငြိလိုက်ပါတတ်လေသည်၊ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးတပါးသာလျှင် ကိလေသာကို ပယ်သတ်တော်မူရာတွင် အထုံ ဝါသနာနှင့်တကွ အကြွင်းမဲ့ပယ်သတ်တော်မူနိုင်သည်၊ ရဟန္တာတို့မှာ မူကား ကိလေသာတို့ကို ပယ်သတ်သည်ဆိုသော်လည်း ဝါသနာနှင့် တကွ ပယ်သတ်တော်မမူနိုင်ချေ။

ဤသတ္တဝါ၌ ဤဝါသနာမျိုးစွဲကပ်၍ပါလာ၏၊ ထိုဝါသနာစွဲကပ်ပါ လာသူကို ဤမည်သောတရားကို ဟောကြားမှ သင့်လျော်မည်ဟု သိတော်မူခြင်းသည် ဝါသနာဉာဏ်မည်၏၊ ဝါသနာကို သိတော်မူခြင်း လည်းမည်၏။

www.dhammaransi.com



**၆။ စရိုက်ဆိုသည်ကား။** ။ပစ္စုပ္ပန်ဘဝ၌ များစွာ ဖြစ်လေ့ရှိသော သဘောကိုဆိုလိုသည်၊စရိုက်ခြောက်ပါးရှိ၏၊ ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, ဝိတက်စရိုက်, သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်၊ ဤခြောက်ပါးတို့ ပေတည်း။

**ဝါသနာနှင့်စရိုက်အထူးကား။** ။ရှေးရှေးဘဝက အထုံစွဲ၍ပါလာ သည်ကို ဝါသနာဟုဆို၏၊ ယခုမျက်မှောက်ဘဝ၌ များစွာဖြစ်လေ့ရှိသည် ကို စရိုက်ဟုဆို၏။

စရိုက်သဘောသည် ဤမျက်မှောက်ဘဝ၌ မိဘစသည်တို့၏ အလေ့ စရိုက်အတိုင်းလည်း ခတ်ကူး၍ဖြစ်ပေါ်တတ်၏၊ အပေါင်းအသင်း မိတ်ဆွေတို့မှလည်း စရိုက်ခတ်ကူး၍ ဖြစ်ပေါ်တတ်၏၊ စရိုက်ဆိုသော သဘောသည် ကူးစက်တတ်သော ရောဂါမျိုးကဲ့သို့ များစွာပေါင်း သင်းအပ်သောသူတို့မှ ကူးစက်တတ်လေသည်၊ အရပ်ဒေသအားဖြင့် စရိုက်သဘောကူးစက်တတ်ပုံများလည်းရှိပေသေး၏။

ဤသတ္တဝါ၌ ဤစရိုက်မျိုးရှိ၏၊ ဤကမ္မဋ္ဌာန်းကိုပေး၍ ဤတရားကို ဟောကြားမှ သင့်လျော်မည်ဟူ၍ သိသောဉာဏ်သည် စရိတဉာဏ်မည် ၏၊ စရိုက်ကိုသိတော်မူခြင်းလည်းမည်၏။

**၇။ ရှေးကံဆိုသည်ကား။** ။ရှေးရှေးသောဘဝ၌ ပြုလုပ် ဆည်းပူး အပ်သော ကုသိုလ်ကံများပေတည်း၊ ဤသတ္တဝါ၌ ရှေးဘဝကဒါန ကုသိုလ်ရှိခဲ့၏၊ ဤသတ္တဝါ၌ ရှေးဘဝကသီလကုသိုလ်ရှိခဲ့၏၊ဤမည်သော တရားကိုဟောကြား၍ ချွတ်မှသင့်လျော်မည်ဟု သိသောဉာဏ်သည် "ပုဗ္ဗကမ္မဉာဏ်" မည်၏၊ရှေးဟောင်းအတိတ်ကံကိုသိတော်မူခြင်းလည်း မည်၏။

**၈။ ရှေးပါရမီဆိုသည်ကား။** ။ရှေးရှေးဘဝတို့၌ ဝဋ်မှ ကျွတ်လွတ် ကြောင်းကို ရည်စူး၍ ဖြည့်ဆည်းပူးအပ်သော ဝိဝဋ္ဋကုသိုလ်မျိုးတွေကို ဆိုလိုသည်၊ ဒါနပါရမီစသောအားဖြင့် ထိုပါရမီတို့သည် ဆယ်ပါးရှိ ကုန်၏၊ ဤသတ္တဝါ၌ ဝိဝဋ္ဋနိဿိတဖြစ်သော ပါရမီဆယ်ပါး ရင့်သန်ပြီး မရင့်သန်သေးဘူး-ဟူ၍ သိတော်မူသောဉာဏ်သည် ပုဗ္ဗပါရမီဉာဏ် မည်၏၊ ပါရမီရင့်,မရင့်ကိုသိတော်မူခြင်းလည်းမည်၏။

www.dhammaransi.com



ပြဆိုခဲ့ပြီးသော သတ္တဝါတို့၏ အာသယစသော သဘောရှစ်မျိုးတို့ကို အကြွင်းမဲ့သိတော်မူနိုင်ခြင်းမှာ သဗ္ဗညုတရွှေဉာဏ်တော်၏ အစွမ်းသတ္တိဖြစ်ပေသည်၊ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားတို့သည်သာလျှင် သတ္တဝါတို့၏ အာသယစသောခေတ်သဘော ရှစ်ပါးကို အကြွင်းမဲ့ပိုင်းခြား၍သိမြင်တော်မူနိုင်သည်၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာတို့မှာမူကား သဗ္ဗညုတဉာဏ် ပြည့်စုံတော်မမူကြသောကြောင့် သတ္တဝါတို့၏ အာသယစသည်တို့ကို အကြွင်းမဲ့သိတော်မမူနိုင်ကြကုန်၊ တစိတ်တဒေသမျှကိုသာလျှင် သိတော်မူနိုင်ကြကုန်၏။

ဘုရားရှင်တို့သည် ဤကဲ့သို့အာသယအစရှိသည့် ခေတ်သဘော ရှစ်မျိုးတို့ကို ကြည့်ရှုဆင်ခြင်တော်မူပြီးမှသာလျှင် သတ္တဝါအမျိုးမျိုးနှင့်သင့်လျော်ရာဖြစ်သော ဒေသနာနည်းတို့ဖြင့် ဟောကြားတော်မူလေ့ရှိသည်၊ ထိုသို့ဟောကြားတော်မူရာ ဝေနေယျသတ္တဝါတို့မှာ လွယ်ကူစွာ ကျွတ်တမ်းဝင်နိုင်ကြကုန်သည်။

မြတ်စွာဘုရားတို့သည် ရွှေဉာဏ်တော်ကွန်ယက်ဖြင့် လောကကြီးကို ခြုံ၍ကြည့်ရှုတော်မူရာ ရှေးဦးစွာ ကျွတ်ထိုက်သောသတ္တဝါ, ဆုံးမထိုက်သောသတ္တဝါတို့ကို ကြည့်ရှုတော်မူ၏၊ ထိုနောက်မှ ထိုသတ္တဝါတို့၏ အာသယ, အဇ္ဈာသယ, အနုသယ, အဓိမုတ္တိ, ဝါသနာ, စရိုက်, ရှေးကံ, ရှေးပါရမီများကို ကြည့်ရှုတော်မူသည်၊ ထိုနောက် ထိုသတ္တဝါတို့နှင့်လျော်သော ဒေသနာနည်းကို ဆင်ခြင်တော်မူ၏၊ ထိုနောက်မှ ဆုံးမကြောင်းတရား, ကျွတ်လွတ်ကြောင်းတရားတို့ကို ဟောကြားတော်မူသည်၊ ဤကဲ့သို့အမျိုးမျိုးသော နည်းနာတို့ဖြင့် ချင့်ချိန်စီစစ်၍ဟောကြားတော်မူရာ ကျွတ်ထိုက်သောသတ္တဝါမှန်လျှင် အဘယ်မှာကျွတ်တမ်းမဝင်နိုင်ဘဲရှိပါတော့အံ့နည်း။

### အကျဉ်းမှတ်ရန်ဂါထာ

ပဌမံ ပေက္ခိ ဝေနေယျံ၊ တတော ဟိ အာသယာဒိကံ။
ဒေသနာနယံ တတော ပစ္ဆာ၊ ဗုဒ္ဓေါ ဓမ္မံ မဒေသယိ။

**အနက်ကား။** ။ဟိ၊ မြတ်စွာဘုရား၏ တရားဟောတော်မူပုံအချက်ကို အမြွက်မျှပြဆိုဦးအံ့။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားသိမြင် ဘုရား

www.dhammaransi.com



ရှင်သည်။ ပဌမံ၊ လက်မွန်ရှေးဦးစွာ။ ဝေနေယျံ၊ ကျွတ်ထိုက်သော သတ္တဝါကို။ ပေက္ခိ-ပစ္စဝေက္ခိ၊ သဗ္ဗညုတဉာဏ်တော်အားဖြင့် ရှုစား ဆင်ခြင်တော်မူ၏။တတော၊ထို့နောင်မှ။ အာသယာဒိကံ၊ သတ္တဝါတို့၏ အာသယစသော ဓာတ်သဘောရှစ်မျိုးကို။ ပေက္ခိ-ပစ္စဝေက္ခိ၊ ရှုစား ဆင်ခြင်တော်မူ၏။ တတော၊ ထို့နောင်မှ။ ဒေသနာနယံ၊ ကျွတ်ထိုက် သောသတ္တဝါတို့အား ဟောကြားရန်ဖြစ်သော ဒေသနာနည်းလမ်းကို။ ပေက္ခိ-ပစ္စဝေက္ခိ၊ ဆင်ခြင်ရှုစားတော်မူ၏။ ပစ္ဆာ၊ ထိုသို့ဆင်ခြင်တော်မူ ပြီးသည်၏နောက်ဆုံးမှ။ ဓမ္မံ၊ ရွေးချယ်စီစစ်၍ အဆီအနှစ်ဖြစ်သော တရားတော်မြတ်ကို။ အဒေသယိ၊ ထင်ထင်ပိုင်းခြား စူးစိုက်သွားအောင် ဟောကြားတော်မူပေသတည်း။

[ဤစကားရပ်ကား သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသတ္တိဆိုင်ရာ အာသယ စသော ဓာတ်သဘောရှစ်မျိုးတို့ကို အကျယ်တဝင့်သိမြင်မှတ်သားကြစေရန် ရေး သားဖေါ်ပြအပ်ပေသောမှတ်ချက်ပေတည်း။]

### အောက်အဘိဓမ္မာ ၇-ကျမ်းတို့၌ဟောသောဒေသနာတော်နည်း

အဘိဓမ္မာ ၇-ကျမ်းတို့တွင် ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတု- ကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း ဤအဘိဓမ္မာငါး ကျမ်းတို့၌ ပရမတ္ထတရားတို့ကို အရာမက အထောင်မကသောဒေသနာ တော်နည်းတို့ဖြင့် အသီးအသီး ပိုင်းခြားဝေဖန်၍ ဟောကြားအပ်ကုန် ၏၊ ပရမတ္ထတရားတို့၌ ပုဂ္ဂိုလ်ဟူ၍စွဲလမ်းခြင်း, သတ္တဝါဟူ၍စွဲလမ်း ခြင်း, အသက်ရှိသော ဇီဝဟူ၍စွဲလမ်းခြင်းများကို သန့်ရှင်းစွာ သုတ် သင်ဆေးကြောအပ်ကုန်၏။

[ဓမ္မသင်္ဂဏီအစ ကထာဝတ္ထုအဆုံးရှိသော ငါးကျမ်းတို့၌ ပရမတ္ထဓမ္မ သက် သက်ကို ဒေသနာနည်းပေါင်းများစွာတို့ဖြင့် ဝေဖန်၍ ဟောတော်မူခြင်းအားဖြင့် ပုဂ္ဂလသညာ, အတ္တသညာ, သတ္တသညာ, ဇီဝသညာများကို ပျောက်ကင်းစေသည် ဟူ၍ဆိုလိုသည်။]

### ကြွင်းကျန်သောဒေသနာနည်း ၃—မျိုး

ထိုအဘိဓမ္မာငါးကျမ်းတို့၌ ပရမတ္ထဓမ္မတို့ကို ဝေဖန်၍ဟောတော်မူ ရာတွင် ကြွင်းကျန်သော ဒေသနာနည်းများလည်းရှိပေသေးသည်။

www.dhammaransi.com



အဘယ်ဒေသနာနည်းများကြွင်းကျန်သေးသနည်းဆိုလျှင်—

၁။ အမျိုးမျိုးသောပရမတ္ထတရားတို့၏ သဘောတူခြင်း, သဘောမတူခြင်း၌လျှဉ်းပါးဖွယ် ယုံမှားဖွယ်တို့ကို ပယ်ဖျောက်ရန်ဖြစ်သော ဒေသနာနည်းတပါး,

၂။ အမျိုးမျိုးသော ပရမတ္ထတရားတို့၏ ခဏတူဖြစ်ခြင်း, ခဏကွဲဖြစ်ခြင်း၌ လျှဉ်းပါးဖွယ် ယုံမှားဖွယ်တို့ကို ပယ်ဖျောက်ရန်ဖြစ်သော ဒေသနာနည်းတပါး,

၃။ ပရိညာကိစ္စဖြင့် ပိုင်းခြား၍သိသင့်သိထိုက်သော ပရမတ္ထဓမ္မတို့ကိုခဏတူသိခြင်း,ခဏကွဲသိခြင်းတို့၌ လျှဉ်းပါးဖွယ် ယုံမှားဖွယ်တို့ကိုပယ်ဖျောက်ရန်ဖြစ်သောဒေသနာနည်းတပါး,

ဤဒေသနာနည်းသုံးပါးတို့ကို ဓမ္မသင်္ဂဏီအစ ကထာဝတ္ထုအဆုံးရှိသော အဘိဓမ္မာအောက်ငါးကျမ်းတို့၌ ဟောတော်မမူသေးဘဲ ကြွင်းကျန်လျက်ရှိပေသေးသည်၊ ထိုဒေသနာနည်းသုံးပါးကို ဟောတော်မူရန်မှာ ယမိုက်ကျမ်းနှင့်သာဆိုင်၏၊ထို့ကြောင့် ဤဒေသနာနည်းသုံးပါးတို့ဖြင့် ပရမတ္ထတရားတို့၏သဘောတူခြင်း, သဘောကွဲခြင်း ပရမတ္ထတရားတို့၏ခဏတူ၌ ဖြစ်ခြင်း, ခဏကွဲ၌ဖြစ်ခြင်း၊ ပရမတ္ထတရားတို့ကို ပရိညာကိစ္စဖြင့် သိရန်-ခဏတူ သိပုံ, ခဏကွဲသိပုံ များကို ယုံမှားဖွယ် မရှိရအောင် ယမကဒေသနာ နည်းအားဖြင့် ယမိုက်ကျမ်းကြီးကို မြတ်စွာဘုရားဟောကြားတော်မူအပ်ပေသည်။

[ဤကား ယမိုက်ကျမ်းကြီးကို ဟောတော်မူရခြင်း၏ အကြောင်းကြီးပေတည်း။]

အစုံအစုံကို ယမကခေါ်သည်၊ ပရမတ္ထတရားအစုံအစုံကို ယှဉ်တွဲတော်မူ၍ အမျိုးမျိုးသော လျှဉ်းပါးဖွယ် အမျိုးမျိုးသော ယုံမှားဖွယ်တို့ကို စီစစ်၍ ဟောတော်မူသော ဒေသနာနည်းသည် ယမကဒေသနာနည်းမည်၏။

[ယမကဒေသနာ ဟောပုံနည်းကို ဤသို့မှတ်သိလေ။]

ယမကဒေသနာနည်း သုံးပါးတို့တွင် ပရမတ္ထတရားတို့၏ သဘောတူခြင်း, သဘောကွဲခြင်းကို စီစစ်၍ဟောတော်မူပုံ ဒေသနာနည်း အမွှက်ကား ဤသို့တည်း။

www.dhammaransi.com



၁။ ရူပံ ရူပက္ခန္ဓော။ ။ရူပံ၊ ရုပ်ဆိုသမျှသည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်သလော၊ ရုပ်ဟုဆိုလျှင် ရူပက္ခန္ဓာဟူ၍သာ မှတ်ရမည်လော-ဟူ၍ လျှဉ်းပါးသည်၊ (မေးမြန်းသည်ဟူ၍ဆိုလို၏။)

**အဖြေမှာ**–ရုပ်ဆိုတိုင်း ရူပက္ခန္ဓာဟူ၍ မမှတ်အပ်၊ပိယရူပံ သာတရူပံ ဟူ၍ ဟောတော်မူရာတွင် အလုံးစုံသော လောကီတရားတို့ကို ပိယရူပ, သာတရူပ ဟုခေါ်၏၊ ပိယရူပ, သာတရူပဆိုရာတွင် စိတ်စေတသိက်တို့လည်းပါဝင်နေ၏၊ထို့ကြောင့် ပိယရူပ,သာတရူပခေါ်သော စိတ်စေတသိက်တို့ကို ရူပဟူ၍ခေါ်ဆိုရ၏၊သို့ရာတွင် ရူပက္ခန္ဓာဟူ၍ မဆိုအပ်ချေ၊ ရုပ် ၂၈-ပါးတို့ကိုသာလျှင် ရုပ်ဟူ၍၎င်း,ရူပက္ခန္ဓာဟူ၍၎င်း ဆိုအပ်ပေသည်။

[ဤကား ပရမတ္ထဓမ္မတို့၏ သဘောတူ,သဘောကွဲကို လျှဉ်းပါးဖွယ်,ယုံမှားဖွယ် ကင်းရှင်း လေအောင် ဟောတော်မူအပ်သော ယမိုက် ဒေသနာ နည်းပေတည်း။]

၂။ ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုရူပက္ခန္ဓာ ဖြစ်ဆဲရှိသော ပုဂ္ဂိုလ်အား။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော၊ ရူပက္ခန္ဓာ ဖြစ်ဆဲရှိသော ပုဂ္ဂိုလ်မှာ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲလော-ဟူ၍ လျှဉ်းပါးသည်၊ မေးမြန်းသည်။

ဤသို့ လျှဉ်းပါးရာတွင် အသညသတ်ပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာဖြစ်ဆဲရှိ၏၊ဝေဒနာက္ခန္ဓာဖြစ်ဆဲမဟုတ်၊ပဉ္စဝေါကာရဘုံသားတို့အား ရူပက္ခန္ဓာလည်း ဖြစ်ဆဲ၊ ဝေဒနာက္ခန္ဓာလည်းဖြစ်ဆဲ၊ ဤသို့ဖြေဆိုရလိမ့်မည်။

[ဤကား ပရမတ္ထတရားတို့၏ ခဏတူ၌ ဖြစ်ခြင်း,ခဏကွဲ၌ဖြစ်ခြင်းတို့၌ လျှဉ်းပါးဖွယ် ယုံမှားဖွယ် ကင်းရှင်းလေအောင်ဟောတော်မူအပ်သော ယမိုက်ဒေသနာ နည်းပေတည်း။]

၃။ ယော ရူပက္ခန္ဓံ ပရိဇာနာတိ၊ သော ဝေဒနာက္ခန္ဓံ ပရိဇာနာတိ။ ။ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ရူပက္ခန္ဓံ၊ ရူပက္ခန္ဓာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍ သိဆဲ။ သော၊ ထိုပုဂ္ဂိုလ်သည်။ဝေဒနာက္ခန္ဓံ၊ ဝေဒနာက္ခန္ဓာကို။ ပရိဇာနာတိ၊ပိုင်းခြား၍ သိဆဲလော၊ အကြင်ပုဂ္ဂိုလ်သည်

www.dhammaransi.com



ရူပက္ခန္ဓာကို ပိုင်းခြား၍ သိနေဆဲဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ဝေဒနာက္ခန္ဓာကိုပိုင်းခြား၍ သိနေဆဲလော-ဟူ၍ လျှဉ်းပါးသည်၊ မေးမြန်းသည်။

[ဤကား ပရမတ္ထတရားတို့ကို ပရိညာကိစ္စဖြင့် ပိုင်းခြား၍ သိရာ၌ ခဏတူသိခြင်း, ခဏကွဲသိခြင်းတို့ကို ယုံမှားဖွယ်, လျှဉ်းပါးဖွယ် ကင်းရှင်းလေအောင် ဟောတော်မူအပ်သော ယမိုက်ဒေသနာတော် နည်းပေတည်း။]

ယမိုက်ကျမ်းကို ဟောတော်မူရခြင်း၏ အကြောင်းကို ပြဆိုခဲ့ပြီး၏။

## ယမိုက်ကျမ်းကိုဟောတော်မူရခြင်း၏အကျိုး

ယမိုက်ကျမ်းကို ဟောတော်မူရခြင်း၏ အကျိုးကား။ ။ပြဆိုအပ်ပြီးသောအတိုင်း ပရမတ္ထဓမ္မတို့၌ သဘောတူပုံ, သဘောကွဲပြားပုံ, ခဏတူ၌ဖြစ်ပုံ,ခဏကွဲ၌ဖြစ်ပုံ, ခဏတူပိုင်းခြား၍သိပုံ, ခဏကွဲပိုင်းခြား၍ သိပုံများကို ယုံမှားဖွယ်မရှိလေအောင် ယမကဒေသနာ နည်းအားဖြင့် တရားအစုံအစုံယှဉ်တွဲ၍ ယမိုက်ကျမ်းကြီးကို ဟောတော်မူအပ်သည် ရှိသော်—

၁။ အဘိဓမ္မာကို လေ့လာသင်ကြားသော ပုဂ္ဂိုလ်၊ ပရမတ္ထတရားတို့၌ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာတို့ကို ဝိပဿနာကိစ္စဖြင့် ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်တို့အား ယုံမှားခြင်းအမျိုးမျိုးတို့မှ ကင်းရှင်း၍ တခုတခုသော ပရမတ္ထဓမ္မတို့၌ အငြိအတွယ် အနှောင့်အရှက် အရှုပ်အထွေးမရှိဘဲ စင်ကြယ်သော ကောင်းကင်အလယ်တွင် တင့်တယ်စွာ ထွန်းပသောလပြည့်ဝန်းကိုမြင်ရဘိသကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ အဘိဓမ္မာပညာအလင်းကြီး ပေါက်ရောက်လာ၏။

၂။ ယမိုက်ကျမ်း၌ ဟောတော်မူအပ်သော ဒေသနာ နည်းတို့ကို သိမြင်ကျွမ်းကျင်လျှင် အဘိဓမ္မာဉာဏ် သန့်ရှင်း၏။

၃။ ဝိပဿနာ ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်တို့အားလည်း ယထာဘူတဉာဏ် အမြင်သန့်စွာနှင့် ကြည်လင်သန့်ရှင်း၏-ဟု ဆိုလိုသည်။

ဤသို့သော အကျိုးထူးကို ဖြစ်စိမ့်သောငှါ အနန္တဉာဏ်တော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် တရားအစုံအစုံ ယှဉ်တွဲ၍ပြသော ယမကဒေသနာနည်းဖြင့် ခြောက်ခုမြောက် ဖြစ်သော ယမိုက်ကျမ်းကြီးကို ဟောတော်မူပေသတည်း။

[ဤကား ယမိုက်ကျမ်း၏အကျိုးကို ပြဆိုသောစကားရပ်ပေတည်း။]

www.dhammaransi.com



**စောဒနာဖွယ်**

ဤအရာ၌ စောဒနာဖွယ်ရှိသော အချက်များကို ရှင်းလင်းဖော်ပြပေဦးအံ့။

လျဉ်းပါးဖွယ်, ယုံမှားဖွယ် အမျိုးမျိုးတို့ကို သုတ်သင် ရှင်းလင်းခြင်းငှါ ယမကဒေသနာနည်းအားဖြင့် ယမိုက်ကျမ်းကြီးကို ဟောတော်မူရသည် ဆိုသောစကား မှန်ပါစေတော့၊ ယုံမှားဖွယ်အမျိုးမျိုးတို့ကို သုတ်သင် ရှင်းလင်းခဲ့လျှင် ယုံမှားဖွယ်ဖြစ်သော တရားတို့ကိုသာလျှင် ထုတ်နုတ်၍ ဟောကြားခြင်းငှါသာသင့်လျော်၏၊ ယုံမှားဖွယ် မရှိသော တရားတို့ကိုလည်း ထုတ်နုတ်၍ဟောကြားခြင်းမှာ တစုံတရာအကျိုးမရှိချေ။

ဤယမိုက်ကျမ်းကြီး၌ ယုံမှားဖွယ်မရှိသော တရားတို့ကိုလည်း ထုတ်နုတ်ဖော်ပြ၍ ယမကနည်းအားဖြင့် သုတ်သင်ရှင်းလင်းချက်များလည်း ပါရှိလေသည်၊ ထိုသို့ပါရှိချက်များမှာ လိုသည်ထက် ပို၍နေသည်မဟုတ်ပါလော။

[ဤကား စောဒနာချက်တည်း။]

**အဖြေကို ဆိုအံ့**--မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာနည်းသည် ၂-မျိုးရှိ၏။

၁။ အဘိဓမ္မာကျမ်းကို ဆောင်ကြကုန်သောရဟန်းတို့အား ရှည်မြင့်စွာသောကာလတို့ပတ်လုံး ဆောင်ကြစိမ့်သောငှါ ဒေသနာဟောရိုးအစဉ်ကိုထားရန် ဟောတော်မူသော တန္တိဒေသနာနည်းတမျိုး,

၂။ မျက်မှောက်သို့ တရားနာရန် လာရောက်ကြသော ပုဂ္ဂိုလ်တို့၏ အသိဉာဏ်ကို ပွင့်လင်းစိမ့်သောငှါ ဟောကြားတော် မူအပ်သော ပုဂ္ဂလဒေသနာနည်းတမျိုး,

ဤသို့ဒေသနာနည်း ၂-မျိုးရှိပေသည်။

၁။ အရှည်သဖြင့် ဆောင်ရွက်ကြရန် ဟောတော် မူအပ်သော တန္တိဒေသနာနည်း၌မူကား။ ။ပုဂ္ဂိုလ်တို့၏ မျက်နှာကိုမကြည့်ဘဲ ယုံမှားဖွယ်ရှိသည်ဖြစ်စေ,ယုံမှားဖွယ်မရှိသည်ဖြစ်စေ တရားအစဉ်ရှိသည့်

www.dhammaransi.com



အတိုင်း (ဝါးလုံးကြီးရိုက်-ဆိုသကဲ့သို့) ဟောထိုက်သမျှသော တရားတို့ကို သိမ်းကျုံး၍ ဒေသနာ အစဉ်အားဖြင့် ဟောကြားတော်မူသည်၊ အကျဉ်း ဥဒ္ဒေသအားဖြင့်၎င်း, အကျယ်နိဒ္ဒေသအားဖြင့်၎င်း ဝေဖန်ထိုက်သမျှဝေဖန်၍ ဟောကြားတော်မူသည်၊ တရားအစဉ်ဖြင့် ဟောတော်မူရာ အချက်ဖြစ်၍ မည်သည့်တရားကို ချန်ထားခဲ့မည်, မည်သည့်တရားကို ကျော်ထားခဲ့မည်-ဟူ၍ မရှိချေ။

၂။ ပုဂ္ဂလဒေသနာ နည်းဦ်မူကား။ ။တရားနာခြင်း အကျိုးငှါ မျက်မှောက်တော်သို့ရောက်လာကြကုန်သော ပုဂ္ဂိုလ်တို့၏ဆန္ဒကိုငဲ့ညှာလိုက်စားတော်မူပြီးလျှင် ထိုပုဂ္ဂိုလ်တို့၏ ယုံမှားသောအချက်တို့ကို ရွေးကောက်စီစစ်၍ ဟောတော်မူသည်၊ ဒေသနာအစဉ်ရှိတိုင်း အလုံးစုံ သိမ်းကျုံး၍ ဟောတော်မူသည်မဟုတ်။

**အဘိဓမ္မာဒေသနာတော်ကြီးမည်သည်ကား။** ။ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒကို ငဲ့ညှာထောက်ထား၍ ဟောကြားတော် မူအပ်သော ပုဂ္ဂလ-ဒေသနာမျိုးမဟုတ်၊ ပရမတ္ထတရားအစဉ် ရှိသည့်အတိုင်း ဒေသနာအစဉ် နည်းအားဖြင့် အလုံးစုံ သိမ်းကျုံး၍ ဟောတော်မူအပ်သော "မဟာတန္တိဒေသနာ" တော်ကြီးဖြစ်ပေသည်၊ ထို့ကြောင့် မဟာတန္တိ-ဒေသနာတော်ကြီး ဖြစ်သော ဤအဘိဓမ္မာယမိုက်ကျမ်းကြီး၌ ယုံမှားဖွယ်ရှိသောအချက်ကို ဖြစ်စေ, ယုံမှားဖွယ်မရှိသော အချက်ကိုဖြစ်စေ တရားအစဉ် ဒေသနာအစဉ်ရှိသောအတိုင်း သိမ်းကျုံး၍ ဟောတော်မူအပ်ပေသတည်း။

ဤသို့ဟောတော်မူခြင်းအားဖြင့် ယမိုက်ကျမ်းကို ဆောင်ကြကုန်သော ပုဂ္ဂိုလ်တို့အား ဒေသနာ အစဉ်အားဖြင့် လွယ်ကူစွာဆောင်ရွက်နိုင်ခြင်း အကျိုးကို ရရှိနိုင်ကြပေသည်၊ သံသယ ဖြစ်ဖွယ်ရှိသော အချက်တို့ကိုသာ ရွေးချယ်ကောက်နုတ်ခါ ဟောထား၍ သံသယမဖြစ်ထိုက်သော အချက်တို့ကို ချွင်းချန်ထားခဲ့ပါလျှင် ဒေသနာအစဉ် ပြတ်တောင်းပြတ်တောင်း ဖြစ်၍ဆောင်ရွက်သော ပုဂ္ဂိုလ်တို့အား အမှတ်အသား ရှုပ်ထွေးစွာနှင့် အသိဉာဏ် ထစ်ထစ်ငေါ့ငေါ့ ဖြစ်ဖွယ်ရှိလေသည်။

www.dhammaransi.com



**မှတ်ရန် အဓိပ္ပါယ် တနည်းသော်ကား။** ။အလွန် ရှည်လျား လှစွာသော သုတ္တန်ကြီးတခုကို နှုတ်တက် ဆောင်ရွက်ရာ၌ ပင်ပန်းလှသဖြင့် အလုံးစုံ မဆောင်ရွက်ကြဘဲ လိုရင်းအချက်တို့ကိုသာလျှင် ရွေးချယ်၍ ဆောင်ရွက် ကြကုန်၏။

သို့ရာတွင် အရှည်သဖြင့် တည်စေရန် ပေထက်, ကျောက်ထက် အက္ခရာ တင်ကြသည်ရှိသော် အတုနည်းအားဖြင့် တင်ထားကြသည် မဟုတ်ဘဲ မူလရှိရင်း ဒေသနာတော်အတိုင်း ရှည်လျားစွာပင် ပေထက်, ကျောက်ထက် အက္ခရာတင်ထားကြလေသည်၊ ထိုနည်းတူစွာ အဘိဓမ္မာ ဒေသနာတော်များကို နှုတ်ဖြင့်ဆောင်ရွက်ကြရာ၌ ပင်ပန်းဝန်လေးမည်ကို စိုးရိမ်ပါလျှင် လိုရင်းအချက်များကိုသာလျှင် ဆောင်ရွက်လိုက ဆောင်ရွက်သင့်ကြလေ၏။

သို့ရာတွင် အရှည်တည်တန့် စိမ့်သောငှါ ပေထက်, ကျောက်ထက် အက္ခရာတင်ကြသော အခါတို့၌မူကား ဒေသနာအစဉ်ရှိသောအတိုင်း မချွင်းမချန်ဘဲ အလုံးစုံတင်ထားရာသည်။

နောင်အရှည်တည်ရန်ဆိုသော အနာဂတ် အရေးကြီးများကိုလည်း မြော်နိုင်သမျှ မြော်တွေးသင့်ကြပေသည်၊ သင်္ဂါယနာ တင်တော်မူကြကုန်သော အရှင်မြတ်တို့သည်လည်း နောင်အနာဂတ်ရေးကို မြော်တွေးဆင်ခြင်တော် မူခြင်းအားဖြင့် ပင်ပန်းခြင်းကို ငဲ့ညှာတော်မမူကြဘဲ ဒေသနာအစဉ် ရှိသောအတိုင်း မချွင်းမချန်ရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူကြကုန်သည်။

ယခုအခါ ပိဋကတ်တော် သုံးပုံကို ပေထက်,ကျောက်ထက်, စက္ကူထက် အက္ခရာ တင်ထားကြသော်လည်း ပေယျာလ မထိုးဘဲ ဒေသနာအစဉ်ရှိသောအတိုင်း တင်ထားနိုင်ကြသည် မဟုတ်ကုန်၊ နည်းတူသော အရာ, သိသင့်သော အရာတို့၌ ပေယျာလ ထိုးကာ ထိုးကာနှင့် အက္ခရာ တင်ထားကြရကုန်သည်၊ ဤကဲ့သို့ ပေယျာလ ထိုးကာ ထိုးကာနှင့် အက္ခရာ တင်ထားခြင်းကြောင့်သာလျှင် ပိဋကတ်သုံးပုံ ကျမ်းများသည် ကျဉ်းကျဉ်းနှင့် သေးငယ်လျက် ရှိလေသည်၊ ပေယျာလ ထိုးခြင်းဖြင့် မြှုပ်၍မထားဘဲ ဒေသနာအစဉ်ရှိတိုင်းသာ မချွင်းမချန် ထုတ်ဖော်

www.dhammaransi.com



ကာ အက္ခရာ တင်ထားမည် ဆိုခဲ့ပါလျှင် ပိဋကတ်သုံးပုံ ပါဠိတော်များသည် ယခုရှိနေရင်းဖြစ်သော ကျမ်းတို့ထက် ဆယ်ဆမက များပြားကြီးကျယ်ခြင်းသို့ ရောက်မည် မချွတ်ပင်တည်း။

ပေယျာလ ထိုးကာ ထိုးကာနှင့် အက္ခရာ တင်ထားခြင်းမှာလည်း ကျမ်းပေါ့ပါးခြင်း, လွယ်ကူ၍ ဆောင်ရွက်နိုင်ခြင်းစသော အကျိုးတို့ကိုလည်း ဖြစ်စေနိုင်ပေ၏၊ ဤအကျိုးများကို မြော်လင့်ခြင်းအားဖြင့်လည်း အက္ခရာတင်ထားသော ရှေးပညာရှိ ပုဂ္ဂိုလ်သူမြတ် ကြီးများသည် ပေယျာလ ထိုးကာ ထိုးကာနှင့် အကျဉ်းချုံးခြင်းနည်းကို အသုံးပြုတော်မူကြလေသတည်း။

လန်ဒန်ပါဠိဒေဝီ၏ပဌမပုစ္ဆာအဖြေ ပြီး၏။

---

## ၂-ဒုတိယပုစ္ဆာအဖြေ

၂။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားသည် ခြောက်ခုမြောက်ဖြစ်သော ယမိုက်ကျမ်းကို ဟောတော်မူရာ- ရှေးဦးစွာ (၁) မူလယမိုက်ကိုဟောတော်မူပါသည်၊ ထို့နောင် (၂) ခန္ဓယမိုက်၊ထို့နောင် (၃) အာယတနယမိုက်၊ ထို့နောင် (၄) ဓာတုယမိုက်၊ ထို့နောင် (၅) သစ္စယမိုက်၊ ထို့နောင် (၆) သင်္ခါရယမိုက်၊ ထို့နောင် (၇) အနုသယယမိုက်၊ ထို့နောင်(၈) စိတ္တယမိုက်၊ ထို့နောင် (၉) ဓမ္မယမိုက်၊ ထို့နောင် (၁၀) ဣန္ဒြိယယမိုက်ကို ဟောတော်မူပါသည်၊ ထိုသို့ယမိုက်ဆယ်ကျမ်းကို ဟောတော်မူရာ၌ အဘယ်သို့ အကြောင်းရှိသည်၊ အဘယ်သို့ အကျိုးရှိသည်-ဟူ၍ သိလိုပါသည်။

ထို့ပြင်လည်း ထိုယမိုက်ကျမ်း၏ ရှေ့နောက် အနုသန္ဓေ ဆက်စပ်ပုံများကိုလည်း သိလိုပါသည်ဘုရား။

**ဤဒုတိယပုစ္ဆာ၏ အဖြေကား။** ။ဓမ္မသင်္ဂဏီ အစ, ကထာ ဝတ္ထုအဆုံးရှိသော အောက်အဘိဓမ္မာ ငါးကျမ်းတို့၌ ပရမတ္ထ တရားတို့ကို အရာမက အထောင်မကသော ဒေသနာနည်းတို့ဖြင့် အကျယ်တဝင့် ဟောကြားတော်မူသည်၊ ထိုပရမတ္ထဓမ္မတို့၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ တပါး, ယောကျ်ား, မိန်းမဟူသော အတ္တဒိဋ္ဌိ အမြင်မှားကြီးကိုလည်း

www.dhammaransi.com



သုတ်သင် ရှင်းလင်းတော်မူသည်၊ ထိုသို့ ဟောတော်မူသည်၏ အခြားမဲ့၌ ပရမတ္ထတရားတို့တွင် အရင်းမူလဖြစ်သော ဟိတ်တရားကြီးတို့သည် ရှိကုန်၏၊ ထိုမူလဟိတ်တရားကြီးတို့သည် သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ အမြစ်မူလ သဘောအားဖြင့် အခိုင်အမြဲ စိုက်တည်ကြကုန်ပြီးလျှင် ကြီးကျယ်စည်ကား၍ နေကြကုန်၏၊ လောဘ အစရှိသော ထိုဟိတ်တရားကြီးတို့၏ သတ္တဝါတို့သန္တာန်၌ကြီးကျယ်ခိုင်မြဲစွာ စိုက်တည်စည်ကား၍နေပုံများကို ပြတော်မူလိုသောကြောင့် ရှေးဦးစွာ မူလယမိုက်ကျမ်းကို မြွက်စွာဘုရားဟောကြားတော်မူပေသည်။

**အဓိပ္ပါယ်တနည်းသော်ကား။** ။ဓမ္မသင်္ဂဏီအစ ကထာဝတ္ထုအဆုံးရှိကုန်သော အောက်အဘိဓမ္မာ ငါးကျမ်းတို့သည် ဓမ္မဝဝတ္ထာနဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်တို့၏ကျက်စားရာခေတ်တို့ဖြစ်ကုန်၏။

(က) ဓမ္မဝဝတ္ထာနဉာဏ်ဆိုသည်ကား ပရမတ္ထတရား အသီးသီးတို့ကို ပိုင်းခြားဝေဖန်၍သိသောဉာဏ်တည်း။

(ခ) ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဆိုသည်ကား ပရမတ္ထဓမ္မ အသီးသီးတို့ကို ခွဲခြားဝေဖန်နိုင်သဖြင့် ထိုပရမတ္ထဓမ္မတို့၌ အတ္တဒိဋ္ဌိအယူမှ ကင်းစင်သောဉာဏ်ပေတည်း။

ဓမ္မဝဝတ္ထာနဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်ရောက်ပြီးသောနောက်၌ ထိုပရမတ္ထဓမ္မတို့၏အကြောင်းကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်၏ အခွင့် ပေါ်ပေါက်လာ၏၊ အကြောင်းတို့တွင်လည်း ဟေတုပစ္စည်းတရားတို့သည် အကြီးဆုံးသောအကြောင်းတို့ဖြစ်ကုန်၏။

ထို့ကြောင့် ထိုပရမတ္ထဓမ္မတို့၏ ပဓာန အကြောင်းရင်းကြီးဖြစ်သော တရားတို့ကို ပြတော်မူခြင်းငှါ ကထာဝတ္ထုကျမ်း၏ အခြားမဲ့၌ မူလယမိုက်ကျမ်းကို မြွက်စွာဘုရားဟောကြားတော်မူပေသတည်း။

[ဤကား—ယမိုက်ကျမ်း၌ အနုသန္ဓေဆက်စပ်ပုံသဘောတည်း။]

**မူလယမိုက်**—ဟူသောအမည်သည် ဥပလက္ခဏာနည်း အားဖြင့် ပြဆိုအပ်သော အမည်သာဖြစ်သည်၊ အကြောင်းရင်း အနက်သဘောတူအားဖြင့် အမည်မှည့်ခေါ်လျှင် ဟေတုယမိုက်၊ နိဒါနယမိုက်၊ သမ္ဘဝ

www.dhammaransi.com



ယမိုက်, ပဘာဝယမိုက်, သမုဋ္ဌာနယမိုက်, အာဟာရယမိုက်,အာရမ္မဏ ယမိုက်,ပစ္စယယမိုက်,သမုဒယယမိုက်-ဟူ၍လည်းခေါ်ဆိုနိုင်ပါသေး၏။

မူလဓမ္မခေါ်သောဟိတ်တရားတို့၏ ကြီးကျယ်ပုံများသည် လွန်စွာ ထင်ရှားလှ၏၊ ထိုမူလခေါ်သော ဟိတ်တရားတို့သည် မိမိ၏အကျိုးဖြစ် ကုန်သော နာမ်တရား, ရုပ်တရားတို့၏ကောင်းစွာ ခိုင်မြဲတည်တန့်ခြင်း သဘောကို ပြီးစီးစေတတ်ကုန်၏၊ ထိုမူလဟိတ်တရားတို့သည် အကုသိုလ် မူလဟိတ်ကြီးသုံးပါး၊ ကုသိုလ်မူလဟိတ်ကြီးသုံးပါး၊ အဗျာကတမူလ ဟိတ်ကြီးသုံးပါး-ဟူ၍ ကိုးပါးအပြားရှိကုန်၏။

မိမိ၏အကျိုး ဖြစ်သော ရုပ်, နာမ်တရားတို့အား ကောင်းစွာခိုင်မြဲ တည်တန့်ခြင်းကို ပြီးစေတတ်သောသဘောကို ဥပမာဖြင့်ပြဆိုပေအံ့။

၁။ သစ်ပင်တို့၏အမြစ်တို့သည် မြေကြီးအတွင်း၌ ကိန်းအောင်း ကြကုန်ပြီးလျှင် ပထဝီရသ, အာပေါရသခေါ်သော မြေဓာတ် အရသာ, ရေဓာတ်အရသာတို့ကို စုပ်ယူ၍ သစ်ပင်ဖျားသို့တိုင် အောင် ထိုမြေဓာတ်အရသာ, ရေဓာတ်အရသာတို့ကို တင် ပို့ခြင်းအားဖြင့် ပျံ့နှံ့စေကုန်၏။

၂။ ရေအယဉ်တိုက်ခိုက်သောအခါတို့၌၎င်း,လေပြင်းမုန်တိုင်းတိုက် ခိုက်သောအခါတို့၌၎င်း သစ်ပင်ကိုလဲပြို၍မသွားအောင်စောင့် ထိန်းချုပ်တည်း၍ထားကြကုန်၏။

၃။ ထိုအမြစ်၏ကျေးဇူးကြောင့် သစ်ပင်တို့သည် ခြောက်သွေ့ညှိုးနွမ်း ခြင်းမရှိဘဲ မလဲမပြိုဘဲ အခိုင်အမြဲတည်တန့်လျက် အနှစ်တရာ သော်၎င်း, အနှစ်တထောင်သော်၎င်း တည်နေနိုင်လေ၏။

ဤနည်းတူစွာ မူလဟိတ်တရားကြီးတို့တွင် လောဘ,ဒေါသ,မောဟ ဟုဆိုအပ်သော အကုသိုလ်ဟိတ်ကြီးသုံးပါးတို့သည်–

၁။ တပ်မက်ခြင်း, ကြမ်းတန်း၍ပြစ်မှားခြင်း, တွေဝေခြင်းတည်း ဟူသော မိမိတို့၏သဘောကိစ္စကြီးတို့ဖြင့် ကောင်းမွန်ခိုင်ခန့် စွာအမြစ်သဖွယ်တည်ကြကုန်၏။

www.dhammaransi.com



၂။ ထိုအကုသိုလ်ဟိတ်ကြီးသုံးပါးတို့၏ အကျိုးတရား ဖြစ်ကြကုန်သော ကိုယ်အမူအရာ နှုတ်အမူအရာတို့သည် မူလဟိတ်ကြီးတို့၏ ဓာတ်သဘောအတိုင်း မကောင်းသော အခြင်းအရာအားဖြင့် ဖြစ်ပွားပေါ်ပေါက်ကြကုန်၏။

၃။ ဆိုင်ရာဆိုင်ရာဖြစ်သောအာရုံတို့၌ မကောင်းသောအခြင်းအရာအားဖြင့် ခိုင်မြဲစည်ကားစွာတည်တန့်ကြကုန်၏။

၄။ ထိုမူလဟိတ်တရားကြီးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း ဆယ်နှစ်, အနှစ်နှစ်ဆယ်, အနှစ်သုံးဆယ် စသောအားဖြင့် အသက်ထက်ဆုံး ထိုမူလဟိတ်တရားကြီးတို့၏ အလိုအတိုင်း တည်တန့်လေ၏။

၅။ ဘဝတခုမှာသာမဟုတ်ဘဲ နိဗ္ဗာန်မရမချင်း ဘဝပေါင်းများစွာတို့၌လည်း ထိုမူလဟိတ်ကြီးတို့၏ အလိုသို့ လိုက်ခါလိုက်ခါနှင့် သံသရာရှည်သမျှကာလပတ်လုံး တည်တန့်လေ၏။

အလောဘ, အဒေါသ, အမောဟ တည်းဟူသော ကုသိုလ်မူလဟိတ်ကြီးသုံးပါးတို့သည်လည်း–

၁။ မသာယာခြင်း, မကြမ်းတန်းခြင်း, မတွေဝေခြင်းတည်းဟူသော မိမိတို့၏ကိစ္စအသီးသီးတို့ဖြင့် မိမိတို့ဆိုင်ရာဖြစ်သော အာရုံတို့၌ ခိုင်မြဲစွာတည်တန့်ကြကုန်၏။

၂။ ထိုကုသိုလ်ဟိတ်ကြီးသုံးပါးတို့၏ အကျိုးဖြစ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့သည်လည်း ကောင်းမြတ်သောသဘောအားဖြင့် မိမိတို့၏ဆိုင်ရာဖြစ်သော အာရုံတို့၌ခိုင်မြဲစွာတည်ကြကုန်၏။

၃။ ထိုကုသိုလ်ဟိတ်ကြီးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်လည်း မူလဟိတ်တရား၏ အလိုသို့လိုက်ခါ ကောင်းမြတ်သောအမူအရာအားဖြင့် ဆယ်နှစ်ပတ်လုံးငင်း, အနှစ်နှစ်ဆယ် ပတ်လုံးငင်း, အနှစ်သုံးဆယ်ပတ်လုံးငင်း၊ ဤသို့စသည်ဖြင့် အသက်ဆုံးသည့်တိုင်အောင် ထိုထိုအာရုံအမျိုးမျိုးတို့၌ ကျက်စားကာ တည်တန့်ကြကုန်၏။

www.dhammaransi.com



၄။ ဘဝတခုမှာသာမဟုတ်သေး၊ နိဗ္ဗာန်မရမချင်း ဘဝပေါင်းများ စွာတို့၌ ထိုကုသိုလ်ဟိတ်ကြီးသုံးပါးတို့၏ အလိုသို့ လိုက်ခါ လိုက်ခါနှင့် သံသရာရှည်သမျှကာလပတ်လုံး တည်ကြလေ ကုန်၏။

အဗျာကတဟိတ်ကြီးသုံးပါးတို့သည်ကား—

၁။ ဝိပါက်,ကြိယာနာမ်ခန္ဓာတို့နှင့် ရုပ်ခန္ဓာတို့၏အမြစ်မူလသဖွယ် ဖြစ်ကြကုန်၏။

၂။ အဗျာကတဟိတ်ကြီးသုံးပါးတို့၏ အစွမ်းအားဖြင့် အဗျာကတ တရားတို့သည် ခိုင်မြဲကြီးကျယ်စွာတည်တန့်ကြကုန်၏။

[ဤကား မူလဟိတ်တရားကြီး ကိုးပါးတို့၏ မူလမြစ်ခြေသဘောကို ပြဆိုပုံ အချက်ပေတည်း။]

**မူလယမိုက်၏အကျိုးကိုပြဆိုဦးအံ့။** ။ပရမတ္ထတရားတို့၏ အကြောင်း ရင်းတို့ကို သိလေသည်ရှိသော် "အလုံးစုံသောတရားတို့သည်အကြောင်း မကင်းကြကုန်၊ ပြုပြင်စီရင်မှုကြောင့်သာလျှင် ဖြစ်ပေါ်ကြကုန်၏၊ အ ကြောင်းမရှိလျှင်မဖြစ်ပေါ်နိုင်ကြကုန်" ဟူ၍ အသိဉာဏ်ကြီးပွင့်လင်းစွာ ပေါ်ပေါက်လာလေ၏၊ ထိုကဲ့သို့အကြောင်းကို သိမ်းဆည်း၍ သိနိုင် သောဉာဏ်ကိုပင် "ပစ္စယပရိဂ္ဂဟဉာဏ်"ဟူ၍ခေါ်ဆိုသည်။

ဤသို့ "အကြောင်းရှိက- အကျိုးဖြစ်ပေါ်သည်၊ အကျိုးရှိကလည်း- အကြောင်းရှိရမည်"ဟု အသိဉာဏ်ပေါ်ပေါက်လာသောအခါ တိတ္ထိ ကြီးသုံးပါး, ယုံမှားခြင်းရှစ်ပါး, ယုံမှားခြင်း တဆဲ့ခြောက်ပါးတို့ကို ကောင်းစွာပယ်ရှားသုတ်သင်နိုင်၏။

[ဤကား မူလယမိုက်ဒေသနာတော်ကြီး၏အကျိုးအာနိသင်ပေတည်း။]

## တိတ္ထိကြီး ၃-ပါးဆိုသည်ကား

၁။ အလုံးစုံသော သတ္တဝါဟူသမျှသည် ချမ်းသာခြင်းသဘော, ဆင်းရဲခြင်းသဘော,ချမ်းသာဆင်းရဲခြင်းမှလွတ်သောဥပေက္ခာသဘော၊ ဤသဘောသုံးပါးကို အမြဲခံစားကြရကုန်၏၊ ထိုသဘောသုံးပါးသည် ရှေးရှေးဘဝတို့က ပြုအပ်ပြီးသော ကံဟောင်း သက်သက်တို့ကြောင့် သာလျှင်ဖြစ်၏—ဟူ၍ ယူသော"ပုဗ္ဗေကတဟေတုဒိဋ္ဌိ"ကြီးတပါး,

www.dhammaransi.com



၂။ အလုံးစုံသော သတ္တဝါဟူသမျှသည် ချမ်းသာခြင်း သဘော, ဆင်းရဲခြင်းသဘော,ချမ်းသာဆင်းရဲခြင်းမှလွတ်သော ဥပေက္ခာသဘော၊ ဤသဘောသုံးပါးတို့ကို အမြဲခံစားကြရကုန်၏၊ ထိုသဘောသုံးပါးသည် လောကကိုဖန်ဆင်းသော ထာဝရအသျှင်၏ဖန်ဆင်းမှုကြောင့်သာလျှင် ဖြစ်၏-ဟူ၍ ယူသော"ဣဿရနိမ္မာနဒိဋ္ဌိကြီး"တပါး,

၃။ အလုံးစုံသော သတ္တဝါဟူသမျှသည် ချမ်းသာခြင်း သဘော, ဆင်းရဲခြင်း သဘော, ချမ်းသာဆင်းရဲခြင်းမှ လွတ်သော ဥပေက္ခာ သဘော၊ ဤသဘောသုံးပါးတို့ကို အမြဲခံစားကြရကုန်၏၊ ထိုသဘော သုံးပါးသည် တစုံတခုသော အကြောင်းကြောင့်မှ ဖြစ်သည်မဟုတ်၊ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်ရသည်-ဟူ၍ ယူသော "အဟေတုက ဒိဋ္ဌိကြီး"တပါး,

ဤသို့အားဖြင့် တိတ္ထိအယူကြီးသုံးပါးရှိလေသည်။

၁။ ရှေးကံသက်သက်ကို ယုံကြည်သောသူတို့သည် ပုဗ္ဗေကတဟေတု ဒိဋ္ဌိအယူသို့ပါဝင်ကြကုန်၏၊ ချမ်းသာ, ဆင်းရဲ ဟူသမျှတို့သည် ရှေးကံ ကြောင့်သာလျှင် ဖြစ်၏-ဟူ၍ယူသဖြင့် ပစ္စုပ္ပန်ဘဝ၌ ကြိုးစားအားထုတ် သော ပစ္စုပ္ပန်ကံများကို ပစ်ပယ်ရာရောက်၏၊ ပုဗ္ဗေကတဟေတုဒိဋ္ဌိ အယူရှိသောသူတို့သည် ကံအကြောင်းကိုမှုကားမပယ်ရှား၊ သို့ရာတွင်- ရှေးကံတည်းဟူသော တဖက်သတ်အကြောင်းသက်သက်ကို စွဲလမ်းလွန်း သဖြင့် မှားယွင်းချွတ်ချော်ခြင်းသို့ရောက်ကြလေသည်။

၂။ လောက၌ ထာဝရဘုရားရှိ၏၊ ထိုထာဝရဘုရားသည် လောက ဓာတ်ကြီးကို ဖန်ဆင်း၏၊ သတ္တဝါတို့ကိုဖန်ဆင်း၏၊ သတ္တဝါတို့၏ဆင်းရဲ ချမ်းသာကိုဖန်ဆင်း၏၊ ထာဝရဘုရားသည် လောကကြီး၏အရှင်သခင် ဖြစ်၏၊ သတ္တဝါတို့၏ဘခင်ဖြစ်၏၊ ဤသို့အယူရှိသောသူတို့သည် ဣဿရ နိမ္မာနဝါဒဒိဋ္ဌိသို့ ပါဝင်ကြလေကုန်၏၊ ထိုသူတို့သည် ကံနှင့် ကံ၏ အကျိုးများကို လုံးလုံးပယ်ရှားရာရောက်၏၊ သတ္တဝါတို့၏ အကြောင်း ကိုမူကား မပယ်ရှား၊ သို့ပင် မပယ်ရှားသော်လည်း မှားသော အကြောင်းကို ယုံကြည်စွဲလမ်းကြကုန်၏၊ စင်စစ်အားဖြင့် လောကကို ဖန်ဆင်းသောပုဂ္ဂိုလ်ဟူ၍ တစုံတရာ မရှိပါဘဲလျက် ဖန်ဆင်းသူ အရှင်

www.dhammaransi.com



သခင်ရှိ၏-ဟူ၍ ယူမှားခြင်းမှာ မမှန်သော အကြောင်းကို စွဲလမ်းခြင်း ဖြစ်လေသည်။

၃။ အကြောင်းမှန်း, အကျိုးမှန်း မသိတတ် မဆင်ခြင်တတ်သော သူတို့သည် အဟေတုကဒိဋ္ဌိအယူသို့ ပါဝင်ကြကုန်၏၊ လောကဓာတ်ကြီး ၏ ဖြစ်ပေါ်ခြင်း, သတ္တဝါတို့၏ဖြစ်ပေါ်ခြင်း, သတ္တဝါတို့ဆိုင်ရာ ချမ်းသာ ဆင်းရဲတို့၏ ဖြစ်ပေါ်ခြင်းတို့သည် တစုံတရာမျှအကြောင်းမရှိ၊ ကမ္ဘာ့ ဓမ္မတာ သဘောအတိုင်း အလိုအလျောက် ပေါ်ပေါက် ဖြစ်ပွားလာ သည်ဟူ၍ အမှားယွင်းဆုံးသောနည်းဖြင့် စွဲလမ်း မှတ်ထင်ကြကုန် ၏၊ ထိုသူတို့သည် သတ္တဝါတို့၏ အကြောင်းရင်းကို လုံးလုံးပယ်ရှားရာ ကျရောက်လေသည်၊ အကြောင်းကို ပယ်သဖြင့်လည်း အကျိုးကို ပယ် ရာရောက်လေ၏၊အကျိုး,အကြောင်း နှစ်ပါးစုံကိုပင် ပယ်သည်မည်ချေ ၏။

[ပုဗ္ဗေကတဟေတုဒိဋ္ဌိမှာ ကံကို ယုံကြည်ခြင်းမကင်းသဖြင့် ဒိဋ္ဌိတွင်းကြီးများ စွာမနက်လှချေ၊ ဣဿရနိမ္မာနနှင့် အဟေတုကဒိဋ္ဌိအယူရှိသောသူတို့သည်ကား၊ ကံကို လုံးလုံးပယ်စွန့်ကြသောကြောင့် ဒိဋ္ဌိတွင်းကြီး နက်လှ၏။]

ဤတိတ္ထိအယူကြီး သုံးပါးတို့တွင် တပါးပါးကို သန်သန်ကြီးစွဲ၍ ခိုင်မာစွာယူသည်ရှိသော် ပစ္စုပ္ပန်ဘဝ၌ ပြုပြုသမျှသော ပစ္စုပ္ပန်ကံတို့ ကို ပစ်ပယ်ကြကုန်၏။

ပစ္စုပ္ပန် ကံတွေကို ပယ်ပုံမှာ—

၁။ တယောက်သော သူသည် ကူးသန်းရောင်းဝယ်ခြင်း ကိစ္စဖြင့် ဥစ္စာခနတိုးတက်၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းသို့ ရောက်လေ၏၊ ထိုအခါ ပုဗ္ဗေကတဟေတုဒိဋ္ဌိ အယူရှိသောသူက "ရှေးကံကြောင့် ချမ်းသာသည်"ဟု သန်သန်ကြီး စွဲလမ်းလေ၏။

၂။ ဣဿရနိမ္မာနဒိဋ္ဌိ အယူရှိသောသူက "ထာဝရဘုရား ဖန်ဆင်း ခြင်းကြောင့် ချမ်းသာသည်"ဟု သန်သန်ကြီးစွဲလမ်းလေ၏။

၃။ အဟေတုကဒိဋ္ဌိအယူရှိသောသူက "ဘယ်အကြောင်းကြောင့် မှ ချမ်းသာသည်မဟုတ်၊ သူချမ်းသာချင်လို့ချမ်းသာသည်၊ သူ့အလိုအ လျောက် ချမ်းသာသည်" ဟူ၍ သန်သန်ကြီး စွဲလမ်းလေ၏။

www.dhammaransi.com



ထိုအယူသုံးမျိုးလုံးတို့၌ပင် မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ ဉာဏ်,ဝီရိယ တို့ဖြင့် ပြုလုပ်အားထုတ်ခြင်းတည်းဟူသော ပစ္စုပ္ပန်ကံကိုပယ်ရှားကြ၏၊ အယူသုံးပါးလုံး၌ပင် ပစ္စုပ္ပန် ကံကိုပယ်ရှားခြင်း ကိစ္စမှာ သဘော တူကြ၏၊ စင်စစ်မှာ ထိုကုန်သည်၏ ချမ်းသာကြီးပွားခြင်းသည် ပစ္စုပ္ပန် ကံနှင့် လုံးလုံးမကင်းကြောင်း အထင်အရှားပင်ဖြစ်၏။

**ဤမျက်မှောက်လောက၌။** "ယောက်ျားတို့၏စွမ်းအားသတ္တိ,ဉာဏ် စွမ်းသတ္တိ, ဝီရိယစွမ်းသတ္တိတို့သည် ထင်ရှားရှိကြကုန်၏၊ ထိုအစွမ်း သတ္တိတို့သည် အချည်းနှီး အကျိုးမဲ့ဖြစ်ကြသည် မဟုတ်ကုန်၊ မျက် မှောက်ပစ္စုပ္ပန်မှာ ထိုအစွမ်းသတ္တိတို့ကိုပင် အမှီတကဲ သဟဲပြုကာ သတ္တဝါတို့ နေထိုင်ကြရကုန်သည်၊ ထိုအစွမ်းသတ္တိကို အလုံးစုံ လျှော့ ထားလိုက်ပါလျှင် ကြီးပွားချမ်းသာမည်ဝေးစွ အသက်ရှည်ကြာစွာ ပင်တည်နေနိုင်ရန် အကြောင်းရှိမည် မဟုတ်ချေ၊ ဤ လူ့ပြည် လောက ကြီးသည် ရှေးကံအရှိန်ကို ခိုလှုံရသည်ထက် ပစ္စုပ္ပန်ကံဟု ဆိုအပ်သော ဉာဏ်စွမ်း, ဝီရိယစွမ်းတို့၏ အရှိန်ကို ခိုလှုံရခြင်းတို့က များပြား ကျယ်ဝန်းလှလေသည်၊ ဉာဏ်စွမ်းသတ္တိ, ဝီရိယစွမ်းသတ္တိ များကိုပင် ပစ္စုပ္ပန်ကံဟူ၍ ခေါ်ဆိုရပေသည်။

**မင်္ဂလသုတ္တန်၌။** "'အတ္တသမ္မာပဏိဓိ' ဆိုသော မင်္ဂလာသည် ပစ္စုပ္ပန် ကံကိုပင်ဆိုလို၏၊ မိမိကိုယ်ကို ခိုင်မြဲတည်တန့်စွာ ရှိအောင် ဆောက်တည်ခြင်းကို အတ္တသမ္မာပဏိဓိ မင်္ဂလာဆိုသည်၊ထိုအတ္တသမ္မာ ပဏိဓိသည် ပစ္စုပ္ပန်ဘဝ၌ ကြိုးစားအားထုတ်အပ်သောဉာဏ်စွမ်း, ဝီရိ ယစွမ်းတို့ပင် ဖြစ်ချေသည်၊ ထိုဉာဏ်စွမ်း, ဝီရိယစွမ်းတို့ဖြင့် ထူထောင် ၍ ထားမှုကြောင့်သာလျှင် လူတို့၏ကိုယ်ခန္ဓာသည် မားမားမတ်မတ် နှင့် ထောက်ရာ တည်ရာ ရရှိလေသည်၊ ဉာဏ်စွမ်း, ဝီရိယစွမ်းတို့ကို အလုံးစုံ ပစ်ပယ်လိုက်မည်ဆိုပါလျှင် သတ္တဝါတို့၏ ကိုယ်ခန္ဓာသည် ထောက်ရာ တည်ရာမရဘဲ လဲပြို ပျက်စီးခြင်းသို့ ရောက်မည်မချွတ်ပင် တည်း၊ အတ္တသမ္မာပဏိဓိ မင်္ဂလာကြီးလည်း ပျက်စီးယိမ်းယိုင်၍ သွား လိမ့်မည်။

**ပယောဂသမ္ပတ္တိ ဆိုသည်မှာလည်း။** "ဉာဏ်စွမ်း, ဝီရိယစွမ်းတည်း ဟူသော ပစ္စုပ္ပန်ကံများကိုပင် ဆိုလိုသည်၊ အကျိုးမှန်းမသိ အကြောင်း

www.dhammaransi.com



မှန်းမသိ အဆင်ခြင် ကင်းမဲ့သောသူတို့သည် ထိုပစ္စုပ္ပန်ကံများကို ပယ်ရှားပြီးလျှင် ဆိုခဲ့ပြီးသော တိတ္ထိအယူကြီး သုံးပါးတို့တွင် တပါးပါးသို့ ပါဝင် ကျရောက်တတ်ကုန်၏၊ အလွန်မှောက်မှားတတ်သော အချက်ကြီးပေတည်း။

**ဤသာသနာတော်အတွင်း၌။** ။မြတ်စွာဘုရားဟောကြားတော်မူအပ်သောအတိုင်း လောဘအစရှိသော ပစ္စုပ္ပန်အကြောင်း, အလောဘအစရှိသော ပစ္စုပ္ပန်အကြောင်းတို့ကြောင့် ထင်ရှားစွာအကျိုးအမျိုးမျိုးဖြစ်ပေါ်ပုံတွေကို သိမြင်လေသောအခါ "အလုံးစုံသော သဘောတရားတို့သည် အကြောင်းနှင့် မကင်းကြပါတကား၊ ပြုပြင်စီရင်မှုကြောင့်ဖြစ်ကြပါသည်တကား၊ အကြောင်းအမျိုးမျိုးကို စွဲ၍ အကျိုးအမျိုးမျိုးတွေဖြစ်ပေါ်၍နေသည်တကား"ဟု စဉ်းစားဆင်ခြင်နိုင်ခြင်းတည်းဟူသော "သမ္မာဒိဋ္ဌိ" အသိဉာဏ်ကြီး ပေါ်ပေါက်လာ၏၊ ထိုအခါ ဆိုအပ်ခဲ့ပြီးသော တိတ္ထိအယူဆိုးကြီးသုံးပါးတို့ကို လုံးလုံးပယ်ရှားနိုင်၏၊ အကျိုးမှန်းသိ, အကြောင်းမှန်းသိသော သမ္မာဒိဋ္ဌိဉာဏ် ပေါ်ပေါက်လာသောအခါ ဒိဋ္ဌိအယူဝါဒများကို မည်ကဲ့သို့ပင် ဟောကြားစေကာမူ ယောင်၍မျှ မှားသော အယူဝါဒသို့ လိုက်ပါတော့မည်မဟုတ်ချေ။

ဤအရာ၌ ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒ၏ ရှင်းလင်းချက်ကို အမြွက်မျှပြဆိုဦးအံ့။

ရှေးကံများကို မြတ်စွာဘုရားလည်း ပယ်ရှားတော်မူသည်မဟုတ်၊ ထိုရှေးကံ အကြောင်းနှင့် စပ်လျဉ်း၍ပင် ဒေသနာတော်ပေါင်းများစွာကို ဟောကြားတော်မူသေးသည်၊ သို့ရာတွင် ပစ္စုပ္ပန်ကံ ဟူသမျှတွေကို လုံးလုံးပစ်ပယ်ကာ ရှေးကံသက်သက်ကိုသာ သန်သန်ကြီးစွဲလမ်းလှသဖြင့် ပုဗ္ဗေကတဟေတုဒိဋ္ဌိဟူ၍ ဟောတော်မူရချေသည်။

ရှေးကံ, ပစ္စုပ္ပန်ကံတို့နှင့် စပ်လျဉ်း၍ သရက်ပင် ဥပမာကိုပြဆိုအံ့။

၁။ ရှေးကံသည် သရက်မျိုးစေ့နှင့်တူ၏၊ ထိုမျိုးစေ့ကြောင့်ပင်လျှင် သရက်ပင်ကြီးဖြစ်ပေါ်ရ၏။

၂။ လောဘ, အလောဘ အစရှိသော မူလဟိတ်တရားကြီးတို့သည်သရက်ပင်၏အမြစ်နှင့်တူကုန်၏၊ ထိုအမြစ်ရှိသောကြောင့်

www.dhammaransi.com



ပင်လျှင် သရက်ပင်ကြီး တာရှည်စွာ တည်တန့်၍ ကြီးပွား ရ၏။

၃။ လောဘ, အလောဘ စသော မူလဟိတ်တရားကြီးတို့၏ ဝတ္ထု, အာရုံတို့သည် သရက်ပင်ကြီးကို အားပေး၍နေသော ပထဝီအရသာ, အာပေါအရသာ, ဝါယောအရှိန်တို့နှင့် တူကုန်၏၊ ထိုပထဝီရသတို့က အားပေးကြကုန်သောကြောင့် သာလျှင် သရက်ပင်ကြီး ညှိုးနွမ်းခြောက်သွေ့ခြင်းမရှိဘဲ စိုပြေစိမ်းလန်း စွာတည်ရှိနိုင်ပေသည်။

၄။ ပစ္စုပ္ပန်ဘဝ၌ ကြံစည်ပြုလုပ် အားထုတ်အပ်သော ဉာဏ်စွမ်း, ဝီရိယစွမ်းတို့သည် သရက်ပင်ကို ပိုင်သောသူ၏ ရေလောင်းမှု, မြေဖို့မှု အစရှိသောပြုပြင်မှုတွေနှင့်တူ၏၊ ထိုပြုပြင်မှု တည်းဟူသော ပစ္စုပ္ပန်ကံတွေကိုမပြုဘဲစွန့်လွှတ်၍ထားလိုက်ပါလျှင် သရက်ပင်ကြီးသည် အရှည်သဖြင့် တည်တန့်နိုင်ရန်အကြောင်း မရှိချေ။

[ဤကား ရှေးကံ, ပစ္စုပ္ပန်ကံ, မူလဟိတ်တရားကြီးတို့၏ သဘောများကို ထင်ရှားစွာသိရန် ပြဆိုအပ်သော ဥပမာပေတည်း။]

လူတို့၏ကိုယ်ကို သရက်ပင် ဥပမာဖြင့် နှိုင်းယှဉ်၍ ပြဆိုဦးအံ့။

၁။ လူတို့၏ကိုယ်သည် သရက်ပင်နှင့်တူ၏။

၂။ လူတို့သန္တာန်၌ရှိသော မူလဟိတ်တရားကြီးများသည် သရက်ပင်၏ ရေသောက်မြစ်ကြီးတွေနှင့်တူ၏။

၃။ လူအပေါင်းတို့ စွဲလမ်းနေကြကုန်သော ဝတ္ထု, အာရုံတို့သည် သရက်ပင်ကို အားပေး၍နေသော ပထဝီရသ, အာပေါရသ, လေအရှိန်တို့နှင့်တူကုန်၏။

၄။ မျက်မှောက်ဘဝ၌ အသက်မွေးမှုကိစ္စ, ကျန်းမာရေးကိစ္စ, လိမ္မာရေးကိစ္စ, မိတ်ဆွေပေါင်းသင်းရေးကိစ္စမှစ၍ ပြုပြင်သမျှသောပစ္စုပ္ပန် ကံများသည် သရက်ပင် ရှင်က သရက်ပင်ကြီးကို ရေလောင်းခြင်း, မြောင်းသွယ်ခြင်း, မြေဖို့ခြင်းစသော ပြုပြင်မှုသင်္ခါရကိစ္စတွေနှင့်တူ၏။

www.dhammaransi.com



မျိုးစေ့ရှိသော်လည်း အမြစ်မထွက်လျှင် သရက်ပင်မပေါ်လာနိုင်၊ သရက်ပင် ပေါ်လာပြန်ပါသော်လည်း မြေဥတု,ရေဥတု, လေအရှိန် တို့ကို မခိုလှုံရလျှင် သရက်ပင် ကြီးပွားစိုပြေနိုင်မည်မဟုတ်၊ ကြီးပွားစို ပြေ၍ နေပါသော်လည်း ပြုပြင်စောင့်ရှောက်မှုမရှိလျှင် သရက်ပင် သည် အရှည်သဖြင့် တည်တန့် နိုင်မည်မဟုတ်။

၁။ သရက်မျိုးစေ့သည် ရှေးကံနှင့်တူ၏။

၂။ သရက်ပင်ကို အရှည်တည်တန့် ကြီးပွားလေအောင် ပြုပြင် စောင့်ရှောက်မှု သင်္ခါရများသည် ပစ္စုပ္ပန်ကံနှင့်တူ၏။

ဤသို့လျှင် သရက်ပင် ဥပမာဖြင့် အနမတဂ္ဂသံသရာ၌ သတ္တဝါတွေ စည်ကား၍ နေပုံကိုဆင်ခြင်ရှုမြော်ကြလေကုန်။

[ဇ္ဈာသရနိမ္မာနဝါဒနှင့် အဟေတုကဒိဋ္ဌိ ဝါဒဆိုးကြီးများကိုမူကား ဗုဒ္ဓသာ သနာတော်၌ အရှင်းပယ်ရှားအပ်လေသည်။]

ယုံမှားခြင်း ၈-ပါးဆိုသည်ကား—

၁။ ဗုဒ္ဓဘုရားရှင်၌ ယုံမှားခြင်း,
၂။ တရားတော်၌ယုံမှားခြင်း,
၃။ သံဃာတော်၌ ယုံမှားခြင်း,
၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း,
၅။ ရှေ့အစွန်း၌ ယုံမှားခြင်း,
၆။ နောက်အစွန်း၌ ယုံမှားခြင်း,
၇။ ရှေ့နောက်အစွန်းနှစ်ပါး၌ ယုံမှားခြင်း,
၈။ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း,

ဤယုံမှားခြင်းရှစ်ပါးသည် ဓမ္မသင်္ဂဏီကျမ်း၌လာ၏။

၁။ ဗုဒ္ဓဘုရားရှင်သည် စင်စစ် ဘုရားဟုတ်ပါလေ၏လော၊ ဗုဒ္ဓ ဘုရားရှင်ကို ကြည်ညိုဆည်းကပ်ခြင်းအားဖြင့် အကျိုးရှိပါမည်လော— ဟု တွေးတောယုံမှားခြင်းသည် ဘုရား၌ယုံမှားခြင်းမည်၏။

၂။ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူအပ်သော တရားသည် မှန်မှမှန်ပါလေ၏လော၊ ထိုတရားနည်းလမ်းအတိုင်း ကျင့်ကြံလျှင်

www.dhammaransi.com



ကောင်းကျိုးချမ်းသာကို ရမှ ရပါမည်လော-ဟု တွေးတော ယုံမှားခြင်းသည် တရားတော်၌ယုံမှားခြင်းမည်၏။

၃။ ဗုဒ္ဓဘုရားရှင်၏ တပည့်သံဃာများသည် သံဃာအစစ် ဟုတ်ပါလေ၏လော၊ ထိုသံဃာတို့ကို ကြည်ညိုကိုးကွယ်ခြင်းအားဖြင့် စင်စစ်အကျိုးကိုရမှ ရနိုင်ပါမည်လော-ဟု တွေးတောယုံမှားခြင်းသည် သံဃာတော်၌ ယုံမှားခြင်းမည်၏။

၄။ ငါးပါးသီလ, ရှစ်ပါးသီလစသော အကျင့်သိက္ခာ သီလနှင့်တကွ သမထဘာဝနာ,ဝိပဿနာဘာဝနာများကို ကျင့်ကြံကြိုးစားအားထုတ်ပါလျှင် ဖြောင့်မှန်သောအကျင့်မှ ဟုတ်ပါလေ၏လော၊ထိုအကျင့်တို့ကို ကျင့်ကြံအားထုတ်ခြင်းဖြင့် ကောင်းကျိုးချမ်းသာကိုရမှရပါမည်လော-ဟုတွေးတောယုံမှားခြင်းသည် အကျင့်သိက္ခာ၌ ယုံမှားခြင်းမည်၏။

၅။ ငါသည် ရှေးဘဝက ဖြစ်ခဲ့ဘူးလေသလော-ဟု အတိတ်ဘဝနှင့် စပ်၍ယုံမှားခြင်းသည် ရှေ့အစွန်း၌ ယုံမှားခြင်းမည်၏။

၆။ ငါသည် နောက်အနာဂတ်ဘဝ၌ အသစ်တဖန်ဖြစ်ရလိမ့်ဦးမည်လော-ဟု အနာဂတ်ဘဝနှင့် စပ်၍ တွေးတောယုံမှားခြင်းသည်နောက်အစွန်း၌ တွေးတောယုံမှားခြင်းမည်၏။

၇။ ယခုအခါ ငါ,ဖြစ်၍နေသည် ဟုတ်ပါ၏လော၊ ငါ,မဟုတ်ဘဲရှိလေသလော-စသည်ဖြင့် မျက်မှောက်ပစ္စုပ္ပန်ဘဝနှင့်စပ်၍ တွေးတောယုံမှားခြင်းသည် ရှေ့အစွန်း, နောက်အစွန်းနှစ်ပါးကို ယုံမှားခြင်းမည်၏။

[ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက်အစွန်းနှစ်ပါးတို့၌ ယုံမှားပုံအမျိုးမျိုးကို ၁၆-ပါးသော ယုံမှားခဏ်း၌ အကျယ်ဖော်ပြပါအံ့။]

၈။ အကြောင်းကို စွဲ၍အကျိုးဖြစ်ပေါ်ခြင်း ဟုတ်မှ ဟုတ်ပါလေ၏လော၊ အလိုအလျောက်ပင် ဖြစ်လေသလော-စသည်ဖြင့် အကျိုးအကြောင်းနှင့်စပ်၍ ယုံမှားခြင်းသည် ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်းမည်၏။

[ဤကား ဓမ္မသင်္ဂဏီကျမ်း၌ လာသော ယုံမှားခြင်း ရှစ်ပါးတို့၏သဘောအဓိပ္ပါယ်ပေတည်း။]

www.dhammaransi.com



၁၆-ပါးသော ယုံမှားခြင်းတို့ကို ထိုထိုသုတ္တန်ပါဠိတော်တို့၌ မြတ်စွာဘုရားဟောကြားတော်မူအပ်ကုန်၏၊အတိတ်၌ ယုံမှားခြင်း ၅-ပါး, အနာဂတ်၌ ယုံမှားခြင်း၅-ပါး, ပစ္စုပ္ပန်၌ယုံမှားခြင်း ၆-ပါး၊ ဤသို့လျှင် ယုံမှားခြင်း ၁၆-ပါးဖြစ်သတည်း။

### အတိတ်၌ယုံမှားခြင်းငါးပါးကား

၁။ ငါသည် ရှေးအတိတ်ကာလ၌ ဖြစ်ခဲ့ဘူးလေပြီလော။
၂။ ငါသည် ရှေးအတိတ်ကာလ၌ ဖြစ်မှ ဖြစ်ဘူးပါ၏လော။
၃။ ငါသည် ရှေးအတိတ်ကာလ၌ အဘယ်အမျိုးဇာတ်ဖြင့် ဖြစ်ဘူးပါလိမ့်မလဲ။
၄။ ငါသည်ရှေးအတိတ်ကာလ၌ဘယ်ပုံသဏ္ဌာန်အားဖြင့်ဖြစ်ဘူးပါလိမ့်မလဲ။
၅။ ငါသည် ရှေးအတိတ်ကာလ၌ အဘယ်အမျိုးဇာတ်၌ ဖြစ်၍ တဖန်အဘယ်အမျိုးဇာတ်ဖြင့် ဖြစ်ဘူးပါလိမ့်မလဲ။

### အနာဂတ်၌ယုံမှားခြင်းငါးပါးကား

၁။ ငါသည် နောင်အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လိမ့်ဦးမလား။
၂။ ငါသည် နောင်အနာဂတ်ကာလ၌ ဖြစ်မှဖြစ်ပါတော့မလား။
၃။ ငါသည် နောင်အနာဂတ်ကာလ၌ အဘယ်အမျိုး ဇာတ်ဖြင့် ဖြစ်ပါလိမ့်မလဲ။
၄။ ငါသည် နောင်အနာဂတ်ကာလ၌ ဘယ်ပုံသဏ္ဌာန်အားဖြင့် ဖြစ်ပါလိမ့်မလဲ။
၅။ ငါသည် နောင်အနာဂတ်ကာလ၌ အဘယ်အမျိုးဇာတ်၌ဖြစ်၍ တဖန် အဘယ်အမျိုးဇာတ်ဖြင့် ဖြစ်ပါလိမ့်မလဲ။

### ပစ္စုပ္ပန်၌ ယုံမှားခြင်း ခြောက်ပါးကား

၁။ ယခုဖြစ်နေသည်မှာ ငါဟုတ်မှ ဟုတ်ပါလေရဲ့လား။
၂။ ယခုဖြစ်နေသည်မှာ ငါမဟုတ်ဘဲပင် ရှိလေတော့သလား။
၃။ ငါသည် ယခုအခါအဘယ်အမျိုးဇာတ်ဖြင့် ဖြစ်နေသလဲ။
၄။ ငါသည် ယခုအခါအဘယ်ပုံပန်းသဏ္ဌာန်ဖြင့် ဖြစ်၍နေသလဲ။

www.dhammaransi.com



၅။ ယခု ငါဖြစ်၍နေသောသတ္တဝါသည် ဘယ်ဘဝက လာခဲ့ရပါလိမ့်မလဲ။

၆။ ယခုငါဖြစ်၍နေသောသတ္တဝါသည် နောင်ခါတဖန်ဘယ်ဘဝသို့ ကူးပြောင်းရပါမလဲ။

[ဤကား သုတ္တန်တို့၌လာသော ယုံမှားခြင်းတဆဲ့ခြောက်ပါးတို့၏ သဘောအဓိပ္ပါယ်ပေတည်း။]

ထိုယုံမှားခြင်းများသည် ငါ,ငါ-ဟူ၍ စွဲလမ်းသော အတ္တဒိဋ္ဌိကြီးကို အရင်းခံပဓာနပြု၍ ယုံမှားသောကြောင့် လွန်စွာမှားယွင်းသောယုံမှားခြင်းဖြစ်လေသည်၊ ပရမတ္ထသဘောအားဖြင့် ငါဟိုသည်မှာတစုံတရာမျှမရှိပါဘဲနှင့် ထိုမရှိသည်ကိုပင် အရှိကြီးလုပ်၍ ယုံမှားတွေးတော၍ နေခြင်းမှာ တဆင့်မျှမက အဆင့်ဆင့်မှားယွင်းသော တွေးတောယုံမှားခြင်းမျိုးပေတည်း၊ ကာလတခုမှာသာမဟုတ် ကာလသုံးပါးလုံး၌ပင် အတွေးကျယ်၍ယုံမှားပြန်ရာ သာ၍ပင်မှားယွင်းပြန်လေသည်။

**ဥပမာအားဖြင့်ဆိုလျှင်**–လောက၌ ဘယ်အခါမျှ မရှိဘူးသောဝတ္ထုကို အရှိကြီးလုပ်ခါ အမျိုးမျိုး တွေးတောယုံမှား လေဘိသကဲ့သို့တည်း၊ ဩောင်ပွင့်သည် ဖြူလေသလော၊ ဩောင်ပွင့်သည် နီလေသလော၊ ဩောင်ပွင့်သည် အဖြူအနီနှစ်ပါးရောနှော၍နေလေသလော၊ ဩောင်ပွင့်သည် အဖြူအနီ နှစ်ပါးစုံမှလွတ်၍ အဆင်းတမျိုးရှိလေသလော၊ ဤသို့တွေးတော ယုံမှားနေသောသူသည် တွေးတောလေသမျှ ယုံမှားလေသမျှ အလုံးစုံမှားယွင်းလေ၏။

အဘယ့်ကြောင့်နည်းဆိုသော်–လောက၌ ဩောင် ပွင့်သည် ဟူ၍ ဘယ်အခါမျှမရှိချေ၊ မရှိသောဩောင်ပွင့်ကို အစွဲပြု၍ အတွေးကြီးတွေးခါ ယုံမှား၍နေခြင်းမှာ အချည်းနှီးသာဖြစ်လေ၏။

ထိုနည်းတူစွာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး– ဟူ၍ ပရမတ္ထသဘောအားဖြင့်ဘယ်အခါမှမရှိပါဘဲလျက်နှင့်အရှိကြီး လုပ်၍ အမျိုးမျိုးအဖုံဖုံ ယုံမှားခါနှင့် အတွေးကြီးဖွင့်၍နေခြင်းမှာ အမှားတကာတို့၏ဘုရင်ကြီးဖြစ်လေသည်၊ ဤသို့တွေးတောယုံမှားခြင်းမျိုးသည် အကျိုးအကြောင်း ဆက်လက်ဖြစ်

www.dhammaransi.com



ပွားရှိနေမှုတည်းဟူသောပဋိစ္စသမုပ္ပါဒ်အချက်ကြီးကိုမသိမမြင်သောကြောင့်သာလျှင် ဖြစ်ရလေသည်။

ပဋိစ္စသမုပ္ပါဒ်အချက်ကြီးများကို ထင်ရှားပိုင်နိုင်စွာ သိမြင်ပါမူကား ပုဂ္ဂိုလ်,သတ္တဝါတို့နှင့် စပ်လျဉ်း၍ယုံမှားခြင်းအမျိုးမျိုးဖြစ်မည်ဝေးလေစွ၊ ပုဂ္ဂိုလ်,သတ္တဝါတို့ ဖြစ်နေသည်ဟူ၍ပင်မထင်မြင်နိုင်ချေ၊ ပရမတ္ထသဘောတရားတို့၏ အကြောင်းအားလျော်စွာဆိုင်ရာဆိုင်ရာအကျိုးတရားတွေဖြစ်ပေါ်၍နေမှုကိုသာသိမြင်ပေလတ္တံ့။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် အချက်ကြီးတွေကို ပိုင်နိုင်စွာသိမြင်ပါလျှင် ပုဂ္ဂိုလ်,သတ္တဝါနှင့်စပ်၍ သို့လောသို့လော တွေးတောယုံမှားခြင်းအမျိုးမျိုးကိုပယ်နိုင်လေသည်၊ထိုသို့ပယ်နိုင်သောအခါ "ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်" သို့ဆိုက်ရောက်လေသတည်း။

ထို့ကြောင့် ပရမတ္ထသံခိပ်ကျမ်း၌—

"ပဋိစ္စခေတ်၊ သမုပ္ပါဒ်ကို၊ အတပ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ဆဲ့ခြောက်ပါးနှင့်၊ ရှစ်ပါးဝိမိ၊ ဒိဋ္ဌိဖြာဖြာ၊ကင်းစင်ကွာ၊ကင်္ခါဝိတရဏဝိသုဒ္ဓိ"

ဟူ၍ စပ်ဆိုတော်မူပေသည်။

ပဋိစ္စသမုပ္ပါဒ်အချက်၌ ယုံမှားပုံနှင့် ယုံမှားကင်းပုံကို ထင်လင်းစွာ သိကြစေရန်ဖွင့်ပြပေဦးအံ့။

၁။ သတ္တဝါတို့၏သန္တာန်၌ စက္ခုခေတ်သည်ရှိ၏၊(မြန်မာဘာသာအားဖြင့်-မျက်စိဟုခေါ်၏)၊ထိုစက္ခုသည် သတ္တဝါတို့၏သန္တာန်၌အဘယ်သို့ဖြစ်ပေါ်လာသနည်း၊ စက္ခုသည် ရှေးကံ သက်သက်ကြောင့်သာလျှင်ဖြစ်ပေါ်တည်ရှိနေသလား၊ ထာဝရဘုရား၏ ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်နေသလား၊ တစုံတခုသော အကြောင်းကြောင့် ဖြစ်ပေါ်သည်မဟုတ်ဘဲ သူ့အလို အလျောက်ဖြစ်ပေါ်နေသလား၊ သို့မဟုတ် အကြောင်းတခုခုကိုစွဲ၍ ဖြစ်ပေါ်နေသလား၊ ဤသို့ တွေးတော ယုံမှားနေခြင်းသည် ပဋိစ္စသမုပ္ပါဒ်တရားအချက်၌ ယုံမှားခြင်းမည်၏။

၂။ သတ္တဝါတို့၏ သန္တာန်၌ စက္ခုသည် ထင်ရှားရှိ၏၊ ထိုစက္ခုကို စက္ခာယတနလည်း ခေါ်၏၊ စက္ခုခေတ်လည်း ခေါ်၏၊ စက္ခုဒွါရလည်း

www.dhammaransi.com



ခေါ်၏၊ စက္ခုဝတ္ထုလည်းခေါ်၏၊ စက္ခုန္ဒြေလည်းခေါ်၏၊ ထိုစက္ခုသည် အနှစ်သာရရှိသော အတ္တမျိုးလည်းမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါလည်း မဟုတ်၊ အသက်ရှိသော ဇီဝလည်းမဟုတ်-ဟူ၍ ပညာရှိပုဂ္ဂိုလ်များ ဟောကြား ဆုံးမလေ့ရှိကြ၏၊ ထိုသို့ဟောကြားသော အတိုင်းပင် မှန် လေသလော၊ဟောကြားတိုင်း မမှန်ဘဲပင်ရှိလေသလော-ဟုတွေးတော ယုံမှားခြင်းသည် စက္ခု၌ယုံမှားခြင်းမည်၏။

[သောတ စသည်တို့၌လည်း ထိုသို့ပင်ယုံမှားခြင်း ဖြစ်တတ်ကုန်၏။]

### ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နအထူး

ဤအရာ၌ "ပဋိစ္စသမုပ္ပါဒ"နှင့်"ပဋိစ္စသမုပ္ပန္န"သဘောနှစ်မျိုးတို့၏ ခြားနားပုံကို ပြဆိုဦးအံ့။

ကာရဏံ ပဋိစ္စ သမုပ္ပဇ္ဇနံ ပဋိစ္စသမုပ္ပါဒေါ။

ကာရဏံ၊ အကြောင်းကို။ ပဋိစ္စ၊ အစွဲပြု၍။ သမုပ္ပဇ္ဇနံ၊ ဖြစ်ပေါ်ခြင်း တည်း။ ပဋိစ္စသမုပ္ပါဒေါ၊ အကြောင်းကို အစွဲပြု၍ဖြစ်ပေါ်ခြင်း။ ဤသို့ ဘာဝသာဓနေ ဝိဂြိုဟ် ဆိုအပ်သောကြောင့် အကြောင်းကို စွဲ၍ဖြစ်ခြင်း သဘောကို ပဋိစ္စသမုပ္ပါဒ်ဟူ၍ မှတ်ရာ၏၊ ပဋိစ္စသမုပ္ပါဒ် ဆိုလျှင်ဖြစ် ခြင်း ကြိယာမျှကို ရ၏။

ကာရဏံ ပဋိစ္စ သမုပ္ပဇ္ဇတီတိ ပဋိစ္စသမုပ္ပန္နော။

ကာရဏံ၊ အကြောင်းကို။ ပဋိစ္စ၊ အစွဲပြု၍။ သမုပ္ပဇ္ဇတိ၊ ဖြစ်ပေါ် လာတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပဋိစ္စ သမုပ္ပန္နော၊ ပဋိစ္စသမုပ္ပန္န မည်၏။ ဤသို့ ကတ္တုသာဓနေ ဝိဂြိုဟ် ဆိုအပ်သောကြောင့် အကြောင်း ကို အစွဲပြု၍ ဖြစ်ပေါ်သော အကျိုးတရားကို ပဋိစ္စသမုပ္ပန္န ဆိုအပ် သည် ဟု မှတ်အပ်၏။

**အချုပ် အားဖြင့်**-အကြောင်းကို စွဲ၍ ဖြစ်ပေါ်ခြင်း ကြိယာသဘော ကို ပဋိစ္စသမုပ္ပါဒ်၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော တရားစုကို ပဋိစ္စသမုပ္ပန္နဟူ၍ မှတ်ရာသတည်း။

**ဥပမာ။** ။"ဘဝပစ္စယာ ဇာတိ" ဟူသော ပါဠ်၌ ဘဝ ဟူသော အကြောင်းကြောင့် ဇာတိ ဖြစ်ပေါ်ခြင်း သဘောသည် ပဋိစ္စသမုပ္ပါဒ် မည်၏၊ ပဋိသန္ဓေဝိညာဏ်နှင့်တကွ ဖြစ်ပေါ်လာသော ကမ္မဇရုပ်များ

www.dhammaransi.com



သည် ဇာတိမည်၏၊ ပဋိစ္စသမုပ္ပါဒ်ဆိုလျှင် ဖြစ်မှု ကြိယာသဘောကို ကောက်ယူရသည်၊ ပဋိစ္စသမုပ္ပန္နဆိုလျှင် ဖြစ်ပေါ်လာသော တရားစုကို ကောက်ယူရသည်၊ ပဋိစ္စသမုပ္ပါဒ် သဘော ရှိသောကြောင့် သာလျှင် ပဋိစ္စသမုပ္ပန္နသဘောတွေ ဖြစ်ပေါ်၍နေသည်။

### အကျိုးနှင့်အကြောင်း ဆက်သွယ်ပုံ ဥပမာ

ဤလောကကြီးတခွင်လုံးသည် ပဋိစ္စသမုပ္ပါဒ်၏နယ်ကြီးသာဖြစ်၏၊ ဖြစ်ဖြစ်သမျှသော အရာဝတ္ထုတို့သည် မိမိတို့ဆိုင်ရာဖြစ်သော အကြောင်းကိုအစွဲပြု၍သာ ဖြစ်ပေါ်ရကုန်၏၊ အကြောင်းမရှိလျှင် မည်သည့်အရာဝတ္ထုမျှ မဖြစ်ပေါ်နိုင်ကြကုန်၊ အကြောင်းရှိလျှင် မဖြစ်ပေါ်ပါနှင့်ဟူ၍ မည်သူမျှတားမြစ်၍မရ၊ အကြောင်းအားလျော်စွာ ဧကန်အမှန်ဖြစ်ပေါ်လာလိမ့်မည်၊ အနန္တတန်ခိုးရှင်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသော်မှလည်း အကြောင်းကိုအစွဲပြု၍ အကျိုးတရားတို့၏ ဖြစ်ပေါ်မှုတွေကို ပိတ်ပင်တားမြစ်တော် မမူနိုင်ချေ။

ဤအကြောင်းထင်ရှားရှိနေလျှင် ဤအကျိုးဖြစ်လတ္တံ့၊ ဤအကြောင်းချုပ်လျှင် ဤအကျိုးလည်းချုပ်လတ္တံ့၊ ဤကဲ့သို့သော သဘောမျိုးကိုပင် ပဋိစ္စသမုပ္ပါဒ် ခေါ်သည်။

**ဥပမာ**—လောက၌ နေ့အခါ အလင်း ဖြစ်ပေါ်စမြဲ ပေတည်း၊ ထိုအလင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်သနည်း-ဆိုလျှင် ''သူရိယ—နေ''တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ရ၏၊နေဝင်လျှင် အလင်းရောင်ပျောက်၍ အမှောင်ဓာတ် ရောက်လေ၏။

[ဤကား အကျိုးနှင့် အကြောင်းဆက်သွယ်၍ ဖြစ်ပေါ်နေပုံဥပမာပေတည်း။]

### မှန်ရိပ်ဥပမာဖြင့်ပဋိစ္စသမုပ္ပါဒ်သဘောကို ပြဆိုဦးအံ့

တယောက်သော ယောကျ်ားသည် အလွန်ကြည်လင် လှစွာသော မှန်တချပ်ကိုယူ၍ လူအလွန် စည်ကားလှသော ဈေးပွဲကြီး အတွင်းသို့ ဝင်သွားလေရာ မှန်၏ဥပစာ၌ ရှိရှိသမျှသောသက်ရှိဝတ္ထု,သက်မဲ့ဝတ္ထုတို့သည် ကြည်လင်သောမှန်ပျဉ်၌ ထင်ကြလေကုန်၏၊ ထိုသို့ထင်ရာ၌ အကြောင်းကို ရှာလိုက်သည်ရှိသော် ကြည်လင်သောမှန်ကို အစွဲပြု၍ ၎င်း, မှန်ဥပစာ၌ ရှိကြသောဝတ္ထုတို့ကို အစွဲပြု၍၎င်း,အရောင်အလင်း

www.dhammaransi.com



ကို အစွဲပြု၍ရှင်း, ဤအကြောင်းသုံးပါးတို့ကြောင့် ပုန်ပျဉ်၌ အရိပ်ကို သည်ထင်ကြကုန်၏။

ဝတ္ထုအမျိုးမျိုးတို့ကလည်း မှန်ပျဉ်သို့ လာကြသည်မဟုတ်၊ မှန်ကလည်း ဝတ္ထုအမျိုးမျိုးရှိရာသို့ သွားသည်လည်းမဟုတ်၊ အကြောင်းတိုက်ဆိုင်ခါ ပဏ္ဏာ ရသည်အားလျော်စွာသာလျှင် ထင်ကြလောကုန်သည်၊ ထိုမှန်ရိပ်တို့သည် ရှေးအခါကလည်း မှန်ထဲမှာရှိနေကြသည် မဟုတ်ကုန်၊ထိုမှန်ရိပ်တို့သည် အခိုင်အမြဲစွဲ၍ထင်နေသည်လည်းမဟုတ်ကြကုန်၊ မှန်ကိုမျက်နှာတဖက်သို့ လှဲလိုက်သည်နှင့်တပြိုင်နက် ယခင်က ထင်နေသော မှန်ရိပ်တို့သည် ဂုတ်တရက်ကောဖြင်း ကွယ်ပျောက်ကြလေကုန်၏၊ အငွေ့အစဖျူရှာ၍မရကြကုန်။

**ဤဥပမာ၌**။ "မှန်ပျဉ်၌ အရိပ်ထင်ခြင်း ကြိယာသည် ပဋိစ္စသမုပ္ပါဒ်မည်၏၊ မှန်ရိပ်တို့သည် ပဋိစ္စသမုပ္ပန်မည်ကုန်၏၊ ဤမှန်လို ဥပမာနှင့်တူစွာ အလုံးစုံသော သင်္ခတပရမတ္ထတရားတို့၌ ပဋိစ္စသမုပ္ပါဒ်သဘောနှင့် ပဋိစ္စသမုပ္ပန်သဘောများကိုသိမြင်ကြကုန်ရာ၏။

မျက်မှောက် ပစ္စုပ္ပန်ဖြစ်သော ဤကိုယ်ခန္ဓာကြီး၌ ပဋိစ္စသမုပ္ပါဒ် အချက်တွေကိုပြဆိုဦးအံ့။

သတ္တဝါတို့၏ကိုယ်သန္တာန်၌ တနေ့တနေ့အတွင်းမှာပင် ခဏပေါင်းများစွာတို့၌ အာရုံခြောက်ပါးကို အစွဲပြုခါ, ပြုခါနှင့် ပုန်ရိပ်တွေ ပြောင်းလဲဘိသကဲ့သို့ အမျိုးမျိုးပြောင်းလဲခါ ဖြစ်ပေါ်မှုတို့သည် လွန်စွာထင်ရှားကုန်၏။

၁။ တရံတခါ သာယာဖွယ်ဖြစ်သော အာရုံထိခိုက်လာသဖြင့် အတွင်းသန္တာန်၌ လောဘစိတ်တွေတဟုန်တည်း ထကြွသောင်းကျန်းကြကုန်၏၊ လောဘရှိန်ကြောင့်ဖြစ်ပေါ်သော ကိုယ်အမူအရာ, စိတ်အမူအရာတို့သည်လည်း တုန်လှုပ်ချောက်ချားစွာ ဖြစ်ပေါ်ကုန်၏။

၂။ တရံတခါ နှလုံးမသာဖွယ် မုန်းဖွယ်ဖြစ်သော အာရုံထိခိုက်လာသဖြင့် ကြမ်းတမ်းသောစိတ်အဟုန်နှင့် ကြမ်းတမ်းသော ကိုယ်အမူအရာ, နှုတ်အမူအရာတို့သည် ထကြွသောင်းကျန်းကြလေကုန်၏။

www.dhammaransi.com



၃။ တရံတခါ ကောင်းမြတ်သောအာရုံ၌ ထိခိုက်လာသဖြင့် ငြိုးငွေ့သောစိတ်သဘောနှင့် သိမ်မွေ့သော ကိုယ်အမူအရာ, နှုတ်အမူအရာများဖြစ်ပေါ်လာကုန်၏။

၄။ တရံတခါ မစ္ဆရိယစိတ်ဖြင့် မလှူလိုဘဲဝန်တိုသောသဘော, တရံတခါ သဒ္ဓါစိတ်ဖြင့် ကြည်ညိုစွာလှူဒါန်းလိုသောသဘောတို့သည် ပေါ်ပေါက်လာကုန်၏။

၅၊ တရံတခါ အလွန်ကြည်ညိုသော ပုဂ္ဂိုလ်အပေါ်မှာသော်လည်း မကြည်ညိုသောသဘောတွေပေါ်ပေါက်လာကုန်၏။

၆။ တရံတခါ အလွန်ချစ်ခင်သော သား, မယားတို့ အပေါ်မှာလည်း ဒေါသစိတ်ဖြင့် ကြမ်းတန်းသော အမူအရာတို့သည် ဖြစ်ပေါ်လာကုန်၏။

ဤကဲ့သို့ သတ္တဝါတဦးတယောက်၏ သန္တာန်၌ တနေ့အဘို့မှာပင် စိတ်သဘောအမူအရာ, ရုပ်သဘောအမူအရာတွေ အမျိုးမျိုးပြောင်းလဲခါ ကမောက်ကမဖြစ်၍နေခြင်းမှာ အခြားမဟုတ်၊ အကြောင်းအားလျော်စွာ အကျိုးဖြစ်ပေါ်မှု တည်းဟူသော ပဋိစ္စသမုပ္ပါဒ်သဘောကြီးကြောင့်ပင် ဖြစ်လေသည်၊ အကြောင်းရှိလျှင် အကျိုးဖြစ်ပေါ်ခြင်းဆိုသော ပဋိစ္စသမုပ္ပါဒ် သဘောကြီးသည် "မနိုင်မှု" ဓမ္မတာကြီးဖြစ်၍နေသောကြောင့် မည်သည့်နည်းနှင့်မျှတားဆီး၍မရချေ၊ အကြောင်းအမျိုးမျိုးကူပင့်၍နေပါလျှင် အကျိုးအမျိုးမျိုးတွေ တားဆီး၍မနိုင်အောင်ဖြစ်ပေါ်မည်ကားမလွဲမုချပေတည်း။

### ဥပမာန ဥပမေယျ စပ်ဟပ်ပြချက်

၁။ သတ္တဝါတို့၏ကိုယ်ကာယကြီးသည် အလွန်ကြည်လင်သော မှန်ပျဉ်မှန်ချပ်ကြီးနှင့်တူ၏။

၂။ ဤလောကကြီးသည် ပွဲဈေးရုံကြီးနှင့်တူ၏။

၃။ ပွဲဈေးရုံအတွင်း၌ ခင်းထားအပ်သော ဝတ္ထုအမျိုးမျိုးသည် အာရုံခြောက်ပါးတွေနှင့်တူ၏။

မှန်၏—

www.dhammaransi.com



၁။ ဥပစာတွင် ပဏ္ဏာ ရလေသမျှသော ဝတ္ထုပစ္စည်းတို့သည် မှန်ပျဉ်မှာ အရိပ်ထင်ကြကုန်သကဲ့သို့ သတ္တဝါတို့၏ ကိုယ်သန္တာန်မှာရှိသော စက္ခုအစရှိသည့် မှန်အကြည်ပြောက်ပါးတို့၏ ဥပစာတွင် ပဏ္ဏာရသမျှသော အာရုံပြောက်ပါးတို့သည် မှန်ရိပ်တွေထင်သကဲ့သို့ ကိုယ်သန္တာန်မှာထင်ကြလေကုန်၏။

၂။ မှန်၌ထင်သော မှန်ရိပ်သည် အနိုင်အပြုမရှိသကဲ့သို့ ကိုယ်သန္တာန်၌ထင်သောအာရုံရိပ်တို့သည်လည်း အနိုင်အပြုတည်စွဲခြင်းမရှိဘဲ ပျက်စီးချုပ်ဆုံးခြင်းသို့ရောက်ကြလေကုန်၏။

၃။ မှန်ပျဉ်နှင့်အဆင်သင့်စွာ ပဏ္ဏာ ရခိုက်မှာသာလျှင် မှန်ရိပ်ထင်စွာ မှန်ကိုတဖက်သို့လှဲလိုက်သည့်အခါ ယခင်ထင်နေသောမှန်ရိပ်တွေ ပျောက်လေဘိသကဲ့သို့ လူတို့၏သန္တာန်၌ စက္ခုစသောအကြည်ဓာတ်တို့နှင့် ရူပါရုံစသောအာရုံတို့၏ အဆင်သင့်စွာ ပဏ္ဏာရခိုက်တွင်သာ ထင်ခြင်းကိစ္စဖြစ်ပေါ်ကြ၍ စက္ခုစသော အကြည်ဓာတ်များကို ပဏ္ဏာ မရအောင် တဖက်ဖက်သို့ လှဲလိုက်သောအခါ ယခင်ကထင်နေသောအာရုံရိပ်တို့သည်လည်း ပျောက်ကွယ်ခြင်းသို့ရောက်ကြလေကုန်၏။

၄။ အပြင်အာရုံဝတ္ထုတွေကို ပဏ္ဏာ မရအောင် နေရာတပါးသို့ ရွှေ့လိုက်လျှင်လည်း ယခင်ထင်မြင်သော အာရုံရိပ်တို့သည် ပျောက်ကွယ်ခြင်းသို့ရောက်ကြလေကုန်၏။

ဤသို့ဖြစ်၍နေပုံသဘောကြီးကိုပင် ပဋိစ္စသမုပ္ပါဒ် အချက်ကြီးဟူ၍ ခေါ်ဆိုအပ်ပေသည်။

**အထူးမှတ်သားရန်ပါဠိကား**

အာဒါသော ဝိယ သတ္တာနံ ကာယော ဒဋ္ဌဗ္ဗော၊ မဟာ-
အာပဏံ ဝိယ အယံ လောကော၊ အာပဏေ ပသာရိတာနိ
နာနာဝတ္ထူနိ ဝိယ လောကေ ဆဠာရမ္မဏာနိ။

[ယပကဝိသဇ္ဇနာကျမ်း။]

**အနက်ကား။** ။သတ္တာနံ၊ သတ္တဝါတို့၏။ကာယော၊ ကိုယ်ကာယကြီးကို။ အာဒါသော ဝိယ၊ မှန်ပျဉ်မှန်ချပ်ကြီးကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်သားအပ်၏။ အယံလောကော၊ဤလောကကြီးကို။ မဟာအာပဏံဝိယ၊

ပွဲဈေးရုံကြီးကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်သားအပ်၏။ ဆဋ္ဌာရမ္မဏာနိ၊ အာရုံခြောက်ပါးတို့ကို။ အာပဏော၊ ပွဲဈေးရုံကြီးအတွင်း၌။ ပသာရိတာနိ၊ ရှုချင်စဖွယ် အဆန်းတကြယ် ခင်းကျင်း၍ထားအပ်ကုန်သော။နာနာ-ဝတ္ထုနိဝိယ၊ ရောင်းကုန်အမျိုးမျိုးတို့ကဲ့သို့။ ဒဋ္ဌဗ္ဗာနိ၊ မှတ်သားအပ်ကုန်၏။

အပြင်ဗဟိဒ္ဓ၌ ရှိကြသော အာရုံ အမျိုးမျိုးတွေထင်သော အတိုင်း သတ္တဝါတို့၏ သန္တာန်၌ စိတ်အမျိုးမျိုးတွေ ဖြစ်ပေါ်၍ နေကြကုန်၏၊ စိတ်အမျိုးမျိုးတွေ ဖြစ်သောအတိုင်း ရုပ်အမူအရာ အမျိုးမျိုးတွေ ဖြစ်ပေါ်ပြောင်းလဲ၍ နေကြကုန်၏၊ ရုပ်ပြောင်းလဲတိုင်း ကိုယ်အမူအရာ အမျိုးမျိုး, နှုတ်အမူအရာ အမျိုးမျိုး ပြောင်းလဲ၍ နေကြကုန်၏၊ ထို ပြောင်းလဲမှုတို့သည် ခဏတိုင်း, ခဏတိုင်း အမျိုးမျိုးပြောင်းလဲ၍ နေကြကုန်သည်၊ တမျိုးပြောင်းလဲလျှင် တမျိုးပျောက်ဆုံး ချုပ်ကွယ်ကြလေကုန်၏၊ (ခဏခဏဖြစ်, ခဏခဏပျက်ဟု ဆိုလိုသည်)၊ ထိုသို့သော သဘောမျိုးတွေကိုပင် အမြဲမရှိသောကြောင့် အနိစ္စ, ဆင်းရဲသောကြောင့်ဒုက္ခ, အစိုးမရသောကြောင့် အနှစ်သာရမရှိသောကြောင့် အနတ္တဟူ၍ ဆိုရလေသည်၊ ဤပဋိစ္စသမုပ္ပါဒ်ကြီးတွေကို ထင်မြင်ပါလျှင် အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်ကြီးတွေ မတိမ်မမြုပ်ဘဲ ဟုတ်မှန်သောအတိုင်း ထင်လင်းစွာ ပေါ်လာကုန်၏။

ပဋိစ္စသမုပ္ပါဒ် သဘောအားဖြင့် အမျိုးမျိုး အဖုံဖုံဇာတ်စုံထွက်ခါထွက်ခါနှင့် ပြောင်းလဲဖြစ်ပေါ်နေသော တရားအစုအဝေးကြီးကိုပင်လျှင် အတ္တဒိဋ္ဌိဆရာကြီးက ငါ, သူတပါး, ယောကျ်ား, မိန်းမတွေဟူ၍ အထင်မှား အမြင်မှားနှင့် စွဲလမ်း၍ နေသည်၊ ပဋိစ္စသမုပ္ပါဒ် အချက်ကိုကောင်းစွာ ထင်မြင်ပါလျှင် ထိုသို့စွဲလမ်းလိမ့်မည် မဟုတ်ချေ။

အကြောင်းရှိက မလွဲပုံသေ ဖြစ်ရမည်ဆိုသောပဋိစ္စသမုပ္ပါဒ်အချက်, အကြောင်းကို အစွဲပြုခါ ပြုခါနှင့် ထင်ရှားစွာ ဖြစ်ပေါ်နေကြသော အကျိုးတရားခေါ်သည့် ပဋိစ္စသမုပ္ပန္န သဘောတွေကို ပေါလောကြီး ထင်မြင်လေသောအခါ ရုပ်နာမ်တရားတည်းဟူသော အစုအဝေးမှ တပါး ငါ-ငါ-ဟူ၍ စွဲလမ်းစရာ, ပုဂ္ဂိုလ်ဟူ၍ စွဲလမ်းစရာ, သတ္တဝါဟူ၍စွဲလမ်းစရာ တစုံတခုကိုမျှမထင်မမြင်ချေ၊ အကြောင်းအားလျော်

www.dhammaransi.com



စွာ ဖြစ်ပေါ်နေသော တရားတို့ကိုသာ ထင်မြင်၍ နေလေ၏၊ ထိုသို့ ထင်မြင်လေသောအခါ ပစ္စုပ္ပန်ခန္ဓာကို အစွဲပြု၍"ငါ့ဖြစ်လေသလော၊ ငါ့မဟုတ်ဘဲ ရှိလေသလော" စသည်ဖြင့် ယုံမှား တွေးတောခြင်းမရှိနိုင်၊ ပစ္စုပ္ပန်ဘဝကို အစွဲပြု၍ဖြစ်သော ယုံမှားခြင်း ၆-ပါးကင်းရှင်းလေ၏။

ပစ္စုပ္ပန်ခန္ဓာ၌ ယုံမှားခြင်းအမျိုးမျိုးကင်းလျှင် လွန်ခဲ့သော အတိတ်ခန္ဓာ, လာလတ္တံ့သော အနာဂတ်ခန္ဓာတို့၌လည်း ငါ-ငါ-ဟူသော စွဲလမ်းခြင်းမျိုးနှင့် စပ်လျဉ်းသော ယုံမှားခြင်း အမျိုးမျိုးတို့လည်း ကင်းရှင်းလေကုန်၏၊ ပဋိစ္စသမုပ္ပါဒ် သဘောမည်သည် ပစ္စုပ္ပန် ဘဝမှာတမျိုး, အတိတ်အနာဂတ်တို့၌တမျိုး ဟူ၍ ခြားနားခြင်းမရှိချေ၊ တမျိုးထဲ သာလျှင်ဖြစ်၏၊ အကြောင်းကို စွဲ၍ဖြစ်ကုန်သော ပဋိစ္စသမုပ္ပန္နပရမတ္ထ တရားတို့သည်လည်း ပစ္စုပ္ပန်မှာတမျိုး, အတိတ်အနာဂတ်တို့မှာတမျိုးဟူ၍ခြားနားခြင်းမရှိ၊ တသဘောထဲ တမျိုးထဲပင်ဖြစ်ကုန်၏၊"သည်ပုတ်ထဲက သည်ပဲ" ဆိုသောစကားမျိုးကဲ့သို့ ပရမတ္ထမှန်လျှင် ကာလသုံးပါးတို့၌ ခြားနား ကွဲပြားခြင်းမရှိ၊ သဘောတမျိုးထဲသာလျှင်ဖြစ်သည်။

**ဒိဋ္ဌ သက်သေအားဖြင့်**—ပစ္စုပ္ပန်မှာ ပဋိစ္စသမုပ္ပါဒ် အချက်တွေဖြစ်၍နေသကဲ့သို့ အတိတ်, အနာဂတ်တို့၌လည်း ထိုနည်းတူစွာ ဖြစ်၍နေသည်၊ အတိတ်ဆိုသည်မှာလည်း အခြားမဟုတ်၊ ပစ္စုပ္ပန်အဖြစ်က လွန်ဆုံးသွားသည်ကိုပင် အတိတ်ဆိုရသည်၊ အနာဂတ် ဆိုသည်မှာလည်း ပစ္စုပ္ပန်သို့ မရောက်သေးသည်ကိုပင် ဆိုရသည်၊ ဖြစ်ပေါ်ခြင်း သဘောအားဖြင့် ပစ္စုပ္ပန် အခိုက်အတန့်သို့ ရောက်ကြဆဲအခါ သဘောတမျိုးထဲပင်ဖြစ်၏၊ ထို့ကြောင့်ပစ္စုပ္ပန်ခန္ဓာတို့၌ ယုံမှားခြင်းကင်းလျှင် အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာတို့၌လည်း ယုံမှားခြင်း အမှန်ကင်းတော့သည်။

**ပဋိစ္စသမုပ္ပါဒ် အချက်အားဖြင့်** - ခဏ ခဏ ဖြစ်ပေါ်၍ ခဏခဏ ပျက်စီးမြဲသဘောရှိလေသောကြောင့် အတိတ်ဘဝတို့၌ဖြစ်သောခန္ဓာတို့သည် ပစ္စုပ္ပန်ဘဝသို့ ကူးပြောင်းလေ့မရှိ၊ သူ့အဖြစ်နှင့် သူ့အပြတ် အပြတ်ဖြစ်၍ စည်းကမ်းသတ်ပြီးသားဖြစ်၏၊ ထို့ကြောင့် "ငါသည်

www.dhammaransi.com



အတိတ်ကာလ၌ဖြစ်ခဲ့လေပြီလော” စသောအားဖြင့် အတိတ်ကာလနှင့် စပ်၍ ယုံမှားခြင်းတွေပြယ်ပျောက်ရလေသည်။

ပစ္စုပ္ပန်ခန္ဓာတို့သည်လည်း လက်တွေ့ဒိဋ္ဌပစ္စက္ခအားဖြင့် ခဏခဏ ဖြစ်၍ ခဏခဏပျက်ဆုံးကုန်၏၊ နောင်အနာဂတ်ဘဝသို့ ကူးမည်ဝေးစွ၊ ဤပစ္စုပ္ပန်ဘဝကလေးမှာပင် မကြာခင် ပျောက်ဆုံးကြလေသည်၊ ထို့ကြောင့် “ငါသည်နောင်အနာဂတ်ဘဝ၌ ဖြစ်လိမ့်ဦးမည်လား”စသော ယုံမှားခြင်းတို့လည်း ပြယ်ပျောက်လေကုန်၏၊ ပဋိစ္စသမုပ္ပါဒ်အချက်တွေကို သဘောပိုင်လေသောအခါ အကြောင်းအားလျော်စွာ ခဏခဏ ဖြစ်၍ ခဏခဏချုပ်နေသောဓမ္မတို့ကိုသာ မြင်လေသောကြောင့် ဘာမျှမရှိသော ပုဂ္ဂိုလ်, သတ္တဝါ, ငါ-ငါ-ဟူသောယုံမှားမှုတွေ အဘယ်မှာရှိနိုင်ပါတော့မည်နည်း၊ တကယ်ရှိနေသော ပဋိစ္စသမုပ္ပန္န တရားတွေအပေါ်မှာ ဘာမျှမရှိသော ပုဂ္ဂိုလ်,သတ္တဝါ,ငါ-ငါ-အထင်အမြင်တွေကို အဘယ့်ကြောင့်မပျောက်နိုင်ဘဲရှိနေပါတော့မည်နည်း။

ဤပဋိစ္စသမုပ္ပါဒ်အချက်ကြီးကို မထင်မမြင်ကြသောကြောင့်သာလျှင် ကာလသုံးပါးတို့၌ ယုံမှားခြင်း အမျိုးမျိုးတွေ ဖြစ်၍ နေကြကုန်၏၊ အကြောင်းအားလျော်စွာဖြစ်ပေါ်နေသော တရားတွေကိုပင် အတ္တဒိဋ္ဌိဖြင့် ငါ-ငါ-ဟူ၍ မှတ်ထင်နေကြကုန်၏၊ ပုဂ္ဂိုလ်, သတ္တဝါဟူ၍ မှတ်ထင်နေကြကုန်၏၊ ဤကဲ့သို့ဒိဋ္ဌိဖြင့် အထင်လွဲ၍ ဝိစိကိစ္ဆာတရားဖြင့် ယုံမှားခြင်းအမျိုးမျိုး လွှမ်းမိုးရှုပ်ထွေးနေသော သူတို့သာလျှင် သံသရာဝဋ်က မကျွတ်မလွတ်နိုင်ဘဲ သံသရာသစ်ငုတ်တိုကြီးတွေဖြစ်၍ နေလေသည်၊ သံသရာရှည်လျား၍နေခြင်းမှာ အကြောင်းရင်းကို ရှာသည်ရှိသော် သတ္တဝါတို့သန္တာန်မှာရှိသောအတ္တဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကိုပင်တွေ့ရမည် ဖြစ်ပေသည်။

ထိုအကြောင်းကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ မြတ်စွာဘုရား ဤသို့ဟောကြားတော်မူ၏။

> တေဿ အာနန္ဒ ဓမ္မဿ အနညာ အနနုဗောဓာ အပ္ပဋိဝေဓာ ဝေမယံ ပဇာ တန္တာ ကုလကဇာတာ ဂုဏဂုဏ္ဍိကဇာတာ မုဉ္ဇ-ပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

www.dhammaransi.com



**အနက်ကား။** ၊အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧတေဿဓမ္မဿ၊ ဤ ပဋိစ္စသမုပ္ပါဒ် တရားအချက်ကြီးကို။ အနညာ၊ သုတမယဉာဏ်,စိန္တာ မယဉာဏ်တို့ဖြင့် မသိခြင်းကြောင့်။ အနနုဗောဓာ၊ ဝိပဿနာဉာဏ် ဖြင့် မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့် မထိုးထွင်းနိုင်ခြင်း ကြောင့်။ ဧဝံအယံပဇာ၊ ဤသတ္တဝါ အပေါင်းသည်။ တန္တာကုလက- ဇာတာ၊ မိန္တာချည်ထွေးကြီး ရှုပ်ထွေး လိမ်ရှုပ်သကဲ့သို့ ဖြည်၍ ဖြုတ်၍ မရနိုင်အောင် ရှုပ်ထွေး၍ နေကြကုန်၏။ ဂုဏာဂုဏ္ဍိကဇာတာ၊ စာပေါင်း သိုက်အိမ်ကဲ့သို့ ပွေလိမ်ရှုပ်ထွေး၍ နေကြကုန်၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ဖြူဆံမြက်ထွေး, ဗြိတ်မြက်ထွေးကြီးကဲ့သို့ အရှုပ်ထွေးကြီး ရှုပ်ထွေး၍ နေကြကုန်၏။ သော၊ ထိုအဝိဇ္ဇာမှောင် အုပ်လျက် အရှုပ်ကြီးရှုပ်၍ နေကြသော သတ္တဝါအပေါင်းသည်။ အပါယံ၊ ချမ်းသာနှင့်ကင်း၍ ကြီးပွားခြင်းမရှိသော။ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် လားရာဖြစ်သော။ ဝိနိပါတံ၊ မှန်းခြေမရနိုင်ဘဲ ဖရိုဖရဲကျရာ ဖြစ်သော။ သံသာရံ၊ သံသရာ ဝဋ်ဘုံ ကရွတ်မြို့ကြီးကို။ နာတိဝတ္တတိ၊ ခုန်လွှားကျော်နင်း၍လွတ်ခြင်းငှါ မစွမ်းနိုင်သည်သာလျှင်တည်း။

**ဤပါဠိတော်ကြီး၏ ဆိုလိုရင်းအဓိပ္ပါယ်ကား**—"ချစ်သားအာနန္ဒာ.... ဤသတ္တဝါများအပေါင်းသည် အကျိုးအကြောင်းစပ်ဆက်လျက် ရဟတ် စက်ကြီးကဲ့သို့ ဖြစ်နေသော ဤပဋိစ္စသမုပ္ပါဒ်တရားအချက်ကြီးတွေကို သုတမယဉာဏ်, စိန္တာမယဉာဏ်လောက်မျှ မသိခြင်း၊ ဝိပဿနာ ဘာဝနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဖြေရှင်း၍မရနိုင်ဘဲ သံသရာတခွင်မှာ အစဉ်သဖြင့် ရှုပ်ထွေးပွေလိမ် ခါနေကြကုန်၏၊ ချည်ခင်ထွေးကြီးတွေလို, စာပေါင်းသိုက်ကြီးတွေလို ဖြူဆံမြက် ဗြိတ်မြက်ထွေးကြီးတွေလို အရှုပ်ကြီးရှုပ် အလိမ်ကြီးလိမ်၍ နေကြကုန်၏။

ထိုပွေလိမ်ရစ်ပတ် သံသရာဇာတ်သွားတွေဖြစ်၍ နေကြကုန်သော သတ္တဝါအပေါင်းသည် ချမ်းသာခြင်းအားဖြင့် ကြီးပွားလမ်းဟူ၍မရှိ နိုင်၊ ဒုဂ္ဂတိလမ်းမြောင်ကို လွတ်အောင် ရှောင်နိုင်သည်ဟူ၍မရှိ၊ ဘယ် စခန်း ဘယ်လမ်းဟူ၍ မှန်းခြေမပေါက်နိုင်၊ သံသရာဝဋ်ဘုံ ကရွတ်မြို့

www.dhammaransi.com



ကြီး အတွင်းမှာသာလျှင် အဆင်းရဲအမျိုးမျိုးဖြင့် ညှိုးညှိုးပိန်ပိန်ခွေလိမ် ရစ်ပတ်ခါ ကျင်လည်ရ ရှာကြရကုန်၏-ဟူ၍ဆို လိုသည်။

ဤပါဠိတော်ကြီး၌ မှတ်သားရန်အချက်များကို ပြဆိုဦးအံ့။

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်အစရှိသော ပရမတ္ထတရားတို့ကို သိမြင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဉာဏ်အမြင် သုံးချက်ကို ဟောတော်မူလေ့ရှိသည်။

**ဟောတော်မူပုံမှာ။** ။အနညာ, အနနုဗောဓာ, အပ္ပဋိဝေဓာ-စသည်ဖြင့်ဟောတော်မူခြင်းပေတည်း။

၁။ ဇာနာတိ၊ သိ၏။

၂။ အနုဗုဇ္ဈတိ၊ မှန်သောအတိုင်းလျော်စွာသိ၏။

၃။ ပဋိဝိဇ္ဈတိ၊ မကျန်မကြွင်း ထိုးထွင်း၍သိ၏။

ဤကြိယာသုံးချက်ဖြင့် ဟောတော်မူရာဝယ် သိပုံသုံးမျိုးကို ခြားနား၍မှတ်ရာ၏။

၁။ သုတမယဉာဏ်, စိန္တာမယဉာဏ်တို့ဖြင့် သိခြင်းသည် ''ဇာနာ-တိ''အသိမျိုးမည်၏။

၂။ ယထာဘူတဉာဏ်, ဝိပဿနာဉာဏ်တို့ဖြင့်သိခြင်းသည် ''အနု-ဗုဇ္ဈတိ'' အသိမျိုးမည်၏။

၃။ မဂ်ဉာဏ်လေးပါးဖြင့် သိခြင်းသည် ''ပဋိဝိဇ္ဈတိ'' အသိမျိုးမည်၏။

[ဤကား ဉာဏ်အမြင် ၃-ချက်တည်း။]

သုတမယဉာဏ် စသည်တို့၏ သဘောကိုပြဆိုဦးအံ့။

၁။ သုတမယဉာဏ်,

၂။ စိန္တာမယဉာဏ်,

၃။ ယထာဘူတဉာဏ်,

၄။ ဘာဝနာမယဉာဏ်,

၅။ ပဋိဝေဓဉာဏ်,

[ဤကား ဉာဏ်ငါးပါး သရုပ်ပေတည်း။]

www.dhammaransi.com



၁။ စာပေကျမ်းဂန်တို့ကို တွေ့၍ဖြစ်စေ, သူတပါးတို့၏ ဟောကြားသောတရားစကားကို ကြားနာရ၍ဖြစ်စေ အသိဉာဏ် ပေါ်ပေါက်လာမှုကို သုတမယဉာဏ် ခေါ်သည်။

၂။ ထို သုတမယဉာဏ်ကို အခြေပြုလျက် မိမိဉာဏ်စွမ်းဖြင့် ကြံစည်၍ ပေါ်ပေါက်လာသောအသိမျိုးသည် စိန္တာမယဉာဏ် မည်၏။

[ဤ သုတမယဉာဏ်, စိန္တာမယဉာဏ် တို့ဖြင့်သိခြင်းသည် နှံ့စပ်သော အသိမျိုးမဟုတ်၊ ဉာဏ်မစုံသေး၊ သိမှုအစွမ်းမကုန်သေး-- ဆိုလိုသည်၊ သာသနာတော်မှာ အောက်တန်းအသိမျိုးပေတည်း။]

၃။ ပထဝီဓာတ်တလုံးကိုဖြစ်စေ, ဝေဒနာဓာတ်တလုံးကိုဖြစ်စေ, ပဋိစ္စသမုပ္ပါဒ်အချက်ကိုဖြစ်စေ အကြောင်းအကျိုး အပြည့်အစုံနှင့် မှန်သောအတိုင်း နေရာတကျသိမှုသည် ယထာဘူတအသိမျိုးမည်၏။

၄။ ထိုပထဝီစသော ပရမတ္ထဓမ္မတို့၏ မမြဲခြင်းသဘောအမှန်, ဆင်းရဲခြင်း သဘောအမှန်, အနှစ်မရှိ အစိုးမရ အလိုမလိုက်သော အနတ္တအမှန်-ဟူ၍ဝိပဿနာဉာဏ်ဖြင့် အမှန်သုံးချက်ကို ယိယိမိမိ အသိဉာဏ်ပေါ်ပေါက်မှုကို ဘာဝနာမယဉာဏ်ခေါ်သည်။

[ဤယထာဘူတဉာဏ်, ဘာဝနာမယဉာဏ်တို့ဖြင့် သိမြင်ခြင်းသည် စုံလင်သော အသိမျိုးမည်၏၊သို့ရာတွင် မဂ်ဉာဏ်၏အသိမျိုးကဲ့သို့ ကိလေသာမှ စင်ကြယ်သောအသိမျိုး မဟုတ်သေး၊ ပဟာနပရိညာဉ် ကိစ္စဖြင့် စိတ်ချရသောအသိမျိုးမဟုတ်သေး၊အသိဉာဏ်မဆုံးသေး၊ သာသနာတော်မှာ အလယ်အလတ်ဖြစ်သော အသိမျိုး ဟူ၍သာ ဆိုအပ်ပေသည်။]

၅။ သစ္စာလေးချက်ကို တပြိုင်နက်ထင်မြင်ခါ ကိလေသာကိုပယ်ခွင်း၍ လောကုတ္တရာအလင်းကြီး ပေါ်ပေါက်လာသော အသိမျိုးသည် ပဋိဝေဓ အသိမျိုးမည်၏၊ ထိုပဋိဝေဓအသိမျိုးကိုပင် မဂ်ဉာဏ်ဟူ၍ ခေါ်ရလေသည်။

[ပဋိဝေဓကိစ္စဖြင့် အသိဉာဏ်ပေါ်ပေါက်လာသောအခါ နောင်တဖန်ထပ်မံ၍ အသိဉာဏ်ကို ထူထောင်ဖွယ်မရှိတော့ချေ၊ ပဋိဝေဓမဂ်ကိစ္စဖြင့် လုလုကြီးသိလိုက်လျှင် သိမှုကိစ္စ ပြီးဆုံးခြင်းသို့ ရောက်လေတော့၏၊ ပဟာနကိစ္စဖြင့် အသိစခန်းပိုင်နိုင်၏၊ သာသနာတော်မှာ မဂ်ဉာဏ်အသိသို့ တိုင်ရောက်မှ ဉာဏ်စခန်းကိစ္စ တုံးလေသည်။]

www.dhammaransi.com



ထို ပဋိဝေဓအသိမျိုးသည် "ပဌမ ပဋိဝေဓ" စသောအားဖြင့် လေးဆင့်, လေးစခန်း ရှိ၏။

၁။ သောတာပတ္တိမဂ်ဉာဏ်ဖြင့် သိခြင်းသည် ပဌမ ပဋိဝေဓစခန်း မည်၏။

၂။ သကဒါဂါမိမဂ်ဉာဏ်ဖြင့် သိခြင်းသည် ဒုတိယ ပဋိဝေဓစခန်း မည်၏။

၃။ အနာဂါမိမဂ်ဉာဏ်ဖြင့် သိခြင်းသည် တတိယ ပဋိဝေဓစခန်း မည်၏။

၄။ အရဟတ္တမဂ်ဉာဏ်ဖြင့် သိခြင်းသည် စတုတ္ထ ပဋိဝေဓစခန်း မည်၏။

ဤပဋိဝေဓစခန်း လေးမျိုးတို့တွင်လည်း—

၁။ စတုတ္ထ ပဋိဝေဓ စခန်းကြီးသို့ရောက်မှ အသိဉာဏ်ကိစ္စ အလုံး စုံပြီးဆုံးလေ၏-ဟူ၍လည်း မှတ်သားရာသည်။

၂။ သုတမယဉာဏ်နှင့် စိန္တာမယဉာဏ် အခြေခံရှိပါမှ ယထာဘူတ ဉာဏ်, ဘာဝနာမယဉာဏ်စခန်းသို့ ပေါက်ရောက်နိုင်သည်။

၃။ ယထာဘူတဉာဏ်နှင့် ဘာဝနာမယဉာဏ် အခြေခံ ရှိပါမှ ပဋိဝေဓဉာဏ်စခန်းသို့ ပေါက်ရောက်နိုင်သည်။

ပဋိဝေဓဉာဏ်လေးချက်တို့တွင်လည်း—

၁။ ပဌမပဋိဝေဓဉာဏ် အခြေခံရှိပါမှ ဒုတိယပဋိဝေဓဉာဏ်စခန်း သို့ပေါက်ရောက်နိုင်သည်။

၂။ ဒုတိယပဋိဝေဓ ဉာဏ်အခြေခံရှိပါမှတတိယပဋိဝေဓဉာဏ်စခန်း သို့ပေါက်ရောက်နိုင်သည်။

၃။ တတိယပဋိဝေဓဉာဏ်အခြေခံရှိပါမှ စတုတ္ထပဋိဝေဓဉာဏ်စခန်း သို့ ပေါက်ရောက်နိုင်သည်။

၄။ စတုတ္ထ ပဋိဝေဓဉာဏ်စခန်းကြီးသို့ ဆိုက်ရောက်ခြင်းကိစ္စပြီးပါမှ အနုပါဒိသေသခေါ်သော မဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်၍ အတုမရှိသော သန္တိသုခကြီးကို မျက်မှောက်ပြုရလေသည်။

[ဤကား ဉာဏ်အဆင့်ဆင့်ဖြင့် စခန်းအဆင့်ဆင့်သို့ တက်ရောက်၍ အနုပါဒိသေသမဟာနိဗ္ဗာန်ကြီးသို့ဝင်ပုံကိုပြဆိုသောစကားရပ်ပေတည်း။]

www.dhammaransi.com



## အကျဉ်းမှတ်သားရန်ဂါထာ

ပါဒကံ ဟိ သုတစိန္တာ၊ မဇ္ဈိမံ ယထာဘူတကံ။
ဘာဝနာ စ ပဋိဝေဓော၊ ဥတ္တမော ဇာနနက္ကမော။

**အနက်ကား။** ။ဟိ၊ အသိဉာဏ်လမ်းအစဉ်ကို ထင်ပြင်အောင်ပြဆို ဦးအံ့။သုတစိန္တာ၊သုတမယဉာဏ်နှင့် စိန္တာမယဉာဏ်နှစ်ပါးသည်။ပါဒ-ကံ၊ အစထွင်မှု အခြေပြုသော အောက်တန်းဉာဏ်မည်၏။ယထာဘူတ-ကံ၊ အမှန်အတိုင်းသိသော ယထာဘူတဉာဏ်သည်၎င်း။ ဘာဝနာစ၊ ဝိပဿနာဆင်ခြင်၍ အပြင်ပေါက်ရောက်လာသောဘာဝနာမယဉာဏ် သည်၎င်း။ မဇ္ဈိမံ၊ အလယ်အလတ်ဖြစ်သောဉာဏ်မည်၏။ ပဋိဝေဓော၊ မဂ်ကိစ္စပေါက်၍ ထိထိရောက်ရောက်သိသော ပဋိဝေဓဉာဏ်သည်ကား၊ ဥတ္တမော၊ ပြိုင်ဖက်ကင်းလွတ်၍ အထွတ်အထိပ်ဖြစ်သော ဉာဏ်မည်၏။ ဣတိ၊ ဤသို့၊ ဇာနနက္ကမော၊ အသိဉာဏ်ပေါက်ပုံအစဉ်ကို၊ ဒဋ္ဌဗ္ဗော၊ မရှုပ်မထွေးအောင် အရေးယူ၍ မှတ်အပ်ရာသတည်း။

ယုံမှားခြင်း ၁၆—ပါးကိုပြဆိုခဲ့ပြီး၏။

## အပါယ, ဒုဂ္ဂတိ, ဝိနိပါတ, သံသာရ—ပုဒ်လေးခုတို့၏အဓိပ္ပါယ်ကို ရှင်းလင်းချက်

အပါယ, ဒုဂ္ဂတိ, ဝိနိပါတ, သံသာရ—ဟုဆိုအပ်သော ပုဒ်လေးခုတို့၏ အဓိပ္ပါယ်ရှင်းလင်းချက်ကို ဤသို့မှတ်အပ်၏။

**၁။ အပါယ—ဟူသောပုဒ်၌။** ။ချမ်းသာဖြင့် ကြီးပွားမှု သဘောကို ''အာယ'' ဟုခေါ်၏၊ ကြီးပွားမှုမှကင်းသည်ကို ''အပါယ''ဆိုသည်။

အာယတော အပဂတောတိ အပါယော၊

အာယတော၊ကြီးပွားခြင်းမှ။ အပဂတော၊ ကင်းသည်တည်း။ ဣတိ-တသ္မာ၊ထို့ကြောင့်။ အပါယော၊အပါယမည်၏။

[ချမ်းသာခြင်းဖြင့်ကြီးပွားလေ့မရှိ ဆင်းရဲအတိသာဖြစ်၏၊ချမ်းသာအညွန့်တုံး၍ ငုံးငုံးတို၏ဆိုလိုသည်။]

အပါယ-ခေါ်သော အပါယ်ဘုံသည် ငရဲ,ပြိတ္တာ,တိရစ္ဆာန်, အသူရကာယ်အားဖြင့် လေးဘုံရှိ၏၊ ကောင်းကျိုးချမ်းသာ မင်္ဂလာ အညွန့် တုံးသောဘုံများပေတည်း။

www.dhammaransi.com



(က) အနမတဂ္ဂသံသရာတခွင်မှာကျင်လည်ကြရသောအခါအပါယ်လေးဘုံသို့ရောက်နေပါလျှင် ဘဝအညွန့်တုံး၍ အရှုံးကြီးရှုံးရလေ၏။

(ခ) အပါယ်ဘုံသားတို့သည် သုဂတိဘုံသားတို့၏ခြေဘဝါးအောက်သို့ ရောက်ကြပြီးလျှင် သံသရာမှာ မျက်နှာအငယ်ကြီးငယ်ရကုန်၏။

(ဂ) လောကီချမ်းသာမင်္ဂလာဆိုသော သမ္ပတ္တိများမှလည်း ကင်းဝေးသည်သာမဟုတ်သေး၊ပဋိသန္ဓေညံ့ဖျင်းလှသောကြောင့် ဈာန်, မဂ်, ဖိုလ် တို့မှလည်း အဝေးကြီးဝေးရကုန်၏။

(ဃ) ဈာန်,မဂ်,ဖိုလ် ကိုမဆိုထားဘိဦး၊ အဟိတ်ပဋိသန္ဓေဖြင့် ထုထောင်ခါ ဖြစ်လာရသောကြောင့် အသိဉာဏ် အမျိုးမျိုးတို့မှလည်း ကင်းဝေးကြကုန်၏၊ အသိဉာဏ်ကင်းသဖြင့် လိမ္မာယဉ်ကျေးခြင်း အခြေအနေသို့ မရောက်နိုင်ကြကုန်။

(င) သမ္ပတ္တိစက်လေးပါးကို ရှောင်ကွင်း၍ ဝိပတ္တိစက်ကြီးအတွင်းမှာသာ တရစ်ပတ်ပတ်လှည့်လည်ခါ နေရသောကြောင့် ချမ်းသာသုခဟူ၍ တစုံတခုမျှ မြော်လင့်ရန်မရှိတော့ချေ၊ ကြီးပွားခွင့် ချမ်းသာခွင့် လမ်းပိတ်လေ၏။

ထို့ကြောင့် ''အပါယ'' ဟူ၍မြတ်စွာဘုရား အမည်ပေးတော်မူသည်၊ ထိုသို့ကောင်းကျိုးချမ်းသာ မင်္ဂလာအညွန့်တုံးလေသောကြောင့် အပါယ်လေးပါးကိုကြောက်ကြရမည်၊ အပါယ်လေးပါးကို လွတ်အောင်ရှောင်နိုင်သမျှ ရှောင်ကြရမည်-ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူသည်။

[အရိယသစ္စာနည်း, ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်းအားဖြင့် ကြည့်ရှုဆင်ခြင်လိုက်ပါလျှင် အပါယ်လေးပါးကိုသာ''အပါယ''သဒ္ဒါဖြင့် ခေါ်ဆိုရသည်မဟုတ်၊ သုံးဆဲ့တဘုံတည်းဟူသော အနမတဂ္ဂ သံသရာကြီးကိုပင်သော်လည်း''အပါယ''ဟူ၍ခေါ်ဆိုထိုက်ပြန်လေသည်။]

ဤစကားမှာ နားရှုပ်ထွေးဖွယ် ဉာဏ်မျက်စိလယ်ဖွယ်ရှိ၍ထင်လင်းစွာပြဆိုပါဦးအံ့။

**အရိယသစ္စာဒေသနာတော်နည်းအားဖြင့်**- သုံးဆဲ့တဘုံသော သံသရာလောကကြီးသည် သုခမဖက် ဒုက္ခသက်သက်အမှန်ဖြစ်၏၊ ဘယ်ဘုံဘယ်

www.dhammaransi.com



ဘဝမှာမှ ချမ်းသာသုခဖြင့် အတည်တကျ ထာဝရကြီးပွားနိုင်သည် မရှိ၊အဆုံးသတ်မှာ ဒုက္ခသဘောသို့သာ ပြီးဆုံးဆိုက်ကြရကုန်သည်၊ ချမ်းသာသုခဖြင့် အတည်ထာဝရ ကြီးပွားခွင့်ကို ရမည်ဆိုပါလျှင် ဘုံသုံးပါးကို ဒုက္ခသစ္စာထဲသို့ မသွင်းရာ၊ အရိယသစ္စာဉာဏ် ပေါက်ရောက်သော ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်အားဖြင့် ဘုံသုံးပါး၌ ဖြစ်ဖြစ်သမျှသည် သုခဟူ၍ မြူမျှမရှိ၊ ဒုက္ခအတိဆင်းရဲသက်သက်သာ ဟူ၍ ထင်မြင်တော်မူကြသည်၊ ထို့ကြောင့် သံသရာကြီးကို “အပါယ” သဒ္ဒါဖြင့် အသုံးပြုပါ၊ ချမ်းသာ အညွန့်တုံးသော လောကကြီး ဟူ၍သာ မှတ်ယူ မိန့်တော်မူကြကုန်သည်။

ဘုံသုံးပါး၌ ဖြစ်ဖြစ်သမျှ ဒုက္ခသက်သက်သာတည်း- ဟူ၍ ဟောတော်မူသော ဒေသနာတော်ကား–

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ။
[သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ကြီး။]

**အနက်ကား။** ။ဟိ၊ဘုံသုံးပါး၌ ဒုက္ခတရားအတိဖြစ်ပုံကို ဟောဦးအံ့။ တိဘူမေ၊ ဘုံသုံးပါး၌။ ဒုက္ခမေဝ၊ဆင်းရဲအမှု ဒုက္ခအစုသည်သာလျှင်။ သမ္ဘောတိ၊ မရပ်မစဲ ထပ်တလဲလဲ တဖွဲဖွဲဖြစ်ပေါ်၍နေ၏။ ဒုက္ခံ၊ ဆင်းရဲအမှု ဒုက္ခစုသည်သာလျှင်။ တိဋ္ဌတိစ၊ ဌီ သဘောအားဖြင့် တည်၍လည်း နေ၏။ ဝေတိစ၊ ဌီက လွန်မြောက် ချုပ်ခြင်းသို့ရောက်၍လည်း နေ၏။ ဒုက္ခာ၊ ဆင်းရဲအမှု ဒုက္ခစုကို။ အညတြ၊ ကြဉ်ထား၍။ နသမ္ဘောတိ၊ တစုံတခုမျှ ဖြစ်ပေါ်မှုသဘောမရှိ။ ဒုက္ခာ၊ ဆင်းရဲအမှု ဒုက္ခစုမှ။ အညံ၊ တပါးသော တရားမျိုးသည်။ နနိရုဇ္ဈတိ၊ ချုပ်လေသည်မရှိ။

**ဆိုလိုရင်းအဓိပ္ပါယ်မှာ။** ။ဘုံသုံးပါး၌ ဒုက္ခတွေသာ တဖွဲဖွဲဖြစ်၍နေသည်၊ ဒုက္ခတွေသာလျှင် ဌီ အနေအားဖြင့် တည်တန့်၍နေသည်၊ ဒုက္ခတွေသာလျှင် ချုပ်၍နေသည်၊ ဒုက္ခမှတပါး ဘယ်တရားမှမဖြစ်၊ ဒုက္ခမှတပါး ဘယ်တရားမှမချုပ်–ဆိုလိုသည်၊ ဤသို့ပြအပ်သော‌သစ္စာဒေသနာတော် နည်းအားဖြင့် ဆိုလျှင် အလုံးစုံသော သံသရာလောက

www.dhammaransi.com



ကြီးသည် ချမ်းသာဟူသော ကြီးပွားခြင်းမှ ကင်းဆိတ်သည် ဖြစ်၍ ''အပါယ''ဟူ၍ပင်ဆိုအပ်လေသည်။

**ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအားဖြင့်**—ဆင်ခြင်ပြန်သော အခါ၌လည်း အလုံးစုံသော ဘုံသုံးပါးသည် သုခမဖက် ဒုက္ခစက်ကြီးအမှန်ဖြစ်ကြောင်းကို ကောင်းစွာထင်မြင်လေ၏၊ အဝိဇ္ဇာကို မူရင်းထား၍ ဇာတိ,ဇရာ,မရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသသို့တိုင်အောင် အကျိုးအကြောင်း ဆက်လက်၍ဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်စက်ကြီးတလျှောက်လုံးမှာ သုခကို ရှာ၍မတွေ့နိုင်၊ စင်စစ်အားဖြင့် ဒုက္ခတွေသာလျှင် အကျိုးအကြောင်း ဆက်ခါဆက်ခါ ဖြစ်ပွားနေသည်၊ ထိုဒုက္ခစက်ဝိုင်းကြီးကိုပင်လျှင် သံသရာ လောကကြီးဟူ၍ ခေါ်ဆိုရလေသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာကို နိဂုံးချုပ်၍ ဟောတော်မူရာ၌—

ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဟူ၍မြတ်စွာဘုရားဟောကြားတော်မူလေသည်။

**အနက်ကား။** ။ဧဝံ၊ ဤသို့ အကြောင်းအကျိုးဆက်သော နည်းဖြင့်။ ကေဝလဿ၊ ချမ်းသာဟူ၍ မြူမျှမဖက်သော။ ဒုက္ခက္ခန္ဓဿ၊ ဆင်းရဲအစုအပုံကြီးဖြစ်သော။ ဧတဿ၊ ထိုပဋိစ္စခေတ် ရဟတ်ဝင့်စက်ကြီး၏။ သမုဒယော၊ မဆုံးနိုင်ဘဲ တဖွဲဖွဲလျှင် အမြဲပွားစီးဖြစ်ပေါ်၍ နေမှုကြီးသည်။ ဟောတိ၊ ဖြစ်၏။

ဤပါဠိတော်ကို ရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

> ''အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာ,မရဏ၊အဆုံးကျသည်၊ ဓမ္မအပြား၊ ဆဲ့နှစ်ပါးကို၊ ဤကားလူပင်၊ ဤလျှင်နတ်ဘဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝင့်နွှယ်စည်၍၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ခေတ်မှန်ရသည်။ ။ဘဝ ဤကိုယ် ဖြစ်ထုံးတည်း''

ဟူ၍စပ်ဆိုတော်မူလေသည်။

www.dhammaransi.com



ဤသို့သော ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းအားဖြင့်ဤသံသရာလောက ကြီးသည် ချမ်းသာဖြင့် ကြီးပွားနေသည်မဟုတ်၊ အရိယာဟူ စက် ဆုပ်အပ်သော ဒုက္ခအစုအပုံကြီးသာလျှင် ဖြစ်နေသည်၊ ထို့ကြောင့် ''အပါယ'' ဟူ၍ပင် ဆိုအပ်လေတော့သည်၊ သစ္စာဒေသနာနည်းနှင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်းနှစ်ပါးသည် အရိယာပုဂ္ဂိုလ်တို့၏ မှန် သောအတိုင်း ထင်မြင်ပုံကို ဓမ္မာမိဋ္ဌာန် သက်သက်ဖြင့် ဟောကြား တော်မူအပ်သော ဝိသုဒ္ဓိဒေသနာနည်းတော်ကြီး ဖြစ်ပေသည်။

သစ္စာဉာဏ်နှင့် ပဋိစ္စသမုပ္ပါဒ်ဉာဏ်နှစ်ပါးကို အရိယာပုဂ္ဂိုလ်တို့၏ မျက်မှန်ကြီးနှစ်လက် ဟူ၍လည်းဆိုအပ်ပေ၏၊ သစ္စာမျက်မှန်, ပဋိစ္စ သမုပ္ပါဒ်မျက်မှန်ကိုတပ်၍ ရှုဆင်ခြင်နိုင်ပါမှ သံသရာလောကကြီး၏ဒုက္ခ အစစ်အမှန်သဘောကို ပေါ်လောကြီး မြင်နိုင်သည် ထိုသို့မြင်ပါမှ လည်း အနမတဂ္ဂသံသရာတခွင်က အစဉ်စွဲလမ်း၍လာသော ဝိပလ္လာသ အမျိုးမျိုး, ယုံမှားခြင်းအမျိုးမျိုးတွေ ပျောက်ကင်းနိုင်သည်၊ ထိုသို့ ပျောက်ကင်းစင်ကြယ်ပါမှ သံသရာဝဋ်စခန်းကို တကယ်တမ်း ငြီးငွေ့၍ သံသရာဝဋ်မှအရေးတကြီး လွတ်လိုထွက်လိုသော''မုစ္စိတုကမျတာဉာဏ်'' အစစ်ကြီး ပေါ်ပေါက်နိုင်သည်၊ ထိုအခါမှသာမှ သံသရာကိုကြောဖြင့် ကန့် ကျောက်၍ ဝိမုတ္တိစခန်းသို့ ဆိုက်ရောက်နိုင်ပေသတည်း။

[ဤကား ''အပါယ'' ပုဒ်နှင့်စပ်၍ ပြဆိုအပ်သော စကားရပ်ပေတည်း။]

၂။ **ဒုဂ္ဂတိ-ပုဒ်၌**။ "ဒုက္ခေန ဂန္တဗ္ဗာတိ ဒုဂ္ဂတိ။ ။ဒုက္ခေန၊ ဆင်း ရဲသဖြင့်။ ဂန္တဗ္ဗာ၊ ကပ်ရောက်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒုဂ္ဂတိ၊ ဒုဂ္ဂတိမည်၏။ ဆင်းရဲသဖြင့် ကပ်ရောက် အပ်သောကြောင့် ဒုဂ္ဂတိ မည်၏-ဆိုလိုသည်။ ။ကောင်းကျိုးချမ်းသာ မင်္ဂလာတို့မှကင်း၍ ဆင်း ရဲခြင်းဖြင့်သာလျှင် ဖြစ်ရသည်၊ ဆင်းရဲခြင်းဖြင့်သာလျှင် ဘဝတခု ထူ ထောင်ရသည်၊ ဒုဂ္ဂတိဘဝတခုကို ထူထောင်မိလျှင် လောကီနှင့်ဆိုင် သော ကောင်းကျိုးချမ်းသာ မင်္ဂလာတရားစု, လောကုတ္တရာနှင့်ဆိုင် သောချမ်းသာစုတို့မှ ကင်းဝေးလေ၏၊အပါယ်လေးပါးကိုပင်လျှင် ဒုဂ္ဂတိ ဟူ၍ ခေါ်ဆိုအပ်သည်၊ ဒုဂ္ဂတိမှတပါးသော ဘုံများကို ''သုဂတိ''ဟူ၍ ခေါ်ဆိုအပ်၏။

www.dhammaransi.com



(က) ဒုဂ္ဂတိဘုံများသည် "အကုသလာဓမ္မာ"ပုဒ်အရ အကုသိုလ်တရားတို့၏ အကျိုးပေးရာ ဌာနကြီးတွေဖြစ်၏၊ မကောင်းမှုကိုပြုသောသူတို့၏ ဆင်းရဲဒုက္ခကို ခံစားရာဌာနကြီးတွေဖြစ်၏။

(ခ) သုဂတိဘုံများသည် "ကုသလာဓမ္မာ"ပုဒ်အရ ကုသိုလ်တရားတို့၏ အကျိုးပေးရာ ဌာနကြီးတွေ ဖြစ်၏၊ ကုသိုလ်ကောင်းမှုကို ပြုသောသူတို့၏ ကောင်းကျိုးချမ်းသာ မင်္ဂလာကြက်သရေများကို ခံစားစံစားရာ ဌာနကြီးတွေဖြစ်၏။

ဒုဂ္ဂတိဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည် လောကုတ္တရာ ချမ်းသာများကို ဖြစ်ပွားအောင် ထူထောင်၍ မရနိုင်၊ သုဂတိဘုံဘဝတို့၌ ဖြစ်ပွားသော ပုဂ္ဂိုလ်တို့သည်သာလျှင် လောကုတ္တရာချမ်းသာများကိုဖြစ်ပွားအောင်ထူထောင်နိုင်ကြကုန်သည်၊ သုဂတိဘုံ၌ဖြစ်ပါသော်လည်း တိဟိတ်ပဋိသန္ဓေကို အခြေခံရရှိသော ပုဂ္ဂိုလ်တို့သာလျှင် လောကုတ္တရာချမ်းသာများကို ထူထောင်နိုင်သည် ၊ဈာန်, မဂ်, ဖိုလ်တရားတို့သည် တိဟိတ်ပုဂ္ဂိုလ်များနှင့်သာ ဆိုင်ကုန်၏၊အဟိတ်ပုဂ္ဂိုလ်,ဒွိဟိတ်ပုဂ္ဂိုလ်တို့နှင့်မဆိုင်ကုန်။

[သစ္စာဒေသနာနည်း, ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းအားဖြင့် ကြည့်ရှုဆင်ခြင်လိုက်ပါလျှင် အလုံးစုံသောဘုံဟူသမျှကို သုဂတိဟူ၍ မဆိုနိုင်၊ ဒုဂ္ဂတိဘုံတွေဟူ၍သာလျှင် ဆိုအပ်လေသည်၊ အဘယ့်ကြောင့်နည်း ဆိုသော် ဘုံသုံးပါးတို့၌ ကျင်လည်ဖြစ်ပွားသမျှသည် ကောင်းသောဖြစ်ပွားခြင်းမဟုတ်၊ ဒုက္ခဝဋ္ဋတွေ၌သာလျှင် ကျင်လည်ရသည် ဖြစ်သောကြောင့်တည်း၊ အပါယ-ပုဒ်၌ပြဆိုအပ်ပြီးသောအတိုင်း ရှုထွင်၍သိမြင်ပါလေ။]

**၃။ ဝိနိပါတ-ပုဒ်၌။** ။ဝိနိပါတနံ ဝိနိပါတော။ ။ဝိနိပါတနံ၊မှန်းခြေမရှိဘဲ ဖရိုဖရဲ လွင့်စင်ကျရောက်ခြင်းသည်။ ဝိနိပါတော၊ ဝိနိပါတမည်၏။ မည်သည့်ဘုံဌာနတွင် ကျရောက်ဖြစ်ပွားမည်ဟု မှန်းခြေနှင့်မကိုက်ဘဲ စည်းမရှိ, ကမ်းမရှိ, မှန်းခြေမရှိ၊ ကျချင်သလိုကျ, ဖြစ်ချင်သလိုဖြစ်သောသဘောကို ဝိနိပါတဆိုသည်၊ ဤသံသရာကြီးသည် စည်းမရှိ, ကမ်းမရှိ, မှန်းခြေမရှိသောကြောင့် ဝိနိပါတမည်၏။

**ဥပမာအားဖြင့်** - တပေါင်း, တန်ခူး နွေရာသီတို့၌ လေပြင်းကျရောက်သောအခါ ရင့်ရော်၍နေသော သစ်ရွက်တို့သည် လေအဟုန်ကြောင့် အညှာတို့မှပြုတ်၍ လွင့်ကျလေကုန်၏၊ လေအဟုန်ဖြင့်လွင့်

www.dhammaransi.com



သော သစ်ရွက်များသည် မည်သည့်ဌာနမှာ ငါကျမည်ဟူ၍ မှန်းခြေမရှိဘဲ ကျမိကျရာ ကျလေဘိသကဲ့သို့ ထို့နည်းတူစွာ ပုထုဇဉ်သတ္တဝါအပေါင်းတို့သည်လည်း ဤဘဝကစုတေလျှင် မည်သည့်ဘုံဘဝမှာ ငါဖြစ်မည်ဟူ၍ မှန်းထားပါသော်လည်း မှန်းခြေနှင့်မကိုက်ဘဲ ကိုက်သည်အလျောက် မိမိတို့၏ ကံကြမ္မာတည်းဟူသော လေပြင်းမုန်တိုင်းတိုက်ခတ်ပစ်ချသောအတိုင်းပင် ကျမိကျရာ ကျရောက်ရလေကုန်၏၊ ဖြစ်မိဖြစ်ရာ ဖြစ်ကြရလေကုန်၏၊ လွင့်မိလွင့်ရာ လွင့်ကြရလေကုန်၏၊ ဤကဲ့သို့စည်းကမ်းမဲ့စွာနှင့် ဖြစ်မိဖြစ်ရာ ဖြစ်,ကျမိကျရာ ကျတတ်သော သဘောရှိသောကြောင့် ဤသံသရာလောကကြီးကို "ဝိနိပါတ" ဟူ၍ ဆိုရလေသည်။

**ဥပမာ တနည်းအားဖြင့်**–မိုးဦးကျအခါတွင် အညာတခွင်မှာရှိသော တောတောင်အတွင်းတို့၌ရှိသော ယမားချောင်းတို့မှ ဒလဟော ရေစီးကျရာ ထင်းပေါင်းများစွာ, တုံးပေါင်းများစွာတို့သည် အောက်တခွင်သို့ အစဉ်သဖြင့် ရေဟုန်စီးကာ မျောပါလာကြကုန်၏၊ ထိုသစ်တုံး, ထင်းတုံးတို့သည် မည်သည့်ကမ်းမှာတင်မည်, မည်သည့်သောင်ဆွယ်မှာတင်မည်,မည်သည့်ဆိပ်ကမ်းမှာတင်မည်-ဟူ၍ အတည်တကျ စည်းကမ်းမရှိ, တမ်းမှန်းချက်မရှိကြဘဲ ရေအဟုန်ဖြင့် မျောခါမျောခါ တင်မိတင်ရာ တင်ကြလေကုန်၏၊ ပါမိပါရာ ပါသွားကြကုန်၏။

ဤနည်းတူစွာ ပုထုဇဉ်သတ္တဝါ အပေါင်းတို့သည်လည်း သံသရာတခွင်၌ကျင်လည်မျောပါးကြသောအခါ မည်သည့်ဘုံမှာဆိုက်ကပ်မည်, မည်သည့်ဘဝမှာ ဆိုက်ကပ်မည်-ဟူ၍ အတည်မှတ်သားချက်များ,တမ်းမှန်းချက်များကို မရဘဲ တဘဝတဘဝမှ အသက်ကြွေ၍ စုတေသောအခါ ကပ်မိကပ်ရာ ဘုံဘဝသို့ ကပ်ရောက်ကြရလေကုန်၏၊ ဆိုက်မိဆိုက်ရာ ဘုံဘဝ၌ဆိုက်ရောက်ကြရလေကုန်၏၊ တင်မိတင်ရာ ဘုံဘဝ၌တင်၍ နေကြရလေကုန်၏၊ ထို့ကြောင့် ဤ သံသရာလောကကြီးကို "ဝိနိပါတ" ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူပေသည်။

ရင့်ရော်သောသစ်ရွက်တို့သည် လေဟုန်တိုက်ခတ်သဖြင့် အညာမှကြွေပြတ်ကြကုန်သကဲ့သို့ သတ္တဝါအပေါင်းတို့သည် ဇရာ, ဗျာဓိ တည်း

www.dhammaransi.com



ဟူသော လေဟုန်တိုက်ခတ်သဖြင့် အသက်တည်းဟူသော အညှာမှ ကြွေပြုတ်ကြလေကုန်၏၊ ထိုသို့ကြွေပြုတ်သည်များကိုပင် မရဏ ဟူ၍ ၎င်း၊ စုတိဟူ၍၎င်း ခေါ်ဆိုအပ်လေသည်၊ သစ်တုံး၊ ထင်းတုံးတို့သည် ရေအဟုန်ကြောင့် ဖရိုဖရဲမျောကြကုန်ဘိသကဲ့သို့ ပုထုဇဉ်သတ္တဝါတို့သည်လည်း ကံကြမ္မာတည်းဟူသော ရေလှိုင်းအဟုန်ဖြင့် အနမတဂ္ဂ သံသရာတခွင်မှာ အစဉ်သဖြင့်မျောပါး၍နေကြရကုန်၏။

ထိုသို့ စည်းကမ်းနှင့်မှန်းခြေမရှိဘဲ ဖရိုဖရဲကျင်လည်မျောပါးရခြင်းမှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို မသိခြင်းကြောင့်ပင်ဖြစ်လေသည်၊ ပဋိစ္စသမုပ္ပါဒ် အချက်အလက်ကြီးများကို ပြဆိုခဲ့ပြီးသော ဉာဏ်သုံးမျိုးတို့ဖြင့် ပိုင်နိုင်စွာသိကြပါကုန်မူကား ဖရိုဖရဲမျောပါးရန်အခွင့်မရှိခဲ့ချေ။

### ဥပမာန-ဥပမေယျစပ်ဟပ်ပြချက်

၁။ ပုထုဇဉ်သတ္တဝါတို့သည် ကြွေလုခါနီးဖြစ်သော သစ်ရွက်ရော်တွေနှင့်တူကုန်၏။

၂။ သစ်ရွက်ရော်တို့ကို လေခတ်ဘိသကဲ့သို့ သတ္တဝါကိုလည်း ဇရာ၊ ဗျာဓိ လေတို့ဖြင့် အမြဲမပြတ်တိုက်ခတ်၍နေကြကုန်၏။

၃။ လေခတ်သဖြင့် သစ်ရွက်တို့သည် အညှာမှ ကြွေပြုတ်ကြကုန်သကဲ့သို့ ဇရာ၊ ဗျာဓိ လေခတ်သဖြင့် သတ္တဝါတို့သည်လည်း အသက်တည်းဟူသောအညှာမှ ကြွေပြုတ်ကြလေကုန်၏။

၄။ အညှာကြွေပြုတ်၍ကျသော သစ်ရွက်တို့သည် မှန်းခြေမရှိဘဲ ဖရိုဖရဲ လွင့်စင်ကျရောက်လေကုန်ဘိသကဲ့သို့ အသက်အညှာမှ ကြွေပြုတ်၍ ကျကုန်သောသတ္တဝါတို့သည် စည်းကမ်းနှင့်မှန်းခြေမရှိဘဲ ဖရိုဖရဲ လွင့်ပါး ကျရောက်လေကုန်၏။

ဤသို့ဖရိုဖရဲကျရောက်ခြင်းကိုပင်လျှင် သံသရာ၌ ဝိနိပါတ ဘေးကြီးဟူ၍ ခေါ်ဆိုရလေသည်၊ ထိုဝိနိပါတ ဘေးကြီးသည် လွန်စွာကြောက်မက်ဖွယ်ကောင်းလှ၏၊ ပဋိစ္စသမုပ္ပါဒ်အချက်ကြီးကို ကွက်ကွက် ကွင်းကွင်းမသိသမျှ ထိုဝိနိပါတ ဘေးကြီးကိုမလွန်မြောက်နိုင်။

www.dhammaransi.com



ဥပမာဂါထာ

ဝါတာဟတေန ပဏ္ဏာနိ၊ နိပတန္တိ ဣတောစိတော။
ယထာ ဝဏ္ဍတော မုတ္တာန၊ သတ္တာပိ ဝိနိပါတိနော။

**အနက်ကား။** ။ဝါတာဟတေန၊ လေရူး, လေပြင်း တိုက်ခတ်ခြင်းကြောင့်။ ပဏ္ဏာနိ၊ သစ်ရွက်တို့သည်။ ဝဏ္ဍတော၊ အညှာမှ။ မုတ္တာန-မုစ္စိတ္တာန၊ ကြွေပြုတ်ကြကုန်၍။ ဣတောစိတော၊ ထိုမှ ဤမှ။ ဝါ၊ တောင်ရောက်မြောက်ရောက်။ နိပတန္တိယထာ၊ စည်းကမ်းမရှိဘဲ ဖရိုဖရဲ ကျရောက် လွင့်ပါးလေကုန်ဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ သတ္တာပိ၊ ပဋိစ္စခေတ် ရပာတ်မဏ္ဍိုင် စက်ခရိုင်ကို အပိုင်ရိပ်မိ မသိလေတောင်း ပုထုဇဉ်သတ္တဝါအပေါင်းတို့သည်။ ဝိနိပါတိနော၊ ဇရာ,ဗျာဓိ လေပြင်းမိ၍ ဖြစ်မိဖြစ်ရာ လွင့်ခါဖြန့်ကြဲလျက် ဖရိုဖရဲ ကျရောက်လေကြကုန်သတည်း။

ထို့ပြင်တပါး ယမားကျသောအခါ ရေအဟုန်ဖြင့် ထင်းတုံး, သစ်တုံးတွေ မျောပါလာကုန်ဘိသကဲ့သို့ သတ္တဝါတို့သည်လည်း ကံတည်းဟူသော ရေအဟုန်ဖြင့် သံသရာရေကြောမှာ မျောပါ၍နေကြလေကုန်၏၊ မျောပါလာသော သစ်တုံး, ထင်းတုံးတို့သည် ဆိုက်ကပ်ရာဌာန မှန်းခြေမရှိဘဲ ကပ်မိကပ်ရာ ဆိုက်ကပ်ကြကုန်ဘိသကဲ့သို့ သံသရာကြော၌ မျောနေကြကုန်သော သတ္တဝါတို့သည်လည်း စည်းကမ်းနှင့် မှန်းခြေမရှိဘဲ ကပ်မိကပ်ရာဆိုက်ကပ်၍ နေကြရကုန်၏၊ တင်မိတင်ရာ တင်၍နေကြရကုန်၏။

ထင်းတုံး, သစ်တုံးတွေနှင့် သတ္တဝါတွေတူ၏၊ ရေအဟုန်နှင့် ကံအဟုန်တူ၏၊ မြစ်ပြင်နှင့် သံသရာအပြင်တူ၏၊ သစ်တုံး, ထင်းတုံးတို့၏ ဆိုက်ကပ်ရာသောင်ကမ်းစသောဆိပ်အမျိုးမျိုးနှင့်,ဘုံဘဝအမျိုးမျိုးတူ၏။

ဥပမာဂါထာ

ဝါရိဓာရာယ ဝုယှန္တိ၊ ဥပယန္တိ ဣတောစိတော။
ယထေဝ ကဋ္ဌဒါရူနိ၊ သတ္တာပိ ကမ္မဝါဟိတာ။

www.dhammaransi.com



**အနက်ကား။** ။ကဋ္ဌဒါရူနိ၊ သစ်တုံးထင်းတုံးတို့သည်။ဝါရိမာရာယ၊ အဟုန်ထန်ပြင်း ကျဆင်း၍လာသော ယမားရေ အဟုန်ဖြင့်။ ဝုယှန္တိ၊ ဦးစောက်ျွမ်းပြန် မှောက်လှန်ကားရား မျောပါးကြရကုန်၏။ ဣတော စိတော၊ ထိုမှ၍မှ။ ဝါ၊ တင်ရာဆိပ်ကမ်း မှန်းခြေမရှိဘဲ။ ဥပယန္တိ-ယထေဝ၊ ဆိပ်ကမ်းသောင်စပ် ကပ်မိကပ်ရာ ကပ်ကြရလေကုန်ဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ သတ္တာပိ၊ ပဋိစ္စမာတ် ရဟတ်မဏ္ဍိုင် စက်ခရိုင်ကို ပိုင်ပိုင်ရိပ်မိ မသိလေတောင်း ပုထုဇဉ် သတ္တဝါ အပေါင်းတို့သည်။ ကမ္မဝါဟိတာ၊ကံတည်းဟူသော ရေလှိုင်းဖြင့် ခုန်စိုင်းနစ်မျော လျက် ဒလဟောလွင့်အပ်ကုန်သည်ဖြစ်၍။ ဣတောစိတော၊ ထိုမှ၍မှ။ဝါ၊ ထိုဘဝ၍ဘဘဝသို့။ ဥပယန္တိ၊ မှန်းခြေမရှိဘဲ ကပ်မိကပ်ရာ ဆိုက်ကပ်ဖြစ်ပွား ကြရလေကုန်၏။

၍လောက၌ အချို့သောသတ္တဝါတို့သည် “ငါစုတေသောအခါ ၍မည်သောဘဝမှာဖြစ်မည်”စသောအားဖြင့် ရည်ရွယ်မှန်းထားကြကုန်၏၊ မိမိတို့ရည်မှန်းသောအတိုင်း တကယ်စင်စစ်ဖြစ်လိမ့်မည် ဟူ၍ မှတ်ထင်ကြကုန်၏၊သို့ရာတွင် စုတေသည်မှနောက်၌ မိမိတို့၏မှန်းခြေနှင့်မကိုက်ဘဲ ထိုက်သည့်အလျောက် ဖြစ်မိဖြစ်ရာ ကျရောက်ဖြစ်ပွားကြရကုန်၏။

**မိစ္ဆာဒိဋ္ဌိ**-အယူရှိသော သူအချို့တို့၏ အယူမှာ “ငါတို့သည် ၍ဘဝကစုတေလျှင် ဘဝတပါး ပြောင်းကူးမည်မဟုတ်၊စုတေသည်နှင့် တပြိုင်နက် ဘဝပြတ်၏၊သတ္တဝါဆိုသည်မှာ တဘဝသာ ရှိကြကုန်၏၊ ဘဝကူးပြောင်းသည်ဟူ၍မရှိ၊ ၍သို့ထင်မှတ် စွဲလမ်းကြကုန်၏၊ စွဲလမ်းသောအတိုင်းလည်း မိမိတို့အယူဝါဒများကို ဟောကြားကြကုန်၏၊ ထိုသို့ပင် မှတ်ထင်၍ယူကြကုန်သော်လည်း သေလွန်သောအခါ မိမိတို့ ထင်တိုင်း မှန်သည်မဟုတ်ဘဲ အပါယ်ငရဲသို့ ကျရောက်ကြလေကုန်၏။

[ဥစ္ဆေဒ အယူရှိသောသူမှာ ကေန်အားဖြင့် အပါယ်သို့သွားစမြဲပေတည်း။]

**အချို့ဣဿရနိမ္မာန**-အယူရှိသောသူတို့၏ ထင်မြင်ပုံမှာ“လောကနှင့် သတ္တဝါများကို ကမ္ဘာ၏အရှင်သခင်ဖြစ်သော ထာဝရဘုရားက ဖန်ဆင်းသည်၊ ထိုဖန်ဆင်းသောအရှင်ကို အကြွင်းမဲ့ ယုံကြည် အားထားခါ ကိုးကွယ်လျှင် သေသည်မှနောက်၌ ဘုရားသခင် ထံတော်သို့ ရောက်ကြ

www.dhammaransi.com



သည်၊ ထာဝရချမ်းသာကိုခံစားကြရသည်-ဟူ၍ တင်ပြင်စွဲလမ်း မှတ်ယူကြကုန်၏၊ ထိုသူတို့သေဆုံးလေသောအခါ ထင်မြင် စွဲလမ်းသောအတိုင်းမဟုတ်ဘဲ သံသရာထဲသို့ ဖရိုဖရဲ ကျရောက်လေကုန်၏၊ ဝိနိပါတသဘောရှိသော သံသရာကြီး၏ ဓမ္မတာကို ပုထုဇဉ်သတ္တဝါ မှန်သမျှတို့ မလွန်ဆန်နိုင်ကြကုန်၊ သတ္တဝါတို့၏ ထင်မြင်ပုံကတမျိုး, သံသရာ စီရင်ပုံကတမျိုးဖြစ်လေသည်။

**သီလဗ္ဗတပရာမာသဒိဋ္ဌိ**-အယူရှိသော သူတို့သည် နွားအလေ့ အကျင့်ကို အတုလိုက်၍ကျင့်ကြလျှင် သေသည်၏အခြားမဲ့၌ ကြီးကျယ် မြင့်မြတ်သောချမ်းသာထူးကို ရရှိ၏-ဟူ၍ထင်မြင်ကြကုန်၏၊ ထိုသို့ထင်မြင်သောအတိုင်းလည်း နွားအလေ့ နွားအကျင့်စသည်များကို ကျင့်ကြံကြကုန်၏၊ ထိုသူတို့ စုတေသေလွန်လေသောအခါ မိမိတို့ရည်မှန်းသော အတိုင်း အထမမြောက်ကြကုန်ဘဲ မှားသော အယူကိုယူ၍ ကျင့်ကြကုန်သောကြောင့် အပါယ်ငရဲသို့သာ ကျရောက်ကြလေကုန်၏။

**အချို့သောသူတို့သည်**-အဝတ်မဆည်းဘဲ အချည်းနှီးကျင့်သော မိစ္ဆာအကျင့်, အချို့သောသူတို့သည် ဂင်္ဂါမြစ်ရေ၌ရေချိုး၍ မကောင်းမှု တို့ကို ဆေးကြောသုတ်သင်သည် ဟူသောအကျင့်,အချို့သောသူတို့သည်သတ္တဝါပေါင်းများစွာတို့ကိုသတ်၍ ယဇ်နတ်ပူဇော်သောအကျင့်, အချို့သောသူတို့သည် မီးကိုကိုးကွယ်၍ ထောပတ်ဆီးဦးစသည်တို့ဖြင့် ပူဇော်သောအကျင့် ဤမှားယွင်းသော အကျင့်များကို ကျင့်ကြလေကုန်၏၊ ထိုအကျင့်တို့ကို ကျင့်ကြံပြုလုပ်သဖြင့် သေလွန်သည့်အခါ သံသရာမှ စင်ကြယ်လျက် လွတ်သည်ဟူ၍၎င်း,ကြီးကျယ်မြင့်မြတ်သော ကောင်းကျိုးချမ်းသာအထူးကို ရရှိနိုင်သည်ဟူ၍၎င်း မှတ်ထင်စွဲလမ်းကြကုန်၏၊ထိုသူတို့ သေလွန်သောအခါ မိမိတို့ထင်မြင်စွဲလမ်းသောအတိုင်း မပေါက်ရောက်ဘဲ အပါယ်ငရဲသို့သာ ကျရောက်ကြလေကုန်၏။

ဤလောက၌ မှားယွင်းသောအယူဝါဒတို့သည် လွန်စွာ များပြားလှကုန်၏၊ ဒိဋ္ဌိစေတသိက်နှင့် အဝိဇ္ဇာစေတသိက်တို့က မှောက်မှားလေအောင် မှောင်ချ၍ သွေးဆောင်လမ်းပြသော အတိုင်း မှားယွင်းခြင်းအမျိုးမျိုးတို့၏နောက်သို့ တကောက်ကောက်လိုက်ပါ၍ နေကြကုန်၏၊

www.dhammaransi.com



ဤလောကကြီးသည် ဒိဋ္ဌိအမျိုးမျိုးတို့ဖြင့် တူထပ်၍နေသော တောကြီး အတိသာ ဖြစ်၏၊ ဒိဋ္ဌိဂနိုင်ကြီးလည်း မည်၏။

ထိုအယူအမျိုးမျိုးတို့တွင်—

ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော "ကမ္မဿကတာ ဝါဒ"တမျိုး တည်းသာလျှင် မှန်ရာသို့ကျရောက်၏၊ လမ်းမှန် လမ်းဖြောင့် ဖြစ်၏၊ ထို့ကြောင့် ကမ္မဿကတာ အယူကို ကမ္ဘာ့ရိုးရာ လမ်းကြီး-ဟူ၍ ခေါ် ဆိုရပေသည်၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော သူတို့သည်လည်း သံသရာမှာ ကျင်လည်သောအခါ မိမိတို့မှန်းခြေအတိုင်း ပေါက်ရောက် ကြသည်မဟုတ်ကုန်သေး၊ "ငါသည်သေလွန်စုတေသောအခါ ကောင်း မြတ်သော သုဂတိဘုံဘဝသို့ သွားမည်ဟူ၍ မှန်းခြေကြီးတခု ပြုလုပ် ထားပါသော်လည်း သေလွန်သောအခါ မှန်းခြေနှင့်မကိုက်ဘဲ ကံအား လျော်စွာ ရောက်မိရောက်ရာ ကျရောက်ဖြစ်ပေါ်တတ်လေသည်၊ကမ္မဿ ကတာ အယူဝါဒရှိသော သူပင်သော်လည်း သံသရာကြီး၏ ဝိနိပါတ သဘောကို မလွန်မြောက်နိုင်ချေ။

ကံနှင့်ကံ၏အကျိုးကို မယုံကြည်သော သူတို့သည်လည်း သေလွန် သောအခါ ရောက်မိရောက်ရာသို့ ကျရောက်လေကုန်၏၊ ဖရိုဖရဲကျခြင်း တည်းဟူသော ဝိနိပါတ သဘောကြီးသည် ပုထုဇဉ် သတ္တဝါမှန်လျှင် မည်သူကိုမျှ မျက်နှာသာပေးလိမ့်မည် မဟုတ်ချေ၊ ဘုရားအလောင်း တော်များလည်း သံသရာသမားကြီးလုပ်၍ ကျင်လည်စဉ်အခါ သံသရာ ၏ ဝိနိပါတ သဘောကြီးက ဘုရားအလောင်းတော်ကြီးကို မျက်နှာ လိုက်၍ ညှာတာသည်မဟုတ်။

ထို့ကြောင့် ဇာတ်, နိပါတ်များ၌ အထင်အရှားပါရှိသောအတိုင်း အလောင်းတော် အရင့်အမာကြီးများသည် ရံခါရံဖန် တိရစ္ဆာန် ဘဝ၌ဖြစ်ရခြင်း, ရံခါရံဖန် အပါယ်ငရဲသို့ကျရောက်ရခြင်း အစရှိသော ဝိနိပါတ ဘေးကြီးတွေနှင့် မကြာမကြာကြုံကြိုက်တော်မူရလေသည်။

လူ့ပြည် လူ့ဘဝက စုတေသော သူတို့သည်လည်း သေလွန်သော အခါ ဝိနိပါတ သဘောအတိုင်း သံသရာထဲ၌ ဖရိုဖရဲ ကျရောက်လေ ကုန်၏၊ နတ်ပြည်ခြောက်ထပ်က စုတေသော နတ်တို့သည်လည်း ထိုနည်း

www.dhammaransi.com



တစ္စွာ သေလွန်သောအခါ သံသရာထဲမှာ ဖရိုဖရဲ ကျရောက်ကြကုန်သည်၊ ဗြဟ္မာပြည်၌ဖြစ်သော ဗြဟ္မာကြီးတို့သော်လည်း ပုထုဇဉ်အဖြစ်ကို မလွန်မြောက်နိုင်သေးလျှင် သေလွန် စုတေသောအခါ ဝိနိပါတ သဘောဓမ္မတာကြီးအတိုင်း သံသရာထဲမှာ ဖရိုဖရဲ ကျရောက်ကြရလေကုန်သည်၊ အထက်ဘဝဂ်ခေါ်သော နေဝသညာနာသညာယတနဘုံသို့ ရောက်၍နေသော ဗြဟ္မာကြီးတို့သည်လည်း ပုထုဇဉ် ဖြစ်နေပါလျှင် အဝီစိငရဲသို့တိုင်အောင် ဖရိုဖရဲကျရောက်ရန် ဓမ္မတာသဘောကြီးကို မလွန်မြောက်နိုင်ကြကုန်သေး။

ထို့ကြောင့် ဓမ္မဟဒယဝိဘင်းပါဠိတော်ကြီး၌—

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္တံပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။

ဟူ၍ မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပေသည်။

**အနက်ကား။** "ပုညတေဇေန၊ ကောင်းမှုရှိန်စော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ အမြင့်သို့ ရောက်အောင် ပင့်မြှောက် အပ်ကုန်သည်ဖြစ်၍။ သတ္တာ၊ ကောင်းမှုရှိသော သတ္တဝါအပေါင်းတို့သည်။ ကာမ ရူပ ဂတိံ၊ ကောင်းမြတ်သော ကာမသုဂတိဘုံဘဝ, ရူပသုဂတိဘုံဘဝများသို့။ ဂတာ၊ မြင့်မြင့်မားမား ခံစားသွားရောက် ကြလေကုန်၏။ ဘဝဂ္ဂန္တံ၊ ဘုံဘဝ၏ အထွတ်အထိပ်ဆုံးဖြစ်သော ဘဝဂ်ဘုံသို့။ သမ္ပတ္တာပိ၊ ဆိုက်ရောက်လေပြီးသော နေဝသညာနာသညာယတန ဗြဟ္မာကြီး တို့ပင်သော်လည်း။ ပုန၊ တဖန်။ ဒုဂ္ဂတိံ၊ အပါယ်ငရဲ ဒုဂ္ဂတိဘုံဘဝကြီးထဲသို့။ ဂစ္ဆန္တိ၊ ပြန်လည်တုန့်ခေါက် ကျရောက်ကျင်လည် ရပြန်လေကုန်သတည်း။

[ဤဂါထာသည် သံသရာကြီး၏ ဝိနိပါတ သဘောကို ထင်ရှားစေခြင်းငှါ ဟောကြားတော်မူအပ်သော ဒေသနာဂါထာတော်ဖြစ်ပေသည်၊ဝိနိပါတသဘော၏ အဓိပ္ပါယ်ချုပ်မှာ သေလွန်သောအခါ မှန်းခြေမရှိဘဲ ရောက်ချင်ရာရောက် လွှတ်၍ချလိုက်ရသော သဘောကြီးပင်တည်း။]

ဤဝိနိပါတသဘောကြီးကိုမလွန်ဆန်နိုင်ခြင်း၏အကြောင်းမှာ ပဋိစ္စသမုပ္ပါဒ်အချက်အလက်ကြီးများကို သုတမယဉာဏ်,စိန္တာမယဉာဏ်ဖြင့် မသိခြင်း, ဝိပဿနာ ဘာဝနာမယဉာဏ်ဖြင့်မသိခြင်း, ပဋိဝေဓဉာဏ်ဖြင့်

www.dhammaransi.com



ထိုးထွင်း၍ မသိနိုင်ခြင်းပင်ဖြစ်လေသည်၊ ပဋိစ္စသမုပ္ပါဒ်တရား အချက်ကြီးတွေကို မသိလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတွေ လွှမ်းမိုး၍ ယုံမှားခြင်းအမျိုးမျိုးဘိစီးခြင်းကို ခံရသည်ဆိုသောစကားမှာ သံသရာ၌ ဝိစိကိစ္ဆာ၏ အလိမ်ကို ခေါင်းငုံ့ခါ တခံထဲခံနေရသည်ဟု ဆိုလို၏၊ လောက၌ အလိမ်ခံရသောသူသည် မှောက်မှားခြင်းအမျိုးမျိုး, ဆင်းရဲခြင်းအမျိုးမျိုးနှင့် တွေ့ကြုံရသကဲ့သို့ ထိုနည်းတူစွာ သံသရာ၌ ယုံမှားခြင်းအမျိုးမျိုးဖြင့် အလိမ်ခံနေရသောသတ္တဝါတို့သည် မှောက်မှားခြင်း တကာတို့တွင် အနစ်နာဆုံးဖြစ်သော ဝိနိပါတဘေးကြီး၏ ဘိစီးနှိပ်စက်ခြင်းကိုအမြဲခံနေကြရလေသည်။

ပဋိစ္စသမုပ္ပါဒ်တရားအချက်ကို အကျိုးအကြောင်းဆက်လက်ဖြစ်ပွားပုံနှင့်တကွ ထင်မြင်ပါလျှင် ဆိုခဲ့ပြီးသော ဝိနိပါတသဘောကြီးကို လွန်မြောက်နိုင်လေ၏၊ ပဋိစ္စသမုပ္ပါဒ်အချက်ကို မြင်သည်-ဆိုရာ၌လည်း သုတမယဉာဏ်, စိန္တာမယဉာဏ်-ဟုဆိုအပ်သော အောက်တန်းဉာဏ်ဖြင့်မြင်ခြင်း, ဝိပဿနာဘာဝနာမယဉာဏ်-ဟုဆိုအပ်သော အလယ်တန်းဉာဏ်ဖြင့်မြင်ခြင်း, ပဋိဝေဓဉာဏ်-ဟုဆိုအပ်သော အထက်တန်းဉာဏ်ဖြင့်မြင်ခြင်း၊ ဤဉာဏ်သုံးချက်တို့ဖြင့် ပိုင်နိုင်စွာမြင်ပါမှ ဝိနိပါတသဘောကြီးကို လွန်မြောက်နိုင်သည်၊ သုတမယဉာဏ်, စိန္တာမယဉာဏ်တို့ဖြင့် မြင်ရုံမျှနှင့် စိတ်ချရသည်မဟုတ်သေး၊ ဝိပဿနာဉာဏ်ဖြင့် ထင်မြင်ပါလျှင် အတော်ကြီးစိတ်ချရပြီ၊ ပဋိဝေဓဉာဏ်ဖြင့်မြင်ပါမူကား ဝိနိပါတ သဘောကို လုံးလုံးကြီးလွန်မြောက်နိုင်တော့၏။

### မေးမြန်းဖွယ်

ပဋိစ္စသမုပ္ပါဒ် အချက်ကိုထင်မြင်လျှင် အဘယ့်ကြောင့် ဝိနိပါတသဘောဆိုးကြီးကို လွန်မြောက်နိုင်သနည်း-ဟု မေးရန်ရှိပေသည်။

ပရမတ္ထတရားတို့၏ အကျိုးအကြောင်း ဆက်လက်ဖြစ်ပွားမှုဟူသော ပဋိစ္စသမုပ္ပါဒ်အချက်ကြီးကို မြင်သောအခါ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့က မှောင်ချ၍ လိမ်လည်ထားသော အမှောက်အမှားတွေကို ဖြေဖျောက်နိုင်၏၊ အလိမ်ပြေ၏၊ အမှောင်ပျောက်၍ အလင်းသို့ရောက်၏။

www.dhammaransi.com



လောကတွင် လိမ်ရှိမရသောသူ, အလိမ်မခံရသောသူတို့သည် မှောက်မှားခြင်း, ဆင်းရဲခြင်းများကို မတွေ့ရဘိသကဲ့သို့ ထိုနည်းတူစွာသံသရာ၌ အလိမ်ဆရာကြီး နှစ်ဦးဖြစ်သော ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့၏ အလိမ်အမျိုးမျိုးတို့မှ ထွက်မြောက်နိုင်သောသူသည် မှောက်မှားခြင်းအမျိုးမျိုးတို့မှကင်းရှင်း၍ ချမ်းသာခြင်းသို့ဆိုက်ရောက်လေတော့သည်၊ သံသရာ၏အလိမ်တို့မှ လွတ်မြောက်လာသော အခါ ဝိနိပါတသဘောကို လွန်မြောက်နိုင်လေ၏၊ပဋိစ္စသမုပ္ပါဒ်အချက်ကြီးတွေကို မြင်လျှင် ငါ-ငါဟူ၍စွဲလမ်းနေသော အတ္တဒိဋ္ဌိသဘောမှ ကင်းရှင်း၍ ယထာဘူတ အလင်းဉာဏ်ကြီးပွင့်လေ၏၊ ထို့ကြောင့် မှောက်မှားခြင်းအမျိုးမျိုးမှ လွန်မြောက်နိုင်လေသည်။

[ဤကား ပဋိစ္စသမုပ္ပါဒ်ဟုဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ်၏အကျိုးကို ပြဆိုသောစကားရပ်ပေတည်း။]

ပဋိစ္စသမုပ္ပါဒ် အချက်ကို ဉာဏ်၃-ပါးတို့ဖြင့် အလင်းသိသောအခါ ဝိနိပါတ သဘောမှ လွန်မြောက်ပုံကိုခွဲခြား၍ ပြဆိုဦးအံ့။

၁။ သုတမယဉာဏ်, စိန္တာမယဉာဏ်တို့ဖြင့် ပဋိစ္စသမုပ္ပါဒ် အချက်ကိုသိလျှင် ထိုသိသောဘဝခေတ်မှာ အန္ဓပုထုဇဉ်အဖြစ်မှလွတ်၍ နသော ကလျာဏပုထုဇဉ်ဂိုဏ်းသို့ ပါဝင်ရလေ၏၊ သေသည်မှနောက်ဘဝ၌ စိတ်မချရသေးဘူးဆိုသော်လည်း အန္ဓပုထုဇဉ်ထက် စိတ်ချရသောလမ်းကြီးကျယ်ဝန်း၏။

၂။ ဝိပဿနာ ဘာဝနာမယဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ် အချက်ကိုမြင်လျှင် ရင့်သန်သောကလျာဏပုထုဇဉ်ဂိုဏ်းကြီးသို့ ပါဝင်ရလေ၏၊ နသောကလျာဏပုထုဇဉ်ထက် သေသည်မှနောက်ကာလ၌ သုဂတိဘုံဘဝသို့ လားရမည်ဟူသောမှန်းခြေကြီးခိုင်မြဲ၏။

မျက်မှောက်ဘဝမှာ မဂ်ဖိုလ်သို့မရသေးသော်လည်း နတ်ပြည်သို့ရောက်၍ ဥပပတ်ပဋိသန္ဓေဖြင့်ဖြစ်ရသောအခါ လွယ်ကူစွာနှင့် မဂ်ဖိုလ်ဉာဏ်သို့ ပေါက်ရောက်နိုင်၏၊ လွန်ခဲ့သော အတိတ်ဘဝက လေ့ကျင့်

www.dhammaransi.com



အားထုတ်ခဲ့ဘူးသော ဝိပဿနာအာရုံနှင့် ဘာဝနာဉာဏ် အထုံတို့သည် အလုံးစုံပွင့်လင်းခြင်းသို့ရောက်တတ်၏။

[ဤကဲ့သို့ဖြစ်တတ်သော သဘောများကိုလည်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ဒေသနာတော်အချက်ကြီးများ ထင်ရှားစွာ ရှိပေသည်။]

၃။ ပဋိဝေဓဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ် အချက်ကြီးတွေကို ထိုးထွင်း၍ သိမြင်သောအခါ သံသရာ၏ ဝိနိပါတ သဘောကြီးကို လုံးလုံးလွန်မြောက်နိုင်လေ၏၊ မှန်းခြေအတိုင်းပေါက်ရောက်နိုင်၏။

ပဋိဝေဓဉာဏ်လေးဆင့်ရှိလေရာ—

၁-၂။ သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ် တည်းဟူသော ပဌမပဋိဝေဓ, ဒုတိယပဋိဝေဓဉာဏ်တို့ဖြင့် ပဋိစ္စသမုပ္ပါဒ် အချက်ကို ထိုးထွင်း၍သိမြင်သောအခါ အပါယ်သံသရာ၌ ဖရိုဖရဲကျခြင်းတည်းဟူသော ဝိနိပါတ သဘောဆိုးကြီးကို လွန်မြောက်နိုင်လေ၏၊ အပါယ်သံသရာကို လွန်မြောက်နိုင်ခြင်း တည်းဟူသော သိဒ္ဓိလမ်းကြီးပေါက်ပါလျှင် လွန်စွာကျယ်ဝန်းသော ချမ်းသာခွင့်ကြီးကို ရလေတော့သည်၊ အပါယ်ဘေးကို တအုံနွေးနွေး ကြောက်ရခြင်းတည်းဟူသော ဝိနိပါတ ဘေးကြီးမှ လွတ်မြောက်လေတော့၏။

သို့ရာတွင် နတ်ပြည်, ဗြဟ္မာပြည်တည်းဟူသော ဘုံဘဝများနှင့်မူ ကားမကင်းသေးချေ၊ နတ်ပြည် ဗြဟ္မာပြည်တို့၌ ကျရောက်ဖြစ်ပွားရခြင်းသည်လည်း ဝိနိပါတ သဘောတမျိုးပင်ဖြစ်၍ အနာဂါမိပုဂ္ဂိုလ်တို့၏ ဉာဏ်မျက်စိနှင့် ကြည့်ရှုဆင်ခြင်သောအခါ လွန်စွာ ကြောက်လန့်ဖွယ် ပင်ကောင်းလေသေးသည်။

၃။ အနာဂါမိမဂ်တည်းဟူသော တတိယ ပဋိဝေဓဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ်အချက်ကြီးကို သိမြင်သောအခါ လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်တည်းဟူသော ကာမသုဂတိ သံသရာကြီးကို လွန်မြောက်လေ၏၊ ကာမဘုံနှင့်ဆိုင်သောဝိနိပါတသဘောကြီးကိုကျော်နင်းနိုင်၏၊ညစ်ညမ်း၍ စက်ဆုပ်ဖွယ်ကောင်းလှသော ကာမဂုဏ်တို့ဖြင့် ရှုပ်ထွေး ပေရေသော ကာမဘုံကြီးသည် အနာဂါမိပုဂ္ဂိုလ်တို့၏ ဉာဏ်မျက်စိနှင့် ကြည့်

www.dhammaransi.com



သောအခါ လွန်စွာစက်ဆုပ်ဖွယ် ကောင်းလှ၏၊ ကာမဘုံ၌ ဝိနိပါတ သဘောကို လွန်မြောက်သော်လည်းဗြဟ္မာဘုံတို့နှင့်ဆိုင်သော ဝိနိပါတ သဘောကြီးကိုမူကား မလွန်မြောက်နိုင်သေး၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဉာဏ်မျက်စိနှင့် ကြည့်သောအခါ ဗြဟ္မာဘုံသံသရာကြီးသည် လွန်စွာ ကြောက်လန့်ဖွယ်ကောင်းလေသည်။

၄။ အရဟတ္တမဂ်တည်းဟူသော စတုတ္ထပဋိဝေဓဉာဏ်ဖြင့် ပဋိစ္စ သမုပ္ပါဒ်အချက်ကြီးကို သိမြင်လေသောအခါ အလုံးစုံသောဘုံဘဝတို့၌ ကျင်လည် မျောပါးရခြင်းတည်းဟူသော ဝိနိပါတ အလုံးစုံတို့မှ အကုန် ရှင်းလင်းလေ၏၊ ရဟန္တာအဖြစ်သို့ရောက်သောအခါ သံသရာတခွင်လုံး ကို အဆုံးတိုင် အောင်မြင်လေတော့သည်၊ဝိနိပါတ ဘေးနှင့် စပ်၍ သိဒ္ဓိ ပြီးစီးလေ၏၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ စုတိနောက်မှာ သံသရာမရှိတော့ ပြီ၊ အနုပါဒိသေသနိဗ္ဗာန်စခန်းကြီးပေါက်၍ သန္တိသုခ တည်းဟူသော အငြိမ်းဓာတ်ကြီးပေါ်လေတော့သည်။

[ဤကား ပဋိဝေဓဉာဏ် ၄-ဆင့်ဖြင့် ဝိနိပါတသဘောကြီးများကို အဆင့်ဆင့် လွန်မြောက်ပုံတည်း။]

မူလယမိုက်ကျမ်းကို ဟောတော်မူရခြင်းသည် ရုပ်နာမ် တရားတို့၏ အကြောင်းကို သိမ်းဆည်းခြင်း၏အခြေကို ပြလို၍ ဟောတော်မူရခြင်း ဖြစ်ပေသည်၊ မူလယမိုက် သဘောကို နားလည် ရိပ်မိသျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်ပေါ်ပေါက်၏၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ဆိုက်ရောက်၏၊ ထိုအခါ ဝိနိပါတ သဘောကို လွန်မြောက်နိုင်၏။

[ဤကား မူလယမိုက်ကိုဟောတော်မူရခြင်း၏ အကျိုးနှင့်အကြောင်းကို ပြဆို သောစကားရပ်ပေတည်း။]

### စောဒနာဖွယ်

ဤအရာ၌ စောဒနာရန် ရှိသည်ကား ဤသို့တည်း။

**မေး။** "(က) ဤကဲ့သို့သောအကျိုးကိုမြော်လင့်၍မူလယမိုက်ကိုဟော တော်မူရသည်ဆိုသောစကားမှန်ပါစေတော့၊ မူလယမိုက်ဟော ပုံသည် လွန်စွာကျယ်ဝန်းလှ၏၊ ဤမျှလောက် ကျယ်ဝန်းစွာ ဟောမှသာလျှင် ဤကဲ့သို့သော အကျိုးများ ဖြစ်ထွန်း နိုင်ပါ သလော။

www.dhammaransi.com



(ခ) ဤမျှလောက် ကျယ်ဝန်းစွာမဟောဘဲ သုတ္တန်ဒေသနာတော် နည်းအားဖြင့် အကျယ်ပြု၍ ဟောတော်မူလျှင်လည်း ဤကဲ့သို့သော အကျိုးများ ပြီးစီးနိုင်သည် မဟုတ်ပါလော။

ထိုစကားကို ထင်ရှားအောင် စောဒနာပါဦးအံ့။
ရှင်အဿဇိမထေရ်နှင့် ရှင်သာရိပုတ္တရာ တွေ့ကြရာတွင်—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော၊
အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

**အနက်ကား။** ။ယေဓမ္မာ၊ အကြင်တေဘူမကသင်္ခတတရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းရင်းနှင့်မကင်းကြဘဲအကြောင်းကိုစွဲ၍ဖြစ်ပေါ် လေ့ရှိကြကုန်၏။ တေသံ၊ ထိုသင်္ခတတရားတို့၏။ ဟေတုံ၊ အကြောင်းရင်းကို။ တထာဂတော၊ ငါတို့ဆရာ မဟာဂေါတမ လောကထွတ်ထား မြတ်ဘုရားသည်။ အာဟ၊ ထင်ထင်ရှားရှား ဟောကြား ဆုံးမတော်မူပေ၏။ တေသံ၊ ထိုဖြစ်ပေါ်သမျှ သင်္ခတတရားတို့၏။ ယောနိရောဓော စ၊ အကြင်ချုပ်ဆုံးခြင်း သဘောသည်လည်း။ အတ္ထိ၊ ရှိမြဲပေတည်း။ တဉ္စ၊ ထိုသင်္ခတအလုံးစုံတို့၏ အကုန်ချုပ်ခြင်း သဘောရှိသော နိရောဓသစ္စာ မဟာနိဗ္ဗာနဓာတ်ကြီးကိုလည်း။ တထာဂတော၊ ငါတို့ဆရာ မဟာဂေါတမ လောကထွတ်ထား မြတ်ဘုရားသည်။ အာဟ၊ အထင်အရှား ဟောကြားတော်မူပေ၏။ မဟာသမဏော၊ ရဟန်းတို့၏ ဥသျှောင် အခေါင်အဖျား ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဧဝံဝါဒီ၊ ဤသို့ ဟောကြားတော်မူလေ့ရှိပေသတည်း။

ဤဂါထာသည် အကျဉ်းချုပ်အားဖြင့် ပရမတ္ထတရားတို့၏ အကျိုးအကြောင်းကို ဟောတော်မူသောဒေသနာတော်ကြီးဖြစ်၏၊ ဤဒေသနာတော်ကို ကြားနာရသောအခါ ရှင်သာရိပုတ္တရာသည် ပစ္စယပရိဂ္ဂဟဉာဏ်ကို နည်းရ၍ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်၊ ရှင်သာရိပုတ္တရာသည် ဤဂါထာကိုကြားနာစဉ် ''ယေဓမ္မာ-ကစ၍ အာဟ'' ပုဒ်တိုင်လျှင် သောတာပန်ဖြစ်လေသတည်း။

ဤကဲ့သို့ အကျဉ်းဟောရုံမျှနှင့်လည်း ဝိနိပါတသဘောကို လွန်မြောက်နိုင်ခြင်းတည်းဟူသော အကျိုးလည်း ပြီးစီးနိုင်သည်မဟုတ်ပါ

www.dhammaransi.com



လော၊ ထိုသို့ဖြစ်ပါလျက် ဤမူလယမိုက်ကို ထိုမျှလောက်ကျယ်ဝန်းစွာ အဘယ့်ကြောင့်ဟောတော်မူရပါသနည်း။

[ဤကားစောဒနာပုံတည်း။]

**အဖြေကား။** ။အဘိဓမ္မာဒေသနာကို ဟောတော်မူခြင်း၏ အရာဌာနဖြစ်သောကြောင့် ကျယ်ဝန်းစွာ ဟောတော်မူရပေသည်၊ အဘိဓမ္မာဒေသနာကို ဟောတော်မူသောအခါ မြတ်စွာဘုရားသည် ဉာဏသာဂရ ဟုဆိုအပ်သော အလွန်ကျယ်ဝန်းသည့် ဉာဏ်တော်ကြီးဖြင့် ပရမတ္ထတရားတို့၏ သဘောသွားရှိသမျှကိုသာ လမ်းဆုံးအောင်ဟောတော်မူလေ့ရှိသည်၊ အဘိဓမ္မာဒေသနာတော်နည်းနှင့် သက်ဆိုင်သမျှသော ပုဒ်, ဗျည်းတို့၏ အသွားကိုလည်း မချန်မချင်းဘဲ ဟောရန်ရှိသမျှအလုံးစုံ ချွတ်ထွင်၍ဟောတော်မူလေ့ရှိသည်။

**အဘိဓမ္မာ ဒေသနာနည်းဆိုသည်မှာ-** ''တန္ဒယ်ငင်တစင်ပါ''ဆိုသကဲ့သို့ တရားတခုကိုမူတည်၍ ဟောတော်မူလိုက်လျှင် ထိုတရားနှင့်စပ်ဆိုင်သမျှသော အချက်တို့ကို အစဉ်လျှောက်ခါ ဟောတော်မူရသည်၊ သုတ္တန်ဒေသနာကိုဟောတော်မူသကဲ့သို့ တရားနာပုဂ္ဂိုလ်တို့၏ အလိုဆန္ဒနှင့် အဇ္ဈာသယများကိုသာ ထောက်ထားငဲ့ညှာ၍ ဟောတော်မူသည်မဟုတ်ချေ၊ ဤကဲ့သို့ အဘိဓမ္မာဒေသနာနည်းဖြင့် ''တန္ဒယ်ငင်–တစဉ်ပါ'' ဟောရန် အစဉ်ရှိသမျှ မချန်မချင်းဘဲ ဟောတော်မူခြင်းသည်–

၁။ အရိယာဖြစ်သော တပည့်သာဝကတို့၏ ပဋိသမ္ဘိဒါဉာဏ်တိုးပွားရန်အကျိုးလည်းရှိလေသည်။

၂။ ပုထုဇဉ်ဖြစ်သော တပည့်သာဝကတို့အား ထိုအဘိဓမ္မာ ဒေသနာနည်းတို့ကို သင်ကြားဆောင်ရွက်ခြင်းအားဖြင့် နောင်ကျွတ်တမ်းဝင်သောအခါ ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံနိုင်ခြင်း တည်းဟူသော အကျိုးကိုလည်းဖြစ်စေနိုင်သည်၊ ထို့ကြောင့် ပစ္စယပရိဂ္ဂဟ ဉာဏ်၏ ဆိုင်ရာဖြစ်သောဤမူလယမိုက်ကျမ်းကို သုတ္တန်ဒေသနာတော်များကဲ့သို့

www.dhammaransi.com



အကျဉ်းအားဖြင့် ဟောကြားတော်မမူဘဲ အကျယ်အားဖြင့် တရားလမ်းအစဉ်ရှိတိုင်းဟောကြားတော်မူပေသတည်း။

[ဤအဓိပ္ပါယ်သဘောများသည် စတုတ္ထပုစ္ဆာ၏အဖြေ၌လည်း ထင်ရှားစွာပါရှိလိမ့်ဦးမည်။]

ဤဒုတိယပုစ္ဆာ၏ အကျဉ်း လိုရင်းဖြစ်သောအဖြေကို ဤသို့မှတ်အပ်၏။

ဓမ္မသင်္ဂဏီ အစ ဓာတုကထာ အဆုံးရှိသော အောက်အဘိဓမ္မာ ငါးကျမ်းတို့၌ ဟောတော်မူအပ်သော နည်းသည်ကား ဓမ္မဝဝတ္ထာနဉာဏ်ကို ရင့်သန်စေကြောင်းဖြစ်သော နည်းများပေတည်း။

**ဓမ္မဝဝတ္ထာနဉာဏ်ဆိုသည်။** "ပထဝီ,အာပေါ,တေဇော,ဝါယော စသည်ဖြင့် ရုပ်တရား အသီးသီးတို့ကို နည်းပေါင်း များစွာတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍သိခြင်း၊ ဖဿ, ဝေဒနာ စသော နာမ်တရားအသီးသီးတို့ကို နည်းပေါင်းများစွာတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍သိခြင်း၊ ထိုပရမတ္ထတို့ကို ဆိုင်ရာဆိုင်ရာ ယှဉ်တွဲ၍ ဤကား ခန္ဓာ၊ ဤကား အာယတန၊ ဤကားဓာတ်၊ ဤကားသစ္စာ၊ ဤကားမဂ္ဂင်- စသည်တို့ဖြင့် တဖွဲ့စီတဖွဲ့စီ ခွဲခြား၍သိခြင်း၊ ဤသို့တရားအသီးသီးတို့ကို နည်းပေါင်းများစွာတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍သိမှုကို ဓမ္မဝဝတ္ထာနဉာဏ်ခေါ်သည်။

ဓမ္မသင်္ဂဏီအစ ကထာဝတ္ထုအဆုံးရှိသော အောက်အဘိဓမ္မာ ငါးကျမ်း၌ ဟောတော်မူအပ်သော တရားအချက်တို့သည် ထိုဓမ္မဝဝတ္ထာနဉာဏ်ကျက်စားရာတို့သာဖြစ်ကုန်သည်၊ အကျိုးအကြောင်း ဆက်လက်ဖြစ်ပွားပုံကိုပြဆိုသောဒေသနာနည်းများမဟုတ်ချေ။

အကျိုးအကြောင်း ဆက်လက်ဖြစ်ပွားပုံကို သိသောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏၊ ဓမ္မဝဝတ္ထာနဉာဏ်၏ အခြားမဲ့၌ ပစ္စယပရိဂ္ဂဟဉာဏ်၏ ကျက်စားရာဖြစ်သောဒေသနာနည်းကိုဟောရန် အခွင့်ဆိုက်ရောက်လျက်ရှိသည်၊ ထိုသို့ဆိုက်ရောက်လျက်ရှိသောအတိုင်း ကထာဝတ္ထုကျမ်း၏အခြားမဲ့၌ ယမိုက်ကျမ်းကို ဟောတော်မူရပေသည်၊ ယမိုက်ကျမ်း၌ တရားအစုံအစုံ တွဲခါတွဲခါနှင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူပုံများသည် ပစ္စယပရိဂ္ဂဟဉာဏ်၏ ကျက်စားရာဖြစ်၏၊ ယမိုက်

www.dhammaransi.com



ဆယ်ကျမ်းတို့တွင်လည်း အကြောင်းရင်းအစစ် ဖြစ်ကြီးဖြစ်ပေသော ဟိတ်တရားကြီးများကို ရှေးဦးစွာဟောရန် အသင့်လျော်ဆုံး ဖြစ်ပေသည်၊ ထို့ကြောင့်မူလယမိုက်ကျမ်းကို ရှေးဦးစွာ ဟောကြားတော်မူရလေသည်။

ယမိုက်ကျမ်းမှာသာ ဟိတ်တရားကြီးများကို ပဓာနအရင်းခံထား၍ ဟောကြားတော်မူရသည်မဟုတ်သေး၊ အကျိုးအကြောင်းဆက်လက်၍ အနုစိတ်အားဖြင့် ဟောတော်မူရာဖြစ်သော ပဋ္ဌာန်းကျမ်းကြီး၌လည်း "ဟေတုပစ္စယော"ကို မူရင်းတည် စ၍ဟောတော်မူရချေသည်၊ဟေတုပစ္စယောပုဒ်တွင် ပါဝင်သောတရားကြီးတို့သည်ကား မူလယမိုက်တွင်ပါဝင်သောနည်းအတိုင်း လောဘ,ဒေါသ အစရှိသော ဟိတ်တရားကြီးများပင်ဖြစ်ပေသည်၊ပဋ္ဌာန်ကျမ်း၌ ဟောတော်မူအပ်သော အကျိုးအကြောင်း ဆက်လက်ပုံနည်းသည် ယမိုက်ကျမ်းမှာ ဟောတော်မူအပ်သောနည်းတို့ထက် များစွာအနုစိတ်၍ ဟောကြားတော်မူအပ်သော နည်းဖြစ်ပေသည်။

[ပစ္စယပရိဂ္ဂဟဉာဏ်၏ ကျက်စားရာသည် ပဋ္ဌာန်းဒေသနာသို့ရောက်မှ အဆုံးတိုင်ကိစ္စတုံး၏၊ပဋ္ဌာန်းဒေသနာတော်ထက် နူးညံ့သိမ်မွေ့သော အကျိုးအကြောင်း ဆက်လက်ပုံနည်းဟူ၍ တစုံတခုမျှမရှိတော့ချေ။]

ဒုတိယပုစ္ဆာအဖြေ ပြီး၏။

---

## ၃–တတိယပုစ္ဆာအဖြေ

ယမိုက်ဆယ်ကျမ်းတို့၏ လိုရင်းတရားကိုယ်သဘောတို့မှာ ဆယ်မျိုးသာရှိပါသည်၊ ဆယ်မျိုးဆိုသည်ကား (၁) မူလ ဟိတ်တရား ၉-ပါး၊ (၂) ခန္ဓာ ၅-ပါး၊ (၃) အာယတန ၁၂-ပါး၊ (၄) ဓာတ် ၁၈-ပါး၊ (၅) အရိယသစ္စာ ၄-ပါး၊ (၆) သင်္ခါရ ၃-ပါး၊ (၇) အနုသယ ၇-ပါး၊ (၈) စိတ် ၁-ပါး၊ (၉) ကုသလ တိက်ဝင် တရားစု၊ (၁၀) ဣန္ဒြေ ၂၂-ပါး၊ ဤသို့အားဖြင့် ၁၀-မျိုးသာရှိပါသည်၊ ထိုတရားဆယ်မျိုးတို့ကိုသာ အဘယ့်ကြောင့် ယမကဒေသနာ အဖြစ်ဖြင့် ဟောတော်မူပါသနည်း၊ ဈာနတရား, မဂ္ဂတရား, အာသဝ စသောတရား, ဝေဒနာ

www.dhammaransi.com



တိက်စသော တိက်ဝင်တရားတို့သည်လည်းများစွာပင်ရှိကြပါကုန်သည်၊ ထိုတရားတို့ကို ယမကဒေသနာ အဖြစ်ဖြင့် အဘယ့်ကြောင့် မြတ်စွာဘုရား ဟောကြားတော် မမူဘဲ ချန်ထားအပ်ပါကုန်သနည်း၊ ထိုအကြောင်းကို သိလိုပါသည်ဘုရား။

### အဖြေကား

ယမက-ဟူသောအမည်သည် တရား ၂-ခု အစုံအစုံတို့၏ အမည်ဖြစ်သည်။

ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။

ဟူသော ယမိုက်ပါဠိတော်၌ ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော ဟူသော တရားအစုံကို ယမက တခုဟူ၍ ဆိုအပ်ပေသည်။

၁။ ဤပါဠိတော်၌ "ရူပက္ခန္ဓော" ဟူသောပုဒ်သည် သန္နိဋ္ဌာနပုဒ်မည်၏။

၂။ "ဝေဒနာက္ခန္ဓော" ဟူသောပုဒ်သည် သံသယပုဒ်မည်၏။

[ဆိုလိုရင်း ပဌမမူရင်း တည်ထားအပ်သောပုဒ်သည် သန္နိဋ္ဌာနပုဒ်မည်၏၊ ဒုတိယ ထပ်ဆင့်၍ ဟောအပ်သောပုဒ်သည် သံသယပုဒ် မည်၏—ဟုဆိုလိုသည်။]

အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌ ရူပက္ခန္ဓာဖြစ်နေဆဲ အခိုက်ကြုံ၏၊ ထိုပုဂ္ဂိုလ်၏သန္တာန်မှာ ဝေဒနာက္ခန္ဓာဖြစ်နေဆဲ ကြုံလေသလော၊ ဖြစ်နေဆဲမဟုတ်လေသလော—ဟု ယုံမှား သံသယ သဘောအနေအားဖြင့် ဟောတော်မူသည်၊ ထို့ကြောင့် နောက်ထပ်ဆင့်၍ ဟောအပ်သောပုဒ်ကို သံသယပုဒ်ဟူ၍ ဆိုရလေသည်။

ဤကဲ့သို့ တရား ၂-ပါးကို သန္နိဋ္ဌာန်သဘော,သံသယသဘောအားဖြင့် အစုံအစုံပြု၍ဟောတော်မူအပ်သော ဒေသနာကို ယမကဒေသနာဟူ၍ မှတ်အပ်ပေသည်။

**စိတ္တယမိုက်ကျမ်း၌မူကား။** ။စိတ်တခုကိုဖြစ်ခြင်းတည်းဟူသော ဥပါဒ်သဘော, ချုပ်ခြင်းတည်းဟူသော နိရောဓသဘောအားဖြင့် အစုံအစုံထား၍ ယမိုက်ဒေသနာနည်းကို ဟောကြားတော်မူသည်။

www.dhammaransi.com



အမေးပုစ္ဆာ၌ ဖော်ပြအပ်သော တရားဆယ်မျိုးတို့ကို ယမက ဒေသနာနည်းအားဖြင့် အစုံအစုံတွဲ၍ ဟောတော်မူအပ်သည်ရှိသော် ဈာနတရား,မဂ္ဂတရားတို့၌လည်း ယမိုက်ဒေသနာဟောပုံနည်းကို ပညာရှိ ပုဂ္ဂိုလ်တို့ဝေဖန်၍သိခြင်းငှါ ခဲယဉ်းတော့သည်မဟုတ်၊ အလွယ်တကူ နှင့်ဝေဖန်၍ ယမိုက်ဒေသနာနည်းကို သိနိုင်ရန် လမ်းရှိလေတော့သည်၊ ထို့ကြောင့် ဈာန်တရား,မဂ်တရားတို့၌ ယမကဒေသနာဟောပုံနည်းကို အထူးဟောတော်မမူဘဲချန်ထားတော်မူခဲ့သည်ဟုသိသင့်ပေသည်၊ဈာန် တရား, မဂ်တရား, စသည်တို့၌ ယမကဒေသနာနည်းကို မဟောကောင်း၍ မဟောထိုက်၍ မြတ်စွာဘုရား ချန်ထားတော်မူခဲ့သည်မဟုတ်ချေ။

ယမက ဒေသနာနည်းအားဖြင့် ဟောသင့် ဟောထိုက်သမျှတွေကို ဟောတော်မူမည်ဆိုလျှင် ဈာနယမိုက်, မဂ္ဂယမိုက်, အာသဝယမိုက်, ဩဃယမိုက်, ကိလေသယမိုက်, သံယောဇနယမိုက်, သတိပဋ္ဌာန ယမိုက်, သမ္မပ္ပဓာနယမိုက်, ဗောဇ္ဈင်္ဂယမိုက် စသည်ဖြင့် အတိုင်းမသိ ကျယ်ဝန်းလေရာ၏။

ယမိုက်ဒေသနာနည်းကိုရသဖြင့် ပညာရှိသောပုဂ္ဂိုလ်တို့သည် ယ မိုက်ကျမ်း၌မဟောဘဲ ချန်ထားခဲ့သော တရားတို့၏ ယမကဒေနာနည်း အားဖြင့် ဝေဖန်ပုံများကိုလည်း သိနိုင်လောက်ပေပြီ၊ နည်းကိုပြသဖြင့် နည်းရ၍ အကျယ်ချဲ့ထွင်ခါ ထိုးထွင်းနိုင်သောသဘောသည် ပညာရှိ တို့၏ တာဝန်ဖြစ်ချေ၏။

အဘယ်ကဲ့သို့ ယမကဒေသနာနည်းအားဖြင့် ပညာရှိတို့ချဲ့ထွင်၍ သိ နိုင်ကုန်သနည်း—ဆိုလျှင် အမြွက်မျှပြဆိုဦးအံ့။

### ဈာန်တရားတို့၌ ယမကဒေသနာ နည်းဖြင့်ဝေဖန်ပုံ

၁။ ယဿ ပဌမဈာနံ ဥပ္ပဇ္ဇတိ၊ တဿ ဒုတိယဈာနံ ဥပ္ပဇ္ဇတီတိ၊ နော။ ။အကြင်ပုဂ္ဂိုလ်အား ပဌမဈာန်ဖြစ်ခိုက်၊ထိုပုဂ္ဂိုလ်အား ဒုတိယ ဈာန်ဖြစ်ခိုက်လေလော၊မဟုတ်။

၂။ ယဿ ဝါ ပန ဒုတိယဈာနံ ဥပ္ပဇ္ဇတိ၊ တဿ ပဌမဈာနံ ဥပ္ပဇ္ဇတီတိ၊နော။ ။အကြင်ပုဂ္ဂိုလ်အား ဒုတိယဈာန်ဖြစ်ခိုက်၊ ထိုပုဂ္ဂိုလ် အား ပဌမဈာန်ဖြစ်ခိုက်လေလော၊ မဟုတ်။

www.dhammaransi.com



၃။ ယဿ ပဌမဈာနံ နုပ္ပဇ္ဇတိ၊ တဿ ဒုတိယဈာနံ နုပ္ပဇ္ဇတီတိ။ အကြင်ပုဂ္ဂိုလ်အား ပဌမဈာန်ဖြစ်ဆဲမဟုတ်၊ ထိုပုဂ္ဂိုလ်အား ဒုတိယဈာန်ဖြစ်ဆဲမဟုတ်လော၊ ဤသို့သံသယထုတ်၍မေးလျှင် ဝိဘင်းသဘောအားဖြင့် ဝေဖန်၍ဖြေဆိုဟောကြားရပေလိမ့်မည်။

(က) ဒုတိယ ဈာနေန ဥပပဇ္ဇန္တာနံ ပဝတ္တေ ဒုတိယဈာန-သမ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ ပဌမဈာနံ နုပ္ပဇ္ဇတိ နော စ တေသံ ဒုတိယဈာနံ နုပ္ပဇ္ဇတိ။

ဒုတိယဈာန် ဝိပါက်ဖြင့် ပဋိသန္ဓေနေဆဲဖြစ်သော ဗြဟ္မာတို့အားငှင်း, ပဝတ္တိအခါ ဒုတိယဈာန်နှင့်ယှဉ်သော စိတ်ဥပါဒ်ဆဲခဏ၌ငှင်း ပဌမဈာန်စိတ်ဖြစ်ဆဲမဟုတ်၊ဒုတိယဈာန်စိတ်ကားဖြစ်ဆဲ။

(ခ) သဗ္ဗေသံ စဝန္တာနံ ဝိနာ ပဌမဈာနေန ဒုတိယဈာနေန ဥပပဇ္ဇန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ ပဌမဈာနဒုတိ-ယဈာနဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ အသညသတ္တာနံ တေသံ ပဌမဈာနဉ္စ နုပ္ပဇ္ဇတိ၊ ဒုတိယဈာနဉ္စ နုပ္ပဇ္ဇတိ။

စုတေဆဲဖြစ်သောပုဂ္ဂိုလ်တို့အားငှင်း, ပဌမဈာန်ဝိပါက်, ဒုတိယဈာန်ဝိပါက်ကို ကြဉ်ထား၍ အခြားသောဝိပါက်စိတ်တို့ဖြင့် ပဋိသန္ဓေနေဆဲဖြစ်သောပုဂ္ဂိုလ်တို့အားငှင်း, ပဝတ္တိအခါ စိတ်တို့၏ဘင်ခဏ အခိုက်၌ငှင်း, အသညသတ်ပုဂ္ဂိုလ်တို့အားငှင်း ပဌမဈာန်လည်း ဖြစ်ဆဲမဟုတ်၊ ဒုတိယဈာန်လည်းဖြစ်ဆဲမဟုတ်၊ ဤသို့ဝိဘင်းထုတ်၍ ဖြေဆိုရသည်။

၄။ ယဿ ပဌမဈာနံ ဥပ္ပဇ္ဇိတ္ထ၊တဿ ဒုတိယဈာနံ ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။ ။အကြင်ပုဂ္ဂိုလ်အား ပဌမဈာန်ဖြစ်ဘူးပြီ၊ ထိုပုဂ္ဂိုလ်အား ဒုတိယဈာန်ဖြစ်ဘူးပြီလော၊ ဖြစ်ဘူးသည်မှန်ပေ၏။

၅။ ယဿ ပဌမဈာနံ နုပ္ပဇ္ဇိတ္ထ၊တဿ ဒုတိယ ဈာနံ နုပ္ပဇ္ဇိတ္ထာ-တိ၊နတ္ထိ။ ။အကြင်ပုဂ္ဂိုလ်အား ပဌမဈာန်မဖြစ်စဘူး ထိုပုဂ္ဂိုလ်အား ဒုတိယဈာန်မဖြစ်စဘူးလော၊ ဤကဲ့သို့သဘောမရှိ။

[ဤပုစ္ဆာကိုမမေးထိုက်။]

www.dhammaransi.com



၆။ ယဿ ပဌမဈာနံ နုပ္ပဇ္ဇတိ၊ တဿ ဒုတိယ ဈာနံ နုပ္ပဇ္ဇိဿတိ၊ ဥပ္ပဇ္ဇိဿ။ ။အကြင်ပုဂ္ဂိုလ်အား ပဌမဈာန်ဖြစ်ဆဲမဟုတ်၊ထိုပုဂ္ဂိုလ်အား ဒုတိယဈာန်မဖြစ်စဘူးလော၊ ဖြစ်ဘူးပါ၏။

ဤသို့ စသည်ဖြင့် ဈာနယမိုက်ကို ပညာရှိ ပုဂ္ဂိုလ်တို့ ချဲ့ထွင်ခါ အလွယ်တကူသိနိုင်တော်မူကြကုန်သည်၊ အလွယ်တကူနည်းယူ၍ သိနိုင်သည်ဆိုသော်လည်း ဘုံသဘော, ပုဂ္ဂိုလ်သဘော, စုတိသဘော, ပဋိသန္ဓေသဘော, ဇောဝီထိသဘောမှစ၍ အဘိဓမ္မာလမ်းရိုးကို ဒိုးကဲ့သို့ ညက်ညက်ကြေအောင် မွှေနှောက် ချောက်ချားနိုင်အောင် ကျွမ်းကျင်သော ပညာရှိပုဂ္ဂိုလ်ဖြစ်ပါမှ ယမကဒေသနာ နည်းကိုယူ၍ အကျယ်ဝေဖန်နိုင်ပေမည်၊ ထိုသို့မကျွမ်းကျင်ပါလျှင် လွန်စွာခဲယဉ်း၍ သက်ဝင်နိုင်ခဲသောဌာနကြီးဖြစ်၍ ယမကဒေသနာနည်း၏ အနားအနီးကိုမျှ သိနိုင်ကြမည်မဟုတ်ပေ။

[ဤနည်းကိုအမှီပြု၍ မဂ်တရား,ဗောဇ္ဈင်တရားတို့၌လည်း ယမကဒေသနာနည်းအားဖြင့် ဝေဖန်ချဲ့ထွင်ပုံများကို ဉာဏ်သွားနိုင်ကြပါစေကုန်။]

### ဝေဒနာတိက်၌ ယမကဒေသနာ နည်းဖြင့်ဝေဖန်ပုံ

၁။ ယဿ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဥပ္ပဇ္ဇန္တီတိ၊ နော။ ။အကြင်ပုဂ္ဂိုလ်အား သုခဝေဒနာနှင့်ယှဉ်သော တရားတို့ဖြစ်ကုန်ဆဲ၊ ထိုပုဂ္ဂိုလ်အား ဒုက္ခဝေဒနာနှင့်ယှဉ်သောတရားတို့ဖြစ်ကုန်ဆဲလော၊ မဟုတ်။

၂။ ယဿ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ တဿ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ နုပ္ပဇ္ဇန္တီတိ။ ။အကြင်ပုဂ္ဂိုလ်အား သုခဝေဒနာနှင့်ယှဉ်သော တရားတို့ ဖြစ်ဆဲမဟုတ်ကုန်၊ ထိုပုဂ္ဂိုလ်အား ဒုက္ခဝေဒနာနှင့် ယှဉ်သောတရားတို့ ဖြစ်ဆဲမဟုတ်ကုန်လော။

ဤသို့ အမေးထုတ်လျှင် ဝိဘင်္ဂနည်းအားဖြင့် ဝေဖန်၍ ဖြေဆိုရလိမ့်မည်။

(က) ဒုက္ခာယ ဝေဒနာယ ဥပ္ပါဒက္ခဏေ တေသံ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ နော စ တေသံ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ နုပ္ပဇ္ဇန္တိ။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်တို့အား ဒုက္ခဝေဒနာ ဥပါဒ်ဆဲခဏ၌ သုခဝေဒနာနှင့်ယှဉ်သော တရားတို့ဖြစ်ဆဲမဟုတ်ကုန်၊ ထိုပုဂ္ဂိုလ်တို့အား ဒုက္ခဝေဒနာနှင့်ယှဉ်သော တရားတို့ဖြစ်ဆဲဖြစ်ကုန်၏။

(ခ) သဗ္ဗေသံ စဝန္တာနံ ဝိနာ သုခါယ ဝေဒနာယ ဥပပဇ္ဇန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ ဥပေက္ခာဝေဒနာ သမ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ အသညသတ္တာနံ သုခါယ ဝေဒနာယ သမ္ပယုတ္တာ စ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ စ ဓမ္မာ နုပ္ပဇ္ဇန္တိ။

စုတေဆဲ ဖြစ်ကုန်သောသတ္တဝါ အလုံးစုံတို့အားငှင်း, ပဝတ္တိအခါ စိတ်တို့၏ ဘင်ခဏ၌ငှင်း, ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စိတ်၏ဥပါဒ်ခဏ၌ငှင်း, အသညသတ်ပုဂ္ဂိုလ်တို့အားငှင်း သုခဝေဒနာနှင့်ယှဉ်သော တရားတို့ဖြစ်ဆဲ မဟုတ်ကုန်၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော တရားတို့လည်း ဖြစ်ဆဲမဟုတ်ကုန်။

ဤသို့ စသောနည်းလမ်းအားဖြင့် ပရမတ္ထတရားတို့၏ အစုံအစုံတွဲ၍ ဟောကြားပုံနည်းကို အဘိဓမ္မာအရာတွင် လိမ္မာသော ပညာရှိမှန်သမျှတို့ ချဲ့ထွင်၍သိခြင်းငှါ လွယ်ကုန်သတည်း၊ ဤနည်းအတိုင်း ချဲ့ထွင်၍ သွားပါလျှင် ယမိုက်ကျမ်းပေါင်းများစွာ ကျယ်ပွားလေရာသတည်း။

တတိယပုစ္ဆာအဖြေပြီး၏။

---

## ၄-စတုတ္ထပုစ္ဆာအဖြေ

ထိုယမိုက်ဆယ်ကျမ်းတို့၌ တခုတခုသောအဓိပ္ပါယ်ကို ထိုထိုနေရာပေါင်းများစွာတို့၌ အကြိမ်ပေါင်းများစွာ အဖန်ဖန်အထပ်ထပ် ဟောကြားတော်မူခြင်းတို့လည်း ပါရှိပါသည်၊ထိုသို့ဟောတော်မူခြင်းမှာ လွန်စွာကျယ်လွန်းသည့်ပြင် ဂန္ထဂရု ဟုဆိုအပ်သောကျမ်းလေးခြင်းများ ဖြစ်နေသည်ဟုထင်ပါသည်၊ ထပ်ခါထပ်ခါဆိုခြင်းတည်းဟူသော "ပုနရုတ္တိဒေါသ" လည်းသင့်သည်ထင်ပါသည်၊ ထိုသို့ ထပ်ခါထပ်ခါ အတိုင်းထက်အလွန် ဟောတော်မူရာဝယ် အကြောင်းကား မည်သို့ရှိသည်၊ အကျိုးကား မည်သို့ရှိသည်များကိုလည်း သိလိုပါသည်ဘုရား။

www.dhammaransi.com



## အဖြေကား

**အကြောင်းကို ရှေးဦးစွာဖြေဆိုမည်။** ။ဒေသနာနည်းသည် သုတ္တန်ဒေသနာနည်း, အဘိဓမ္မာ ဒေသနာနည်း ဟူ၍ နှစ်မျိုးရှိသည်။

**သုတ္တန်ဒေသနာနည်းမည်သည်ကား။** ။ထိုထိုသုတ္တန်များကို ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဟောကြားတော်မူသောအခါ တရားနာပုဂ္ဂိုလ်တို့၏ အလိုဆန္ဒနှင့် စိတ်နေစိတ်ထားကို ကြည့်ရှုတော်မူလေ့ရှိ၏၊ ဤဒေသနာနည်းဖြင့် ဟောသည်ရှိသော် ဤသတ္တဝါ အပေါင်းတို့သည် လွယ်ကူလျင်မြန်စွာ သစ္စာလေးပါးကို သိနိုင်ကြကုန်လတ္တံ့၊ ခန္ဓဒေသနာနည်းအားဖြင့် ဟောရအံ့လော၊ သို့မဟုတ် အာယတနဒေသနာနည်းအားဖြင့် ဟောရမည်လော၊ ဓာတုဒေသနာ နည်းအားဖြင့် ဟောရမည်လော-ဟူ၍ ဆင်ခြင်တော်မူ၏။

ခန္ဓဒေသနာနည်းဖြင့် ဟောတော်မူရာတွင်လည်း အကျဉ်းဥဒ္ဒေသနည်းဖြင့် ဟောလျှင် သင့်မည်လော၊ အကျယ်နိဒ္ဒေသနည်းဖြင့် ဟောမှသင့်မည်လော-ဟူ၍ ဆင်ခြင်တော်မူ၏၊ အာယတနဒေသနာနည်းဖြင့် ဟောတော်မူရာတွင်လည်း ထိုကဲ့သို့ပင်ဆင်ခြင်တော်မူသည်၊ ဤသို့လျှင် သုတ္တန်ဒေသနာနည်းဖြင့် ဟောတော်မူရာဝယ် သတ္တဝါတို့၏အဇ္ဈာသယကို ကြည့်ရှုဆင်ခြင်တော်မူပြီးလျှင် ကျွတ်ထိုက်သော သတ္တဝါတို့၏ အဇ္ဈာသယအားလျော်စွာ ဟောကြားတော်မူလေ့ရှိပေသည်။

ဤသို့သုတ္တန်နည်းအားဖြင့် ဟောတော်မူပုံ ဒေသနာအစဉ်တို့သည် များစွာရှိကုန်၏၊ ခန္ဓသံယုတ်၌ များစွာသော ခန္ဓဒေသနာသုတ္တန်နည်းတွေ သဠာယတနသံယုတ်၌ များစွာသော အာယတနဒေသနာ သုတ္တန်နည်းတွေ, ဓာတုသံယုတ်၌ များစွာသောဓာတုဒေသနာနည်းတွေ၊ ဤသို့စသည်ဖြင့်သုတ္တန်ဒေသနာ ဟောပုံနည်းတို့သည် များစွာပင်ရှိကြကုန်သည်၊ ဤသုတ္တန်တို့သည် သုတ္တန်ဒေသနာနည်းကိုဟောတော်မူရာ၌ ပြယုဂ်သက်သေတိပေတည်း။

www.dhammaransi.com



**အဘိဓမ္မာဒေသနာနည်းမည်သည်ကား။** ။တရားနာသော ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို ကြည့်ရှုတော်မူလေ့မရှိချေ၊ ပရမတ္ထတရားတို့၏ သဘာဝအစဉ်, သဗ္ဗညုတဉာဏ်တော်၏အစွမ်းကိုသာကြည့်ရှုတော်မူ၏။ .

[အချုပ်အားဖြင့်ဆိုလျှင် သုတ္တန်နည်းတို့ဖြင့် ဟောတော်မူရာ သတ္တဝါတို့၏ မျက်နှာကိုကြည့်တော်မူသည်၊ အဘိဓမ္မာနည်းဖြင့်ဟောတော်မူရာ ပရမတ္ထတရားတို့၏မျက်နှာနှင့် သဗ္ဗညုတဉာဏ်တော်မျက်နှာကိုသာ ကြည့်တော်မူသည်-ဟူ၍ ဆိုလိုသည်။]

ဤတရားတို့ကို ဤမျှလောက်သောအနက်သဘောဝေဖန်နည်း, ဤမျှလောက်သောသဒ္ဒါဝေဖန်နည်းတို့ဖြင့် အသီးအသီးဝေဖန်၍ဟောတော်မူမှသင့်လျော်မည်ဟူ၍ထင်မြင်တော်မူလျှင် ချွင်းချန်ခြင်းမရှိဘဲ အပြည့်အစုံအကျယ်ဝိတ္ထာရဖွင့်၍ ဟောတော်မူသည်၊ အဘိဓမ္မာနည်းဖြင့်ဟောတော်မူသောအခါ ပရမတ္ထတရားတို့၏သဘာဝအစဉ်ရှိသောအတိုင်း, သဗ္ဗညုတဉာဏ်တော်၏ အစွမ်းရှိတိုင်း မဆုတ်မနစ်ဟောကြားတော်မူသည်။

[ခန္ဓဝိဘင်းပါဠိတော်ကြီး၌ ဟောတော်မူပုံ, ခန္ဓယမိုက် ပါဠိတော်ကြီး၌ ဟောတော်မူပုံများကို ထောက်ထားဆင်ခြင်လေကုန်။]

ထို့ကြောင့် အလုံးစုံသော မြတ်စွာဘုရားတို့သည် အဘိဓမ္မာဒေသနာတရားကို ဟောကြားတော်မူကြရာ နတ်ပြည် တို့၌သာလျှင် ဟောတော်မူလေ့ရှိကုန်၏၊လူ့ပြည်လောက၌ ဟောတော်မူလေ့မရှိကုန်။

**အဘိဓမ္မာကျမ်းတို့မည်သည်ကား။** ။တိက်အစဉ် ဒုက်အစဉ်အားဖြင့် တဖွဲ့တည်းဖွဲ့ယှက်အပ်ကုန်သည်ဖြစ်၍ အစကအဆုံးတိုင်အောင် ဟောကြားရပါမှအရေလယ်၏၊ အစကအဆုံးတိုင်အောင် နာကြားရပါမှ အရေလယ်၏၊ ထိုအဘိဓမ္မာတရားအစဉ်ကို တခုသောပရိသတ်၌ တခုတည်းသောဣရိယာပုထ်ကိုမဖျက်ဘဲ တစဉ်တည်း ဟောကြားခြင်းငှါ သင့်လျော်၏၊ ဣရိယာပုထ်အမျိုးမျိုး, ပရိသတ်အမျိုးမျိုး ပြောင်းလဲခါ အကြိမ်ကြိမ်ဟောကြားခြင်းငှါ သင့်လျော်သောဒေသနာမျိုးမဟုတ်ချေ။

**ဥပမာ။** ။ကုသလတိက်တခုကို ဓမ္မသင်္ဂဏီကျမ်းမှအစပြု၍ ဟောတော်မူရာ ပဋ္ဌာန်းကျမ်းသို့တိုင်ရောက်မှ သဘောအလုံးစုံ ပြီးဆုံး၏၊ တပိုင်းပြတ် ဟောခြင်းငှါလည်းမထိုက်၊ တပိုင်းပြတ် ကြားနာခြင်းငှါ

www.dhammaransi.com



လည်းမထိုက်၊ အပြတ်ပြတ်အတောက်တောက်ဟောကြားခြင်း,အပြတ်အတောက်နာကြားခြင်းတို့ဖြင့်အဘိဓမ္မာဒေသနာတော်ကြီးအာရုံဝင်နိုင်မည်မဟုတ်ပေ၊ "တန္ခယ်ငင်, တစင်ပါ" ဆိုသကဲ့သို့ကုသလတိက်ဟု ဆိုအပ်သော တရားနွယ်ကြီးကို စ၍ကိုင်လိုက်လျှင်ပဋ္ဌာန်းဒေသနာသို့ တိုင်ရောက်မှ ထိုကုသလတိက်တရားနွယ်ကြီး ပြီးဆုံးလေတော့သည်။

ထို့ကြောင့် အဘိဓမ္မာတရားတော်များကို တာဝတိံသာနတ်ပြည်သို့တက်၍ ဝါတွင်းသုံးလပတ်လုံး ဣရိယာပုထ်တခုတည်းဖြင့် မြတ်စွာဘုရားဟောကြားတော်မူရပေသတည်း။

**လူတို့မည်သည်ကား။** ။ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားပြီးဆုံးသည်တိုင်အောင် ကြားနာခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ဝါတွင်းသုံးလပတ်လုံး ခိုင်ခန့်သော ဣရိယာပုထ်များကို မစွမ်းဆောင်နိုင်ကြကုန်၊ အဘိဓမ္မာတရားတော်ကလည်း ဝါတွင်းသုံးလပတ်လုံး ဣရိယာပုထ်တခုတည်းဟောကြားမှ ပြီးဆုံးနိုင်ပေမည်၊ ထို့ကြောင့် အဘိဓမ္မာတရားတော်ကြီးကို လူ့ပြည်လောကမှာဟောတော်မမူဘဲ နတ်ပြည်သို့တက်၍ ဟောတော်မူရလေသတည်း၊ နတ်ဗြဟ္မာတို့မှသာလျှင် အစအဆုံးတိုင်အောင် ဣရိယာပုထ်တခုတည်းဖြင့် ကြားနာနိုင်ကြသည်၊ လူတို့၏ အရေအတွက်အားဖြင့် ဝါတွင်းသုံးလဆိုသည်မှာ နတ်တို့၏ အရေအတွက်အားဖြင့် တနာရီမျှကြာမြင့်သည်မဟုတ်ချေ။

**မြတ်စွာဘုရားသည်။** ။အဘိဓမ္မာတရားတော်ကို နတ်ပြည်လောက၌သာ တကြိမ်တခါမျှ ဟောတော်မူသည်၊ လူ့ပြည်လောက၌ ဟောတော်မူသည်ဟူ၍မရှိ၊ ရှင်သာရိပုတ္တရာအား ဟောကြားတော်မူ၏—ဟု ဆိုသော်လည်း နတ်ပြည်မှာ ဟောတော်မူသကဲ့သို့ အကျယ်ဝိတ္ထာရ အားဖြင့် ဟောကြားတော်မူသည်မဟုတ်၊ နည်းပြရုံမျှသာလျှင် အကျဉ်းချုပ်၍ ဟောတော်မူသည်၊ ရှင်သာရိပုတ္တရာသည်လည်း ပညာအရာတွင် တေဇဂ်တင်အပ်ပြီးသော အသျှင်မြတ်ကြီး ဖြစ်တော်မူသော အတိုင်း အကျဉ်းကိုဟောကာမျှဖြင့် အကျယ်ဝိတ္ထာရကို အပြည့်အစုံ မြင်တော်မူသည်။

www.dhammaransi.com



**သဗ္ဗညုတဉာဏ်တော်သည်**-သုတ္တန်ဒေသနာနည်းအားဖြင့်ဟောတော်မူရာဝယ် ကျယ်ဝန်းစွာ အစွမ်းရှိသမျှ ကွန့်မြူးခွင့်ကို မရချေ၊ အဘိဓမ္မာဒေသနာနည်းဖြင့် ဟောတော်မူမှသာလျှင် ကျယ်ဝန်းစွာ အစွမ်းရှိသမျှ ကွန့်မြူးခွင့်ကို ရနိုင်သည်၊ အဘိဓမ္မာ ၇-ကျမ်းတို့တွင်ပဋ္ဌာန်းနည်းသို့ ရောက်မှသာလျှင် သာလွန်၍ကွန့်မြူးခွင့်ကိုရနိုင်သည်၊ပဋ္ဌာန်းဒေသနာတော်သည် သဗ္ဗညုတဉာဏ်တော်၏ ကျယ်ဝန်းစွာ ကျက်စားကွန့်မြူးရာ အစစ်ကြီးဖြစ်ပေသည်၊ လူ့ပြည်လောက၌ ဟောတော် မူအပ်သော သုတ္တန်နည်းတို့ဖြင့် ဉာဏ်တော်၏ ကွန့်မြူးခွင့်ကို ရနိုင်ဖွယ် အကြောင်း မရှိ။

ထို့ကြောင့် ၇-ဝါ ပြည့်မြောက်တော် မူသောအခါ သဗ္ဗညုတဉာဏ်တော်အဟုန်ကို အစွမ်းကုန်လွှတ်၍ ကျက်စားစိမ့်သောငှါ တာဝတိံသာ နတ်ပြည်သို့ တက်ပြီးလျှင် အဘိဓမ္မာဒေသနာ အံစဉ်များကို ဟောကြားတော်မူပေသတည်း။

**မှတ်ရန်အချက်တခုမှာ။** ။အဘိဓမ္မာဒေသနာတော်နည်းသည် ဉာဏ်တော်၏အဟုန်ကို အစွမ်းကုန် လွှတ်၍ ဟောတော်မူသော နည်းဖြစ်လေသောကြောင့် ဝေနေယျသတ္တဝါတို့အား ကျွတ်တမ်း ဝင်စေခြင်းငှါ မစွမ်းနိုင်၊ ဝေနေယျသတ္တဝါတို့၏ ဉာဏ်သည် သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သော အဘိဓမ္မာဒေသနာနည်းကို မှီအောင် မလိုက်နိုင်၊ ကုသလာဓမ္မာ အစရှိသောတရား,ခန္ဓာ အာယတန အစရှိသော တရားတို့ကို သုတ္တန်နည်းအားဖြင့်သိလွယ်မှတ်လွယ်ရုံ ဟောတော်မူမှသာလျှင် ဝေနေယျသတ္တဝါတို့ မှတ်သားနိုင်ကြကုန်၏၊ဉာဏ်မှီနိုင်ကြကုန်၏၊ သစ္စာလေးပါးကို သိမြင်ခြင်းငှါ စွမ်းနိုင်ကြကုန်၏။

အဘိဓမ္မာ ဒေသနာနည်းဖြင့် အကျယ်ဖြန့်ချီ၍ ဟောတော်မူသည်ရှိသော် ဟောသမျှကို ဉာဏ်မမှီနိုင်၍ မှတ်သားရုံမျှ မမှတ်သားနိုင်ကြ၊ သစ္စာလေးပါးကိုသိနိုင်ရန်မှာများစွာဝေးလေ၏၊ ထို့ကြောင့် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူစဉ် အတွင်းမှာပင် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ကျွတ်စိမ့်သောငှါ သုတ္တန်နည်းများကို အကြားတွင် ညှပ်ခါညှပ်ခါ ဟောတော်မူရလေသည်။

www.dhammaransi.com



ထိုသို့သုတ္တန်နည်းတို့ဖြင့် ကြားညှပ်ခါ ဟောတော်မူသောကြောင့်ပင် လျှင် အဘိဓမ္မာ ဒေသနာတရားတော်ကြီးကို ဟောတော်မူ၍အပြီးတွင် နတ်ဗြဟ္မာပေါင်း ကုဋေရှစ်ဆယ် ကျွတ်တမ်း ဝင်နိုင်ကြကုန်သည်၊ သတ္တဝါတို့၏ မျက်နှာကို ငဲ့ညှာခြင်းမရှိဘဲ အဘိဓမ္မာနည်း သက်သက် ကိုသာ ဟောတော်မူမည်ဆိုပါလျှင် ထိုမျှလောက်သော နတ် ဗြဟ္မာအ ပေါင်းတို့ ကျွတ်တမ်း ဝင်နိုင်ကြမည် မဟုတ်ချေ။

ဤကဲ့သို့သော သဘောသွားကို ထောက်ထားဆင်ခြင်သဖြင့်–

၁။ သုတ္တန်ကျမ်းတို့သည် ဝေနေယျသတ္တဝါတို့၏ သစ္စာလေးပါးကို ပွင့်လင်းစွာသိကြစေရန် ရွက်ဆောင်သော ကျမ်းတို့ ဖြစ်ကြပေကုန် သည်-ဟူ၍ သိအပ်၏။

၂။ အဘိဓမ္မာကျမ်းတို့သည်ကား သစ္စာလေးပါးကိုသိမြင်ပေါက် ရောက်ပြီးသော ပုဂ္ဂိုလ်တို့၏ ပဋိသမ္ဘိဒါဉာဏ် ရင့်သန်ကြီးပွားခြင်း အ ကျိုးကို ရွက်ဆောင်သော ကျမ်းတို့ဖြစ်ကြပေကုန်သည်၊ ယခုအခါသစ္စာ လေးပါးကို မသိကြရသေးကုန်သော ပုထုဇဉ်သတ္တဝါတို့အားလည်း နောင်အခါ ပဋိသမ္ဘိဒါဉာဏ်ကိုရစေခြင်းငှါ ကျေးဇူးပြုသော ကျမ်းတို့ ဖြစ်ကြပေကုန်သည်-ဟူ၍ သိအပ်၏၊ ကျွတ်တမ်း ဝင်ကြသောအခါ ပဋိ သမ္ဘိဒါဉာဏ် လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် လွန်စွာရှားပါး ၏၊ရဟန္တာဖြစ်တိုင်းလည်း ပဋိသမ္ဘိဒါဉာဏ်ကို မရနိုင်၊ဈာန်အဘိညာဉ် ကို ရတိုင်းလည်း ပဋိသမ္ဘိဒါဉာဏ်နှင့်မပြည့်စုံနိုင်။

ထို့ကြောင့် ဈာန်အဘိညာဉ်ကိုလည်းရ၊ ပဋိသမ္ဘိဒါဉာဏ်နှင့် လည်း ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ဆိုသည်မှာ လွန်စွာ ရှားပါးလေသ တည်း၊ ထိုကဲ့သို့ ပြည့်စုံသော ပုဂ္ဂိုလ်မျိုးကို "ဆဠာဘိညပဋိသမ္ဘိဒါ ပတ္တရဟန္တာ" ဟူ၍ခေါ်ဆို သမုတ်အပ်ပေသည်၊ ဈာန် အဘိညာဉ်နှင့် ပြည့်စုံခြင်းမှာလွယ်ကူ၏၊ ပဋိသမ္ဘိဒါဉာဏ် လေးပါးနှင့် ပြည့်စုံခြင်းမှာ ထို့ထက်ခဲယဉ်းလေသည်၊ မြတ်စွာဘုရား လက်ထက်တော်မှာပင်သော် လည်း ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ပါးရှား လျက်ပင်ရှိချေ၏၊ ရှေးရှေးဘဝတို့က အဘိဓမ္မာဒေသနာများကို လေ့ လာဘူးသောပါရမီအခံရှိခဲ့ပါမှ ပဋိသမ္ဘိဒါဉာဏ်နှင့် ထက်သန်စွာပြည့် စုံနိုင်သည်။

www.dhammaransi.com



**အဘိဓမ္မာဒေသနာဆိုသည်မှာလည်း။** "ဘုရားရှင်တို့ပွင့်တော်မူသော ဗုဒ္ဓခေတ်အခါကြီးမှာမှ ထွန်းကား ပေါ်ပေါက်မြဲဓမ္မတာ ဖြစ်သောကြောင့် သာသနာတော်ကြီးနှင့် တွေ့ကြုံဘူးပါမှ အဘိဓမ္မာဒေသနာများကို လေ့လာရန်အခွင့်ကိုရနိုင်သည်၊ သာသနာတော်နှင့်တွေ့ကြုံတိုင်းလည်း အဘိဓမ္မာဒေသနာများကို လေ့လာခွင့်ရရှိနိုင်သည်မဟုတ်၊ အဘိဓမ္မာဒေသနာနှင့် အခွင့်ကြုံမှလည်းလေ့လာခွင့်ကို ရရှိနိုင်သည်။

ယခုမျက်မှောက်ဒိဋ္ဌအားဖြင့် ဤမြန်မာနိုင်ငံတော်သည် ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားရာဌာနကြီး ဖြစ်သောကြောင့် အဘိဓမ္မာဒေသနာတော်များလည်း ဤမြန်မာနိုင်ငံတော်တွင် ထွန်းကားခိုက်ကြုံလျက်ရှိ၏၊ ထိုသို့ပင် အဘိဓမ္မာဒေသနာတော်ကြီး ထွန်းကားပါသော်လည်း အဘိဓမ္မာကျမ်းဂန်ကြီးများကို ထိထိရောက်ရောက် အားထုတ်ကြိုးစားခါ လေ့လာသော ရှင်,လူပုဂ္ဂိုလ်များ မည်မျှလောက်ပေါများပါသနည်း–ဟူ၍ ဆင်ခြင်ကြည့်ရှုပါလျှင် လွန်စွာနည်းပါးကြောင်းကို သိရှိနိုင်ကြပေလိမ့်မည်။

အဘိဓမ္မာတတ်ကျွမ်းသောပုဂ္ဂိုလ်တို့က နက်နဲသောအဘိဓမ္မာနည်းများကို ဟောကြားပါသော်လည်း ကြားနာသောပုဂ္ဂိုလ်တို့မှာ ဉာဏ်မမှီရှာကြသဖြင့် ရွှင်လန်းနှစ်သက်စွာ မနာနိုင်ကြကုန်၊ အဘိဓမ္မာဒေသနာနည်းသက်သက်ကို အခြောက်တိုက် တရားရိုးကြီးစသည်ဖြင့်ပြောဆိုတတ်ကြလေသည်။

သုတ္တန်ဒေသနာများကို ဝတ္ထုသက်သေ တင်ခါတင်ခါနှင့် စိုစိုရွှမ်းရွှမ်းဟောကြားသောအခါ လွန်စွာနှစ်သက်၍ သဘောကျစွာနှင့် တရားတော်ကို ချီးမွမ်းကြလေသည်၊ မိမိတို့ဉာဏ်မှီသမျှကိုသာ နှစ်သက်ကြသည်မှာလည်း သတ္တဝါတို့အလေ့ဓမ္မတာကြီးဖြစ်ပေသည်၊ မျက်မြင်ဒိဋ္ဌအားဖြင့် ဤသို့ထင်ရှားပြီးဖြစ်လေသောကြောင့် ကျွတ်တမ်းဝင်ကြသောအခါ ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်နည်းပါးပုံကို အကြောင်းယုတ္တိနှင့်တကွ သိသာထင်ရှားလှပေသတည်း။

ကျွတ်တမ်းဝင်သောအခါ ဈာန်အဘိညာဉ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ကား မရှားလှချေ။

www.dhammaransi.com



**ဈာန်အဘိညာဉ်ဆိုသည်မှာ။** "မြတ်စွာဘုရား သာသနာ တော် တည်ထွန်းသော ခေတ်အတွင်းမှာမှ ဖြစ်ပေါ်သော တရားမျိုးမဟုတ်၊ သာသနာပအခါတို့၌သော်လည်း ဈာန်အဘိညာဉ်တရားများထွန်းကား လျက်ရှိသဖြင့် ယိုတရားများကို အားထုတ်ခွင့်ရရှိနိုင်ကြသည်၊ ဈာန်အဘိ ညာဉ်တရားတို့ကို အားထုတ်ခွင့်ရရှိနိုင်သောအချိန်တို့သည်ကား အနမတဂ္ဂ သံသရာတွင် လွန်စွာများပြားပါ၏၊ အဘိဓမ္မာဒေသနာတော် တို့ကို လေ့လာ အားထုတ်ရန်ဖြစ်သောအချိန်နှင့် ခေတ်တို့သာလျှင် များစွာရှားပါးလှလေသည်။

ဈာန်အဘိညာဉ်ကို အားထုတ်လေ့လာဘူးသူတွေ များလှသဖြင့် ကျွတ်တမ်းဝင်သောအခါ ဆဠာဘိညခေါ်သော အဘိညာဉ်ရပုဂ္ဂိုလ် တွေ မြောက်မြားစွာ ထွန်းကားနိုင်ကြလေသတည်း၊ ဤသဘောသွား ကို သမ္ပဇဉ်ဉာဏ်အားဖြင့် ဆင်ခြင်မိကြပါလျှင် နောင်ပွင့်တော်မူလတ္တံ့ သောဘုရားရှင်တို့၏ လက်ထက်တော်တွင် ကျွတ်တမ်းဝင်သောအခါ ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံကြရလေအောင် ယခု ဗုဒ္ဓသာသနာတော် ကြီးနှင့် ကြုံကြိုက်သည့်ခေတ်ကောင်းကြီးမှာ အဘိဓမ္မာဒေသနာတို့ကို ထိထိရောက်ရောက် ပေါက်မြောက်သည်တိုင်အောင် လေ့လာအား ထုတ်သင့်ကြပေသည်ဟု သတိရှိထိုက်ကြပေသည်။

**ဥယျောဇဉ်ဂါထာ**

ပဋိသမ္ဘိဒါဉာဏာယ၊ လာဘာယ အာယတိံ ဓုဝံ။
အဘိဓမ္မဒေသနာသု၊ အလံ အာရဘိတုံ ဣဓ။ ။

အာယတိံ၊ ကျွတ်တမ်းဝင်ရာ နောင်အခါ၌။ ဓုဝံ၊ မချွတ်ကေန် အမှန်မလွဲသဖြင့်။ ပဋိသမ္ဘိဒါဉာဏာယ၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးကို။ လာဘာယ၊ ရရှိပိုင်နိုင်ခြင်းအကျိုးငှါ။ ဣဓ၊ ယခုဒိဋ္ဌ တွေ့ကြုံရသော ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးအတွင်း၌။ အဘိဓမ္မဒေသနာသု၊ နက်နဲဆန်းကြယ် နည်းအသွယ်သွယ်တို့ဖြင့် အကျယ်ဖွင့်လှစ်၍ ဟော တော်မူအပ်သော အဘိဓမ္မာဒေသနာနည်းတို့၌။ အာရဘိတုံ၊ ထိထိ ရောက်ရောက် ပေါက်မြောက်အောင် အားထုတ်ခြင်းငှါ။ အလံ၊ မလွဲ သာအောင် မရှောင်သာဘဲ အမြဲမုချ သင့်လျော်လှပေသတည်း။

www.dhammaransi.com



ပဋိသမ္ဘိဒါဉာဏ်လေးပါးသရုပ်ကို အမြွက်မျှ ပြဆိုဦးအံ့။

၁။ အတ္ထပဋိသမ္ဘိဒါ-အကျိုးတရားဟူသမျှနှင့် သဘောသဘာဝ တို့ကို ကျနပိုင်နိုင်စွာ သိသောဉာဏ်,

၂။ ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရား ဟူသမျှတို့ကို ကျနပိုင်နိုင်စွာ သိသောဉာဏ်,

၃။ နိရုတ္တိပဋိသမ္ဘိဒါ-သဒ္ဒါအမျိုးမျိုး,ဘာသာအမျိုးမျိုး,ဝေါဟာရ ပညတ်အမျိုးမျိုးတို့ကို ကျနပိုင်နိုင်စွာသိသောဉာဏ်,

၄။ ပဋိဘာနပဋိသမ္ဘိဒါ-ခွင့်ကြုံသောအခါ ဆိုင်ရာဆိုင်ရာ ဥပမေယျနှင့်တကွ ရှင်းလင်းစွာဖော်ပြရန် အလိုလိုထင်လာသော ဉာဏ်,

[ဤကား ပဋိသမ္ဘိဒါ ဉာဏ်တော်ကြီးလေးပါးတည်း။]

အဘိဓမ္မာဒေသနာနည်းများကို လေ့လာဘူးသော ပါရမီရှိပါလျှင် နောင်ကျွတ်တမ်းဝင်သောအခါ ဤပဋိသမ္ဘိဒါဉာဏ်တော်ကြီးလေးပါး နှင့် ပြည့်စုံနိုင်သည်၊ ထိုသို့ပြည့်စုံသောအခါ ရှိရှိသမျှသော ပရမတ္ထ သဘာဝတို့နှင့်တကွ သိမြင်ထိုက်သမျှသောအရာတို့ကို ပညာဉာဏ်အား ဖြင့် ကျနပိုင်နိုင်စွာသိမြင်နိုင်သည်၊ တပါးသော ပုဂ္ဂိုလ်တို့အားလည်း ထင်ထင်ရှားရှား ဟောကြားညွှန်ပြနိုင်သည်၊ မိမိအကျိုး, သူတပါးတို့၏ အကျိုးတို့ကို ထိထိရောက်ရောက်ကြီး ရွက်ဆောင်နိုင်သည်၊ မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ပဌမသင်္ဂါယနာ တင်ပွဲကြီးကို ကျင်းပတော်မူရန် ရှင်မဟာကဿပကိုယ်တော်ကြီးက ရဟန္တာပုဂ္ဂိုလ် တွေကို ရွေးချယ်တော်မူရာတွင်လည်း သင်္ဂါယနာတင်ခြင်း၄ါ စွမ်းနိုင် မည့်အခြေနှင့် ပြည့်စုံသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီး တွေကိုသာ ရွေးချယ်တော်မူသည်များကိုလည်း ထောက်ထားရာ၏၊

အကျယ်တဝင့် ပြဆိုအပ်ခဲ့ပြီးသောအတိုင်း ယမိုက်ကျမ်းသည် အဘိဓမ္မာကျမ်းဂန်ကြီးဖြစ်၏၊ ထိုကျမ်းဂန်၌ပါရှိသော ဒေသနာအစဉ် တို့သည် အဘိဓမ္မာဒေသနာ အစဉ်တို့သာလျှင် ဖြစ်ကုန်၏၊ ထို့ကြောင့် အကြိမ်ကြိမ်ဟောတော်မူရခြင်း, အထပ်ထပ်ဟောတော်မူရခြင်း တို့ဖြင့် ကျယ်ဝန်းရလေသည်၊ အကြိမ်ကြိမ် အထပ်ထပ် ဟောတော်မူရခြင်း

www.dhammaransi.com



မှာ ဒေသနာအစဉ်နည်းနှင့် သက်ဆိုင်လာလျှင် နောက်ကဟောခဲ့ပြီး ဟူ၍ချန်ထားတော်မမူဘဲ အစဉ်ရှိသည့်အလျောက် ထပ်၍ပင် ဟော တော်မူပြန်သည်၊ သို့ဖြစ်၍ ဤယမိုက်ကျမ်းကို ကျမ်းကြီးဖြင်း, ကျမ်း လေးခြင်းတည်းဟူသော "ဂန္ထဂရု ဒေါသ"သင့်သည် ဟူ၍ငြင်း, အဖန် ဖန်ထပ်ခါထပ်ခါ ဆိုခြင်းတည်းဟူသော "ပုနရုတ္တိဒေါသ" သင့်သည် ဟူ၍ငြင်း အပြစ်မတင်ထိုက်ချေ။

[အဘိဓမ္မာဒေသနာတော်အစဉ်ကို အပြစ်ဆိုလျှင် မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကိုထိခိုက်လေသဖြင့် အပြစ်ဆိုသူမှာ များစွာ ဝန်လေးလှလေသည်။]

အဘိဓမ္မာ ကျမ်းဂန်ကြီးများကို အမှီပြု၍ အကျဉ်းအားဖြင့် ရေး သားအပ်သော နောက်ဖြစ်ကျမ်းငယ်တို့၌မူကား အဘိဓမ္မာဒေသနာ အစဉ်နည်းအားဖြင့် ရေးသားကြသည် မဟုတ်ကြကုန်သောကြောင့် ကျမ်းလေးခြင်းတည်းဟူသော"ဂန္ထဂရုဒေါသ" ထပ်ခါ ထပ်ခါဆိုခြင်း တည်းဟူသော "ပုနရုတ္တိဒေါသ"များကို ရှောင်ရှားကြကုန်၏၊မရှောင် ရှားလျှင် ထိုအပြစ်များသင့်မည်အမှန်ပင်တည်း။

[ဤစကားရပ်ကား ယမိုက်ကျမ်း၏ ကျမ်းလေးခြင်း, ကျမ်းကြီးခြင်း, အဖန်ဖန် အထပ်ထပ် ဟောတော်မူရခြင်း၏ အကြောင်းကို ဖြေဆိုသော စကားရပ်ပေ တည်း။]

**ထိုသို့ဟောတော်မူရခြင်း၏ အကျိုးမှာမူကား။** ။ပဋိသမ္ဘိဒါဉာဏ်ရင့် သန်ပွင့်လင်းစေခြင်းတည်းဟူသော အကျိုးပင်တည်း၊ မျက်မှောက်ဒိဋ္ဌ အားဖြင့် အဘိဓမ္မာဒေသနာတော်ကြီးများကို လေ့လာသောအခါ အကျဉ်းဟောခြင်း, အကျယ်ဟောခြင်း, မူလတည်၍ဟောခြင်း, မူလီ သွင်း၍ဟောခြင်း, စက်လှည့်၍ဟောခြင်းမှစ၍ အဘိဓမ္မာဒေသနာနည်း အမျိုးမျိုးတို့ကို ကျယ်ဝန်းပြန့်ပြူးစွာ သိနိုင်ခြင်းအကျိုးရှိ၏၊ ထိုသို့နည်း ပေါင်းများစွာကို သိရှိရခြင်းကိုအရင်းပြု၍ အရာရာတွင် နည်းနာ နိဿယ အမျိုးမျိုးဖြင့် ဉာဏ်အမြင် ပေါက်ရောက်နိုင်ခြင်း အကျိုးကို လည်းဖြစ်စေနိုင်၏။

[ဤကား အကျိုးကို ပြဆိုအပ်သော စကားရပ်ပေတည်း။]

စတုတ္ထပုစ္ဆာအဖြေပြီး၏။

www.dhammaransi.com



## ၅-ပဥ္စမပုစ္ဆာအဖြေ

ယမိုက်ဆယ်ကျမ်းတို့တွင် တခုခုသောယမိုက်ကျမ်း၏လိုရင်းအချုပ်ဖြစ်သော ပိဏ္ဍတ္ထအဓိပ္ပါယ်များကိုလည်း အသီးသီးပိုင်းခြား၍ သိလိုပါသည်ဘုရား။

### အဖြေကား

ဤပဥ္စမပုစ္ဆာသည် မေးပုံအားဖြင့် ကျဉ်းသော်လည်း ဖြေဆိုရန်အချက်မှာ လွန်စွာကျယ်ဝန်းလှ၏၊ ယမိုက်ဆယ်ကျမ်းလုံး၏ လိုရင်းအဓိပ္ပါယ်စုကို ခြုံ၍မေးမြန်းသဖြင့် စေ့စုံစွာဖြေဆိုရပေလိမ့်မည်၊ မူလယမိုက်ကျမ်းမှစ၍ တကျမ်းစီ,တကျမ်းစီထုတ်ပြီးလျှင် လိုရင်းအဓိပ္ပါယ်များကိုဖြေကြားပေအံ့။

### (က) မူလယမိုက်သဘောအချုပ်

၁—မူလတရားကိုးပါးရှိသည်။

၁။ လောဘ, ဒေါသ, မောဟ,အကုသိုလ်မူလသုံးပါး။

၂။ အလောဘ, အဒေါသ, အမောဟ, ကုသိုလ်မူလသုံးပါး။

၃။ အလောဘ, အဒေါသ, အမောဟ, အဗျာကတမူလသုံးပါး။

အလုံးစုံပေါင်းလျှင်မူလတရားကိုးပါးရှိ၏။

မူလနှင့် ဟေတုသည် သဒ္ဒါမျှသာကွဲ၏၊ အနက်သဘောမှာအတူတူပင်ဖြစ်သည်၊ ဟိတ်တရားကိုးပါးရှိ၏-ဟူ၍ ဆိုလျှင်လည်း ဆိုနိုင်သည်၊ ယမိုက်ကျမ်း၌ "မူလ" ဟူသောအမည်ဖြင့် ဟောတော်မူသည်၊ ပဋ္ဌာန်းကျမ်း၌ "ဟေတု" ဟူသောအမည်ဖြင့်ဟောတော်မူသည်၊ ဤအရာ၌မူကား၊ ယမိုက်ကျမ်းနှင့်စပ်လျဉ်းသောအရာဖြစ်၍ "မူလ" ဟူသောအမည်ဖြင့်သာဆိုရန်အချက်ဖြစ်ပေသည်။

မူလသဒ္ဒါ၏အနက်ကား အရင်းအမြစ်, ဟေတုသဒ္ဒါ၏အနက်ကား အကြောင်းဖြစ်သည်။

အကုသိုလ်၏ အမြစ်အရင်းများကို အကုသိုလ်မူလ, ကုသိုလ်၏အမြစ်အရင်းများကို ကုသိုလ်မူလ,အဗျာကတတို့၏အမြစ်အရင်းများကို အဗျာကတမူလ—ဟူ၍ဆိုရသည်။

www.dhammaransi.com



လောဘ, ဒေါသ, မောဟ တည်းဟူသော အမြစ်ကြီးတွေရှိနေခဲ့လျှင် အကုသိုလ်တရားတွေ တဝေဝေတဖါးဖါး ဖြစ်ပွားရျှနေလိမ့်မည်၊ အလောဘ, အဒေါသ, အမောဟ အမြစ်ကြီးတွေရှိနေခဲ့လျှင် ကုသိုလ်တရားတွေ တဝေဝေတဖါးဖါး ဖြစ်ပွားရျှနေလိမ့်မည်။

**အဇ္ဈာကတဆိုသည်မှာ။** ။ကုသိုလ်, အကုသိုလ် နှစ်ပါးတို့မှ လွတ်သောသဘောတို့ပေတည်း၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးတို့လည်းဖြစ်၏၊ ကုသိုလ်ဟူ၍မဆိုရ၊ အကုသိုလ်ဟူ၍လည်း မဆိုရသော ကြိယာတို့လည်းဖြစ်ကုန်၏။

လောဘ, ဒေါသ, မောဟတည်းဟူသော အမြစ်ကြီးသုံးပါးတို့ကို အကြွင်းမဲ့ပယ်သတ်နိုင်လျှင် အကုသိုလ်တရားတွေမဖြစ်နိုင်ကုန်၊ အလောဘ, အဒေါသ, အမောဟတည်းဟူသော အမြစ်ကြီးသုံးပါးတို့ကို အကြွင်းမဲ့ပယ်နိုင်လျှင် ကုသိုလ်တရားတွေမဖြစ်နိုင်ကုန်၊ အကုသိုလ်, ကုသိုလ်တို့ကုန်ခန်းလျှင် ရဟန္တာဖြစ်၍ ဝဋ်မှထွက်မြောက်နိုင်၏၊ လောဘ, ဒေါသ, မောဟ တည်းဟူသော အကုသိုလ်မူလကြီးတွေကိုသာ ပယ်သတ်ရန် အထူးအားထုတ်ကြိုးစားကြရသည်၊ ထိုအကုသိုလ်မူလကြီးတွေကို ပယ်နိုင်လျှင် ကိစ္စပြီးလေတော့၏၊ ကုသိုလ်မူလကြီးတွေကို ပယ်ရန် တစခန်းထုတ်၍ပြုလုပ်ဖွယ်မရှိတော့ချေ။

အကုသိုလ်မူလကြီးသုံးပါးကို ပယ်ရှားရန်ဖြစ်သော လက်နက်ကား အခြားမဟုတ် ကုသိုလ်မူလကြီး သုံးပါးပင်ဖြစ်သည်။

၁။ အကုသိုလ်မူလကြီးသုံးပါးတို့သည် ပယ်ရှားအပ်သော "ပဟာတဗ္ဗ" တရားတို့ပေတည်း။

၂။ ကုသိုလ်မူလကြီး သုံးပါးတို့သည် ပယ်ရှားတတ်သော "ပဟာယက" တရားတို့ပေတည်း။

အကုသိုလ်မူလကြီးသုံးပါးတို့သည် ထကြွသောင်းကျန်းသော သူပုန်ကြီးတွေနှင့်တူကုန်၏၊ ကုသိုလ်မူလကြီးသုံးပါးတို့သည် သူပုန်တွေကို နှိပ်နင်းသောဗိုလ်ကြီးတွေနှင့်တူကုန်၏၊ ကုသိုလ်မူလနှင့် အကုသိုလ်မူလတို့သည် အချင်းချင်း ဆန့်ကျင်ဖက် ရန်ဖက်ဖြစ်၍နေကြကုန်သည်၊ဤကဲ့သို့

www.dhammaransi.com



သောမူလတို့၏သဘောများကိုလည်း စဉ်းစားဆင်ခြင်လျက် ဉာဏ်အမြင်ပွင့်လင်းသင့်ကြလေသည်။

[မူလနှင့်စပ်၍ ပြဆိုအပ်သောစကားရပ်ပြီး၏။]

### မူလရှိမရှိတရား၂-မျိုး

၂—မူလရှိ, မရှိ တရားနှစ်မျိုး ရှိသည်၊ မူလရှိသောတရားကို "သဟေတုက" ခေါ်သည်၊ မူလမရှိသောတရားကို "အဟေတုက" ခေါ်သည်။

၁။ သဟိတ်စိတ် (၇၁)၊စေတသိက် (၅၂)၊ ထိုစိတ်စေတသိက်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်စု၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားအပေါင်းသည် "သဟေတုက" မည်၏၊ ဟိတ်ရှိသောတရားဆိုလိုသည်။

၂။ အဟိတ်စိတ် ၁၈, ထိုအဟိတ်စိတ်တို့၌ယှဉ်သော စေတသိက် ၁၂, ထိုစိတ်စေတသိက်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်,ပဝတ္တိကမ္မဇရုပ်, ဥတုဇရုပ်,အာဟာရဇရုပ်,အသညသတ်ပုဂ္ဂိုလ်၌ဖြစ်သောရုပ်အလုံးစုံ, ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောရုပ်အလုံးစုံ, နိဗ္ဗာန်, မောဟမူဒွေ၌ယှဉ်သောမောဟ၊ ဤတရားတို့သည် "အဟေတုက" မည်ကုန်၏၊ဟိတ်ကင်းသောတရားစု ဆိုလိုသည်။

မောဟမူ ဒွေ၌ယှဉ်သော မောဟကိုကြဉ်ထား၍ အလုံးစုံသောအဟိတ်တရားတို့ကို ဤမူလယမိုက်ဝယ် အဗျာကတပုဒ်၌ ထည့်သွင်းရေတွက်အပ်ကုန်သည်။

အဟိတ်စိတ်,စေတသိက်,ရုပ်တို့သည်၎င်း၊ မောဟမူဒွေ၌ယှဉ်သောမောဟနှင့်တကွ ဖြစ်သော မူလတရားကိုးပါးတို့သည်၎င်း၊ ဤတရားအလုံးစုံတို့သည် "မူလယမိုက်"ကျမ်း၌ အသုံးပြုသော တရားကိုယ်တို့ဖြစ်ကြကုန်သည်။

### နယ-၄ပါး

၃—နယလေးပါးရှိသည်။

၁။ မူလနယ,

၂။ မူလမူလနယ,

www.dhammaransi.com



၃။ မူလကနယ,

၄။ မူလမူလကနယ,

[ဤကားလေးပါးတည်း၊ မူလယမိုက်နည်းလေးပါးရှိ၏ဆိုလိုသည်။]

**မူလက**-ဟူသောပုဒ်ကို ဤသို့ ဝိဂြိုဟ်ပြုအပ်၏။ ။မူလံ ဧတဿ အတ္ထီတိ မူလကံ။ ။ဧတဿ၊ ထိုတရားအား။ မူလံ၊ မူလတရားကိုယ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မူလကံ၊ မူလကမည်၏၊ မူလရှိသောတရားစုကို အရကောက်လေ။

**မူလမူလက**-ပုဒ်ကို ဤသို့ဝိဂြိုဟ်ပြုအပ်၏။ ။ဟေတုပစ္စယဋ္ဌေန မူလသင်္ခါတံ မူလံ ဧတဿာတိ မူလမူလကံ။ ။ဧတဿ၊ ထိုတရားအား။ ဟေတုပစ္စယဋ္ဌေန၊ ဟေတုပစ္စည်း သဘောအားဖြင့်။ မူလသင်္ခါတံ၊ အကြောင်းဟုဆိုအပ်သော။ မူလံ၊ မူလသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မူလမူလကံ၊ မူလမူလကမည်၏၊ ဟိတ်ရှိသော တရားကိုပင် အရကောက်လေ။

**ယမိုက်-၁၂-ပါး**

၄။ နယ လေးပါးတို့၌ ယမိုက်ပေါင်း ၁၂– ပါး ရှိသည်။ ၁၂-ပါးကား–

မူလနယ၌–

၁။ မူလယမက,

၂။ ဧကမူလယမက,

၃။ အညမညမူလယမက-ဟူ၍ သုံးပါးရှိသည်။

ထို့အတူ မူလမူလနယ၌ ယမကသုံးပါး ,မူလကနယ၌ ယမကသုံးပါး, မူလမူလကနယ၌ ယမကသုံးပါး၊ ပေါင်းလျှင် ယမိုက် ၁၂-ပါး ဖြစ်သည်။

**ဧက မူလ**–ပုဒ်ကိုဤသို့ဝိဂြိုဟ်ပြုအပ်၏။ ။ဧကံ သမာနံ မူလံ ယဿာ-တိ ဧကမူလံ။ ။ယဿ၊ အကြင်တရားအား။ ဧကံ သမာနံ၊ တူသော။ မူလံ၊ မူလသည်၊ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဧကမူလံ၊ ဧကမူလမည်၏၊ တူသောမူလရှိသောတရားများကို အရကောက်လေ။

[ဧက–သဒ္ဒါ သမာနအနက်ရှိ၏။]

www.dhammaransi.com



**အညမညမူလ**–ပုဒ်ကို ဤသို့ ဝိဂြိုဟ်ပြုအပ်၏။ ။အညော အညဿ မူလန္တိ အညမညမူလံ။ အညော၊ ဟိတ်တပါးသည်။ အညဿ၊ ဟိတ်တပါး၏။ မူလံ၊ မူလသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အညမညမူလံ၊ အညမညမူလမည်၏။ ယှဉ်ဖေါ်ယှဉ်ဖက် ဟိတ်ရှိသော ဒွိဟိတ်, တိဟိတ်စိတ်တို့၌ရှိသောဟိတ်နှစ်ပါး,သုံးပါးတို့ကိုအရကောက်လေ။

[အချင်းချင်း ယှဉ်ဖော်ယှဉ်ဖက် ဟိတ်ရှိကြသည်၊ မူလတပါးသည် မူလတပါး၏ အကြောင်းဖြစ်သည်–ဟူ၍ ဆိုလိုသည်။

ဤမူလယမိုက်ကျမ်း၌ ကေမူလ, ကေမူလမူလ, မူလက, ကေမူလက, မူလမူလက, ကေမူလမူလက၊ ဤပုဒ်များကိုတွေ့လျှင် သဘောအရကောက် အတူတူဟူ၍မှတ်လေ၊ သဒ္ဒါ သာထူးကြသည်၊ အနက်အားဖြင့် အတူတူပင် တည်း။]

## ယမိုက်ဝေဖန်ပုံကိုပြဆိုဦးအံ့

၁။ လောဘမူစိတ်၌ လောဘ, မောဟ မူလနှစ်ပါးကို ရအပ်၏၊ ဒေါသမူစိတ်၌ ဒေါသ, မောဟ မူလနှစ်ပါးကိုရအပ်၏၊ မောဟမူစိတ်၌ မောဟတည်းဟူသော မူလတပါးကိုသာ ရအပ်၏။

၂။ စေတသိက်ယှဉ်နှင့် တကွသော မောဟမူ စိတ်နှစ်ပါးသည် မူလယမိုက်၌ "မူလမမည်၊ အကုသိုလ်သာမည်သည်"၊ ကေမူလယမိုက်၌ "ကေမူလလည်း မည်၏၊ အကုသိုလ်လည်း မည်၏"၊ အညမညမူလယမိုက်၌ "အကုသိုလ်သာမည်သည်၊ အညမညမူလ" မမည်။

၃။ မောဟမူ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည်ကား ကေမူလယမိုက်၌ "ကေမူလ သာမည်၏၊ အကုသိုလ်" မမည်ချေ။

မောဟမူဒွေ၌ ယှဉ်သော မောဟသည်ကား မူလယမိုက်၌ "မူလလည်းမည်၏၊ အကုသိုလ်လည်းမည်၏"၊ ကေမူလယမိုက်၌ "ကေမူလ မမည်"၊ အဘယ့်ကြောင့်နည်းဆိုလျှင် ထိုမောဟမူဒွေ၌ ယှဉ်သော မောဟသည် အတူတကွ ယှဉ်ဖော်ယှဉ်ဖက်စိတ် မရှိသောကြောင့်တည်း၊ ထိုမောဟမူဒွေ၌ယှဉ်သော မောဟသည် အဟိတ်အကုသိုလ်မည်၏။

www.dhammaransi.com



မူလယမိုက်, မူလမူလယမိုက်တို့၌ ဧကမူလမည်သော တရားစုသည် မူလကယမိုက်,မူလမူလကယမိုက်တို့၌ မူလကလည်းမည်၏၊မူလမူလက လည်းမည်၏၊ ဧကမူလကလည်း မည်၏၊ ဧကမူလမူလကလည်းမည်၏-ဟူ၍မှတ်အပ်၏။

မောဟမူဒွေမှတပါးသော အကုသိုလ်စိတ်တဆယ်, ကုသိုလ်စိတ်နှစ်ဆဲ့တစ်, သဟိတ်အဗျာကတစိတ် သုံးဆဲ့ရှစ်၊ ဤစိတ်တို့သည် ဒွိမူလကလည်းမည်ကုန်၏၊ တိမူလကလည်းမည်ကုန်၏၊ အဘယ့်ကြောင့်နည်း-ဟူမူကား ဟိတ်နှစ်ပါး,ဟိတ်သုံးပါး ရှိကြသောကြောင့်တည်း။

[ထိုစိတ်တို့၌ယမိုက်ဝေဖန်နည်းမှာလွယ်ကူပါ၏။]

အဗျာကတပုဒ်ဖြင့် ဟောအပ်သော ယမိုက်တို့၌ "အဟေတုကံ အဗျာကတံ"ဟူ၍ဟောတော်မူလျှင်မောဟမူဒွေ၌ ယှဉ်သောမောဟကို ကြဉ်ထား၍ ကြွင်းသော အကုသိုတ်တရားတို့ကို ကောက်ယူအပ်၏၊ "သဟေတုကံ အဗျာကတံ"ဟူ၍ဟောတော်မူလျှင် သဟိတ်အဗျာကတ စိတ်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ကိုလည်း ကောက်ယူအပ်၏၊ ပဋိသန္ဓေစိတ်နှင့်တကွ ဖြစ်သော ကမ္မဇရုပ်ကိုလည်း ကောက်ယူအပ်၏။

နာမသဒ္ဒါထည့်၍ ဟောတော်မူအပ်သော "နာမပဒယမိုက်"တို့၌ "အဟေတုကံ နာမံ"ဟူ၍ ဟောတော်မူလျှင် နိဗ္ဗာန်ကိုလည်း ထည့်သွင်း၍ ကောက်ယူအပ်၏။

[ဤကားမူလယမိုက်၌ လိုရင်းဖြစ်သောဝိဇ္ဇာတ္တအမိပ္ပါယ်ချုပ်ပေတည်း။]

ဤအရာ၌ မူလယမိုက်ဟောတော်မူပုံများကို ရိပ်မိကြစေရန် နိဒ္ဒေသဝါရ မူလယမိုက်ပါဠိတော်များကို အမြွက်မျှ ထုတ်ပြပါဦးအံ့။

၁။ ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာတိ၊ တီဏေဝ ကုသလမူလာနိ၊ အဝသေသာ ကုသလာ ဓမ္မာ၊ နကုသလ-မူလာ။ ။အလုံးစုံသော ကုသိုလ်တရားတို့သည် ရှိကုန်၏၊ ထိုကုသိုလ်တရားအလုံးစုံတို့သည် ကုသလမူလမည်ကုန်သလော။

ကုသိုလ်မူလ သုံးပါးတို့သည်သာလျှင် ကုသလမူလမည်ကုန်သည်၊ထိုကုသိုလ်မူလ သုံးပါးတို့မှ ကြွင်းသော ကုသိုလ်တရားတို့သည် ကုသလသာမည်ကုန်၏၊ ကုသလမူလ မမည်ကုန်။

www.dhammaransi.com



၂။ ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ဧက-မူလာတိ၊ အာမန္တာ။ ။အလုံးစုံသော ကုသိုလ်တရားတို့သည် ရှိကုန်၏၊ ထိုကုသိုလ်တရား အလုံးစုံတို့သည် ကုသလမူလအားဖြင့် တူသော မူလရှိကုန်သလော၊ ဟုတ်၏။

၃။ ယေ ဝါ ပန ကုသလမူလေန ဧကမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ၊ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလေန ဧကမူလံ၊နကုသလံ။ ကုသလံ ကုသလမူလေန ဧကမူလဉ္စေဝ ကုသလဉ္စ။ ။အကြင် တရားတို့သည် ကုသလမူလအားဖြင့် တူသော မူလရှိကုန်၏၊ ထိုတရားတို့သည် ကုသိုလ်မည်ကုန်သလော။

ကုသိုလ်ကြောင့် ဖြစ်သော စိတ္တဇရုပ်စုသည် ကုသလမူလအားဖြင့် တူသောမူလရှိ၏၊ သို့ရာတွင် ကုသိုလ်ကားမမည်၊ ကုသိုလ်စိတ်စုသည် ကုသလမူလအားဖြင့် တူသောမူလရှိသည်လည်းမည်၏၊ ကုသိုလ်လည်းမည်၏။

၄။ ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာတိ၊ မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဧကမူလာနိစေဝ အညမညမူလာနိ စ၊ အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ ကုသလမူလေန ဧကမူလာ၊ န စ အည-မညမူလာ။ ။အကြင်တရား အလုံးစုံတို့သည် ကုသလမူလအားဖြင့် တူသောမူလရှိကုန်၏၊ ထိုတရားအလုံးစုံတို့သည် ကုသလမူလအားဖြင့် အချင်းချင်း မူလရှိသော တရားတို့မည်ကုန်သလော။

ဒွိဟိတ်စိတ်, တိဟိတ်စိတ်တို့၌ အကြင် ကုသိုလ်မူလ တရားတို့သည် အတူတကွဖြစ်ကြကုန်၏၊ထိုကုသလမူလ တရားတို့သည် တူသော မူလရှိသည်လည်းမည်ကုန်၏၊ အချင်းချင်း မူလရှိသော တရားတို့လည်းမည်ကုန်၏။

ကုသလမူလတရားတို့မှ တပါးသော ဒွိဟိတ်စိတ်, တိဟိတ်စိတ်တရားတို့သည် ကုသလမူလအားဖြင့် တူသောမူလရှိသည် မည်ကုန်၏၊ အချင်းချင်းမူလရှိသော တရားတို့မမည်ကုန်။

www.dhammaransi.com



ဤဟောပုံပါဠိများကို ထောက်ထားသဖြင့် မူလယမိုက် ဒေသနာများကို စဉ်းစားဆင်ခြင်နိုင်ကြကုန်ရာသတည်း။

[မူလယမိုက်ကို လွယ်ကူစွာ နားလည်ရန်မှာ သင်္ဂြိုဟ်ကျမ်း၌ စိတ်ယှဉ် စေတသိက်ယှဉ်များ, ဟေတုသင်္ဂဟ၏ အဓိပ္ပါယ်များ, ဟေတု ပစ္စည်း၏ သရုပ်သဘောများ၊ ဤအချက်များကို သိရှိနားလည်ပါလျှင် မူလယမိုက်အဓိပ္ပါယ်များကို နားလည်ရန်မခက်ခဲချေ။]

မူလယမိုက်သဘောအချုပ်ပြီး၏။

## (ခ) ခန္ဓယမိုက်သဘောအချုပ်

ဤခန္ဓယမိုက်၏အဓိပ္ပါယ်လိုရင်းအချုပ်ကို ဖြေဆိုရာ၌ နာမပညတ်ဇီစစ်ခကျားကြီးကို ရှေးဦးစွာပြပေအံ့။

နာမ်သည် သမ္မုတိနာမ်,ပရမတ္ထနာမ်အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင်–

**သမ္မုတိနာမ်ဆိုသည်ကား။** ။ပရမတ္ထ တရားကို သိကြားနားလည်ခြင်းမရှိကြကုန်သော လောကီလူများ အပေါင်းတို့၏ အမှတ်သင်္ကေတမျှဖြင့် သမုတ်ပညတ်အပ်သော အမည်ပညတ်များကို ဆိုသည်၊ ထိုသမ္မုတိနာမပညတ်သည် အတိုင်းအရှည်မရှိ လွန်စွာများပြား၏၊ မဆုံးနိုင်အောင်ရှိ၏၊ လူအမျိုးမျိုး, စကားအမျိုးမျိုး, ဘာသာအမျိုးမျိုးကွဲပြားတိုင်း ထူးထွေများပြား၏။

နာမပညတ်၏ သရုပ်များမှာ–

၁။ ပုဂ္ဂိုလ်, သတ္တဝါ, အသက်, လူ, နတ်, သိကြား, ဗြဟ္မာ, ဆင်, မြင်း, နွား,ကျွဲ အစရှိသော သဝိညာဏကပညတ်များ။

၂။ ရွာ,မြို့,အိမ်,လှည်း,ရထား,အိုး,ပုဆိုး, ညောင်စောင်း အစရှိသော သတ္တဝါတို့၏ အသုံးအဆောင်နှင့် စပ်သောပညတ်များ။

၃။ ကိုယ်, ဦးခေါင်း, ခြေ, လက်, ဆံပင်, အမွေး, ခြေသည်း လက်သည်း, သွား, အရေ,အကြော, အရိုး စသောသတ္တဝါတို့၏ ကိုယ်အင်္ဂါပညတ်များ။

www.dhammaransi.com



၄။ တော, တောင်, ရေ,မြေ, မြစ်, သမုဒ္ဒရာ, နေ,လ, နက္ခတ်, သစ်ပင်, ရွှေ, ငွေ, ကျောက်,သံ-အစရှိသော ဗဟိဒ္ဓဝတ္ထု ပညတ်များ။

၎င်းပညတ်များသည် လောကီလူအပေါင်းတို့ သမုတ်ခေါ်ဝေါ်အပ်သောသမုတိပညတ်မည်ကုန်၏။

ပရမတ္ထတရားကို ကောင်းစွာသိမြင်တော်မူကြကုန်သော ဘုရားရဟန္တာတို့၏ ပဋိဝေဓဉာဏ်ဖြင့် သမုတ်အပ်သော အမည်သညာ ဝေါဟာရများသည် ပရမတ္ထနာမ်မည်၏။

ထိုပရမတ္ထနာမ်တို့ကား—

၁။ စိတ်, ဝိညာဉ်, ဖဿ, ဝေဒနာ, ပီတိ, သဒ္ဓါ, သတိ။

၂။ ပထဝီ, အာပေါ, တေဇော,ဝါယော။

၃။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, အနိစ္စ, ဒုက္ခ, အနတ္တ, နိဿတ္တ, နိဇ္ဇီဝ အစရှိသော ပညတ်များပေတည်း။

ပရမတ္ထဓမ္မ တို့ကို အစွဲပြု၍ ခေါ်ဝေါ်ပညတ်အပ်သော နာမ်ကို ပရမတ်နာမ်ဆိုသည်။

ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, နွား,ကျွဲ အစရှိသော ပညတ်များသည် ပုံသဏ္ဌာန်ကို အစွဲပြု၍ ခေါ်ဝေါ်အပ်သော သမ္မုတိပညတ်များဖြစ်သည်၊ ပရမတ္ထဓမ္မတို့ကိုစွဲ၍ ခေါ်ဝေါ်အပ်သော ပညတ်များမဟုတ်ချေ၊ သဏ္ဌာနပညတ်ဆိုသည်မှာလည်း သဘောအားဖြင့် ထင်ရှားစွာ ရှိသည်မဟုတ်၊ ထို့ကြောင့် ပုဂ္ဂိုလ်, သတ္တဝါ အစရှိသော ပညတ်များသည် အနက်သဘောအားဖြင့် ထင်ရှားမရှိ၊ မရှိသည်ကိုစွဲ၍ ခေါ်ဝေါ်အပ်သောကြောင့် ထိုနာမပညတ်ကိုလည်း ထင်ရှားစွာမရှိသော ပညတ်ဟူ၍ပင်ဆိုအပ်လေသည်။

**ဥပမာအားဖြင့်**—"ရေသဖန်းပွင့်"ဆိုသော ပညတ်သည် ရေသဖန်းပွင့်ဟူ၍ လောက၌မရှိသောကြောင့် အနက်အားဖြင့်လည်း ထင်ရှားမရှိ၊ ထိုမရှိသည်ကိုပင် အမည်ပညတ်တခုပြုလုပ်၍ ခေါ်ဆိုသောကြောင့် ထိုနာမ ပညတ်ကိုလည်း ထင်ရှားမရှိ-ဟူ၍ပင် ခေါ်ဆိုအပ်လေသည်။

www.dhammaransi.com



**သမ္မုတိပညတ်ဆိုသည်မှာ။** "လောကီလူအပေါင်းတို့ ခေါ်ဆိုသမုတ်အပ်သောအတိုင်း အမည်တခု တွင်မြဲဖြစ်သောကြောင့် ဘာမျှမရှိသည်ကိုပင်လည်း အမည်ပညတ်တခုလုပ်၍ ခေါ်ဆိုလျှင် ဖြစ်နိုင်လေတော့သည်များကို စဉ်းစားဆင်ခြင် သင့်ကြလေ၏။

ပကတိအနက်သဘောရင်းအားဖြင့် ထင်ရှားမရှိသော်လည်း လောကီလူများအပေါင်းတို့၏ အမှတ်သညာအားဖြင့် "အတ္တရှိ၏၊ ဇီဝရှိ၏၊ ပုဂ္ဂိုလ်သတ္တဝါရှိ၏၊ ယောကျ်ား, မိန်းမရှိ၏" ဟူ၍ အမှတ်ပြုကြကုန်၏၊ အများသဘောတူ ပညတ်၍ထားကြကုန်၏၊ ထိုကဲ့သို့သော ပညတ်များကို သမ္မုတိပညတ်ဟူ၍ ခေါ်ဆိုရလေသည်၊ လူအများတို့ အညီအညွတ်သမုတ်အပ်ပြီး၍ အမှတ်သညာ စွဲမြဲကြသောအခါ ထိုသမ္မုတိပညတ်ကို ဖျက်ဆီး၍ မရနိုင်ချေ၊ ထိုပညတ်၏နောက်သို့သာ စိတ်ပါ၍ နေကြလေကုန်တော့၏၊ သမ္မုတိပညတ်နိုင်ငံကြီး ဖုံးလွှမ်း၍ ထားသည့်အတွက်ကြောင့် စင်စစ်အမှန်ရှိသော ပရမတ္ထဓာတ်သားသို့ တိုင်အောင် ဉာဏ်မပေါက်နိုင်ဘဲ တဝဲလယ်လယ်နှင့် အပေါ်ယံတွင်သာ ဉာဏ်မျော၍ နေလေတော့သည်။

ထို့ပြင်တပါး သမ္မုတိပညတ်မျှသာ မဟုတ်ဘဲ စင်စစ်ရှိသောပရမတ္ထဓာတ်သားတို့ကို "အတ္တ,ဇီဝ,ပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်ား,မိန်းမ"ဟူ၍ စွဲလမ်းကြသောအခါ သမ္မုတိပညတ်နယ်ကို ကျော်လွန်ပြီးလျှင် ပရမတ္ထနယ်သို့ ဝင်ရောက်ကြသည်မည်၏၊ သဘောအားဖြင့် ထင်ရှားမရှိဘဲ လူအများတို့ ပညတ်အပ်သော ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ပညတ်များကို ထင်ရှားရှိသော ပရမတ်ဓာတ်သားအစစ်တို့နှင့် တသားထဲဖြစ်အောင် ရောင်မှားခါ စွဲလမ်းသည်မည်ကုန်၏၊ ဤသို့စွဲလမ်းကြသောအခါ ပရမတ်ဓာတ်အားဖြင့် ထင်ရှားရှိသော ရုပ်, ဝေဒနာစသည်တို့ကို သတ္တဝါတို့၏အထယ်ကိုယ်ပြုလုပ်ရာရောက်၏၊ ထိုသို့ပြုလုပ်ကြသောအခါ ရုပ်ကိုပင် အတ္တဟူ၍၎င်း, ပုဂ္ဂိုလ်သတ္တဝါဟူ၍၎င်း စွဲလမ်းသည်မည်၏၊ ဝေဒနာကိုပင်ပုဂ္ဂိုလ် သတ္တဝါ, သညာကိုပင်ပုဂ္ဂိုလ်သတ္တဝါ, သင်္ခါရကိုပင် ပုဂ္ဂိုလ် သတ္တဝါ, ဝိညာဉ်ကိုပင် ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလမ်းသည်မည်၏။

www.dhammaransi.com



**အချုပ်အားဖြင့်ဆိုသော်။** ။ခန္ဓာငါးပါးကိုပင် ပုဂ္ဂိုလ်, သတ္တဝါ-ဟူ၍ စွဲလမ်းရာရောက်လေတော့သည်၊ သဘောအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးကို သဘောအားဖြင့် ထင်ရှားမရှိသော ပုဂ္ဂိုလ်, သတ္တဝါ၏ အထယ်ကိုယ်ကြီးပြုလုပ်၍ စွဲလမ်းသည်မည်၏၊ ဓာတ်သားအစစ်ရှိသောခန္ဓငါးပါးကို ဓာတ်သားအစစ်မရှိဘဲ တုစ္ဆ သုညဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါ၏ ဓာတ်သားပြုလုပ်သည်မည်၏၊ ရုပ်ကိုပင်သတ္တဝါ, သတ္တဝါကိုပင်ရုပ်, ရုပ်ကိုပင်ငါ, ငါကိုပင်ရုပ်, ဝေဒနာကိုပင်သတ္တဝါ, သတ္တဝါကိုပင် ဝေဒနာ၊ ဤသို့စသည်ဖြင့် ခန္ဓာငါးပါးနှင့် ပုဂ္ဂိုလ်,သတ္တဝါ မခြားနားဘဲ တသားထဲကျအောင်စွဲလမ်းလေတော့သည်။

သတ္တဝါတို့၏ဦးခေါင်း၌ဖြစ်သောရုပ်အပေါင်းကို ဦးခေါင်းသဏ္ဌာန်ကြီး၏အသား-ဟူ၍ မှတ်ထင်စွဲလမ်းကြကုန်၏၊ လက်၌ဖြစ်သော ရုပ်အပေါင်းကို လက်သဏ္ဌာန်ကြီး၏အသား-ဟူ၍ မှတ်ထင်စွဲလမ်းကြကုန်၏၊ ဆံပင်၌ဖြစ်သော ရုပ်အပေါင်းကို ဆံပင်သဏ္ဌာန်ကြီး၏အသား-ဟူ၍ မှတ်ထင်စွဲလမ်းကြကုန်၏၊ ဤသို့အထင်အရှားရှိသော ပရမတ်ဓာတ်သားတို့ကို ထင်ရှားမရှိသောပုဂ္ဂိုလ်, သတ္တဝါ, ခြေ, လက်, အင်္ဂါ စသည်တို့ အနှစ်အသားပြုလုပ်ခါ စွဲလမ်းကြသည်မှာ လွန်စွာမှားယွင်းသောအမှားကြီးစင်စစ်ပေတည်း။

ဤလောက၌ လုံးသောသဏ္ဌာန်, ဝန်းသောသဏ္ဌာန်, ရှည်သောသဏ္ဌာန်,တိုသောသဏ္ဌာန်, လေးထောင့်သဏ္ဌာန်,သုံးထောင့်သဏ္ဌာန်, အနိမ့် အခွက်သဏ္ဌာန်, အမိုအမောက်သဏ္ဌာန် စသောအားဖြင့် သဏ္ဌာန်အမျိုးမျိုးတို့သည် ထင်ရှားစွာရှိကြကုန်၏၊ အယုတ်သဖြင့်အဏုမြူကလေးမှာပင်သော်လည်း သဏ္ဌာန်ရှိရမြဲဖြစ်၏၊ အထည်ဝတ္ထုရှိလျှင် သဏ္ဌာန်နှင့်မကင်းနိုင်၊ ထိုသဏ္ဌာန်များသည် ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိသည်မှန်၏၊ ပညတ်မျှသာဖြစ်၏၊ ထိုသို့ပင်ဖြစ်ပါသော်လည်း လောကီလူများအပေါင်းသည် သဏ္ဌာန်များကို အထင်အရှားရှိသည်-ဟူ၍ အခိုင်အမြဲစွဲလမ်းကြကုန်၏၊ သဏ္ဌာန်၏ စွဲရာဖြစ်သော ရုပ်အလောင်းကို ထိုထိုသဏ္ဌာန်၏ အသားအထယ်ဟူ၍ စွဲလမ်းကြကုန်၏။

www.dhammaransi.com



အမှန်ရှိသောပရမတ် ဓာတ်သားများကို တကယ်ရှိသောသဏ္ဌာန်၏အထယ်ကိုယ် ဓာတ်သားဟူ၍ စွဲလမ်းကြကုန်၏၊ ရုပ်ကိုပင်အလုံး, အလုံးကိုပင်ရုပ်,ရုပ်ကိုပင်အပြား, အပြားကိုပင်ရုပ်, ရုပ်ကိုပင်အရှည်, အရှည်ကိုပင်ရုပ်, ရုပ်ကိုပင်လေးမြောင့်, လေးမြောင့်ကိုပင်ရုပ်, ရုပ်ကိုပင်အချွန်း, အချွန်းကိုပင်ရုပ်၊ ဤသို့စသောအားဖြင့် သဏ္ဌာန်နှင့် ဓာတ်သား မကွဲမပြားတသားထဲကျအောင် စွဲလမ်းကြကုန်၏။

သစ်ပင်, တော, တောင် စသော ဗဟိဒ္ဓသမ္ဘတိ ပညတ်တို့၌လည်း သစ်ပင်၌ဖြစ်သောရုပ်ကိုပင် သစ်ပင်သဏ္ဌာန်၏ အထယ်ကိုယ် အသားပြု၍ စွဲလမ်းကြကုန်၏၊ သစ်သီး၌ဖြစ်သောရုပ်ကိုပင် သစ်သီး၏အသားပြု၍စွဲလမ်းကြကုန်၏၊ ရေ၌ဖြစ်သောရုပ်ကိုပင် ရေ၏အသားပြု၍ စွဲလမ်းကြကုန်၏၊ ရွှေ၌ဖြစ်သောရုပ်ကိုပင် ရွှေ၏အသားပြု၍ စွဲလမ်းကြကုန်၏၊ စိန်၌ဖြစ်သောရုပ်ကိုပင် စိန်၏ဓာတ်သားပြု၍စွဲလမ်းကြကုန်၏၊ ဤသို့စသည်ဖြင့် တကယ်အမှန်ရှိသော ဝတ္ထုဓာတ်သားအစစ်ကို တကယ်အမှန်မရှိသော သဏ္ဌာန်၏အထယ်ကိုယ် ဓာတ်သားပြုလုပ်၍ စွဲလမ်းကြသည်မှာ လောကီလူများတို့၏ ဓမ္မတာမျိုးရာကြီး, ကမ္ဘာ့မျိုးရာကြီးပေတည်း၊ ဤသမုတိအထင်အမြင်ကြီးကို မဖျောက်နိုင်သမျှ ကာလပတ်လုံး ပရမတ္ထဓာတ်သားအစစ်နှင့် အနတ္တသဘောကို ပေါ်လောပေါ်အောင် မြင်နိုင်ကြမည်မဟုတ်ချေ။

ရုပ်ကိုပင်သတ္တဝါ,သတ္တဝါကိုပင်ရုပ်-ဟူ၍ စွဲလမ်းခြင်းကို အရင်းခံပြီးလျှင် ဤသတ္တဝါသည်ရှည်၏၊ ဤသတ္တဝါသည်ပု၏၊ ဤသတ္တဝါသည် ဝဖြိုး၏၊ ဤသတ္တဝါသည်ပိန်ကြုံ၏–စသည်ဖြင့် သဏ္ဌာန်ကိုအစွဲပြုသော ဝေါဟာရပညတ် အမျိုးမျိုး, အထင်အမြင်အမျိုးမျိုးတို့သည် ပေါ်ပေါက်ကုန်၏၊ ဖြူသောသူ,ညိုသောသူ, ဝါသောသူ-စသည်ဖြင့် အဆင်းဝဏ္ဏဝေါဟာရပညတ်အမျိုးမျိုး,အထင်အမြင်အမျိုးမျိုးတို့လည်း ပေါ်ပေါက်ကုန်၏၊ ဤသို့ ဖြစ်ပေါ်သောပညတ်များနှင့် အထင်အမြင်များသည် အတ္တဒိဋ္ဌိ အစွမ်းအားဖြင့် ဖြစ်ပေါ်ကြကုန်သည် တို့ချည်းသာတည်း။

ဤသူသည် ကိုယ်လက်တောင့်တင်း၏၊ ဤသူသည် နူးညံ့သောကိုယ်ရှိ၏၊ ဤသို့စသောဝေါဟာရပညတ်များသည် ပထဝီရုပ်ကိုအစွဲပြု၍ ဖြစ်

www.dhammaransi.com



ပေါ်သော ပညတ်များပေတည်း၊ ဤသူသည် စိုစွပ်သော ကိုယ်ရှိ၏၊ ဤသူသည် ဖွဲ့စည်းအပ်သောကိုယ်ရှိ၏၊ ဤသို့စသော ဝေါဟာရပညတ်များသည် အာပေါဓာတ်ရုပ်ကို အစွဲပြု၍ ဖြစ်ပေါ်သော ပညတ်များပေတည်း၊ ဤသူသည်ပူသောကိုယ်ရှိ၏၊ ဤသူသည် အေးမြသောကိုယ်ရှိ၏၊ ဤသို့စသော ဝေါဟာရပညတ်များသည် တေဇောဓာတ်ရုပ်ကို အစွဲပြု၍ ဖြစ်သော ပညတ်များပေတည်း၊ ဤသူသည် တုန်လှုပ်၏၊ သွား၏၊ ထိုင်၏၊ရပ်၏၊ကိုယ်လက်ဆန့်တန်း၏၊ ဤသို့စသော ဝေါဟာရပညတ်များသည် ဝါယောဓာတ်ရုပ်ကို အစွဲပြု၍ဖြစ်သော ပညတ်များပေတည်း၊ အဆင်းလှသောသူ, အသံကောင်းသောသူ၊ ဤသို့စသော ပညတ်များသည် ဝဏ္ဏ, သဒ္ဒ တို့ကိုစွဲ၍ဖြစ်သော ပညတ်များပေတည်း။

[ဤကား ရူပက္ခန္ဓာတို့ဌ် စွဲ၍ဖြစ်သော ဝေါဟာရပညတ်များပေတည်း။]

နာမ်တရားတို့ကို စွဲ၍ဖြစ်သော ဝေါဟာရ ပညတ်များကား—

၁။ ချမ်းသာနေသောသူ, ဆင်းရဲနေသောသူ, စိတ်ဆိုးနေသောသူ၊ ဤဝေါဟာရပညတ်များသည် ဝေဒနာက္ခန္ဓာကိုအစွဲပြု၍ဖြစ်သည်။

၂။ အမှတ်သညာ ကောင်းသောသူ, အရာရာ၌ လိမ္မာကျွမ်းကျင်သောသူ-စသော ပညတ်များသည် သညာက္ခန္ဓာကို အစွဲပြု၍ ဖြစ်သည်။

၃။ အမှုတခုကိုပြုလုပ်သောသူ, စကားပြောသောသူ, ကြံစည်သောသူ, အားထုတ်သောသူ, နှစ်သိမ့်သောသူ, တပ်မက်သောသူ, အမျက်ထွက်သောသူ, ယစ်မူးမေ့မောသောသူ, ဝန်တိုသောသူ, ငြူစူသောသူ, အယူမှားသောသူ, ကြည်ညိုသောသူ, မတပ်မက်သောသူ, အမျက်ထွက်လေ့မရှိဘဲ မေတ္တာများသောသူ, လူလိမ္မာ "သုခမိန်" စသောပညတ်များသည် သင်္ခါရက္ခန္ဓာတရားတို့ကို အစွဲပြု၍ဖြစ်သည်။

[သင်္ခါရက္ခန္ဓာတရားကိုယ်တို့မှာ စေတသိက် ၅၀—ရှိသောကြောင့် ဝေါဟာရပညတ်ပေါင်းဘို့သည်လည်း အလွန်များပြားကြကုန်သည်။]

ဤသူသည် အဆင်းကိုမြင်၏-ဟူသော ဝေါဟာရပညတ်သည် စက္ခုဝိညာဉ်စိတ်ကို အစွဲပြု၍ဖြစ်သည်၊ ဤသူသည် တရားကိုနာသည်၊ အသံကိုကြားသည်-ဟူသော ဝေါဟာရပညတ်သည် သောတဝိညာဉ်ကိုအစွဲပြု၍ဖြစ်သည်၊ ဤသူသည်ပန်းအနံ့ကိုခံနေ၏၊ ဤသူသည်အချိုကိုစားနေ

www.dhammaransi.com



၏၊ ဤသူသည် အတွေ့ကိုသာယာနေ၏၊ ဤသို့စသောဝေါဟာရပညတ်များသည်လည်း ဃာနဝိညာဉ် စသည်တို့ကို အစွဲပြု၍ဖြစ်သောပညတ်များဖြစ်ကြကုန်သည်။

ဤသို့စသည်ဖြင့် ခန္ဓာငါးပါးကို အစွဲပြုခါပြုခါနှင့် များလှစွာသောသမ္မုတိပညတ်တို့သည် ပေါ်ပေါက်ကြကုန်၏၊ ထိုပညတ်များသည် ထင်ရှားရှိသော ပရမတ်တို့ကို ထင်ရှားမရှိသော သတ္တဝါတို့၏ အထယ်ပြုခါပြုခါ ပြောဆိုသမုတ်အပ်သော ပညတ်များပေတည်း၊ အတ္တဒိဋ္ဌိနယ်တွင်းမှ မလွတ်ကင်းသော ပညတ်များဆိုလို၏။

## ဤအရာ၌ ဥပမာဆောင်၍ ပြပေအံ့

တခုသော အရပ်ဌာနသည် လွင်တီးခေါင်ကြီး ကောင်းကင်ကြီးဖြစ်၏၊ လူတယောက်သည် ထိုလွင်တီးခေါင် ကောင်းကင်ကြီးကို အမှတ်ပြု၍ထား၏၊ နောက်အခါထိုအရပ်ဌာန၌ သစ်ပင်ကြီးတပင်ပေါက်၍ အလွန်ကြီးကျယ်စွာစည်ကားနေ၏၊ အကိုင်းအခက် အပွင့်တို့နှင့် ပြည့်စုံ၏။

ယခင်ကလွင်တီးခေါင်ဟု အမှတ်ထားဘူးသော သူတယောက်သည် စိတ်ဖောက်ပြန်သဖြင့် ဤအရပ်ဌာနသို့ ရောက်လာခဲ့ရာ အဆင်ခြင်ဉာဏ်ကင်းမဲ့သဖြင့် "ရှေးက ကောင်းကင်ကြီးဟာ ယခုအခါ သစ်ပင်ကြီးဖြစ်နေပါပကော"ဟု အခိုင်အမြဲပြောဆိုလေ၏၊ ပြောဆိုသောအတိုင်းလည်း မှတ်ထင်စွဲလမ်း၏။

**ဤဥပမာ၌။** ။ကောင်းကင်ကတမျိုး, သစ်ပင်ကတမျိုး ဖြစ်ပါလျက် စိတ်ဖောက်ပြန်လေသောကြောင့် အထယ်အသား ရှိသောသစ်ပင်ကို အထယ်အသားမရှိသော ကောင်းကင်၏ အထယ်ကိုယ်ကြီး ပြုလုပ်ပြောဆိုလေသည်၊ ကောင်းကင်ကြီးပင်လျှင် သစ်ပင်ဖြစ်နေသည်-ဟု မှတ်ထင်လေသည်။

ဤဥပမာနှင့်တူစွာလောကီလူများအပေါင်းသည်ပရမတ္ထဓမ္မအရာတွင် အသိအလိမ္မာနှင့် ဉာဏ်ပညာ စူးစိုက်ခြင်း မရှိကြလေသောကြောင့် အမှတ်အသား၏ ဖောက်ပြန်ခြင်းတည်းဟူသော သညာ ဝိပလ္လာသ, အကြံအသိ၏ ဖောက်ပြန်ခြင်းတည်းဟူသော စိတ္တဝိပလ္လာသ, အထင်

www.dhammaransi.com



အမြင်အယူဖောက်ပြန်ခြင်းတည်းဟူသော ဒိဋ္ဌိဝိပလ္လာသ၊ ဤဝိပလ္လာသ တရားသုံးပါး မျက်လှည့်သမားတို့၏ အလိမ်ကို ခံရပြီးလျှင် တကယ် အမှန်ရှိသော ခန္ဓာငါးပါးကိုပင်လျှင် တကယ်အမှန် မရှိသောပုဂ္ဂိုလ် သတ္တဝါတို့၏ အသားပြုခါ အထယ်ကိုယ်ပြုခါ ပြောဆိုထင်မြင် စွဲ လမ်း၍နေကြလေသတည်း။

သမ္မုတိပညတ်ကိုစီစစ်ခဏ်းပြီး၏။

**ပရမတ္ထနာမ်စီစစ်ခဏ်းကို ဆိုပေအံ့**

အလုံးစုံသော ပရမတ္ထ တရားတို့သည် အချင်းခပ်သိမ်း ပုံပန်း သဏ္ဌာန် သဘောမှ ကင်းကြကုန်၏၊ သဏ္ဌာန်မရှိကြကုန်၊ အမူအရာ ကြိယာသတ္တိ သဘောကလေးမျှတို့သာ ရှိကြကုန်၏၊ အဏုမြူမျှလောက် အထယ်ဒြပ်သဏ္ဌာန် ထင်ရှားလာသည်ရှိသော် ထိုဝတ္ထု၌ အတိုင်းမသိ များပြားသော ပရမတ္ထတရားတို့ ဖြစ်နေကြကြောင်းကို သိအပ်လေ သည်။

၁။ ပထဝီ-ဟူသော ဝေါဟာရပညတ်သည် ခက်မာမှု ကြိယာကိုစွဲ၍ဖြစ်၏၊ ဖွဲ့စေးခြင်း စသောကြိယာတို့၌မဖြစ်။

၂။ အာပေါ-ဟူသောပညတ်သည် ဖွဲ့စေးမှုကြိယာကို စွဲ၍ဖြစ်၏၊ ခက်မာမှုစသောကြိယာတို့၌ မဖြစ်။

၃။ တေဇော-ဟူသောပညတ်သည် ပူမှု, အေးမှု ကြိယာ၌ဖြစ်၏၊ ခက်မာမှုစသည်တို့၌မဖြစ်။

ဤသို့စသည်ဖြင့် ရူပက္ခန္ဓာတို့၌ ပရမတ္ထပညတ်ဖြစ်ပုံများကို အကျယ် အားဖြင့်သိလေ။

နာမက္ခန္ဓာတို့၌—

၁။ စိတ်, မနော, ဝိညာဉ်-ဟူသောပညတ်သည် ကြံခြင်း, သိခြင်း ကြိယာ၌သာ ဖြစ်၏၊ ခံစားခြင်းစသော ကြိယာတို့၌ မဖြစ်။

၂။ ဝေဒနာ-ဟူသော ပညတ်သည် ခံစားမှုကြိယာ၌သာဖြစ်၏၊ တွေ့ ထိခြင်းစသောကြိယာတို့၌မဖြစ်။

၃။ ဖဿ- ဟူသောပညတ်သည် တွေ့ထိခြင်း ကြိယာ၌သာဖြစ်၏၊ ခံစားခြင်းစသော ကြိယာတို့၌မဖြစ်။

www.dhammaransi.com



ဤသို့စသောအားဖြင့် နာမက္ခန္ဓာတို့၌ဖြစ်သော ပရမတ္ထပညတ်များကိုလည်း အကျယ်အားဖြင့်သိလေ။

**ပရမတ္ထပညတ်သည်**-တကယ်စင်စစ်ရှိသော ပရမတ်တရား အသီးသီးတို့ကို စွဲ၍ဖြစ်သည်၊တကယ်စစ်စစ်ရှိသော ပရမတ်တရားတို့၌လည်းဖြစ်လိုရာဖြစ်သည်မဟုတ်၊ အန္ဝတ္ထအားလျော်စွာ ဆိုင်ရာဆိုင်ရာမှာသာဖြစ်သည်၊ ဝေဒနာဆိုလျှင် ခံစားမှုကြိယာ၌သာ ဖြစ်၏၊ အခြားကြိယာတို့၌မဖြစ်၊ ထိုပရမတ္ထပညတ်များသည် ထင်ရှားမရှိသော ပုဂ္ဂိုလ်, သတ္တဝါ စသည်တို့ကို စွဲ၍ဖြစ်မည်မှာ လွန်စွာဝေးလှလေ၏၊ ပရမတ္ထပညတ်တို့၏ အနက်အရမှာ ပရမတ်သဘော စစ်စစ်ကိုရသဖြင့် ပြောဟောရာကိစ္စတို့၌ ကြားနာသောပုဂ္ဂိုလ်တို့သည် ဉာဏ်မလိုက်နိုင်သဖြင့် ငြိုးငွေ့ပျင်းရိခြင်း ဖြစ်တတ်ကြသည်မှာ လွန်စွာထင်ရှားလှ၏၊ ပရမတ္ထသဘောစစ်စစ်များကို သိနိုင်ရန်အတွက် ပရမတ္ထပညတ်ဖြင့် လေ့ကျင့်သင်ကြား ကြရသည်။

[ကုသလာဓမ္မာ, အကုသလာဓမ္မာ-စသည်ဖြင့် ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာအစဉ်သည် ပရမတ္ထပညတ်တို့သာ ဖြစ်ကြကုန်သည်။]

## မေးမြန်းဖွယ်

**မေးရန်ရှိသည်မှာ။** ။ထိုပရမတ္ထ တရားတို့သည် အဘယ့်ကြောင့်ပုဂ္ဂိုလ်သတ္တဝါတို့၏ အထယ်အသား မဖြစ်ဘဲရှိကြကုန်သနည်း၊ပုဂ္ဂိုလ်သတ္တဝါတို့၏ အတ္တ,ဇီဝ မဟုတ်ကြကုန်သနည်း။

**အဖြေကိုပြဆိုအံ့။** ။အချုပ် အားဖြင့်ဆိုလျှင် အနှစ်သာရရှိကြကုန်သောကြောင့် သတ္တဝါတို့၏ အထယ်အသား မဖြစ်ဘဲရှိကြကုန်၏၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ အတ္တ, ဇီဝ မဟုတ်နိုင်ကြကုန်။

ပရမတ္ထတရားတို့သည် အဘယ့်ကြောင့် အနှစ်သာရမရှိကြကုန်သနည်း-ဟုဆင့်၍ မေးလျှင် ခဏခဏဖြစ်ခြင်းကြောင့်,ခဏခဏချုပ်ခြင်းကြောင့် အနှစ်သာရမရှိကြကုန်-ဟူ၍ ဖြေရ လိမ့်မည်။

www.dhammaransi.com



ထင်ရှားစွာပြဆိုဦးမည်၊ ပုဂ္ဂိုလ်သတ္တဝါမည်သည် တဘဝမှာ ခဏခဏဖြစ်သည်, ခဏခဏချုပ်သည်-ဟူ၍မရှိ၊ ပဋိသန္ဓေနေသောအခါ ရှေးဦးစွာ တကြိမ်ဖြစ်ပြီးလျှင် အသက်အတိုင်း တည်နေ၍ ဘဝအဆုံးစွန်၌ စုတိသောအားဖြင့် တကြိမ်သာ ချုပ်သည်-ဟူသော သဘောရှိသည်၊

**ပရမတ္ထတရားတို့သည်ကား။** ။တနေ့အဖို့မှာပင် အကြိမ်ပေါင်းများစွာမရေမတွက်နိုင်အောင်ဖြစ်၍ အကြိမ်ပေါင်းများစွာ မရေမတွက်နိုင်အောင် ချုပ်ကြသည်၊ ပုဂ္ဂိုလ် သတ္တဝါ မသေသမျှ ကာလပတ်လုံး ပရမတ္ထတရားတို့သည် မချုပ်ဘဲ တည်နေကြသည် မဟုတ်ကုန်၊ ထို့ကြောင့် ပရမတ္ထတရားတို့သည် သတ္တဝါတို့၏ အထယ်အသားတို့ မဟုတ်နိုင်ကုန်၊ သတ္တဝါတို့၏ အတ္တမဟုတ်နိုင်ကုန်၊ သတ္တဝါတို့၏ အသက်မဟုတ်နိုင်ကုန်၊ ပရမတ္ထတရားတို့သည် သတ္တဝါတို့၏အထယ်အသားအမှန် ဖြစ်ကြသည်-ဟူ၍ဆိုလျှင် ပရမတ္ထတရားတို့ ဖြစ်တိုင်းချုပ်တိုင်း သတ္တဝါတို့လည်းဖြစ်ကြကုန်လိမ့်မည်၊ သေကြကုန်လိမ့်မည်၊ သတ္တဝါဆိုသည်မှာ ထိုသို့ခဏခဏဖြစ်ခြင်း, ခဏခဏသေခြင်းသဘောလည်းမရှိ။

ပုဂ္ဂိုလ် သတ္တဝါတို့၏ အခြေအနေကတမျိုး, ပရမတ္ထတရားတို့၏ သဘောကတမျိုးဖြစ်၍နေသည်၊ ထိုသို့သဘောတမျိုးစီ ခြားနားကွဲပြား၍ နေသောကြောင့် ရုပ်ကိုပင်သတ္တဝါ, နာမ်ကိုပင်သတ္တဝါ, သတ္တဝါကိုပင် ရုပ်, သတ္တဝါကိုပင်နာမ်-ဟူ၍မကွဲမပြား စွဲလမ်းခြင်းကို မှားယွင်းသော စွဲလမ်းခြင်းဟူ၍ ဆိုရလေသည်။

ခဏခဏဖြစ်ခြင်း ချုပ်ခြင်း သဘောရှိသော ပရမတ္ထတို့မှတပါး သတ္တဝါတို့၏ အထယ်အသား ပြုလုပ်ရန်-ဆို၍လည်း အနန္တလောကဓာတ်၌ မည်သည့်တရားမျိုးမျှမရှိချေ၊ အကယ်၍ ခိုင်မြဲသောတရားမျိုး ရှိခဲ့ပါလျှင် သတ္တဝါတို့၏ အနှစ်အသားအဖြစ်ဖြင့်စွဲလမ်းခြင်းငှါထိုက်ပေလိမ့်မည်။

ထင်ရှားမရှိသောပုဂ္ဂိုလ်,သတ္တဝါနှင့် ထင်ရှားရှိသောပရမတ်တရားတို့ကို တသားထဲမနေအောင်. ဉာဏ်ဖြင့်ရှင်းလင်းစွာခွင်း၍ ပစ်နိုင်ပါမှကား ပရမတ်တရားတွေကို ပုဂ္ဂိုလ် သတ္တဝါ-ဟူ၍ စွဲလမ်းနိုင်တော့မည်

www.dhammaransi.com



မဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါကို ပရမတ်တရားဟူ၍ စွဲလမ်းနိုင်တော့မည် မဟုတ်၊ ပရမတ်အစစ်နှင့် ပညတ်ကိုခွဲနိုင်သောဉာဏ်သည်ကား ဂုဏ်, နာမ်တို့ကို စင်ကြယ်စွာ ထိခိုက်အောင် မြင်နိုင်သော ဝိပဿနာဉာဏ် ပညာဝရဇိန်ကြီးပေတည်း။

### မေးမြန်းဖွယ်

ဤအရာ၌ မေးဖွယ်ရှိပြန်သည်မှာ—ခန္ဓာငါးပါး ပရမတ်တရားတို့သည် အဘယ်သို့ ခဏာခဏဖြစ်, အဘယ်သို့ ခဏခဏ ချုပ်နေကြပါသနည်း၊ ခဏာခဏဖြစ်ပုံ, ခဏာခဏ ချုပ်ပုံများကို ထင်ရှားစွာဖော်ပြပါ။

ဤသို့မေးဖွယ်ရှိပေသည်။

**ထင်ရှားအောင်ဖြေဆိုပါအံ့။** ။ခက်မာမှုအစစ်သည် ပထဝီဓာတ်မည်၏၊ ထိုပထဝီဓာတ်သည် တနေ့ပတ်လုံး မပျက်စီးဘဲ အခိုင်အမြဲ တည်နေနိုင်သည်မဟုတ်၊ သွားခြင်း, ထိုင်ခြင်း, လျောင်းခြင်း--အစရှိသော ဣရိယာပုထ် အမျိုးမျိုး ပြောင်းလဲခြင်း အခိုက်အတန့်နှင့် စပ်ယှဉ်နေ၏။

၁။ သွားခြင်း-ဣရိယာပုထ်အခိုက်အတန့်မှာဖြစ်သောပထဝီဓာတ် ကတမျိုး။

၂။ ထိုင်ခြင်း-အခိုက်အတန့်မှာဖြစ်သော ပထဝီဓာတ်ကတမျိုး။

၃။ ရပ်ခြင်း-အခိုက်အတန့်မှာဖြစ်သော ပထဝီဓာတ်ကတမျိုး။

၄။ လျောင်းခြင်း-အခိုက်အတန့်မှာဖြစ်သော ပထဝီဓာတ်ကတမျိုး။

သွားခြင်း အခိုက်အတန့်မှာဖြစ်သော ပထဝီ ဓာတ်သည် သွားခြင်းအဆုံး၌ပင်လျှင် ကုန်ခန်းကွယ်ပျောက်လေ၏၊ ရပ်ခြင်း အခိုက်အတန့်သို့မပါနိုင်၊ အကယ်၍ သွားခြင်းအခိုက်အတန့်၌ ဖြစ်သော ပထဝီဓာတ်သည် ရပ်ခြင်းအခိုက်အတန့်သို့ တိုင်အောင် လိုက်ပါနိုင်ပါသည်ဆိုလျှင် "သွားခြင်းသည် ရပ်ခြင်း မဖြစ်နိုင်၊ သွားခြင်းသည် သွားခြင်းသာဖြစ်နိုင်သည်" ဟု ဖြေဆိုရာ၏။

www.dhammaransi.com



သွားခြင်းကြိယာကို မရပ်သိမ်းသမျှကာလပတ်လုံး ရပ်ခြင်းကြိယာ မဖြစ်နိုင်၊ တသွားထဲသွား၍သာနေလိမ့်မည်၊ ဣရိယာပုထ်တခုအတွင်း ၌ဖြစ်သော ခန္ဓာတို့သည် ဣရိယာပုထ်အသစ်တခုသို့ ပြောင်းလဲလိုက် ပါလျှင် ထိုပြောင်းလဲသောဣရိယာပုထ်အသစ်သို့ လိုက်ပါရိုးထုံးစံမရှိ ကြကုန်၊ ခန္ဓာတို့အဖြစ်ပြောင်းလဲမှ ဣရိယာပုထ်အသစ်တခုပြောင်းလဲ နိုင်သည်။

[ဤသဘောအချက်ကိုနက်နဲစွာစဉ်းစားဆင်ခြင်ပါလေ။]

ထိုနည်းတူစွာ ရပ်ခြင်း အခိုက်အတန့်၌ဖြစ်သော ပထဝီဓာတ်သည် ရပ်ခြင်း ကြိယာအဆုံး၌ပင်လျှင် ချုပ်ကွယ်လေ၏၊ ထိုင်ခြင်း ဣ ရိယာပုထ်သို့ တိုင်အောင် မလိုက်နိုင်၊ အကယ်၍ လိုက်သည်ဆို ပါလျှင် ရပ်ခြင်း သာလျှင်ဖြစ်၍နေရာ၏၊ ထိုင်ခြင်း မဖြစ်နိုင်ရာ။

[ဤနည်းအတိုင်း ဣရိယာပုထ်လေးပါးလုံးကို စက်လှည့်၍ကြည့်ရှုရာ၏။]

သွားခြင်းဣရိယာပုထ် တခုထဲမှာပင်သော်လည်း ပဌမခြေလှမ်း၌ ပထဝီဓာတ်တမျိုး၊ ဒုတိယခြေလှမ်း၌ပထဝီဓာတ်တမျိုး၊ ပဌမခြေလှမ်း ခိုက်၌ဖြစ်သော ပထဝီဓာတ်သည် ဒုတိယခြေလှမ်းသို့ မလိုက်ပါနိုင်၊ အကယ်၍ လိုက်ပါနိုင်သည်-ဟုဆိုလျှင် ပဌမခြေလှမ်း,ဒုတိယခြေလှမ်း- ခွဲခြား၍မရဘဲရှိလိမ့်မည်။

[ဤနည်းအတိုင်း သွားခြင်းကြိယာ၌ ပထဝီဓာတ်တို့၏ အမျိုးမျိုးပြောင်းလဲပုံ များကို စဉ်းစားဆင်ခြင်လေ။]

အမူအရာအမျိုးမျိုးပြောင်းတိုင်း ပရမတ္ထတရားတို့ အစဉ်ပြောင်းလဲ ပုံများကိုလည်း စဉ်းစားရာ၏၊ အတွင်းဓာတ်ခေါ်သော ပရမတ်တရား တို့မပြောင်းလဲသမျှကာလပတ်လုံး အမူအရာတမျိုးမပြောင်းနိုင်၊ ဤ လောက၌ လူသတ္တဝါတို့၏ အမူအရာကြိယာတို့သည် တနေ့အတွင်းမှာ ပင် လွန်စွာများပြားကုန်၏၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်း ခြင်း,ကွေးခြင်း, ဆန့်ခြင်း, ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း, ရှေ့သို့ကြည့်ခြင်း, စောင်း၍ ကြည့်ခြင်း, မော်၍ကြည့်ခြင်း, အထက်သို့ ပင့်မြှောက်ခြင်း, အောက်သို့ချခြင်း၊ ဤသို့စသော အမူအရာကြိယာ အပြောင်းအလဲတို့သည် လွန်စွာပင်များလှကုန်သည်၊ ထိုအမူ အရာ

www.dhammaransi.com



တို့ကို ပရမတ္ထဓာတ်တို့က ဖြစ်ခြင်းသဘော, ပျက်ခြင်းသဘောတို့ဖြင့် ပိုင်းခြား၍ထားအပ်ကုန်၏။

ထိုင်ခြင်းနှင့် ရပ်ခြင်းအမူအရာ နှစ်ခုထင်ရှားအောင် ပရမတ္ထဓာတ်တို့က ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြား၍ထားသည်၊ ထိုပိုင်းခြားမှုမရှိပါလျှင် ထိုင်ခြင်း, ရပ်ခြင်းဟူသော အမူအရာနှစ်ခု ထင်ရှားမရှိနိုင်ရာ၊ အယုတ်သဖြင့် မျက်စိမှိတ်ခြင်း, မျက်စိဖွင့်ခြင်း အမူအရာ အသက်ရှူခြင်း, အသက်ရှိုက်ခြင်း အမူအရာ၊ ဤသို့ လွန်စွာ သေးငယ်သော ကြိယာအမူအရာကလေးများတို့၌လည်း ပရမတ္ထဓာတ်တရားတို့ဖြင့်ဖြစ်ခြင်း, ပျက်ခြင်းဖြင့် ပိုင်းခြားလျက် ရှိလေသည်၊ ဖြစ်မှုပျက်မှုဖြင့် မပိုင်းခြားပါမူကား မျက်စိမှိတ်ခြင်း, မျက်စိဖွင့်ခြင်း, အသက်ရှူခြင်း,အသက်ရှိုက်ခြင်း, အမူအရာများပင် မဖြစ်နိုင်ရာ။

[လူသတ္တဝါတို့၌ အမူအရာ ကြိယာအမျိုးမျိုးပြောင်းလဲတိုင်း ပြောင်းလဲတိုင်း ပရမတ်ဓာတ် တရားတို့၏ ပြောင်းလဲပုံကို စဉ်းစားဆင်ခြင်မိကြပါစေ။]

ပရမတ်ဓာတ်တို့၏အဖြစ်အပျက်ပြောင်းလဲမှုတွေကိုပင် အဋ္ဌကထာဒိဋ္ဌိက သတ္တဝါတို့၏ အမူအရာ ကြိယာအမျိုးမျိုးတွေ-ဟူ၍ ထင်မြင်နေလေသည်၊ သတ္တဝါတို့၏ အမူအရာဟူသမျှသည် ပရမတ်ဓာတ်တို့၏ အဖြစ်အပျက် ပြောင်းလဲမှုတို့၏ အရိပ်အယောင်တို့ပေတည်း၊ အဋ္ဌကထာဒိဋ္ဌိ၏ စွဲလမ်းပုံမှာ ဘယ်နေရာကိုမှ မလွှတ်လိုက်၊ ပရမတ်တို့၏ အဖြစ်အပျက် အမူအရာတွေကိုပင် သတ္တဝါတို့၏ အမူအရာတွေ ဖြစ်အောင် အမှားတိုက်၍ စွဲလမ်းစေသည်။

[ဆိုခဲ့ပြီးသောစကားရပ်မှာ ရုပ်နှင့်ဆိုင်သော အမူအရာ ကြိယာတို့သာ ဖြစ်ချေသည်။]

နာမ်နှင့်ဆိုင်သော အမူအရာတို့သည်ကား သာ၍ပင် များပြား၏။

၁။ သာယာတပ်မက်မှုသည် လောဘမည်၏၊ ထိုလောဘဖြစ်ခိုက်မှာ ဒေါသဝင်၍မဖြစ်နိုင်၊ လောဘအဖြစ်ရပ်ပါမှ ဒေါသ ဖြစ်နိုင်သည်၊ ဒေါသဖြစ်နေခိုက်မှာ လောဘ အမူအရာမရှိတော့ပြီ၊ အလုံးစုံကွယ်ပျောက်လေ၏။

www.dhammaransi.com



၂။ တွေးတောယုံမှားခြင်းသည် ဝိစိကိစ္ဆာမည်၏၊ ထိုဝိစိကိစ္ဆာဖြစ်နေခိုက်မှာ သာယာခြင်း လောဘ သဘောမဖြစ်နိုင်၊ လောဘဖြစ်လာလျှင် ဝိစိကိစ္ဆာ သဘောအလုံးစုံ ချုပ်ကွယ်လေတော့သည်။

ဤသို့ စသည်ဖြင့် နာမ်ဓာတ်တို့၏ အမူအရာတို့သည် လွန်စွာများလှကုန်၏၊ အဋ္ဌကထိဋ္ဌကသာယာသောလောဘဖြစ်နေခိုက်ကို "ငါသာယာသည်"ဟူ၍ စွဲလမ်းလေသည်၊ သာယာသော စိတ်၏အဆုံး၌ ဒေါသဖြစ်၍ အမျက်ထွက်ပြန်လျှင်လဲ ထိုအခိုက်ကိုအစွဲပြု၍"ငါစိတ်ဆိုးသည်" ဟူ၍ စွဲလမ်းပြန်လေသည်။

**စင်စစ်မှာ။** "လောဘဖြစ်ခိုက်မှာ ရှိသောနာမ် အစဉ်သည် ဒေါသဖြစ်သည်တိုင် မလိုက်ပါ၊ ဒေါသဖြစ်သောအခါ နာမ်အစဉ်တမျိုးပြောင်းလေ၏၊ အဋ္ဌကိဋ္ဌထင်မြင်သော အတိုင်း "ယခု-ငါ,သာယာသည်၊ ယခု-ငါစိတ်ဆိုးသည်" ဆိုလျှင် ပဌမသာယာသော ငါ သေသွားပြီ၊ ယခုစိတ်ဆိုးသောငါအသစ်ဖြစ်လာပြီ-ဟူ၍ ဆိုရလိမ့်မည်၊ သတ္တဝါတို့၏အခြေအနေ အခေါ် ဝေါဟာရမှာ သတ္တဝါ ခဏခဏသေသည်၊ ခဏခဏဖြစ်သည်၊ ငါခဏခဏသေသည်၊ ငါခဏခဏဖြစ်သည်-ဟူ၍ မရှိချေ။

အဋ္ဌကိဋ္ဌစွဲလမ်းပုံများသည် လွန်စွာစေ့စပ်လှပေ၏၊ ဘယ်အခိုက်အတန့်ကိုမှလွှတ်လိုက်သည်မရှိ၊ပရမတ်ဓာတ်တို့၏ အဖြစ်အပျက်အခိုက်အတန့်တိုင်းကိုပင် မှီအောင်လိုက်၍ စွဲလမ်းနိုင်ပါပေသည်၊ အဋ္ဌကိဋ္ဌစွဲလမ်းပုံ သဘောကို ပေါ်လောကြီး မြင်အောင် အခိုက်အတန့်တိုင်းဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်နိုင်ပါမူကား အဋ္ဌကိဋ္ဌိ အလုပ်များကိုရယ်စရာကြီး-ဟူ၍ ထင်မြင်လာပေလိမ့်မည်။

ဤသို့ ပြဆိုအပ်ပြီးသောအတိုင်း ပရမတ်ဓာတ်-ဟုဆိုအပ်သောခန္ဓာသည် တနေ့အတွင်းမှာပင် ခဏခဏဖြစ်၍ ခဏခဏပျက်ကြကုန်၏၊ ပြောင်းလဲပုံ အကြိမ်ပေါင်းကို မည်သူမျှ ရေတွက်ခြင်းငှါ စွမ်းနိုင်မည်မဟုတ်ပေ၊ ထိုသို့ ဖြစ်လေသောကြောင့် ပရမတ်ဓာတ်ခန္ဓာတို့သည် သတ္တဝါတို့၏ အထယ်အသားတို့မဟုတ်ကုန်၊ သတ္တဝါတို့၏ အသက်မဟုတ်ကုန်၊ သတ္တဝါတို့၏အနှစ်သာရမဟုတ်ကုန်။

www.dhammaransi.com



ထိုသို့အနှစ်သာရမဟုတ်သောကြောင့် ထိုပရမတ်ခန္ဓာတို့သည် ငါငါ ဟူ၍စွဲလမ်းစရာအတ္တ မဟုတ်ကြကုန်၊ အနတ္တ စင်စစ်တို့သာ ဖြစ်ကြကုန်၏၊ အသက်မဟုတ်ကုန်သော နိဇ္ဇီဝစင်စစ်တို့သာဖြစ်ကြကုန်၏၊ ရုပ်ဇီဝိတိန္ဒြေနှင့် နာမ်ဇီဝိတိန္ဒြေနှစ်ပါးကိုထား၍ အသက်မည်သည်မရှိကုန်၊ ဤဇီဝိတနှစ်ပါးတို့၏ အစဉ်မပြတ် ဖြစ်နေခိုက်ကို အစွဲပြု၍ "ငါတနှစ်သားရှိပြီ၊ ငါဆယ်နှစ်သားရှိပြီ၊ ငါဆယ်နှစ်သွီးရှိပြီ၊ ငါလူပျိုဖြစ်ပြီ၊ ငါအပျိုဖြစ်ပြီ၊ ငါအသက်ကြီးပြီ၊ သူအသက်ကြီးပြီ"စသော အားဖြင့် ခေါ်ဝေါ် သမုတ်ကြကုန်သည်၊ ဇီဝိတိန္ဒြေနှစ်ပါးကို အစွဲပြု၍ သမုတ်ပညတ်အပ်သော အတ္တဒိဋ္ဌိဝေါဟာရမျိုးပေးတည်း။

ဆိုခဲ့ပြီးသော ဇီဝိတိန္ဒြေနှစ်ပါးတို့သည် ခဏာခဏာဖြစ်ခြင်း, ခဏာခဏာ ချုပ်ခြင်း သဘောမျိုးဖြစ်၍ ဇီဝိတိန္ဒြေသည် တရက်တည်တန့်၏၊ တလတည်တန့်၏၊ တနှစ်တည်တန့်၏-ဟူ၍ ဆိုရန်မှာလွန်စွာဝေးလှလေသည်၊ ထိုသို့ခဏာခဏာဖြစ်ခြင်း,ချုပ်ခြင်း သဘောရှိသော ဇီဝိတိန္ဒြေသည်လည်း သတ္တဝါတို့၏အသက်မဟုတ်နိုင်။

ပရမတ္ထပညတ်နှင့် စပ်၍ ပြဆိုအပ်သော ပရမတ် ဓာတ်ခန္ဓာတို့၏ အချက်များသည် လွန်စွာနူးညံ့လှ၏၊ လွန်စွာသိမ်မွေ့လှ၏၊ ပြင်နိုင်ခဲ၏၊ ထို့ကြောင့် ထက်မြက်စူးရှသော ဉာဏ်ဖြင့် အမြင်သန်အောင် ကြိုးစားအားထုတ်ကြစေကုန်သတည်း၊ထိုကဲ့သို့နူးညံ့သိမ်မွေ့သော ပရမတ်ဓာတ်အချက်တို့၌ နက်နဲစွာ စူးရှပါမှ ပဋိဝေဓဉာဏ် စခန်းကြီးသို့ဆိုက်ရောက်နိုင်ကြမည်။

ဥယျောဇဥ်ဂါထာ

သု-ဒုဒ္ဒသ မိဒံ ဌာနံ၊ ဉာဏိနံ ဉာဏဂေါစရံ။
တသ္မာ ဓီရာ စိန္တယန္တု၊ ခန္ဓ သဘာဝ လက္ခဏံ။ ။

ဣဒံဌာနံ၊ ဤပရမတ်စက် ဓာတ်အချက်မျိုးသည်။သု-ဒုဒ္ဒသံ၊ သာမန်ဉာဏ်မျိုးဖြင့် ထိုးထွင်းဆင်ခြင်၍ သိမြင်ခြင်းငှါ ခဲယဉ်းလှစွာ၏။ဉာဏိနံ၊ ဝရဇိန်စက် လက်နက်တူတန် အမြင်သန်သည့် ပညာဉာဏ် ရှိသော ပုဂ္ဂိုလ်ကြီးတို့၏။ ဉာဏဂေါစရံ၊ တကယ့်ဉာဏ်ဖြင့် အမှန်ကျက်စားနိုင်သော အရာဌာနမျိုးပေတည်း။ တသ္မာ၊ ထိုသို့ ဖြစ်လေသောကြောင့်။

www.dhammaransi.com



မိရာ၊ ဖိုလ်လင်း, မဂ်လမ်း တက်လှမ်းရအောင် စွမ်းဆောင်လေဘိ ပညာရှိတို့သည်။ ခန္ဓာသဘာဝလက္ခဏာ၊ ခန္ဓာငါးရပ် ပရမတ်ဓာတ်သား သဘောသဘာဝများနှင့် သုံးပါးသော လက္ခဏာ အချက်ကြီးကို။ စိန္တယန္တု၊ အဘိဓမ္မာ ရောင်ဝါရဲရဲ ထွန်းထိန်ဆဲမှာ စွဲမြဲကြံစည် ကြံကုန်ရာသတည်း။

ပရမတ္ထနာမ်ကိုပြဆိုသော အခဏ်းပြီး၏။

### သစ္စာနှစ်ပါးကိုပြဆိုခဏ်း

မှန်ကန်ခြင်းသဘောကို "သစ္စာ"ဟု ခေါ်ဆိုသည်၊ ထိုသစ္စာသည် သမ္မုတိသစ္စာ, ပရမတ္ထသစ္စာအားဖြင့် နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင်—

သတ္တဝါရှိ၏၊ ပုဂ္ဂိုလ်ရှိ၏၊ အတ္တရှိ၏၊ ဇီဝရှိ၏၊ သစ်ပင်ရှိ၏၊ တောတောင်ရေမြေရှိ၏-စသောအားဖြင့် ခေါ်ဝေါ်ပညတ်ခြင်းသည် သမ္မုတိသစ္စာမည်၏၊ လောကီလူများအပေါင်းတို့ အညီအညွတ် သမုတ်အပ်သည်ဖြစ်၍ မှန်ကန်၏၊ မှားသည် ဟူ၍ မဆိုနိုင်၊ သတ္တဝါမရှိ၊ ပုဂ္ဂိုလ်မရှိ၊ အတ္တမရှိ၊ ဇီဝမရှိ၊ သစ်ပင်မရှိ၊ တောတောင် ရေမြေမရှိ၊ ပရမတ်အနှစ် ဓာတ်အစစ်တို့သာ ရှိ၏-ဟူ၍ သမုတ်ခြင်းသည် ပရမတ္ထသစ္စာမည်၏၊ သဘာဝအားဖြင့် မှန်ကန်၏၊ သမ္မုတိသစ္စာသည် ပုထုဇဉ်သတ္တဝါတို့၏ ဉာဏ်ကျက်စားရာဖြစ်၏၊ ပရမတ္ထသစ္စာသည် အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်ကျက်စားရာဖြစ်၏၊ သမ္မုတိသစ္စာ အနေအားဖြင့် ကြည့်ရှုသောအခါ အရိယသစ္စာသဘောကို မယုံကြည်နိုင်၊ အမှားဟု ထင်မြင်၏၊ ပရမတ္ထသစ္စာ အနေအားဖြင့် ကြည့်ရှုသောအခါ သမ္မုတိသစ္စာများကို မယုံကြည်နိုင်၊ အမှားဟုထင်မြင်၏။

၁။ သမ္မုတိသစ္စာသည် လောကီလူများ အပေါင်းတို့၏ အညီအညွတ်သမုတ်ခြင်းဖြင့် ပြီးစီးဖြစ်ပေါ်၏၊ မုသာဝါဒ၏ ဆန့်ကျင်ဖက်ဖြစ်၏။

၂။ ပရမတ္ထသစ္စာသည် ပကတိသဘောအားဖြင့် ပြီးစီး၏၊ အတူးသမုတ်အပ်သည်မဟုတ်၊ ထိုပရမတ္ထသစ္စာသည် ဒိဋ္ဌိ၏ ဆန့်ကျင်ဖက်ဖြစ်၏။

www.dhammaransi.com



**သမ္မုတိသစ္စာအနေအားဖြင့်**–ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ အတ္တရှိ၏၊ ဇီဝရှိ၏၊ သစ်ပင်ရှိ၏၊ တောတောင်ရေမြေရှိ၏၊ ဤသို့ပြောဆိုလျှင် မုသာဝါဒမဖြစ်၊ မှန်သောစကားကိုပင် ပြောဆိုသည် မည်၏၊ အဘယ့်ကြောင့် နည်းဆိုသော် လောကီလူများ အပေါင်းတို့သည် ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏-စသောအားဖြင့် သဘောတူ ဆုံးဖြတ်ချက် ချ၍ ပညတ်သမုတ်ပြီးဖြစ်သောကြောင့်တည်း၊ ထိုသို့ပြောဆိုသဖြင့် တစုံတယောက်သော သူကိုမျှ လှည့်ပတ်ယွင်း မှောက်မှားခြင်းကို မဖြစ်စေနိုင်၊ ထို့ကြောင့် သမ္မုတိသစ္စာအနေအားဖြင့် ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏-စသော စကားများကို ပြောဆိုရာ၌ မုသာဝါဒမဖြစ်ဘဲရှိလေသည်။

ထိုသို့ပင် မုသားမဖြစ်သော်လည်း ထိုသို့ပြောဆိုသော စကားမျိုးသည် ဒိဋ္ဌိဝါဒစကားမျိုးမှ မလွတ်ကင်းနိုင်၊ ဒိဋ္ဌိနယ်တွင်းသို့ သက်ဆင်းကျရောက်လေ၏၊ အဘယ့်ကြောင့်နည်းဆိုသော် တကယ်သဘောအမှန်အားဖြင့် ထင်ရှားမရှိသည်ကို သတ္တဝါရှိသည်၊ ပုဂ္ဂိုလ်ရှိသည်-ဟူ၍ တကယ်အမှန် ရှိလေဟန်နှင့် ပြောဆိုလေသောကြောင့်တည်း။

**ပရမတ္ထသစ္စာ အနေအားဖြင့်**–သတ္တဝါမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သစ်ပင်မရှိ၊ ရေမြေတောတောင်မရှိ-ဟူ၍ပြောဆိုလျှင် မုသာဝါဒလည်းမဖြစ်၊ ဒိဋ္ဌိဝါဒအားဖြင့် မှားသောအယူလည်းမဖြစ်၊ အဘယ့်ကြောင့်နည်းဟူမူ ထိုပုဂ္ဂိုလ်သတ္တဝါစသည်တို့သည် ပရမတ္ထသဘောအားဖြင့် အမှန်စင်စစ် ထင်ရှားမရှိလေသောကြောင့်တည်း။

ဤလောက၌ သက္ကာယဒိဋ္ဌိမှစ၍ များပြားလှစွာသောဒိဋ္ဌိအယူဝါဒ အမျိုးမျိုးတို့ ပေါ်ပေါက်ဖြစ်ထွန်းကြကုန်၏၊ ပါဏာတိပါတ စသော ဒုစ္စရိုက်တရားတို့သည်လည်း ပွားများဖြစ်ထွန်းကြကုန်၏၊ အပါယ်ဘေး အစရှိကုန်သော ဘေးဒုက္ခ အမျိုးမျိုးတို့လည်း ထင်ရှားရှိကြကုန်၏၊ ထိုဆိုအပ်ပြီးသော ဒိဋ္ဌိ အမျိုးမျိုး,ဒုစရိုက် အမျိုးမျိုး,ဘေးဒုက္ခ အမျိုးမျိုးတို့သည် အတ္တဒိဋ္ဌိ ကိုသာအစွဲပြု၍ ဖြစ်ကြရကုန်၏၊ အတ္တဒိဋ္ဌိသာလျှင် အမြစ်မူလ ရှိကြကုန်၏၊ အတ္တဒိဋ္ဌိ အမြစ်မူလကြီး ရှိနေသောကြောင့် ထိုတရားဆိုးတို့သည် မညှိုးမနွမ်း မခြောက်ခန်းနိုင်ကုန်ဘဲ အမြဲတိုးပွားစည်ကား၍ နေကြကုန်သည်။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌ အတ္တဒိဋ္ဌိ အမြစ်ဆုံကြီးကို အကြွင်းမဲ့ ပယ်ရှားသုတ်သင်အပ်၏၊ ထိုပုဂ္ဂိုလ်၏သန္တာန်၌ ဒိဋ္ဌိအမျိုးမျိုး, ဒုစရိုက်မှုအမျိုးမျိုး, အပါယ်လေးပါးနှင့်ဆိုင်သော ဘေးဒုက္ခအမျိုးမျိုးတို့သည် အစဉ်သဖြင့် ချုပ်ငြိမ်း ကွယ်ပျောက်ကြလေကုန်၏၊ ဤအဖြစ်သို့ရောက်သောအခါ သဥပါဒိသေသမည်သော ပဌမနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်ပြီဟူ၍ ဗုဒ္ဓဘာသာတရားတော်အရ ဆိုအပ်လေသည်။

ထိုသစ္စာနှစ်ပါးကို အရာအားလျော်စွာ သူ့နယ်နှင့်သူ ပိုင်းခြား၍ ယူဆနိုင်လျှင် အယူဖြောင့်မတ်ခြင်းသို့ ရောက်၏၊ သမ္မုတိသစ္စာနယ်တွင်း၌တည်၍ ပြောဆိုမှတ်ယူလျှင် ပရမတ္ထသစ္စာနယ်ကို ကျော်နင်းကျူးလွန်ခြင်း မပြုရ။

**ဥပမာ။** "သမ္မုတိသစ္စာအားဖြင့် ပုဂ္ဂိုလ်သတ္တဝါရှိသည်၊ အသက်ရှိသည်၊ သတ္တဝါပိုင်ဆိုင်သော ပစ္စည်းဥစ္စာရှိသည်–စသောအားဖြင့် ပြောဆိုရာ ပရမတ္ထသစ္စာနယ်နှင့် ဆိုင်သောစကားတို့ကို အသုံးပြု၍ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ အသက်မရှိ၊ သတ္တဝါပိုင်ဆိုင်သော ပစ္စည်းဥစ္စာမရှိ-ဟူ၍ မပြောမဆိုရာ၊ ပြောဆိုခဲ့လျှင် နယ်ကျူးလွန်ရာကျ၍ မှားယွင်းခြင်းသို့ရောက်လိမ့်မည်၊ ထိုနည်းတူစွာ ပရမတ္ထသစ္စာ နယ်၌တည်၍ ပြောဆိုရာတွင် သမ္မုတိသစ္စာနယ်နှင့်ဆိုင်သော စကားတို့ကိုသုံး၍ ဆန့်ကျင်ဖက်မပြောမဆိုရာ၊ ပြောဆိုလျှင် နယ်ကျူးလွန်ရာရောက်လိမ့်မည်၊ ပရမတ္ထသစ္စာဖက်၌ အယူသန်လွန်း အားကြီးသော သူအချို့တို့သည် သမ္မုတိသစ္စာနှင့် ဆိုင်ရာဖြစ်သော ဌာနတို့၌ပင်သော်လည်း ပရမတ္ထသစ္စာစကားကို ရင့်သီးစွာ ပြောကြား တတ်ကြကုန်၏၊ ထိုသူတို့သည် မိမိတို့ပြောဆိုနေရင်းပင် မှားယွင်းခြင်းသို့ ရောက်ကြကုန်၏။

[ပရမတ်ပြိန်သမ္မားတို့၏ အလေ့များပေတည်း။]

**ပရမတ်ပြိန်သမားတို့သည်**-မိမိတို့ ကိုယ်တိုင်က ပရမတ္ထ သဘောအဓိပ္ပါယ်များကို အရေလယ်အောင် နားလည် ကျွမ်းကျင်ခြင်း မရှိဘဲ သမ္မုတိပညတ်ကို ထိခိုက်ပုတ်ခတ်ပြီးလျှင် အရိယာတို့နှင့် ဆိုင်သော စကားတို့ကို သုံးခါသုံးခါနှင့် အလွန်အကျွံ ပြောဆိုတတ်ကြကုန်၏၊ မိမိတို့မှုကား အရိယာနယ်သို့ ရောက်မည်ဝေးစွ၊ ကာမတဏှာကလေး

www.dhammaransi.com



ကိုမျှ မပယ်နိုင်ကြသေးကုန်၊ ပရမတ္ထသစ္စာမျိုးတို့ကို အသုံးပြုလွန်းအား ကြီးလျှင် သမ္မုတိသစ္စာနယ်ကို ကျူးလွန်၍ "နတ္ထိဒိဋ္ဌိ" အစရှိသော နတ္ထိက အယူဆိုးကြီးများဖက်သို့ ယိမ်းယိုင်၍သွားတတ်လေသည်။

**ပရမတ္ထသစ္စာနယ်မှာ။** ။လူဖွယ်ပစ္စည်း- ဟူ၍လည်းမရှိ၊ အလှူခံ ပုဂ္ဂိုလ်-ဟူ၍လည်းမရှိ၊ ထိုသို့ဖြစ်လေသောကြောင့် လှူဒါန်းလျှင် တစုံတ ရာမျှအကျိုးမရှိ-ဟူသော အယူဝါဒမျိုးကို ပြောမိဆိုမိ တတ်လေသည်၊ ပရမတ္ထသစ္စာအားဖြင့် သတ်ရန်ပုဂ္ဂိုလ်သတ္တဝါလည်းမရှိ၊အသက်လည်း မရှိ၊သတ္တဝါပိုင်ဆိုင်သော ပစ္စည်း-ဟူ၍လည်းမရှိ၊ ထိုသို့ ဖြစ်လေသော ကြောင့် သတ္တဝါကိုသတ်လျှင် တစုံတရာမျှအပြစ်မရှိ-ဟူ၍ ပါဏာတိပါ တကံကိုပယ်သောစကား, သူ့ဥစ္စာခိုးလျှင်တစုံတရာမျှအပြစ်မရှိ-ဟူ၍ အဒိန္နာဒါန်ကံကို ပယ်သောစကား၊ ဤကဲ့သို့ ကျူးလွန်မှားယွင်းသော စကားလွန်များကို ပြောမိဆိုမိတတ်လေသည်၊ ထို့ကြောင့်ပရမတ္ထသစ္စာ သည် လွန်အားကြီးလျှင် မှားယွင်းသော ဒိဋ္ဌိဘေးကြီးတို့နှင့် တွေ့ကြုံ တတ်သည်-ဟူ၍ဆိုခဲ့ပေသတည်း။

**သမ္မုတိသစ္စာသည်**–လောကသမ္မုတိ အားဖြင့် မှန်ကန်လေသော ကြောင့် ဝစီသစ္စာလည်း ဖြစ်နိုင်၏၊ ဝိရတိသစ္စာလည်း ဖြစ်နိုင်၏၊ သမ္မုတိသစ္စာအတိုင်း ပြောဆိုလျှင် မုသာဝါဒမဖြစ်နိုင်၊ သမ္မာဝါစာ ပင်ဖြစ်လေ၏၊ ကာယဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်ပါ၏- ဟူ၍ ဆောက်တည်လျှင် ဝိရတိသစ္စာမြောက်၍၊ကုသိုလ်အထူးဖြစ်ပွားနိုင်၏။

**မဂ္ဂင်ရှစ်ပါး၌။** ။သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ- သုံးပါး သည် သမ္မုတိသစ္စာနယ်နှင့်ဆိုင်သော မဂ္ဂင်များဖြစ်ကြကုန်၏၊ ဒါန, သီလ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန၊ဤကုသိုလ် ဝတ္ထုကြီးများသည်လည်း သမ္မုတိသစ္စာ၏ဆိုင်ရာဖြစ်သော နယ်ပယ်၌ သာအကျုံးဝင်ကြကုန်၏။

သံသရာ၌ ကျင်လည်နေကြကုန်သော လောကီ လူများအပေါင်းတို့ သည် သမ္မုတိသစ္စာနယ်၌သာ ထောက်ရာတည်ရာပြု၍ နေကြရကုန်၏၊ သမ္မုတိသစ္စာကို အရင်းပဓာနထား၍ သူတော်ကောင်းတို့နှင့် ပေါင်း

www.dhammaransi.com



သင်းဆက်ဆံခြင်း, သူတော်ကောင်းတရားတို့ကို ကြိုးစားအားထုတ်ခြင်းစသော ကုသိုလ်ကောင်းမှုများကိုလည်း ဆည်းပူးကြရကုန်၏၊ ပါရမီရင့်သန်၍ ဗောဓိဉာဏ် သုံးပါးကိုပွင့်လင်းအောင် ပြုလုပ်အားထုတ်ကြရသည်မှာလည်း သမ္မုတိသစ္စာနယ်၌တည်၍ အားထုတ်ကြရကုန်သည်၊ ပါရမီပြည့်အောင် ဖြည့်ဆည်းပူးရသည်ဆိုရာ၌လည်း သမ္မုတိသစ္စာနယ်၌တည်၍ ပါရမီဖြည့်ရကြောင်းထင်ရှားပါ၏။

ပရမတ္ထသစ္စာများကို သိကျွမ်းနားလည်အောင် ပဋိဝေဓဉာဏ်ပွင့်လင်းအောင် အားထုတ်ကြိုးစားရာ၌လည်း သမ္မုတိသစ္စာကိုပင် အရင်းခံကြီးပြုလုပ်ရလေသည်၊ သူတပါးတို့အား တရားဟောပြောခြင်း အမှုကို ပြုလုပ်ရာ၌လည်း သမ္မုတိသစ္စာဖြင့် အရင်းအနှီးပြုလုပ်ရကြောင်း ထင်ရှား၏၊ တရားနာရာ၌လည်း ထိုနည်းတူစွာ သမ္မုတိသစ္စာတို့ကို အရင်းခံထား၍ နာကြားအပ်သော တရားဓမ္မတို့၏ သဘာဝအဓိပ္ပါယ်တို့ကို အကျယ်တဝင့်သိနိုင်ကြလေသည်။

ပရမတ္ထသစ္စာအစစ် အရိယာအထွတ်အထိပ်ကြီးတွေ ဖြစ်တော်မူကြကုန်သော ဘုရားရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတို့သော်မှလည်း သမ္မုတိသစ္စာကို လက်သုံးပြု၍ ဝေနေယျသတ္တဝါတို့၏ အကျိုးကို သည်ပိုးဆောင်ရွက်တော်မူကြရလေသည်၊ ထို့ကြောင့် သမ္မုတိသစ္စာများကို အောက်တန်းကျ၍ ညံ့ဖျင်းသည်ဟူသော အထင်အမြင်မျိုးနှင့် နယ်ကျူးလွန်သော စကားများကို မှားမှားယွင်းယွင်း မသုံးထိုက်ကြပေ၊ သမ္မုတိသစ္စာနယ်၌ တည်၍နေပါလျက် ပရမတ္ထသစ္စာပြောလွန်းအားကြီးလျှင် အမှောက်အမှားတွေကိုကြုံမည်မချွတ်ပင်တည်း။

မိန်းမဖြစ်ပါလျက် ယောကျ်ားတို့၏အသုံးအနှုန်းကိုသုံးလျှင် မှားယွင်းမည်အမှန်၊ ယောကျ်ားဖြစ်ပါလျက် မိန်းမတို့၏ အသုံးအနှုန်းကိုသုံးလျှင် မှားယွင်းမည်အမှန်၊ မီးယပ်ရောဂါကို ပါဒရက်ဆေးတိုက်၍ကုလျှင် မှားယွင်းမည်အမှန်၊ ပါဒရက်ရောဂါကို မီးယပ်ဆေးတိုက်၍ကုလျှင် မှားယွင်းမည်အမှန်၊ ကိုယ်နှင့်ဆိုင်ရာ အသုံးအနှုန်းများကိုသုံး၍ အနာနှင့်ဆိုင်ရာဖြစ်သောဆေးတို့ကို ပေးပါမှ မှန်ရာကျနိုင်သည်။

[ထိုနည်းတူစွာ သမ္မုတိသစ္စာနှင့်ပရမတ္ထသစ္စာနှစ်ပါးတို့မှာသည်း ကိုယ့်ဆိုင်ရာဆိုင်ရာ နယ်ကန့်သတ်၍အသုံးအနှုန်းမမှားရအောင် များစွာသတိပြုအပ်လှပေသည်။]

www.dhammaransi.com



ပရမတ္ထသစ္စာနှင့် ဆိုင်ရာဌာနသို့ ကျရောက်သောအခါ ပုဂ္ဂိုလ် သတ္တဝါ အစရှိသောအထင်အမြင်နှင့် သညာဝိပလ္လာသများကိုအကြွင်း မဲ့ပယ်ရှား၍ ပရမတ္ထဓာတ်သားအစစ်တွေကို ထင်ရှားထိုးကိုက်စွာ မြင် နိုင်ကြရာသည်၊ ပရမတ္ထသစ္စာကို အသုံးအနှုန်းပြု၍ ပရမတ္ထသစ္စာနှင့် ဆိုင်သော ကိစ္စကြီးများကို အားထုတ်ကြိုးစားနေသည့်အခါ ပုဂ္ဂိုလ်, သတ္တဝါ, ငါ့အိမ်, ငါ့ယာ, ငါ့ဥစ္စာ, ငါ့သား, ငါ့မယား, ငါ့လင်, ငါ့ယောက်ျား, ငါ့မိတ်ဆွေ, ငါ့ရန်သူ-စသော အထင်အမြင် အသုံး အနှုန်းတွေကို ဝင်ရောက် နှောင့်ရှက်၍ မလာစေရ၊ ထိုသမ္မုတိသစ္စာ သဘောမျိုးတွေ ဝင်ရောက်နှောင့်ရှက်လာလျှင် ပရမတ္ထသစ္စာနှင့်ဆိုင် သော အလုပ်ကိစ္စကြီးတွေ ပျက်စီးမည်မချွတ်ပင်တည်း။

[ပရမတ္ထသစ္စာနှင့်ဆိုင်သောကိစ္စကြီးများဆိုသည်မှာ ဝိပဿနာအလုပ်ကိစ္စကြီး များဖြစ်ပေသည်။]

ပရိညာသုံးပါးတို့တွင်ပဟာနပရိညာစခန်းသို့ပေါက်ရောက်အောင်, ဉာဏ်သုံးမျိုးတို့တွင်ပဋိဝေဓဉာဏ်စခန်းသို့ပေါက်ရောက်အောင်ဝိပဿနာ ဘာဝနာကိစ္စကြီးများကို ထူထောင် အားထုတ်သောအခါ ပရမတ္ထ သစ္စာကို စင်ကြယ်သန့်ရှင်းစွာ ပိုင်နိုင်စေရာ၏၊ သမ္မုတိသစ္စာဆို၍ အနည်းငယ်မျှဝင်ရောက်နှောင့်ရှက်ခြင်း မဖြစ်စေရာ၊ပရမတ္ထသစ္စာစခန်း ကြီးကို အပြီးတိုင်ပိုင်နိုင်လေသောအခါ သံသရာမှ ကျွတ်လွတ်၍ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်စခန်းသို့တိုင်ရောက်လေတော့သည်။

[ဤဆိုအပ်ခဲ့ပြီးသော သဘောများကို ထင်ရှားပိုင်နိုင်စွာ ဉာဏ်အခြေကျ အောင် နှလုံးသွင်းပြီးရှိကြပါစေ။]

သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်ပါးသည် ရေနှင့်မီးကဲ့သို့ အချင်း ချင်းဆန့်ကျင်ဖက်ကြီးဖြစ်ကြ၏။

**ဆန့်ကျင်ပုံမှာ။** "သမ္မုတိသစ္စာသည် အတ္တဒိဋ္ဌိ၏ ကျင်လည်ကျက် စားရာဖြစ်၏၊ ပရမတ္ထသစ္စာသည် အနတ္တဝိပဿနာဉာဏ်၏ ကျက်စား ရာဖြစ်၏၊ သမ္မုတိသစ္စာသည် သာယာစွဲလမ်းသော ရာဂနယ်ကြီးဖြစ်၏၊ ပရမတ္ထသစ္စာသည် သာယာမှုကိုဖျက်ဆီးသော ဝိရာဂနယ်ကြီးဖြစ်၏၊ သမ္မုတိသစ္စာသည် သံသရာကိုချဲ့ထွင်ကြောင်းဖြစ်၏၊ ပရမတ္ထသစ္စာသည် သံသရာကိုဖျက်ဆီးကြောင်းဖြစ်၏၊ သမ္မုတိသစ္စာသည် ပုထုဇဉ်သတ္တဝါ

www.dhammaransi.com



တို့၏ မျက်လုံးသဖွယ်ဖြစ်၏၊ ပရမတ္ထသစ္စာသည် အရိယာပုဂ္ဂိုလ်တို့၏ မျက်လုံးသဖွယ်ဖြစ်၏၊ သမ္မုတိသစ္စာတောကြီးအတွင်း၌ နစ်မြုပ်နေလျှင် သံသရာအတွင်း၌ ပျော်မွေ့ခြင်းဖြစ်၏၊ မငြီးငွေ့နိုင်၊ ပရမတ္ထသစ္စာတောကြီးအတွင်းသို့ ဝင်မိလျှင် သံသရာတခွင်၌ ပျော်ရွှင်ဖို့တစုံတရာမျှ မတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။

[ဤသို့ဆိုအပ်ပြီးသောအတိုင်းသစ္စာနှစ်ပါးတို့၏ ခြားနားပုံ,ဆန့်ကျင်ဖက်ဖြစ်ပုံများကို အထူးမှတ်သားကြရာသတည်း။]

သစ္စာနှစ်ပါးကိုပြဆိုခဏ်းပြီး၏။

## ခန္ဓယမိုက်စိစစ်ခဏ်း

ခန္ဓယမိုက်၌ဝါရသုံးပါးရှိ၏—

၁။ ပဏ္ဏတ္တိဝါရ,

၂။ ပဝတ္တိမဟာဝါရ,

၃။ ပရိညာဝါရ,

ဤသုံးပါးတို့ပေတည်း။

ထိုသုံးပါးတို့တွင်—

၁။ ယမိုက်ဒေသနာတော်သည် ပရမတ္ထသစ္စာ၏ အရာဖြစ်သောကြောင့်ပရမတ္ထဓမ္မနှင့်ဆိုင်သောနာမပညတ်တို့ကိုအတန်ငယ်အတန်ငယ် စိစစ်၍ ဟောသောဝါရသည် ပဏ္ဏတ္တိဝါရမည်၏၊ ထိုပဏ္ဏတ္တိဝါရသည် ပရိညာသုံးပါးတို့တွင် "ဉာတပရိညာ" ၌အကျုံးဝင်၏။

[ဉာတပရိညာဆိုသည်ကား ပရမတ္ထတရားတို့၏သဘောအသီးသီးတို့ကို ခွဲခြမ်းစိတ်ဖြာ၍သေချာပိုင်နိုင်စွာသိမှုကိစ္စကြီးပေတည်း။]

၂။ ကာလသုံးပါးတို့၌ ပရမတ္ထတရားအသီးသီးတို့ကို ဖြစ်ခြင်း,ချုပ်ခြင်းတို့ဖြင့်ပိုင်းခြား၍အနိစ္စသဘောအမှန်ဖြစ်ပုံ,ဒုက္ခသဘောအမှန်ဖြစ်ပုံ, အနတ္တသဘောအမှန်ဖြစ်ပုံကိုဖေါ်ပြ၍ ဟောတော်မူအပ်သောဝါရသည် ပဝတ္တိမဟာဝါရမည်၏၊ ထိုပဝတ္တိမဟာဝါရသည် ပရိညာသုံးပါးတို့တွင် "တီရဏပရိညာ"၌ အကျုံးဝင်၏။

[တီရဏပရိညာ ဆိုသည်ကား ပရမတ္ထတရားတို့ကို အနိစ္စအမှန်, ဒုက္ခအမှန်, အနတ္တအမှန် ဟူ၍ ဝေဖန်ဆုံးဖြတ်ခါ ပိုင်နိုင်စွာ သိမှုကိစ္စ ကြီးပေတည်း။]

www.dhammaransi.com



၃။ အသိဉာဏ်ကို အရင်းခံပြုသဖြင့် မသိသော မောဟတရားကို ပယ်ရှားရန် ဟောကြားတော်မူအပ်သောဝါရသည် ပရိညာဝါရမည်၏၊ ထိုပရိညာဝါရသည် "ပဟာနပရိညာ" ၌အကျုံးဝင်၏။

[ပဟာနပရိညာ ဆိုသည်ကား သာယာမှု,အမျက်ထွက်မှု,မသိမှုတွေကို အရှင်းပယ်သတ်သော ကိစ္စကြီးပေတည်း။]

## ပဏ္ဏတ္တိဝါရအဓိပ္ပါယ်ချုပ်

ပဏ္ဏတ္တိဝါရ၌ ခန္ဓာငါးပါးကို ဟောတော်မူသည်၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၊ ဤငါးပါးတို့တည်း၊ အစုအပုံသဘောကို ခန္ဓာ-ဟုဆိုသည်။

၁။ ဖောက်ပြန်ခြင်းသဘောရှိသော တရားဟူသမျှတို့ကို တစုတည်းပြု၍ ခန္ဓပညတ်ဖြင့်အမှတ်ပြုအပ်သောတရားစုသည် ရူပက္ခန္ဓာမည်၏၊ ရူပက္ခန္ဓာဆိုလျှင် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ ဖြစ်ဖြစ်သမျှ ရုပ္ပနသဘောရှိသော တရားအလုံးစုံအကုန်ပါဝင်လေတော့သည်၊ ပထဝီ, အာပေါ စသောရုပ် ၂၈-ပါးတို့ကို ဆိုလို၏၊ ဖောက်ပြန်ခြင်းသဘောကို "ရုပ္ပန"ဟူ၍ဆိုသည်။

ရုပ္ပတီတိရူပံ။ ။ရုပ္ပတိ၊ဖောက်ပြန်တတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။ ။ရူပါနံ ခန္ဓော ရူပက္ခန္ဓော။ ။ရူပါနံ၊ဖောက်ပြန်တတ်သောတရားတို့၏။ ခန္ဓော၊ အစုအပုံတည်း။ ရူပက္ခန္ဓော၊ ဖောက်ပြန်တတ်သောတရားတို့၏ အစုအပုံ။ ဖောက်ပြန်တတ်သော တရားမျိုးတွေတစုဆိုလိုသည်။

၂။ ဝေဒနာက္ခန္ဓာစသည်တို့၌လည်း ထိုနည်းတူစွာ မှတ်ယူလေ၊ ခံစားတတ်သောတရားမျိုးတစုကို ဝေဒနာက္ခန္ဓာ ဟုခေါ်ဆိုသမုတ်၏။

၃။ မှတ်တတ်သောတရားမျိုးတစုကို သညာက္ခန္ဓာ ဟုခေါ်ဆိုသမုတ်၏။

၄။ ပြုပြင်စီရင်တတ်သော တရားမျိုးတစုကို သင်္ခါရက္ခန္ဓာ ဟုခေါ်ဆိုသမုတ်၏။

၅။ သိတတ်သောတရားမျိုးတစုကိုဝိညာဏက္ခန္ဓာ ဟုခေါ်ဆိုသမုတ်၏။

[ဤကား ခန္ဓာငါးပါး၏ သဘောအဓိပ္ပါယ်ပေတည်း။]

www.dhammaransi.com



### မေးမြန်းဖွယ်

ဤနေရာ၌ မေးဖွယ်ရှိသည်မှာ—

သင်္ခတ တရားတို့ကို ခန္ဓပညတ်ဖြင့် အစုဖွဲ့၍ ဟောတော်မူရာဝယ် မြတ်စွာဘုရားသည် ငါးပါးအစုကိုသာ အဘယ့်ကြောင့် ဟောတော်မူပါသနည်း၊ ထိုသင်္ခတ တရားတို့ကို ခြောက်ပါးစု, ခုနစ်ပါးစုစသည်ဖြင့်စုပုံ၍ ခန္ဓပညတ်ဒေသနာကို ဟောတော်မမူကောင်းပါသလော၊ ဤသို့ မေးဖွယ်ရှိပေသည်။

**အဖြေကိုဆိုအံ့။** ။သတ္တဝါအပေါင်းတို့ သံသရာ၌ ပျော်မွေ့၍နေကြသည်မှာ တဏှာ အဖျော်အဖြေကြီးရှိသောကြောင့်သာလျှင် ပျော်ပါး၍ နေနိုင်ကြသည်၊ တဏှာ အဖျော်အဖြေမရှိလျှင် သံသရာထဲမှာ ပျော်ရွှင်နိုင်ကြမည် မဟုတ်ချေ၊ထို့ကြောင့် တဏှာကို သတ္တဝါတို့၏ အဖော်ကြီး, မိတ်ဆွေရင်းကြီး-ဟူ၍ မြတ်စွာဘုရား ဟောကြားတော် မူပေသည်။

တဏှာ ဒုတီယော ပုရိသော။ ။ပုရိသော၊ သတ္တဝါသည်။တဏှာဒုတီယော၊တဏှာသည်ပင်လျှင် အဖော်သဟဲ ရှိ၏။ ။တဏှာတည်းဟူသော အဖော်က အဖြေအဖျော်ကောင်းလေလေ၊ သတ္တဝါတို့ သံသရာတွင်းမှာ ပျော်ရွှင်လေလေ ဖြစ်၏၊ တဏှာကိုသံသရာ့ မိတ်ဆွေကြီး, ကမ္ဘာ့ မိတ်ဆွေကြီး-ဟူ၍လည်း ခေါ်ဆိုထိုက်ပေ၏။

ထိုတဏှာ၏ ကျက်စားရာနယ်များကို ပိုင်းခြားလိုက်ပါလျှင် ငါးနယ်, ငါးခရိုင်မျှနှင့် ကိစ္စပြီးစီး၏၊ ငါးနယ် ငါးခရိုင်မှတပါး တိုးတက်၍ပိုင်းခြားသတ်မှတ်ရန် ခရိုင်ဌာနမရှိတော့ပြီ၊ ထိုငါးနယ်, ငါးခရိုင်ဆိုသည်မှာ ခန္ဓာငါးပါးတို့ပင်တည်း၊ ရူပ ခရိုင်နယ်, ဝေဒနာ ခရိုင်နယ်, သညာ ခရိုင်နယ်, သင်္ခါရ ခရိုင်နယ်,ဝိညာဏ ခရိုင်နယ်၊ဤငါးခရိုင်ဖွဲ့၍ တဏှာ၏ကျက်စားရာ ဌာနကြီးငါးခုပြုလုပ်ထားသည်၊ ထိုငါးခရိုင်သည် တဏှာ၏ ပိုင်ဆိုင်ရာနယ်ကြီးဖြစ်၍ ထိုငါးခရိုင်အတွင်းမှာ ပျော်ရွှင်စွာ ကျက်စားလေသည်၊ ထိုငါးခရိုင်သည် တဏှာ၏ ကျက်စားရာတွင် အရေးအကြီးဆုံး, အကျိုးအဆောင်ဆုံး ဖြစ်ကြကုန်၏။

www.dhammaransi.com



ထိုငါးခရိုင်မှထွက်သော အခွန်တော်အသီးသီးတို့မှာ—

၁။ ရူပက္ခန္ဓာ ခရိုင်နယ်မှသဏ္ဌာန်ဒြပ်မှစ၍အထည်ဝတ္ထု အမျိုးမျိုးတွေ၊ အဆင်း, အနံ့, အရသာ အစရှိသော-ဝတ္ထုပစ္စည်းတွေ အမျိုးစုံထွက်၏၊ အချုပ်အားဖြင့် ကာမဂုဏ်ငါးပါးခေါ်သော ပစ္စည်းဝတ္ထုမှန်သမျှသည် ရူပ ခရိုင်နယ်မှထွက်၏၊ အခြားလေးခရိုင်တို့မှ မထွက်ချေ။

၂။ ခံစားခြင်း ဟုဆိုအပ်သော ဓာတ်သေတ္တုတမျိုးသည် ဝေဒနာက္ခန္ဓာခရိုင်မှထွက်၏။

၃။ မှတ်ခြင်း ဟုဆိုအပ်သော ဓာတ်သေတ္တုတမျိုးသည်သညာက္ခန္ဓာခရိုင်မှထွက်၏။

၄။ ပြုပြင် စေ့ဆော်ခြင်း တည်းဟူသော ဓာတ်သေတ္တု တမျိုးသည် သင်္ခါရက္ခန္ဓာ ခရိုင်မှထွက်၏။

၅။ သိခြင်းတည်းဟူသော ဓာတ်သေတ္တုတမျိုးသည် ဝိညာဏက္ခန္ဓာခရိုင်မှထွက်၏။

ဤငါးခရိုင်မှထွက်သော ပစ္စည်းဝတ္ထုဓာတ်သေတ္တုတို့ကို စုဆောင်းလိုက်သည်ရှိသော် တဏှာ၏ နှစ်ခြိုက်ဖွယ်ကိစ္စ ပြီးစီး၏၊ ဤငါးခရိုင်မှထွက်သောပစ္စည်းဝတ္ထုဓာတ်သေတ္တုတို့သည် တဏှာ၏အသုံးအဆောင်ဖြစ်ကြကုန်၏၊ ထိုကဲ့သို့ ခရိုင်ငါးစုဖွဲ့စည်း၍ ဟောကြားလျှင်ပင် တဏှာကျက်စားရာတွင် အကျိုးအဆောင်ဆုံး, ကျေးဇူးအများဆုံး ကိစ္စပြီးစီးလေသောကြောင့် ခန္ဓပညတ်ဖြင့် ဟောကြားတော် မူအပ်သော ခန္ဓာအဖွဲ့ကို ၅-ပါးမျှသာလျှင် ဖွဲ့စည်း၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သတည်း—ဟူ၍ ဖြေဆိုအပ်၏။

[ခန္ဓာ-ဆိုသည်မှာ အစုအဖွဲ့ပင်ဖြစ်သည်၊ထိုအစုအဖွဲ့ဆိုသည်နှင့် အဓိပ္ပါယ်ခပ်ဆင်ဆင်''ခရိုင်''ဟူ၍ အသုံးပြုခဲ့သည်မှာလည်း ခန္ဓ-သဒ္ဒါနှင့်မဆန့်ကျင်၍ သင့်လျော်သည်ဟူ၍မှတ်လေ။]

ဤအရာ၌ တဏှာ၏ အကျိုးအဆောင်ဆုံးဖြစ်သော ငှာနငါးချက်ကို ထင်ရှားစွာ သိရှိကြလေအောင် ဥပမာထုတ်ဆောင်၍ ပြဆိုပါဦးအံ့။

၁။ ပစ္စည်းဥစ္စာလွန်စွာပေါများသောသူဌေးကြီးတဦးသည် အလွန်များပြားစွာသော ပစ္စည်းဥစ္စာ အမြတ်အစွန်းတို့ကို အလိုရှိသော

www.dhammaransi.com



ကြောင့် သင်္ဘောကြီးတည်ပြီးလျှင် ထိုသင်္ဘောကြီး၌ ငါးဆဲ့နှစ်ယောက်သော သင်္ဘောအမှုထမ်းသမားတို့ကိုခန့်ထား၍ ခရီးသွားတို့နှင့် ကုန်စည်ပစ္စည်းများကို တင်ဆောင်ပို့သလျက် ပင်လယ်ခရီးကို ကူးသန်း၏၊ အမြို့မြို့သို့ သွားရောက်၏၊ ခရီးသည်နှင့်ဝန်ထုပ်များကို လိုရာဌာနသို့ ရောက်အောင် ပို့ဆောင်၏။

ထိုသင်္ဘောကြီးပေါ်၌ အမှုထမ်းကြကုန်သော လူအပေါင်း ငါးဆဲ့နှစ်ယောက်တို့တွင်–

၂။ တယောက်သောသူသည် သင်္ဘောကြီးတခုလုံး၏ဆိုင်ရာဖြစ်သော ကိစ္စအရပ်ရပ်ကို ကျွမ်းကျင်နားလည်၏၊ ထိုသူကို သင်္ဘောကပ္ပိတန်အဖြစ်ဖြင့် ခန့်ထားပြီးလျှင် ထိုသင်္ဘောကြီးကိုစီရင်အုပ်ချုပ်စေ၏။

၃။ တယောက်သောသူသည် သမုဒ္ဒရာ လမ်းခရီးတို့၌ ကျွမ်းကျင်လိမ္မာ၏၊ ဆိုက်ကပ်ရာဆိပ်ကမ်းမှစ၍ မိုးရိပ်လေဆင်တို့ပါအလုံးစုံကျွမ်းကျင် လိမ္မာ၏၊ ထိုသူကို မာလိန်မှူးအဖြစ်ဖြင့် ခန့်ထား၍ သင်္ဘောဦး၌ အုပ်ချုပ်စေ၏။

၄။ ကြွင်းသော လူပေါင်းငါးဆယ်တို့ကိုမူကား စက်မောင်းခြင်း, မီးထိုးခြင်း, သင်္ဘောကျောက်ဆူးနုတ်ခြင်း, သင်္ဘောဆေးကြောခြင်းမှစ၍ ကိစ္စအမျိုးမျိုးတို့ကို ဆိုင်ရာဆိုင်ရာ ပြုလုပ်ကြစေရန်ခန့်ထား၏။

၅။ သင်္ဘောပိုင်ရှင် သူဌေးကြီးသည်ကား သင်္ဘောကြီးနှင့် သင်္ဘော၌အလုပ်လုပ်ကိုင်ကြသော လူများအပေါင်းကို အုပ်ချုပ်စောင့်ထိန်းချီးမြှောက်ပြီးလျှင် သင်္ဘောကုမ္ပဏီ လုပ်ငန်းကြီးမှ မြတ်စွန်းသော ပစ္စည်းဥစ္စာတို့ကို သိမ်းပိုက်ခါ စည်းစိမ်ခံစား၍နေလေ၏။

### ဥပမာန–ဥပမေယျစပ်ဟပ်ပြချက်

ဤဥပမာစကားရပ်၌–

၁။ သမုဒ္ဒရာ ရေအပြင်ကြီးသည် သံသရာခရီးနှင့်တူ၏။

၂။ သင်္ဘောကို အဖော်လုပ်၍ နေသော သတ္တဝါများသည် သင်္ဘောပိုင်ရှင်သူဌေးကြီးနှင့်တူ၏။

၃။ သင်္ဘောကုမ္ပဏီ အလုပ်ကြီးကို ထူထောင်သဖြင့် ရရှိခံစားအပ်သော စည်းစိမ်ချမ်းသာများသည် ဝေဒနာက္ခန္ဓာနှင့် တူ၏။

www.dhammaransi.com



၄။ သဘော်ကြီးကို အုပ်ချုပ်သော ကပ္ပိတန်သည် သညာက္ခန္ဓာနှင့်တူ၏။

၅။ သဘော်ကြီး၌အမှုကိစ္စအမျိုးမျိုးကို ဆိုင်ရာဆိုင်ရာရွက်ဆောင်ကြကုန်သောသဘော်သား ငါးဆယ်တို့သည်သင်္ခါရက္ခန္ဓာနှင့်တူကုန်၏။

၆။ သဘော်ဦး၌ ရပ်တည်၍ အုပ်စိုးရသော မာလိန်မှူးသည် ဝိညာဏက္ခန္ဓာနှင့်တူ၏။

၇။ သဘော်ကြီးသည် ရူပက္ခန္ဓာနှင့်တူ၏။

ဤသို့ပြဆိုအပ်သော ဥပမာအတိုင်း ခန္ဓာငါးပါးတို့၏ သဘောကို နှိုင်းချိန်ချင့်စာ၍သိအပ်၏။

ခန္ဓာငါးပါးတို့တွင်–

၁။ ဝေဒနာက္ခန္ဓာသည် သတ္တဝါတို့၏သုံးဆောင်ခံစားမှုဆိုင်ရာ အဖွဲ့ကြီးဖြစ်၏၊ ထိုဝေဒနာက္ခန္ဓာဖြင့် သုံးဆောင်ခံစားမှု ကိစ္စအမျိုးမျိုးကို ဆောင်ရွက်ကြကုန်၏။

၂။ သညာက္ခန္ဓာသည် မှတ်သားမှုဆိုင်ရာ အဖွဲ့ကြီးဖြစ်၏၊ ထိုသညာက္ခန္ဓာဖြင့် လူဖြစ်လျှင် လူနှင့် ဆိုင်ရာ မှတ်သားဖွယ် အမျိုးမျိုး, နတ်ဖြစ်လျှင် နတ်နှင့်ဆိုင်ရာ မှတ်သားဖွယ် အမျိုးမျိုး, ဗြဟ္မာဖြစ်လျှင် ဗြဟ္မာနှင့်ဆိုင်ရာမှတ်သားဖွယ် အမျိုးမျိုး,တိရစ္ဆာန်ဖြစ်လျှင် တိရစ္ဆာန်တို့နှင့်ဆိုင်ရာ မှတ်သားဖွယ်အမျိုးမျိုးတို့ကို မှတ်သားကြပြီးလျှင် သိကျွမ်းလိမ္မာခြင်းသို့ ရောက်ကြလေကုန်၏၊အမှတ်သညာများ၍ သိ,ကြား,နားလည်သူကိုသံသရာတခွင်၌ ကျွမ်းကျင်လိမ္မာသောသူ ဟူ၍ခေါ်ဆိုကြလေသည်။

၃။ သင်္ခါရက္ခန္ဓာသည် မိမိတို့သိကျွမ်း လိမ္မာပြီးသော အတိုင်း ကိုယ်မှုကိစ္စ, နှုတ်မှုကိစ္စ, မနောကိစ္စများကို ပြုလုပ်ဆောင်ရွက်ကြကုန်၏၊ ဤသင်္ခါရက္ခန္ဓာ၏ ပြုပြင်လုပ်ကိုင် ဆောင်ရွက်မှုကြောင့် သံသရာတခွင်မှာ သတ္တဝါတို့၏ ကိစ္စအမျိုးမျိုးတွေပြီးစီး၍နေသည်၊ ကောင်းမှု, မကောင်းမှု ခေါ်သော ကိစ္စများကိုလည်း ထိုသင်္ခါရက္ခန္ဓာဖြင့်သာလျှင် ပြုလုပ်၍ နေကြရသည်။

www.dhammaransi.com



၄။ ဝိညာဏက္ခန္ဓာသည်ကား သတ္တဝါတို့အားအမြဲလမ်းညွှန်ကြား၍နေသော လက်ဦးဆရာကြီးကဲ့သို့ အဆင်းကိုမြင်ခြင်း, အသံကိုကြားခြင်းစသောကိစ္စတို့ကို ရွက်ဆောင်၍နေ၏၊ နာမ် ခန္ဓာသုံးပါးတို့၏ ရှေ့သွား ခေါင်းဆောင်ကြီးဖြစ်၏၊ ဝိညာဏက္ခန္ဓာ လမ်းညွှန်သောအတိုင်းပင် ဝေဒနာက္ခန္ဓာစသော နာမ်ခန္ဓာသုံးပါးတို့သည် လိုက်ပါ၍ နေကြရကုန်၏။

[ဝိညာဏက္ခန္ဓာကို ရှေ့သွားခေါင်းဆောင်,ကြွင်းသော နာမ်ခန္ဓာသုံးပါးတို့ကိုနောက်လိုက်ငယ်သားတွေဟူ၍ မှတ်သားအပ်၏။]

၅။ ရူပက္ခန္ဓာကြီးသည်ကား နာမ်ခန္ဓာလေးပါးတို့၏ တည်ရာဌာနသြကာသကြီး ဖြစ်ပေသည်။

ဤသို့ပြဆိုအပ်ပြီးသောအတိုင်း တဏှာ၏ကျက်စားရာ ခရိုင်အဖွဲ့ကြီးများကို သတ်မှတ်လိုက်သောအခါ ၅-ခရိုင်ဖြင့်သာလျှင် ကိစ္စပြီးစီးလေသောကြောင့် ခန္ဓဒေသနာကို ဟောတော်မူသော မြတ်စွာဘုရားသည် ၅-ပါးမျှဖြင့်ပိုင်းခြား၍ဟောတော်မူပေသတည်း၊ ၆-ပါး,၇-ပါးစသည်ဖြင့် ဟောရန် နည်းလမ်းမရှိချေ။

[ဤကားခန္ဓာ၅-ပါးကို ဟောကြားရခြင်း၏ အကြောင်းကို ဖြေဆိုသောစကားရပ်ပေတည်း။]

### နာမ်ခန္ဓာ ၄-ပါးတို့၏စစ်တန်း

ဤခန္ဓယမိုက်ခဏ်း၌ ခန္ဓာနှင့်စပ်လျဉ်း၍ ဗဟုသုတများစေခြင်းငှါ ပရမတ္ထဒီပနီဋီကာကြီး၌ပြဆိုအပ်သောနာမ်ခန္ဓာလေးပါးတို့၏စစ်တန်းကြီးကို ထည့်သွင်း၍ ပြဆိုပါအံ့။

စိတ်,စေတသိက် ဟုဆိုအပ်သော နာမ်တရားကိုယ်ပေါင်း ၅၃-ပါးရှိခဲ့ရာ ဇီဝိတ, ဝိတက်, ဝီရိယ, လောဘ, သဒ္ဓါ, ပညာ-အစရှိသော တရားအစွမ်းကောင်းကြီးတွေလည်း များစွာပင် ရှိကြကုန်သည်၊ ထိုသို့ပင် ရှိကြကုန်သော်လည်း ထိုတရားတို့ကို အသီးအခြား ခန္ဓာပြု၍ ဟောတော်မမူဘဲ ဝေဒနာ, သညာ, ဝိညာဉ်၊ ဤသုံးပါးတို့ကိုသာ အသီးသီး ခွဲထုတ်၍ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟူ၍ အဘယ့်ကြောင့်ဟောတော်မူပါသနည်း၊ ဤသို့မေးရန်ရှိပေသည်။

www.dhammaransi.com



ထိုအမေးကို ဥပမာထုတ်ဆောင်၍ ထင်ရှားအောင်ဖြေဆိုပေအံ့။

ဤလောက၌ လိမ္မာလှစွာသော ဆေးဆရာကြီးသည် ဆေးမြစ်အမျိုးမျိုးတို့ကို စုဆောင်း၍ အမှုန့်ပြုမည်ရှိနေရာ ဤဆေးမြစ်တို့သည် ကြီးမားကုန်သော်လည်း နူးညံ့ကြေညက်လွယ်သော သဘောရှိကုန်၏၊ ဤဆေးမြစ်တို့သည် သေးငယ်ကုန်သော်လည်း ခက်မာသော သဘောရှိကုန်၏၊ ကြေညက်လွယ်ကြသည်မဟုတ်ကုန်၊ ဤသို့ပိုင်းခြား၍သိလေသဖြင့်ထိုစုဆောင်း၍ထားအပ်သောဆေးမြစ်ပုံထဲမှ ကြမ်းတန်းခက်မာသောသဘောရှိသော ဆေးမြစ်တို့ကိုသာလျှင် ရှေးဦးစွာကောက်ယူ၍ အမှုန့်ဖြစ်အောင် ထောင်းထုကြိတ်နယ်လေ၏၊ ကြွင်းသော နူးညံ့ကြေလွယ်သော သဘောရှိသော ဆေးမြစ်ဆေးရွက်တို့ကိုမူကား တပေါင်းတည်းပင်ပြု၍ ထောင်းထုကြိတ်နယ်ခြင်းကို ပြုလေ၏၊ ထိုနောက်မှအမှုန့်အဖြစ်သို့ ရောက်ကုန်ပြီးသော ခက်မာသောဆေးမှုန့်, နူးညံ့သောဆေးမှုန့်တို့ကို ရောနှောပြီးလျှင် ကျောက်ပျဉ်ပေါ်၌တင်၍ ကျောက်သွားဖြင့် ညက်စွာကြိတ်၍ ဆေးလုံးတို့ကိုပြုလုပ်လေ၏၊ ဤသို့ပြုလုပ်သည်ရှိသော် မပင်မပန်း ချမ်းချမ်းသာသာပင် ဆေးအဖြစ်သို့ရောက်အောင် တတ်စွမ်းနိုင်လေ၏။

ထို့အတူ အလုံးစုံသော ဥေယျမမွအရာဟိုဌ် လိမ္မာတော်မူပြီးသော မြတ်စွာဘုရားသခင်သည်လည်း နာမ်,ရုပ်တရားတို့၌ လက္ခဏာရေးသုံးပါးသို့တင်၍ နိစ္စဝိပလ္လာသ, သုခဝိပလ္လာသ, အတ္တဝိပလ္လာသတို့ကို ပယ်ဖျောက်ခြင်းအကျိုးငှါ အားထုတ်ကျင့်ကြံကြကုန်သော နတ်,လူ,ဗြဟ္မာသတ္တဝါတို့သည် အနုအရင့်အားဖြင့် ထိုက်သည်အားလျော်စွာ တရားတို့ကို မခွဲခြမ်းအပ် မဝေဖန်အပ်ကုန်သည်ရှိသော် လွန်စွာပင်ပန်းကြကုန်လတ္တံ့၊ တရားထူးကိုရခြင်းငှါ ခဲယဉ်းကြကုန်လတ္တံ့-ဟူ၍ မြော်မြင်သိရှိတော်မူသဖြင့် နာမ်တရားတို့တွင် ဝေဒနာ, သညာ, စိတ်တည်းဟူသော တရားသုံးပါးတို့ကို အသီးအခြားထုတ်နုတ်တော်မူ၍ ခန္ဓာတခုစီတခုစီဖွဲ့ပြီးလျှင် ဟောကြားတော်မူရလေ၏။

၁။ သတ္တဝါတို့အား သုခဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် ဝေဒနာသည် အလွန်အကဲဆုံးဖြစ်၏၊ဝေဒနာ၏အတွက် သုခဝိပလ္လာသဖြစ်ရသည်ဟူလို။

www.dhammaransi.com



၂။ သတ္တဝါတို့အား အတ္တဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် သညာသည် အလွန်အကဲဆုံးဖြစ်၏၊ သညာ၏အတွက် အတ္တဝိပလ္လာသဖြစ်ရသည်ဟူလို။

၃။ သတ္တဝါတို့အား နိစ္စဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သောတရားတို့တွင် စိတ်သည်အလွန်အကဲဆုံးဖြစ်၏၊ စိတ်၏အတွက် နိစ္စဝိပလ္လာသဖြစ်ရသည်ဟူလို။

### ထင်ရှားစေဦးအံ့

၁။ ငါးအစရှိကုန်သော ရေသတ္တဝါတို့သည် ရေများများရှိလျှင် ပျင်းမုန်းခြင်းမရှိကြကုန်၊ ရေမရှိလျှင်မူကား လွန်စွာငြီးငွေ့ခြောက်ကပ်ကြကုန်၏၊ ထို့ပြင်ပျားပိတုံးတို့သည် အကြင်တောတောင် ဂနိုင်တို့၌ ပန်းယက်အရသာကို ရကြကုန်၏၊ ထိုသို့ပန်းယက်ကို ရရာဖြစ်သော တောတောင်ဂနိုင်တို့၌ မငြီးငွေ့ဘဲ လွန်စွာပျော်မွေ့ကြကုန်၏၊ ပန်းယက်ကိုမရသော တောတောင်ဂနိုင်တို့၌မူကား မပျော်မမွေ့ လွန်စွာငြီးငွေ့ကြကုန်၏၊

ထို့အတူ သတ္တဝါအပေါင်းတို့အား သုခ-ဟူ၍အမြဲမှတ်ထင်၍ အားထားအားကိုးအပ်သောအရာတို့တွင် ဝေဒနာနှင့်တူသော အားထားရာအားကိုးရာသည်မရှိချေ၊ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်တို့ကို သာယာတောင့်တကြကုန်၏-ဆိုသော်လည်း သုခဝေဒနာအလို့ငှါသာလျှင် တောင့်တကြရကုန်၏၊ထိုလူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်တို့နှင့်ကင်း၍ သုခဝေဒနာကို ရမည်ဆိုလျှင် ထိုလူ့စည်းစိမ်စသည်တို့ကို တောင့်တသာယာကြကုန်မည်မဟုတ်။

ထိုမှတပါး ဖဿ, စေတနာအစရှိသော တရားတို့သည် အဘိသင်္ခရဏကိစ္စဖြင့် ဒိဋ္ဌဓမ္မိက သမ္ပရာယိကဖြစ်သော စီရင်ဖွယ်ဟူသမျှတို့ကို အမျိုးမျိုးစီရင်ကြသော်လည်း လိုရင်းအချုပ်မှာ- သုခဝေဒနာ၏ အလို့ငှါသာလျှင် အဘိသင်္ခရဏကိစ္စဖြင့် စီရင်ကြကုန်၏၊ အလုံးစုံသောသတ္တဝါတို့သည် သုခဝေဒနာ၌ မြော်လင့်သောစိတ်တို့ဖြင့်သာလျှင် အမျိုးမျိုးသော သင်္ခါရကိစ္စတို့ဖြင့် အမျိုးမျိုးစီရင်ကြကုန်သည်။

www.dhammaransi.com



ထို့ကြောင့် သုခ-ဟူ၍မှတ်ထင်ခါ အားကိုးအားထား ပြုအပ်သော တရားတို့တွင် ဝေဒနာသည် အထွတ်အထိပ်ဆုံးဖြစ်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုဝေဒနာကို အသီးအခြား ထုတ်နုတ်တော်မူ၍ ခန္ဓာတခုဖွဲ့တော်မူပြီးလျှင် ခန္ဓဒေသနာကို ဟောတော်မူရ၏။

၂။ ထိုမှတပါး အလုံးစုံသောသတ္တဝါတို့အား အတ္တ- ဟူ၍ မှတ်ထင်စွဲမြဲ အားထားအားကိုးအပ်သော. တရားတို့တွင် သညာနှင့်တူသော အားထားရာ, အားကိုးရာ မည်သည်မရှိ၊ ထိုစကားမှန်၏၊ ထိုထိုသတ္တဝါ အမျိုးဇာတ်၌ ဖြစ်ကြရကုန်သော သတ္တဝါဟူသမျှတို့သည် မိမိတို့၏ဘာသာအားလျော်စွာ သိသင့်သိထိုက်သောအရာဟူသမျှကို သညာဖြင့် အပြည့်အစုံအကုန်မှတ်သား၍ သိ, ကြား, လိမ္မာသည်၏ အဖြစ်သို့ရောက်ကုန်၏၊ ထိုသို့သိ,ကြား,လိမ္မာသည်၏ အဖြစ်သို့ရောက်ကုန်သော သတ္တဝါတို့သည်လည်း ငါမှ တပါးသောသူတို့သည် အကြင်မျှလောက် သိကြကုန်၏၊ ငါလည်းထိုမျှလောက်ပင် သိကျွမ်းနားလည်၏၊ အဘယ်သူသည် ငါ့ထက် သာလွန်၍ တတ်မြောက် ပါတော့အံ့နည်း-ဟူ၍ အထင် အမြင်ကြွားမောက်ပြီးလျှင် သိ,ကြား, လိမ္မာမှု ဟုဆိုအပ်သော သညာကို အမွန်အမြတ် အတ္တကြီးတခု ပြုလုပ်၍လှည့်လည် သွားလာကြကုန်၏။

ထို့ကြောင့် အတ္တ-ဟူ၍ မှတ်ထင် အားကိုးအပ်သော တရားတို့တွင် သညာသည် အထွတ် အထိပ်ဆုံးဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုသညာကို အသီးအခြားထုတ်နုတ်တော်မူ၍ ခန္ဓာတခုဖွဲ့ပြီးလျှင် ခန္ဓဒေသနာကို ဟောကြားတော်မူ၏။

၃။ ထိုမှတပါး အလုံးစုံသောသတ္တဝါအပေါင်းတို့အား နိစ္စ-ဟူ၍ မှတ်ပြီးလျှင် အမြဲအစွဲ အားကိုး အားထားအပ်သော တရားတို့တွင် စိတ်နှင့်တူသော အားကိုးရာ,အားထားရာ မည်သည်မရှိချေ၊ ထိုစကားမှန်၏၊ သုခ, ဒုက္ခတို့ကား အမြဲမရှိကုန်၊ သုခ ဖြစ်ခိုက်, ဒုက္ခ မရှိ၊ ဒုက္ခ ဖြစ်ခိုက်, သုခမရှိ၊ သညာလည်း မမြဲချေ၊ရံခါ ရံဖန် မေ့လျော့ပျောက်ပျက်တတ်၏၊ ရံခါရံဖန် မမေ့မလျော့ မပျောက်မပျက်တတ်၊ ဝီရိယလည်းအမြဲမရှိ၊ ရံခါအားထုတ်၏၊ ရံခါအားမထုတ်၊ လောဘလည်း

www.dhammaransi.com



အမြဲမရှိ၊ ရံခါအလိုရှိ၏၊ ရံခါအလိုမရှိ၊ သဒ္ဓါလည်းအမြဲမရှိ၊ ရံခါကြည်ညို၏၊ ရံခါမကြည်ညို၊ ပညာလည်း အမြဲမရှိ၊ ရံခါသိသင့်သိထိုက်သမျှကို သိ၏၊ ရံခါသိသင့်သိထိုက်သည်ကိုပင် မသိချေ၊ ဤသို့လျှင် စေတသိက်တရားတို့၏ သာမညအားဖြင့် အမြဲမရှိသော သဘောကိုမူကား လောကီသတ္တဝါတို့ပင် ထင်ရှားစွာ သိနိုင်ကြကုန်၏။

စိတ်အမြဲမရှိပုံကိုမူကား ထင်ရှားစွာ မသိနိုင်ကြကုန်၊ ထိုစိတ်သည် မြဲသောတရားပေတည်း၊နိစ္စထာဝရ တရားပေတည်း၊နိစ္စတရားဖြစ်သောကြောင့်သာလျှင် ရံခါစိတ်ဖြစ်၏၊ ရံခါစိတ်မဖြစ်-ဟူ၍ နှစ်ချက်သော ဆိုဖွယ်ကိုမရအပ်၊စိတ်သည်အမြဲဖြစ်ပေ၏-ဟူ၍ဆိုအပ်၏၊ထိုစိတ်သည် သတ္တဝါတို့၏သန္တာန်၌ အမြဲအစွဲဖြစ်လျက် ရံခါ သုခနှင့်ယှဉ်၏၊ ရံခါ ဒုက္ခနှင့်ယှဉ်၏၊ ရံခါသဒ္ဓါနှင့်ယှဉ်၏၊ ရံခါပညာနှင့်ယှဉ်၏-စသည်ဖြင့်မှတ်ထင်ကြကုန်၏၊ သတ္တဝါတို့၏ သန္တာန်၌ စိတ်ဓာတ်သည် အမြဲတည်နေသော အသက်တရား ကိုယ်ပင်တည်း-ဟူ၍လည်း မှတ်ထင်ကြကုန်၏၊ ထို့ကြောင့် နိစ္စ-ဟူ၍မှတ်ထင်၍ အားကိုး အားထားအပ်သောတရားတို့တွင် စိတ်သည်အထွတ်အထိပ်ဆုံးဖြစ်၏၊ထို့ကြောင့် ထိုစိတ်ကိုအသီးအခြား ထုတ်နုတ်တော်မူ၍ ခန္ဓာတခုဖွဲ့ပြီးလျှင် ခန္ဓဒေသနာကိုဟောတော်မူ၏။

[ပြဆိုအပ်သောစကားရပ်ဖြင့် ဆေးသမားဥပမာ၌ ပြအပ်သော ခက်မာကြေခဲသောသဘောရှိသောဆေးမြစ်တို့ကဲ့သို့ ဝေဒနာ, သညာ,စိတ်တို့သည် ဝိပဿနာဉာဏ်ဖြင့် ထုထောင်း ကြိတ်ချေရာ ကြေညက်ခဲသော တရားတို့ ဖြစ်ကုန်၏၊ထို့ကြောင့် ထိုတရားသုံးပါးတို့ကိုသာ အသီးအခြားထုတ်နုတ်၍ ခန္ဓာတပါးစီ တပါးစီ ဖွဲ့စည်းတော်မူပြီးလျှင် ခန္ဓဒေသနာကို ဟောတော်မူလေသည်။]

၄။ ကြေလွယ်ညက်လွယ်သော ဆေးမြစ်တို့နှင့်တူသော ဖဿ အစရှိသောစေတသိက် ငါးဆယ်ကိုမူကား တပေါင်းတစည်းတည်းပြုလုပ်၍ သင်္ခါရက္ခန္ဓာ-ဟူသောအမည်နှင့် ခန္ဓာတခုတည်း ဖွဲ့စည်းပြီးလျှင် ခန္ဓဒေသနာကို ဟောတော်မူရပေသည်-ဟူ၍ ဖြေရာ၏။

**ဤခန္ဓယမိုက်၌**။ ။ရူပံ ရူပက္ခန္ဓော။ ။ရူပက္ခန္ဓော ရူပံ။ ။ဟူ၍ဟောတော်မူရာဝယ် "ရူပဆိုသမျှသည် ရူပက္ခန္ဓာ မည်သလော၊ ရူပက္ခန္ဓာဆိုသမျှသည် ရုပ် မည်သလော" ဟူ၍ ဆိုလိုသည်။

www.dhammaransi.com



ရူပ ဆိုသမျှသည် ရူပက္ခန္ဓာ မည်သလော-ဟူသော အနုလုံ ပဌမ စကားရပ်၌ ရူပဆိုတိုင်း ရူပက္ခန္ဓာမည်၏-ဟူ၍ မဆိုနိုင်ဟု ဖြေကြားရာ သည်။

အကြောင်းကိုဆိုသော် သတိပဋ္ဌာန်ပါဠိတော်၌–

"စက္ခု လောကေ ပိယ ရူပံ သာတ ရူပံ။ လ။ မနော လောကေ ပိယရူပံ သာတရူပံ" ဟူ၍ ဟောတော်မူရာဝယ် အလုံးစုံသော တေဘူမက လောကီတရားစုကို ပိယရူပ,သာတရူပ-ဟူ၍ ဟောတော်မူသည်၊ လောကီစိတ် ရှစ်ဆယ့်တစ်နှင့် စေတသိက် ၅၂-တို့ကိုလည်း ပိယရူပ,သာတရူပ-ဟူ၍ ဟောတော်မူသည်၊ ဤဒေသနာတော်အလိုအားဖြင့် ရူပဆိုတိုင်း ရူပက္ခန္ဓာမဆိုနိုင်ကြောင်း ထင်ရှားသည်၊ ရူပက္ခန္ဓာဆိုသည်မှာ ရုပ် ၂၈-ပါး သက်သက်ကိုသာ ဆိုသည်။

"ရူပက္ခန္ဓာ ဆိုသမျှသည် ရုပ်မည်သလော" ဟူသော ပဋိလုံစကားရပ်၌ ရူပက္ခန္ဓာဆိုတိုင်းရုပ်မည်၏-ဟူ၍ဖြေဆိုရလိမ့်မည်။

အကြောင်းမူကား ရူပက္ခန္ဓာ၌ အကျုံးဝင်သော တရားစုသည် ရုပ် အစစ်ဖြစ်သောကြောင့်တည်း။

၁။ ရူပံ,ရူပက္ခန္ဓော-ဟူသောပါဠိသည်အနုလောမယမိုက်မည်၏။

၂။ ရူပက္ခန္ဓော, ရူပံ-ဟူသောပါဠိသည် ပဋိလောမ ယမိုက်မည်၏။

[အစုံ,အဆန် ဟောသော ယမိုက်တစုံဆိုလိုသည်။]

### မေးမြန်းဖွယ်

လောကီတရားစုကို သတိပဋ္ဌာန်ပါဠိတော်၌အဘယ့်ကြောင့် "ပိယရူပ, သာတရူပ" ဟူ၍ဟောတော်မူအပ်ပါသနည်း ဆိုလျှင်–

၁။ ထိုလောကီ တရားစုသည် တဏှာ, မာန, ဒိဋ္ဌိ, တို့ဖြင့် ငါ့ပိုင်ဥစ္စာဖြစ်သည်၊ ငါဖြစ်သည်၊ ငါ့အတ္တဖြစ်သည်- ဟူ၍ ချစ်ခင်အပ်, သာယာအပ်, သိမ်းပိုက်အပ်, စွဲလမ်းအပ်သော သဘောရှိသောကြောင့် ပိယရူပ, သာတရူပ-ဟူ၍ ဆိုအပ်ပေသည်။

www.dhammaransi.com



၂။ လောကုတ္တရာ တရားတို့ကို မူကား ထိုကဲ့သို့ တဏှာ, မာန, ဒိဋ္ဌိ တို့ဖြင့် ချစ်အပ်,သာယာအပ်, သိမ်းပိုက်အပ်,စွဲလမ်းအပ် သော သဘောမရှိသောကြောင့် "ပိယရူပ, သာတရူပ"ဟူ၍ မဆိုအပ်ပေ။

ဤခန္ဓယမိုက်၌ သုဒ္ဓခန္ဓဝါရ, သုဒ္ဓခန္ဓစက္ကဝါရ-ဟူ၍ ဝါရနှစ်ပါး ရှိရာ ထိုဝါရနှစ်ပါးလုံးသည် သုတ္တန်နည်းမဖက် သက်သက်သော အဘိဓမ္မာဝါရတို့ ဖြစ်ကြကုန်သည်၊ အဘိဓမ္မာပါဠိတော်တို့၌ ပါရှိသော "ရူပ" သဒ္ဒါသည် ရူပက္ခန္ဓာမှတပါး အခြားအနက်ကို မဟော-ဟူ၍ မှတ်အပ်၏။

ပဏ္ဏတ္တိဝါရစိစစ်ခဏ်းပြီး၏။

## ပဝတ္တိမဟာဝါရစိစစ်ခဏ်း

ပဝတ္တိမဟာဝါရ၌ ခန္ဓာငါးပါးတို့တွင်—

၁။ ရူပက္ခန္ဓာကို အရူပဘုံ၌ မရအပ်၊ ကြွင်းသောဘုံတို့၌ရအပ်၏။

၂။ နာမ်ခန္ဓာလေးပါးတို့ကို အသညတ်ဘုံ၌ မရအပ်၊ကြွင်းသော ဘုံတို့၌ရအပ်၏။

ထို့ကြောင့် ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ, ဥပ္ပဇ္ဇိတ္ထ, ဥပ္ပဇ္ဇိဿတိ၊ နိရုဇ္ဈတိ, နိရုဇ္ဈိတ္ထ,နိရုဇ္ဈိဿတိ-ဟူ၍ ဟောတော်မူရာဝယ် အရူပဘုံကို ချန်လှပ်၍ ကောက်ယူအပ်၏။

ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ, ဥပ္ပဇ္ဇိတ္ထ, ဥပ္ပဇ္ဇိဿတိ၊ နိရုဇ္ဈတိ, နိရုဇ္ဈိတ္ထ, နိရုဇ္ဈိဿတိ-စသောအားဖြင့် နာမ်ခန္ဓာလေးပါးတို့ကို ဟောကြားတော်မူရာဝယ် အသညသတ် ဘုံကို ချန်လှပ်၍ ကောက်ယူအပ်၏။

[ဤစကားရပ်ကား ဘုံ၏အစွမ်းအားဖြင့် ခန္ဓာတို့၏ဖြစ်ပုံကို ဝေဖန်ပြဆိုသော စကားရပ်ပေတည်း။]

ပုဂ္ဂိုလ်တကျိပ်နှစ်ပါးတို့၏ သန္တာန်၌ ခန္ဓာငါးပါးတို့၏ ဖြစ်ပုံကို ပြဆိုဦးအံ့။

"ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ၊ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ" စသည်ဖြင့် အတိတ်ဝိဘတ်ကို အသုံးပြု၍ ဟောတော်မူအပ် သော ယမိုက်ပါဠိရပ်များကို တွေ့ရှိကြပေလိမ့်မည်။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဘူးပြီးလော, ချုပ်ဘူးပြီလော၊ ဝေဒနာက္ခန္ဓာဖြစ်ဘူးပြီလော, ချုပ်ဘူးပြီလော၊ ဤသို့အတိတ်ကာလ၌ အသုံးပြုသောဝိဘတ်ဖြင့်ဟောတော်မူသောပါဠိတော်များရှိသည်-ဟူ၍ ဆိုလိုသည်။

ဤအတိတ်ဝိဘတ်တို့ဖြင့် ဟောတော်မူအပ်သော ယမိုက်ပါဠိတော် များကို တွေ့ရှိသောအခါ ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်လုံးတို့၌ပင် "ဖြစ် ဘူးပြီ, ချုပ်ဘူးပြီ" ဟူ၍ဖြေချက်ထုတ်လေ။

ထိုစကားမှန်၏—

အနမတဂ္ဂ သံသရာ၌ ကျင်လည်ကြသော ပုဂ္ဂိုလ် ဟူသမျှတို့၏ သန္တာန်မှာခန္ဓာငါးပါးမဖြစ်ဘူးသည်-ဟူ၍မရှိ၊မချုပ်ဘူးသည်-ဟူ၍မရှိ၊ ပုဂ္ဂိုလ်မှန်သမျှတို့သန္တာန်မှာ ခန္ဓာငါးပါး "ဖြစ်ဘူး, ချုပ်ဘူး" သည် ချည်းသာတည်း။

ထို့ကြောင့် အတိတ်ဝိဘတ်ဖြင့်ဟောတော်မူသော ယမိုက်ပါဠိများ ကို ပုဂ္ဂိုလ်တကျိပ်နှစ်ပါးတို့၌ ရအပ်၏-ဟူ၍ မှတ်အပ်၏။

၁။ အရူပဘုံ၌ ဖြစ်နေဆဲသော ပုဂ္ဂိုလ်တို့၌လည်း ရူပက္ခန္ဓာဖြစ် ဘူး, ချုပ်ဘူး၏။

၂။ အသညသတ်ဘုံ၌ ဖြစ်နေဆဲသော ပုဂ္ဂိုလ်တို့၌လည်း ဝေဒ နာက္ခန္ဓာစသော နာမ်ခန္ဓာများဖြစ်ဘူး,ချုပ်ဘူး၏-ဟူ၍ မှတ်လေ။

၃။ အရူပဘုံ၌ အရိယာပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာသည် ဖြစ်လတ္တံ့ လည်းမဟုတ်၊ ချုပ်လတ္တံ့လည်းမဟုတ်။

၄။ အရူပဘုံ၌ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ဝေဒနာက္ခန္ဓာစသော နာမ်ခန္ဓာလေးပါးတို့သည် ဖြစ်လတ္တံ့မဟုတ်၊ (ချုပ်လတ္တံ့ဆိုလျှင်ဟုတ် ၏။)

၅။ အကြင်ပုဂ္ဂိုလ်တို့သည် အခြားမဲ့ဘဝ၌ အရူပဘုံ၌ဖြစ်၍ ထိုဘုံ၌ ပင် ရဟန္တာအဖြစ်နှင့် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့၊ ထိုပုဂ္ဂိုလ်တို့၏ စုတိဆဲ ခဏ၌ ရူပက္ခန္ဓာဖြစ်လတ္တံ့မဟုတ်။

၆။ ပဉ္စဝေါကာရဘုံ၌ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာသည် ၎င်း,ဝေဒနာက္ခန္ဓာ စသော နာမ်ခန္ဓာလေးပါးတို့သည်၎င်း ဖြစ်လတ္တံ့ မဟုတ်ကုန်။

www.dhammaransi.com



၇။ အလုံးစုံသော ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန် ပြုဆဲခဏ၌ (စုတိဆဲခဏ၌) ရူပက္ခန္ဓာသည်ငင်း,၊ နာမ်ခန္ဓာလေးပါးတို့သည်ငင်း ဖြစ်လတ္တံ့လည်းမဟုတ်၊ ချုပ်လတ္တံ့လည်းမဟုတ်ကုန်။

၈။ အရူပပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်ဥပါဒ်ဆဲခဏ၌ ဝေဒနာက္ခန္ဓာစသောနာမ် ခန္ဓာလေးပါးတို့သည် ဖြစ်ဆဲကားဟုတ်၏၊ ချုပ်ဆဲမဟုတ်ကုန်။

၉။ ထိုအရူပပုဂ္ဂိုလ်တို့၏ စုတိစိတ်ဘင်ခဏ၌ဝေဒနာက္ခန္ဓာစသော နာမ်ခန္ဓာလေးပါးတို့သည် ချုပ်ဆဲကားဟုတ်၏၊ ဖြစ်ဆဲမဟုတ်ကုန်။

၁၀။ အသညသတ် ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ ကမ္မဇရုပ် ဥပါဒ်ဆဲခဏ၌ ရူပက္ခန္ဓာသည် ဖြစ်ဆဲဟုတ်၏၊ ချုပ်ဆဲမဟုတ်။

၁၁။ ထိုအသညတ်ပုဂ္ဂိုလ်တို့၏ စုတိ ဟုဆိုအပ်သော ကမ္မဇရုပ် ဘင်ခဏ၌ ရူပက္ခန္ဓာသည် ချုပ်ဆဲကား ဟုတ်၏၊ ဖြစ်ဆဲမဟုတ်ချေ။

၁၂။ ပဉ္စဝေါကာရဘုံသားတို့၏ ပဋိသန္ဓေစိတ် ဥပါဒ်ဆဲခဏ၌ ရူပက္ခန္ဓာသည်ငင်း, နာမ်ခန္ဓာလေးပါးတို့သည်ငင်း ဖြစ်ဆဲကား ဟုတ်၏၊ ချုပ်ဆဲမဟုတ်ကုန်။

၁၃။ ထိုပဉ္စဝေါကာရဘုံသားတို့၏ စုတိစိတ် ဘင်ခဏ၌ ရူပက္ခန္ဓာသည်ငင်း, နာမ်ခန္ဓာလေးပါးတို့သည်ငင်း ချုပ်ဆဲကားဟုတ်၏၊ ဖြစ်ဆဲမဟုတ်ကုန်။

[ဤစကားရပ်သည်ကား ပုဂ္ဂိုလ်သက်သက်နှင့် ဆိုင်သော ခန္ဓာငါးပါးတို့၏ ဖြစ်ပုံကိုပြဆိုသောစကားရပ်ပေတည်း။]

ဘုံနှင့်ပုဂ္ဂိုလ် ရောစပ်၍ ခန္ဓာငါးပါးဖြစ်ပုံကို ဝေဖန်သည်ရှိသော်—

၁။ အရူပဘုံ၌ တစုံတယောက်သော သတ္တဝါအား ရူပက္ခန္ဓာဖြစ်ဘူးပြီ-ဟူ၍မဆိုရ။

၂။ အသညသတ်ဘုံ၌ တစုံ တယောက်သော သတ္တဝါအား နာမက္ခန္ဓာလေးပါး ဖြစ်ဘူးပြီ-ဟူ၍မဆိုရ။

အကြောင်းကိုဆိုသော် အရူပဘုံ၌ဖြစ်လေသမျှသော သတ္တဝါ၏ သန္တာန်မှာ ရူပက္ခန္ဓာဖြစ်ဘူးသည်-ဟူ၍မရှိ၊အသညသတ် ဘုံ၌ဖြစ်လေသမျှသော သတ္တဝါတို့၏ သန္တာန်မှာ နာမ်ခန္ဓာလေးပါး ဖြစ်ဘူးသည်-ဟူ၍မရှိ၊ ဤအကြောင်းများကြောင့်ပေတည်း။

www.dhammaransi.com



၃။ သုဒ္ဓါဝါသ ငါးဘုံတို့၌ ဖြစ်သော ပုဂ္ဂိုလ်အား ရူပက္ခန္ဓာအစရှိသောခန္ဓာငါးပါးတို့သည် ဖြစ်ဘူးပြီဟူ၍လည်း မဆိုရ၊ ဖြစ်လတ္တံ့ဟူ၍လည်းမဆိုရကုန်။

အဘယ့်ကြောင့် နည်းဆိုသော် တဦးတယောက်သော သတ္တဝါအား သုဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံတဘုံမှာ နှစ်ကြိမ်ထပ်၍ ဖြစ်ရိုးမရှိသောကြောင့်တည်း။

၄။ ပဉ္စဝေါကာရဘုံသားတို့အား ပဉ္စဝေါကာရဘုံတို့၌ ရူပက္ခန္ဓာအစရှိသော ခန္ဓာငါးပါးတို့သည် မချုပ်ဘူးကုန်-ဟူ၍မဆိုရချေ။

အကြောင်းမူကား ခန္ဓာငါးပါးစုံလင်သော ပဉ္စဝေါကာရဘုံတို့၌ သံသရာ၌ ကျင်လည်စဉ်အခါ များစွာကျင်လည်ဘူး, ဖြစ်ဘူးသောကြောင့်တည်း။

[ဤစကားရပ်သည်ကား ဘုံနှင့်ပုဂ္ဂိုလ်ရောစပ်၍ ခန္ဓာငါးပါးတို့၏ ဖြစ်ပုံကို ပြဆိုသောစကားရပ်တည်း။]

ပြဆိုအပ်ပြီးသောအတိုင်း ဘုံအားဖြင့် ခန္ဓာငါးပါးတို့၏ ဖြစ်ပုံကို ဝေဖန်နည်း, ပုဂ္ဂိုလ်အားဖြင့် ခန္ဓာငါးပါးတို့၏ ဖြစ်ပုံကို ဝေဖန်နည်း, ဘုံနှင့် ပုဂ္ဂိုလ်ရောစပ်၍ ခန္ဓာငါးပါးတို့၏ ဖြစ်ပုံကို ဝေဖန်နည်း၊ ဤဝေဖန်ပုံသုံးနည်းတို့ကို ကောင်းမွန် ကြေပွန်စွာ နားလည်သည်ရှိသော် ဤခန္ဓယမိုက် ပဝတ္တိမဟာဝါရ၌ "အသညသတ္တံ ဥပပဇ္ဇန္တာနံ၊ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ"စသည်ဖြင့် ဟောတော်မူအပ်သော ပုဒ်တို့၏ သရုပ်နှင့် အနက်သဘောများကို ကောင်းမွန်လွယ်ကူစွာ သိနိုင်ကြမည်ဖြစ်သတည်း။

### သန္နိဋ္ဌာန,သံသယ,ဝိသဇ္ဇနာသဘောတိုကို ပြဆိုခန်း

ဤယမိုက်ပါဠိတော်ကြီး၌ သန္နိဋ္ဌာန်ပုဒ်,သံသယပုဒ်တို့သည် ယမိုက်တိုင်းမှာပင်ပါရှိကြကုန်၏၊ ထိုသို့ပါရှိရာတွင်-

၁။ ယဿ, ယတ္ထ, ယဿ ယတ္ထ, ယော, ယတော-ဟူ၍ "ယ" သဒ္ဒါထည့်၍ ဟောတော်မူအပ်သော ရှေ့ရှေ့ပုဒ်များသည် သန္နိဋ္ဌာန်ပုဒ်မည်၏။

www.dhammaransi.com



၂။ ဝါယဿ, တတ္ထ, တဿ တတ္ထ, သော, တတော–ဟူ၍ "တ" သဒ္ဒါထည့်၍ ဟောတော်မူအပ်သော နောက်နောက် ပုဒ်များသည် သံသယပုဒ် မည်၏။

ထိုသန္နိဋ္ဌာန်, သံသယပုဒ် နှစ်ပါးစုံသည် ယမိုက်တခုမည်၏။

(က) သန္နိဋ္ဌာန်ပုဒ်၏ အနက်သဘောသည် သန္နိဋ္ဌာနတ္ထမည်၏။
(ခ) သံသယပုဒ်၏ အနက်သဘောသည် သံသယတ္ထမည်၏။

[ပကတိ သိပြီးအနေအားဖြင့် တည်ထားအပ်သော အနက်သဘောသည် သန္နိဋ္ဌာန် အနက်သဘောမည်၏၊သန္နိဋ္ဌာန်ကိုတည်ပြီး၍သိလိုသောအနက်သဘော, ယုံမှားသံသယရှိသော အနေနှင့် မေးလိုသောအနက်သဘောသည် သံသယအနက် မည်၏။]

၃။ သံသယ၏အဖြေသည် ဝိသဇ္ဇနာမည်၏။

ထိုအဖြေပုဒ်များကို သံသယ၏နောက်၌ ဟောကြားတော်မူသည်၊ ထင်ရှားလေအောင် ပြယုဂ်ထုတ်ဆောင်၍ပြဆိုပါဦးအံ့။

ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာ-တိ၊ အာမန္တာ။ ။အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်ဆဲ၊ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဘူးပြီလော၊ဖြစ်ဘူးသည်မှန်၏၊ ဤပါဠိတော်၌–

၁။ "ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ" ဟူသောပုဒ်သည် သန္နိဋ္ဌာနပုဒ် မည်၏။

၂။ "တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ" ဟူသောပုဒ်သည် သံသယ ပုဒ်မည်၏။

၃။ "အာမန္တာ" ဟူသောပုဒ်သည် ဝိသဇ္ဇနာပုဒ်မည်၏။

သံသယပုဒ်ကို ပုစ္ဆာဟူ၍လည်းခေါ်နိုင်သည်၊ဤခန္ဓယမိုက်၌"ယဿ"ဟူ၍ဟောတော်မူလျှင် ပုဂ္ဂိုလ်အားဖြင့်ခန္ဓာဖြစ်ပုံကို ဝေဖန်သည်ဟူ၍မှတ်၊ "ယတ္ထ" ဟူ၍ဟောတော်မူလျှင် ဘုံအားဖြင့် ခန္ဓာဖြစ်ပုံကို ဝေဖန်သည်ဟူ၍မှတ်၊ "ယဿယတ္ထ" ဟူ၍ ဟောတော်မူလျှင် ဘုံနှင့်ပုဂ္ဂိုလ်ရောစပ်၍ ခန္ဓာဖြစ်ပုံကိုဝေဖန် သည်ဟူ၍မှတ်လေ။

www.dhammaransi.com



### အဖြေဝိသဇ္ဇနာငါးမျိုးကိုပြဆိုခက်း

သံသယပုဒ်၏အဖြေဖြစ်သော ဝိသဇ္ဇနာသည် ၅-မျိုးရှိ၏၊ထို ၅-မျိုးကို အောက်၌ပြဆိုအပ်သောအတိုင်း မှတ်သားလေကုန်။

(၁) နတ္ထိ-ဝိသဇ္ဇနာ,
(၂) နော-ဝိသဇ္ဇနာ,
(၃) န-ပဋိက္ခေပဝိသဇ္ဇနာ,
(၄) အာမန္တာ-ဝိသဇ္ဇနာ,
(၅) ဝိဘဇ္ဇ-ဝိသဇ္ဇနာ,

ထိုအဖြေ ၅-မျိုးတို့တွင်—

၁။ အကြင်သို့သောယမိုက်၌ သန္နိဋ္ဌာန် အနက်သဘောလည်းမရှိ၊ သံသယအနက်သဘောလည်းမရှိ၊ထိုကဲ့သို့နှစ်ပါးစုံ၍အနက်မရှိလေသော် "နတ္ထိ"ပုဒ်ဖြင့်အဖြေကိုထုတ်ရလေသည်။

**ဥဒါဟရုဏ်ကား။** ။ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ၊ နတ္ထိ။ ။အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ မဖြစ်စဘူး၊ ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ မဖြစ်စဘူးလော၊ဤသဘောကား မရှိ။

[ဤကား"နတ္ထိ"ပုဒ်ဖြင့်ဖြေဆိုပုံတည်း၊ နတ္ထိဝိသဇ္ဇနာပေတည်း။]

အကြင်ယမိုက်၌ သန္နိဋ္ဌာန် အနက်သဘောမရှိ၊ သံသယအနက်သဘောမူကား ရှိ၏၊ထိုသို့ဖြစ်သည်ရှိသော် သန္နိဋ္ဌာန်အနက်သဘောမရှိသောကြောင့် သံသယအနက်သဘောလည်း မရှိရာရောက်လေသည်၊ ထိုယမိုက်မျိုး၌လည်း "နတ္ထိ" ပုဒ်ဖြင့်အဖြေထုတ်ရာ၏။

**ဥဒါဟရုဏ်ကား။** ။ယဿ ဝါ ပန ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊တဿ ရူပက္ခန္ဓော နုပ္ပဇ္ဇတီတိ၊ နတ္ထိ။ ။အကြင်ပုဂ္ဂိုလ်အားဝေဒနာက္ခန္ဓာ ဖြစ်ဘူးသည်မဟုတ်၊ ထိုပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲမဟုတ်လေသလော၊ ဤသဘောကားမရှိ။

[ဤစကားရပ်လည်း နတ္ထိပုဒ်ဖြင့်ဖြေဆိုပုံကို ပြသောနတ္ထိဝိသဇ္ဇနာကိုပြဆိုချက်ပင်တည်း။]

www.dhammaransi.com



၂။ အကြင်ယမိုက်၌ သန္နိဋ္ဌာန်အနက်သဘောကတမျိုး, သံသယ အနက်သဘောကတမျိုးဖြစ်နေ၏၊ ထိုသို့ဖြစ်နေခဲ့သော် သံသယ၏အနက် သဘောကို တားမြစ်ရ၏၊ ထိုသို့တားမြစ်ခြင်း၌ "နော" သဒ္ဒါဖြင့် ဖြေဆိုရသည်။

**ဥဒါဟရဏ်ကား။** ။ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿဝေဒ-နာက္ခန္ဓော နိရုဇ္ဈတီတိ၊နော။ ။အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာချုပ်ဆဲလော၊မဟုတ်။

[ဤကား နော-သဒ္ဒါဖြင့်ဖြေဆိုရသော"နောဝိသဇ္ဇနာ"ကိုပြဆိုသောစကား ရပ်တည်း။]

၃။ အကြင်ယမိုက်၌ သန္နိဋ္ဌာန်အနက်သဘောမှုကားရှိ၏၊ သံသယ အနက်သဘောမရှိ၊ ထိုယမိုက်၌ သံသယပုဒ်၌ရှိသော "န" သဒ္ဒါကို ပယ်၍အဖြေထုတ်ရ၏။

**ဥဒါဟရဏ်ကား။** ။ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ ဝေဒ-နာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ၊ ဥပ္ပဇ္ဇိတ္ထ။ ။အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်၊ ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာမဖြစ်ဘူးဘူးလော၊ ဖြစ်ဘူး ပြီ၊ ဤဥဒါဟရဏ်၌ သန္နိဋ္ဌာနပုဒ် န-သဒ္ဒါပါရှိလေရာ ထို န- သဒ္ဒါကို ပယ်၍ "ဥပ္ပဇ္ဇိတ္ထ" ပုဒ်ဖြင့်ဖြေဆိုလေသည်။

[ဤကား န-သဒ္ဒါကိုပယ်ထုတ်သော "နပဋိက္ခေပဝိသဇ္ဇနာ"ကို ပြဆိုသော စကားရပ်ပေတည်း။]

၄။ အကြင်ယမိုက်၌ သန္နိဋ္ဌာန်, သံသယ နှစ်မျိုးလုံးပင် သဘော တူ၍နေ၏၊ ထိုယမိုက်၌ "အာမန္တာ" ပုဒ်ဖြင့်ဖြေဆိုရ၏။

**ဥဒါဟရဏ်ကား။** ။ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ၊အာမန္တာ။ ။အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်ဘူးပြီ၊ ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဘူးပြီလော၊ ဟုတ်မှန်ပေ ၏၊ ဤကဲ့သို့ အာမန္တာဖြင့် ဖြေဆိုရသော ယမိုက်မျိုးသည် လွန်စွာပင် လွယ်ကူ၏။

[ဤကား "အာမန္တာဝိသဇ္ဇနာ"ကို ပြဆိုသော စကားရပ်ပေတည်း။]

www.dhammaransi.com



၅။ အကြင်ယမိုက်၌ သန္နိဋ္ဌာန်ပုဒ် သံသယပုဒ်တို့၏ အနက်သဘောသည် တစိတ်တဒေသအားဖြင့် တူ၏၊ တစိတ်တဒေသအားဖြင့် မတူ၊ ဝေဖန်၍ဖြေဆိုရန် အရေးဆိုက်နေ၏၊ ထိုယမိုက်မျိုး၌ ဝိဘင်းထုတ်၍ ဖြေဆိုရသောဝိဘဇ္ဇဝိသဇ္ဇနာကို အသုံးပြုရ၏။

**ဥဒါဟရုဏ်ကား။** ။ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတီတိ၊ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နော စ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ၊ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ။

အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာဖြစ်ဆဲလော၊ အသညသတ်ဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာဖြစ်ဆဲဟုတ်၏၊ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲမဟုတ်၊ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာဖြစ်ဆဲလည်းဟုတ်၏၊ ဝေဒနာက္ခန္ဓာဖြစ်ဆဲလည်း ဟုတ်၏၊ ဤယမိုက်၌ ဝိဘင်းထုတ်၍ဖြေဆိုရလေသည်။

[ဤကား ''ဝိဘဇ္ဇဝိသဇ္ဇနာ''ကို ပြဆိုသော စကားရပ်ပေတည်း။]

အနုသယယမိုက်, စိတ္တယမိုက်တို့၌ကား ဤဝိသဇ္ဇနာငါးမျိုးမှ တပါးသော အဖြေမျိုးလည်း ရှိသေး၏။

ပဝတ္တိမဟာဝါရစိစစ်ခဏ်းပြီး၏။

## ပရိညာဝါရစိစစ်ခဏ်း

**ခန္ဓယမိုက်ပရိညာဝါရ၌။** ။''ယော ရူပက္ခန္ဓံ ပရိဇာနာတိ''။ ။ အကြင်ပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကို ပိုင်ပိုင်သိဆဲလော၊ ဤသို့ ပစ္စုပ္ပန်ဝိဘတ်ဖြင့် ဟောတော်မူရာဝယ် အရဟတ္တမဂ်အခိုက်ကို အရကောက်လေ၊ ပရိညာဆိုသည်မှာ ပရိညာကိစ္စသုံးပါးဖြင့် ပိုင်နိုင်စွာ သိသည်ကိုဆိုသည်၊ အရဟတ္တမဂ်ခဏ၌ ပိုင်နိုင်စွာ သိဆဲဖြစ်သည်၊ ထို့ကြောင့် ပစ္စုပ္ပန္နဝါရ၌ ''ပရိဇာနာတိ'' ဟူ၍ဟောတော်မူလျှင် အရဟတ္တမဂ်အခိုက်ကို ကောက်ယူရမည်ဟူ၍ ဆိုခဲ့ပေသည်။

www.dhammaransi.com



**အတီတဝါရ၌**။ ။ယော ရူပက္ခန္ဓံ ပရိဇာနိတ္ထ။ ။အကြင်ပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကိုပိုင်ပိုင်သိပြီလော၊ ဤအတိတ်ဝိဘတ်ဖြင့် ဟောတော်မူရာဝယ် အရဟတ္တဖိုလ်သို့ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ကောက်ယူအပ်၏။

ထိုစကားမှန်၏၊ အရဟတ္တမဂ်အခိုက်၌ ပိုင်ပိုင် သိဆဲ၊ အရဟတ္တဖိုလ်သို့ရောက်သောအခါ ပိုင်ပိုင်သိပြီးဖြစ်သည်၊ ထို့ကြောင့် "ပရိဇာနိတ္ထ" ဟူ၍ အတိတ်ဝိဘတ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ကောက်ယူရမည်-ဟူ၍ ဆိုခဲ့ပေသည်။

**အနာဂတဝါရ၌**။ ။ယော ရူပက္ခန္ဓံ ပရိဇာနိဿတိ။ ။အကြင်ပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကို ပိုင်ပိုင်သိလတ္တံ့လော၊ ဤသို့ အနာဂတ်ဝိဘတ်ဖြင့် ဟောတော်မူရာဝယ် ဤမျက်မှောက်ဘဝ၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့သော ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ကို ကောက်ယူအပ်၏။

ခန္ဓယမိုက်စီစစ်ခဏ်းပြီး၏။

## ၃-အာယတနယမိုက်စီစစ်ခဏ်း

အာယတန ယမိုက်၌—
၁။ ပဏ္ဏတ္တိဝါရ,
၂။ ပဝတ္တိမဟာဝါရ,
၃။ ပရိညာဝါရ အားဖြင့် သုံးပါးရှိ၏။

ပဏ္ဏတ္တိဝါရသည် အာယတန ၁၂-ပါးတို့၏ ပညတ်သရုပ်ကို ဖော်ထုတ်ဟောတော်မူသည်ဖြစ်၍ ခန္ဓယမိုက်၌ စီစစ်ခဲ့သောနည်းကို ထောက်ထားသဖြင့် သိလွယ်ပြီဖြစ်သောကြောင့် အထူးဆိုရန် မလိုချေ။

**အာယတန ၁၂-ပါး သရုပ်မှာ**။ ။(၁)စက္ခာယတန, (၂)သောတာယတန, (၃) ဃာနာယတန, (၄) ဇိဝှါယတန, (၅) ကာယာယတန, (၆)မနာယတန အားဖြင့် အဇ္ဈတ္တိကာယတနခြောက်ပါး။

(၁)ရူပါယတန, (၂)သဒ္ဒါယတန,(၃)ဂန္ဓာယတန,(၄)ရသာယတန,(၅)ဖောဋ္ဌဗ္ဗာယတန,(၆)ဓမ္မာယတနအားဖြင့် ဗာဟိရာယတန ခြောက်ပါး၊ ပေါင်းလျှင် အာယတန ၁၂-ပါး ဖြစ်သည်။

www.dhammaransi.com



ပဝတ္တိမဟာဝါရ၌—

၁။ အာယတန ၁၂-ပါးတို့တွင် အရူပလေးဘုံတို့၌ မနာယတန, ဓမ္မာယတန နှစ်ပါးကိုသာရအပ်၏၊ ကြွင်းသောအာယတန ၁၀-ပါး ကိုမရအပ်။

၂။ အသညသတ်ဘုံ၌ ရူပါယတန, ဓမ္မာယတန နှစ်ပါးကိုသာ ရအပ်၏၊ ကြွင်းသောအာယတန ၁၀-ပါးကိုမရအပ်။

၃။ အသညသတ်ဘုံမှ ကြွင်းသောရူပါဝစရ ၁၅-ဘုံတို့၌စက္ခာယ-တန, သောတာယတန, မနာယတန, ရူပါယတန, သဒ္ဒါယတန, ဓမ္မာ ယတန၊ဤအာယတနခြောက်ပါးကိုသာရအပ်၏၊ ကြွင်းသော အာယ-တနခြောက်ပါးကိုမရအပ်။

ရူပဘုံတို့၌ ဃာနာယတန,ဇိဝှါယတန, ကာယာယတန တို့ကို မရ အပ်ဆိုသဖြင့် ထိုရူပဗြဟ္မာတို့အား နှာခေါင်းသဏ္ဌာန်, လျှာသဏ္ဌာန်, ကိုယ်သဏ္ဌာန်များ မရှိဟူ၍မဆိုအပ်ချေ၊ ထိုသဏ္ဌာန်များသည် ထင် ရှားကောင်းမွန်စွာ ရူပဗြဟ္မာတို့သန္တာန်၌ရှိသည်-ဟူ၍မှတ်အပ် ၏။

နှာခေါင်းဆိုသည်မှာ ပညတ်သဘောမျိုးပေတည်း၊ ဃာနာယတန ဆိုသည်မှာ နံခြင်းကိစ္စကို ဆောင်ရွက်သော ပရမတ်သဘောမျိုးပေ တည်း၊ ထို့ကြောင့် ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့ကို မရအပ်ဟု ဆိုသဖြင့် ရူပါဝစရဗြဟ္မာတို့၌ နှာခေါင်းသဏ္ဌာန်, လျှာ သဏ္ဌာန်, ကိုယ်သဏ္ဌာန်များမရှိ-ဟူ၍မဆိုအပ်ချေ။

**မေးမြန်းဖွယ်**

ဤအရာ၌ဆိုဖွယ်ရှိသည်မှာ—

ရူပါဝစရဗြဟ္မာတို့ကိုယ်၌ မဟာဘုတ်ကြီးလေးပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟုဆိုအပ်သော အဋ္ဌကလာပ်ရုပ်ဓာတ်များ ရှိပါသလော-ဟူ၍ မေးလျှင် ရှိ၏-ဟူ၍ဖြေဆိုရပေလိမ့်မည်။

ရူပါဝစရ ဗြဟ္မာတို့၏သန္တာန်၌ အဋ္ဌကလာပ် ရုပ်ဓာတ် များရှိသည်မှန်လျှင် အဘယ့်ကြောင့် ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန ဓာတ်များကို ရူပါဝစရဗြဟ္မာတို့၏ သန္တာန် မှာ မရအပ်ဟုဆိုသနည်း၊ ရပြီးအထင်အရှားမဟုတ်ပါလော-ဟူ၍မေးရန်ရှိလေသည်။

www.dhammaransi.com



**အဖြေမှာ**–ရူပါဝစရဗြဟ္မာတို့၏ သန္တာန်၌ ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့ မရှိခြင်းကြောင့် ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့သည်လည်း အာယတနကိစ္စကို မဆောင်ရွက်နိုင်ကုန်၊ အာယတန ကိစ္စကို မဆောင်ရွက်နိုင် ကြသည့်အတွက်ကြောင့် ရူပါဝစရဗြဟ္မာတို့၏ သန္တာန်၌ ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနများကို မရအပ်-ဟုဆိုရပေသည်။

အာယတနကိစ္စဆိုသည်မှာ · ခေတ်နှစ်ခုတွဲ၍ ဝိညာဉ် ဖြစ်အောင် ရွက်ဆောင်ခြင်းကိစ္စကိုဆိုပေသည်။

၁။ စက္ခုနှင့်ရူပါရုံပေါင်းဆုံတွဲစပ်လိုက်သောအခါ စက္ခုဝိညာဉ် ဖြစ်ပေါ်လာ၏။

၂။ သောတနှင့်သဒ္ဒါရုံ ပေါင်းဆုံတွဲစပ်လိုက်သောအခါ သောတ ဝိညာဉ် ဖြစ်ပေါ်၍လာ၏။

၃။ ဃာနနှင့် ဂန္ဓာရုံ ပေါင်းဆုံတွဲစပ်လိုက်သောအခါ ဃာနဝိ ညာဉ် ဖြစ်ပေါ်၍လာ၏။

၄။ ဇိဝှါနှင့် ရသာရုံ ပေါင်းဆုံတွဲစပ်လိုက်သောအခါ ဇိဝှါဝိ ညာဉ်ဖြစ်ပေါ်၍လာ၏။

၅။ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံတွဲစပ်လိုက်သောအခါ ကာ ယဝိညာဉ် ဖြစ်ပေါ်၍လာ၏။

၆။ မနောနှင့်ဓမ္မာရုံ တွဲစပ်လိုက်သောအခါ မနောဝိညာဉ် ဖြစ် ပေါ်၍လာ၏။

ဤကဲ့သို့သောသဘောအားဖြင့် ခေတ်နှစ်ခုတွဲ၍ ဝိညာဉ် ဖြစ်ပေါ် စေတတ်သော သဘောကို အာယတနကိစ္စ-ဟူ၍ဆိုရပေသည်၊ ဝိညာဉ် ၏ဖြစ်ရာကိုပင် အာယတနဆိုသည်။

ရူပဘုံ၌မူကား–

၁။ ဃာနနှင့် ဂန္ဓာရုံပေါင်းဆုံ၍ဃာနဝိညာဉ်ဖြစ်ပေါ်သည်-ဟူ၍ ဘယ်အခါမှမရှိနိုင်။

၂။ ဇိဝှါနှင့်ရသာရုံပေါင်းဆုံ၍ ဇိဝှါဝိညာဉ် ဖြစ်ပေါ်သည်-ဟူ၍ ဘယ်အခါမှမရှိနိုင်။

www.dhammaransi.com



၃။ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံပေါင်းဆုံ၍ ကာယဝိညာဉ် ဖြစ်ပေါ်သည်-ဟူ၍ဘယ်အခါမှမရှိနိုင်။

ထိုဝိညာဉ်သုံးပါးတို့၏ ရူပဘုံ၌ မဖြစ်ပေါ်ခြင်း တည်းဟူသော သဘောသည် နိယာမသဘောအားဖြင့် ပြီးစီးလျက်ရှိ၏၊ ထို့ကြောင့် ရူပါဝစရဗြဟ္မာတို့၏သန္တာန်မှာ ဂန္ဓာယတန,ရသာယတန,ဖောဋ္ဌဗ္ဗာယတနများကို မည်သည့်အခါမှာမှ မရနိုင်-ဟူ၍မှတ်အပ်ပေသတည်း။

**ကာမာဝစရဘုံတို့၌ကား**–အလုံးစုံသော အာယတန ၁၂-ပါးတို့ကို ရအပ်၏၊အကြင်အကြင်ဘုံတို့၌ အကြင်အကြင်အာယတနတို့ကိုမရအပ်-ဟူ၍ဆိုလျှင် ထိုထိုဘုံတို့၌ ထိုထိုအာယတနတို့၏ ဖြစ်ခြင်း,ချုပ်ခြင်းတို့ကိုလည်း ပယ်ခြင်းကိစ္စပြီးလေတော့၏။

**ဥပမာ**-"ရူပါဝစရဘုံ၌" ဂန္ဓာယတနကို မရအပ်ဆိုသဖြင့် ထိုရူပါဝစရဘုံ၌ ဂန္ဓာယတန ဖြစ်ဆဲလော, ချုပ်ဆဲလော၊ ဖြစ်ပြီးလော, ချုပ်ပြီးလော၊ ဖြစ်လတ္တံ့လော, ချုပ်လတ္တံ့လော-ဟူသော သဘောများကိုလည်းမရအပ်-ဟူ၍ဆိုလိုသည်။

[ဤစကားရပ်ကား ဘုံ၌ အာယတနတို့ဖြစ်ပုံကို ဝေဖန်သောစကားရပ်ပေတည်း။]

ပုဂ္ဂိုလ်တို့၏သန္တာန်၌ အာယတနဝေဖန်ပုံမှာ–

အလုံးစုံသောသတ္တဝါတို့အား အတိတ်ဘဝတို့၌ အာယတန ၁၂-ပါး ဖြစ်ဘူးကြသည်ချည်းသာတည်း၊မဖြစ်ဘူးသည် ဟူ၍မရှိချေ၊ ထို့ကြောင့် အတီတဝါရကို ဟောတော်မူရာဝယ် အာမန္တာ အဖြေတခုကိုသာ ထုတ်ရလေသည်။

**ထုတ်ရပုံဥဒါဟရုဏ်ကား**။ ။ယဿ စက္ခာယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ သောတာယတနံ ဥပ္ပဇ္ဇိတ္ထာတိ၊အာမန္တာ။ ။အကြင်ပုဂ္ဂိုလ်အား စက္ခာယတနဖြစ်ဘူး၏၊ ထိုပုဂ္ဂိုလ်အား သောတာယတန ဖြစ်ဘူး၏လော၊ ဖြစ်ဘူးသည်မှန်ပေ၏၊ ဤသို့စသည်ဖြင့် အတီတဝါရတလျှောက်လုံး၌ အာမန္တာအဖြေထုတ်ပုံများသည် လွန်စွာထင်ရှားလှပေသည်။

**ထိုအတီတဝါရ၌**–"န" သဒ္ဒါဖြင့် မြစ်၍ ဟောအပ်သော ပစ္စနိကယမိုက်ကို ဟောတော်မူသောအခါ "နတ္ထိ"သဒ္ဒါဖြင့် ဝိသဇ္ဇနာ တခုကိုသာထုတ်ရလေသည်။

www.dhammaransi.com



**ထုတ်ရပုံဥဒါဟရုဏ်ကား။** ။ယဿ စက္ခာယတနံ နုပ္ပဇ္ဇိတ္ထ၊ တဿ သောတာယတနံ နုပ္ပဇ္ဇိတ္ထာတိ၊ နတ္ထိ။ ။အကြင် ပုဂ္ဂိုလ်အား စက္ခာယတန မဖြစ်စဘူး၊ ထိုပုဂ္ဂိုလ်အား သောတာယတန မဖြစ်စဘူး ဘူးလော၊ ဤသဘောမျိုးကား မရှိ၊ ဤသို့စသည်ဖြင့် အတီတဝါရ ပစ္စနိက ယမိုက်တို့၌ နတ္ထိဝိသဇ္ဇနာတို့သည် လွန်စွာထင်ရှားကုန်၏။

၁။ အလုံးစုံသော ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား တစုံတခုသော အာယတနဖြစ်လတ္တံ့-ဟူသောသဘောကို မရနိုင်။

၂။ ပဋိသန္ဓေအခိုက်၌ တည်ဆဲဖြစ်ကုန်သော ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ထိုထိုအာယတန များချုပ်လတ္တံ့-ဟူသော သဘောကိုမူကားရအပ်၏။

၃။ အရူပဘုံ၌ အရိယာပုဂ္ဂိုလ်တို့အား စက္ခာယတနစသော အာယတန ဆယ်ပါးတို့သည် ဖြစ်ကုန်လတ္တံ့၊ ချုပ်ကုန်လတ္တံ့- ဟူသော သဘောကို မရနိုင်။

၄။ ရူပါဝစရဘုံ၌ အရိယာပုဂ္ဂိုလ်တို့အား ဃာန, ဇိဝှါ, ကာယ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ၊ ဤအာယတန ခြောက်ပါးတို့သည် ဖြစ်ကုန်လတ္တံ့၊ ချုပ်ကုန်လတ္တံ့-ဟူသော သဘောကို မရနိုင်။

၅။ အကြင် ပုဂ္ဂိုလ်တို့သည် အခြားမဲ့ဘဝ၌ ထိုထိုအာယတနတို့မှ ကင်းသော ရူပဘုံ အရူပဘုံတို့၌ ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုကြကုန်လတ္တံ့၊ ထိုပုဂ္ဂိုလ်တို့၏ စုတိဆဲအခိုက်၌ ထိုထိုအာယတနတို့သည် ဖြစ်ကုန်လတ္တံ့၊ ချုပ်ကုန်လတ္တံ့-ဟူသော သဘောကိုမရနိုင်။

**ဥပမာ**-ကာမဘုံမှ စုတိ၍ ရူပဘုံ၌ ဖြစ်ပြီးလျှင် ထိုရူပဘုံ၌ ပရိနိဗ္ဗာန်စံလတ္တံ့သော ပုဂ္ဂိုလ်တို့၏ စုတိအခိုက်၌ ဃာနာယတန, ဇိဝှါယတန, ကာယာယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန၊ ဤ အာယတန ခြောက်ပါးတို့သည် ဖြစ်ကုန်လတ္တံ့ သဘောလည်းမရှိ၊ချုပ်ကုန်လတ္တံ့ သဘောလည်းမရှိ ဟု ဆိုလိုသည်။

**အထူးမှတ်သားရန်အချက်တခုမှာ။** ။ဤအာယတန ယမိုက် ပါဠိတော်ကြီး၌ ဥပ္ပဇ္ဇတိ-ဟူ၍ဟောတော်မူလျှင် ပဋိသန္ဓေ၏ ဥပါဒ်အခိုက်ကိုသာယူအပ်၏၊ နိရုဇ္ဈတိ-ဟူ၍ဟောတော်မူလျှင် စုတိ၏ ဘင် အခိုက်

www.dhammaransi.com



ကိုသာ ယူအပ်၏-ဟူ၍ အမြဲမှတ်သားလေ၊ ယမိုက်ပါဠိတော်၌ ဋ္ဌီ အခိုက် ကိုဟောသည် ဟူ၍မရှိချေ၊ ဥပါဒ်အခိုက်နှင့် ဘင်အခိုက်များကို သာ ဟောတော်မူသည်။

[ဤယမိုက်ပါဠိတော် ဟောပုံများကို ထောက်ထားသဖြင့် မူလဋီကာဆရာကြီး သည် ပရမတ္ထတရားတို့၌ ဋ္ဌီခဏမရှိဟူ၍ မိန့်ဆိုတော်မူလေသတည်း။]

အရူပဘုံ၌ရင်း, အသညသတ်ဘုံ၌ရင်း, ကြွင်းသော ရူပဘုံတို့၌ရင်း မရအပ်, မရထိုက်သော အာယတနတို့သည် ရှိကုန်၏၊ ထိုဘုံတို့၌မရ ကောင်းသော အာယတနတို့သည် ပဋိသန္ဓေအခိုက်၌ ဖြစ်ဆဲ ဟူသော သဘောကိုမရကုန်၊ စုတိဆဲအခိုက်၌ ချုပ်ဆဲဟူသော သဘောကို မရ ကုန်။

ဥပမာ-ရူပဘုံ၌ ပဋိသန္ဓေ နေဆဲဖြစ်သော ပုဂ္ဂိုလ်အား ဃာနာ ယတနဖြစ်ဆဲလော-ဟုမေးလျှင်ထိုသို့သော သဘောမျိုးမရှိဟူ၍နတ္ထိပုဒ် ဖြင့် ဖြေရသည်၊ ရူပဘုံ၌ စုတိဆဲဖြစ်သော ပုဂ္ဂိုလ်အား ဃာနာယတန ချုပ်ဆဲလော-ဟု မေးလျှင် ထိုသို့သော သဘောမျိုး မရှိဟူ၍ နတ္ထိပုဒ် ဖြင့်ဖြေရသည်။

[ဤကဲ့သို့ ဝေဖန်ပုံ သဘောများကိုလည်း အကျယ်အားဖြင့် ဝေဖန်၍ သိ ရာ၏။]

### အာယတနချို့ပုံများကိုပြဆိုချက်

ကာမဘုံ၌ ပဋိသန္ဓေအခါ ထိုထိုအာယတနတို့၏ ချို့တဲ့ခြင်းသဘော များလည်းရှိကုန်၏၊ အာယတနချို့တဲ့ခြင်းဆိုသည်မှာ ဖြစ်ချိန်အခါ၌ မဖြစ်ပေါ်ခြင်းများကို ဆိုလိုသည်။

၁။ ကာမဘုံ၌ အချို့သော ဥပပါတ်ပုဂ္ဂိုလ်တို့အား စက္ခာယတနနှင့် သောတာယတနတို့သည် ရံခါချို့တတ်ကုန်၏။

၂။ ကာမဘုံ၌ ဃာနာယတန, ဇိဝှါယတန, ကာယာယတန၊ဤ အာယတနသုံးပါးတို့သည် မည်သည့်အခါမှာမှ ချို့တဲ့လေ့မရှိကြကုန်။

၃။ အချို့သော ဂဗ္ဘသေယျက ပုဂ္ဂိုလ်, သံသေဒဇပုဂ္ဂိုလ်တို့အား ရံခါရံဖန် စက္ခု, သောတ, ဃာန၊ ဤအာယတန သုံးပါးတို့သည် ချို့တဲ့တတ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား ဇိဝှါနှင့်ကာယတို့သည် ဘယ်အခါ မှာမှချို့တဲ့လေ့မရှိကြကုန်။

www.dhammaransi.com



၄။ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ဤအာယတနလေးပါးတို့သည် ပဋိသန္ဓေအခိုက်၌ ဖြစ်ပေါ်လေ့မရှိကုန်၊ ပဝတ္တိကာလဟုဆိုအပ်သော ကောဒသမသတ္တာဟ၌သာ ဖြစ်ပေါ်ကုန်၏။

ထို့ကြောင့် ဤကဲ့သို့အာယတနဖြစ်ပေါ်ပုံသဘောများကို ထောက်ထား၍ ယမိုက်ပါဠိတော်၏သဘောသရုပ်များကို အချက်ပိုင်နိုင်စွာ ကောက်ယူသင့်ကြပေသည်၊ အာယတနတို့၏ ရထိုက် မရထိုက် သဘော၊ အာယတနတို့၏ချုပ်ခြင်း မချုပ်ခြင်းသဘော၊ အာယတနတို့၏ဖြစ်ပေါ်ပုံအချိန်ကာလများကို ပိုင်းခြား၍မသိလျှင် အာယတန ယမိုက်၏ သဘောများကို ကောက်ယူသောအခါ လွန်စွာရှုပ်ထွေး၍ မှားယွင်းတတ်လေသည်များကိုလည်းသတိထားအပ်လှပေ၏။

### ကောက်ယူပုံနည်းအမြွက်ကိုပြဆိုဦးအံ့

"အစက္ခုကာနံ" ဟူ၍ဟောတော်မူချက်ကို တွေ့သောအခါ အရူပပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်၊ ကာမဘုံ၌ စက္ခုချုပ်သော ပုဂ္ဂိုလ်၊ ပဋိသန္ဓေအခိုက် စက္ခုမဖြစ်ပေါ်သေးသောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်များကို ကောက်ယူရ၏။

ထိုနည်းတူစွာ အသောတကာနံ၊ အဃာနကာနံ-ဟူ၍ ဟောတော်မူရာတို့၌လည်း နားမရှိသောအသောတကပုဂ္ဂိုလ်၊ နှာခေါင်းမရှိသော အဃာနကပုဂ္ဂိုလ်တို့၏သဘောကို ဉာဏ်ဖြင့်ဝေဖန်၍သိရာသည်။

ဤအရာ၌ "အစက္ခုကာနံ" ဟူသောပုဒ်ဖြင့် ဟောတော်မူအပ်သော ယမိုက်ပါဠိတော်တပုဒ်ကို ဥဒါဟရဏ်ထုတ်၍ပြဦးအံ့။

> ယဿ ဝါ ပန ဓမ္မာယတနံ နိရုဇ္ဈတိ၊ တဿ စက္ခာယတနံ နိရုဇ္ဈတီတိ၊ အစက္ခုကာနံ စဝန္တာနံ တေသံ ဓမ္မာယတနံ နိရုဇ္ဈတိ၊နော စ တေသံ စက္ခာယတနံ နိရုဇ္ဈတိ။ သစက္ခုကာနံ စဝန္တာနံ တေသံ ဓမ္မာယတနဉ္စ နိရုဇ္ဈတိ၊ စက္ခာယတနဉ္စ နိရုဇ္ဈတိ။

အကြင်ပုဂ္ဂိုလ်အား ဓမ္မာယတနချုပ်ဆဲ၊ ထိုပုဂ္ဂိုလ်အား စက္ခာယတနချုပ်ဆဲလော၊ စက္ခုမရှိသောပုဂ္ဂိုလ်တို့၏ စုတိဆဲအခိုက်၌ ဓမ္မာ

www.dhammaransi.com



ယတနချုပ်ဆဲဟုတ်၏၊ စက္ခာယတနချုပ်ဆဲကားမဟုတ်၊ စက္ခုရှိသော ပုဂ္ဂိုလ်တို့၏စုတိဆဲခဏ၌ ဓမ္မာယတနလည်းချုပ်ဆဲ၊ စက္ခာယတနလည်း ချုပ်ဆဲဖြစ်၏။

**ဤပါဠိတော်၌**–စက္ခုမရှိသောပုဂ္ဂိုလ်ကို "အစက္ခုက" ဆိုသည်၊ ထိုအစက္ခုကပုဂ္ဂိုလ်သည်ကား အသညသတ်ပုဂ္ဂိုလ်,အရူပပုဂ္ဂိုလ်,ကာမဘုံ၌ စက္ခုချို့သောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်များကို ကောက်ယူရ၏၊ အသညသတ်ပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ်, စက္ခုချို့သော ကာမပုဂ္ဂိုလ်တို့၏ စုတိဆဲအခိုက်၌ ဓမ္မာယတနချုပ်ဆဲဟုတ်၏၊ စက္ခုချုပ်ဆဲမဟုတ်၊ မူလရင်းကပင် စက္ခုမရှိလေသောကြောင့် စက္ခုချုပ်ဆဲ-ဟူ၍မဆိုနိုင်တော့ချေ။

စက္ခုရှိသောပုဂ္ဂိုလ်ကို "သစက္ခုက" ဆိုသည်၊ အသညသတ်ကြဉ်သော ရူပါဝစရပုဂ္ဂိုလ်, စက္ခုမချို့သော ကာမပုဂ္ဂိုလ်များကို အရကောက်လေ၊ ထိုစက္ခုရှိသောပုဂ္ဂိုလ်တို့၏ စုတိဆဲအခိုက်၌ ဓမ္မာယတနလည်းချုပ်ဆဲ၊ စက္ခာယတနလည်း ချုပ်ဆဲဖြစ်သည်၊ အသောတက, သသောတက, အဃာနက, သဃာနကပုဒ်တို့၏ အကောက်များကိုလည်း ထိုနည်းအတိုင်း စဉ်းစားဆင်ခြင်လေ။

[ဤစကားရပ်ကား ပုဂ္ဂိုလ်တို့၏သန္တာန်၌ အာယတနဖြစ်ပုံကိုဝေဖန်၍ပြသော စကားရပ်ပေတည်း။]

ဘုံနှင့်ပုဂ္ဂိုလ်ရောစပ်၍ ဝေဖန်သော "ပုဂ္ဂလောကာသ"ဝါရ၌–

သုဒ္ဓါဝါသဘုံ၌ သုဒ္ဓါဝါသဗြဟ္မာတို့အား ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီ-ဟူသော အတိတ်ဝိဘတ်စကား, ဥပ္ပဇ္ဇိဿတိ၊ဖြစ်လတ္တံ့-ဟူသော အနာဂတ်ဝိဘတ်စကားတို့ကိုဟောကြားတော်မမူ။

**ဥပမာ**–အကနိဋ္ဌဘုံ၌ စက္ခာယတန ဖြစ်ဘူးပြီ၊ စက္ခာယတနဖြစ်လတ္တံ့-ဟူ၍ ဟောတော်မမူဆိုလိုသည်၊ အကြောင်းကိုဆိုသော် သုဒ္ဓါဝါသဘုံများသည် သတ္တဝါတို့ဖြစ်ဘူးသောဘုံများမဟုတ်၊ အကယ်၍ဖြစ်လျှင် တဘုံတဘုံမှာနှစ်ခါထပ်၍ဖြစ်လေ့မရှိ၊ထို့ကြောင့် ပုဂ္ဂလောကာသဝါရ၌ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီ။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့-ဟူသောသဘောကို သုဒ္ဓါဝါသဘုံ၌မရအပ်ဘဲရှိလေသတည်း။

["သုဒ္ဓါဝါသ-ဘူးမရ" ဟူသောရှေးဆရာကြီးတို့၏ စကားသည်လည်း ဤအဓိပ္ပါယ်ကို ရည်၍ပင်ဆိုတော်မူကြသည်ဟူ၍မှတ်ပါလေ။]

www.dhammaransi.com



**ဤအာယတနယမိုက်၌**-သဒ္ဒါယတနကို ပဏ္ဏတ္တိဝါရ၌ ဟောတော်မူအပ်ပါသော်လည်း ပဝတ္တိမဟာဝါရ၌ ဟောတော်မမူအပ်ချေ။

အဘယ့်ကြောင့်နည်းဆိုသော်ပဝတ္တိမဟာဝါရသည် ပဋိသန္ဓေအခိုက်, စုတိအခိုက်ကို အစွဲပြု၍ ဟောတော်မူသော ဝါရဖြစ်သည်၊ ထိုပဋိသန္ဓေအခိုက်, စုတိအခိုက်တို့၌လည်း သဒ္ဒမဖြစ်စကောင်း၊ ထို့ကြောင့်သဒ္ဒါယတနကို ပဝတ္တိမဟာဝါရ၌ ဟောတော်မမူဘဲ ကြဉ်ထားတော်မူသည် ဟူ၍ မှတ်အပ်၏။

ဤအာယတနယမိုက်နှင့် စပ်၍ ရှေးညဝါဆရာကြီးတို့ အကျဉ်းချုပ်မှတ်သားရန် ရေးသားတော်မူအပ်သော ကဗျာပုဒ်ကို ဗဟုသုတဉာဏ်တိုးပွားစေခြင်းအကျိုးငှါ ဤအရာ၌ ထည့်သွင်းဖော်ပြပါအံ့။

**အာယတနယမိုက်လင်္ကာ**

ယောနိလေးထွေ၊ ခွဲစိပ်ဝေပိမ့်၊ သံသေ,ဩပ၊အဏ္ဍ,ဇလာ၊ဤလေးဖြာကို၊ ဘုမ္မာဒေဝ၊ မနုဿ,တိရစ္ဆာန်၊ နိဗ္ဗာမ်ပယ်ကြဉ်၊ ထိုပြင်ပြိတ္တာ၊ လေးယောက်မှာလျှင်၊ ရလေချင်၏၊ ဘုမ္မညတြ၊ နတ်ထိုမျှနှင့်၊ နိဗ္ဗာမရေဲသူ၊ သုံးယောက်မူကား၊ ယူ-ဩပပါ၊ တခုသာတည်း၊ ကာမဘုံသတ်၊ ဥပပါတ်မူ၊ ချိုလတ်ဇွေန္ဓြေ၊ မရှိချေတည့်၊ ကပ္ပေအစ၊ မနုဿမူ၊ ဘာဝချိုလေ၊သံသေဒဇာ၊ ပုဂ္ဂိုလ်မှာကား၊ စက္ခာသောတ၊ ဃာနချိုဘိ၊ဒုဂ္ဂတိမှတ်၊ ဥပပါတ်မှာ၊ ဤ၌သာလျှင်၊ ဃာနာနုတ်လျှဉ်း၊ ဘာဝသွင်း၍၊ ယင်းဒုဘုံနေ၊ သံသေခေါ်မူ၊ ပုဂ္ဂိုလ်စုမှာ၊ စက္ခုသောတ၊ ဃာနဘာဝါ၊ ချိုလေပါသည်။ ။ကျမ်းလာမူနှင့် မလွဲတည်း။

**ဤလင်္ကာ၏ အဓိပ္ပါယ်အချုပ်မှာ**။ ။အညိဳ၌စွဲ၍ဖြစ်သော သံသေဒဇပဋိသန္ဓေ,ကိုယ်ကောင်ထင်ရှား ဘွားကနဲ့ဖြစ်သော ဥပပါတ်ပဋိသန္ဓေ, အဥ၌ဖြစ်သော ပဋိသန္ဓေ,အမိဝမ်းတိုက်၌ဖြစ်သော ပဋိသန္ဓေ-အားဖြင့် ပဋိသန္ဓေမျိုး လေးပါးရှိသည်။

၁။ ဘုမ္မဇိုးနတ်, နတ်, လူ, တိရစ္ဆာန်, နိဗ္ဗာမကဏှိက ပြိတ္တာမှတပါးသော ပြိတ္တာအမျိုးမျိုး၊ ဤပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေ လေးပါးကို ရအပ်ကုန်၏။

www.dhammaransi.com



၂။ ဘုမ္မဇိုးနတ်မှ တပါးသော ကာမာဝစရနတ်များ, ပြိတ္တာများ, နိဇ္ဈာမတဏှိက ပြိတ္တာ, ငရဲသတ္တဝါ၊ ဤပုဂ္ဂိုလ်တို့သည် ဥပပါတ် ပဋိသန္ဓေတခုကိုသာ ရအပ်၏။

၃။ ကာမသုဂတိ ၇-ဘုံ၌ ဥပပါတ်ပုဂ္ဂိုလ်တို့အား အာယတနတပါး မျှ မချို့စကောင်း၊ အလုံးစုံ ရအပ်ပေသည်။

၄။ ကမ္ဘာဦးသူတို့မှာ ဘာဝချို့ကြ၏။

၅။ သံသေဒဇပုဂ္ဂိုလ်တို့အား စက္ခု,သောတ,ဃာန၊ဤအာယတန သုံးပါး ချို့စကောင်း၏။

၆။ ဒုဂ္ဂတိ-ဥပပါတ်ပုဂ္ဂိုလ်တို့အား ဃာန မချို့စကောင်း၊ ဘာဝ ချို့စကောင်း၏။

၇။ ဒုဂ္ဂတိသံသေဒဇပုဂ္ဂိုလ်အား စက္ခု,သောတ,ဃာန၊ ဤအာယ တနသုံးပါးနှင့် ဘာဝချို့စကောင်း၏။

[ဤကား အထက်၌ဖော်ပြအပ်သော လက်ာ၏ အဓိပ္ပါယ်ပေတည်း။]

အာယတနယမိုက်အဓိပ္ပါယ်ချုပ်ပြီး၏။

## ၄–ဓာတုယမိုက်အဓိပ္ပါယ်ချုပ်

ဤဓာတုယမိုက်၌ "ဓာတု" သဒ္ဒါ၏ အနက်အဓိပ္ပါယ်များကို ရှေး ဦးစွာပြဆိုသင့်၏။

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။ ။ယောသဘာဝေါ၊အကြင် သဘောတရားသည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကိုသာ။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ ဓာတု၊ ဓာတ်မည်၏။

မည်သူ့ မျက်နှာကိုမျှ မထောက်စာ၊ မိမိသဘောကိုသာ ဆောင် တတ်သောကြောင့် ဓာတ်ဟူ၍ခေါ်၏ ဆိုလိုသည်၊ ထိုဓာတ်တို့သည် မည် သူ၏အလိုကိုမျှမလိုက်ဘဲ မိမိအလိုသဘောအတိုင်းသာ ဖြစ်လေ့ရှိကြ သည်၊ မိမိတို့ သဘောကိုသာ ဆောင်ရွက်ကြကုန်သည်။

ထိုစကားမှန်၏၊ ဓာတ်တို့သည် ပုဂ္ဂိုလ်သတ္တဝါတို့ စိတ်ဆန္ဒအတိုင်း ဖြစ်ပေါ်ကြသည်မဟုတ်ကုန်၊ မိမိတို့၏ဖြစ်ပေါ်ရန် အကြောင်းနှင့် တိုက်

www.dhammaransi.com



ဆိုင်ကြုံကြိုက်သောအခါမှသာ ဖြစ်ကြကုန်သည်၊ ဖြစ်ပေါ်ရန်အကြောင်း တိုက်ဆိုင်သည်ရှိသော် မည်သူတား၍မျှမရ၊ အတင်းဖြစ်ပေါ်ကြကုန်၏၊ မဖြစ်စေလိုသော်လည်း ဖြစ်ပေါ်ကြကုန်၏၊ အကြောင်းကင်းသည်ရှိသော် ဖြစ်ပေါ်စေလိုသော်လည်း မဖြစ်ပေါ်၊ မည်သူတောင်းပန်သော်လည်း ဖြစ်ပေါ်လိမ့်မည် မဟုတ်၊ မိမိတို့၏ အကြောင်းနှင့်သာ စပ်လျက်ရှိကြကုန်သည်။

**ထင်ရှားစေဦးအံ့။** ။သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဆံပင်-ဟူသောကောဋ္ဌာသတခု၌ အဋ္ဌကလာပ်ခေါ်သောရုပ်ရှစ်ပါးရှိ၏၊ ပထဝီ, အာပေါ,တေဇော,ဝါယော,ဝဏ္ဏ,ဂန္ဓ, ရသ,ဩဇာ၊ ဤဓာတ်ရှစ်ပါးတို့ ပေတည်း၊ ထိုဓာတ် ရှစ်ပါးတို့သည် မည်သူ့အလိုကြောင့်မှ ဖြစ်ပေါ်သည်မဟုတ်၊ မိမိတို့၏ ဆိုင်ရာဆိုင်ရာဖြစ်သော အကြောင်းတို့ကြောင့်သာလျှင် ဖြစ်ပေါ်ကြကုန်၏၊ သတ္တဝါတို့၏ ဦးခေါင်းမှာ ဖြစ်နေသည့်အတွက် သတ္တဝါတို့၏ အလိုဆန္ဒကြောင့် ဖြစ်ပေါ်လာကြသည်-ဟူ၍ မဆိုရချေ၊ သတ္တဝါတို့နှင့် မည်သို့မျှ မသက်ဆိုင်ကြကုန်၊ ထိုဓာတ်ရှစ်ပါးတို့သည် မိမိတို့၏ သဘောကိစ္စကိုသာ ဆောင်ရွက်လုပ်ကိုင်ကြကုန်၏၊ မည်သူ၏ ကိစ္စကိုမျှ မဆောင်ရွက်ကြကုန်၊ ထိုဓာတ်ရှစ်ပါးတို့မှာ ကိစ္စအသီးအသီး, အလုပ်အသီးအသီး ရှိကြကုန်၏၊ မိမိတို့ဆိုင်ရာ အလုပ်ကိစ္စများကိုသာ လုပ်ဆောင်ကြကုန်သည်။

၁။ ပထဝီသည် ခက်မာခြင်း, နူးညံ့ခြင်း အလုပ်ကို လုပ်ဆောင်၏။

၂။ အာပေါသည် ဖွဲ့စေးခြင်း,ယိုစီးခြင်း အလုပ်ကို လုပ်ဆောင်၏။

၃။ တေဇောသည် ပူခြင်း, အေးခြင်း အလုပ်ကို လုပ်ဆောင်၏။

၄။ ဝါယောသည် လှုပ်ရှားခြင်း, ထောက်ကန်ခြင်း အလုပ်ကို လုပ်ဆောင်၏။

၅။ ဝဏ္ဏသည် မျက်စိမြင်ရန် ဖြစ်သော အဆင်း-ရူပါရုံ အလုပ်ကို လုပ်ဆောင်၏။

၆။ ဂန္ဓသည် နှာခေါင်းနမ်းရန်ဖြစ်သော အနံ့ကိစ္စကို လုပ်ဆောင်၏။

၇။ ရသသည် လျှာလျက်ရန်ဖြစ်သောအရသာကိစ္စကို လုပ်ဆောင်၏။

www.dhammaransi.com



ဂ။ ဩဇာသည် ရုပ်ပွားတိုးခြင်းတည်းဟူသော အာဟာရကိစ္စကို လုပ်ဆောင်၏။

ထိုရှစ်ပါး ပေါင်းစပ်၍နေသော ကလာပ်တခုတွင်သော်လည်း မိမိတို့၏ကိစ္စကိုသာ လုပ်ဆောင်ကြ၏၊ အတူတကွဖြစ်သော ဓာတ်၏ ကိစ္စကို ကူညီသောအားဖြင့် လုပ်ဆောင်၍မပေး။

ဥပမာ–ပထဝီသည် မိမိအလုပ်ကိုသာ လုပ်၏၊ အာပေါ၏ အလုပ်ကို ကူညီ၍ မလုပ်ဆောင်၊ သို့ရာတွင် အချင်းချင်း အားပေးသော အဖော်သဟဲ ကိစ္စကိုမူကား ကျေးဇူးပြုတန်သမျှ ကျေးဇူးပြုပေ၏။

[အဖော်သဟဲကိစ္စဆိုသည်မှာ သဟဇာတပစ္စည်း, အညမညပစ္စည်း, နိဿယပစ္စည်း,အတ္ထိပစ္စည်း,အဝိဂတပစ္စည်းသဘောများကို ဆိုလိုသည်။]

ဆံပင်တခု အတွင်းရှိသော ဓာတ်ရှစ်ပါးတို့သည် ဆိုခဲ့ပြီးသော အတိုင်း မိမိတို့ကိစ္စတို့ကိုသာ ရွက်ဆောင်၍ နေကြကုန်သည်၊ ထိုသို့ ရွက်ဆောင်၍နေကြသော ဓာတ်ရှစ်ပါး အစုအဝေးကိုပင်လျှင် အတ္တဒိဋ္ဌိ တိုက်တွန်းချက်ကြောင့် သတ္တဝါတို့က ငါ့ဆံပင် ဟူသောစွဲလမ်းခြင်းဖြင့် အခိုင်အမြဲ စွဲလမ်း၍နေကြကုန်သည်။

[လောမာ–အမွေးစသော ကောဋ္ဌာသတို့၌လည်း ဤနည်းအတိုင်းဓာတ်တို့၏ သဘောကို သိလေ။]

၁။ ဗဟိဒ္ဓသန္တာန်၌ မြေကြီး, တော, တောင်, သစ်ပင်, ကျောက်ခဲ အစရှိသော ပထဝီလွန်ကဲသည့် အစု။

၂။ သမုဒ္ဒရာ, မြစ်, ချောင်း, ကန်,မြစ်ရေ, ပင်လယ်ရေ- အစရှိသော အာပေါလွန်ကဲသည့်အစု။

၃။ ထင်းမီး, မြက်မီး, ဆီမီး, ဓာတ်မီး, နေ-အစရှိသော တေဇောလွန်ကဲသည့်အစု။

၄။ တောင်လေ, မြောက်လေ, ယပ်လေ,,မှုတ်သောလေ- အစရှိသော ဝါယော လွန်ကဲသည့်အစု။

ဤသို့ဓာတ်လေးပါး လွန်ကဲသော အစု အထည်ဝတ္ထု ဟူသမျှတို့၌ အဋ္ဌကလာပ်ခေါ်သော ဓာတ်ရှစ်ပါးတို့သည် အသီးအသီးပင်ရှိကြစမြဲ ဖြစ်ကုန်၏၊ ထိုဓာတ်ရှစ်ပါးတို့သည်လည်း ဆံပင်၌ ပြဆိုခဲ့သောနည်း အတိုင်းမိမိတို့သဘောကိစ္စကိုသာ ဆောင်ရွက်ကြကုန်သည်၊ မည်သူ၏

www.dhammaransi.com



အလိုဆန္ဒနှင့်မျှ ဖြစ်ပေါ်ကြသည် မဟုတ်၊ မိမိတို့၏ဆိုင်ရာဖြစ်သော အကြောင်းတို့ကြောင့်သာ ဖြစ်ပေါ်ကြကုန်သည်။

ထိုကဲ့သို့ အကြောင်း အားလျော်စွာ ဖြစ်ပေါ်၍ မိမိတို့ကိစ္စများကို ဆောင်ရွက်ကြသောရုပ်ဓာတ်ရှစ်ပါးတို့၏ အပေါင်းအစုတည်းဟူသော သမူဟပညတ်အပေါ်တွင် ပုံသဏ္ဌာန် အမျိုးမျိုး ထင်ရှားစွာ ဖြစ်ပေါ်၍ နေသည်၊ ထိုသဏ္ဌာနပညတ်ကို အစွဲပြု၍ သစ်ပင်ဟူ၍၎င်း, မြေကြီးဟူ၍၎င်း, ကျောက်ခဲဟူ၍၎င်း, ရေဟူ၍၎င်း, သမုဒ္ဒရာဟူ၍၎င်း, နေ-လ-နက္ခတ်တာရာ ဟူ၍၎င်း ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့က စွဲလမ်းချက် အမျိုးမျိုးတို့ဖြင့် အမည်သညာအထွေထွေပေး၍ ထားကြကုန်သည်၊ ထို အထည်ဒြပ်နှင့် သဏ္ဌာနပညတ်တို့၏ အပေါ်မှာ တဏှာဖြင့် သာယာစွဲလမ်းခြင်း အမျိုးမျိုးဖြစ်၍ နေကြကုန်သည်။

**စင်စစ်မှာမူကား။** ။မြေ, ရေ, တော,တောင်-စသည်ဖြင့် သတ္တဝါ အပေါင်းတို့ထင်မြင် စွဲလမ်း၍နေသော အထည်ဝတ္ထု၊ မှန်သမျှသည် ဓာတ်သဘာဝတို့၏ အစုအဝေးသာဖြစ်ကြကုန်သည်၊ သတ္တဝါတို့ထင်ကြသောအတိုင်း ရေ, မြေ, တော,တောင်-စသည်တို့ မဟုတ်ကြလေကုန်၊ ထိုဓာတ်တို့မှာ မည်သို့ဖြစ်ကြမည်ဟူ၍ ဗျာပါရ သဘောမရှိကြကုန်၊ ဗျာပါရမရှိဟုဆိုသည်မှာ "ငါတို့သည် သစ်ပင်ဖြစ်ကြမည်၊ ငါတို့သည် ရေ, မြေ, တော, တောင်ဖြစ်ကြမည်၊ ငါတို့သည် ကျောက်ခဲဖြစ်ကြမည်" ဤသို့စသောအားဖြင့် ဗျာပါရမရှိဟူ၍ဆိုလိုသည်၊ ထိုသို့ဗျာပါရမရှိကြကုန်ဘဲ မိမိတို့ သဘာဝအတိုင်း ဖြစ်ပေါ်၍ နေကြကုန်သော ဓာတ်အစုအဝေးတို့ကိုပင် အတ္တဒိဋ္ဌိအုပ်စိုး၍နေသော သတ္တဝါတို့က ရေ,မြေ,တော,တောင်-စသည်ဖြင့် ထင်ချင်သလိုအထင်အမျိုးမျိုးရောက်၍ ကမောက်ကမဖြစ်နေကြလေသည်။

ဓာတ်သဘောတို့က သူတို့သဘာဝအလျောက် ဖြစ်နေကြသည်ကို သတ္တဝါများတို့က အမည်သညာအမျိုးမျိုးပေးလျက် စွဲလမ်း၍နေကြသည်မှာ လွန်စွာရယ်ဖွယ်ကောင်းလှပေသည်၊ သူ့သဘောအလျောက် ဖြစ်၍နေသော ဓာတ်သဘောအစု ဝတ္ထုဒြပ်တွေကို မိမိတို့နှင့်မဆိုင်ပါဘဲလျက် ငါ့ပိုင်, ငါ့ဟာ, ငါ့ဥစ္စာအနေအားဖြင့် သိမ်းပိုက်၍ထားကြ

www.dhammaransi.com



သည်မှာ လွန်စွာရယ်ဖွယ်ကောင်းလှပေသည်၊ ထိုသို့ အထင်အမြင် အမျိုးမျိုးနှင့် သိမ်းပိုက်ခြင်းအမျိုးမျိုး ဖြစ်၍နေသည်မှာ ကြောင်းရင်းလက်သယ်ကို ရှာသည်ရှိသော် တဏှာ, မာန, ဒိဋ္ဌိ- ဟုဆိုအပ်သော တရားဆိုးကြီးသုံးပါးတို့ကြောင့်ပင်ဖြစ်လေသည်။

ပရမတ်ဓာတ်တို့၏ သဘောရင်းအစစ်ကို အရင်းအမြစ်သို့ထိအောင် မိမိပိုင်ပိုင်ကြီးသိကြပါမူကား မဆိုင်သောဓာတ်သဘာဝအစု ဝတ္ထုဖြိုပ် အမျိုးမျိုးတွေအပေါ်၌ ထင်မြင်ခြင်းအမျိုးမျိုး, စွဲလမ်းခြင်း အမျိုးမျိုးတွေကို အလွန်တရာ မှားလှပါသည်တကား-ဟူ၍ပယ်ရှားနိုင်ကြမည် ဖြစ်သတည်း၊ ထိုသို့ပယ်ရှားနိုင်ကြသောအခါ အတ္တဒိဋ္ဌိကွာ၍ဓာတ်ဉာဏ်ပေါက်ခြင်းနှင့် အနတ္တစခန်းသို့ ဆိုက်ရောက်ခြင်းတည်းဟူသော အကျိုးထူးများကို ခံစားရမည်ဖြစ်ပေသတည်း။

[ဤကား ဓာတု-သဒ္ဒါ၏အနက်သွားနှင့်စပ်လျဥ်း၍ အတ္တစွဲပုံနှင့် အနတ္တစခန်း ဆိုက်ရောက်ပုံကိုပြဆိုသောစကားရပ်ပေတည်း။]

ဓာတု-သဒ္ဒါ၏အနက်သွားကို တနည်းအားဖြင့်ပြဆိုဦးမည်။

ဓာတု-သဒ္ဒါသည် နိဿတ္တအနက်, နိဇ္ဇီဝအနက်တို့၌လည်း ဖြစ်၏၊ သတ္တဝါမဟုတ်, ပုဂ္ဂိုလ်မဟုတ်-ဟူသော သဘောကို နိဿတ္တသဘော ဆိုသည်၊ အသက်မရှိ အရှင်မဟုတ်-ဟူသောသဘောကို နိဇ္ဇီဝသဘော ဆိုသည်။

**နိဿတ္တသဘောကို ထင်ရှားစွာပြဆိုဦးမည်။** ။ပုဂ္ဂိုလ်, သတ္တဝါဟူ၍ ထင်မြင်စွဲလမ်းနေကြသည်မှာ ဤဟာသဘော, ဗျာပါရသဘော နှစ်မျိုးကြောင့်ဖြစ်သည်။

(က) အားထုတ်ခြင်းသဘောကို ''ဤဟာ'' ဟူ၍ခေါ်သည်။

(ခ) ကြောင့်ကြစိုက်ခြင်းသဘောကို ''ဗျာပါရ'' ဟူ၍ခေါ်သည်။

(က) ဤအမှုကို ငါပြုတော့အံ့-ဟူ၍ လက်ဦးအစပြု၍ အားထုတ်မှုကို ''ဤဟာ'' ဟုခေါ်သည်၊ စ၍တည်ထောင်သော ဝီရိယမျိုးပေတည်း။

(ခ) လက်စရှိသော အမှုကိစ္စကို ဆုံးခန်းတိုင် ရောက်အောင် ကြောင့်ကြစိုက်မှုကို ''ဗျာပါရ'' ဟူ၍ခေါ်သည်။

[ဤဟာနှင့် ဗျာပါရသဘောနှစ်ပါး ခြားနားပုံကို အထူးမှတ်သားကြလေ။]

www.dhammaransi.com



ပုဂ္ဂိုလ် သတ္တဝါတို့၌ ထိုအားထုတ်ခြင်းသဘော, ကြောင့်ကြစိုက်ခြင်းသဘော နှစ်ပါးရှိကြ၏၊ ထိုသဘောနှစ်ပါး ရှိနေခြင်းကြောင့် မည်သူသည် မည်သည့်အမှုကိုပြုနေသည်၊ မည်သူသည် မည်သည့်ချမ်းသာကို ခံစားနေသည်၊ ငါသည်သွား၏၊ ငါသည်ထမင်းစား၏၊ ဤသို့စသောအားဖြင့် သတ္တဝါတို့၏ ကြိယာအမှုအရာ အမျိုးမျိုးတွေဖြစ်ပေါ်၍နေကြကုန်သည်၊ဤဟာ သဘောနှင့် ဗျာပါရ သဘောနှစ်ပါး မရှိပါမူကား ထိုသတ္တဝါတို့၏ အမှုအရာကြိယာများဖြစ်ပေါ်၍နေမည်မဟုတ်ချေ။

ငါပြုလုပ်နိုင်သည်-ဟူသော ကာရကသဘော, ငါခံစားနိုင်သည်ဟူသော ဝေဒကသဘောများသည်လည်း ဤဟာနှင့်ဗျာပါရ နှစ်ပါးကိုပင် အစွဲပြု၍ဖြစ်ပေါ်သည်၊ ကာရကသဘော, ဝေဒကသဘောနှစ်ပါးသည် သတ္တဝါဟူ၍ ထင်မြင်စွဲလမ်းကြရန် အထယ်ခံ, အမာခံ, ကြောင်းရင်းခံ သဘောကြီးများဖြစ်ကြကုန်၏။

၁။ အားထုတ်ခြင်း ဤဟာသဘော,
၂။ ကြောင့်ကြစိုက်ခြင်း ဗျာပါရသဘော,
၃။ ငါပြုလုပ်နိုင်သည်-ဟူသောကာရကသဘော,
၄။ ငါခံစားနိုင်သည်-ဟူသောဝေဒကသဘော,

ဤသဘောလေးမျိုးရှိခြင်းကြောင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ- စသောအားဖြင့် အတ္တဒိဋ္ဌိနယ်ကြီးကျယ်ဝန်း၍ နေလေသည်၊ထိုသဘောကြီးလေးပါးမရှိပါမူကား ပုဂ္ဂိုလ်, သတ္တဝါ ဟူ၍ စွဲလမ်းစရာမရှိချေ၊ ဤသဘောကြီးလေးပါးကိုပင် သတ္တဝါသဘော, ပုဂ္ဂိုလ်သဘော-ဟူ၍ ခေါ်ဆိုကြလေသည်။

ပရမတ်ဓာတ် ၁၈-ပါးတို့၌ကား—
၁။ အားထုတ်ခြင်း ဤဟာသဘော,
၂။ ကြောင့်ကြစိုက်ခြင်း ဗျာပါရသဘော,
၃။ ပြုလုပ်နိုင်သည်-ဟူသော ကာရကသဘော,
၄။ ခံစားနိုင်သည်-ဟူသော ဝေဒကသဘော,

ဤသဘောကြီးလေးပါးမရှိချေ၊ ကိုယ်ပိုင်သဘောအသီးသီးတို့သာ ရှိကုန်၏၊ ကိုယ်ပိုင်သဘောဆိုသည်မှာ ပထဝီ၌ ခက်မာခြင်း, နူးညံ့ခြင်း

www.dhammaransi.com



သဘော စသည်များကို ဆိုလိုသည်၊ ထိုသဘောကြီးလေးမျိုးမရှိသော ကြောင့် ပုဂ္ဂိုလ်, သတ္တဝါ သဘောမှဆိတ်၏၊ ကင်း၏၊ ထို့ကြောင့် နိဿတ္တဟူ၍ ဆိုရသည်၊ဓာတ် ၁၈-ပါးတို့သည် ပုဂ္ဂိုလ်သတ္တဝါမဟုတ် ကုန်၊ သဘောသက်သက်တို့သာ ဖြစ်ကြသည်ဟူ၍ ဆိုလို၏။

**မေးမြန်းဖွယ်**

ပရမတ်ဓာတ်မှာ အဘယ့်ကြောင့် ထိုသဘောကြီး လေးပါး မရှိသနည်းဟု မေးလျှင်—

မျက်စိတမှိတ်, လျှပ်တပျက်ခဏမှာပင် ကုဋေပေါင်းများစွာ ဖြစ်ခြင်း, ချုပ်ခြင်း သဘောရှိသောကြောင့် ထိုသဘောကြီး လေးပါးကို မဆောင်ရွက်နိုင်ကုန်၊ ဆောင်ရွက်နိုင်ရန် အချိန် လည်းမရှိ၊ ဆောင်ရွက်နိုင်ရန် အသက်လည်း မရှည်ကြကုန်၊ ထို့ကြောင့် ထိုသဘောကြီးလေးပါးသည် ဓာတ်တို့၌ မရှိဟု ဖြေလေ။

ထိုဓာတ်သည် သန္တတိအစဉ်အားဖြင့် ဖြစ်ပေါ်ကြ၍ သမူဟပညတ်, သဏ္ဌာနပညတ် ပေါ်လာသောအခါ သတ္တဝါဟူ၍ ထင်မြင်ဖွယ်ရာဖြစ် သော သဘောကြီးလေးပါး ပေါ်ပေါက်လာကုန်၏၊ ထိုသဘောကြီး လေးပါး အရိပ်အရောင်ပေါ်လာသည်ကိုပင် အစွဲပြု၍ ပုဂ္ဂိုလ်,သတ္တဝါ ဟူသော အထင်အမြင်တွေ ပေါ်ပေါက်လာကြလေသည်၊ ထိုသဘော ကြီးလေးပါးသည်လည်း စင်စစ်အားဖြင့်ထင်ရှားရှိသည် မဟုတ်ကြကုန်၊ သတ္တဝါတို့၏ ထင်မြင်ချက်မျှသာ ဖြစ်သည်၊ အနန္တ လောကဓာတ်၌ ဓာတ်တို့၏သဘောကိစ္စမှတပါး သတ္တဝါတို့၏သဘောကိစ္စ-ဟူ၍မရှိချေ။

ရေမဟုတ်သော တံလျှပ်ကို ရေအဟုတ်ထင်သကဲ့သို့ အမှန်စင်စစ် အားဖြင့် ထင်ရှားမရှိသည်များကို အရှိကြီးလုပ်ပြီးလျှင် သတ္တဝါတို့၏ သဘောကိစ္စ, သတ္တဝါတို့၏ အမှုအရာ ဗျာပါရပယောဂတွေ-ဟူ၍ ထင် မြင်စွဲလမ်းနေကြလေသည်။

[ဤကား နိဿတ္တသဘောနှင့်စပ်လျဉ်း၍ ပြဆိုအပ်သောစကားရပ်ပေတည်း။]

**နိဇ္ဇီဝသဘောကို ပြဆိုအံ့။** ။အသက်ရှိသည်, အရှင်ဖြစ်သည်-ဟူ၍ ထင်မြင်စွဲလမ်းမှုသည် ဇီဝသဘောမည်၏၊ အရှင်သဘောဆိုသည်မှာ သူတပါးမကူဘဲ မိမိကိုယ်တိုင် လှုပ်နိုင်ခြင်း, ရွေ့နိုင်ခြင်း, တွန့်နိုင်ခြင်း-

www.dhammaransi.com



စသော သဘောများပေတည်း၊ "သွားနိုင်သည်၊ လာနိုင်သည်၊ ရှေ့သို့ တိုးနိုင်သည်၊ နောက်သို့ဆုတ်နိုင်သည်၊ ဆန့်နိုင်သည်၊ ကွေးနိုင်သည်၊ မျက်တောင် ခတ်နိုင်သည်၊ အသက် ရှူနိုင်သည်၊ စကားပြောနိုင်သည်၊ ခေါ်နိုင်သည်၊ ထူးနိုင်သည်" ဤသို့စသောသဘောများသည် ဇီဝသဘော တို့ပေတည်း။

**အချုပ်အားဖြင့်ဆိုသော်**—ကာယဝိညတ်, ဝစီဝိညတ်တို့၏ အမူအရာ များကိုပင် ဇီဝသဘောဟု ခေါ်ရသည်၊ ထိုဝိညတ် နှစ်ပါးရှိခြင်းကြောင့် သတ္တဝါပြီသစ္စာနှင့် အရာဝင်၍ အရှင်သဘော ဖြစ်နေသည်၊ထိုဝိညတ် အမူအရာနှစ်ပါး မရှိပါမူကား အသက်ရှိသည်, အရှင်ဖြစ်သည်- ဟူ၍ပြောဆိုစွဲလမ်းရန် မရှိနိုင်တော့ချေ၊ထိုဝိညတ်နှစ်ပါးသည် အသက် ရှင်သောသတ္တဝါ ဟူ၍ စွဲလမ်းစေရန် လွန်စွာဖန်ဆင်းပုံ ကောင်းလှ ပေသည်။

ပရမတ်ဓာတ် ၁၈-ပါးတို့မှာ ထိုဇီဝအမူအရာတို့ မရှိကြကုန်၊နိဇ္ဇီဝ သဘော သက်သက်တို့သာ ဖြစ်ကြကုန်၏၊ ဇီဝ-အမူအရာ မရှိဟုဆို ခြင်းမှာ လှုပ်ရှားခြင်း,သွားလာခြင်း စသောအမူအရာ မရှိသည်ကိုပင် ဆိုလိုသည်။

**မေးမြန်းဖွယ်**

ဤအရာ၌ စောဒနာရန်ရှိသည်မှာ-လှုပ်ရှားခြင်း အမူအရာ မရှိသောကြောင့် နိဇ္ဇီဝဆိုလျှင် အသညသတ်ပုဂ္ဂိုလ်, နိရောဓ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်ကိုလည်း နိဇ္ဇီဝဟူ၍ ဆိုရတော့ မည်လော၊ ဤသို့စောဒနာရန်ရှိသည်။

**အဖြေကား**—လှုပ်ရှားနေလျှင် အရှင်ဖြစ်သည်ဟူ၍ လောက ၌ အများအပြားစွဲလမ်းကြသည်ကို အကြောင်းပြု၍ လှုပ်ရှား မှုရှိလျှင် ဇီဝသဘော,လှုပ်ရှားမှုမရှိလျှင် နိဇ္ဇီဝသဘောဟု ဆိုခဲ့ ပေသည်၊ ထိုသို့ဆိုခဲ့ခြင်းမှာ ဇီဝသဘော အစစ်ကြီးမဟုတ်သေး ချေ၊စင်စစ် ဇီဝ သဘောမှာမူကား ဥသ္မာခေါ်သော ကိုယ်စောင့် ဓာတ်မီးနှင့်တကွ ကမ္မဇရုပ်များရှိနေသည်ကို အရှင်ဇီဝဟူ၍ဆို သည်၊ ထိုဥသ္မာနှင့် ကမ္မဇရုပ်များ မရှိလျှင် အရှင်ဟူ၍မဆိုနိုင်၊ နိဇ္ဇီဝသဘောသို့ ရောက်လေတော့သည်။

[ဤကား ဇီဝသဘော, နိဇ္ဇီဝသဘောအစစ်ပေတည်း။]

www.dhammaransi.com



ဇီဝသဘော နိဇ္ဇီဝသဘောနှင့်စပ်၍ ပြတ်စွာဘုရားဟောတော်မူအပ်သော ပါဠိတော်ကို ထုတ်၍ပြဦးအံ့။

အာယု ဥသ္မာ စ ဝိညာဏံ၊ယဒါ ကာယံ ဇဟန္တိ မံ။
အပဝိဒ္ဓေါ တဒါ သေတိ၊နိရတ္ထံ ဝ ကလိင်္ဂရံ။ ။

**အနက်ကား။** ။ယဒါ၊ အကြင်အခါ၌။ အာယုစ၊ အသက်ဟု ခေါ်သော ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတ နှစ်ပါးသည်၎င်း။ ဥသ္မာစ၊ကိုယ်စောင့်ဓာတ်မီးသည်၎င်း။ ဝိညာဏံစ၊ ဘဝင်ဝိညာဉ်သည်၎င်း။ ဣမေဓမ္မာ၊ ဤတရား သုံးမျိုးတို့သည်။ ဣမံကာယံ၊ ဤကိုယ်ကောင်ကြီးကို။ ဇဟန္တိ၊ စွန့်ခွါကြလေကုန်၏။ တဒါ၊ ထိုသို့စွန့်ခွါသောအခါ၌။အယံကာယော၊ ဤကိုယ်ကောင်ကြီးသည်။ နိရတ္ထံ၊ အကျိုးမရှိသော။ ဝါ၊ အသုံးမကျသော။ ကလိင်္ဂရံဝ၊ ထင်းတုံးကြီးကဲ့သို့။ အပဝိဒ္ဓေါ၊ အသုံးချစရာမရှိ စွန့်ပစ်အပ်သော သဘောသာရှိသည်ဖြစ်၍။သေတိ၊ သုသာန်သင်းချိုင်း၌ မိုင်းမိုင်းကြီးလဲရလေတော့သတည်း။

ဤပါဠိတော်အလိုအားဖြင့် ရုပ်ဇီဝိတ နာမ်ဇီဝိတနှစ်ပါး, ကမ္မဇကိုယ်စောင့်ဓာတ်မီး, ဘဝင်ဝိညာဉ်၊ ဤတရားများကို "ဇီဝ"ဆိုလို၏၊ ထိုတရားများကင်း၍ သွားလျှင် နိဇ္ဇီဝသဘောသို့ ရောက်လေတော့သည်ဟု ဆိုလို၏၊ အသညသတ် ပုဂ္ဂိုလ်နှင့် နိရောဓသမာပတ် ဝင်စားဆဲဖြစ်သော ပုဂ္ဂိုလ်တို့မှာ ဇီဝိတရုပ်နှင့်, ကမ္မဇဓာတ်မီးများရှိနေသောကြောင့် နိဇ္ဇီဝ-ဟူ၍မဆိုနိုင်ချေ။

[ဤကားစောဒနာချက်၏အဖြေတည်း။]

လောက၌ ဤသူသည် ခုနစ်ရက်အသက်ရှည်၏၊တလအသက်ရှည်၏၊ တနှစ်အသက်ရှည်၏၊ ဆယ်နှစ်အသက်ရှည်၏၊ အနှစ်တရာ အသက်ရှည်၏-ဟူ၍ ခေါ်ဝေါ်သမုတ်အပ်သော ပညတ်စကားရှိ၏။

တိတ္ထိတို့ကြံဆသော ဇီဝ အယူဝါဒ၌—

တံဇီဝံ တံသရီရံ၊ အညံဇီဝံ အညံသရီရံ။

၁။ အသက်သည်ပင်လျှင် သတ္တဝါတို့၏ ကိုယ်ဖြစ်သည်။
၂။ သတ္တဝါတို့၏ကိုယ်သည်ပင်လျှင် အသက်ဖြစ်သည်။
၃။ သတ္တဝါတို့မှာ အသက်တမျိုးကိုယ်တမျိုး-ဟူ၍ယူသော အယူဝါဒလည်းရှိသည်။

www.dhammaransi.com



ထိုသို့ပြောဆိုယူဆသော ဇီဝမျိုးသည် အတ္တနှင့် လုံးလုံးသက်ဆိုင်သော ဇီဝမျိုး ဖြစ်သည်၊ပရမတ္ထသဘောအားဖြင့် ထိုကဲ့သို့သော ဇီဝမျိုးသည် လုံးလုံးမရှိ၊ပရမတ်ဓာတ်တရားတို့သည် အတ္တဒိဋ္ဌိအယူတွင် ပါဝင်သော ဇီဝမျိုးမှ ကင်းစင်ကြကုန်သည်၊ အဘယ့်ကြောင့်နည်း ဆိုသော် အနိစ္စဓမ္မအစစ်တွေဖြစ်၍ ခဏခဏဖြစ်ခြင်း, ခဏခဏပျက်ခြင်းသဘော ရှိကုန်သောကြောင့်တည်း။

လောကီလူများ အပေါင်းတို့သည်ကား မောဟ ဖုံးလွှမ်းခြင်းကို ခံကြရသဖြင့် ထိုပရမတ်ဓာတ်သဘောတို့ကို မသိနိုင်ကြကုန်၊ မသိခြင်းကိုအရင်းပြု၍သာလျှင် ဒိဋ္ဌိအမှောက်အမှားကြီး ဝင်လာလေ၏၊ ထိုဒိဋ္ဌိ၏တိုက်တွန်း အားပေးချက်ကြောင့် ပရမတ်ဓာတ်သို့ထိအောင် ဉာဏ်မစူးနိုင်ဘဲ အပေါ်ယံဖြစ်သော ပညတ်သဏ္ဍာန်တို့၌သာ အသိအမြင်ကျက်စား၍အမှောက်မှောက်အမှားမှားကြုံကြိုက်၍ နေရှာကြကုန်သည်၊ မိမိတို့၏ မှောက်မှားမှုကြောင့် ပင်လျှင် သံသရာတွင်းမှာ အစဉ်သဖြင့် ရှည်မြင့်စွာ နစ်မျော၍ နေကြရလေကုန်သတည်း။

[ဤကား ဇီဝ, နိဇ္ဇီဝနှင့်စပ်၍ ပြဆိုအပ်သောစကားရပ်ပေတည်း။]

ဓာတု—သဒ္ဒါ၏အနက်ကိုပြဆိုချက်ပြီး၏။

ဓာတုယမိုက် ပဏ္ဏတ္တိဝါရ၌ ဓာတ်တဆဲ့ရှစ်ပါးကို ဟောကြားတော်မူသည်။

ဓာတ် ၁၈-ပါးသရုပ်ကား—

(၁) စက္ခုဓာတ်, (၂) သောတဓာတ်, (၃)ဃာနဓာတ်, (၄) ဇိဝှါဓာတ်, (၅) ကာယဓာတ်, (၆) ရူပဓာတ်, (၇) သဒ္ဒဓာတ်။ (၈)ဂန္ဓဓာတ်, (၉) ရသဓာတ်, (၁၀)ဖောဋ္ဌဗ္ဗဓာတ်, (၁၁) စက္ခုဝိညာဏဓာတ်, (၁၂) သောတဝိညာဏဓာတ်, (၁၃) ဃာနဝိညာဏဓာတ်, (၁၄) ဇိဝှါဝိညာဏဓာတ်, (၁၅) ကာယဝိညာဏဓာတ် (၁၆) မနောဓာတ်, (၁၇)မနောဝိညာဏဓာတ်, (၁၈)ဓမ္မဓာတ်၊

[ဤကား ဓာတ် ၁၈-ပါးသရုပ်တည်း။]

ထိုဓာတ် ၁၈-ပါးတို့တွင်—

၁။ စက္ခုဓာတ်အစ ဖောဋ္ဌဗ္ဗအဆုံးရှိသောဓာတ် ၁၀-ပါးသည် နာမ်နှင့်မရောသော ရုပ်ဓာတ်သက်သက်ဖြစ်၏။

www.dhammaransi.com



၂။ စက္ခုဝိညာဏဓာတ်အစ, မနောဝိညာဏဓာတ် အဆုံးရှိသော ဓာတ် ၇-ပါးသည် ရုပ်နှင့် မရောသော နာမ်ဓာတ်သက်သက် ဖြစ်၏။

၃။ ဓမ္မဓာတ်သည်ကား ရုပ်,နာမ်နှစ်ပါးရောနှောလျက်ရှိ၏။

ရုပ်ဓာတ် ၁၀-ပါး၊ နာမ်ဓာတ် ၇-ပါး၊ ရုပ်, နာမ်နှစ်ပါး ရောသောဓာတ်တပါး၊ ပေါင်းလျှင် ဓာတ် ၁၈-ပါးဖြစ်၏။

ဤလောက၌ သက်ရှိ, သက်မဲ့ဖြစ်သော ဝတ္ထုတို့၌ အဖိုသဘော, အမသဘော ရှိသကဲ့သို့ ကိုယ့်ရမတ်ဓာတ်တို့၌လည်း အဖိုသဘော,အမ သဘောရှိသည်ဟူ၍ ကြိုစည်လျှင် ကြိုစည်သင့်ပါ၏။

ဓာတ်ဖို, ဓာတ်မခွဲလျှင်–

၁။ စက္ခုဓာတ် အစ, ကာယဓာတ် အဆုံးရှိသော ရုပ်ဓာတ်၅-ပါး သည်ဓာတ်မသဘောရှိ၏။

၂။ ရူပဓာတ်အစ ဖောဋ္ဌဗ္ဗဓာတ်အဆုံးရှိသော ရုပ်ဓာတ်၅-ပါး သည် ဓာတ်ဖိုသဘောရှိ၏။

အဘယ့်ကြောင့် အမဓာတ်, အဖိုဓာတ်-ဟူ၍ ဆိုသနည်းဟု မေးရန်ရှိပေသည်။

အထိအခိုက်ကို ခံသောသဘော, မွေးဖွားသော သဘော ရှိသောကြောင့် အမဓာတ်ဆိုသည်၊ထိခိုက်သောသဘော,မျိုးပေး သော သဘောရှိသောကြောင့် အဖိုဓာတ်ဆိုသည်၊ ထိုဓာတ်ဖို, ဓာတ်မ ထိခိုက်ကြ၍မွေးဖွားလာသော ဓာတ်များကို သားဓာတ် ဟူ၍ ဆိုရသည်၊ ထိုသားဓာတ်များကား စက္ခုဝိညာဏ ဓာတ် အစ ကာယဝိညာဏဓာတ် အဆုံးရှိသော ဝိညာဏဓာတ်၅ပါး ပါးတို့ပေတည်း။

**ထိုစကားကို ထင်ရှားစေဦးအံ့။**

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊

စက္ခုဉ္စ၊ ဓာတ်မသဘောရှိသော စက္ခုကိုရင်း။ ရူပေစ၊ ဓာတ်ဖိုသ ဘောရှိသော ရူပါရုံကိုရင်း။ ပဋိစ္စ၊ အစွဲပြု၍၊ စက္ခုဝိညာဏံ၊ သားသ ဖွယ်ဖြစ်သော စက္ခုဝိညာဏဓာတ်သည်။ ဉပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။

www.dhammaransi.com



ဤသို့စသည်ဖြင့် ခေတ်ဖို, ခေတ်မနှင့် ခေတ်သားတို့ဖြစ်ပုံသဘောကို ဟောတော်မူသော ပါဠိတော်များ ထင်ရှားရှိလေသည်၊ ရူပါရုံတည်းဟူသော ခေတ်ဖိုသည် စက္ခုတည်းဟူသောခေတ်မ၌ ထိခိုက်လာသည်၊ ထိုခေတ်ဖို, ခေတ်မအစုံ ထိခိုက်သောအခါ စက္ခုဝိညာဉ်ခေတ်ပေါက်ဖွားလာသည်၊ ထိုစက္ခုဝိညာဉ်ကား စက္ခုနှင့်ရူပါရုံတို့၏ သားတည်း၊ ထိုစက္ခုဝိညာဉ် ဖြစ်ပေါ်သည်ကို အစွဲပြု၍ ဖဿ, ဝေဒနာ, တဏှာတို့အဆက်ဆက် ဖြစ်ပေါ်ကြပြန်သည်၊ ထိုတရားတို့သည်ကား စက္ခုနှင့်ရူပါရုံတို့၏ မြေး, မြစ်, တီ,တွတ်တို့ဖြစ်ကြကုန်သည်။

ထိုစက္ခုဒွါရဝီထိ သဘောအားဖြင့် ဆင်ခြင်စဉ်းစားလိုက်သည်ရှိသော် ထိုဝီထိတွင် ပါဝင်ဖြစ်ပွားသောတရားတို့သည် စက္ခုနှင့်ရူပါရုံတို့၏ သား, မြေး, မြစ်, တီ, တွတ်- စသည်တို့ဖြစ်ကြလေကုန်၏၊ စက္ခုဒွါရ ဝီထိ၏နောက်လိုက်ဖြစ်သော မနောဒွါရဝီထိများသည်လည်း စက္ခုနှင့် ရူပါရုံတို့၏ ဆွေ ၇-ဆက်, မျိုး၇-ဆက်တို့ပင် ဖြစ်ကြကုန်သည်၊ ထိုဝီထိ၌ ကုသိုလ်ဇောဖြစ်စေ, အကုသိုလ်ဇောဖြစ်စေ ဇောအမျိုးမျိုး ဖြစ်ပေါ်လာကြကုန်သည်၊ ထိုဇောတို့၌ ပါရှိသောစေတနာတို့သည် ကံအဖြစ်သို့ရောက်၍ နောင်သံသရာ၌ အနာဂတ်ဘဝများကို ထူထောင်ကြလေကုန်၏၊ ထိုဘဝများသည်လည်း မူလ မိခင်,ဘခင်ဖြစ်ကြကုန်သော စက္ခုနှင့်ရူပါရုံတို့၏ဆွေမျိုးစဉ်ဆက်သာ ဖြစ်ကြကုန်သည်၊မကင်းနိုင်ကြကုန်။

ဤသို့စသည်ဖြင့် စက္ခုနှင့်ရူပါရုံဟုဆိုအပ်သော ခေတ်မ, ခေတ်ဖိုတို့၏ ပေါင်းဖက်ဆက်လက်ဖြစ်ပွားပုံများကို အသိဉာဏ်သဘောပေါက်တိုင်း ဆင်ခြင်၍သိမြင်ကြလေကုန်၊ သောတနှင့်သဒ္ဒစသော ခေတ်မခေတ်ဖို အစုံအစုံတို့၏ ပေါင်းသင်းဆက်ဆံထိခိုက်မှုကြောင့် သား,မြေး, မြစ်,တီ,တွတ်—အစရှိသော ဆွေမျိုးအစဉ်အဆက်များကိုလည်း ဉာဏ်သွားတိုင်း ကြံစည်ဆင်ခြင်ကြလေကုန်။

[ဤစကားရပ်မှာရပ်ခေတ်၏အဖိုအမသဘောကိုပြဆိုသောစကားဖြစ်သည်။]

**နာမ်ခေတ်တို့၌**—မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

www.dhammaransi.com



မနဉ္စ၊ မနောဒွါရ ဟုဆိုအပ်သော ဘဝင်အကြည်ကိုလည်းကောင်း၊ ဓမ္မေ စ၊ ဓမ္မာရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ၊ အစွဲပြု၍၊ မနောဝိညာဏံ၊ မနောဝိညာဉ် သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ဤပါဠိတော်ကား-နာမ်ဓာတ်၏** ဓာတ်ဖို,ဓာတ်မ သဘောကို ဟော တော်မူသော ပါဠိတော်ဖြစ်သည်၊ ဘဝင်အကြည်သည် ဓာတ်မ သဘောရှိ၏၊ ဓမ္မာရုံသည် ဓာတ်ဖိုသဘောရှိ၏၊ မနောဝိညာဉ်သည် သားဖြစ်၏၊ ထိုမနောဝိညာဉ်ကို အစွဲပြု၍ ဖဿ, ဝေဒနာ, တဏှာ စသောတရားတို့ဖြစ်ပေါ်လာကြကုန်သည်၊ ထိုတရားတို့သည် မြေး,မြစ်, တီ,တွတ်တို့ဖြစ်ကြကုန်၏။

မနောဒွါရဝီထိဖြင့် ဆင်ခြင်သောအခါ ထိုဝီထိ၌ ပါရှိသမျှသော စိတ်အစဉ်တို့သည် မနောအကြည်နှင့်ဓမ္မာရုံတို့မှ ဆင်းသက်သော ဆွေ ၇- ဆက်,မျိုး ၇- ဆက်တို့ပင်ဖြစ်ကြကုန်သည်၊ ထိုမနောဒွါရဝီထိ၌ ကုသိုလ်ဖြစ်စေ, အကုသိုလ်ဖြစ်စေ၊ ဇောစိတ်တို့သည် ဖြစ်ပေါ်ကြကုန် ၏၊ ထိုဇောစိတ်တို့၌ စေတနာပါရှိ၏၊ ထိုကံသည် အနာဂတ်သံသရာ တခွင်၌ ဘဝများကိုတူထောင်၍ပေးလေ၏၊ထိုဘဝများသည် မူလမိဘ ဘခင်ဖြစ်ကြကုန်သော မနောအကြည်နှင့် ဓမ္မာရုံတို့၏ ဆွေဆက်,မျိုး ဆက်တို့သာဖြစ်ကြကုန်သည်။

ဤသို့ဓာတုယမိုက်သဘောကို ဆင်ခြင် စဉ်းစားဖို့ကိုသည်ရှိသော် အနမတဂ္ဂ ဘဝတခွင် သံသရာအပြင်၌ အစဉ်အကိုင်း ကာလသုံးပါး တည်းဟူသော ခေတ်ကြီးအတွင်း၌ မနေမနား ဖြစ်ပွား၍နေကြကုန် သော ဘုံဘဝဟူသမျှတို့သည် ဓာတ်ဖို, ဓာတ်မအစုံအစုံတို့၏ ပေါင်း သင်းဆက်ဆံမှုကိုအရင်းခံပြု၍ အစမဆုံးနိုင်အောင် ဖြစ်ပေါ်ဆက်လက် ၍နေကြကုန်သည် တကားဟူ၍ ဉာဏ်သွားပေါ်ပေါက်လာမည် ဖြစ်ချေ သည်။

ထိုစကားမှန်၏၊ စက္ခုဓာတ်အစရှိကုန်သော ဓာတ်မ ခြောက်ဦးတို့ သည် ရူပါရုံအစရှိသော ဓာတ်ဖိုခြောက်ဦးတို့နှင့် ဆိုင်ရာဆိုင်ရာ အ ချင်းချင်းပေါင်းသင်းကြခြင်းကြောင့် စက္ခုဝိညာဏ ဓာတ်အစရှိသော သားဓာတ်, သမီးဓာတ်တို့ဖြစ်ပေါ်၍ နေကြကုန်သည်၊ ထိုသို့အမဓာတ်,

www.dhammaransi.com



အဖိုဓာတ်, သားသွီးဓာတ်တို့၏ ဖြစ်ပေါ်မှုကို အရင်းခံပြုပြီးလျှင် ဖဿ, ဝေဒနာ, တဏှာ,ဥပါဒါန်-စသော ဆွေ ၇-ဆက်,မျိုး ၇-ဆက်တို့သည် အကြောင်း မကင်းသော သဘောဖြင့် ဖြစ်ပွား၍ နေကြကုန်သည်၊ထိုသို့ ဖြစ်ပွားရာတွင် ဥပါဒါနပစ္စယာဘဝေါ ဆိုသောအတိုင်း ကမ္မဘဝ,ဥပပတ္တိဘဝများလည်း ဖြစ်ပေါ်ကြပြန်၏၊ ဘဝဖြစ်ပေါ်မှုကြောင့် ဇာတိ, ဇရာ,မရဏ-စသော တရားတို့သည်လည်း မကင်းနိုင်ဘဲ အမြဲဖြစ်ပေါ်ကုန်တော့သည်၊ ဤသို့ဖြစ်ပေါ်၍နေသည်ကိုပင် သံသရာအစဉ်ကြီး ဟူ၍ ခေါ်ဆိုရချေသည်။

**သံသရာကြီးဆိုသည်မှာ**–အခြားမဟုတ်၊ ရုပ်,နာမ် တို့၏ အမြစ်မပြတ်နိုင်ဘဲ အစဉ်တစိုက် ဖြစ်နေမှုသဘောကြီးကိုပင်လျှင် သံသရာ-ဟူ၍ဆိုရလေသည်။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။ ။

**အနက်ကား။** ။ခန္ဓာနံ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ပဋိပါဋိစ၊ အမြစ်မပြတ်နိုင်ဘဲ တစပ်ထဲ စပ်၍ ဖြစ်နေသော အစဉ် ကြီးကိုငှ်း။ ဓာတုအာယတနာနံ၊ဓာတ်တရား,အာယတနတရားတို့၏။အဗ္ဗောစ္ဆိန္နံ၊ အမြစ်မပြတ်နိုင်ဘဲ အထပ်တလဲလဲ။ ဝတ္တမာနာစ၊ ဆက်သွယ်၍ ဖြစ်ပွားနေမှုကြီးကိုငှ်း။ သံသာရောတိ၊ အနမတဂ္ဂဘဝတခွင် သံသရာ ခရီးစဉ်ကြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[အဋ္ဌကထာဆရာကြီးတို့ ကိုးကားသော ဂါထာ။]

ဤသို့ဓာတ်ဖို,ဓာတ်မသဘောကိုအကြောင်းပြု၍ သံသရာကြီးဖြစ်ပုံ, ဆွေမျိုး အစဉ် အဆက် ဆက်သွယ်ပုံများကို ပြဆိုခြင်းမှာ မိမိဉာဏ် သဘောမျှနှင့်သာ ပြဆိုရခြင်းမဟုတ်ပေ၊ နည်းပြသောအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သဠာယတနသံယုတ်ပါဠိတော်ကြီး စသည်များကို အကိုးအကားပြု၍ပြဆိုအပ်သော စကားရပ်ဖြစ်ပေသည်။

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊တဏှာ

www.dhammaransi.com



ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ။

[ဤကား အကိုးအကားဖြစ်သော ပါဠိတော်ကြီးပေတည်း။]

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ—စသည်ဖြင့် ဓာတ်ဖို, ဓာတ်မ, ဓာတ်သား, ဓာတ်သွေးတို့ ဆက်သွယ် ဖြစ်ပွားပုံတွေကို ဟောသောပါဠိတော်ကြီးတို့သည် များစွာပင်ရှိကုန်၏၊ ပြည့်စုံစွာ ဖော်ပြနေလျှင် လွန်စွာ ကျယ်ဝန်းတော့မည်။

[ဤကားဓာတုယမိုက်၌ ဓာတု-သဒ္ဒါ၏ အနက်သဘောကို အကြောင်းပြု၍ ဓာတ်ဖိုသဘော, ဓာတ်မသဘောကို အမွက်မျှပြဆိုအပ်သော စကားရပ်ပေတည်း။]

အာယတနယမိုက်၌ သဒ္ဒါယတနကို ပဏ္ဏတ္တိဝါရ၌သာ ဟောတော်မူ၍ ပဝတ္တိမဟာဝါရ၌ ဟောတော်မမူအပ်သကဲ့သို့ ဤဓာတုယမိုက်၌လည်း သဒ္ဒဓာတ်ကို ပဏ္ဏတ္တိဝါရ၌သာဟောတော်မူ၍ ပဝတ္တိမဟာဝါရ၌ ဟောတော်မမူချေ၊ အကြောင်းကို အာယတန ယမိုက်ခဏ်း၌ ပြဆိုခဲ့ပြီ။

ဤဓာတုယမိုက်၌ ပဉ္စဝိညာဏဓာတ် ၅-ပါးနှင့် မနောဓာတ်များကို ပဏ္ဏတ္တိဝါရ၌သာ ဟောတော်မူချေသည်၊ ပဝတ္တိမဟာဝါရ၌ ဟောတော်မမူချေ၊ အဘယ့်ကြောင့်နည်းဆိုသော် ထိုဓာတ် ခြောက်ပါးတို့သည်၊ ပဋိသန္ဓေအခိုက်, စုတိအခိုက်၌ မဖြစ်ပေါ်ကြကုန်သောကြောင့်တည်း။

[ခန္ဓယမိုက်, အာယတနယမိုက်, ဓာတုယမိုက်၊ ဤယမိုက် သုံးကျမ်းသည် ပဋိသန္ဓေအခိုက်, စုတိအခိုက်များကိုသာရည်၍ ဟောတော်မူအပ်သော ယမိုက်များဖြစ်ပေသည်၊ ပဝတ္တိကာလကိုရည်၍ ဟောတော်မူအပ်သော ယမိုက်များမဟုတ်ကုန်၊ ဤယမိုက် သုံးကျမ်းတို့၌ ပဋိသန္ဓေအခိုက်, စုတိအခိုက်များကို ကောက်ယူရသည်၊ ပဝတ္တိကာလကို ကောက်ယူရသည်မဟုတ်၊ အာယတနယမိုက်နှင့် ဓာတုယမိုက်သည် ဟောနည်း, ကောက်နည်း တူ၏။ အာယတနယမိုက်ကို နားလည်လျှင် ဓာတုယမိုက်ကိုလည်း နားလည်ပြီးဖြစ်တော့သည်။]

ဓာတုယမိုက်အဓိပ္ပါယ်ချုပ် ပြီး၏။

www.dhammaransi.com



## ၅-သစ္စယမိုက်အဓိပ္ပါယ်ချုပ်

သစ္စယမိုက် ပဏ္ဏတ္တိဝါရ နိဒ္ဒေသ၌—

ဒုက္ခသစ္စံ ဒုက္ခန္တိ၊ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ဌပေတွာ အဝသေသံ ဒုက္ခသစ္စံ၊ န ဒုက္ခံ။

ဒုက္ခသစ္စာသည် ဒုက္ခမည်သလော၊ ကာယိယဒုက္ခ, စေတသိကဒုက္ခ နှစ်ပါးကိုချန်ထား၍ ကြွင်းသော တရားအပေါင်းသည် ဒုက္ခသစ္စာ မည်၏၊ ဒုက္ခမမည်၊ ကာယိကဒုက္ခနှင့် စေတသိကဒုက္ခ နှစ်ပါးသည် ဒုက္ခသစ္စာလည်းမည်၏၊ ဒုက္ခလည်းမည်၏။

ဤပါဠိတော်၌—

၁။ ကာယိကဒုက္ခဆိုသည်မှာ အကုသလဝိပါက် ကာယဝိညာဉ်၌ ပါရှိသော ဒုက္ခကိုဆိုသည်။

၂။ စေတသိကဒုက္ခဆိုသည်မှာ ဒေါသမူစိတ်၌ ရှိသော ဒေါမနဿ ဝေဒနာကို ဆိုသည်။

ဤကာယိကဒုက္ခနှင့် စေတသိကဒုက္ခနှစ်ပါးကိုချန်ထား၍ တဏှာမှ တပါးသော အလုံးစုံသော တေဘူမက တရားစုသည် ဒုက္ခသစ္စာသာ မည်သည်၊ ဒုက္ခမမည်ဟု ဆိုလိုသည်၊ တဏှာကို သမုဒယ သစ္စာတရား ကိုယ်ဖြစ်၍ ကြဉ်ရသည်။

### မေးမြန်းဖွယ်

**အမေး။** ။ထိုတေဘူမကတရားတို့ကို ဒုက္ခမဟုတ်လျှင် အဘယ့်ကြောင့် ဒုက္ခသစ္စာဆိုရပါသနည်း။

**အဖြေကိုဆိုအံ့။** ။ကာယိကဒုက္ခ, စေတသိကဒုက္ခ ဟူသောပုဒ်၌ပါရှိသော''ဒုက္ခ''သဒ္ဒါသည် သာယာခြင်းလက္ခဏာမရှိသော အနုဘဝန ဒုက္ခ၌ဖြစ်သည်၊ ဒုက္ခသစ္စံဟူသောပုဒ်, အနိစ္စ ဒုက္ခ အနတ္တ ဟူသော ပုဒ်တို့၌ပါရှိသော ''ဒုက္ခ''သဒ္ဒါသည် မငြိမ်းချမ်းခြင်း, ဘေးမကင်းခြင်း, ဘေးနှင့်တကွ ဖြစ်ခြင်း-ဟူသော အနက်တို့၌ ဖြစ်၏၊ ကာယိက ဒုက္ခ, စေတသိကဒုက္ခ တို့၌ ပါရှိသော ဒုက္ခမျိုးသည် ခံစားမှုသဘော အားဖြင့် မသက်သာသော ဒုက္ခမျိုးဆိုလို၏၊ ဒုက္ခသစ္စာ, အနိစ္စ, ဒုက္ခ,

www.dhammaransi.com



အနုတ္တတို့၌ ပါရှိသော ဒုက္ခမျိုးသည် ခံစားဆဲအခိုက်၌ သက်သာစေကာမူ မငြိမ်းချမ်း, ဘေးမကင်းသော ဒုက္ခမျိုးဖြစ်သည်ဟု ဆိုလိုသည်။

**ထင်ရှားစေဦးအံ့။** ။သုခဝေဒနာသည် မျက်မှောက်လောက၌ ခံစားဆဲအခါ ဆင်းရဲသည် ဒုက္ခရောက်သည်မမည်၊ ချမ်းသာသည်ဟူ၍သာလျှင်ဆိုအပ်ပေသည်၊ သို့သော်လည်း မငြိမ်းချမ်းခြင်းသဘော, ဘေးမကင်းသော သဘောတွေ ဝန်းဝိုင်းလျက် ရှိပြန်သောကြောင့် ထိုသုခဝေဒနာကို ဒုက္ခဟူ၍ပင် ဆိုရပြန်လေ၏။

**ဥပမာဖြင့်ထင်စွာပြဦးအံ့။** ။နာတာရှည်ရောဂါ စွဲကပ်၍ နေသော သူနာတယောက်သည် ရှိ၏၊ ထိုသူနာသည် အညှော်အစေးကင်း၍ ကြမ်းတန်းသော အစာအာဟာရများကိုသာ စားသောက်မျှတ၍ နေရရှာ၏၊ အစေးအညှော်ရှိ၍ အရသာနှင့်ပြည့်စုံသော တက်စာများကို မူကား မစားဝံ့ချေ၊ အကယ်၍ စားလျှင် ရောဂါတိုးတက်၍ အသက်သော်လည်း သေရာ၏၊ မသေသော်လည်းမလှတမ,သေလုနီးပါးသော ဘေးဒုက္ခကြီးနှင့် တွေ့ကြုံလေရာ၏၊ ထို့ကြောင့် ကောင်းမွန်သော အစာအာဟာရများကိုမစားဝံ့ဘဲ အမြဲရှောင်ကြဉ်၍နေရရှာ၏။

မိတ်ဆွေတယောက်သည် ထိုသူနာကို သနားသဖြင့်၎င်း, ဒုက္ခိတပုဂ္ဂိုလ်တို့ကို ကျွေးမွေးရသည်မှာ များစွာ ကုသိုလ်တိုးပွားသည် ဟူသောတရားကို နှလုံးထား၍သော်၎င်း အလွန်ကောင်းမွန်သော အစာဘောဇဉ်တို့ကို ကြော်လှော် ချက်ပြုတ်ပြီးလျှင် ထိုသူနာအား မြိန်ရှက်စွာ စားစေရန် လာရောက် ပို့သ၏။

သူနာသည် ထိုမြိန်မြတ်သော အစာဘောဇဉ်တို့ကို မြင်သောအခါ လွန်စွာစားသောက်လို၏၊ ထိုသို့ပင် စားသောက် လိုပါသော်လည်း မိမိရောဂါနှင့် မသင့်တင့်ကြောင်းကို သိသည်နှင့် မိတ်ဆွေ….ဤမြိန်မြတ်သော ဘောဇဉ်တို့ကို ကျွန်ုပ်ကြောက်လှပါသည်၊ အကယ်၍ ကျွန်ုပ်စားလိုက်ပါလျှင် ရောဂါတိုးတက်၍ အသက်သော်လည်း သေပါလိမ့်မည်၊ မသေသော်လည်း မလှတမ ဒုက္ခကြီးစွာခံရပါလိမ့်မည်၊ သို့ဖြစ်၍ မစားဝံ့ပါ-ဟု ပြောဆိုခါ ထိုအစာဘောဇဉ်တို့ကို ပယ်ရှားလေ၏။

www.dhammaransi.com



ဤမွှန်မြတ်သော အစာဘောဇဉ်တို့ကို အကယ်၍ သူနာက စားပါလျှင် စားနေဆဲအခိုက်မှာ အလွန်မြိန်ရှက်စွာနှင့် ဇိဝှါပသာဒ၌ ဖြစ်သော သုခဝေဒနာတို့ကို အတိုင်းမသိရရှိလေရာ၏၊ စား၍ပြီးသောအခါ၌မူကား ရောဂါတိုးတက်၍ အသက်သေ်ာလည်း ဆုံးရှုံးလေရာ၏၊ မသေပါသော်လည်း သေလုပါးနီး အလွန်ကြီးသော ဒုက္ခဝေဒနာတို့ကို ခံစားရလေရာ၏။

## ဥပမာန-ဥပမေယျစပ်ဟပ်ပြချက်

ဤဥပမာ၌-မြိန်မြတ်သော အစာဘောဇဉ်တို့သည် ခံစားသော အနုဘဝန ကိစ္စအရာ၌ အလွန် နှစ်သက်ဖွယ်တို့သာ ဖြစ်ကြကုန်၏၊ စားသောပုဂ္ဂိုလ်အား သုခဝေဒနာတို့ကို များစွာပေးနိုင်ကြကုန်၏၊သို့ရာတွင် ထိုအစာဘောဇဉ်တို့သည် မငြိမ်းသော သဘော, ဘေးမကင်းသော သဘော, ဘေးကို ဖြစ်စေတတ်သောသဘောများ ရှိနေကြကုန်သောကြောင့် စင်စစ်အားဖြင့်ဒုက္ခတုံး ဒုက္ခခဲကြီးတွေသာအမှန်ဖြစ်ကြကုန်၏။

[စားသုံးခိုက်အခါသုခဝေဒနာကို ပေးမှုနှင့်, စားပြီးသောအခါဒုက္ခဝေဒနာကို ပေးမှုများသည် အလေးချိန်မညီဘဲ သုခဝေဒနာက နည်းပါး၍ ဒုက္ခဝေဒနာတွေကများနေ၏-ဆိုလိုသည်။]

ထိုသို့ဘေးမကင်းသော သဘောများကို မြင်သောကြောင့် ထိုအစာဘောဇဉ်တွေကို ကြောက်လှပါသည်-ဟူ၍ သူနာက မစားဘဲ ငြင်းပယ်လေသတည်း။

ဤနည်းတူစွာ လောကီဘုံဘဝတို့၌ ချမ်းသာသည်-ဟူ၍ သမုတ်အပ်သော သုခဝေဒနာများသည် ခံစားဆဲအခါ ဝေဒနာတိက်သဘောအားဖြင့် သုခမည်ကြကုန်၏၊ သစ္စဒေသနာတော်အလို, ဝိပဿနာဉာဏ်မြင်ပုံအလိုအားဖြင့် ထိုလောကီသုခဝေဒနာများသည် ဘေးမကင်းသောသဘော, ဘေးအန္တရာယ် ဝန်းဝိုင်းလျက် နေသောသဘောအားဖြင့် အလုံးစုံသော ပုထုဇဉ်သတ္တဝါတို့အား စင်စစ်ဒုက္ခပေးသည် မည်ကုန်၏။

၁။ လောကီဘုံသားတို့သည် နာတာရှည်ရောဂါ စွဲကပ်၍နေသော သူနာကြီးတွေနှင့် တူကုန်၏။

www.dhammaransi.com



၂။ သုခဝေဒနာတို့သည် ရောဂါကို တိုးတက် စေတတ်ကုန်သော သွေးတက်စာတို့နှင့် တူကုန်၏။

ပုထုဇဉ်သတ္တဝါ အပေါင်းတို့သည် သုခဝေဒနာတို့ကို မက်မောစွာ လိုက်စား၍ ခံစားသုံးဆောင် နေကြသောကြောင့်သာလျှင် သံသရာ တည်းဟူသော ဆေးရုံကြီးအတွင်း၌ ရောဂါမကင်းနိုင်ကြကုန်ဘဲ အမြဲ ရောဂါသယ်ကြီးတွေဖြစ်၍ နေကြကုန်သည်။

ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ။

ဤသို့သော စွဲလမ်းခြင်းမျိုးဖြင့် ဤလောကီသုခတွေကို ငါ့ဟာဖြစ်သည်, ငါဖြစ်သည်, ငါ့အတ္တဖြစ်သည်-ဟူ၍ တဏှာ, မာန, ဒိဋ္ဌိ တို့ဖြင့် စွဲလမ်း၍ နေကြပါလျှင်လည်း ကိလေသာဘေးကြီး, ဒုစရိုက်ဘေး ကြီး, အပါယ်ဘေးကြီးတို့မှ မလွတ်ကင်းနိုင်ကြကုန်၊ ကိလေသာဘေး ကြီး, ဒုစရိုက်ဘေးကြီး, အပါယ်ဘေးကြီးတွေ ဝန်းဝိုင်းခြင်းကို ခံနေ ကြရသည်မှာလည်း ထိုလောကီ သုခဝေဒနာတွေကို သာယာစွဲလမ်း ခြင်းလျှင် အရင်းရှိကြကုန်သည်-ဟူ၍ မှတ်ရာ၏။

ငါမျှားတံ, ငါးမျှားကြိုး, ငါးမျှားချိတ်တို့နှင့်စပ်၍နေသော အသား တစ်ကို မျိုမိသော ငါးတို့သည် တံငါသည်တို့၏ ရိုက်နှက်သတ်ဖြတ်ခြင်း တည်းဟူသော ဘေးဒုက္ခတို့မှ မလွတ်ကင်း မထွက်မြောက်နိုင်သကဲ့သို့ ဘေးအပေါင်း ဝန်းဝိုင်းလျက်ရှိသော သုခဝေဒနာကို မျို၍နေကြကုန် သော ပုထုဇဉ်သတ္တဝါအပေါင်းတို့သည် ဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ-အစရှိသော ဘေးဒုက္ခအမျိုးမျိုး,အပါယ်ဘေးဒုက္ခ အမျိုးမျိုးတို့မှ ရှောင်ထွက်ခြင်းငှါ မတတ်နိုင်ကြကုန်။

၁။ ပုထုဇဉ် သတ္တဝါတို့သည် ငါးနှင့်တူကုန်၏။

၂။ သုခဝေဒနာသည် ငါးမျှားချိတ်ဖျား၌တပ်၍ထားသောအသား တစ်နှင့်တူ၏။

ထိုအသားတစ်သည် ငါးမျှားတံ,ငါးမျှားကြိုး,ငါးမျှားချိတ်စသော သတ်ရန် ဝတ္ထုပစ္စည်းတွေဝန်းဝိုင်း၍ နေဘိသကဲ့သို့ သုခဝေဒနာသည် လည်း ဘဝ, ဇာတိ အစရှိသော သံသရာ ဘေးဒုက္ခ အမျိုးမျိုးတွေ

www.dhammaransi.com



ဝန်းဝိုင်း၍နေချေသည်၊ ငါးမျှားချိတ်ဖျား၌ တပ်၍ထားသော အသား တစ်ကို တပ်မက်သောငါးသည် သေရသည်တိုင်အောင်သော ဘေးဒုက္ခ များကို နှစ်သက်သည် မည်၏။

ထိုနည်းတူစွာ သုခဝေဒနာကို သာယာတပ်မက်သော သတ္တဝါတို့ သည် ထိုသုခဝေဒနာနှင့် မကင်းသော ဘေးဒုက္ခအမျိုးမျိုးကို နှစ်သက် သည်ပင်မည်ချေသည်။ ။ဤကဲ့သို့သော သဘောမျိုးကိုရည်၍ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်ကြီး၌—

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ဒုက္ခံ အဘိနန္ဒန္တော အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ—

ဟူ၍ ဟောတော်မူသည်။

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ရူပံ၊ ရုပ်တရားအစုကို။ အဘိနန္ဒတိ၊ မလွတ်နိုင်ဘဲ စွဲလမ်းနှစ်သက်၍နေ၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဘေးဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒတိ၊ မလွတ် နိုင်ဘဲ အမြဲ နှစ်သက်၍နေသည်မည်၏။ ဒုက္ခံ၊ ဘေးဒုက္ခအမျိုးမျိုးကို။ အဘိနန္ဒန္တော၊ နှစ်သက်၍နေသည်ရှိသော်။ ဒုက္ခသ္မာ၊ ထိုဘေးဒုက္ခအ မျိုးမျိုးမှ။ အပရိမုတ္တောတိ၊ မလွတ်နိုင်ဘဲ ဒုက္ခကြော့ကွင်းကြီးမိ၍နေ သည်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ မုချကိန်းသေ ဟောတော်မူ ခဲ့ပေသတည်း။

ရုပ်တရားအစုကို နှစ်သက်လျှင် ဘေးဒုက္ခ အမျိုးမျိုးကို နှစ်သက်၍ နေသည်မည်၏၊ ဘေးဒုက္ခတွေကို နှစ်သက်၍နေလျှင် ဘယ်အခါမှ ဘေး ဒုက္ခအပေါင်းမှ မလွတ်နိုင်—ဆိုလိုသည်။

[ဤကား ရူပက္ခန္ဓာကိုရည်၍ ဟောတော်မူသော ပါဠိတော်ကြီးပေတည်း။]

ထိုနည်းတူစွာ ဝေဒနာက္ခန္ဓာစသည်တို့ကိုလည်း ဟောတော်မူသည်၊ ထိုပါဠိတော်ကြီးတို့၏သဘောကို မြန်မာစကားသက်သက်ဖြင့် ပြဆိုပေ အံ့။

www.dhammaransi.com



အိုရဟန်းတို့····ခံစားမှု ဝေဒနာတွေကို သာယာနှစ်သက်၍ နေလျှင် ဘေးဒုက္ခအမျိုးမျိုးတွေကို နှစ်သက်၍နေသည်မည်၏၊ ဘေးဒုက္ခတွေကို နှစ်သက်၍နေလျှင် ဘယ်အခါမှာမှ ဘေးဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောတော်မူသည်။

အိုရဟန်းတို့····မှတ်သားမှု သညာတွေကို သာယာ နှစ်သက်၍နေလျှင်ဘေးဒုက္ခအမျိုးမျိုးတွေကိုနှစ်သက်၍နေသည်မည်၏၊ဘေးဒုက္ခတွေကို နှစ်သက်၍နေလျှင် ဘယ်အခါမှာမှဘေးဒုက္ခ အပေါင်းမှ မလွတ်မြောက်နိုင်-ဟူ၍ ငါဘုရားဟောတော်မူသည်။

အိုရဟန်းတို့····ပြုပြင်မှု သင်္ခါရတွေကို သာယာနှစ်သက်၍ နေလျှင် ဘေးဒုက္ခအမျိုးမျိုးတွေကို နှစ်သက်၍နေသည်မည်၏၊ ဘေးဒုက္ခတွေကို နှစ်သက်၍နေလျှင် ဘယ်အခါမှာမှ ဘေးဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်-ဟူ၍ ငါဘုရားဟောကြားတော်မူသည်။

အိုရဟန်းတို့····သိမှု ဝိညာဉ်တွေကို သာယာနှစ်သက်၍ နေလျှင် ဘေးဒုက္ခအမျိုးမျိုးတွေကို နှစ်သက်၍နေသည်မည်၏၊ ဘေးဒုက္ခတွေကို နှစ်သက်၍နေလျှင် ဘယ်အခါမှာမှ ဘေးဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်-ဟူ၍ ငါဘုရားဟောကြားတော်မူသည်။

**အချုပ်အားဖြင့်ဆိုသော်**–ခန္ဓာငါးပါးတွေကိုသာယာနှစ်သက်၍ နေလျှင် ဘေးဒုက္ခအမျိုးမျိုးတွေကို နှစ်သက်၍ နေသည်မည်၏၊ ဘေးဒုက္ခတွေကို နှစ်သက်၍ နေလျှင် ဘယ်အခါမှာမှ ဘေးဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ဟု ဆိုလိုသည်၊ သစ္စာဉာဏ်မျက်စိ, ဝိပဿနာဉာဏ် မျက်စိတို့ဖြင့် ကြည့်ရှု ဆင်ခြင်လိုက်သောအခါ ဘုံသုံးပါး၌ ရှိရှိသမျှသော ခန္ဓာငါးပါးတို့သည်ချမ်းသာဟူ၍ မြူမျှမငွေ့ဘဲ ဆင်းရဲဒုက္ခ အတိတို့သာလျှင်ဖြစ်ကုန်၏။

ပုထုဇဉ် သတ္တဝါ အပေါင်းတို့သည် ထိုဒုက္ခ ဝန်ထုပ်ကြီးတွေ ကိုပင် မချနိုင်ဘဲ အမြဲထမ်းပိုး၍ နေကြကုန်သည်၊ ထိုဒုက္ခဝန်ထုပ်ကြီးတွေကို မချနိုင်သမျှကာလပတ်လုံး ဘေးဒုက္ခအမျိုးမျိုးတို့ကို ထမ်းပိုးဆောင်ရွက်၍ နေသည်နှင့် တူသောကြောင့် ဒုက္ခမကင်းဘဲ ချမ်းသာခြင်းအစစ်

www.dhammaransi.com



သို့ မရောက်နိုင်ကြကုန်၊ ထိုဒုက္ခဝန်ထုပ်ကြီးတွေကို အဆုံးတိုင် ပစ်ချနိုင်ပါမှ ဘေးဒုက္ခအမျိုးမျိုးကင်းရှင်း၍ ချမ်းသာခြင်း အစစ်သို့ ရောက်နိုင်ကြမည်။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရော ဟိ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။ ။
[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကြီး။]

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပဉ္စက္ခန္ဓာ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဟု ငါးစုငါးရပ် ခန္ဓာခဲတတ်တို့သည်။ ဘာရာ၊အလွန်တရာလေးလန်စွာသော သံသရာ ဝန်ထုပ်ကြီးတို့ မည်ကုန်၏။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်, သတ္တဝါအများသည်။ ဘာရဟာရော၊အားထုတ်ကြိုးပမ်းအမြဲထမ်း၍နေသော သံသရာဝန်ထမ်းသမားကြီးတွေ မည်၏။ လောကေ၊ သံသရာတည်းဟူသော လောကတခွင် ဘုံအပြင်၌။ ဘာရာဒါနံ၊ခန္ဓာဝန်ထုပ်ကို အားထုတ်ကြိုးပမ်း အမြဲထမ်း၍ နေရခြင်းသည်။ ဒုက္ခံ၊ လွတ်ငြိမ်းခွင့်မရဘဲ အစဉ်အမြဲ ဆင်းရဲပင်ပန်း၍နေ၏။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန်အလုံးကို အဆုံးတိုင် ပစ်ချလိုက်ခြင်းသည်။ သုခံ၊ အဆင်းရဲကင်း၍ ချမ်းသာခြင်းအထွတ်အထိပ်ကြီးပေတည်း။

ဤသဘောများကို ထောက်ထားသဖြင့် ကာယိက ဒုက္ခ, စေတသိကဒုက္ခမှတပါး လောဘကြဉ်သော လောကီတရားအလုံးစုံသည် ဒုက္ခသစ္စာမည်၏-ဟူ၍မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပေသတည်း။

ပုထုဇဉ်သတ္တဝါ အပေါင်းတို့သည် သုခဝေဒနာကို တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် စွဲလမ်း၍နေကြကုန်၏၊ တဏှာရှိသောကြောင့်သာလျှင် ထိုစွဲလမ်းမှုကြီးရှိနေသည်၊တဏှာမရှိလျှင်ထိုစွဲလမ်းမှုကြီးမရှိနိုင်၊ထို့ကြောင့် တဏှာသည်သာလျှင်စင်စစ်အားဖြင့်အလုံးစုံသော ဝဋ်ဆင်းရဲအပေါင်းကိုထူထောင်၍ နေသည်ဟုဆိုအပ်၏၊ တဏှာသည်သာလျှင် ဘေးဒုက္ခအမျိုးမျိုးတို့၏ အကြောင်းရင်းကြီး ဖြစ်၏၊ ဒုက္ခ၏ အကြောင်းရင်းအစစ်ကြီးဖြစ်၍ ထိုတဏှာကို သမုဒယသစ္စာဟူ၍ဆိုရလေသည်။

သမုဒယော သမုဒယသစ္စန္တိ၊ သမုဒယသစ္စံ ဥပေတွာ အဝသေသော သမုဒယော၊ န သမုဒယသစ္စံ။ သမုဒယသစ္စံ သမုဒယောစေဝ သမုဒယသစ္စဉ္စ။

www.dhammaransi.com



အကြောင်းသမုဒယမှန်သမျှသည် သမုဒယသစ္စာ မည်သလော၊ တဏှာ သမုဒယကို ချန်ထား၍ ကြွင်းသော အကြောင်း ဟူသမျှသည် သမုဒယသာမည်၏၊ သမုဒယသစ္စာမမည်၊ သမုဒယသစ္စာ မည်သော တဏှာသည် သမုဒယလည်း မည်၏၊ သမုဒယသစ္စာလည်းမည်၏။

ဤပါဠိတော်အရ ဒုက္ခ၏ အကြောင်းရင်းဖြစ်သော တဏှာသည်သာလျှင် သမုဒယသစ္စာမည်သည်၊ တဏှာမှ တပါးသောအကြောင်းများသည် သမုဒယသာမည်၏၊ သစ္စာသဒ္ဒါနှင့် တွဲယှဉ်အပ်သော သမုဒယသစ္စာ မမည်ချေ၊ အရိယသစ္စာ ဒေသနာတော်သည် ဘုံသုံးပါးနှင့်တကွသော အနန္တလောကဓာတ်ကြီးကို အလုံးစုံပေါင်းရုံး၍ ဒုက္ခ,ဒုက္ခ၏အကြောင်း, ဒုက္ခ၏ချုပ်ခြင်း, ဒုက္ခချုပ်ခြင်း၏အကြောင်းဟူ၍ သဘောလေးချက်ဖြင့် သိမ်းကျုံးပြီးလျှင် အချုပ်အားဖြင့်ဟောတော်မူအပ်သောဒေသနာတော်ကြီးဖြစ်သည်၊ အနန္တ လောကဓာတ်ကြီးအတွင်း၌ ရှိရှိသမျှသော သက်ရှိသက်မဲ့ ဝတ္ထုဒြပ်နှင့် နာမ်ဓာတ်ဟူသမျှသည် ဤသစ္စာသဘောကြီးလေးချက်မှမထွက်နိုင်၊ ထိုလေးချက်တွင်းသို့ အမြဲပင်ပါဝင်ရမည်ဖြစ်၏၊ (လေးချက်သေကိန်းကြီး ဟူ၍လည်းဆိုလို၏။)

အလုံးစုံသောတရားဟူသမျှသည် ဤသစ္စာသဘောကြီး လေးချက်တို့တွင် တချက်ချက်၌ပါဝင်၍ သေရမည်အမှန်သာတည်း၊ အနန္တလောကဓာတ်အတွင်းမှာ ရှိရှိသမျှသောတရားတို့ကို ဤသစ္စာသဘောကြီးလေးချက်အတွင်းသို့ ထည့်သွင်း၍စီစစ်လိုက်သောအခါ–

၁။ ဒုက္ခသော်လည်းဖြစ်ရမည်။

၂။ သို့မဟုတ်ဒုက္ခ၏အကြောင်းသော်လည်းဖြစ်ရမည်။

၃။ သို့မဟုတ် ဒုက္ခ၏ချုပ်ငြိမ်းခြင်းသော်လည်းဖြစ်ရမည်။

၄။ သို့မဟုတ် ဒုက္ခ၏ ချုပ်ငြိမ်းခြင်းအကြောင်းသော်လည်း ဖြစ်ရမည်။

ဤသဘောလေးချက်ကို မလွန်မြောက်နိုင်။

(က) အရိယသစ္စာ ဒေသနာသည် အလုံးစုံသော တရားသဘောတို့ကို အချက်ကြီးလေးချက်ဖြင့် အကျဉ်းအကြောင်းဆက်လက်ပုံကို ပြဆိုသောဒေသနာတော်ဖြစ်၏။

www.dhammaransi.com



(ခ) ပဋိစ္စသမုပ္ပါဒ်ဒေသနာ နှင့် ပဋ္ဌာန်းဒေသနာတော်များသည် လည်း အကျိုးအကြောင်းဆက်လက်၍ ပြဆိုသောဒေသနာတော်များပင် ဖြစ်ပေသည်။

(ဂ) ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် အလုံးစုံသောတေဘူမကတရား တို့ကို သဘော ၁၂-ပါးခွဲဝေ၍ အကျိုးအကြောင်း ဆက်လက်ပုံကို ဟောတော်မူသောဒေသနာဖြစ်သည်၊ အင်္ဂါ ၁၂-ပါးကိုမြော်လေ။

(ဃ) ပဋ္ဌာန်းဒေသနာသည် အလုံးစုံသော ပရမတ္ထတရားတို့ကို သဘော ၂၄-ပါးခွဲဝေ၍ အကျိုးအကြောင်းဆက်လက်ပုံကို ဟောတော် မူသောဒေသနာဖြစ်သည်။

အရိယသစ္စာနည်း, ပဋိစ္စသမုပ္ပါဒ်နည်း,ပဋ္ဌာန်းနည်း၊ဤသို့အကျိုး အကြောင်းဆက်လက်သော ဒေသနာနည်းသုံးမျိုးတို့ရှိလေရာ သူ့နည်း နှင့်သူ့အကျိုးအကြောင်း ဆက်လက်ပုံကို ကြံစည်ရာ၏၊ နည်းတမျိုးနှင့် နည်းတမျိုး ရောနှော၍အကျိုးအကြောင်း ဆက်လက်ပုံကို မကြံစည်ရာ၊ အရိယသစ္စာနည်းနှင့် ပဋိစ္စသမုပ္ပါဒ်နည်းကို ရောနှောကြံစည်လျှင် ဉာဏ်ရှုပ်ထွေး၍ ယုံမှားခြင်းသို့ရောက်လေရာ၏။

ဥပမာ—ဝေဒနာနှင့်တဏှာ ဤနှစ်ပါးတို့ရှိကြလေရာ အရိယသစ္စာ နည်းအားဖြင့် တဏှာသည်အကြောင်းဖြစ်၍ ဝေဒနာသည် အကျိုးဖြစ် လေ၏၊ ဝေဒနာပစ္စယာ တဏှာဆိုသော ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အကျိုး အကြောင်းကြံစည်လျှင် ဝေဒနာသည် အကြောင်းဖြစ်၍ တဏှာသည် အကျိုးအဖြစ်သို့ရောက်လေ၏။

ထိုသို့ အကျိုးအကြောင်း ကမောက်ကမ ပြောင်းပြန်ဖြစ်လေရာ လွန်စွာဆန့်ကျင်သကဲ့သို့ ထင်မြင်ရလေသည်၊ သို့ရာတွင် သူ့နည်းနှင့် သူ ကြံစည်သောအခါ ကမောက်ကမ ပြောင်းပြန်မဟုတ်ဘဲ အကျိုး အကြောင်း ဖြောင့်မတ်လျက်ပင်ရှိလေသည်။

အရိယသစ္စာနည်းနှင့် ပဋ္ဌာန်းနည်းရောနှောကြံစည်သဖြင့် အကျိုး အကြောင်းဖောက်ပြန်ပုံအမြွက်မျှပြဆိုဦးအံ့။

www.dhammaransi.com



ရူပံ အဘိနန္ဒတိ။ ။ရူပံ၊ ရူပါရုံကို။ အဘိနန္ဒတိ၊ သာယာနှစ်သက်၏။ ။ဤပါဠိ၌အရ- ရူပါရုံကို သာယာ နှစ်သက်သည်ဆိုရာ၌ ရူပါရုံသည် အာရမ္မဏပစ္စည်း, သာယာသောတဏှာသည် ထိုပစ္စည်း၏ အကျိုးပစ္စယုပ္ပန်ဖြစ်၏။

၁။ ဤပဋ္ဌာန်းနည်းအားဖြင့် ရူပါရုံသည် အကြောင်းဖြစ်၏၊ တဏှာသည် အကျိုးဖြစ်၏။

၂။ အရိယသစ္စာဒေသနာနည်းအားဖြင့် တဏှာသည် သမုဒယသစ္စာဖြစ်၍ အကြောင်းပေတည်း၊ ရူပါရုံသည် ဒုက္ခသစ္စာဖြစ်၍အကျိုးပေတည်း။

ဤသို့ဆန့်ကျင်ဖက်ဖြစ်လေသည်၊ သို့ရာတွင် သူ့နည်းနှင့်သူကြံစည်သောအခါ ဆန့်ကျင်ဖက်ဖြစ်သည်မဟုတ်ချေ၊ ဒေသနာနည်းကို နားမလည်လျှင် ဉာဏ်ရှုပ်ထွေး၍ ယုံမှားဖွယ်ဖြစ်၏၊ ဒေသနာနည်းကို နားလည်လျှင် ဉာဏ်ရှုပ်ထွေးဖို့မရှိ ရှင်းလင်းလျက်ပင်တည်း၊ ဒေသနာနည်းတို့၌ လိမ္မာသောဉာဏ်သည် "နယကောသလ္လဉာဏ်" မည်၏၊ ထိုနယကောသလ္လဉာဏ်ကို ပြည့်စုံစေပြီးလျှင် အလုံးစုံသော တရားတို့၌ နည်းလမ်းမမှားရအောင် ကြံစည်သိမြင်နိုင်ကြရန် အချက်သည် လွန်စွာအရေးကြီးလှ၏။

**ရစနာဂါထာ**

သစ္စဋ္ဌ ပစ္စယာကာရော၊ ပဋ္ဌာနံ တိဝိဓော နယော။
တေသု တီသု အသမ္မူဠ္ဟာ၊ ဘဝေယျုံ နယကောဝိဒါ။ ။

သစ္စဋ္ဌ၊ အရိယသစ္စာ ဒေသနာနည်းရင်း။ ပစ္စယာကာရောစ၊ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းရင်း။ပဋ္ဌာနံစ၊ပဋ္ဌာန်းဒေသနာနည်းရင်း။ဣတိ၊ ဤသို့။ နယော၊ အကျိုးအကြောင်း ဆက်လက်ပုံကို ဟောသော ဒေသနာနည်းသည်။ တိဝိဓော၊ သုံးပါးအပြားရှိ၏။ တေသုတီသု၊ ထိုသုံးပါးသောဒေသနာနည်းနယတို့၌။ အသမ္မူဠ္ဟာ၊ ရှုပ်ရှက်ရော၍ တွေဝေခြင်းသဘော မရှိကြကုန်ဘဲ။ နယကောဝိဒါ၊ နည်းအမျိုးမျိုး၌ လိမ္မာ၍ ပညာဉာဏ်ရှိ ပဏ္ဍိတ်ကဝိန် သူခမိန်တို့သည်။ဘဝေယျုံ၊ဖြစ်ကြကုန်ရာသတည်း။

[ဤကား အကျိုးအကြောင်း ဆက်လက်ပုံနည်းတို့ကို ပြဆိုသောစကားရပ်ပေတည်း။]

www.dhammaransi.com



ဤသစ္စယမိုက်၌—

၁။ တဏှာမှ တပါးသော အလုံးစုံသော တေဘူမကတရားတို့ကို ဒုက္ခသစ္စာအစစ် ဆင်းရဲအစစ်ကြီးတွေဟူ၍ဆိုသည်။

၂။ ထိုဒုက္ခ အစစ်ကြီးတွေကို ထူထောင်၍ ပေးနေသော တဏှာ ခေါတ်တခုကို သမုဒယသစ္စာ အစစ်ကြီးဟူ၍ ဆိုသည်။

အခြားအကြောင်းများကို သမုဒယသစ္စာဟူ၍ မဆို၊ သစ္စာသဒ္ဒါ မထည့်ဘဲ အကြောင်းသာမည ဟူ၍သာဆို၏၊ ကုသိုလ်အကုသိုလ်များ သည် ဝိပါက်စိတ်နှင့် ကမ္မဇရုပ်တို့၏ အကြောင်းဖြစ်၏၊ သို့ပင်ဖြစ်သော် လည်း ကုသိုလ်အကုသိုလ်များကို သမုဒယသစ္စာဟူ၍မဆိုနိုင်။

ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် အကြောင်း သာမည သမုဒယ ဟူ၍သာဆိုနိုင်သည်၊ ထိုကုသိုလ်အကုသိုလ်များသည် ဝိပါက် စိတ်နှင့်ကမ္မဇရုပ်တို့၏ အကြောင်းပင်မှန်သော်လည်းအရိယသစ္စာဒေသ နာနည်းဖြင့် သမုဒယသစ္စာဟူ၍ မဆိုနိုင်။

ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဝဋ်သုံးပါးတို့၏ အကြောင်းရင်းအစစ် ကြီးဖြစ်သော အဝိဇ္ဇာသည်လည်း အရိယသစ္စာဒေသနာသို့ ရောက်လေ သောအခါ အကျိုးဖြစ်သော ဒုက္ခသစ္စာ၌ ပါဝင်ရလေတော့၏၊ ကုသိုလ် အကုသိုလ်တို့သည်လည်း ထိုနည်းတူစွာ ဒုက္ခသစ္စာ၌ပါဝင်ကြရကုန်၏။

၃။ အရိယသစ္စာ၌ တဏှာသည်သာလျှင် သမုဒယသစ္စာအစစ် ဖြစ်သောကြောင့် နိရောဓသစ္စာ၌လည်း ထိုတဏှာ၏ ချုပ်ခြင်းကိုသာ နိရောဓသစ္စာဟူ၍ဆိုအပ်၏၊ ကုသိုလ်အကုသိုလ်တို့၏ ချုပ်ခြင်း,ကိလေ သာတို့၏ချုပ်ခြင်းများကို နိရောဓသစ္စာဟူ၍မဆိုအပ်၊ "ချုပ်ခြင်းသာ မည, နိရောဓသာမည" ဟူ၍သာလျှင် ဆိုအပ်ပေသည်။

ထို့ကြောင့် သစ္စယမိုက်ပါဠိတော်ကြီး၌—

> နိရောဓော နိရောဓသစ္စန္တိ၊ နိရောဓ သစ္စံ ဌပေတွာ အဝသေသော နိရောဓော၊ န နိရောဓသစ္စံ။ နိရောဓသစ္စံ နိရောဓော စေဝ နိရောဓသစ္စဉ္စ။

ဟူ၍ ဟောတော်မူပေသတည်း။

www.dhammaransi.com



ချုပ်ခြင်းနိရောဓဆိုသမျှသည် နိရောဓသစ္စာမည်သလော၊ တဏှာ၏ ချုပ်ခြင်းဟုဆိုအပ်သော နိရောဓသစ္စာကိုချန်ထား၍ ကြွင်းသော ချုပ်ခြင်းများသည် နိရောဓသာမည်၏၊ နိရောဓသစ္စာ မမည်၊ တဏှာ၏ ချုပ်ခြင်းတည်းဟူသော နိရောဓသစ္စာသည် နိရောဓလည်း မည်၏၊ နိရောဓသစ္စာလည်းမည်၏။

**ဆိုဖွယ် အထူး ရှိပြန်သည်ကား**-တဏှာ၏ချုပ်ခြင်းသည် ဥပ္ပန္နနိရောဓ, အနုပ္ပါဒနိရောဓ အားဖြင့် ·နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင်—

၁။ အကြောင်းအားလျော်စွာ တဏှာခတ် ဖြစ်ပေါ်ပြီး၍ ချုပ်သွားခြင်းသည် ဥပ္ပန္နနိရောဓမည်၏။

၂။ တဏှာဖြစ်ရန် အကြောင်းကို ပယ်ရှားထားသဖြင့် တဏှာ မဖြစ်ဘဲနေခြင်းသည် အနုပ္ပါဒနိရောဓမည်၏။

[ဖြစ်ပြီးမှချုပ်သွားခြင်းသည် ဥပ္ပန္နနိရောဓမည်၏၊မဖြစ်ဘဲနေခြင်းသည်အနုပ္ပါဒ နိရောဓမည်၏ ဟု ဆိုလိုသည်။]

အနုပ္ပါဒနိရောဓသည်—

၁။ တဒင်္ဂနိရောဓ,

၂။ ဝိက္ခမ္ဘနနိရောဓ,

၃။ သမုစ္ဆေဒနိရောဓ,

၄။ ပဋိပဿဒ္ဓိ နိရောဓ,

၅။ နိဿရဏ နိရောဓအားဖြင့် ငါးပါးပြားပြန်၏။

ထိုငါးပါးတို့တွင်—

၁။ တခဏ တခေတ္တမျှ မဖြစ်ဘဲနေခြင်းသည် တဒင်္ဂနိရောဓမည်၏၊ ထိုတဒင်္ဂနိရောဓကို မဟာကုသိုလ်စိတ်တို့၌ ရအပ်၏။

၂။ အတန်ကြာစွာ ထားသောအားဖြင့် ချုပ်ခြင်းသည် ဝိက္ခမ္ဘန နိရောဓ မည်၏၊ ထိုနိရောဓကို မဟဂ္ဂုတ်ကုသိုလ်စိတ်တို့၌ ရအပ်၏။

၃။ အကြွင်းမဲ့ ဖြစ်သောအားဖြင့် ချုပ်ခြင်းသည် သမုစ္ဆေဒနိရောဓ မည်၏၊ ထိုနိရောဓကို မဂ်စိတ်တို့၌ ရအပ်၏။

www.dhammaransi.com



၄။ အကြွင်းမဲ့ချုပ်စေပြီး၍ အစဉ်တစိုက် ငြိမ်းစဲသော ချုပ်ခြင်းသည် ပဋိပဿဒ္ဓိနိရောဓမည်၏၊ထိုနိရောဓကို ဖိုလ်စိတ်တို့၌ ရအပ်၏။

၅။ ကျွတ်လွတ်ထွက်မြောက်သောအားဖြင့် ချုပ်ခြင်းသည် နိဿရဏနိရောဓမည်၏၊ ထိုနိရောဓကို နိဗ္ဗာန်၌ ရအပ်၏။

သမုစ္ဆေဒချုပ်ခြင်း,ပဿဒ္ဓိချုပ်ခြင်း-နှစ်ပါးသည် အနမတဂ္ဂ သံသရာတခွင်၌ အစဉ်သဖြင့် ဖြစ်လာသောတဏှာ၏ အဆုံးသတ်ခြင်းသဘောမျှသာဖြစ်သည်၊ တဏှာမှကျွတ်လွတ်ထွက်မြောက်သော နိဿရဏ ချုပ်ခြင်းမျိုးမဟုတ်ချေ၊ တဏှာ၏ အဆုံးသတ်ခြင်း နောက်အဖို့၌ ကောင်းစွာကျွတ်လွတ် ထင်ရှားရှိသော နိဗ္ဗာန်သဘောကြီးကိုသာလျှင် နိဿရဏချုပ်ခြင်းဟူ၍ ဆိုအပ်ပေသည်၊ ဤနိဿရဏချုပ်ခြင်း မျိုးကိုသာ နိရောဓသစ္စာအစစ်ကြီးဟူ၍ သိမှတ်ရာသတည်း။

(ဃ) မဂ္ဂသစ္စာဆိုသည်မှာထိုတဏှာ၏နိဿရဏချုပ်ခြင်းကိုဖြစ်စေတတ်သောအကြောင်းကို မဂ္ဂသစ္စာဟူ၍ဆိုရသည်၊ နိဿရဏချုပ်ခြင်း၏ အကြောင်းသည် မဂ္ဂသစ္စာမည်၏ဟု ဆိုလိုသည်၊ အခြားသော အကြောင်းများကို မဂ္ဂသစ္စာဟူ၍မဆိုနိုင်။

ဤလောက၌ အကြောင်းတို့သည် များစွာရှိကုန်၏၊ မဟာကုသိုလ်ဖြစ်ကြောင်း, ရူပကုသိုလ် ဖြစ်ကြောင်း, အရူပကုသိုလ် ဖြစ်ကြောင်း, ဝိပဿနာဉာဏ်၏အကြောင်း၊ ဤသို့စသော အကြောင်းများပေတည်း၊ ထိုအကြောင်းများကို သစ္စာဒေသနာနည်း၌ မဂ္ဂသစ္စာဟူ၍ မဆိုရချေ၊ မဂ္ဂသာမည အကြောင်းသာမည-ဟူ၍သာဆိုအပ်ပေ၏။

ထို့ကြောင့်ယမိုက်ပါဠိတော်ကြီး၌—

> မဂ္ဂေါ မဂ္ဂသစ္စန္တိ မဂ္ဂသစ္စံ ဌပေတွာ အဝသေသော မဂ္ဂေါ န မဂ္ဂသစ္စံ၊ မဂ္ဂသစ္စံ မဂ္ဂေါစေဝ မဂ္ဂသစ္စဉ္စ။

ဟူ၍ဟောတော်မူသည်။

မဂ္ဂ ဆိုသမျှသည် မဂ္ဂသစ္စာမည်သလော၊ မဂ္ဂသစ္စာကို ချန်ထား၍ ကြွင်းသောအကြောင်းများသည် မဂ္ဂသာမည်၏၊ မဂ္ဂသစ္စာမမည်၊ မဂ္ဂသစ္စာသည် မဂ္ဂလည်းမည်၏၊ မဂ္ဂသစ္စာလည်းမည်၏။

www.dhammaransi.com



**မဂ္ဂသစ္စာတရားကိုယ်များကား။** ။(၁)သမ္မာဒိဋ္ဌိ, (၂)သမ္မာသင်္ကပ္ပ, (၃)သမ္မာဝါစာ, (၄)သမ္မာကမ္မန္တ, (၅)သမ္မာအာဇီဝ, (၆)သမ္မာဝါယာမ,(၇)သမ္မာသတိ,(၈)သမ္မာသမာဓိ၊ဤတရားရှစ်ပါးအပေါင်းတို့ပေတည်း၊ ထိုတရားရှစ်ပါးအပေါင်းကို မဂ္ဂခေါ်သည်၊ ထိုမဂ္ဂတွင်ပါဝင်သော တရားတခုတခုကို မဂ္ဂင်ခေါ်သည်၊ တဏှာချုပ်ခြင်း၏အကြောင်းဖြစ်သောကြောင့် မဂ္ဂမည်သည်။

**ဤအရာ၌စောဒနာဖွယ်ကို ဖော်ပြပေအံ့**

အဝိဇ္ဇာသည် အရိယသစ္စာဒေသနာနည်း၌ ဒုက္ခသစ္စာသို့ပါဝင်ရ၏၊ အဘယ့်ကြောင့် အဝိဇ္ဇာကို ဒုက္ခသစ္စာနယ်တွင်းသို့ သွတ်သွင်း၍ ရေတွက်အပ်ပါသနည်း၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်း၌ ထိုအဝိဇ္ဇာသည်အစလက်မွန်ဖြစ်သော အကြောင်းရင်းကြီးမဟုတ်ပါလော၊ ထိုအဝိဇ္ဇာသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်း၌ တဏှာ၏အကြောင်းပင်ဖြစ်၏၊ အဝိဇ္ဇာဖုံးလွှမ်းမှုကြောင့်ပင်လျှင် တပ်မက်ခြင်း, စွဲလမ်းခြင်းများဖြစ်ပေါ်ရ၏၊ အဝိဇ္ဇာမရှိလျှင် တပ်မက်ခြင်း, စွဲလမ်းခြင်းများမဖြစ်နိုင်၊ အဝိဇ္ဇာသည် အလုံးစုံသောတေဘူမကတရားတို့၏ အကြောင်းရင်းမူလပဘာဝကြီးဖြစ်၏၊ ထိုသို့ဖြစ်လေသောကြောင့် အဝိဇ္ဇာသည်သာလျှင် သမုဒယသစ္စာဖြစ်ထိုက်သည် မဟုတ်ပါလော၊ ဤသို့စောဒနာရန်ရှိပေသည်။

**အဖြေကိုဆိုအံ့။** ။ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်းသို့ ရောက်သောအခါ အဝိဇ္ဇာသည် ပဓာန အကြောင်းရင်းကြီး ဖြစ်၏၊ အရိယသစ္စာဒေသနာနည်းသို့ ရောက်သောအခါ တဏှာသည် ပဓာနအကြောင်းရင်းကြီးဖြစ်၏။

**ဥပမာဖြင့်ထင်ရှားအောင်ပြဆိုဦးအံ့။** ။တယောက်သော သူသည် မြေကွက်တခုကိုသုတ်သင်၍ သစ်ပင်အမျိုးမျိုးနှင့်ပြည့်စုံသော ဥယျာဉ်ကြီးတခုကို စိုက်ပျိုးထူထောင်လေ၏၊ ဥယျာဉ်ကြီးပြုစု၏၊ ထိုဥယျာဉ်ကြီးသည် စည်ကားခြင်းသို့ရောက်လေ၏၊ မူလရင်းကအစပြု၍ ဥယျာဉ်ဖြစ်ထွန်းလာခြင်း၏အကြောင်းကား အဘယ်နည်းဟုမေးလျှင် မြေကြီးကိုပင် ဥယျာဉ်၏အကြောင်းကြီး-ဟူ၍ ပြဆိုရပေလိမ့်မည်။

www.dhammaransi.com



အဘယ်သူသည် ဥယျာဉ်ကိုပြုစုသနည်း၊ ဥယျာဉ်၏အရှင်ကား မည်သူနည်းဟူ၍မေးလျှင်- တည်ထောင်ပြုစုသောသူကိုပင် ညွှန်ပြရပေလိမ့်မည်၊ ထိုသူသည်ပင်လျှင် မြေသုတ်သင်ခြင်း, တွင်းတူးခြင်းမှအစပြု၍ ဥယျာဉ်ကိစ္စကြီးကို 'ပြုလုပ်ဆောင်ရွက်လေ၏၊ ထို့ကြောင့်ဥယျာဉ်ပြုသမားဟူ၍ ဆိုရပေသည်၊ ထိုသူသည်ပင်လျှင် ဥယျာဉ်မှထွက်သောအသီးအနှံတို့ကိုစားသုံး၏၊ ထို့ကြောင့် ဥယျာဉ်၏အရှင်-ဟူ၍ ဆိုရပေသည်။

၌ဥပမာ၌—

၁။ သတ္တဝါတို့၏ဖြစ်စဉ်သည် ဥယျာဉ်နှင့်တူ၏။

၂။ အဝိဇ္ဇာသည်ဥယျာဉ်စိုက်ပျိုးရာဖြစ်သောမြေကွက်နှင့်တူ၏။

၃။ တဏှာသည် ဥယျာဉ်ကို ပြုစုပျိုးထောင်သောသူ ဥယျာဉ်အရှင်နှင့်တူ၏။

မူလရင်းမှအစပြု၍ သတ္တဝါအစဉ် ဖြစ်ခြင်း၏ အကြောင်းအဆက်ဆက်ကို ဟောတော်မူသောအခါ အဝိဇ္ဇာကိုလက်မွန်ထား၍ ဟောတော်မူ၏၊ ထိုဒေသနာသည်ကား ပဋိစ္စသမုပ္ပါဒ်ဒေသနာပင်တည်း၊ ထိုသတ္တဝါအစဉ်ကို အဘယ်တရားပြုပြင်နေသနည်းဟူ၍ စီစစ်သောအခါ တဏှာသည် သတ္တဝါအစဉ်ကိုပြုပြင်နေသည်ဟူ၍ ဟောတော်မူ၏၊ ထိုသို့ ဟောတော်မူသော ဒေသနာသည်ကား အရိယသစ္စာဒေသနာတော်ပင်တည်း။

၁။ ဥယျာဉ်ကြီး ဖြစ်ပေါ်လာခြင်း၏ အကြောင်းအဆက်ဆက်ကို ပြဆိုစီစစ်သောစကားနှင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် တူ၏။

၂။ ဥယျာဉ်ပြုစုသောသူကို ပြဆိုစီစစ်သောစကားနှင့် အရိယသစ္စာဒေသနာတော်တူ၏။

သတ္တဝါအစဉ်ဖြစ်ခြင်း၏ အကြောင်းအဆက်ဆက်ကို ပြဆိုရာတွင် အဝိဇ္ဇာသည် ကြောင်းရင်းမူလပဓာနကြီးဖြစ်၏၊ ထို့ကြောင့် အဝိဇ္ဇာကို ရှေးဦးစွာ ဟောကြားရသည်ဆိုသောစကားရပ်၌ စီစစ်ဖွယ်ရှိသေး၏။

၁။ အဝိဇ္ဇာကို အဘယ့်ကြောင့်ရှေးဦးစွာ ဟောတော်မူပါသနည်း။

www.dhammaransi.com



၂။ ထိုအဝိဇ္ဇာသည် အကြောင်းမရှိဘဲ ဖြစ်လေသလော။

၃။ အဝိဇ္ဇာဖြစ်ခြင်း၏ အကြောင်းတို့လည်း ရှိသေးသည် မဟုတ်ပါလော။

၄။ ထိုအဝိဇ္ဇာ၏အကြောင်းတို့ကိုရှေးဦးစွာဟောသင့်သည် မဟုတ်ပါလော။

ဤသို့ မေးမြန်းစီစစ်ဖွယ် ရှိပေသေးသည်။

အဝိဇ္ဇာ၏ အကြောင်းများ ရှိသည်ကား မှန်ပေ၏၊ ထိုသို့ရှိသည့်အတွက်ကြောင့် အဝိဇ္ဇာ၏အကြောင်းကို ရှေးဦးစွာဟောရမည်ဆိုပါလျှင် ထိုတရား၏ အကြောင်းလည်း ရှိနေပြန်သည်ဖြစ်၍ ထိုအကြောင်းကို ရှေးဦးစွာ ဟောရလိမ့်မည်၊ ဤသို့ အကြောင်း အဆင့်ဆင့်ကိုလိုက်၍ စီစစ်သောအခါ အကြောင်းမဆုံးနိုင်ဘဲ ရှိနေလိမ့်မည်၊ လွန်ခဲ့သော အနမတဂ္ဂ အတိတ်သံသရာဘဝတို့၌ အကြောင်းရှိသမျှတွေကို စစ်လျှောက်နေလျှင် ဘယ်အခါမှ ဆုံးနိုင်တော့မည် မဟုတ်ချေ၊ ထိုသို့ဖြစ်နေသောအခါ အစလက်မွန်ထား၍ ဟောကြားရန် တရားအချက်ကို ရွေးချယ်စီစစ်၍မရနိုင်အောင် ရှိနေပေလိမ့်မည်။

အဝိဇ္ဇာကို အစလက်မွန်ထား၍ ဟောကြားရခြင်း၏ အကြောင်းမှာမူကား ထိုအဝိဇ္ဇာ စက်ရဟတ်ကြီးဖြစ်နေမှု၏ အမြစ်ထက်အမြစ်, အရင်းထက်အရင်းဖြစ်၍ အကြီးဆုံးသော ပဓာန အကြောင်းရင်းကြီးဖြစ်ပေသည်၊ သံသရာစက်ရဟတ်ကြီး၏ မူလပဓာန အကြောင်းကိစ္စကြီးကိုလည်း အဝိဇ္ဇာသည်ပင် ဆောင်ရွက်၍နေ၏၊ သံသရာစက်ကြီး၏ ပဓာနကိစ္စကြီးဆိုသည်မှာ အမှန်ကျအောင် မသိမမြင်သော ကိစ္စကြီးပေတည်း၊ အဝိဇ္ဇာသည် အမှန်ကျအောင် မသိမမြင်ခြင်းကိစ္စကို အမြဲဆောင်ရွက်၍နေ၏၊ ထိုမသိမမြင်ခြင်းပင်လျှင် သံသရာဝဋ္ဋဒုက္ခကြီး၏ အကြောင်းရင်း ပဓာနကြီး ဖြစ်လေသည်၊ ထိုမသိမမြင်ခြင်း ကိစ္စကို ရွက်ဆောင်သော အဝိဇ္ဇာထက်လွန်ကဲသော အကြောင်းရင်းဟူ၍မရှိချေ၊ ထို့ကြောင့် သံသရာစက်ရဟတ်၏ မူလအကြောင်းရင်းကို ဟောတော်မူရာဝယ် အဝိဇ္ဇာကို လက်မွန်မဆွ ပဌမအရင်းခံထား၍ ဟောကြားတော်မူရပေသတည်း။

www.dhammaransi.com



**အဓိပ္ပါယ် တနည်း ပြဆိုဦးအံ့။** ။ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ဘဝတခုအတွက်ကို ဟောတော်မူသော ဒေသနာတော်ဖြစ်၏၊ ဘဝတခု၏ အဖြစ်အပျက်ကို အပြည့်အစုံ ဟောတော်မူသောအခါ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဟောကြားတော် မူ၏၊ ဘဝတခုကို အပြည့်အစုံ ဟောတော်မူရာ၌ ဤဘဝသို့ လာခဲ့သောအကြောင်း, ဤဘဝမှကူးပြောင်းရန် အကြောင်းတို့နှင့်တကွ ဟောကြားမှ စုံလင်နိုင်ပေမည်၊ ထို့ကြောင့် ဤဘဝသို့လာခဲ့ရသော အကြောင်း, ဤဘဝမှ ကူးပြောင်းရန် အကြောင်းများကိုလည်း မြတ်စွာဘုရားဟောကြားတော်မူသည်။

၁။ ဤဘဝသို့လာခဲ့ရသော အကြောင်းဆိုသည်ကား ရှေးရှေးဘဝတို့၌ အပြီးအစီးရှိနေခဲ့သောအဝိဇ္ဇာ, သင်္ခါရတို့ပေတည်း။

၂။ ဤဘဝမှကူးပြောင်းရန် အကြောင်းတို့သည်ကား ဘဝ,ဇာတိ, ဇရာ, မရဏတို့ပေတည်း။

၃။ ဝိညာဉ်အစ, ဥပါဒါန်အဆုံးရှိသော တရားအစုတို့သည် ဤမျက်မှောက် ပစ္စုပ္ပန်ဘဝအတွက် ဟောတော်မူအပ်သော တရားအစုတို့ ဖြစ်ကြကုန်သည်။

[ဤကား ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၏ ဘဝတခုကိုအပြည့်အစုံဟောတော်မူပုံတည်း။]

ဤသို့ဘဝတခုကို အပြည့်အစုံဟောတော်မူအပ်သည်ရှိသော် အနမတဂ္ဂသံသရာ၌ ဖြစ်ဖြစ်သမျှသော ဘဝအနန္တတို့၌လည်း ထိုနည်းအတိုင်းပင် ဖြစ်ကြရသည်ဟူ၍ သိနိုင်လေသည်၊ တဘဝဖြစ်ပုံကို အပြည့်အစုံနည်းပြလိုက်သဖြင့်၊ ဘဝတိုင်းမှာ ဘဝတိုင်းမှာ ထိုနည်းအတိုင်းပင် ဖြစ်သည်ဟူ၍ သိနိုင်တော့သည်ဆိုလို၏၊ သမုဒ္ဒရာရေတစက်ကိုလျက်၍ ကြည့်ခါမျှဖြင့် အနန္တဖြစ်သော သမုဒ္ဒရာရေတို့၏ အရသာကို သိနိုင်သကဲ့သို့တည်း။

[ဤသို့ ပြဆိုအပ်ပြီးသောအတိုင်း ပဋိစ္စသမုပ္ပါဒ်နည်း, အရိယသစ္စာနည်းတို့၌ အဝိဇ္ဇာ, တဏှာနှစ်ပါးတို့၏ အရင်းမူလပဓာန ဖြစ်ပုံများကို မှတ်သားအပ်သတည်း။]

သစ္စယမိုက်၌ သစ္စာလေးပါးကိုပြဆိုသောစကားရပ် ပြီး၏။

www.dhammaransi.com



ဤသစ္စယမိုက်ပဝတ္တိမဟာဝါရ၌ နိရောဓသစ္စာကို ဟောတော်မမူ၊ ထို့ကြောင့် ပဝတ္တိမဟာဝါရ၌ နိရောဓသစ္စာကို မရအပ်,မကောက်ယူအပ်။

အဘယ့်ကြောင့် ပဝတ္တိမဟာဝါရ၌ နိရောဓသစ္စာကိုမရအပ်သနည်းဟူမူ—

ပဝတ္တိမဟာဝါရသည် ဖြစ်မှု, ချုပ်မှုကိုဟောသော ဝါရကြီးဖြစ်၏၊ နိရောဓသစ္စာဟုဆိုအပ်သော နိဗ္ဗာန်တရား၌မူကား ဖြစ်ခြင်း,ချုပ်ခြင်းသဘောမရှိ၊ ထို့ကြောင့် ပဝတ္တိမဟာဝါရ၌နိရောဓသစ္စာကို မရအပ်ဖြစ်လေသည်။

**ထင်ရှားပြဆိုဦးအံ့။** ။ပဌမမဂ်အခိုက်၌ ချုပ်လေကုန်သော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရား, အပါယ်သို့ရောက်စေတတ်သောကံများ, အပါယ်ဘုံဘဝများတို့သည် နောက်တဖန်ထိုပုဂ္ဂိုလ်သန္တာန်နှင့်စပ်၍ ဖြစ်ခြင်း သဘောမရှိကြကုန်၊ထို့ကြောင့်ချုပ်ပြီးသောတရားသည် တဖန်ပြန်၍ချုပ်ခြင်းမည်သည်မရှိနိုင်တော့ချေ။

နိရောဓကိစ္စဖြင့် ချုပ်ပြီးသောတရားသည် တဖန်ပြန်၍ ချုပ်သည်ဆိုလျှင် ထိုပဌမမဂ်ကိုရပြီးသော ပုဂ္ဂိုလ်၏သန္တာန်၌ ရှေးကချုပ်ပြီးသော ဒိဋ္ဌိ,ဝိစိကိစ္ဆာစသောတရားတို့သည် တဖန်ပြန်၍ဖြစ်ကြကုန်ရာ၏၊ ထိုပဌမမဂ်ကို ရပြီးသောပုဂ္ဂိုလ်သည်လည်း အပါယ်ငရဲ၌ ကျရောက်လေရာ၏။

ထိုနိရောဓသဘောသည် အဇာတမျိုးဖြစ်လေသောကြောင့် တဖန်ပြန်၍ဖြစ်ခြင်းမရှိချေ၊ ထို့ကြောင့် ထိုအဇာတသဘောရှိသော နိရောဓချုပ်မှုကြီးသည် သံသရာ၌အပါယ်စသည် ဘေးဒုက္ခတို့ကြောင့် ကြောက်လန့်ကြသော ပညာရှိသူတော်ကောင်းတို့၏ မှီခိုပုန်းအောင်းရာ,ထောက်ရာ, တည်ရာ,အားထားရာဖြစ်လေသတည်း။

သမုဒယသစ္စာနှင့် မဂ္ဂသစ္စာနှစ်ပါးကို ပဋိသန္ဓေအခါ, စုတိအခါတို့၌မရအပ်၊ အဘယ့်ကြောင့်နည်းဆိုသော် ပဋိသန္ဓေနေဆဲ, စုတိဆဲအခါတို့၌ သာယာခြင်းတဏှာသဘော, မဂ်ကို ပွားများခြင်းသဘော မရှိနိုင်သောကြောင့်တည်း။

www.dhammaransi.com



ထိုသစ္စာနှစ်ပါးကို ပဝတ္တိအခါတို့၌သာရအပ်သည်၊ ထို့ကြောင့် ဤသစ္စယမိုက် ပဝတ္တိမဟာဝါရ၌ ပဝတ္တိအခါ၌ ဖြစ်ခြင်းဥပ္ပါဒ, ချုပ်ခြင်းနိရောဓများကို မြတ်စွာဘုရားဟောကြားတော်မူပေသတည်း။

ပဝတ္တေ တဏှာ ဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ။
ပဝတ္တေ မဂ္ဂဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ။

ဤသို့စသည်ဖြင့် ပဝတ္တိအခါ၌ ဟောတော်မူအပ်သော ပါဠိတို့သည် ထင်ရှားကုန်၏၊ ခန္ဓ, အာယတန, ဓာတု ယမိုက်တို့၌ကား ပဝတ္တိအခါ၌ ဥပ္ပါဒ, နိရောဓများကို ဟောကြားတော်မမူ၊ ပဋိသန္ဓေအခါ, စုတိအခါတို့၌သာလျှင် ဥပ္ပါဒ, နိရောဓများကိုဟောကြားတော်မူသည်။

ဤသစ္စယမိုက်၌ ပဝတ္တိအခါ ဥပ္ပါဒ, နိရောဓများကို ဟောကြားဟန်ပါဠိတော်ကို နည်းပြရုံမျှထုတ်၍ပြဦးအံ့။

ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ တဏှာဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ နောစတေသံ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ။ တဏှာယ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ၊ သမုဒယသစ္စဉ္စ ဥပ္ပဇ္ဇတိ။

အကြင်ပုဂ္ဂိုလ်အား ဒုက္ခသစ္စာဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ်အား သမုဒယသစ္စာဖြစ်ဆဲလော၊ အလုံးစုံသောပုဂ္ဂိုလ်တို့၏ စုတိအခိုက်၌ဧရင်း, ပဝတ္တိအခါ တဏှာနှင့်မယှဉ်သောစိတ်၏ ဥပါဒ်အခိုက်၌ရင်း ဒုက္ခသစ္စာဖြစ်ဆဲဟုတ်၏၊ သမုဒယသစ္စာဖြစ်ဆဲမဟုတ်၊ တဏှာ၏ဥပါဒ်အခိုက်၌ ဒုက္ခသစ္စာလည်းဖြစ်ဆဲ၊သမုဒယသစ္စာလည်းဖြစ်ဆဲ။

[ဤကား ဒုက္ခသစ္စာကိုမူလထား၍ သမုဒယသစ္စာကို မူလီသွင်းပြီးလျှင် ဟောသောပါဠိတော်တည်း။]

ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ၊သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ မဂ္ဂဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ နောစ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ။ ပဉ္စဝေါကာရေ မဂ္ဂဿဥပ္ပါဒက္ခဏေတေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ၊ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇတိ။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်အား ဒုက္ခသစ္စာဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ်အား မဂ္ဂသစ္စာဖြစ်ဆဲလော၊ အလုံးစုံသောပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခိုက်၌ရင်း, မဂ်စိတ်မဟုတ်သောစိတ်၏ ဥပါဒ်ခဏ၌ရင်း ဒုက္ခသစ္စာဖြစ်ဆဲကား ဟုတ်၏၊ မဂ္ဂသစ္စာဖြစ်ဆဲမဟုတ်၊ ပဉ္စဝေါကာရဘုံ၌ မဂ်စိတ်ဥပါဒ်အခိုက်၌ ဒုက္ခသစ္စာလည်းဖြစ်ဆဲ၊ မဂ္ဂသစ္စာလည်းဖြစ်ဆဲ။

[ဤကား ဒုက္ခသစ္စာကိုမူလထား၍ မဂ္ဂသစ္စာကိုမူလီသွင်းပြီးလျှင် ဟောသောယမိုက်ပါဠိတော်တည်း။]

ပဉ္စဝေါကာရဘုံ၌ မဂ်စိတ်ဖြစ်ဆဲအခါ ဒုက္ခသစ္စာဖြစ်သည်-ဆိုသောစကား၌ မဂ်စိတ်သည်ကား ဒုက္ခသစ္စာမဟုတ်၊ သို့ပင်မဟုတ်သော်လည်း ထိုမဂ်စိတ်ဖြစ်ဆဲအခါ ရုပ်လည်းဖြစ်သောကြောင့် ထိုရုပ်တို့ကို ရည်၍ ပဉ္စဝေါကာရဘုံ၌ မဂ်စိတ်ဖြစ်ဆဲအခါ ဒုက္ခသစ္စာဖြစ်ဆဲ-ဟူ၍ ဆိုရလေသည်။

အရူပဘုံ၌ မဂ်စိတ်ဖြစ်ဆဲအခါ၌မူကား မဂ္ဂသစ္စာသာ ဖြစ်ဆဲဟုတ်၏၊ ဒုက္ခသစ္စာ ဖြစ်ဆဲမဟုတ်၊ အကြောင်းမူကား ထိုအရူပဘုံ၌ ရုပ်ဖြစ်ခြင်းမရှိသောကြောင့်တည်း။

ထို့ကြောင့်ယမိုက်ပါဠိတော်၌—

အရူပေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ၊ နောစ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ။

ဟူ၍ဟောတော်မူသတည်း။

အတီတဝါရ၌—

၁။ "အနဘိသမေတာဝီနံ"ဟူ၍ဟောတော်မူလျှင် ပုထုဇဉ် ပုဂ္ဂိုလ်ကို ကောက်ယူအပ်၏။

၂။ "အဘိသမေတာဝီနံ"ဟူ၍ ဟောတော်မူလျှင် ဖိုလ်၌တည်သော အရိယာပုဂ္ဂိုလ်လေးပါးတို့ကို ကောက်ယူအပ်၏၊ မဂ်၌တည်သော ပုဂ္ဂိုလ်တို့ကို မကောက်ယူအပ်။

[မဂ်ပုဂ္ဂိုလ်တို့သည်ကား သစ္စာလေးပါးကို သိဆဲသာဖြစ်ကြကုန်၏၊ သိပြီးမဟုတ်ကြကုန်၊ သိခြင်းကိစ္စပြီးစီးသောပုဂ္ဂိုလ်ကိုမှ "အဘိသမေတာဝီ" ခေါ်သည်။]

www.dhammaransi.com



အဘိသမေတာဝီ-ဟူသော ပုဒ်ကို ဤသို့ ဝိဂြိုဟ်ပြုရာ၏။

အဘိသမိံသု စတ္တာရိ သစ္စာနိ ဗုဇ္ဈိံသူတိ အဘိသမေတာဝိနော။ စတ္တာရိ သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ အဘိသမိံသု ဗုဇ္ဈိံသု၊ ပိုင်နိုင်စွာ သိကြကုန်ပြီ။ ဣတိတသ္မာ၊ထိုသို့သိပြီးဖြစ်သောကြောင့်။ အဘိသမေတာဝိနော၊ အဘိသမေတာဝီ မည်ကုန်၏။

[သိပြီးမဟုတ်သော ပုထုဇဉ်တို့ကို "အနဘိသမေတာဝီ"ဟု ခေါ်သည်။]

ထိုပုဒ်နှစ်ခုနှင့် ဆိုင်သော ပါဠိတော်ဟောပုံကား ဤသို့တည်း။

ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ၊အနဘိသမေတာဝီနံ တေသံ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ နောစ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထ။ အဘိသမေတာဝီနံ တေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ၊ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ။

အကြင်ပုဂ္ဂိုလ်အား ဒုက္ခသစ္စာ ဖြစ်ဘူးပြီ၊ထိုပုဂ္ဂိုလ်အား မဂ္ဂသစ္စာ ဖြစ်ဘူးပြီလော၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာဖြစ်ဘူးပြီ၊ မဂ္ဂသစ္စာ ဖြစ်ဘူးပြီးမဟုတ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့အား ဒုက္ခသစ္စာလည်းဖြစ်ဘူး၏၊ မဂ္ဂသစ္စာလည်းဖြစ်ဘူး၏။

"သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ" ဟူ၍ဟောတော်မူသော ပါဠိကို တွေ့လျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်နောက် ပဉ္စမဘဝင်စိတ်ကို ကောက်ယူအပ်၏၊ ထိုသုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ပဉ္စမဇောစိတ်ကိုလည်း ဒုတိယ စိတ်အရာ၌ သွင်း၍ ရေတွက်အပ်၏၊ ပဋိသန္ဓေစိတ်သည် ပဉ္စမစိတ်မည်၏၊ ပဋိသန္ဓေစိတ်၏နောက်၌ ကပ်၍ ဖြစ်သော ပဉ္စမဘဝင်သည် ဒုတိယစိတ် မည်၏။

[ဘဝနိကန္တိက လောဘဇော ဝီထိဖြစ်၍လာရာ ပဉ္စမဇောကိုလည်း ဒုတိယစိတ်အရာ၌ပင် ရေတွက်အပ်၏ဟုဆိုလိုသည်။]

ဘုံသုံးပါး၌ ဖြစ်သော သတ္တဝါတို့အား မည်သည့် ဘုံဘဝမှာ မဆို ပဋိသန္ဓေ တည်နေဖြစ်ရောက်လေသောအခါ ရှေးဦးစွာ ပဋိသန္ဓေစိတ်, ထိုနောက်ဘဝင် ၁၅-ကြိမ် ၁၆-ကြိမ်, ထိုနောက် ဘဝနိကန္တိက-ဘဝကို သာယာသော မနောဒွါရဝီထိဖြစ်မြဲဓမ္မတာရှိသည်။

www.dhammaransi.com



သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေစိတ်၏ နောက်ဖြစ်သော ပဌမဘဝင်ကစ၍ ဘဝနိကန္တိကဝီထိ၌ ပဌမလောဘဇော တိုင်အောင်သော စိတ်များကို ဒုတီယစိတ်ဟူ၍ပင် ဆိုအပ်လေသည်။

**ထိုနှင့်ဆိုင်ရာပါဠိတော်ကိုထုတ်ပြပေအံ့**

> ယဿ ယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊တဿတတ္ထသမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ၊ သုဒ္ဓါဝါသာနံ ဒုတီယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ တေသံ တတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ နောစ တေသံ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထ။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ၊သမုဒယ-သစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ။

အကြင်ပုဂ္ဂိုလ်အား အကြင်ဘုံ၌ ဒုက္ခသစ္စာဖြစ်ဘူးပြီ၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌ သမုဒယသစ္စာဖြစ်ဘူးပြီလော၊ သုဒ္ဓါဝါသ ဗြဟ္မာတို့၏ ဒုတီယစိတ်အခိုက်၌ငင်း, အသညသတ် ပုဂ္ဂိုလ်တို့အားငင်း ဒုက္ခသစ္စာ ဖြစ်ဘူးပြီ၊သမုဒယသစ္စာဖြစ်ဘူးပြီမဟုတ်၊ ဆိုအပ်ပြီးသည်မှတပါးသော စတုဝေါကာရ ဘုံသား,ပဉ္စဝေါကာရ ဘုံသားတို့အား ထိုဘုံတို့၌ ဒုက္ခ သစ္စာလည်းဖြစ်ဘူး၏၊ သမုဒယသစ္စာလည်းဖြစ်ဘူး၏။

ဤပါဠိတော်၌—

"ဒုတီယေ စိတ္တေ ဝတ္တမာနေ" အရ—ပဋိသန္ဓေနောက် ပဌမဘဝင်ကစ၍ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်တို့တွင် ပဌမဇောတိုင် အောင် ထိုအတွင်း၌ ရှိသော စိတ်တို့ကို ဒုတီယစိတ်ဟူ၍ ကောက်ယူ အပ်၏။

**ထင်ရှားစွာပြဦးအံ့။** ။သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေအခါ ဒုက္ခသစ္စာ ဖြစ်ဆဲသာဖြစ်သည်၊ ဒုက္ခသစ္စာဖြစ်ဘူးပြီမဟုတ်၊ ပဋိသန္ဓေစိတ်ချုပ်ပြီ ဟု ဆိုရသည်၊ ထိုသုဒ္ဓါဝါသဘုံဆိုသည်မှာ ရှေးအခါကလည်း ဖြစ်ဘူး သည်မရှိ၊ တကြိမ်တခါသာ ဖြစ်လေ့ရှိသောကြောင့် ပဋိသန္ဓေအခိုက်မှာ ဒုက္ခသစ္စာဖြစ်ဘူးပြီဟူသောသဘောကိုမရဘဲ ရှိလေသတည်း၊ အသည သတ်ဘုံ၌လည်း နာမ်တရားတို့ ဖြစ်လေ့မရှိသောကြောင့် ဒုက္ခသစ္စာဖြစ် ဘူးသည်-ဟူသောသဘောကို မရချေ။

www.dhammaransi.com



စတုဝေါကာရ ဘုံ, ပဉ္စဝေါကာရ ဘုံတို့သည်ကား အနမတဂ္ဂ သံသရာ၌ သတ္တဝါတို့ အကြိမ်ကြိမ်အခါခါ ဖြစ်ဘူးသောကြောင့် ထိုဘုံတို့၌ ဒုက္ခသစ္စာ ဖြစ်ဘူးပြီ၊ သမုဒယသစ္စာဖြစ်ဘူးပြီ-ဟူသော သဘောကိုရနိုင်လေသည်။

သုဒ္ဓါဝါသဘုံ၌ဘဝနိကန္တိက လောဘဇော ၇-ကြိမ်တို့တွင် ပဌမဇောအခိုက်မှာ သမုဒယသစ္စာဖြစ်ပြီးမဟုတ်၊ ဖြစ်ဆဲသာဖြစ်သည်၊ ထို့ကြောင့် ဘဝနိကန္တိက ပဌမဇောအခိုက်တွင်သမုဒယသစ္စာ ဖြစ်ဘူးပြီ-ဟူသော သဘောကို မရနိုင်ဘဲရှိလေသတည်း၊ ဘဝနိကန္တိကဒုတိယဇောဖြစ်သည်ကစ၍ ထိုသုဒ္ဓါဝါသဘုံတို့၌ သမုဒယသစ္စာ ဖြစ်ဘူးပြီ-ဟူသောသဘောကိုရလေတော့သည်။

သုဒ္ဓါဝါသဘုံတို့၌ ပဋိသန္ဓေစိတ်ဖြစ်ဆဲအခါ ဒုက္ခသစ္စာဖြစ်ဆဲကိုသာရသည်၊ ပဋိသန္ဓေနောင်ပဌမဘဝင်ကစ၍ ဘဝနိကန္တိက ပဌမဇောဖြစ်သည်တိုင်အောင် ဒုက္ခသစ္စာ ဖြစ်ဘူးပြီ-ဟူသော သဘောကိုသာရသည်၊ ဘဝနိကန္တိက ဒုတိယဇောကအစပြု၍ ဒုက္ခသစ္စာ ဖြစ်ဘူးပြီ၊ သမုဒယသစ္စာလည်း ဖြစ်ဘူးပြီ-ဟူသော သဘောကိုရသည်၊ ထိုသုဒ္ဓါဝါသဘုံ၌ ရဟန္တာပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာလည်း ဖြစ်ဘူးပြီ၊ သမုဒယသစ္စာလည်း ဖြစ်ဘူးပြီ၊မဂ္ဂသစ္စာလည်း ဖြစ်ဘူးပြီ-ဟူသော သဘောကိုရလေသည်။

"သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ" ဟူ၍ ဟောတော်မူရာဝယ် ဒုတိယ အကုသလစိတ်အရကိုကောက်သောအခါ ဘဝနိကန္တိက ဒုတိယ လောဘဇောမှ အစပြု၍ ကောက်ယူအပ်၏။

**ထိုနှင့်ဆိုင်သော ပါဠိတော်ကိုထုတ်ပြပေအံ့**

ယဿ ယတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ၊ သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ အနဘိသမေတာဝီနံ တေသံ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ နောစ တေသံ တတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထ။

အဘိသမေတာဝီနံ တေသံ တတ္ထ သမုဒယသစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ၊ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇိတ္ထ။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်အား အကြင်ဘုံ၌သမုဒယသစ္စာဖြစ်ဘူးပြီ၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌မဂ္ဂသစ္စာဖြစ်ဘူးပြီလော၊ သုဒ္ဓါဝါသပုဂ္ဂိုလ်တို့၏ ဒုတိယအကုသိုလ်စိတ်ဖြစ်ပေါ်သောအခါ၌၎င်း, ပုထုဇဉ်ပုဂ္ဂိုလ်တို့အား၎င်း, ထိုဘုံ၌ သမုဒယသစ္စာဖြစ်ဘူးပြီ၊မဂ္ဂသစ္စာဖြစ်ဘူးပြီမဟုတ်၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက်တို့အား ထိုဘုံ၌ သမုဒယသစ္စာလည်းဖြစ်ဘူး၏၊မဂ္ဂသစ္စာလည်းဖြစ်ဘူး၏။

ဤပါဠိတော်၌—

ဒုတိယ အကုသိုလ်စိတ်ဆိုသည်မှာ ဘဝနိကန္တိက ဒုတိယဇောကို ဆိုလိုသည်၊ သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ပဌမလောဘဇော ချုပ်ပြီးနောက် ဒုတိယလောဘဇောကအစပြု၍ သမုဒယသစ္စာ ဖြစ်ဘူးပြီ-ဟူသော သဘောကို ရလေသည်၊ ထိုသုဒ္ဓါဝါသဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ရဟန္တာမဖြစ်မီအတွင်း ဒုက္ခသစ္စာ,သမုဒယသစ္စာနှစ်ပါးတို့၏ ဖြစ်ဆဲ,ဖြစ်ဘူးပြီ-ဟူသော သဘောကိုသာရသည်၊ မဂ္ဂသစ္စာဖြစ်ဆဲ,ဖြစ်ဘူးကိုမရသေးချေ၊ အရဟတ္တမဂ်စိတ်ဖြစ်ဆဲအခါ- မဂ္ဂသစ္စာဖြစ်ဆဲကို ရ၏၊ အရဟတ္တဖိုလ်စိတ်ဖြစ်သည်နောက်မှ မဂ္ဂသစ္စာဖြစ်ဘူးပြီ-ဟူသော သဘောကိုရသည်။

သုဒ္ဓါဝါသ အနာဂါမ်ပုဂ္ဂိုလ်တို့၌ ၇-ပိုင်း ပိုင်း၍ ကောက်ယူရသည်။

၁။ ပဋိသန္ဓေ စိတ်အခိုက်တပိုင်း,

၂။ ပဌမဘဝင်ကစ၍ ပဌမဘဝနိကန္တိကဇောတိုင်အောင် တပိုင်း,

၃။ ဘဝနိကန္တိက ပဌမဇောဖြစ်ခိုက် တပိုင်း,

၄။ဒုတိယ ဘဝနိကန္တိကဇောမှစ၍ အရဟတ္တမဂ်စိတ် ဖြစ်သည်တိုင်အောင်တပိုင်း,

၅။ အရဟတ္တမဂ်စိတ် ဖြစ်ခိုက်တပိုင်း,

၆။ အရဟတ္တဖိုလ်မှစ၍ စုတိတိုင်အောင် တပိုင်း,

၇။ အရဟတ္တမဂ်စိတ်ကြီးရှေ့၌ဖြစ်သော ဝေါဒါန် စိတ်အခိုက်၌ တပိုင်း,

ဤသို့ ၇-ပိုင်း ပိုင်း၍ ကောက်ယူရသည်။

www.dhammaransi.com



ကောက်ယူ ပုံမှာ—

၁။ သုဒ္ဓါဝါသ အနာဂါမ်ပြဟ္မာတို့၏ ပဋိသန္ဓေစိတ်အခိုက်၌ ဒုက္ခသစ္စာဖြစ်ဆဲ, သမုဒယသစ္စာဖြစ်လတ္တံ့။

၂။ ပဉ္စမဘဝင်မှစ၍ ဘဝနိကန္တိက ပဉ္စမလောဘဇောတိုင်အောင် အခိုက်၌ ဒုက္ခသစ္စာဖြစ်ပြီး။

၃။ ဘဝနိကန္တိက ပဉ္စမဇော ဖြစ်ခိုက်၌ ဒုက္ခသစ္စာဖြစ်ဘူးပြီ၊ သမုဒယသစ္စာဖြစ်ဆဲ။

၄။ ဘဝနိကန္တိက ဒုတိယဇောကစ၍ အရဟတ္တမဂ် ဖြစ်သည် တိုင်အောင် အခိုက်၌ ဒုက္ခသစ္စာဖြစ်ပြီး၊ သမုဒယသစ္စာဖြစ်ပြီး။

၅။ အရဟတ္တမဂ်စိတ်အခိုက်၌ ဒုက္ခဖြစ်ပြီး၊ သမုဒယဖြစ်ပြီး၊ မဂ္ဂသစ္စာဖြစ်ဆဲ။

၆။ အရဟတ္တဖိုလ်မှစ၍ စုတိတိုင်အောင် ဒုက္ခဖြစ်ပြီး၊ သမုဒယဖြစ်ပြီး၊ မဂ္ဂဖြစ်ပြီး။

၇။ အရဟတ္တမဂ်၏ ရှေ့၌ဖြစ်သော ဝေါဒါန်အခိုက်၌ ဒုက္ခဖြစ်ပြီး၊ သမုဒယဖြစ်ပြီး၊မဂ္ဂဖြစ်လတ္တံ့။

ဤသို့ကောက်ယူပုံများကိုလည်း စေ့စပ်စွာ အဘိဓမ္မာဉာဏ်ဖြင့် ဆင်ခြင်ရာ၏။

[ဤစကားရပ်ကား သုဒ္ဓါဝါသဘုံနှင့်စပ်လျဉ်း၍ သစ္စယမိုက်ခက်ဆစ်ကို ပြဆိုသောစကားပေတည်း။]

သစ္စယမိုက်ပရိညာဝါရ၌ နိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါးကို ဟောကြားတော်မမူအပ်၊ထို့ကြောင့်ထိုသစ္စာနှစ်ပါးကိုပရိညာဝါရ၌မရအပ်။

အဘယ့်ကြောင့် မရအပ်သနည်းဆိုလျှင်မဂ္ဂသစ္စာနှင့်နိရောဓသစ္စာနှစ်ပါးသည် လောကုတ္တရာနှင့် ဆိုင်သော သစ္စာများဖြစ်ကြ၏၊ထိုလောကုတ္တရာသစ္စာတို့၌ ပရိညာကိစ္စကိုမရအပ်၊ပရိညာကိစ္စဆိုသည်မှာ ပိုင်းခြား၍ သိခြင်းကိစ္စ, ပယ်ခြင်း ကိစ္စများကိုဆိုသည်၊ထိုလောကုတ္တရာသစ္စာတို့၌သိခြင်းကိစ္စ,ပယ်ခြင်းကိစ္စများ မရှိချေ။

www.dhammaransi.com



၁။ ဒုက္ခသစ္စာသည် ပိုင်းခြား၍ သိခြင်းဟုဆိုအပ်သော ဉာတပရိညာ, တိရဏပရိညာနှစ်ပါးနှင့်ဆိုင်၏၊ ထို့ကြောင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိသည်၊ ပိုင်းခြား၍သိအပ်သည် ဟုဆိုရလေသည်။

၂။ သမုဒယသစ္စာသည် ပယ်ခြင်း ပဟာနပရိညာကိစ္စနှင့် ဆိုင်၏၊ ထို့ကြောင့် သမုဒယသစ္စာကို ပယ်သည်၊ ပယ်အပ်သည်ဟူ၍ ဆိုရလေသည်။

၃။ နိရောဓသစ္စာသည်ကား မျက်မှောက်ဆိုက်ရောက်ခြင်း ဟုဆိုအပ်သော သစ္ဆိကရဏကိစ္စနှင့်ဆိုင်သည်၊ ထိုကိစ္စသည် ပရိညာကိစ္စမျိုးမဟုတ်။

၄။ မဂ္ဂသစ္စာသည် ပွားခြင်း ဘာဝနာကိစ္စနှင့်သာဆိုင်သည်၊ ထိုကိစ္စသည် ပဟာနကိစ္စမျိုးမဟုတ်။

ထို့ကြောင့် ပရိညာဝါရ၌ နိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါးကို မြတ်စွာဘုရား ဟောကြားတော်မမူဘဲ ချန်လှပ်တော်မူခဲ့လေသည်။

[ပရိညာဝါရ၌ လောကုတ္တရာသစ္စာ နှစ်ပါးကို ဟောကြားတော်မူခြင်းငှါ မထိုက်လေသောကြောင့်''ယော နိရောဓသစ္စံ ပရိဇာနာတိ၊ သော မဂ္ဂသစ္စံ ပရိဇာနာတိ။ ယော နိရောဓသစ္စံ ပဇဟတိ၊ သော မဂ္ဂသစ္စံ ပဇဟတိ'' ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မမူဟုဆိုလိုသည်။]

### စောဒနာဖွယ်

ဤအရာ၌ စောဒနာဖွယ်ရှိသောအချက်ကြီးကို ပြဆိုဦးအံ့—

နိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါးတို့၌ ပယ်ခြင်းတည်းဟူသော ပဟာနပရိညာကိစ္စကို မရနိုင်-ဆိုသောစကားမှာ ယုတ္တိရှိပါ၏၊ ပိုင်းခြား၍သိခြင်း-ဉာတပရိညာကိစ္စ, လက္ခဏာရေးသုံးပါးဖြင့်စီစစ်ခြင်း-တိရဏပရိညာကိစ္စ၊ ဤကိစ္စနှစ်ပါးကို ရသင့်သည်မဟုတ်ပါလော။

ထိုစကားမှန်၏—

(က) ထိုနိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါးသည် သိထိုက်သိအပ်သော အဘိညေယျတရားတို့ဖြစ်ကုန်၏၊ သိထိုက်သိအပ်သည်မှန်လျှင် ဉာတပရိညာကိစ္စကိုရနိုင်သည်မဟုတ်ပါလော။

www.dhammaransi.com



(ခ) မဂ္ဂသစ္စာ တရားသည် ဖြစ်ခြင်း, ချုပ်ခြင်းနှင့် မကင်းသောကြောင့် အနိစ္စ, ဒုက္ခ,အနတ္တ သဘောတို့ဖြင့် ပိုင်းခြားစီစစ်သင့် စီစစ်ထိုက်၏၊ ထိုသို့စီစစ်သင့် စီစစ်ထိုက်ပါလျှင် တိရဏပရိညာကိစ္စကို ရနိုင်သည်မဟုတ်ပါလော။

ထို့ကြောင့် နိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါးတို့၌ ဉာတပရိညာ, တိရဏပရိညာ နှစ်ပါးကို မရနိုင်ဟုဆိုခြင်းကို သင့်လျော်မည်မထင်ပါ။

[ဤကားစောဒနာပုံတည်း၊ဤစောဒနာမှာလွန်စွာနက်နဲသော စောဒနာခြင်း ဖြစ်ပေသည်။]

**အဖြေကိုဆိုပါအံ့။** ။ပရိညာကိစ္စ ဆိုသည်မှာ အထွတ်အထိပ်သို့ရောက်သော ဉာဏ်ကိစ္စကြီး ဖြစ်ပေသည်၊ တဖန်ပြုဖွယ်မရှိ အပြီးအဆုံးသို့ရောက်သော ဉာဏ်ကိစ္စမျိုးပေတည်း၊ ထိုနိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးကို သဘာဝအားဖြင့်၎င်း, အမျိုးမျိုးအစားစား အားဖြင့်၎င်း ပိုင်းခြား၍သိခြင်း, စီစစ်ခြင်းတည်းဟူသောကိစ္စဖြင့် ပြီးဆုံးသည်မဟုတ်သေး။

၁။ နိရောဓသစ္စာသည် မိမိသန္တာန်၌ ဆိုက်ရောက်ခြင်း ကိစ္စသို့ရောက်မှကိစ္စပြီး၏၊ မိမိသန္တာန်၌ နိရောဓသစ္စာ ဆိုက်ရောက်ခြင်းကိစ္စဆိုသည်မှာ "ငါ၏သန္တာန်၌ တဏှာရာဂချုပ်ငြိမ်းပေပြီ၊ ကိလေသာဘေးကြီးတွေ ချုပ်ငြိမ်းပေပြီ၊ အပါယ်ဘေးကြီးတွေ, သံသရာဘေးကြီးတွေ ချုပ်ငြိမ်းပေပြီ"ဟူ၍ ထိုချုပ်ငြိမ်းမှုများကိုမိမိသန္တာန်၌ အထင်အရှားသိရှိပြီးလျှင် ကိုယ်တိုင်ခံစားရသောသဘောမျိုးကိုဆိုသည်၊ သစ္ဆိကရဏကိစ္စကြီးဟူ၍၎င်း, ကိုယ်တွေ့ကိစ္စကြီးဟူ၍၎င်း ဆိုအပ်၏။

ထိုသို့ကိုယ်တွေ့ကိစ္စကြီးပြီးစီးပါမှ နိရောဓသစ္စာ၏ကိစ္စသည် ပြီးဆုံးခြင်းသို့ရောက်၏၊ ထိုကိစ္စသည် ပရိညာကိစ္စမျိုးမဟုတ်၊ နိရောဓသစ္စာကို ပိုင်းခြား၍သိအောင် ပြုလုပ်ခါမျှနှင့် သစ္ဆိကရဏကိစ္စ ပြီးသည်မဟုတ်ချေ။

၂။ မဂ္ဂသစ္စာကိုကား မိမိသန္တာန်၌ အပြီးတိုင်အောင် ပွားများရသည်၊ အပြီးတိုင်ပွားခြင်းဆိုသည်မှာ ထိုမဂ္ဂသစ္စာကို နောင်တဖန်

www.dhammaransi.com



ပွားရန် ကိစ္စမရှိပြီ-ဟူသော အခြေအနေသို့ဆိုက်အောင် ပွားများခြင်း ကို ဆိုသည်၊ ပွားများမှုဆိုသည်မှာလည်း မိမိသန္တာန်၌ မဂ္ဂင်ရှစ်ပါး တို့ကို အမြဲတည်အောင် ထူထောင်မှု ကိစ္စပြီးစီးသောအခါ မဂ္ဂသစ္စာ ကိုပွားများခြင်းကိစ္စတုန်း၏၊ အဆုံးသို့တိုင်ရောက်၏၊ ထိုအခါမဂ္ဂသစ္စာ၌ပွားများခြင်းဟု ဆိုအပ်သော ဘာဝနာကိစ္စ ပြီးစီးလေတော့သည်၊ မဂ္ဂသစ္စာကို ပိုင်းခြား၍သိအောင် ပြုလုပ်ရုံမျှနှင့် ဘာဝနာကိစ္စ ပြီးသည်မဟုတ်ချေ၊ မဂ္ဂသစ္စာကို ပွားများခြင်းဆိုသော ဘာဝနာကိစ္စသည် ပရိညာကိစ္စမျိုးမဟုတ်။

ထို့ကြောင့် လောကုတ္တရာဖြစ်သော နိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါး တို့ကို ပရိညာဝါရ၌ မထည့်သွင်းဘဲ ကြဉ်ထားအပ်လေသတည်း။

တဏှာစွဲလမ်းအပ်သော တရားတို့၌သာလျှင် တဏှာအစေးပြယ်လေအောင် အနိစ္စ,ဒုက္ခ,အနတ္တ- သဘောကြီး သုံးပါးတို့ဖြင့် ပိုင်းခြား စီစစ်အပ်ပေသည်၊ တဏှာအစွဲမရှိသော လောကုတ္တရာ သစ္စာနှစ်ပါး တို့၌ ထိုလက္ခဏာရေး သဘောကြီး သုံးပါးတို့ဖြင့် ပိုင်းခြားစီစစ်အပ် တော့သည်မဟုတ်၊ ထို့ကြောင့် လောကုတ္တရာသစ္စာနှစ်ပါးတို့၌ တီရဏ ပရိညာကို မရအပ်ဘဲ ရှိလေသည်၊ တဏှာစွဲလမ်းအပ်သော လောကီ တရားတို့၌သာ တီရဏပရိညာကိုရအပ်၏၊ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ၍ ပိုင်းခြားရှုဆင်ခြင်သောသဘောသည် တီရဏပရိညာမည်၏၊ ဤပရိညာ သည် တဏှာအစွဲကို ဖြိုဖျက်သော လက်နက်ကြီးပေတည်း။

သမုဒယသစ္စာ၌ ဉာတပရိညာ, တီရဏပရိညာနှစ်ပါးကို မရအပ်၊ ပဟာနပရိညာ တပါးကိုသာရအပ်၏။

အကြောင်းကိုဆိုသော် တဏှာသမုဒယကို ပိုင်းခြား၍ သိခြင်း ကိစ္စ, လက္ခဏာရေးသုံးပါးတင်၍ ဆင်ခြင်နေခြင်းကိစ္စကို ပြုရုံမျှနှင့် အဆုံးတိုင် ကိစ္စပြီးသေးသည်မဟုတ်၊ ထိုတဏှာကို အရင်း အကြွင်းမဲ့ပယ်နိုင်မှသာလျှင် ကိစ္စပြီးဆုံးခြင်းသို့ ရောက်သည်၊ ထိုအကြွင်းမဲ့ ပယ်ခြင်းကိစ္စကို ပဟာနပရိညာဆိုသည်၊ ထို့ ကြောင့်သမုဒယသစ္စာ၌ ပဟာနပရိညာ တပါးကိုသာ ရအပ် ပေသတည်း။

www.dhammaransi.com



ယမိုက် ပါဠိတော်ကြီး၌လည်း—

ယော သမုဒယသစ္စံ ပဇဟတိ။ ။ယော၊ အကြင် ပုဂ္ဂိုလ်သည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဇဟတိ၊ ပယ်စွန့်၏-ဟူ၍ "ပယ်စွန့်ခြင်း-ပဇဟတိ" ကြိယာဖြင့် ဟောတော်မူသည်၊ ပိုင်းခြား၍ သိ၏ ဟူသော "ပရိဇာနာတိ"ကြိယာဖြင့် ဟောတော်မမူချေ။

ဒုက္ခသစ္စာထိုက်သောတရားတို့၌ ပယ်ခြင်းဟူသော ပဟာနပရိညာကို မရအပ်၊ ဉာတပရိညာ, တီရဏပရိညာနှစ်ပါးကို ရအပ်၏။

၁။ ဒုက္ခသစ္စာသည် ပဟာနပရိညာ, တီရဏပရိညာတို့ဖြင့် ပိုင်းခြား၍ သိအပ်သောတရား, လက္ခဏာရေးသုံးပါးတို့ဖြင့် စီစစ်အပ်သောတရားများသာ ဖြစ်သည်၊ သမုဒယသစ္စာကို မပယ်ဘဲ ဒုက္ခသစ္စာကို ပယ်နိုင်သည်ဟူ၍မရှိ၊ သမုဒယသစ္စာကို ပယ်လိုက်လျှင်လည်း ထိုဒုက္ခသစ္စာတရားတို့ကို ပယ်ခြင်းကိစ္စပြီးစီးလေတော့၏။

၂။ ဒုက္ခသစ္စာတရားတို့ကို ဉာတပရိညာဖြင့် ပိုင်းခြား၍ သိအောင်ပြုခြင်း, တီရဏပရိညာဖြင့် အနိစ္စ,ဒုက္ခ,အနတ္တ-ဟူ၍ ထိထိရောက်ရောက် စီစစ်ခြင်း၊ ဤကိစ္စများကိုပြုလုပ်အားထုတ်သောအခါ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စလည်း ပြီးလေတော့၏၊ သမုဒယသစ္စာကို ပယ်နိုင်လျှင် ဒုက္ခသစ္စာတွေကိုလည်း ပယ်ခြင်းကိစ္စပြီးစီးလေတော့သည်။

ဒုက္ခနှင့် သမုဒယသစ္စာ နှစ်ပါးသည် အကျိုးအကြောင်း ဆက်သွယ်၍ နေသောကြောင့် သစ္စာတခုကို ပရိညာကိစ္စမြောက်အောင် ပြုလုပ်သည်ရှိသော် သစ္စာတခုကိုလည်း ပရိညာကိစ္စဖြင့် ပြုလုပ်ခြင်းကိစ္စပြီးစီးလေတော့ သည်သာတည်း။

၁။ တကယ့်အလုပ်စခန်းမှာမူကား ဒုက္ခသစ္စာအပေါ်၌သာရှိ၏၊ဒုက္ခသစ္စာတွေကို ဉာတပရိညာ, တီရဏပရိညာ နှစ်ပါးတို့ဖြင့် ပိုင်နိုင်စွာ ပြုလုပ်သောအခါ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ ပြီးစီးလေတော့၏၊ ဒုက္ခသစ္စာ၌ ပရိညာကိစ္စကို မထူထောင်ဘဲ သမုဒယသစ္စာ သက်သက်အပေါ်မှာ ပဟာနပရိညာဖြင့် ပယ်၍နေသော်လည်း ဖြစ်မြောက်နိုင်မည်မဟုတ်ချေ။

၂။ ဒုက္ခသစ္စာသည်အကျိုး၊သမုဒယသစ္စာသည်အကြောင်း၊တကယ့်အလုပ်စခန်းဖွင့်သောအခါ ဒုက္ခသစ္စာအပေါ်၌သာ ပရိညာအလုပ်

www.dhammaransi.com



စခန်းကြီးကိုဖွင့်ရသည်၊ ဒုက္ခသစ္စာ၌ ပရိညာအလုပ်စခန်းကြီး ပေါက်သွားလျှင် သမုဒယသစ္စာကို ပယ်နိုင်ခြင်းတည်းဟူသော ပဟာနပရိညာအလုပ်စခန်းကြီးလည်း အလိုလိုပေါက်လေတော့၏။

နိရောဓသစ္စာ,မဂ္ဂသစ္စာ နှစ်ပါးတို့သည် လောကုတ္တရာသစ္စာမည်၏။

၁။ မဂ္ဂသည်အကြောင်းသစ္စာ,

၂။ နိရောဓသည်အကျိုးသစ္စာတည်း။

မဂ္ဂသစ္စာ၌ ပွားများခြင်းတည်းဟူသော ဘာဝနာကိစ္စကြီးကို ထူထောင်လျှင် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတည်းဟူသော သစ္ဆိကရဏကိစ္စကြီး ပြီးမြောက်လေတော့၏၊မဂ္ဂသစ္စာ၌ဘာဝနာအလုပ်ကို မထူထောင်ဘဲ နိရောဓသစ္စာကို မျက်မှောက်ပြုရန် မည်သို့ပင်ကြိုးစားသော်လည်း ထမြောက် အောင်မြင်နိုင်မည်မဟုတ်ချေ။

၁။ ဒုက္ခ, သမုဒယတည်းဟူသော လောကီသစ္စာ နှစ်ပါးတို့တွင် အကျိုးသစ္စာအပေါ်၌ အလုပ်စခန်းကို ဖွင့်ရသည်။

၂။ နိရောဓ, မဂ္ဂတည်းဟူသော လောကုတ္တရာ သစ္စာနှစ်ပါးတို့တွင် အကြောင်းသစ္စာအပေါ်၌ အလုပ်စခန်းကို ဖွင့်ရသည်။

လောကီသစ္စာ, လောကုတ္တရာသစ္စာတို့၌ အလုပ်စခန်းကို ထူထောင်ရာတွင် အကျိုးအကြောင်း တဖက်တလမ်း ဖြစ်၍နေ၏၊ သဘောများကို စဉ်းစားဆင်ခြင်ကြလေကုန်။

ဒုက္ခသစ္စာသည် သမုဒယသစ္စာ၏ ကျက်စားရာ နယ်ကြီးဖြစ်၏၊ လောကီခေါ်သော ဘုံသုံးပါးသည် တဏှာ၏ ကျက်စားရာ နယ်ကြီးဟုဆိုလိုသည်၊ ကျက်စားရာဖြစ်သော နယ်ကြီးအတွင်း၌ သာယာဖွယ်သဘော, နှစ်သက်ဖွယ်သဘောကိုဉာတပရိညာ, တီရဏပရိညာ နှစ်ပါးတို့ဖြင့် ထွားထွားညက်ညက်, အပျက်ကြီးပျက်အောင် ဖျက်ဆီးချေမှုန်းလိုက်သောအခါ တဏှာဝင်၍ မကျက်စားနိုင်တော့ချေ၊ ကျက်စားနေကျဖြစ်သော နယ်သို့ တဏှာမသီနိုင်ဆိုလို၏၊ ထိုသို့ ဖြစ်သည်ကိုပင် တဏှာကို ပယ်သည်-ဟူ၍ဆိုရလေသည်။

www.dhammaransi.com



ဒုက္ခသစ္စာတရားတို့၌ ပရိညာကိစ္စအလုပ်စခန်းကြီးကို ထူထောင်ခြင်းကား တဏှာ၏ ကျက်စားရာ ကျက်စားခွင့်ကို ဖျက်ဆီး ချေမှုန်းသော အလုပ်ကြီးပင်တည်း၊ ထို့ကြောင့် ဒုက္ခသစ္စာ၌ အလုပ်စခန်းဖွင့်ရသည်-ဟူ၍ဆိုခဲ့ပေသတည်း၊ တဏှာကို ပယ်လိုက်လျှင် ဒုက္ခသစ္စာကို အထူးပယ်နေရန်မလို၊ ပယ်ခြင်းကိစ္စပြီးစီးလေတော့သည်။

ဒုက္ခသစ္စာကို ပယ်ခြင်းဆိုသည်မှာ တဏှာကို ပယ်သော နည်းမျိုးဖြင့် ပယ်ရသည်မဟုတ်၊ နောင်လာလတ္တံ့သော အနန္တရ ဘဝမှစ၍ အနာဂတ် ကာလ၌ ဖြစ်ပေါ်လတ္တံ့သော ဒုက္ခသစ္စာတို့ကို ဤမျက်မှောက်ဘဝ၌ မဂ်စိတ်ဖြစ်ဆဲအခါ သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်း, ဖိုလ်စိတ်ဖြစ်သောအခါ ပဋိပဿဒ္ဓိပဟာန်ဖြင့် ပယ်ခြင်း, ထို့နောက် ထိုဒုက္ခတို့မှ အကြွင်းမဲ့ကျွတ်လွတ်ခြင်းတည်းဟူသော နိဿရဏပဟာန်ဖြင့် ပယ်ခြင်း၊ ဤပယ်ခြင်းမျိုးတို့ဖြင့် ပယ်ဖြတ်ခြင်းကိုပင်လျှင် ဒုက္ခသစ္စာကို ပယ်သည်ဟူ၍ ဆိုရသည်။

## ဒုက္ခသစ္စာပယ်ပုံကို ဥပမာဖြင့် ထင်စွာပြဦးအံ့

တခုသောအရပ်ဌာန၌ အဆိပ်ပင်တပင် ပေါက်ရောက် ဖြစ်ထွန်း၍နေလေ၏၊ ထိုအဆိပ်ပင်သည် အစဉ်အတိုင်းကြီးပွားသည် ရှိသော် အပွင့်အသီးတို့ကို ဆောင်ရာ၏၊ ထိုအပွင့်အသီးတို့ကို အစွဲပြု၍ ထိုအရပ်ဌာန၌၎င်း, စပ်လျဉ်းသမျှသော အရပ်ဌာနတို့၌၎င်း၊ နှစ်ပေါင်းတသောင်း တသိန်းတိုင်အောင် အဆိပ်ပင်တို့သည် သားစဉ်မြေးဆက်ဖြစ်ထွန်းပေါက်ပွား၍ နေလေရာ၏၊ ကမ္ဘာပျက်သည် တိုင်အောင်သော်လည်း ပြန့်နှံ့စည်ကား၍ နေလေရာ၏။

တယောက်သော ယောကျ်ားသည် ထိုအဆိပ်ပင်ကြီးကို မြင်သောအခါ "ဤသစ်ပင်၏ အပွင့်အသီးတို့ကို စားကြလျှင် သတ္တဝါပေါင်းများစွာသေကြေပျက်စီးကြကုန်ရာ၏" ဤသို့ ဆင်ခြင်မြော်မြင်သိရှိလေသောကြောင့် ထိုအဆိပ်ပင်ကို အမြစ်ပါမကျန်ရအောင် ခုတ်လှဲ၍ ပစ်လေ၏၊ အဆိပ်ပင်ကြီး ပြုန်းတီးလေသောအခါ ထိုအဆိပ်ပင်ကို အစွဲပြု၍ နောင်အနာဂတ်အခါ ပြန့်နှံ့ပေါက်ပွား လတ္တံ့သော အဆိပ်ပင်အစဉ်အဆက်တို့ကိုလည်း ခုတ်ပိုင်းဖြတ်တောက်ခြင်းပြီးစီးလေတော့၏၊

www.dhammaransi.com



အနာဂတ်အခါ၌ ပေါက်ပွားဖြစ်ထွန်းလတ္တံ့သော အဆိပ်ပင် အစဉ်အဆက်တို့သည် မူလအဆိပ်ပင်ကြီးကို ခုတ်ပိုင်းသတ်ဖြတ်လိုက်သည်နှင့်တပြိုင်နက် ပျက်စီးခြင်းသဘောသို့ ရောက်ကြလေကုန်၏။

[ဤဥပမာအတိုင်းဒုက္ခသစ္စာကို ပယ်ပုံသဘောကိုမှတ်သားဆင်ခြင်ရာ၏။]

အဆိပ်ပင်ကို ဖြတ်သည်ဆိုသောစကား၌—

အရင်းအမြစ်ကဖြတ်ခြင်း, အပင်လုံးက ဖြတ်ခြင်းဟူ၍ ဖြတ်ပုံဖြတ်နည်းနှစ်မျိုးရှိပြန်သည်။

၁။ အမြစ်ပါမကျန် ဖြတ်ခြင်းသည်သာလျှင် နောင်တဖန်ပြန်၍ မပေါက်နိုင်သဖြင့် အကြွင်းမဲ့ဖြတ်ခြင်းမည်၏။

၂။ ပင်လုံးကဖြတ်ခြင်းသည် နောင်တဖန် ပြန်၍ပေါက်ပွားနိုင်သောကြောင့် အကြွင်းမဲ့ဖြတ်ခြင်းမမည်။

အမြစ်ပါမကျန် အကြွင်းမဲ့ဖြတ်လိုက်လျှင် ဤပစ္စုပ္ပန် အဆိပ်ပင်နှင့်တကွ နောင်အခါ ပေါက်ပွားလတ္တံ့သော အဆိပ်ပင်အစဉ်အဆက်တွေ မပေါက်နိုင်ခြင်း, ပျက်စီးခြင်း သဘောသို့ ရောက်လေသည်။

ပင်လုံးက ဖြတ်လျှင် ဤပစ္စုပ္ပန်အဆိပ်ပင်ကြီးလည်း အကြွင်းမဲ့ ပျက်စီးသည်မဟုတ်ဘဲ နောင်တဖန် အကိုင်းအခက် ပေါက်ရောက်စည်ကား၍ အပွင့်အသီးကို ဆောင်ပြီးလျှင် နောင်အနာဂတ်အဖို့၌ အဆိပ်ပင် အစဉ်အဆက်တွေ ပေါက်ရောက်စည်ကားမည်ပင် ဖြစ်လေသည်။

၁။ အဆိပ်ပင်ကို အမြစ်ပါမကျန် အကြွင်းမဲ့ဖြတ်ခြင်းသည် သမုစ္ဆေဒပဟာန်နှင့်တူ၏။

၂။ ပင်လုံးကဖြတ်ခြင်းသည် တခဏသာ သစ်ပင်စည်ကားခြင်းရပ်၍ နောင်တဖန်စည်ကားမည်ဖြစ်သောကြောင့် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်နှင့်တူ၏။

အမြစ်ပါမကျန်စေရအောင် အကြွင်းမဲ့ခုတ်ဖြတ်ခြင်းကိုမှ ပဟာနပရိညာကိစ္စဆိုသည်၊ ပဟာနပရိညာကိစ္စကြီးပြီးမြောက်မှလည်း အနာဂတ်သံသရာ၌ ဒုက္ခသစ္စာတွေကိုပယ်နိုင်သည်။

www.dhammaransi.com



## ဥပမာ,ဥပမေယျနှီးနှော၍ပြဦးအံ့

၁။ မူလအဆိပ်ပင်ကြီးသည် ဤပစ္စုပ္ပန်ခန္ဓာ အတ္တဘောနှင့်တူ၏။

၂။ အဆိပ်ပင်၏အမြစ်သည် ဤအတ္တဘော၌ရှိသော တဏှာသမုဒယနှင့်တူ၏။

၃။ သစ်ပင်ခုတ်သောယောကျ်ားသည် မြတ်စွာဘုရား၏ သာသနာတော်၌ သမုဒယသစ္စာကိုပယ်ရန် ဝိပဿနာဉာဏ်ကို ထူထောင်၍နေသော ယောဂီပုဂ္ဂိုလ်နှင့်တူ၏။

၄။ အဆိပ်ပင်အစဉ်အဆက်တွေသည် ဒုတိယဘဝမှစ၍ နောင်အနာဂတ်သံသရာ၌ဖြစ်ပေါ်လတ္တံ့သောအပါယ်ခန္ဓာအတ္တဘောစသော ဒုက္ခသစ္စာအစဉ်အဆက်တွေနှင့်တူ၏၊

၅။ အဆိပ်ပင်ကြီးကို အကြွင်းမဲ့ခုတ်ဖြတ်ခြင်းသည် တဏှာ သမုဒယကို ပဟာနပရိညာကိစ္စဖြင့် အကြွင်းမဲ့ ပယ်သတ်လိုက်ခြင်းနှင့်တူ၏။

၆။ အဆိပ်ပင်ကြီးကို အမြစ်ပါမကျန် အကြွင်းမဲ့ ခုတ်ဖြတ်လိုက်သည်ရှိသော် ထိုအဆိပ်ပင်ကြီးသေ၍ နောင်အခါ ပေါက်ပွားလတ္တံ့သော အဆိပ်ပင်အစဉ်အဆက်တွေ မဖြစ်ပေါ် မပေါက်ပွားခြင်းသည် တဏှာသမုဒယ ပဟာနပရိညာဖြင့် အကြွင်းမဲ့ ပယ်သတ်လိုက်သဖြင့် ဤပစ္စုပ္ပန်ဘဝ၌ တဏှာသမုဒယသေ၍ နောင်အနာဂတ်သံသရာနှင့် ဒုက္ခသစ္စာအဖြစ်ရပ်မှုကြီးကိုပင်လျှင် နိရောဓသစ္စာ-ဟူ၍ဆိုရလေသည်။

၇။ အဆိပ်ပင်ကိုဖြတ်ရန်အားထုတ်ခြင်းသည် မဂ္ဂဘာဝနာကို ပွားများခြင်းနှင့်တူ၏။

[ဤသို့ဥပမာ,ဥပမေယျကိုနှီးနှောဆင်ခြင်လေ။]

## ပဟာနပရိညာသဘောကိုခွဲခြမ်း၍ပြဆိုဦးအံ့

**ပဒုမနိဒ္ဒေသ်။** "အတ္တဒိဋ္ဌိနှင့်တကွသော တဏှာကို အကြွင်းမဲ့ ပယ်သတ်အပ်သည်ရှိသော် အလုံးစုံသော ဒုစရိုက်တို့နှင့်တကွ အပါယ်ဘဝတွေကို ပယ်သတ်ခြင်းကိစ္စပြီးစီးလေ၏၊ ထိုဒိဋ္ဌိသမ္ပယုတ်တဏှာကို ပယ်သတ်သည်ကအစပြု၍ ထိုပုဂ္ဂိုလ်သည် ဒုစရိုက်ဘေး, အပါယ်ဘေးတို့မှ ကျွတ်လွတ်လေ၏၊ ဤဘေးကြီးနှစ်ပါးတို့မှ ကျွတ်လွတ်ငြိမ်းအေးမှုကြီး

www.dhammaransi.com



ကိုပင်လျှင် ဗုဒ္ဓဘာသာ သာသနာတော်၌ သဥပါဒိသေသ အသင်္ခတ ပဌမမဟာနိဗ္ဗာန်ကြီး-ဟူ၍ဆိုအပ်ပေသည်။

[ဤပဌမနိဗ္ဗာန်ကြီးသည် ပဌမအရိယာသောတာပန်ပုဂ္ဂိုလ်, ဒုတိယအရိယာ သကဒါဂါမိပုဂ္ဂိုလ်တို့ခံစားအပ်သောနိဗ္ဗာန်ကြီးပေတည်း။]

**ဒုတိယနိဗ္ဗာန်။** ။အကြင်အခါ၌ဒိဋ္ဌိနှင့်မယှဉ်သော ကာမတဏှာကို အကြွင်းမဲ့ပယ်သတ်အပ်၏၊ ထိုအခါကာမသုဂတိဘုံတို့၌ အသစ်ဖြစ်ပေါ် လတ္တံ့သောဘဝတို့ကိုပယ်သတ်ခြင်းကိစ္စပြီးစီးလေတော့၏၊ ကာမတဏှာ ဟူသမျှတို့ကိုလည်း ပယ်သတ်ခြင်းကိစ္စပြီးစီးလေတော့၏၊ ထိုပုဂ္ဂိုလ်သည် နောင်အနာဂတ်အခါ ကာမဂုဏ်နှင့်စပ်သော ကိလေသာ လှိုင်းတံပိုးတို့ ဖြင့် ပြိုးပြွမ်းသော ဒုစရိုက်ဒုရာဇီဝဘေး, အပါယ်လေးပါးဘေး, ကာမ သုဂတိဘဝဘေးတို့မှ ကျွတ်လွတ်လေ၏၊ဤကျွတ်လွတ်မှုကြီးကို ဗုဒ္ဓ သာ သနာတော်၌ သဥပါဒိသေသဒုတိယနိဗ္ဗာန်ကြီး-ဟူ၍ခေါ်ဆိုအပ်သည်။

[တတိယအရိယာအနာဂါမိပုဂ္ဂိုလ်တို့ ခံစားအပ်သောနိဗ္ဗာန်ကြီးပေတည်း။]

**တတိယနိဗ္ဗာန်။** ။အကြင်အခါ ရူပဘုံ၌ တပ်မက်သော ရူပရာဂ, အရူပဘုံ၌ တပ်မက်သောအရူပရာဂ၊ ဤတဏှာနှစ်ပါးကို အကြွင်းမဲ့ ပယ်သတ်အပ်၏၊ ထိုအခါ ရူပဗြဟ္မာဘဝ, အရူပဗြဟ္မာဘဝတို့ကို ပယ် ခြင်းကိစ္စပြီးစီးလေ၏၊ ထိုအခါမှစ၍ နောင်အနာဂတ်ကာလ၌ထိုပုဂ္ဂိုလ် သည် သဿတဒိဋ္ဌိဘေးကြီး,ဥစ္ဆေဒဒိဋ္ဌိဘေးကြီး,မာနဘေးကြီး,အနိစ္စ ဘေးကြီးတို့ဖြင့် နှိပ်စက်အပ်သောရူပဘဝ, အရူပဘဝတို့မှကျွတ်လွတ် လေ၏၊ အလုံးစုံသော ကိလေသာဘေးကြီးတို့နှင့်တကွ အလုံးစုံသော ဘုံဘဝဘေးကြီးတွေမှ ကျွတ်လွတ်လေ၏၊ ဤကျွတ်လွတ်မှုကြီးကို ဗုဒ္ဓ သာသနာတော်၌ အနုပါဒိသေသ အသင်္ခတ မဟာနိဗ္ဗာန်ကြီး-ဟူ၍ ဆိုအပ်သည်။

[စတုတ္ထအရိယာရဟန္တာအရှင်မြတ်တို့ခံစားအပ်သောနိဗ္ဗာန်ကြီးပေတည်း။]

ရဟန္တာ အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် မစံမီ အတွင်းမှာ မိမိတို့ဖြစ်ရာဘုံ၌ ရရှိပြီးသော ခန္ဓာ ဝန်ထုပ်ကြီးကို မစွန့် နိုင်ကြသေးကုန်၊ ခန္ဓာတန်းလန်းနှင့်ပင် တည်နေတော်မူကြကုန်သည်၊ ပရိနိဗ္ဗာန်စံသော စုတိစိတ်နောက်၌မူကား တစုံတခုသောခန္ဓာဝန်ကိုမျှ

www.dhammaransi.com



သည်ပိုး ထမ်းဆောင်ခြင်း ရှိတော်မမူကြကုန်၊ ခန္ဓာငါးပါး အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန ဓာတ်ကြီးဆိုက်ရောက် လေတော့သတည်း။

### နိဗ္ဗာန်၏အသင်္ခတဖြစ်ပုံ

နိဗ္ဗာန်ကို"အသင်္ခတ" ဆိုရခြင်းမှာ မပြုအပ်သောသဘော, ပြုပြင်မှုမရှိသော သဘောကြောင့် ဆိုရလေသည်။

သင်္ခရိယတေတိ သင်္ခတံ။ သင်္ခရိယတေ၊ အဖန်ဖန်ပြုအပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သင်္ခတံ၊ သင်္ခတမည်၏။ နသင်္ခတံ အသင်္ခတံ။ သင်္ခတံ၊ အဖန်ဖန် ပြုပြင်အပ်သည်။န၊ မဟုတ်။ ဣတိတသ္မာ၊ထို့ကြောင့် အသင်္ခတံ၊ အသင်္ခတ မည်၏။

(က) နိဗ္ဗာန်မှ တပါးသော ပရမတ္ထ တရားဟူသမျှသည် ပြုပြင်စီရင်အပ်သော သဘောရှိကြသောကြောင့် သင်္ခတ မည်၏။

(ခ) နိဗ္ဗာန်သည် ထိုသို့ပြုပြင်အပ်သော သဘောမရှိသောကြောင့် အသင်္ခတမည်၏။

၁။ ဖြစ်ခြင်းသဘောရှိသမျှ ပြုပြင်ခြင်းသဘောရှိသည်၊ နိဗ္ဗာန်မှာ ဖြစ်ခြင်းသဘောမရှိ၊ ထို့ကြောင့် ပြုပြင်ခြင်းသဘောမှ ကင်းသည်။

၂။ ချုပ်ခြင်းကိုပင် နိဗ္ဗာန်ဆိုရ၏၊ ချုပ်ခြင်းသဘောသည် ပြုပြင်အပ်သော သဘောမဟုတ်၊ မမြဲသော အနိစ္စတရားတို့သည် တဖန်ဖြစ်ပေါ်အောင် ထူထောင်အပ်သော သင်္ခတသဘောရှိ၏၊နိဗ္ဗာန်သည်ကား နိစ္စထာဝရမြဲသော သဘောရှိသောကြောင့် တဖန်ဖြစ်ပေါ်အောင် ထူထောင်အပ်သော သင်္ခတသဘော မရှိချေ။

၃။ ချုပ်ခြင်းနိရောဓသဘောမှာ တဖန်ပြုပြင်အပ်သော သဘောမရှိသောကြောင့် မဂ်ကိစ္စဖြင့် တကြိမ်ချုပ်လေပြီးသော နိရောဓသဘောသည် အစဉ်ထာဝရ တည်လေတော့၏၊တဖန်ပြန်၍ ချုပ်အောင်ပြုလုပ်ဖွယ်ကိစ္စမရှိပြီ၊ ထို့ကြောင့် မဂ်စိတ်သည် အကြိမ်ကြိမ် ဖြစ်လေ့မရှိဘဲ တကြိမ်တည်းသာ ဖြစ်ဖို့မဓမ္မတာရှိလေသတည်း။

www.dhammaransi.com



၄။ နိရောဓဓာတ်ဖြစ်သော နိဗ္ဗာန်သည် ဇာတိသဘော မရှိသောကြောင့် မပြုပြင်မစီရင်အပ်၊မည်မျှလောက်ပင် ပြုပြင်စီရင်အပ်ပါသော်လည်း ဖြစ်ပေါ်လိမ့်မည်မဟုတ်၊ နိဗ္ဗာန်သည် နိစ္စ, ဓာဝရ, ဓုဝသဘော ရှိသောကြောင့် ပြုပြင်စီရင်အပ်သည် မဟုတ်၊ ထို့ကြောင့် နိဗ္ဗာန်ကို အသင်္ခတ-ဟူ၍ ဆိုအပ်လေသတည်း။

[ဤကား နိဗ္ဗာန်၏ အသင်္ခတဖြစ်ပုံကို ပြဆိုသောစကားအမြွက်တည်း။]

မြတ်စွာဘုရားလက်ထက်တော်အခါ–

၁။ ပဌမနိဗ္ဗာန်သို့ ဆိုက်ရောက်ကြသော လူ, နတ်, ဗြဟ္မာတို့သာလျှင် အများဆုံးဖြစ်ကြကုန်၏။

၂။ ဒုတိယနိဗ္ဗာန်သို့ ဆိုက်ရောက်ကြသော လူ,နတ်,ဗြဟ္မာတို့သည်ကား ထိုထက်နည်းပါးကြကုန်၏။

၃။ တတိယမဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်ကြကုန်သောလူ,နတ်, ဗြဟ္မာတို့သည်ကား ထိုထက်ပင် နည်းပါးကြကုန်၏။

> အဘယ့်ကြောင့်နည်းဆိုသော် သဒ္ဓိန္ဒြေ, ပညိန္ဒြေ-စသော ဣန္ဒြေတရားတို့က အနုတွေများသောကြောင့်တည်း၊ဣန္ဒြေအရင့်ဆုံး အခြေအနေသို့ရောက်မှတတိယမဟာနိဗ္ဗာန်ကြီးသို့ ရောက်နိုင်ကြကုန်သည်။

ပဌမနိဗ္ဗာန်စခန်းသို့ ဆိုက်ရောက်ကြကုန်သောသူတို့သည်–

၁။ သံသရာကြွင်းကျန်သေးသည့် အတွက်ကြောင့် ဘုံဘဝတို့၌ကျင်လည်သောအခါ အလုံးစုံသော မိစ္ဆာဒိဋ္ဌိဘေး, အလုံးစုံသော အပါယ်ဘေးတို့မှ ကင်းလွတ်ကြကုန်၏၊ အပါယ်လေးဘုံကို အောင်မြင်ကြကုန်၏။

၂။ လူ့ဘဝ, နတ်ဘဝတည်းဟူသော သုဂတိ သံသရာတို့၌သာလျှင် ကျင်လည်ကြရကုန်၏၊ ထိုသုဂတိ သံသရာတို့၌လည်း အယုတ်အညံ့မဖြစ်ကုန်ဘဲ အမြင့်အမြတ်တို့သာ ဖြစ်ကြလေကုန်၏။

၃။ ပဌမနိဗ္ဗာန်သို့ ဆိုက်ရောက်ကြသောအခါ မြဲသောသရဏဂုံလည်းရှိကြကုန်၏၊ဘုရားပြောင်းခြင်း, တရားပြောင်းခြင်း, သံဃာပြောင်းခြင်း မရှိကြကုန်။

www.dhammaransi.com



၄။ မြဲသောသမ္မာဒိဋ္ဌိအယူလည်း ရှိကြကုန်သည်၊ သံသရာသမား လုပ်၍ နေသောသူတို့အထဲတွင် စိတ်အေးချမ်းသာစွာနှင့် အတန်းမြင့်သို့ တက်ရောက်ကြသောပုဂ္ဂိုလ်တို့ပေတည်း။

ဒုတိယနိဗ္ဗာန်သို့ ဆိုက်ရောက်ကြကုန်သော သူတို့သည်—

၁။ ထိုအခါမှစ၍ ကာမဘုံ၌ ပဋိသန္ဓေနေခြင်းမရှိကြကုန်၊ ကာမဘုံကို အောင်မြင်ကြလေကုန်၏၊ ထိုဘဝ၌ပင်လျှင် အထက်မဂ်ကိုပွား၍ ပရိနိဗ္ဗာန် ဝင်စံကြကုန်သည်။

၂။ ထိုသို့ အထက်မဂ်ကို မပွားနိုင်လျှင် ဈာန်တရားတို့ကို ပွားများ၍ဗြဟ္မာ့ပြည်သို့ သွားရောက်ကြလေကုန်၏၊ ထိုပုဂ္ဂိုလ်တို့ထက်သာလွန်ကြ၍ အတန်းအဆင့် မြင့်ကြကုန်သည်။

အနုပါဒိသေသ တတိယမဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်ကြကုန်သောပုဂ္ဂိုလ်တို့သည်ကား—

၁။ တစုံတခုသောဘုံဘဝတို့၌ တဖန်ပဋိသန္ဓေ နေခြင်းကိစ္စမရှိကြလေကုန်၊ သုံးဆဲ့တဘုံတည်းဟူသော လောကကြီးကို အောင်မြင်ကုန်၏၊ ဇာတိသဘော, ဇရာသဘော, မရဏသဘောတို့ကို အောင်မြင်ကြကုန်၏။

၂။ ထိုပုဂ္ဂိုလ်တို့သည် တဖန် ပဋိသန္ဓေ နေခြင်းသဘော မရှိကုန်သောကြောင့် ထိုဘဝမှာပင် ပရိနိဗ္ဗာန်စံတော်မူကြကုန်သည်၊ အထွတ်အမြတ်ဆုံး အတန်းအဆင့် အမြင့်ဆုံးသော ပုဂ္ဂိုလ်တို့ပေတည်း။

### နိဗ္ဗာန်ချမ်းသာ၌ဝေဒနာဝင်ချက်

ဤနေရာ၌ ဝေဒနာဝင်ရန် အချက်ကိုပြဆိုဦးအံ့။

တတိယမဟာနိဗ္ဗာန်ကြီးသို့ ဆိုက်သော ပုဂ္ဂိုလ်တို့အား တဖန် ပဋိသန္ဓေနေရန်မရှိ၊ ဘဝသစ်မရှိဟု ဆို၏၊ ဘဝသစ်မရှိလျှင် ခန္ဓာငါးပါးမရှိ၊ ခန္ဓာငါးပါးမရှိလျှင် ခံစားတတ်သော ဝေဒနာက္ခန္ဓာမှဆိတ်ကင်း၏၊ ဝေဒနာက္ခန္ဓာမရှိလျှင် ထိုနိဗ္ဗာန်၌ ခံစားခြင်းသဘောလည်း မရှိနိုင်၊ ခံစားအပ်သော အာရုံလည်း မရှိနိုင်၊ ထိုခံစားခြင်း သဘောမရှိလျှင် တစုံတခုသော ချမ်းသာ-ဟူ၍ ရှိလိမ့်မည်မဟုတ်၊ သာယာဖွယ်မရှိ၊ နှစ်သက်ဖွယ်မရှိ၊ ဝမ်းမြောက်ဖွယ်မရှိ၊ ချစ်ခင်မြတ်နိုးဖွယ်မရှိ၊ ထိုသို့

www.dhammaransi.com



ချမ်းသာဖွယ်မရှိလျှင် သက်သက် ကောင်းကင်အပြင်ကြီး ကဲ့သို့ အချည်းနှီးသာ ဖြစ်ရာ၏၊ အကျိုးမဲ့ကြီးသာ ဖြစ်ရာ၏၊ (တုစ္ဆ, သုည,နိရတ္ထက ဖြစ်လေရာ၏)။

မျက်မြင်ဒိဋ္ဌအားဖြင့်--

၁။ လူအပေါင်းတို့သည် လူ့ချမ်းသာ၌တည်၍ နိဗ္ဗာန်ကို ရခြင်းငှါ ကြီးစွာသော အားထုတ်ခြင်းဖြင့် အားထုတ်ကြရကုန်၏။

၂။ နတ်အပေါင်းတို့သည် နတ်ချမ်းသာ၌တည်၍ နိဗ္ဗာန်ကို ရခြင်းငှါ ကြီးစွာသော အားထုတ်ခြင်းဖြင့် အားထုတ်ကြရကုန်၏။

၃။ ဗြဟ္မာ အပေါင်းတို့သည် ဗြဟ္မာ့ချမ်းသာ၌ တည်၍ နိဗ္ဗာန်သို့ရောက်ခြင်းငှါ ကြီးစွာသော အားထုတ်ခြင်းဖြင့် အားထုတ်ကြရကုန်၏။

၄။ နိဗ္ဗာန်ကို လိုသောကြောင့် လူ့ချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာ့ ချမ်းသာတွေကို စွန့်လွှတ်ကြရကုန်၏။

ထိုသို့အားထုတ်ကြိုးစားခြင်းတို့သည် တစုံတရာမျှ အကျိုးမရှိကုန်ရာ၊ အလွန်တရာ ကျယ်ဝန်းနက်နဲလှစွာသော အဇ္ဈာကာသ ကောင်းကင်ကြီးအတွင်းသို့အကျိုးမဲ့ ခုန်ဆင်းရန် အားထုတ်သကဲ့သို့သာ ဖြစ်တန်ရာသည် မဟုတ်ပါလော၊ ဤသို့စောဒနာဝင်ရန်ရှိလေသည်။

**အဖြေကိုဆိုအံ့။** "လူ့ပြည်လောက၌ လူ့ချမ်းသာ မည်သည်ရှိ၏၊ နတ်ပြည်လောက၌ နတ်ချမ်းသာမည်သည် ရှိ၏၊ ဗြဟ္မာ့ပြည်လောက၌ ဗြဟ္မာ့ချမ်းသာမည်သည်ရှိ၏၊ ထိုချမ်းသာတို့သည် လောကီချမ်းသာ မည်ကုန်၏၊ လောကီချမ်းသာ ဟူသမျှတို့သည် တဏှာ၏အကြိုက် တဏှာ၏အစာ အာဟာရ, တဏှာ၏ ခေတ်စာတို့သာ ဖြစ်ကြကုန်သည်၊ တဏှာကိုအစွဲပြု၍ စည်းစိမ်ချမ်းသာ-ဟူသောအမည်သညာကို ရရှိကြကုန်သည်၊တဏှာတရားသူကြီး၏ ဆုံးဖြတ်ချက်ချသော အတိုင်းသာလျှင် သတ္တဝါတို့က ထင်မြင်စွဲလမ်း၍ နေကြကုန်သည်။

[ဝိပလ္လာသတရားဖြင့် အထင်မှားနေကြသည်မှာ တဏှာ၏ လက်ချက်ကြီးပေတည်း။]

www.dhammaransi.com



၁။ အကြင် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကာမတဏှာခေတ် ရှိ၏၊ ထိုပုဂ္ဂိုလ်တို့သည် လူ့ဘဝ လူ့ချမ်းသာ, နတ်ဘဝ နတ်ချမ်းသာတွေကို သာယာနှစ်သက်ဖွယ်,ချစ်ခင်မြတ်နိုးဖွယ်တွေ-ဟူ၍ထင်မြင်နေကြကုန်၏၊ အကြင်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရူပတဏှာခေတ်, အရူပတဏှာခေတ် သည်ရှိ၏၊ထိုပုဂ္ဂိုလ်တို့သည် ဗြဟ္မာ့ဘဝ,ဗြဟ္မာ့ချမ်းသာတွေကို သာယာနှစ်သက်ဖွယ်, ချစ်ခင်မြတ်နိုးဖွယ်တွေ-ဟူ၍ ထင်မြင် နေကြကုန်၏။

အကြင်ပုဂ္ဂိုလ်တို့၌ ကာမတဏှာခေတ်မရှိ၊ ထိုပုဂ္ဂိုလ်တို့သည် လူ့ဘဝ လူ့ချမ်းသာ, နတ်ဘဝ နတ်ချမ်းသာတို့ကို သာယာနှစ်သက်ဖွယ် ချစ်ခင်မြတ်နိုးဖွယ်-ဟူ၍ မထင်မြင်နိုင်ကြကုန်၊ လူ့ချမ်းသာ, နတ်ချမ်း သာတွေကို သားရဲအပေါင်း,ဘီလူးအပေါင်း ခိုအောင်း စိုးအုပ်၍နေ သော တောဆိုး, တောကြမ်းကြီးတွေ-ဟူ၍ ထင်မြင်ကြကုန်၏။

လူ့ဘဝ,နတ်ဘဝတွေကိုကိလေသာအမျိုးမျိုး,အပုပ်အညှိအမျိုးမျိုး တို့ဖြင့် ပြိုးပြွမ်းညစ်ပေ၍နေသော စက်ဆုပ်ဖွယ် အကောင်တွေ-ဟူ၍ ထင် မြင်ကြကုန်၏၊ ထိုချမ်းသာမျိုး, ထိုဘဝမျိုးတွေကို တဖန်ရလိုသောဆန္ဒ မရှိကြကုန်၊ ထိုချမ်းသာမျိုး, ထိုဘဝမျိုးတို့၏ တဖန်မဖြစ်ခြင်း၊ ထိုချမ်း သာ, ထိုဘဝတို့ကို တဖန် မတွေ့ရခြင်းကိုသာ လိုလား တောင့်တကြ ကုန်၏၊ ထိုချမ်းသာ, ထိုဘဝမျိုးတွေကို အကျိုးမဲ့ကြီးတွေ, အချည်းနှီး ကြီးတွေ-ဟူ၍သာထင်ကြကုန်၏။

[ထိုလူ့ချမ်းသာ လူ့ဘဝ,နတ်ချမ်းသာ နတ်ဘဝတို့၏ တဖန်မဖြစ်ခြင်းသည် ဒုတိယနိဗ္ဗာန်ကြီးမည်၏။]

၂။ အကြင်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရူပတဏှာခေတ်,အရူပတဏှာ ခေတ်သည်ရှိ၏၊ ထိုပုဂ္ဂိုလ်တို့သည် ဗြဟ္မာ့ချမ်းသာ, ဗြဟ္မာ့ဘဝတွေကို သာယာနှစ်သက်ဖွယ်, ချစ်ခင်မြတ်နိုးဖွယ်-ဟူ၍ ထင်မြင်ကြကုန်၏၊ ဗြဟ္မာ့ဘဝသည် အလွန်အသက်ရှည်၏၊ စုတေခြင်းသဘောမရှိ၊ စိုးရိမ် ကြောင့်ကြဖွယ်မရှိ၊ထာဝရနိဗ္ဗာန်ပင် ဖြစ်သည်-ဟူ၍ ထင်မြင်ကြကုန်၏။

ထိုဗြဟ္မာ့ဘုံ၌ရှိသော အသက်ရှည်ခြင်း, အဆင်းလှခြင်း, စည်း စိမ်ချမ်းသာကြီးခြင်း-စသော သမ္ပတ္တိများသည် ရူပတဏှာ, အရူပ တဏှာတို့၏ အစာအာဟာရတို့သာ ဖြစ်ကြကုန်၏၊ ရူပတဏှာ,အရူပ

www.dhammaransi.com



တဏှာကို အစွဲပြု၍ ဖြစ်ပွားချမ်းသာ-ဟူသော အမည်ကိုရ၏၊ ထိုတဏှာ ဓာတ်ရှိလျှင် ရူပဘုံ, အရူပဘုံတို့၌ ဖြစ်ချင်သော ဆန္ဒရှိကြကုန်၏။

အကြင်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရူပတဏှာဓာတ်, အရူပတဏှာ ဓာတ်သည် ကင်းပြတ်ချုပ်ငြိမ်းလေ၏၊ ထိုပုဂ္ဂိုလ်တို့သည်ကား ဖြစ်ပွား ချမ်းသာတို့ကို သူယုတ်တို့ကစားသော ကစားကိရိယာကလေးတွေ ကဲ့သို့ ပင် မှတ်ထင်ကြကုန်၏၊ ထိုဖြစ်ပွားတွေကို ရယ်ဖွယ်ကြီးတွေ-ဟူ၍ပင် မှတ်ထင်ကြကုန်၏။

ထိုသို့ ထင်လေသောအခါ ဖြစ်ပွားတို့၌တဖန်ဖြစ်လိုသောဆန္ဒမရှိကြ ကုန်၊ ဖြစ်ပွားဘဝမျိုးကို ရလိုသောဆန္ဒ မရှိကြကုန်၊ ငြီးငွေ့ပျင်းမုန်းဖွယ် ကြီးတွေ, အကျိုးမဲ့ကြီးတွေ, အချည်းနှီးကြီးတွေ-ဟူ၍ပင် မှတ်ထင်ကြ လေကုန်သည်။

[ထိုဖြစ်ပွားဘုံ, ဘဝတို့၌ တဖန်မဖြစ်ခြင်းသည်ပင်လျှင် တတိယနိဗ္ဗာန်ကြီး မည်၏။]

ဤဝိရာဂသဘောကြီးကို စဉ်းစားဆင်ခြင်ခြင်း မရှိသောကြောင့် သာလျှင် နိဗ္ဗာန်၌ ခံစားဖွယ်, သာယာဖွယ် မရှိပါတကား-ဟူ၍ စောဒနာဝင်ဖွယ်ရှိလေသည်၊ ဝိရာဂသဘောကြီးကို ထိထိမိမိစဉ်းစား ဆင်ခြင်မိပါလျှင် ထိုကဲ့သို့ စောဒနာဝင်ဖွယ်ပင်မရှိချေ၊ တဏှာဓာတ် ခံရှိနေသောသူတို့၏ အတွေးမျိုးနှင့်တွေးလျှင် နိဗ္ဗာန်ကို အကျိုးမဲ့အချည်း နှီး ထင်ပေလိမ့်မည်၊ တဏှာကင်းသော ဝိရာဂသဘော, တဏှာချုပ် သော နိရောဓသဘောမျိုးနှင့် တွေးတောပါမူကား ဤကဲ့သို့ထင်မှား ခြင်းမဖြစ်နိုင်ချေ။

နိဗ္ဗာန်သည် ဝိရာဂ အစစ်, နိရောဓ အစစ်ကြီးပေတည်း၊ တဏှာကို လက်ကိုင်အဖော်ပြုလုပ်၍ နေသောသူတို့၏ အကြိုက်ဓာတ်စာ မျိုးသည် ကား နိဗ္ဗာန်၌ တစုံတရာမျှ မရှိချေ၊ တဏှာချုပ်ငြိမ်းပြီးသော သူတို့၏ အကြိုက်ဓာတ်စာမျိုးသာ နိဗ္ဗာန်၌ ရှိလေသတည်း။

[ဤကား နိဗ္ဗာန်ချမ်းသာနှင့်စပ်၍ စောဒနာဝင်ချက်ကိုဖြေဆိုသောစကား ရပ် ပြီး၏။]

www.dhammaransi.com



## သစ္စယမိုက်၌ ဟောသောပုဒ်အထူးများကို ရှင်းလင်းချက်

တဏှာဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ-ဟူ၍ ဟောတော်မူရာ၌ တဏှာဝိပ္ပယုတ်စိတ်ဆိုသည်ကား စိတ် ၈၉-ခုတို့တွင် လောဘမူ စိတ်ရှစ်ခုကိုကြဉ်ထား၍ ကြွင်းသောစိတ် ၈၁-ခုကို ဆိုသည်၊ လောဘမူစိတ် ၈-ခုသည်ကား တဏှာသမ္ပယုတ်စိတ်ပေတည်း။

တဏှာယ ဥပ္ပါဒက္ခဏေ-ဟူ၍ ဟောတော်မူရာဝယ် တဏှာဥပါဒ် ဆိုသည်ကို လောဘမူစိတ်ရှစ်ခုတို့၏ဥပါဒ်အခိုက်-ဟူ၍မှတ်လေ။

မဂ္ဂဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ-ဟူ၍ ဟောတော်မူရာ၌ မဂ္ဂဝိပ္ပယုတ်စိတ်ဆိုသည်ကား စိတ် ၈၉-ခုတို့တွင် မဂ်စိတ်လေးခုကို ကြဉ်၍ ကြွင်းသော စိတ် ၈၅-ခုကို ဆိုသည်၊ မဂ်စိတ်လေးခုတို့သည်ကား မဂ္ဂသမ္ပယုတ် စိတ်တို့ပေတည်း။

မဂ္ဂဿ ဥပ္ပါဒက္ခဏေ-ဟူ၍ ဟောတော်မူရာ၌ မဂ်စိတ် ဥပါဒ်ဆဲ အခိုက်ကိုကောက်ယူလေ။

ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ-ဟူ၍ ဟောတော်မူရာ၌ "ယဿစိတ္တဿ" အရကို အနာဂါမ်ပုဂ္ဂိုလ် တို့၏ အရဟတ္တမဂ်ကို ရသော ဝီထိ၌ အရဟတ္တမဂ်စိတ်၏ရှေ့၌ ကပ်လျက်ရှိသော ဝေါဒါန် စိတ်ကို ကောက်ယူလေ၊ ယဿစိတ္တဿ၊ အကြင် ဝေါဒါန် စိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ အဂ္ဂမဂ္ဂံ၊ အရဟတ္တမဂ်ကို။ ပဋိလဘိဿန္တိ၊ ရကုန်လတ္တံ့။ (ဤသို့အနက်ပေးလေ။)

အဂ္ဂမဂ္ဂသမင်္ဂီနံ-ဟူ၍ ဟောတော်မူရာ၌ အရဟတ္တ မဂ်စိတ်ဖြစ်ဆဲ ပုဂ္ဂိုလ်ကို ကောက်လေ၊ ထိုပုဂ္ဂိုလ်သည် အဂ္ဂမဂ္ဂသမင်္ဂီပုဂ္ဂိုလ်မည်၏။

ဥပပဇ္ဇန္တာနံ-ဟူ၍ ဟောတော်မူရာ၌ ပဋိသန္ဓေစိတ်ဖြစ်ဆဲ အခိုက်, ပဋိသန္ဓေနေဆဲ အခိုက်ပုဂ္ဂိုလ်ကို ကောက်လေ။

စဝန္တာနံ- ဟူ၍ ဟောတော်မူရာ၌ စုတိစိတ်ဖြစ်ဆဲအခိုက်,စုတေဆဲ အခိုက် ပုဂ္ဂိုလ်ကိုကောက်လေ။

ပစ္ဆိမစိတ္တသမင်္ဂီနံ-ဟူ၍ ဟောတော်မူရာ၌ စုတိစိတ်ဖြစ်ခိုက်,စုတေဆဲအခိုက် ပုဂ္ဂိုလ်ကို ကောက်လေ။

www.dhammaransi.com



ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ-ဟူ၍ ဟောတော်မူရာ၌ စုတိစိတ်၏ ဘင် အခိုက်ကို ကောက်လေ၊ စုတိစိတ်ကို "ပစ္ဆိမ" စိတ်ခေါ်သည်။

သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ-ဟူ၍ ဟောတော်မူရာ၌ သုဒ္ဓါဝါသဗြဟ္မာတို့၏ ပဋိသန္ဓေစိတ် ဥပါဒ်ခိုက်ကို ကောက်လေ။

သုဒ္ဓါဝါသာနံ၊ သုဒ္ဓါဝါသ ဗြဟ္မာတို့၏။ ဥပပတ္တိစိတ္တဿ၊ ပဋိသန္ဓေ စိတ်၏။ ဥပ္ပါဒက္ခဏေ၊ဥပါဒ်ဆဲ ခဏ၌။ ။(ဤသို့အနက်ပေးလေ။)

[ပဋိသန္ဓေစိတ်ကို ဥပပတ္တိစိတ်ခေါ်သည်။]

ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ-ဟူ၍ဟောတော်မူရာ၌ ပဋိသန္ဓေစိတ်၏ ဘင်ခဏကိုလည်း ကောက်ယူအပ်၏။

ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ-ဟူ၍ ဟောတော်မူရာ၌ စုတိစိတ်၏ ဥပါဒ်ခဏကိုလည်း ကောက်ယူအပ်၏။

[ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေတိ အာဂတဋ္ဌာနေ ပဋိသန္ဓိစိတ္တဿာပိ ဘင်္ဂက္ခဏော ဂဟေတဗ္ဗော ဒဋ္ဌဗ္ဗော။တထာ ပဝတ္တေစိတ္တဿ ဥပ္ပါဒက္ခဏေတိ အာဂတဋ္ဌာနေ စုတိစိတ္တဿာပိ ဥပ္ပါဒက္ခဏော၊ "မူလဋီကာပါဠိ"။]

ယေ ပုထုဇ္ဇနာ မဂ္ဂံ နပ္ပဋိလဘိဿန္တိ-ဟူ၍ဟောတော်မူရာ၌ သံသရာ မှမကျွတ်ထိုက်, မဂ်ကိုမရထိုက်သော သံသရာ့သစ်ငုတ် ပုထုဇဉ် လေး ယောက်ကို ကောက်လေ။

ယေပုထုဇ္ဇနာ၊ အကြင်ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်။ မဂ္ဂံ၊မဂ်ကို။ နပ္ပဋိ-လဘိဿန္တိ၊ မရကုန်လတ္တံ့။ ။(ဤသို့အနက်ပေးလေ။)

[ထိုပုဂ္ဂိုလ်မျိုးကို သံသရာ့ သစ်ငုတ်တိုကြီးဟူ၍ငင်း, ဝဋ်၌သာ မွေ့လျော် တတ်သော ဝဋ္ဋာဘိရတပုဂ္ဂိုလ်ဟူ၍ငင်း ဆိုအပ်လေသည်။]

ယေ မဂ္ဂံ ပဋိလဘိဿန္တိ-ဟူ၍ ဟောတော်မူရာ၌ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်ကို ကောက်ယူအပ်၏။

### ထိုနှင့်ဆိုင်သောပါဠိတော်ကိုထုတ်ပြပေအံ့

ယဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿ-တီတိ၊ ယေ ပုထုဇ္ဇနာ မဂ္ဂံ နပ္ပဋိလဘိဿန္တိ၊ တေသံ သမုဒယ-သစ္စံ ဥပ္ပဇ္ဇိဿတိ၊နောစ တေသံ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတိ။ ယေ မဂ္ဂံ ပဋိလဘိဿန္တိ၊ တေသံ သမုဒယသစ္စဉ္စ ဥပ္ပဇ္ဇိဿတိ၊ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇိဿတိ။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်အား သမုဒယသစ္စာ ဖြစ်လတ္တံ့၊ ထိုပုဂ္ဂိုလ်အား မဂ္ဂသစ္စာဖြစ်လတ္တံ့လော၊အကြင် ပုထုဇဉ်တို့သည် မဂ်ကိုမရကုန်လတ္တံ့၊ ထိုပုထုဇဉ်တို့အား သမုဒယသစ္စာဖြစ်လတ္တံ့၊ မဂ္ဂသစ္စာမဖြစ်လတ္တံ့။ အကြင် ပုထုဇဉ်တို့သည် မဂ်ကိုရကုန်လတ္တံ့၊ ထိုပုထုဇဉ်တို့အား သမုဒယသစ္စာလည်းဖြစ်လတ္တံ့၊ မဂ္ဂသစ္စာလည်း ဖြစ်လတ္တံ့။

သစ္စယမိုက်အဖွင့်ပြီး၏။

## သင်္ခါရယမိုက်အဓိပ္ပါယ်ချုပ်

သင်္ခါရသည် (၁) ကာယသင်္ခါရ၊ (၂) ဝစီသင်္ခါရ၊ (၃) မနောသင်္ခါရ-ဟူ၍ သုံးပါးရှိသည်။

ထိုသုံးပါးတို့တွင်—

၁။ အဿာသပဿာသာ ကာယသင်္ခါရော-ဟူ၍ ဟောတော်မူအပ်သော အတိုင်း ထွက်သက်ဝင်သက် နှစ်ပါးသည် ကာယသင်္ခါရမည်၏။

၂။ ဝိတက္က ဝိစာရာ ဝစီသင်္ခါရော-ဟူ၍ ဟောတော် မူအပ်သော အတိုင်း ဝိတက် စေတသိက်နှင့် ဝိစာရစေတသိက် နှစ်ပါးသည် ဝစီသင်္ခါရမည်၏။

၃။ ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ စိတ္တသင်္ခါရော-ဟူ၍ ဟောတော်မူအပ်သော အတိုင်း ဝိတက်, ဝိစာရမှ တပါးသော စေတသိက်ငါးဆယ်သည် စိတ္တသင်္ခါရမည်၏။

### ကာယသင်္ခါရကိုပြဆိုချက်

**ကာယသင်္ခါရ—ဟူသောပုဒ်၌။** ။ကာယေန သင်္ခရီယတီတိ ကာယသင်္ခါရော။ ။ကာယေန၊ကိုယ်ကြီးသည်။ သင်္ခရီယတိ၊ ပြုအပ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ကာယသင်္ခါရော၊ ကာယသင်္ခါရမည်၏။

စတုသမုဋ္ဌာနိက ရုပ်အစုအဝေးကြီး ဖြစ်သော ဤကိုယ်ကြီးသည် ကာယမည်၏၊ ပြုပြင်အပ်သော သဘောသည် သင်္ခါရမည်၏၊ ဤကမ္မသာနေဝိဂြိုဟ်အလိုအားဖြင့် ထွက်သက်,ဝင်သက် နှစ်ပါးသည် ကိုယ်က ပြုအပ်သော သဘောရှိ၏ဟု ဆိုလိုသည်၊ထွက်သက်,ဝင်သက် နှစ်ပါးကို ဤကိုယ်ကြီးက ပြုလုပ်၍နေသည်ဟု အဓိပ္ပါယ်ရသည်။

www.dhammaransi.com



ဤဝိဂြိုဟ်လည်း သင့်မြတ်ပေ၏၊ထွက်သက်ဝင်သက်ဆိုသည်မှာ ကိုယ်ကလုပ်၍ ဖြစ်သောအရာများပေတည်း။

**တနည်းကား။** ။ကာယံ သန်ရောတိတိ ကာယသင်္ခါရော။ ။ ကာယံ၊ဤကိုယ်ကြီးကို။ သန်ရောတိ၊ပြုပြင်တတ်၏။ ဝါ၊တည်တန့်အောင် ပြုပြင်၍နေ၏။ဣတိတသ္မာ၊ထို့ကြောင့်။ ကာယသင်္ခါရော၊ ကာယသင်္ခါရ မည်၏။

ဤကတ္တုသာဓနဝိဂြိုဟ် အလိုအားဖြင့် ထွက်သက်,ဝင်သက်များက ဤကိုယ်ကြီးကိုပြုပြင်၍ နေသည်ဟုဆိုလို၏၊ ကိုယ်ကိုပြုပြင်၍နေ၏-ဆိုသည်မှာ ဤကိုယ်ကြီးကို သေခြင်းသို့မရောက်ဘဲ တည်တန့်၍နေအောင် အမြဲစောင့်ရှောက်သော သဘောအားဖြင့်ပြုပြင်မှုကို ဆိုသတည်း။

ထိုစကားမှန်၏၊ ထွက်သက်,ဝင်သက် နှစ်ပါးရှိခြင်းကြောင့်သာလျှင် ဤကိုယ်ကြီး တည်တန့်၍နေနိုင်သည်၊ ထွက်သက်,ဝင်သက် နှစ်ပါးမရှိလျှင် တည်တန့်၍ နေနိုင်မည်မဟုတ်၊ သေခြင်းသို့ ရောက်မည်အမှန်တည်း၊ ထို့ကြောင့် ထွက်သက်,ဝင်သက်က ဤကိုယ်ကြီးကို ပြုပြင်၍နေသည်-ဟူသောစကားသည်လည်း အသင့်ယုတ္တိရှိသည်ပင်ဖြစ်၏။

### မေးမြန်းဖွယ်

ရုံခါရုံဖန် အကြောင်းချွတ်ချွတ်သဖြင့် အမိဝမ်းတွင်း၌ ကိန်းအောင်းသော ပုဂ္ဂိုလ်, ရေမွန်းသောပုဂ္ဂိုလ်, မိန်းမောသော ပုဂ္ဂိုလ်-စသည်တို့၌ ထွက်သက်,ဝင်သက် ကင်းလျက်ရှိ၏၊ ထွက်သက်,ဝင်သက်ကင်းလျှင် ကိုယ်ကိုမပြုပြင်သောကြောင့် သေသင့်သည် မဟုတ်လော-ဟုဆိုလျှင်–

ဤကဲ့သို့သော ဌာနမျိုး၌ အကြောင်း ချွတ်ချွတ်သောကြောင့် ထွက်သက် ဝင်သက် မဖြစ်ဘဲနေသည်၊ ထိုအခိုက်အတန့်မှာ ထွက်သက်,ဝင်သက်ကမပြုပြင်သဖြင့် သေခြင်းသို့ရောက်နိုင်သည် မဟုတ်ချေ၊ဤကဲ့သို့အခက်အခဲကြုံသောအရာတို့ကို ရွေးကောက်၍ စောဒနာ မတက်သင့်-ဟု ဖြေဆိုရာ၏။

[ဤကားကတ္တုသာဓနဝိဂြိုဟ်နှင့်စပ်လျဉ်း၍ ပြဆိုအပ်သောစကားပေတည်း။]

www.dhammaransi.com



**ဆရာကြီးတို့သည်ကား။** ။ကိုယ်ကြီးက ထွက်သက်,ဝင်သက်ကို ပြုပြင်သည်၊ ပြုပြင်အပ်သည်-ဟူသော ကမ္မသာဓနဝိဂ္ဂြိဟ်ကို နှစ်သက်ကြကုန်၏၊ ကတ္တုသာဓနဝိဂ္ဂြိဟ်ကိုပြဆိုလိုက်ခြင်းမှာစိန္တာမယဉာဏ်တိုးအောင်ပြဆိုလိုက်ပေသည်။

ကာယသင်္ခါရ-ဟုဆိုအပ်သော ထွက်သက်, ဝင်သက် နှစ်ပါးသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်အစစ်များ ဖြစ်ကြသည်၊ လူတို့၏ကိုယ်သန္တာန်၌ ဥပရိမကာယ ဟုဆိုအပ်သော အထက်ပိုင်း ကိုယ်၌ဖြစ်၏။

၁။ ချက်သည် ထွက်သက်၏ အစ၊ နှာသီးဖျားသည် ထွက်သက်၏ အဆုံးတည်း။

၂။ နှာသီးဖျားသည် ဝင်သက်၏ အစ၊ ချက်သည် ဝင်သက်၏ အဆုံးတည်း။

၃။ ရင်ဘတ်အတွင်းသည် ထွက်သက်,ဝင်သက်တို့၏ အလယ်ဗဟိုဌာနတည်း။

မြန်မာတို့နာရီ၏ အရေအတွက် အားဖြင့် ထွက်သက်, ဝင်သက် ပေါင်းကို ရေတွက်လျှင် တနာရီလျှင်—

ထွက်သက်ပေါင်း (၃၆၀)။
ဝင်သက်ပေါင်း (၃၆၀)။
နှစ်ခုပေါင်း (၇၂၀)ရှိသည်။

နာရီခြောက်ဆယ်ရှိသော တနေ့နှင့် တညအတွင်းမှာ ထွက်သက်,ဝင်သက်ပေါင်း (၄၃၂၀၀)ရှိသည်ဟုဆို၏၊ အသက်မှန်မှန် ရှူရှိုက်သောအခါ၌ ရေတွက်သော အရေအတွက် မျိုးပေတည်း။

ထိုကာယသင်္ခါရသည် ဘုံအားဖြင့် ကာမဘုံ၌သာဖြစ်၏၊ ရူပဘုံ, အရူပဘုံတို့၌မဖြစ်၊ဗြဟ္မာတို့၌ ထွက်သက်,ဝင်သက်မရှိ။

**စိတ္တုပ္ပါဒ်အားဖြင့်**—ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သောကာမစိတ် ၄၄-၌ဖြစ်၏၊ ပဋိသန္ဓေစိတ်, စုတိစိတ်တို့၌လည်း ထွက်သက်, ဝင်သက်မဖြစ်၊ ဒွေပဉ္စဝိညာဉ်စိတ်ဖြစ်ခိုက်, ပဋိသန္ဓေစိတ်ဖြစ်ခိုက်, စုတိစိတ်ဖြစ်ခိုက်၊ ဤအခိုက်တို့၌ ထွက်သက်, ဝင်သက်မဖြစ်၊ ဒွေပဉ္စဝိညာဉ် ၁၀-မှတပါး

www.dhammaransi.com



သော ကာမစိတ် ဖြစ်ခိုက်၌သာ ထွက်သက်, ဝင်သက်ဖြစ်သည်-ဟူ၍ ဆိုလိုသည်။

[ထွက်သက်, ဝင်သက် နှစ်ပါးသည် စိတ္တဇရုပ်အစစ်ဖြစ်၏၊ ဒွေပဥ္စဝိညာဉ် ၁၀- နှင့် ပဋိသန္ဓေစိတ်,စုတိစိတ်တို့သည် ရုပ်ကို မဖြစ်စေနိုင်၊ထို့ကြောင့် ထိုစိတ်တို့ ဖြစ်ခိုက်၌ ထွက်သက်,ဝင်သက်မရှိ-ဟု ဆိုသတည်း။]

**ဈာန်အားဖြင့်**-ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန် တို့၌ဖြစ်၏၊ စတုတ္ထဈာန်၌မဖြစ်။ ဤနေရာ၌ ပဌမဈာန်, ဒုတိယဈာန်, တတိယ ဈာန်, စတုတ္ထဈာန်ဆိုသည်မှာ စတုက္ကနည်းအားဖြင့် ဆိုအပ်သော ဈာန်လေးပါးဖြစ်သည်၊ ပဉ္စကနည်းအားဖြင့် ဆိုသည်မဟုတ်၊ သင်္ဂြိုဟ် ကျမ်း၌မူကား ပဉ္စကနည်းအားဖြင့် ဈာန်ငါးပါးရှိ၏ဟု ဆိုသည်၊ ပါဠိ တော်ကြီးများ၌ ဈာန်လေးပါးကိုသာ အဟောများ၏၊ ပဉ္စကနည်းကို အဟောမများချေ။

**စတုက္ကနည်း**

၁။ ပဌမဈာန်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးရှိ၏။

၂။ ဒုတိယဈာန်မှာ ပီတိ,သုခ,ဧကဂ္ဂတာ အားဖြင့် ဈာန် အင်္ဂါ ၃-ပါး ရှိ၏၊ ဝိစာရ မပါချေ။

၃။ တတိယဈာန်မှာ သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါး ရှိ၏။

၄။ စတုတ္ထဈာန်မှာ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ် ပါးရှိ၏။

[ဤသို့ စတုက္ကနည်း၌ ဈာန်အင်္ဂါများကိုမှတ်သား၍ထားလေ၊ သို့မှ ဝစီသင်္ခါရ ဟောကိန်းတို့၌ ရှင်းလင်းပေမည်၊ စတုတ္ထဈာန်၌ အဿာသ,ပဿာသကိုမရဆို သဖြင့် စတုတ္ထဈာန်ကို ဝင်စားသောပုဂ္ဂိုလ်မှာ ထွက်သက်,ဝင်သက်မရှိ-ဟု သိရာ ၏၊ကြွင်းသော ဈာန်သုံးပါးကို ဝင်စားခိုက်၌မူကား ထွက်သက်, ဝင်သက်ရှိ၏-ဟု ယူဆလေ။]

ကာမဘုံ၌ ထွက်သက်, ဝင်သက်ကိုရ၏-ဆိုသော်လည်း ပုဂ္ဂိုလ်အား ဖြင့် ရွေးချယ် စီစစ်ပြန်သောအခါ အမိဝမ်းတိုက်၌ ကိန်းအောင်းခိုက် ဖြစ်သောပုဂ္ဂိုလ်,စတုတ္ထဈာန်ကို ဝင်စားခိုက်ပုဂ္ဂိုလ်,နိရောဓသမာပတ်

www.dhammaransi.com



ဝင်စားခိုက်ပုဂ္ဂိုလ်, ရေနစ်မွန်းသော ပုဂ္ဂိုလ်, ရေ၌ ကိန်းအောင်းသော ပုဂ္ဂိုလ်, တွေဝေမိန်းမောနစ်မျော၍နေသောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့၌ ထွက်သက်,ဝင်သက် မဖြစ်၊ ထိုပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်တို့၌သာ ဖြစ်သည်။

[ဤကား ကာယသင်္ခါရနှင့် စပ်၍ဆိုအပ်သော စကားရပ်တည်း။]

**ဝစီသင်္ခါရကိုပြဆိုချက်**

ဝစီဘေဒံ သင်္ခရောတီတိ ဝစီသင်္ခါရော။ ။ဝစီဘေဒံ၊ စကားသံကို သင်္ခရောတိ၊ ပြုပြင်စီရင်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ဝစီသင်္ခါရော၊ ဝစီသင်္ခါရမည်၏။

**တနည်းကား။** ။ဝစိယာ သင်္ခါရောတိ၊ ဝစီသင်္ခါရော။ ။ဝစိယာ၊ စကားကို။ သင်္ခါရော၊ပြုပြင်တတ်သည်တည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရမည်၏။

[ဝစီသင်္ခါရ-ဆိုလျှင် ဝိတက်,ဝိစာရနှစ်ပါးကို အရကောက်လေ။]

ဝိတက်, ဝိစာရ နှစ်ပါးသည် ဝစီခေါ်သော စကားကို ပြုလုပ်စီရင်တတ်သည်ဆိုရာ၌ အဓိပ္ပါယ်အချက်ကို ပြဦးအံ့။

"သဒ္ဒေါ စိတ္တောတုဇော"ဟူ၍ သင်္ဂြိုဟ်ကျမ်း၌ ဆိုသောအတိုင်း အသံသည်—

၁။ စိတ်ကြောင့်ဖြစ်သောအသံ,

၂။ ဥတုကြောင့် ဖြစ်သောအသံ-ဟူ၍ နှစ်မျိုးရှိသည်။

ဥတုကြောင့်ဖြစ်သောအသံ၌ အက္ခရာပြီသခြင်းမရှိ၊ အက္ခရာမပြီသလျှင် စကားမဖြစ်နိုင်၊ စကားကို ဝစီ-ဟူ၍ခေါ်သည်၊ တုံးသံ, တိုင်သံ, ခေါင်းလောင်းသံ, ကြေးစည်သံ, တောသံ, တောင်သံ—အစရှိသော အသံများသည် ဥတုဇအသံ မည်၏၊ လူတို့၏သန္တာန်၌လည်း ကြို့ထိုးသောအသံ, ချေဆပ်သောအသံ,ချောင်းဆိုးသံ-စသော အသံများသည် ဥတုဇအသံများပင်ဖြစ်၏၊ အသံပြီသအောင် တီးသောပတ်သံ, အသံပြီအောင်မှုတ်သော နှဲ,ပြွေသံများသည် စိတ်လျှင် အကြောင်းရင်းရှိသောကြောင့် စိတ္တပစ္စယဥတုဇအသံမည်၏။

စိတ်ကြောင့် ဖြစ်သောအသံ၌ အက္ခရာပြီသ၏၊ အက္ခရာပြီသခြင်း၏ အကြောင်းမှာ ထိုစိတ္တဇအသံ၌ ဝစီဝိညတ် ဦးစီး၍ ပါလာသည်၊ ထိုဝစီဝိညတ်၏ ပဲ့ပြင်ချက်ကြောင့် အက္ခရာပြီသသည်၊ ဝိညတ်မပါလျှင်

www.dhammaransi.com



အက္ခရာမပြီးသနိုင်၊ အက္ခရာ ပြီးသသောအသံသည် စကားအဖြစ်သို့ ရောက်၏၊ ထိုစကားကို ဝစီ ခေါ်သည်။

အသံသာမညကို ဝိညတ်ပဲ့ပြင်သောကြောင့် အက္ခရာ ပြီးသသည်၊ ထို့ကြောင့် ဝိညတ်သည် စိတ္တဇသဒ္ဒ၏ ပဲ့ကိုင်သဖွယ်ဖြစ်၏၊ ထိုဝိညတ်သည်စိတ်ကြောင့်ဖြစ်၏၊ ဝိညတ်ကို စိတ်ကပြုပြင်စီရင်ပေးသည်-ဆိုလို၏။

သင်္ခါရယမိုက်သဘောအားဖြင့် အဓိပ္ပါယ်ကြံဆလျှင် ဝစီဝိညတ်ကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်၌ ဝိတက်, ဝိစာရနှစ်ပါး ပါသည်၊ဝိညတ်ကိုဖြစ်စေတတ်သော စိတ်, စေတသိက်အများထဲတွင် ဝိတက်နှင့် ဝိစာရသည် ဝိညတ်ကိုပြုပြင်ရာ၌ ဦးစီးခေါင်းဆောင်များ ဖြစ်ကြသည်၊ ထို ဝိတက်, ဝိစာရ နှစ်ပါးတို့ကပင် ဝိညတ်ကို အထူးဂရုစိုက်သော အနေအားဖြင့်ပြုလုပ်ကြသည်၊ အခြားသော စိတ်, စေတသိက် တို့သည်ကား ဝိညတ်ကို ဖြစ်စေမှုကိစ္စတွင် ပါဝင်ကြသော်လည်း အရေအတွက်ပြည့်ရုံမျှ အကူအညီမျှသာ ပါဝင်ကြသည်။

ဝိတက်နှင့် ဝိစာရတို့ လှုံ့ဆော်သည့်အတွက်ကြောင့် စိတ္တဇသဒ္ဒ၌ ဝစီဝိညတ်ပါရှိသည်၊ ဝစီဝိညတ်ပဲ့ပြင်မှုကြောင့် အက္ခရာပြီးသသည်၊ ထို အက္ခရာပြီးသသောစိတ္တဇအသံအပေါင်းကိုပင်လျှင်စကား-ဟူ၍ ဆိုသည်၊ ဤသို့သောသဘောကြောင့် ဝိတက်နှင့်ဝိစာရကို ဝစီသင်္ခါရ- ဟူ၍ ခေါ်ဆိုအပ်ပေသည်၊အခြားသော စိတ်,စေတသိက်များကို ဝစီ သင်္ခါရ-ဟူ၍ မဆိုအပ်ချေ၊ ဤသို့ အဓိပ္ပါယ်ကြံစည်ရာ၏။

တခုသောစကားကို ပြောမည်ရှိရာ ဝိတက်,ဝိစာရတို့က ရှေးဦးစွာ ကြံစည်ကြသည်၊ ဝိတက်ကကြံသည်၊ ဝိစာရက အကြံကို အတည်ပြု၍ဆုံးဖြတ်သည်၊ ဤသို့သော ဗျာပါရမှုကို ရွက်ဆောင်ကြသောဝိတက်, ဝိစာရ နှစ်ပါးတို့ကြောင့် ဝိညတ်နှင့်တကွ အက္ခရာပြီးသသော စကားသံပေါ်ထွက်၍လာသည်။

အဋ္ဌကထာကြီးတို့၌ "ဝိတက္က ဝိပ္ဖါရသဒ္ဒ" ဟူ၍ ဝိတက်ရှိန်ကြောင့် ဖြစ်ပေါ်သော အသံများဖြစ်ပုံကို ပြဆိုတော်မူကြ၏။

ဝိတက်ရှိန်ကြောင့် ဖြစ်ပေါ်သော အသံဆိုသည်ကား လူတယောက်သည် တစုံတခုသောအကြံကို အစွဲအမြဲကြီးစွာနှင့်ကြံစည်၍နေရာ ထို

www.dhammaransi.com



ဝိတက်အရှိန်ကြောင့် လွှတ်ခနဲ စကားသံများကို မြွက်တတ်ကြလေသည်၊ မည်သူနှင့်မျှ ပြောဆိုသံမျိုးမဟုတ်၊ မိမိတယောက်ထည်း ဝိတက်အရှိန်လုံ့ဆော်သဖြင့် လွှတ်ခနဲ မြွက်လိုက်မိသော စကားသံမျှသာ ဖြစ်သည်၊ ထိုကဲ့သို့သော အသံမျိုးကို "ဝိတက္ကဝိပ္ဖါရသဒ္ဒ-ဝိတက်ရှိန်ကြောင့် ရုတ်ခနဲ ဖြစ်ပေါ်သော စကားသံ" ဟူ၍ ဆိုသည်။

တရံတခါ လွန်စွာ ဝမ်းမြောက်လှသဖြင့် လွှတ်ခနဲ မြွက်ဆိုသော စကားသံများလည်း ရှိသေး၏၊ ထိုအသံများကို ကျူးရင့်သည် ဟူ၍ ဆိုသည်၊ ပါဠိဘာသာဖြင့်"ဥဒါန-ဥဒါန်း" ဟူ၍ ဆိုသည်၊ဥဒါန်းကျူးခြင်းများသည် မည်သူ့ကိုမျှ ပြောဆိုသော စကားမျိုးမဟုတ်၊ ဝမ်းမြောက်လှသဖြင့် လွှတ်ခနဲမြွက်ဆိုကျူးရင့်သော အသံများဖြစ်ပေသည်၊ ထိုဥဒါန်းကျူးသံများသည် ပီတိလွှမ်းမိုးသောစိတ်၌ပါရှိသော ဝိတက်, ဝိစာရတို့၏အရှိန်ကြောင့် ဖြစ်ပေါ်သော စကားသံများ ဖြစ်ပေသည်၊ ဝိတက်, ဝိစာရတို့သည် ဤမျှလောက်ပင် ဝစီခေါ်သော စကားသံတို့ကို ဖြစ်စေနိုင်ပေသည်၊ထို့ကြောင့် ထိုတရားနှစ်ပါးကို အသီးကွက်ခြား၍ ဝစီသင်္ခါရ-ဟု ဆိုအပ်လေသတည်း။

ညွှတ်အခါ ယောင်ယမ်းသောအသံ၌လည်း အိပ်မက်ကိုဖြစ်စေတတ်သောစိတ္တုပ္ပါဒ်၌ပါရှိသော ဝိတက်,ဝိစာရတို့၏ အရှိန်ကြောင့် ဖြစ်သောအသံများပင်-ဟု ဆိုအပ်၏။

[ဤကား ဝိတက်,ဝိစာရတို့၏ ဝစီသင်္ခါရခေါ်ထိုက်ပုံကို အကြောင်းယုတ္တိနှင့်တကွ ပြဆိုအပ်သော စကားရပ်ပေတည်း။]

ထိုဝစီသင်္ခါရသည်ဘုံအားဖြင့် အသညသတ်ကြဉ်သောဘုံ အလုံးစုံတို့၌ ရအပ်၏။

**စိတ္တုပ္ပါဒ်အားဖြင့်**—ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်အပ်သော ကာမစိတ် ၄၄-တို့၌ ရအပ်၏။ (ဒွေပဉ္စဝိညာဉ် ၁၀-တို့၌ ဝိတက်,ဝိစာရ မယှဉ်သောကြောင့် ဝစီသင်္ခါရကို မရအပ်သတည်း)။

**ဈာန်အားဖြင့်**—ပဌမဈာန်၌ဖြစ်၏၊ဒုတိယဈာန်,တတိယဈာန်, စတုတ္ထဈာန်တို့၌မဖြစ်၊ အကြောင်းမူကား ထိုဈာန်သုံးပါးတို့၌ ဝိတက်,ဝိစာရ မရှိသောကြောင့်တည်း။

www.dhammaransi.com



**ပုဂ္ဂိုလ်အားဖြင့်**–နိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်တို့မှတပါး အလုံးစုံသောပုဂ္ဂိုလ်တို့၌ ရအပ်၏။

**မှတ်သားရန်အချက်တခုမှာ။** ။ဤသင်္ခါရယမိုက်၌ ဝိတက်, ဝိစာရ မှန်လျှင် ဝစီသင်္ခါရ-ဟူ၍ကောက်ယူရသည်၊ ဝစီသင်္ခါရဖြစ်သည်ဆိုသဖြင့် စကားပြောသည်ဟု မမှတ်အပ်၊ အရူပဘုံ၌ ဝိတက်, ဝိစာရရှိသောကြောင့် ဝစီသင်္ခါရကို ရအပ်၏-ဟု ဆိုသည်၊ ထိုဝစီသင်္ခါရရှိခြင်းကြောင့် အရူပဗြဟ္မာများစကားပြောသည်-ဟု မကြံစည်လင့်။

ပဥ္စမဈာန်၌ ဝစီသင်္ခါရရှိသည်ဆိုသဖြင့် ပဥ္စမဈာန်ဝင်စား၍နေသော ပုဂ္ဂိုလ်သည် စကားပြောနိုင်သည်ဟု မကြံလင့်၊သဒ္ဒေါဈာနဿကဏ္ဍကော။ ။သဒ္ဒေါ၊ အသံသည်။ ဈာနဿ၊ ဈာန်၏။ ကဏ္ဍကော၊ ဆူးငြောင့်ကြီးတည်း။ ဤသို့ဆိုသောကြောင့် အသံသည် ဈာန်၏ရန်သူဖြစ်၏၊ မည်သည့်ဈာန်ကိုမဆို ဈာန်ကို ဝင်စား၍နေခိုက်အခါ စကားပြောရိုးဓမ္မတာ မရှိချေ၊ ဝစီသင်္ခါရဆိုတိုင်းလည်းစကားပြောသည်-ဟု မမှတ်လင့်၊ ဝစီသင်္ခါရတိုင်း စကားသံကို ဖြစ်စေသည်မဟုတ်။

ထိုနည်းတူစွာ ကာယရှိတိုင်းလည်း ကာယသင်္ခါရခေါ်သော ထွက်သက်, ဝင်သက်ကို ပြုလုပ်သည်မဟုတ်၊ အမိဝမ်း၌ ကိန်းသောပုဂ္ဂိုလ်, ရေ၌ကိန်းသောပုဂ္ဂိုလ်,နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်,တွေဝေမိန်းမောနစ်မျောသောပုဂ္ဂိုလ်သည် ကာယရှိသော်လည်း ကာယသင်္ခါရ ခေါ်သော ထွက်သက်,ဝင်သက်များကို မပြုနိုင်။

[ဤသဘောယုတ္တိများကိုစဉ်းစားဆင်ခြင်လေ၊ ဝစီသင်္ခါရသည် နာမ်တရားသက်သက်ပေတည်း။]

## စိတ္တသင်္ခါရကိုပြဆိုချက်

စိတ္တေန သင်္ခရိယတီတိ စိတ္တသင်္ခါရော။ ။စိတ္တေန၊ စိတ်သည်။သင်္ခရိယတိ၊ ပြုပြင်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရမည်၏။

ဤ ကမ္မသာဓနဝိဂြိုဟ်အလိုအားဖြင့် စိတ္တသင်္ခါရကို စိတ်ကပြုပြင်အပ်သည်ဟု ဆိုလိုသည်၊ စိတ်နှင့် စေတသိက်တို့ ယှဉ်တွဲ၍ဖြစ်ကြရာ စိတ်

www.dhammaransi.com



သည် ပဓာနဦးစီးခေါင်းဆောင်ဖြစ်၏၊ စေတသိက်သည် နောက်လိုက်ဖြစ်၏၊ စိတ်ကစီရင်တိုင်း စေတသိက်တို့က လိုက်ပါကြရကုန်၏၊ ထို့ကြောင့် စိတ်ကသာလျှင် စိတ္တသင်္ခါရကို ပြုအပ်သည်-ဟူ၍ ကမ္မသာဓန ဝိဂ္ဂဟ်ကို ဆိုအပ်လေသတည်း၊ စိတ္တသင်္ခါရဆိုသည်မှာ ဝိတက်, ဝိစာရမှတပါးသော စေတသိက် ၅၀-တို့ ဖြစ်ကြသည်။

တနည်းကား—

"စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်"။

ဆိုသောအတိုင်း စေတသိက်တို့သည် စိတ်ကို မှီကြကုန်လျက် မှီရာဖြစ်သောစိတ်ကိုပင် ပြုပြင်ကြကုန်သည်-ဟူ၍ အဓိပ္ပါယ်ပေါ်ထွက်လေသည်၊ အဖြူ, အနီ, အစိမ်း, အဝါ စသော ဆိုးဆေးအမျိုးမျိုးတို့သည် ရေကိုအမှီပြုကြကုန်လျက် မှီရာဖြစ်သော ရေကို အရောင်အမျိုးမျိုးဖြစ်အောင် ချယ်လယ် ကြကုန်ဘိသကဲ့သို့ ထိုနည်းတူစွာ စေတသိက်တို့သည် စိတ်ကို မှီကြကုန်လျက် ထိုမှီရာဖြစ်သော စိတ်ကိုအမျိုးမျိုး အထွေထွေဖြစ်အောင် ချယ်လယ်၍ ပေးကြကုန်သည်။

၁။ စိတ်သည် ရေနှင့်တူ၏။

၂။ စေတသိက်တို့သည် ဆိုးဆေးတို့နှင့်တူကုန်၏။

ရေမှာ အရောင်အမျိုးမျိုးမရှိ၊ ဆေးအမျိုးမျိုးတို့နှင့် ရောနှောမိသောအခါမှ အရောင်အမျိုးမျိုးဖြစ်ပေါ်လာသည်၊ ထိုနည်းတူစွာစိတ်သက်သက်သည် အမျိုးမျိုးအထွေထွေ ခြားနားခြင်းမရှိ၊ စိတ်ဓာတ်တမျိုးတည်းသာဖြစ်၏၊ စေတသိက်အမျိုးမျိုးတို့နှင့် ရောနှောသောအခါမှ စိတ်အမျိုးမျိုး ကွဲပြားခြားနားခြင်းသို့ရောက်လေသည်။

၁။ လောဘစေတသိက်နှင့် တွဲသောအခါ လောဘမူစိတ်,

၂။ ဒေါသစေတသိက်နှင့် တွဲသောအခါ ဒေါသမူစိတ်,

၃။ မောဟစေတသိက်နှင့် တွဲသောအခါ မောဟမူစိတ်,

၄။ ဒိဋ္ဌိနှင့် တွဲသောအခါ ဒိဋ္ဌိသမ္ပယုတ်စိတ်,

၅။ သောမနဿ ဝေဒနာနှင့် တွဲသောအခါ သောမနဿ သဟဂုတ်စိတ်,

www.dhammaransi.com



၆။ ဉာဏ်နှင့်တွဲသောအခါ ဉာဏသမ္ပယုတ်စိတ်။

၇။ အကုသိုလ်စေတသိက်ဆိုးတွေနှင့် တွဲသောအခါ အကုသိုလ်စိတ်။

၈။ သဒ္ဓါစသောစေတသိက် ကောင်းတွေနှင့် တွဲသောအခါ ကုသိုလ်စိတ်။

၉။ ဈာန်အင်္ဂါနှင့် တွဲသောအခါ ဈာန်စိတ်။

၁၀။ မဂ္ဂင်နှင့်တွဲသောအခါ မဂ်စိတ်။

ဤသို့ စေတသိက်အမျိုးမျိုးတို့နှင့်တွဲသောအခါ စိတ်အမျိုးမျိုးခြားနားခြင်းသို့ ရောက်လေသည်၊ စေတသိက်တို့က ချယ်လှယ်ကြသည့်အတွက်ကြောင့် စိတ်ပေါင်း ၁၂၁-ပါး ကွဲပြားခြားနားခြင်းသို့ ရောက်ကြကုန်သည်။

ဤသို့စေတသိက်က ချယ်လှယ်သော သဘောအားဖြင့် ဆင်ခြင်စဉ်းစားပါလျှင် မှီ၍နေကြသော စေတသိက်တို့က မှီရာဖြစ်သော စိတ်ကို ပြုပြင် ချယ်လှယ်ကြသည်-ဟူသောအဓိပ္ပါယ် ပေါ်ထွက်၍လာချေ၏၊ စိတ္တသင်္ခါရဖြစ်သော စေတသိက်တို့က စိတ်ကို ချယ်လှယ်ပြုပြင်ကြသည်-ဟူ၍ အဓိပ္ပါယ်ဆိုက်ရောက်၏။

ထို့ကြောင့်-စိတ္တံ သင်္ခရောန္တီတိ စိတ္တသင်္ခါရာ-ဟူ၍ ကတ္တုသာဓနဝိဂ္ဂြိုဟ်ကိုလည်းပြုအပ်သည်ပင် ဖြစ်တော့သည်။ ။စိတ္တံ၊စိတ်ကို။သင်္ခရောန္တိ၊ ပြုပြင်ချယ်လှယ်ကြကုန်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ စိတ္တသင်္ခါရာ၊ စိတ္တသင်္ခါရမည်ကုန်၏။ ဝိတက်,ဝိစာရမှ တပါးသော စေတသိက်တို့ကို အရကောက်လေ။

**ဆရာကြီးတို့သည်ကား။** ။ဤသို့ ကတ္တုသာဓနဝိဂ္ဂြိုဟ်ကို ပြုတော်မမူကြကုန်ဘဲ ယခင်ပြဆိုခဲ့ပြီးသောအတိုင်း ကမ္မသာဓနဝိဂ္ဂြိုဟ်ကိုသာ ပြုတော်မူကြကုန်၏၊ ကြံစည်ဉာဏ် ပွင့်လင်းကြစေရန် ကတ္တုသာဓနဝိဂ္ဂြိုဟ်ကိုပြဆိုလိုက်ပေသည်။

### မေးမြန်းဖွယ်

ဝိတက်နှင့် ဝိစာရကို အဘယ့်ကြောင့် စိတ္တသင်္ခါရ မဆိုအပ်သနည်းဟုဆိုလျှင်—

ထိုဝိတက်, ဝိစာရတို့သည် ဝစီသင်္ခါရ-ဟူသော အမည်ထူးကိုအသီးအခြားရရှိကြကုန်ပြီး ဖြစ်သောကြောင့် စိတ္တသင်္ခါရ မဆိုရတော့ပြီဟုမှတ်လေ။

စိတ္တသင်္ခါရ သရုပ်ကို ဟောတော်မူရာ၌-''သညာစ ဝေဒနာစ စိတ္တသင်္ခါရော'' ဟူ၍ သညာနှင့် ဝေဒနာကို စိတ္တသင်္ခါရမည်၏-ဟူ၍ ယမိုက်ပါဠိတော်၌ မြတ်စွာဘုရား အသီးထုတ်၍ ဟောတော်မူလျက် ရှိသည်။

အဘယ့်ကြောင့် ထိုတရားနှစ်ပါးကိုသာ အသီးထုတ်၍ ဟောတော်မူသနည်း ဆိုလျှင် ထိုသညာနှင့် ဝေဒနာသည် ခန္ဓာထိုက်သော တရား, ထင်ရှားသော တရားနှစ်ပါးဖြစ်၍ အသီးထုတ်လျက် ဟောတော်မူသည်-ဟူ၍ ''ယမိုက်အဋ္ဌကထာကြီး'' ၌ဆို၏။

### မေးမြန်းဖွယ်

သင်္ခါရက္ခန္ဓာကို ဟောတော်မူရာတွင် စေတသိက် ကိုသာ ပဓာန ထား၍ ဟောကြားဘိသည့်အလား ဤသင်္ခါရယမိုက်၌ သညာနှင့် ဝေဒနာနှစ်ပါးကို ပဓာန ထား၍ဟောကြားတော်မူသည်၊ ထွက်သက်,ဝင်သက်တည်းဟူသော အဿာသ-ပဿာသ နှစ်ပါးသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များ ဖြစ်လေသောကြောင့် စိတ်ကပြုပြင်အပ်သည်၊ ထို့ကြောင့် စိတ္တသင်္ခါရ ဆိုထိုက်သည် မဟုတ်ပါလော-ဟု မေးရန်ရှိသည်။

ထို ထွက်သက်, ဝင်သက်နှစ်ပါးသည် စိတ်ကြောင့်ဖြစ်သည် မှန်သော်လည်း အလွန်ထင်ရှားသော ကိုယ်ကြီးနှင့်စပ်၍ ဖြစ်နေသောကြောင့် ထင်ရှားရာသို့လိုက်၍ကာယသင်္ခါရ-ဟုဆိုအပ်ပေသည်၊စိတ္တသင်္ခါရ-ဟူ၍ မဆိုထိုက်ပေ၊ ဤသို့ဖြေကြားရာ၏။

www.dhammaransi.com



စိတ္တသင်္ခါရသည်–

**ဘုံအားဖြင့်**–အသညသတ်မှ တပါး အလုံးစုံသော ဘုံတို့၌ရအပ်၏။

**စိတ္တုပ္ပါဒ်အားဖြင့်**–အလုံးစုံသော ကာမစိတ် ၅၄-၌ ရအပ်၏၊ဈာန်အားဖြင့်အလုံးစုံသော ဈာန်တို့၌ရအပ်၏။

**ပုဂ္ဂိုလ်အားဖြင့်**–အသညသတ်ပုဂ္ဂိုလ်,နိရောဓသမာပတ်ဝင်စားခိုက်ပုဂ္ဂိုလ်, သေသောပုဂ္ဂိုလ်တို့မှတပါး အလုံးစုံသော ပုဂ္ဂိုလ်တို့၌ ရအပ်၏၊ ဝိတက်, ဝိစာရမှတပါး စေတသိက် ဟူသမျှသည် စိတ္တသင်္ခါရဖြစ်သောကြောင့် ထိုစေတသိက်တို့ရှိလျှင် စိတ္တသင်္ခါကို ရအပ်၏-ဟု ဆိုရလေတော့သည်၊ စိတ္တသင်္ခါရသည် နာမ်တရား သက်သက်ဖြစ်၏။

ထိုသင်္ခါရသုံးပါးကို ခန္ဓာဖွဲ့လျှင်–

၁။ ကာယသင်္ခါရသည် ရူပက္ခန္ဓာဖြစ်၏။

၂။ ဝစီသင်္ခါရသည် သင်္ခါရက္ခန္ဓာဖြစ်၏။

၃။ စိတ္တသင်္ခါရသည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဖြစ်၏။

ထိုသင်္ခါရ သုံးပါးတို့တွင် စိတ်တရားကိုယ် မပါသောကြောင့် ဝိညာဏက္ခန္ဓာကို မရဘဲရှိလေသည်။

စိတ္တုပ္ပါဒ်တချက် ဖြစ်ရာ၌ သင်္ခါရ သုံးပါးဖြစ်နိုင်၏။

**ဖြစ်နိုင်ပုံကား**။ ။ထွက်သက်, ဝင်သက်နှင့် တကွသော လောဘမူပဌမစိတ်ဖြစ်ခိုက် စေတသိက်ပေါင်း ၁၉-ယှဉ်၏၊ ထိုစိတ်ဖြစ်ရာ၌ ပါရှိသောဝိတက်, ဝိစာရ နှစ်ပါးသည် ဝစီသင်္ခါရမည်၏၊ ကြွင်းသောစေတသိက်များသည်စိတ္တသင်္ခါရမည်၏၊ထိုစိတ်နှင့်အတူဖြစ်သော ထွက်သက်, ဝင်သက်သည် ကာယသင်္ခါရမည်၏။

ဒွေပဉ္စဝိညာဉ်စိတ် ဖြစ်ခိုက်မှမူကား ကာယသင်္ခါရ, ဝစီသင်္ခါရ မဖြစ်နိုင်၊ စိတ္တသင်္ခါရတပါးသာ ဖြစ်နိုင်၏။

ဝိတက်, ဝိစာရ မရှိသော ဒုတိယဈာန်တို့ဖြစ်ခိုက်၌ ဝစီသင်္ခါရ မဖြစ်နိုင်၊ကာယသင်္ခါရ,စိတ္တသင်္ခါရ နှစ်ပါးသာဖြစ်နိုင်သည်၊ထိုဈာန်စိပ်

www.dhammaransi.com



တို့သည် ရူပဘုံ၌ဖြစ်လျှင် ကာယသင်္ခါရကိုမရအပ်၊အကြောင်းမူကား ပြဟ္မာ့ဘုံ၌ ကာယသင်္ခါရမရှိသောကြောင့်တည်း။

နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်, အသညသတ် ပုဂ္ဂိုလ်တို့၌ သင်္ခါရသုံးပါးလုံးမဖြစ်နိုင်။

ကာမဘုံ၌ ပဋိသန္ဓေတည်နေဆဲအခိုက်, စုတိဆဲအခိုက်, ရေ၌ကိန်းအောင်းနေခိုက်, တွေဝေနေခိုက်, စတုတ္ထဈာန် ဝင်စားနေခိုက်၊ ဤအခိုက်တို့၌ ကာယသင်္ခါရမဖြစ်၊ ဝစီသင်္ခါရ, စိတ္တသင်္ခါရ နှစ်ပါးသာဖြစ်၏။

ဤသင်္ခါရသုံးပါးကို သဝိညာဏက အဇ္ဈတ္တသန္တာန်၌သာ ရအပ်၏၊ ဗဟိဒ္ဓသန္တာန်၌ မရအပ်။

ကာယသင်္ခါရကို ပဝတ္တိအခါ၌သာ ရအပ်၏၊ ပဋိသန္ဓေအခါ, စုတိအခါတို့၌မရအပ်၊ ဝစီသင်္ခါရ,စိတ္တသင်္ခါရ နှစ်ပါးကိုကား ပဋိသန္ဓေ, ပဝတ္တိ, စုတိအခါသုံးပါးတို့၌ ရအပ်၏။

[ဤကား သင်္ခါရသုံးပါးတို့၏သဘောကို ရောစပ်၍ ပြဆိုအပ်သော စကားရပ်ပေတည်း။]

### ဤသင်္ခါရယမိုက်ကိုဟောရခြင်းအကြောင်းကား

၁။ လောက၌ သတ္တဝါအပေါင်းတို့သည် ထွက်သက်, ဝင်သက်ဟုဆိုအပ်သော ကာယသင်္ခါရတို့၌ ဇီဝသညာဖြင့် သတ္တဝါအမှတ်အထင်ကြီး၍ နေကြကုန်၏။

၂။ ဤထွက်သက်, ဝင်သက်တို့ ရှိသည်အတွက်ကြောင့် ဤသတ္တဝါတို့သည် အသက်ရှိသော အရှင်ဖြစ်၍ နေကြသည်-ဟူ၍ မှတ်ထင်ကြကုန်၏။

၃။ ကာယသင်္ခါရကိုပင်လျှင် အသက်-ဟူ၍မှတ်ထင်စွဲလမ်း၍နေကြကုန်သည်။

၄။ ထွက်သက်, ဝင်သက်ရှိနေလျှင် သတ္တဝါ မသေသေးဘူး-ဟူ၍ အစွဲအမြဲကြီး၍ နေကြကုန်၏။

ထိုသို့ ထွက်သက်, ဝင်သက် ဟုဆိုအပ်သော ကာယသင်္ခါရတို့၌ ဇီဝသညာကြီးကို ပယ်ဖျက်ခြင်းအကျိုးငှါ ဤသင်္ခါရယမိုက်ကို ဟောတော်မူသည်။

www.dhammaransi.com



ဤသင်္ခါရယမိုက်၌ ကာယသင်္ခါရတို့၏ ဖြစ်ပုံ,ပျက်ပုံ, ချုပ်ပုံ,ကင်းပုံများကို အနုစိတ်အားဖြင့် ယမိုက်နည်း အဖုံဖုံဖွင့်၍ ဟောတော်မူသည်၊ ထိုသို့ဟောတော်မူသဖြင့် ကာယသင်္ခါရ၏ ဇီဝ မဟုတ်ကြောင်း, ကာယသင်္ခါရ ဟုဆိုအပ်သော ထွက်သက်,ဝင်သက်သည် သတ္တဝါတို့၏ အသက်မဟုတ်ကြောင်း ထင်ရှားလေသည်၊ ဤသင်္ခါရ ယမိုက်၌ ဟောတော်မူအပ်သောကာယသင်္ခါရ သဘောတွေကို အစိတ်အစိတ်အားဖြင့် သိမြင်လျှင် ဇီဝသညာ, ဇီဝဒိဋ္ဌိကင်းရှင်းသော အကျိုးထူးကို ရနိုင်၏။

ထိုနည်းတူစွာ သတ္တဝါအပေါင်းတို့သည် ပြောနိုင်ဆိုနိုင်သော အစွမ်းသတ္တိကိုအစွဲပြု၍ အတ္တဒိဋ္ဌိကြီးခိုင်မြဲ၍နေ၏၊ ငါခေါ်နိုင်သည်, ငါထူးနိုင်သည်, ငါစကားပြောနိုင်သည်, ငါတရားဟောနိုင်သည်,ငါသီချင်းဆိုနိုင်သည်, ငါလင်္ကာရွတ်နိုင်သည်, ငါချစ်အောင်ပြောနိုင်သည်, ငါဆဲနိုင်သည်, ငါငေါက်နိုင်သည်, ငါကြိမ်းနိုင်သည်-စသောအားဖြင့် ဝစီဝိညတ်လျှင် အရင်းရှိသော စကားကိုအစွဲပြု၍ ပုဂ္ဂိုလ်, သတ္တဝါထင်မြင်ချက်ကြီး၍နေကြသည်မှာ လွန်စွာထင်ရှားပေသည်၊ဤသို့စကားပြောနိုင်သည်ကိုအစွဲပြု၍ အထင်အမြင်ကြီးသော အတ္တဒိဋ္ဌိကို ပယ်ခြင်းငှါ ဤသင်္ခါရယမိုက်ကိုဟောတော်မူသည်။

ဝိညတ်ဦးစီးသောစကားတို့ကို ပြုပြင်နေသောတရားကား ဝိတက်, ဝိစာရနှစ်ပါးဖြစ်သည်၊ ဝစီသင်္ခါရဖြစ်သောထိုဝိတက်,ဝိစာရတို့၏ဖြစ်ပုံ, ပျက်ပုံ, ချုပ်ပုံ, ကင်းပုံသဘောများကို အနုစိတ်အားဖြင့် အဖုံဖုံဖွင့်၍ ဟောတော်မူသောအခါ ဝစီသင်္ခါရ သဘောတွေကို အမြစ်အရင်းနှင့်တကွ သိမြင်လေ၏၊ စကားပြောဆို၍နေကြသည်ကား သတ္တဝါတို့၏ အမှုအရာမဟုတ်၊ ဝိတက်, ဝိစာရတို့၏အမှုအရာတွေပါတကား-ဟူ၍ ထင်ရှားစွာ အသိဉာဏ်ပေါက်ရောက်နိုင်၏။

သင်္ခါရယမိုက်၌ဟောတော်မူအပ်သော ဝစီသင်္ခါရ သဘောတွေကို အစိတ်အစိတ်အားဖြင့် ပိုင်းခြား၍သိမြင်သောအခါ စကားပြောမှုနှင့်စပ်၍အတ္တဒိဋ္ဌိကြီးကင်းရှင်းခြင်း၊ပုဂ္ဂိုလ်စကားပြောနိုင်သည်,သတ္တဝါစကားပြောနိုင်သည်-ဟူသော ဒိဋ္ဌိကင်းရှင်းခြင်းအကျိုးထူးကိုရနိုင်၏။

www.dhammaransi.com



ဤနေရာ၌ ဝိတက် ဝိစာရတို့ကြောင့် စကားကိုမြွက်ဆိုနိုင်ကြောင်း, ထို့ကြောင့် ဝစီသင်္ခါရမည်ကြောင်းကို ပါဠိတော်ထုတ်ဆောင်၍ ပြဦးအံ့။

ပုဗ္ဗေခေါ အာဝုသောဝိသာခ ဝိတက္ကေတွာ ဝိစာရေတွာ
ပစ္ဆာ ဝါစံ ဘိန္ဒတိ၊ တသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော။
[ဝိသာခသူဌေးကြီးကိုဟောတော်မူသောသုတ္တန်ပါဠိတော်ကြီး။]

အာဝုသော ဝိသာခ၊ ဒါယကာဝိသာခ သူဌေးကြီး။ ပုဗ္ဗေခေါ၊ ရှေးမဆွကပင်လျှင်။ ဝိတက္ကေတွာ၊ ဝိတက်ဖြင့် ကြံစည်အားထုတ်၍။ ဝိစာရေတွာ၊ ဝိစာရဖြင့်စီစစ်၍။ ပစ္ဆာ၊ နောက်၌။ ဝါစံ၊ စကားကို၊ ဘိန္ဒတိ၊ မြွက်ဆို၏။ တသ္မာ၊ ထို့ကြောင့်။ ဝိတက္က, ဝိစာရာ၊ ဝိတက်ဝိစာရတို့သည်။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရမည်သတည်း။

[ဤပါဠိတော်ကြီးဖြင့်ဝိတက်,ဝိစာရတို့၏ ဝစီသင်္ခါရမည်ပုံထင်ရှားပေသည်၊]

ထိုပြင်တပါး ဝေဒနာ, သညာ, လောဘ, ဒေါသ-စသောစေတသိက်တရားတို့၌ အတ္တဒိဋ္ဌိကြီးစွဲလမ်း၍နေကြကုန်၏၊ ထိုစေတသိက်တို့၏အမှုအရာကြိယာတွေကို သတ္တဝါတို့၏အမှုအရာပြုလုပ်ကြကုန်၏။

၁။ ဝေဒနာ၏ခံစားမှုကိုငါခံစားသည်။
၂။ သညာ၏မှတ်မှုကို ငါမှတ်ထားသည်။
၃။ လောဘ၏သာယာမှုကို ငါသာယာသည်။
၄။ ဒေါသ၏ကြမ်းကြုတ်မှုကို ငါအမျက်ထွက်သည်။
၅။ သဒ္ဓါ၏ကြည်ညိုမှုကို ငါကြည်ညိုသည်။

ဤသို့စသည်ဖြင့် စေတသိက်တို့၏ အမှုအရာတွေကို သတ္တဝါတို့၏အမှုအရာပြုလုပ်နေကြသည်မှာ အဘိဓမ္မာမျက်လုံးပေါက်သောပုဂ္ဂိုလ်တို့၌ လွန်စွာထင်ရှား၏။

စင်စစ်မှာ ထိုအမှုအရာအမျိုးမျိုးတို့သည် စေတသိက်တို့၏အမှုအရာတို့သာဖြစ်ကုန်သည်၊ထိုစေတသိက်တို့ကိုစိတ်ကပြုပြင်၍နေသည်၊သတ္တဝါတို့နှင့် တစုံတရာမျှမဆိုင်၊ ဤသဘောကြီးကို သိစေခြင်းအကျိုးငှါ စိတ္တသင်္ခါရယမိုက်ကို ဟောတော်မူရသည်၊ဤသင်္ခါရယမိုက်၌ ဟောတော်မူအပ်သော စိတ္တသင်္ခါရသဘောတွေကိုအစိတ်အစိတ်အားဖြင့်ပိုင်းခြား၍

www.dhammaransi.com



သိသောအခါ စေတသိက်အမူအရာတွေကို သတ္တဝါ၏အမူအရာ ပြုလုပ်ပြီးလျှင် အတ္တဒိဋ္ဌိဖြင့် ပုဂ္ဂိုလ်သတ္တဝါ ဟူသောထင်မြင်ချက်ကို ပယ်ဖျက်နိုင်၏။

ဤအကျိုးထူးများကို မြော်မြင်တော်မူသောကြောင့် သန္တိရယမိုက်ကျမ်းကို မြတ်စွာဘုရားဟောကြားတော်မူပေသတည်း။

သတ္တဝါအပေါင်းတို့သည် ဝိညာဉ်ခေါ်သော စိတ်ဓာတ်၌ အနိစ္စသညာဖြင့် မြဲသည်ဟုမှတ်ထင်လေ့ရှိကုန်သည်၊ ပဋိသန္ဓေနေသည်ကစ၍ စုတိသည်တိုင်အောင် ဤစိတ်ပင်ဖြစ်သည်-ဟူ၍ မှတ်ထင်ကြကုန်သည်၊ ထိုမျှပင်မကသေးဘဲ သေသည့်နောက် ဘဝအသစ်ကူးသော အခါ၌လည်း ဤစိတ်ပင်ကူးပြောင်း၍သွားသည်၊ ဤဘဝ၌ ရုပ်ဟောင်းကြီးကိုစွန့်ပစ်၍ ဘဝသစ်၌ရုပ်သစ်ကို ဝိညာဉ်တွယ်လေသည်၊ "လောက်လမ်းသဖွယ် ဝိညာဉ်တွယ်" ဟူသောစကားများကိုပင် ပြောဆိုလေ့ရှိကြသည်၊ ဤကဲ့သို့ စိတ်ဓာတ်၌ အမှတ်အထင်စွဲမြဲ၍နေသော နိစ္စသညာကြီးကို ပယ်ရှားခြင်းအကျိုးငှါ စိတ္တယမိုက်ကို ဟောတော်မူရ၏၊ စိတ္တယမိုက်ကိုနောက်၌ပြဆိုလတ္တံ့။

[ဤကား သန္တိရယမိုက်ကို ဟောတော်မူရခြင်း၏ အကြောင်းကို ပြဆိုသော စကားရပ်ပေတည်း။]

### ဤသန္တိရယမိုက်၌ကောက်ယူပုံအချက်များ

ဤ သန္တိရယမိုက်၌ ဖြစ်ခြင်း-ဥပ္ပါဒ, ချုပ်ခြင်း-နိရောဓများကို ပဋိသန္ဓေ, စုတိတို့၌သာ ဟောတော်မူသည်မဟုတ်ဘဲ ပဝတ္တိအခါ၌လည်း ဟောတော်မူသည်။

ပဝတ္တိမဟာဝါရ သုဒ္ဓဘူမိခဏ်း၌၊ ဈာန်တို့ကိုလည်း ဘုံပြု၍ဟောတော်မူသည်၊ (ဈာန်ကိုဘုံလုပ်၍ ဟောတော်မူသည်ဟု ဆိုလို၏)။

### မေးမြန်းဖွယ်

ဘုံမဟုတ်ပါဘဲလျက် ဈာန်ကို အဘယ့်ကြောင့် ဘုံလုပ်၍ ဟောတော်မူသနည်းဆိုလျှင်–

ဈာန်သည် ပုဂ္ဂိုလ်၏ တည်ရာလည်းဖြစ်၏၊ ဈာန်နှင့်ယှဉ်သော သမ္ပယုတ်တရား, ဈာန်နှင့်အတူတကွဖြစ်သော သဟဇာတ

www.dhammaransi.com



တရားတို့၏ တည်ရာလည်းဖြစ်၏၊ ထို့ကြောင့် ဈာန်ကို တည်ရာဘုံပြုလုပ်၍ ဟောတော်မူရသည်-ဟု ဖြေဆိုရာ၏။

သဉ္ဇါရာနံ ပုဂ္ဂလာနဉ္စ ဩကာသတ္တာ ဈာနဉ္စ ဝိသုံ ဩကာ-သဘာဝေန ဂဟိတံ။

[ယမိုက် မူလ ဋီကာ။]

သဉ္ဇါရာနံ၊ သဉ္ဇါရတရားတို့၏၎င်း။ ပုဂ္ဂလာနဉ္စ၊ ပုဂ္ဂိုလ်တို့၏၎င်း။ ဩကာသတ္တာ၊ တည်ရာဖြစ်လေသောကြောင့်။ ဈာနဉ္စ၊ ဈာန်ကိုလည်း။ ဩကာသဘာဝေန၊ တည်ရာဘုံ၏ အဖြစ်ဖြင့်။ ဂဟိတံ၊ ယူအပ်သတည်း။

**စတုက္ကနည်းအားဖြင့်**- ဈာန်လေးပါးကိုသာ ဤအရာ၌ ယူရသည်၊ ပဉ္စမဈာန်မပါ၊ စတုတ္ထဈာန် တိုင်ရှိသာရှိသည်၊ ပဉ္စကနည်း၌ ပဌမဈာန်နှင့် ဒုတိယဈာန်နှစ်ခုကို စတုက္ကနည်း၌ ပဌမဈာန် ပြုလုပ်သည်၊ ထိုသို့ပြုလုပ်ရာ—

၁။ ပဉ္စကနည်း၌ တတိယဈာန်သည် စတုက္ကနည်း၌ ဒုတိယဈာန် ဖြစ်လေ၏။

၂။ ပဉ္စကနည်း၌ စတုတ္ထဈာန်သည် စတုက္ကနည်း၌ တတိယဈာန် ဖြစ်လေ၏။

၃။ ပဉ္စကနည်း၌ ပဉ္စမဈာန်သည် စတုက္ကနည်း၌ စတုတ္ထဈာန်ဖြစ်လေ၏။

ထိုသို့ဖြစ်လေသောကြောင့် ယမိုက်အကောက်ကို စီမံကြသော ဆရာကြီးတို့သည်၊ ဤသဉ္ဇါရယမိုက်၌ ပဌမဈာန်ဆိုလျှင် ပဉ္စကနည်း, စတုက္ကနည်း နှစ်ပါးစုံရော၍ ရူပါဝစရ ပဌမဈာန် ၆-ခု၊ လောကုတ္တရာ ပဌမဈာန် ၁၆-ခု၊ ပေါင်းလျှင် ပဌမဈာန် ၂၂-ခု ဟု ကောက်ယူတော်မူကြလေသည်။

သို့ရာတွင် စတုက္ကနည်းအတိုင်း ကိန်းသေပြု၍ လောကီပဌမဈာန် ၃-ခု၊ လောကုတ္တရာပဌမဈာန် ၈-ခု၊ ပေါင်း ပဌမဈာန် ၁၁-ခု ရှိ၏၊ ထိုနည်းတူစွာ ဒုတိယဈာန် ၁၁-ခု၊ တတိယဈာန် ၁၁-ခု၊ စတုတ္ထဈာန်မှာ လောကီစတုတ္ထဈာန် ၁၅-ခု၊ လောကုတ္တရာ စတုတ္ထဈာန် ၈-ခု ပေါင်းလျှင် ၂၃-ခုရှိသည်၊ စတုက္ကနည်း၌ အရူပစိတ်များသည် စတုတ္ထဈာန်အဖြစ်သို့ရောက်လေ၏။

www.dhammaransi.com



ပဋ္ဌမဈာန် သမာပန္နာနံ-စသည်ဖြင့်ဟောတော်မူရာတို့၌ ဝင်စား၍ ရစကောင်းသော ဇော ထိုက်သော ဈာန်များကိုသာ ကောက်ယူအပ်၏၊ မဟဂ္ဂုတ်ဝိပါက်များသည် ဈာန်စိတ်ပင်ဖြစ်ကြသော်လည်း ဝင်စား၍ရသော ဈာန်မျိုးမဟုတ်ကြကုန်၊ဆိုင်ရာဆိုင်ရာဖြစ်သော ဗြဟ္မာဘုံတို့၌ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စကို ဆောင်ရွက်ရုံမျှသာ ဖြစ်သော စိတ်များဖြစ်ကြသည်။

**ကာမဘုံ၌ ရသင့်သော ဈာန်စိတ်များကား။** ။လောကီ ပဌမဈာန် ၂-ခု၊ ဒုတိယဈာန် ၂-ခု၊ တတိယဈာန် ၂-ခု၊ စတုတ္ထဈာန် ၁၀-ခု၊ လောကုတ္တရာ ပဌမဈာန် ၈-ခု၊ ဒုတိယဈာန် ၈-ခု၊တတိယဈာန် ၈-ခု၊ စတုတ္ထဈာန် ၈-ခု၊ ဤဈာန်စိတ်များကိုသာ ရအပ်သည်။

[မဟဂ္ဂုတ်ဝိပါက်များကို ကြဉ်ထားခဲ့သည်ကိုလည်း သတိပြုပါ။]

လောကီ,လောကုတ္တရာပေါင်း၍ဆိုလျှင် ပဌမဈာန်ဇော ၁၀၊ဒုတိယဈာန်ဇော ၁၀၊ တတိယဈာန်ဇော ၁၀၊ စတုတ္ထဈာန်ဇော ၁၂-ခု၊ ပေါင်းလျှင် ဈာန်ဇော ၄၂-ခုဖြစ်သည်၊ ဤဈာန်ဇောတို့ကို ကာမဘုံ၌ ရအပ်၏။

ရူပဘုံ၌လည်း ထိုနည်းတူစွာ ဈာန်ဇော ၄၂-ခုကို ရအပ်၏၊အရူပဘုံ၌မူကား ရူပဈာန်နှင့် သောတာပတ္တိမဂ်ဈာန်များကို လုံးလုံးမရအပ်၊ ထို့ကြောင့် အရူပဘုံ၌ လောကီ စတုတ္ထဈာန်ဇော ၈-ခု၊သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပဌမဈာန်ဇော ၇-ခု၊ ဒုတိယဈာန်ဇော ၇-ခု၊ တတိယဈာန်ဇော ၇-ခု၊ စတုတ္ထဈာန်ဇော ၇-ခု၊ ဤဈာန်ဇောများကိုသာ ရအပ်၏၊ ပေါင်းလျှင် အရူပဘုံ၌ ရသောဈာန်ပေါင်း ၃၆-ဖြစ်၏။

ပဌမဈာန်နံ သမာပန္နာနံ-စသည်ဖြင့် ဟောတော်မူရာ၌ ဤဇောထိုက်သောဈာန်တို့ကိုသာလျှင် ဆိုင်ရာဆိုင်ရာ ကောက်ယူအပ်၏။

ဈာန်ကိုတည်ရာ ဩကာသအားဖြင့် ဘုံလုပ်၍ ဟောတော်မူသည် ဆိုရာ၌ ဘုံလုပ်၍ ဟောပုံပါဠိတော်ပြယုဂ်ကို ထုတ်ပြပေအံ့။

ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇ-
တီတိ၊ ဒုတိယဈာနေ တတိယဈာနေ တတ္ထ ကာယသင်္ခါရော

www.dhammaransi.com



ဥပ္ပဇ္ဇတိ၊ နောစ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ။ ပဌမဈာနေ ကာမာဝစရေ တတ္ထ ကာယ သင်္ခါရောစ ဥပ္ပဇ္ဇတိ၊ ဝစီသင်္ခါ-ရောစ ဥပ္ပဇ္ဇတိ။

အကြင်ဘုံ၌ ကာယသင်္ခါရဖြစ်ဆဲ၊ ထိုဘုံ၌ ဝစီသင်္ခါရ ဖြစ်ဆဲလော။ ပဌမဈာန်၌ငင်း, ဒုတိယဈာန်၌ငင်း ကာယသင်္ခါရ ဖြစ်ဆဲ ဟုတ်၏၊ ဝစီသင်္ခါရ ဖြစ်ဆဲမဟုတ်၊ ပဌမဈာန်၌ငင်း,ကာမဘုံ၌ငင်း ကာယသင်္ခါရ ဖြစ်ဆဲလည်းဟုတ်၏၊ ဝစီသင်္ခါရဖြစ်ဆဲလည်း ဟုတ်၏။

ဤပါဠိတော်၌ ဈာန်ကိုတည်ရာ ဩကာသပြု၍ ဘုံလုပ်၍ ဟောတော်မူသည်၊ ယတ္ထ, တတ္ထ စသည်ဖြင့် သတ္တမီဝိဘတ်ကို အသုံးပြု၍ ဟောတော်မူသည်များကို ဘူမောကာသအားဖြင့် ဟောတော်မူသည် ဟူ၍မှတ်ယူလေ၊ ဈာန်ကို ဘုံလုပ်၍ ဟောတော်မူသည်ကို ဈာနော-ကာသ-ဟုခေါ်၏။

ပြဆိုခဲ့သော ပါဠိတော်၌—

၁။ ဒုတိယဈာန်, တတိယဈာန်များသည် ဝိတက်, ဝိစာရမရှိသော ကြောင့် ဝစီသင်္ခါရနှင့် မဆိုင်၊ ထို့ကြောင့် ဒုတိယဈာန်, တတိယဈာန် တို့၌ ကာယသင်္ခါရဖြစ်ဆဲ၊ဝစီသင်္ခါရဖြစ်ဆဲ မဟုတ် ဟုဆိုလေသည်။

၂။ ကာယသင်္ခါရသည် တတိယဈာန် တိုင်အောင် သက်ဆိုင်သော ကြောင့် ထိုဒုတိယဈာန်တို့၌ ကာယသင်္ခါရဖြစ်ဆဲ ဟုဆိုလေသည်။

၃။ ပဌမဈာန်သည် ဝိတက်, ဝိစာရရှိသောကြောင့် ဝစီသင်္ခါရ ဆိုသည်၊ ထို့ကြောင့် ပဌမဈာန်၌ ကာယသင်္ခါရလည်းဖြစ်ဆဲ၊ ဝစီ သင်္ခါရလည်း ဖြစ်ဆဲ-ဟူ၍ ဆိုလေသည်။

[ပြဆိုခဲ့သော ပါဠိတော်ကား ကာယသင်္ခါရကို မူတည်၍ ဝစီသင်္ခါရကို မူလီသွင်းကာ ဟောတော်မူအပ်သော ယမိုက်ပါဠိတော်တည်း။]

ယတ္ထ ဝါ ပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ၊ တတ္ထ ကာယသင်္ခါ-ရော ဥပ္ပဇ္ဇတီတိ၊ စတုတ္ထဈာနေ ရူပါဝစရေ တတ္ထ စိတ္တသင်္ခါ-ရော ဥပ္ပဇ္ဇတိ၊နောစ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ။ပဌမဈာ-နေ ဒုတိယဈာနေ တတိယဈာနေ ကာမာဝစရေ တတ္ထ စိတ္တ-သင်္ခါရောစ ဥပ္ပဇ္ဇတိ၊ ကာယသင်္ခါရောစ ဥပ္ပဇ္ဇတိ။

www.dhammaransi.com



အကြင်ဘုံ၌ စိတ္တသင်္ခါရဖြစ်ဆဲ၊ ထိုဘုံ၌ ကာယသင်္ခါရဖြစ်ဆဲလော။ စတုတ္ထဈာန်၌၎င်း, ရူပဘုံ၌၎င်း, အရူပဘုံ၌၎င်း စိတ္တသင်္ခါရ ဖြစ်ဆဲ ဟုတ်၏၊ကာယသင်္ခါရ ဖြစ်ဆဲမဟုတ်၊ ပဌမဈာန်၌၎င်း, ဒုတိယဈာန်၌၎င်း, တတိယဈာန်၌၎င်း, ကာမဘုံ၌၎င်း စိတ္တသင်္ခါရလည်း ဖြစ်ဆဲ၊ ကာယသင်္ခါရလည်းဖြစ်ဆဲ။

[ဤကား စိတ္တသင်္ခါရကို မူတည်၍ ကာယသင်္ခါရကို မူလီသွင်းကာဟော တော်မူအပ်သော ယမိုက်ပါဠိတော်တည်း။]

> ယတ္ထ ဝါ ပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ၊ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဒုတိယဈာနေ တတိယဈာနေ စတုတ္ထဈာနေ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ၊ နောစ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ။ ပဌမဈာနေ ကာမာဝစရေ ရူပါဝစရေ အရူပါဝစရေ တတ္ထ စိတ္တသင်္ခါရောစ ဥပ္ပဇ္ဇတိ၊ ဝစီသင်္ခါရောစ ဥပ္ပဇ္ဇတိ။

အကြင်ဘုံ၌စိတ္တသင်္ခါရဖြစ်ဆဲ၊ထိုဘုံ၌ ဝစီသင်္ခါရဖြစ်ဆဲလော။ဒုတိယဈာန်၌၎င်း, တတိယဈာန်၌၎င်း, စတုတ္ထဈာန်၌၎င်း စိတ္တသင်္ခါရဖြစ်ဆဲ ဟုတ်၏၊ ဝစီသင်္ခါရဖြစ်ဆဲမဟုတ်၊ ပဌမဈာန်၌၎င်း, ကာမဘုံ၌၎င်း,ရူပဘုံ၌၎င်း, အရူပဘုံ၌၎င်း စိတ္တသင်္ခါရ ဖြစ်ဆဲလည်းဟုတ်၏၊ ဝစီသင်္ခါရ ဖြစ်ဆဲလည်းဟုတ်၏။

[ဤကား စိတ္တသင်္ခါရကို မူတည်၍ ဝစီသင်္ခါရကို မူလီသွင်းကာဟောတော်မူအပ်သော ယမိုက်ပါဠိတော်တည်း။]

### ကာယသင်္ခါရ ဖြစ်ဆဲသဘောကို စိစစ်၍ပြဦးအံ့

ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပဌမဈာန်, ဒုတိယဈာန်,တတိယဈာန်တို့၌ ကာယသင်္ခါရကို ရအပ်၏၊ ကာယ သင်္ခါရကို ကောက်အပ်၏ ဆိုသော်လည်း ထိုစိတ်တို့ ဖြစ်ပေါ်တိုင်း ကာယသင်္ခါရကို ရအပ်သည်မဟုတ်၊ ရံခါကာယသင်္ခါရနှင့် ကင်းကြကုန်၏၊ ရံခါ ကာယသင်္ခါရနှင့် တကွ ဖြစ်ကြကုန်၏။

ထိုစကားမှန်၏၊ ကာယသင်္ခါရသည် စိတ္တဇရုပ်ဖြစ်၍ အသက်ရှည်သည်၊ စိတ္တက္ခဏ ၁၇-ချက်, ခဏငယ် ၅၁-ချက်တိုင်အောင် အသက်

www.dhammaransi.com



ရှည်သည်၊ စိတ်တို့သည်ကား ခဏငယ် ၄၁-ချက်စာခန့်မျှ အသက်ရှိကြကုန်သောကြောင့် အသက်တိုကြသည်။

ဆိုခဲ့ပြီးသော စိတ်တိုင်းစိတ်တိုင်း ထွက်သက်,ဝင်သက်နှင့် တကွဖြစ်သည်ဆိုလျှင်—

၁။ ထွက်သက်,ဝင်သက်တို့သည် စိတ်နှင့်အလျှ ဖြစ်ကြရမည် ဖြစ်သောကြောင့် စိတ်အဖြစ်များသလို ထွက်သက်,ဝင်သက်တွေလည်း များခြင်းကြီးမကများ၍ နေကြကုန်ရာသည်။

၂။ ထွက်သက်တခုမချုပ်မီ ထွက်သက်အသစ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်ကြကုန်ရာသည်။

၃။ ထွက်သက်, ဝင်သက်များသည် ဝါကဲ့သို့ များပြားစွာ ဖြစ်နိုင်သည်မဟုတ်ကြကုန်ဘဲ အစဉ်မှန်မှန် အချိန်မှန်မှန်သာ ဖြစ်လေ့ရှိကြကုန်သည်။

ထိုကြောင့် စိတ်ဖြစ်တိုင်း ထွက်သက်, ဝင်သက် ဖြစ်ကြသည်မဟုတ်ကုန်။

## မေးမြန်းဖွယ်

စိတ်ဖြစ်တိုင်းပင် စိတ္တဇရုပ်များဖြစ်ကြသည်၊ ထွက်သက်, ဝင်သက်တို့လည်း စိတ္တဇရုပ်တို့ပင်ဖြစ်ကြသည်၊ ထို့ကြောင့် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ထွက်သက်, ဝင်သက်များ ဖြစ်သင့်သည်မဟုတ်လော-ဟုစောဒနာရန်ရှိသည်။

ထွက်သက်, ဝင်သက်ကား စိတ္တဇရုပ်ဖြစ်သည်မှန်၏၊ စိတ္တဇရုပ်တိုင်းကို ထွက်သက်,ဝင်သက် ဆိုရသည်မဟုတ်၊ဝါယောလွန်ကဲသော စိတ္တဇရုပ်တို့၏ အထူးကိုမှ ထွက်သက်,ဝင်သက် ဆိုရသည်၊ ထို့ကြောင့် စိတ္တဇရုပ်ဖြစ်တိုင်း ထွက်သက်, ဝင်သက်ဖြစ်သည်-ဟူ၍မဆိုနိုင်၊ ထွက်သက်, ဝင်သက်သဘောနှင့် စိတ္တဇရုပ်သဘောကို ခွဲခြမ်း၍သိသင့်ပေသည်၊ ထို့ကြောင့် စိတ်ဖြစ်တိုင်း ထွက်သက်, ဝင်သက်နှင့်တကွဖြစ်သည်မဟုတ်၊ ရံခါထွက်သက်, ဝင်သက်နှင့်တကွဖြစ်၏၊ ရံခါထွက်သက်, ဝင်သက်နှင့်တကွမဖြစ်-ဟူ၍သာမှတ်ရာသည်။

www.dhammaransi.com



ယမိုက်ပါဠိတော်ကြီး၌လည်း—
၁။ "ဝိနာ အဿာသပဿာသေဟိ"ဟူ၍၎င်း,
၂။ "အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ"ဟူ၍၎င်း,
၃။ "အဿာသပဿာသာနံ ဘင်္ဂက္ခဏေ"ဟူ၍၎င်း,

အထူးဝိသေသနပုဒ်ထည့်၍ဟောတော်မူပေသည်၊စိတ်ဖြစ်တိုင်းသာ ထွက်သက်, ဝင်သက်နှင့်တကွဖြစ်သည်ဆိုပါလျှင် ထိုကဲ့သို့ ဝိသေသနပုဒ်များကို ထည့်သွင်း ဟောကြားရန် လိုမည်မဟုတ်ချေ၊ စိတ်တို့၏ အဖြစ်,အချုပ်ကို ဟောရုံမျှနှင့်ပြီးစီးတော့သည်။

**ယမိုက်ပါဠိတော်များကို ထင်ရှားအောင်ထုတ်ပြပေဦးအံ့**

ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ နောစတေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ။ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံကာယသင်္ခါရောစ ဥပ္ပဇ္ဇတိ၊ ဝစီသင်္ခါရောစဥပ္ပဇ္ဇတိ။

အကြင်ပုဂ္ဂိုလ်အား ကာယသင်္ခါရဖြစ်ဆဲ၊ထိုပုဂ္ဂိုလ်အား ဝစီသင်္ခါရဖြစ်ဆဲလော။ ဝိတက်, ဝိစာရ ကင်းသောထွက်သက်, ဝင်သက်တို့၏ ဥပါဒ်ဆဲအခိုက်၌ တည်သောပုဂ္ဂိုလ်တို့အား ကာယသင်္ခါရဖြစ်ဆဲ ဟုတ်၏၊ ဝစီသင်္ခါရဖြစ်ဆဲမဟုတ်၊ ပဌမဈာန်ကိုဝင်စားဆဲပုဂ္ဂိုလ်, ကာမပုဂ္ဂိုလ်တို့၏ ထွက်သက်, ဝင်သက် ဥပါဒ်ဆဲခဏ၌ ကာယသင်္ခါရလည်းဖြစ်ဆဲဟုတ်၏၊ ဝစီသင်္ခါရလည်းဖြစ်ဆဲဟုတ်၏။

[ဤကား ကာယကိုမူတည်၍ ဝစီကိုမူလီသွင်းကာဟောသောပါဠိတော်တည်း။]

ယဿ ဝါ ပန ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ၊ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ၊ နောစတေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ။ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ဝစီသင်္ခါရောစ ဥပ္ပဇ္ဇတိ၊ ကာယသင်္ခါရောစ ဥပ္ပဇ္ဇတိ။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်အား ဝစီသင်္ခါရဖြစ်ဆဲ၊ထိုပုဂ္ဂိုလ်အား ကာယသင်္ခါရဖြစ်ဆဲလော။ ထွက်သက်, ဝင်သက်ကင်းသော ဝိတက်,ဝိစာရတို့၏ ဥပါဒ်အခိုက်၌ ဝစီသင်္ခါရဖြစ်ဆဲဟုတ်၏၊ ကာယသင်္ခါရဖြစ်ဆဲ မဟုတ်၊ ပထမဈာန်ကိုဝင်စားဆဲပုဂ္ဂိုလ်, ကာမပုဂ္ဂိုလ်တို့၏ ထွက်သက်,ဝင်သက် ဥပါဒ်ဆဲအခိုက်၌ ဝစီသင်္ခါရလည်း ဖြစ်ဆဲဟုတ်၏၊ ကာယသင်္ခါရလည်း ဖြစ်ဆဲဟုတ်၏။

[ဤကားဝစီကိုမူတည်၍ကာယကိုမူလီသွင်းကာ ဟောသောပါဠိတော်တည်း။]

> ယဿ ဝါ ပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ၊ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ၊ နောစ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ စိတ္တသင်္ခါရောစ ဥပ္ပဇ္ဇတိ၊ ကာယသင်္ခါရောစ ဥပ္ပဇ္ဇတိ။

အကြင်ပုဂ္ဂိုလ်အား စိတ္တသင်္ခါရဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ်အား ကာယသင်္ခါရဖြစ်ဆဲလော။ ထွက်သက်, ဝင်သက်ကင်းသော စိတ်တို့၏ဥပါဒ်အခိုက်၌ စိတ္တသင်္ခါရ ဖြစ်ဆဲဟုတ်၏၊ ကာယသင်္ခါရဖြစ်ဆဲမဟုတ်၊ ထွက်သက်, ဝင်သက်တို့၏ ဥပါဒ်ဆဲအခိုက်၌ စိတ္တသင်္ခါရလည်း ဖြစ်ဆဲဟုတ်၏၊ ကာယသင်္ခါရလည်းဖြစ်ဆဲ ဟုတ်၏။

[ဤကား စိတ္တကိုမူတည်၍ ကာယကို မူလီ သွင်းကာ ဟောသောပါဠိတော်တည်း။]

> ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ၊ တဿ ဝစီသင်္ခါရော နိရုဇ္ဈတီတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော နိရုဇ္ဈတိ၊ နောစ တေသံ ဝစီသင်္ခါရော နိရုဇ္ဈတိ။ ပဌမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရောစ နိရုဇ္ဈတိ၊ ဝစီသင်္ခါရောစ နိရုဇ္ဈတိ။

အကြင်ပုဂ္ဂိုလ်အား ကာယသင်္ခါရချုပ်ဆဲ၊ ထိုပုဂ္ဂိုလ်အား ဝစီသင်္ခါရချုပ်ဆဲလော။ ဝိတက်,ဝိစာရ ကင်းသော ထွက်သက်,ဝင်သက်တို့၏ ဘင်ခဏ၌ ကာယသင်္ခါရ ချုပ်ဆဲဟုတ်၏၊ ဝစီသင်္ခါရ ချုပ်ဆဲမ

www.dhammaransi.com



ဟုတ်၊ ပဌမဈာန်ကို ဝင်စားဆဲပုဂ္ဂိုလ်, ကာမပုဂ္ဂိုလ်တို့၏ ထွက်သက်, ဝင်သက်တို့၏ ဘင်ခဏ၌ ကာယသံခါရလည်းချုပ်ဆဲ၊ ဝစီသံခါရလည်း ချုပ်ဆဲ။

[ဤကား ကာယကိုမှတည်၍ ဝစီကို မူလီသွင်းကာ ဟောသော နိရောဓဝါရ ယမိုက်ပါဠိတော်တည်း။]

**ဤပါဠိတော်တို့၌။** ။ဝိနာ အဿာသပဿာသေဟိ- စသည်ဖြင့် အထူးပြု၍ ဟောပုံများကို ထောက်ထားသဖြင့် ကာယသံခါရနှင့်တကွ ဖြစ်သောစိတ်, ကာယသံခါရနှင့်ကင်းသော စိတ်တို့ရှိကြောင်းကို ထင်ရှားစွာ သိအပ်ပေသတည်း၊ လောဘမူစိတ်သည် ကာယသံခါရနှင့် တကွဖြစ်သောလောဘမူစိတ်, ကာယသံခါရနှင့်ကင်း၍ ဖြစ်သော လောဘမူစိတ်-ဟူ၍ နှစ်မျိုးဖြစ်သင့်သည်၊ ဤနည်းအတိုင်း ထွက်သက်, ဝင်သက်ရသော စိတ်တိုင်း စိတ်တိုင်းကို ဝေဖန်၍သိလေ! ဒွေပဉ္စဝိညာဉ်မှာ အဘယ်အခါမှကာယသံခါရနှင့် တကွမဖြစ်၊ မူလကပင်ပယ်ပြီးဖြစ်သည်။

**အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ**-ဟူ၍ ဟောတော်မူရာ၌ ထွက်သက်, ဝင်သက်တပြိုင်နက် ဥပါဒ်သကဲ့သို့ ဖြစ်နေသည်၊ သို့ရာတွင် ထိုသို့ မယူအပ်၊ ထွက်သက်နှင့်, ဝင်သက်သည် ဖြစ်ပုံအလွန်ခြားကွာလျက် ရှိသောကြောင့် ထွက်သက် ဥပါဒ်ဆဲမှာ ဝင်သက် မဥပါဒ်နိုင်၊ ဝင်သက် ဥပါဒ်ဆဲမှာ ထွက်သက် မဥပါဒ်နိုင်၊ ထွက်သက်, ဝင်သက်နှစ်ပါးကို အဿာသပဿာသ-ဟူ၍ တပေါင်းတည်း ဟောမြဲပြုလုပ်ခဲ့သော ဒေသနာနည်းအတိုင်း ထွက်သက်,ဝင်သက်တို့၏ ဥပါဒ်ဆဲ-ဟူ၍ တပေါင်း တည်း ဟောတော်မူရလေသည်-ဟု မှတ်ရာ၏။

ကာယသံခါရဖြစ်ဆဲကို ကောက်လျှင် ထွက်သက်, ဝင်သက်နှင့်တကွ ဖြစ်သော ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၏ ဥပါဒ်၊ ထွက်သက်, ဝင်သက်နှင့် တကွဖြစ်သော ကာမစိတ် ၄၄-တို့၏ ဥပါဒ်၌ ကာယသံခါရဖြစ်ဆဲကို ကောက်ရ၏။

[ကာမစိတ် ၄၄-ဆိုလျှင် ဒွေပဉ္စဝိညာဉ်ကိုကြဉ်သည်ဟု မှတ်ပါ။]

ဝစီသံခါရဖြစ်ဆဲကို ကောက်လျှင် ပဌမဈာန်၏ဥပါဒ်၊ ကာမစိတ် ၄၄-တို့၏ဥပါဒ်၌ ဝစီသံခါရဖြစ်ဆဲကို ကောက်ရ၏။

www.dhammaransi.com



စိတ္တသင်္ခါရဖြစ်ဆဲမှာ အလုံးစုံသောစိတ်၏ ဥပါဒ်ဆဲ၌ စိတ္တသင်္ခါရ ဖြစ်ဆဲကို ကောက်ရ၏။

ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့နှင့်ဆိုင်သော စိတ်တို့၏ ဥပါဒ်တိုင်းမှာ ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့၏ ဖြစ်ဆဲကို ကောက်ယူရ၏။

ကာယသင်္ခါရ၌ကား ထိုသို့မဟုတ်၊ ကာယသင်္ခါရနှင့် ဆိုင်သော စိတ်တို့ပင် ဖြစ်ကြကုန်သော်လည်း ထွက်သက်,ဝင်သက်နှင့်တကွလည်း ဖြစ်ပါမှ, ကာမဘုံ၌လည်း ဖြစ်ပါမှ, ကာမပုဂ္ဂိုလ်လည်း ဖြစ်ပါမှ၊ ဤအကြောင်းသုံးချက်ဆုံမှ ကာယသင်္ခါရဖြစ်ဆဲကိုကောက်နိုင်သည်။

### အတီတဝါရ၌အဓိပ္ပါယ်မှတ်ချက်

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ နောစ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ။ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရောစ ဥပ္ပဇ္ဇိတ္ထ၊ ဝစီသင်္ခါရောစ ဥပ္ပဇ္ဇိတ္ထ။

အကြင်ပုဂ္ဂိုလ်အား အကြင်ဘုံ၌ ကာယသင်္ခါရဖြစ်ဘူးပြီ၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌ ဝစီသင်္ခါရဖြစ်ဘူးပြီလော။ ဒုတိယဈာန်, တတိယဈာန်ကို ဝင်စားဆဲဖြစ်သော ပုဂ္ဂိုလ်တို့အားငှင်း, ကာမပုဂ္ဂိုလ်တို့အားငှင်း၊ ထိုဘုံ၌ ကာယသင်္ခါရလည်း ဖြစ်ဘူးပြီ၊ ဝစီသင်္ခါရလည်းဖြစ်ဘူးပြီ။

ဒုတိယဈာန်, တတိယဈာန်နှစ်ပါးသည် ကာယနှင့်သာဆိုင်၍ ဝစီနှင့်မဆိုင်၊ ထိုဈာန်နှစ်ပါးကိုဝင်စားဆဲဖြစ်လျှင် ဘယ်အခါမှာမှ ဝစီသင်္ခါရဖြစ်ဘူးသည်မရှိ၊ ထို့ကြောင့် ဒုတိယဈာန်, တတိယဈာန်ကို ဝင်စားဆဲအခိုက်မှာ ကာယသင်္ခါရသာဖြစ်ဘူးသည်၊ ဝစီသင်္ခါရ မဖြစ်စဘူး ဟု ဆိုလေသည်၊ ပဌမဈာန်နှင့် ကာမစိတ် ၄၄-တို့သည် ကာယ, ဝစီ နှစ်ပါးနှင့်ဆိုင်၏၊ ထိုစိတ်တို့ဖြစ်ခိုက်မှာ ကာယ, ဝစီနှစ်ပါးဖြစ်ဘူး၏၊ ထို့ကြောင့် ပဌမဈာန်ဝင်စားဆဲပုဂ္ဂိုလ်,ကာမပုဂ္ဂိုလ်တို့အား ကာယ သင်္ခါရ, ဝစီသင်္ခါရနှစ်ပါးဖြစ်ဘူးသည်-ဟုဆိုလေသည်။

www.dhammaransi.com



ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ စတုတ္ထဈာနံ သမာပန္နာနံ ရူပါ-ဝစရာနံ အရူပဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ နောစ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ။ ပဌမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေ-သံ တတ္ထ စိတ္တသင်္ခါရောစ ဥပ္ပဇ္ဇိတ္ထ၊ ကာယသင်္ခါရောစ ဥပ္ပဇ္ဇိတ္ထ။

အကြင်ပုဂ္ဂိုလ်အား အကြင်ဘုံ၌ စိတ္တသင်္ခါရဖြစ်ဘူးပြီ၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌ကာယသင်္ခါရဖြစ်ဘူးပြီလော။ စတုတ္ထဈာန်ကို ဝင်စားဆဲပုဂ္ဂိုလ်,ရူပပုဂ္ဂိုလ်,အရူပပုဂ္ဂိုလ်တို့အား ထိုဘုံ၌ စိတ္တသင်္ခါရဖြစ်ဘူးပြီ၊ ကာယသင်္ခါရဖြစ်ဘူးပြီမဟုတ်၊ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်ကိုဝင်စားသောပုဂ္ဂိုလ်, ကာမာဝစရပုဂ္ဂိုလ်တို့အား ထိုဘုံ၌ စိတ္တသင်္ခါရလည်းဖြစ်ဘူးပြီ၊ ကာယသင်္ခါရလည်းဖြစ်ဘူးပြီ။

[ဤပါဠိတော်အစိပ္ပါယ်မှာထင်ရှားပြီ။]

ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထ-ဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ နောစ တေသံ တတ္ထ ဝစီ-သင်္ခါရော ဥပ္ပဇ္ဇိတ္ထ။ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တ-သင်္ခါရောစ ဥပ္ပဇ္ဇိတ္ထ၊ ဝစီသင်္ခါရောစ ဥပ္ပဇ္ဇိတ္ထ။

အကြင်ပုဂ္ဂိုလ်အား အကြင်ဘုံ၌ စိတ္တသင်္ခါရဖြစ်ဘူးပြီ၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌ ဝစီသင်္ခါရဖြစ်ဘူးပြီလော။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ဝင်စားဆဲပုဂ္ဂိုလ်တို့အားငင်း, သုဒ္ဓါဝါသ ပုဂ္ဂိုလ်တို့၏ ဒုတိယစိတ်ဖြစ်ခိုက်၌ငင်း စိတ္တသင်္ခါရဖြစ်ဘူးပြီ၊ ဝစီသင်္ခါရ ဖြစ်ဘူးပြီမဟုတ်၊ ပဌမဈာန်ကိုဝင်စားဆဲပုဂ္ဂိုလ်, ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ်တို့အား စိတ္တသင်္ခါရလည်း ဖြစ်ဘူးပြီ၊ ဝစီသင်္ခါရလည်း ဖြစ်ဘူးပြီ။

www.dhammaransi.com



ဤပါဠိတော်၌ "သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ" အရ သုဒ္ဓါဝါသပုဂ္ဂိုလ်တို့အား ဒုတိယစိတ်ဖြစ်ခိုက် စိတ္တသင်္ခါရသာ ဖြစ်ဘူးသည်၊ ဝစီသင်္ခါရမဖြစ်စဘူးဆိုသောစကား၏အဓိပ္ပါယ်မှာ—

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေသောအနာဂါမ်ပုဂ္ဂိုလ်သည် ရှေးရှေးဘဝ၌ ထိုဘုံသို့တခေါက်မျှမရောက်စဘူး၊ ယခုမှတကြိမ်သာရောက်သေးသည်။

၁။ ပဋိသန္ဓေစိတ်သည် စတုတ္ထဈာန် ဖြစ်သောကြောင့် ဝိတက်, ဝိစာရနှင့်မယှဉ်၊ ထို့ကြောင့် ပဋိသန္ဓေအခါ စိတ္တသင်္ခါရလည်းဖြစ်ဘူးသည်မဟုတ်၊ဝစီသင်္ခါရလည်းဖြစ်ဘူးသည်မဟုတ်။

[ထိုပဋိသန္ဓေအခိုက်မှာ စိတ္တသင်္ခါရဖြစ်ဆဲကား ဟုတ်၏။]

၂။ ပဉ္စမဘဝင်ကစ၍ ဘဝနိကန္တိကဝီထိ မနောဒွါရာဝဇ္ဇန်း ဖြစ်သည်တိုင်အောင် စိတ္တသင်္ခါရဖြစ်ဘူး ဟုတ်၏၊ ဝစီသင်္ခါရ ဖြစ်ဘူးပြီမဟုတ်။

ဘယ်တုန်းကစိတ္တသင်္ခါရ ဖြစ်ဘူးသနည်းမေးလျှင် ပဋိသန္ဓေအခိုက်က စိတ္တသင်္ခါရဖြစ်ဘူးသည်ဟုဖြေလေ။

၃။ မနောဒွါရာဝဇ္ဇန်းအခိုက်မှာ ဝိတက်, ဝိစာရပါသော်လည်း ဖြစ်ဆဲသာဟုတ်သည်၊ဖြစ်ဘူးပြီမဟုတ်။

၄။ ဘဝနိကန္တိကပဉ္စမဇောမှစ၍ စုတိသည်တိုင်အောင်စိတ္တသင်္ခါရလည်းဖြစ်ဘူးပြီ၊ ဝစီသင်္ခါရလည်းဖြစ်ဘူးပြီ။

ဘယ်တုန်းကဝစီသင်္ခါရဖြစ်ဘူးသနည်းမေးလျှင်- မနောဒွါရာဝဇ္ဇန်းအခိုက်ကဖြစ်ဘူးသည်ဟုဖြေလေ။

ထို့ကြောင့် သုဒ္ဓါဝါသပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခိုက်စိတ္တသင်္ခါရနှင့် ဝစီသင်္ခါရမဖြစ်စဘူး၊ ဒုတိယစိတ်ခေါ်သော ပဉ္စမဘဝင်ကစ၍ ဘဝနိကန္တိက မနောဒွါရာဝဇ္ဇန်းတိုင်အောင် စိတ္တသင်္ခါရဖြစ်ဘူးပြီ၊ ဝစီသင်္ခါရဖြစ်ဘူးပြီမဟုတ်၊ ဘဝနိကန္တိက ပဉ္စမဇောကစ၍ စုတိသည်တိုင်အောင် စိတ္တသင်္ခါရလည်းဖြစ်ဘူး၏၊ ဝစီသင်္ခါရလည်းဖြစ်ဘူး၏။

[သုဒ္ဓါဝါသာနံ ဒုတိယေစိတ္တေ-အရကို ဤသို့အဓိပ္ပါယ်ဝေဖန်နည်းကို မှတ်လေ။]

www.dhammaransi.com



ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ နောစ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ။ စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရောစ နုပ္ပဇ္ဇိတ္ထ၊ ဝစီသင်္ခါရောစ နုပ္ပဇ္ဇိတ္ထ။

အကြင် ပုဂ္ဂိုလ်အား အကြင်ဘုံ၌ ကာယသင်္ခါရ မဖြစ်စဘူး၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌ ဝစီသင်္ခါရ မဖြစ်စဘူးပင်လော။ ရူပပုဂ္ဂိုလ်,အရူပပုဂ္ဂိုလ်တို့အား ထိုဘုံ၌ ကာယသင်္ခါရ မဖြစ်စဘူး၊ ဝစီသင်္ခါရဖြစ်ဘူး၏၊စတုတ္ထဈာန်ကို ဝင်စားဆဲ ပုဂ္ဂိုလ်တို့အားငှင်း,သုဒ္ဓါဝါသ ပုဂ္ဂိုလ်တို့၏ ဒုတိယစိတ်ဖြစ်ခိုက်၌ငှင်း, အသညသတ်ပုဂ္ဂိုလ်တို့အားငှင်း ထိုဘုံ၌ ကာယသင်္ခါရလည်း မဖြစ်စဘူး၊ ဝစီသင်္ခါရလည်း မဖြစ်စဘူး။

[ဤပါဠိတော်၌။ ။''သုဒ္ဓါဝါသာနံ ဒုတိယေစိတ္တေ ဝတ္တမာနေ''၏ အဓိပ္ပါယ်ကိုလည်း ဆိုခဲ့ပြီးသည်နှင့် နှိုင်းယှဉ်၍ယူလေ၊မထူးလှပြီ၊သစ္စာယမိုက်ခဏ်း၌လည်း သုဒ္ဓါဝါသပုဂ္ဂိုလ်တို့၏ ဒုတိယစိတ် သဘောအဓိပ္ပါယ်ကို အကျယ်ပြဆိုခဲ့ဘူးပြီ။]

အနာဂတဝါရ၌ အဓိပ္ပါယ်မှတ်ချက်

ယဿ ဝါ ပန ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမံ စိတ္တံ ဥပ္ပဇ္ဇိဿတိ၊ရူပါဝစရေအရူပါဝစရေ ပစ္ဆိမဘဝိကာနံ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ နောစ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ၊ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။

အကြင်ပုဂ္ဂိုလ်အား ဝစီသင်္ခါရ ဖြစ်လတ္တံ့၊ ထို ပုဂ္ဂိုလ်အား ကာယသင်္ခါရ ဖြစ်လတ္တံ့လော။ ကာမပုဂ္ဂိုလ်တို့၏ စုတိစိတ်၏ရှေ့အနန္တရ စိတ်အခိုက်၌ငှင်း, ရူပဘုံ၌ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အားငှင်း,အကြင်ပုဂ္ဂိုလ်

www.dhammaransi.com



တို့သည် ရူပဘုံ,အရူပဘုံ၌ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့၊ ထိုပုဂ္ဂိုလ်တို့၏ စုတိအခိုက်၌ပင်း ဝစီသင်္ခါရ ဖြစ်လတ္တံ့၊ ကာယသင်္ခါရ မဖြစ်လတ္တံ့။ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်တို့မှ တပါးသော ပုဂ္ဂိုလ်တို့အား ဝစီသင်္ခါရလည်းဖြစ်လတ္တံ့၊ ကာယသင်္ခါရလည်း ဖြစ်လတ္တံ့။

**ဤပါဠိတော်၌အဓိပ္ပါယ်ကား။** ။ကာမစုတိစိတ် ဟူသမျှသည် ဝစီသင်္ခါရအမြဲပါရှိကြကုန်၏၊ ရူပစုတိစိတ်သည် ဝစီသင်္ခါရ ပါရှိသော စုတိစိတ်, ဝစီသင်္ခါရ မပါသော စုတိစိတ်-ဟူ၍ နှစ်မျိုးရှိသည်။

၁။ ပဌမဈာန် ပုဂ္ဂိုလ်တို့၏ စုတိစိတ်သည် ဝစီသင်္ခါရရှိ၏။

၂။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ပုဂ္ဂိုလ်တို့၏ စုတိစိတ်တို့သည် ဝစီသင်္ခါရမရှိကုန်၊ အရူပဘုံ၌ရှိသော စုတိစိတ်ကား အမြဲပင် ဝစီသင်္ခါရမပါချေ။

ကာမဘုံ၌ စုတိစိတ်၏ အနန္တရဖြစ်သော ရှေ့စိတ်အခိုက် ဝစီသင်္ခါရ ဖြစ်လတ္တံ့၊ ကာယသင်္ခါရမဖြစ်လတ္တံ့ ဆိုသည်မှာ—

ထိုစိတ်၏ အခြားမဲ့၌ ဖြစ်သော စုတိစိတ်မှာ ဝစီသင်္ခါရ ပါသောကြောင့် ဝစီသင်္ခါရ ဖြစ်လတ္တံ့ဆိုသည်၊ ထိုစုတိအခိုက်မှာကာယသင်္ခါရ မဖြစ်သောကြောင့် ကာယသင်္ခါရ မဖြစ်လတ္တံ့-ဟုဆိုသည်၊ ကာမဘုံ၌ ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်တို့၏ သဘော ဓမ္မတာသည် စုတေသောအခါ စုတိစိတ်မှ ပြန်၍ ရေလျှင် သုံးဆဲ့နှစ်ချက်မြောက်ဖြစ်သော "ဇာတ္တိံသမ"စိတ်မှစ၍ စုတိစိတ်တိုင်အောင် ကာယသင်္ခါရဟု ဆိုအပ်သော ထွက်သက်,ဝင်သက်တို့မဖြစ်ကုန်၊ထို့ကြောင့် ကာယသင်္ခါရ မဖြစ်လတ္တံ့ ဟုဆိုသည်။

ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမံ စိတ္တံ ဥပ္ပဇ္ဇိဿတိ-ဟူသောပါဠိအရ စုတိစိတ်၏ရှေ့၌ ကပ်၍နေသောစိတ်ကို ယူလေ၊ ဇောနောင် စုတိကျလျှင် ပဌမဇောကို ကောက်လေ၊ တဒါရုံနောင်စုတိကျလျှင် ဒုတိယတဒါရုံကို ကောက်လေ၊ ဘဝင်နောင် စုတိကျလျှင် စုတိစိတ်နှင့် ကပ်၍နေသော အန္တိမဘဝင်စိတ်ကို ကောက်လေ။

www.dhammaransi.com



ရူပဘုံ, အရူပဘုံ၌ရှိသော ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့သည် နောင်အခါ ကာယသင်္ခါရ ဖြစ်ပေါ်ရန် အကြောင်းမရှိသောကြောင့် ထိုပုဂ္ဂိုလ်တို့အား ကာယသင်္ခါရ မဖြစ်လတ္တံ့၊ဝစီသင်္ခါရ ဖြစ်လတ္တံ့-ဟူ၍ ဆိုသည်၊ ဝစီသင်္ခါရဖြစ်လတ္တံ့ဆိုလျှင် စိတ္တသင်္ခါရလည်း ဖြစ်လတ္တံ့ သဘောကို ရနိုင်၏။

ကာမဘုံ၌ရှိသော အကြင်ပုဂ္ဂိုလ်တို့သည် ရူပဘုံ,အရူပဘုံတို့၌ ပဋိသန္ဓေနေ၍ ထိုရူပဘုံ,အရူပဘုံတို့၌ပင်လျှင် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့၊ ထိုကာမပုဂ္ဂိုလ်တို့ စုတေသောအခါ နောင် အနာဂတ်ကာလ၌ ကာယသင်္ခါရဖြစ်ပေါ်ရန် အကြောင်းမရှိသောကြောင့် ကာယသင်္ခါရ မဖြစ်လတ္တံ့-ဟူ၍ ဆိုသည်။

ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်တို့မှ တပါးသော ပုဂ္ဂိုလ်တို့၌မူကား ကာယသင်္ခါရလည်း ဖြစ်လတ္တံ့၊ ဝစီသင်္ခါရလည်းဖြစ်လတ္တံ့၊ဝစီသင်္ခါရဖြစ်လတ္တံ့ ဆိုလျှင် စိတ္တသင်္ခါရလည်း ဖြစ်လတ္တံ့ သဘောကို ရနိုင်၏။

[ဤစကားရပ်ကား အထက်၌ဖော်ပြခဲ့သော ပါဠိတော်၏ အဓိပ္ပါယ်ပေတည်း။]

> ယဿ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ၊တဿ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမံစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ တေသံ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ နောစ တေသံ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ။ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ ဝစီသင်္ခါရောစ နုပ္ပဇ္ဇိဿတိ၊စိတ္တသင်္ခါရောစ နုပ္ပဇ္ဇိဿတိ။

အကြင်ပုဂ္ဂိုလ်အား ဝစီသင်္ခါရမဖြစ်လတ္တံ့၊ ထိုပုဂ္ဂိုလ်အား စိတ္တသင်္ခါရမဖြစ်လတ္တံ့ပင်လော။ အကြင်စိတ်၏အခြားမဲ့၌ ဝိတက် ဝိစာရကင်းသော စုတိစိတ် ဖြစ်ပေါ်လတ္တံ့၊ထိုပုဂ္ဂိုလ်တို့အား ဝစီသင်္ခါရမဖြစ်လတ္တံ့၊ စိတ္တသင်္ခါရဖြစ်လတ္တံ့။ စုတိစိတ်အခိုက်၌ တည်သောပုဂ္ဂိုလ်တို့အား(စုတိဆဲဖြစ်သောပုဂ္ဂိုလ်တို့အား) ဝစီသင်္ခါရလည်း မဖြစ်လတ္တံ့၊ စိတ္တသင်္ခါရလည်း မဖြစ်လတ္တံ့။

ပါဠိတော်၌ "ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမံ စိတ္တံ ဥပ္ပဇ္ဇိဿတိ" ဆိုသည်မှာ ဒုတိယဈာန်ပုဂ္ဂိုလ်, တတိယဈာန်ပုဂ္ဂိုလ်, စတုတ္ထဈာန်ပုဂ္ဂိုလ်တို့၏ စုတိသောအခါကို ဆိုသည်-ဟုမှတ်၊

www.dhammaransi.com



ထိုပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်များသည် ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက်, စတုတ္ထဈာန်ဝိပါက်စိတ်များ ဖြစ်ကြကုန်၏၊ ထိုစိတ်များသည်ပင် ထိုပုဂ္ဂိုလ်တို့၏ စုတိစိတ်များဖြစ်၏၊ထိုစိတ်တို့၌ ဝိတက်ဝိစာရ မပါချေ။

ယဿ စိတ္တဿ အနန္တရာ-ဆိုသဖြင့် ထိုစုတိစိတ်တို့၏ ရှေ့အနန္တရ၌ ကပ်၍နေသောစိတ်ကိုယူလေ၊မရဏာသန္နဝီထိအားဖြင့် ဇောနောင်စုတိဖြစ်လျှင် ပဉ္စမဇောကိုယူလေ၊ ဘဝင်နောင် စုတိဖြစ်လျှင် စုတိစိတ်နှင့်ကပ်လျက်ရှိသော အန္တိမဘဝင်စိတ်ကို ယူလေ။

[မြဟ္မာတို့၌ တဒါရုံ မဖြစ်သင့်သောကြောင့် တဒါရုံ နောင်စုတိသောဝီထိကို ဤအရာ၌ မယူအပ်။]

ထိုအဝိတက္က အဝိစာရစုတိ၏ ရှေ့အနန္တရစိတ်အခိုက်မှာ ဝစီသင်္ခါရ ဖြစ်လတ္တံ့မဟုတ်၊ အဘယ့်ကြောင့်နည်းဆိုလျှင် ထိုစိတ်၏ နောက်၌ ဖြစ်လတ္တံ့သော စုတိစိတ်မှာ ဝိတက်,ဝိစာရ မပါသောကြောင့်တည်း၊ ထိုစိတ်အခါမှာ စိတ္တသင်္ခါရဖြစ်ဆဲတခုကိုသာ ရ၏၊ စုတိစိတ်အခိုက်မှာ ဝစီသင်္ခါရ ဖြစ်လတ္တံ့လည်းမဟုတ်၊စိတ္တသင်္ခါရဖြစ်လတ္တံ့လည်းမဟုတ်၊ အကြောင်းမူကား သေမည့်ဆဲဆဲ ဖြစ်သောကြောင့်တည်း။

[ဤကား ပြဆိုခဲ့သော ပါဠိတော်၏ အဓိပ္ပါယ်ပေတည်း။]

ဟောပုံ ပါဠိတော်သဘောနှင့် ကောက်ယူပုံသဘောများကို နည်းပြလိုက်သဖြင့် သင်္ခါရယမိုက်၌ ဟောတော်မူသမျှသော ပါဠိတော်တို့၏ အဓိပ္ပါယ်ကောက်ယူပုံ သဘောများကို ဉာဏ်ဖြင့် နှိုင်းချိန်စဉ်းစားနိုင်ရန် အခြေရလောက်ပါပြီ၊ ပါဠိတော် စေ့စုံအောင် ထုတ်ဖော်၍ အဓိပ္ပါယ် စစ်ဆေးပုံ, ကောက်ယူပုံ သဘောများကို အနုစိတ်၍ အဓိပ္ပါယ်အပြည့်အစုံ ရေးသားနေပါလျှင် ဤယမိုက် အဖြေကျမ်းကြီးသည် အလွန်ကျယ်ဝန်းသော ကျမ်းကြီး တစောင်ဖြစ်သွား ပေလိမ့်မည်၊ သို့ဖြစ်၍ နည်းပြရုံမျှ, အဓိပ္ပါယ်သဘောကို စစ်ကြော၍ပြရုံမျှ, မရှင်းလင်းသော အချက်များကို ရှင်းလင်းရုံမျှသာ ယမိုက်ဟောပုံသဘောကို နားလည် လွယ်အောင် ရေးသားအပ်ပေသည်။

[လျှောက်ချက်ဖြေဆိုရသောကျမ်းမျိုးဖြစ်၍ ဤယမိုက်ဟောပုဒ်တိုင်းကို ထုတ်ဖော်စိစစ်နေရန်အချက်လည်း မဟုတ်ပေ။]

www.dhammaransi.com



ယမိုက်ဆယ်ကျမ်းတို့တွင် သစ္စယမိုက်နှင့် သခ်ါရယမိုက်၌ ဟောတော်မူအပ်သော ပါဠိတို့၏အဓိပ္ပါယ်သဘော ကောက်ယူပုံများသည် လွန်စွာခက်ခဲ၏၊ သိမ်မွေ့၏၊ လွန်စွာမြင်နိုင်ခဲ၏၊ သစ္စယမိုက်,သခ်ါရယမိုက်တို့၌ ဟောပုံသဘော,ကောက်ယူပုံသဘောတို့ကို သွက်သွက်ကြီးမြင်ပါလျှင် အဘိဓမ္မာဉာဏ်ထက်သန်လှပြီ-ဟူ၍ ချီးမွမ်းပါလေ၊ယမိုက်သဘောများသည် အချို့ဌာနတို့၌ ပဋ္ဌာန်းအဓိပ္ပါယ် သဘောများထက် ပင်ရှုပ်ထွေး၍ ခက်ခဲလှချေသည်။

[ပဋ္ဌာန်း ကျမ်းသဘောမှာ ရှင်းရှင်းနှင့် ခက်ခဲသည်၊ယမိုက်ကျမ်းသဘောကား ရှုပ်ရှုပ်နှင့် ခက်ခဲသည်။]

ယမိုက်ကျမ်း၌ ဟောပုံသဘော, အဓိပ္ပါယ်ကောက်ယူပုံ သဘောကို သွက်သွက်ကြီး နားလည်လျှင် လောကီ ဝိဒဂ်ကျမ်း, တက်ကျမ်းကို နားလည်သော ဝိဒဂ်ပညာရှိများကဲ့သို့ စကားအခက်အခဲကို ပြောတတ်၏၊ သူတပါးတို့၏ စကားအခက်အခဲအရှုပ်အထွေးကို ဖြေရှင်းနိုင်၏၊ သိမ်မွေ့သောစကားအချိတ်အဆက်တို့၏ အဓိပ္ပါယ်ကိုနားလည်နိုင်၏။

သာသနာတော်၌ ယမိုက်ကျမ်းကို (Logic) ဝိဒဂ်ကျမ်း, တက်ကျမ်း တမျိုးဖြစ်သည်-ဟူ၍ ဆိုသင့်ပေသည်၊ "ဝိဒဂ်မသင်၊ နားမဝင်" ဟူ၍ ရှေးပညာရှိကြီးများဆိုခဲ့သောအတိုင်း ဝိဒဂ်ကျမ်းကို မသင်မကြား မတတ်မမြောက်ခဲ့လျှင် စကားအနုစိတ်ကို နားမလည်နိုင်၊ သာသနာတော်၌လည်း ယမိုက်ကျမ်းကို မသင်မကြား မတတ်မမြောက်ခဲ့လျှင် အဘိဓမ္မာတို့၏ အနုစိတ်သဘောနှင့်အနုစိတ်၍ဟောပုံများကို နားလည်နိုင်မည်မဟုတ်ဟုဆိုအပ်လေတော့သည်။

သို့ဖြစ်၍ ဤဒုလ္လဘသာသနာတော်ကြီးနှင့် ကြုံကြိုက်ကြသောအခါ လွန်စွာနက်နဲ၍ ခဲယဉ်းသိမ်မွေ့လှသည်ပြင် ဖြေရှင်းခြင်းငှါ မလွယ်ကူသော ဤယမိုက်ကျမ်းကြီးကို ဆုံးခန်းတိုင်ရောက် တတ်မြောက်သည်တိုင်အောင် ကြိုးစားအားထုတ်သင့်ကြပေသတည်း။

### ဥယျောဇဥ်ဂါထာ

ဂမ္ဘီရံ နိပုဏံ ဌာနံ၊ ယမကံ ဠမ ဒုဒ္ဒသံ။
ဝိဇေ့တုံ ယုဠ္ဌေယျာထ၊ ပညာကုဓာရိဓာရိနော။

www.dhammaransi.com



ဘောဓန္တော၊ အိုစာသင်ပျို့အပေါင်း သူတော်ကောင်းတို့။ ဣဓ၊ ဤပုံ့ဒွမြတ်စွာ သာသနာတော်ကြီးအတွင်း၌။ ဧတံယမကံ၊ထိုယမိုက်ကျမ်းကြီးသည်။ ဂမ္ဘီရံ၊ လေးသွယ်သမုဒ္ဒရာ နှိုင်းစာမမျှ နက်နဲလှ၏တကား။ နိပုဏံ၊ပရမာနုမြူ မတူနိုင်ပြီ ဇေကြီသားမွေး မကသေးအောင် မဟေးနိုင်ဖွယ် အကယ်သိမ်မွေ့လှလေ၏တကား။ ဒုဇ္ဇာနံ၊ တောရှုပ် ချုံရှုပ် ထွင်ခုတ်ဖြိုဖျက် အရှင်းခက်သည်ထက် ဆထက်ထောင်ရာ မကသာအောင် လွန်စွာထွေးယှက် အရှင်းခက်လှချေ၏တကား။ ဘောဓန္တော၊ အဘိဓမ္မာ ပညာရွှယ်ချောင်း အိုစာသင်သားအပေါင်း သူတော်ကောင်းတို့။ တုမှေ၊ သင်တို့သည်။ ဒုဇ္ဇာနံ၊ လွန်စွာ အရှင်းခက်သော။ ဧတံယမကံ၊ ထိုယမိုက်ကျမ်းကြီးကို။ ဝိဇဋေတုံ၊ ကုန်စင်တျင်းတျင်း ခုတ်ထွင်ဖြေရှင်းခြင်းငှါ။ ပညာကုဓာရိဓာရိနော၊ အဘိဓမ္မာပညာတည်းဟူသော ဓားမကြီးကိုကိုင်ဆောင်ကြကုန်လျက်။ ယုဋ္ဌေယျာထ၊ မနေမနား ငါတကား-ဟုကြိုးစားအားထုတ်တော်မူကြကုန်ရာသတည်း။

ရှင်းလင်းရန်ခက်လှသော ယမိုက်ကျမ်းကြီးကို ရှင်းရန်လက်နက်ဖြစ်သောဓားမကြီးဆိုသည်မှာ—

၁။ ရှေးဦးစွာ အဘိဓမ္မာအရိုးကျဖြစ်သော သရုပ်သဘော ဇောဝိထိတို့ကို သွက်သွက်ကြီးကြေပြွန်ခြင်း၊ ဘုံပုဂ္ဂိုလ်သဘော, ဘုံပုဂ္ဂိုလ်တို့နှင့်ဆိုင်သောစိတ်ဓာတ်သဘော,ရုပ်ဓာတ်သဘောတို့ကို ဟောဟောဒိုင်းဒိုင်း မြင်းကောင်းစိုင်းသကဲ့သို့ သွက်သွက်ကြီးမြင်နိုင်ခြင်း။

၂။ အနန္တရပစ္စည်းမှစ၍ ပဋ္ဌာန်းပစ္စည်းသဘောတို့ကို သွက်သွက်ကြီး မြင်နိုင်ခြင်း။

၃။ စုတိပဋိသန္ဓေ၏ အပြောင်းအလွဲသဘော,နာမ်ဓာတ်ရုပ်ဓာတ်တို့၏ ဥပါဒ်သဘော, ဘင်သဘောများကို သွက်သွက်ကြီးမြင်နိုင်ခြင်း။

ဤသို့သိမြင်နိုင်သော အဘိဓမ္မာဉာဏ်ကို ဤအရာ၌ ဓားမကြီးဟုဆိုပါသတည်း၊ ထိုဓားမကြီးဖြင့်ရှင်းလင်းပါလျှင် လွန်စွာခက်ခဲလှသည် မဟုတ်ချေ၊ အားကောင်းကောင်း, ဓားကောင်းကောင်းနှင့် အလွန်ရှုပ်ထွေးသော ဆူးချုံကြီးကိုထွင်ရာ လွယ်စွာနှင့် ရှင်းလင်းနိုင်သကဲ့သို့ ထိုရှုပ်ထွေးလှစွာသော ယမိုက်ကျမ်းကြီးကိုလည်း လွယ်စွာနှင့်ရှင်းလင်းနိုင်မည်မှာကေန်မလွဲပင်တည်း။

www.dhammaransi.com



ဤလောက၌ တောင်သူယာခုတ်သမား, သစ်ခုတ်သမားစသည်တို့သည် တောတောင်သစ်ပင်စသည်များကို မည်ကဲ့သို့ပင် ရှုပ်ထွေးစေကာမူ အားတိုက်ကြိုးစားကာ ငန်းထွင်၍သုတ်သင်ရှင်းလင်းကြကုန်၏၊ ထိုကဲ့သို့သောအားတိုက်သမားတို့သည် လွန်စွာများလှ၏၊ အဘိဓမ္မာအရှုပ်အထွေးတို့ကို ဉာဏ်ဖြင့် ခုတ်ထွင်ရှင်းလင်းသော ပုဂ္ဂိုလ်တို့မှာ လွန်စွာနည်းပါးလှပေသည်၊ ထိုသို့ဖြစ်ရခြင်းမှာ သာသနာတော်အားနည်းကြောင်းဖြစ်၍ သာသနာရေးနှင့် နက်နက်ကြီး တွေးမိပါလျှင် လွန်စွာဝမ်းနည်းဖွယ်ကောင်းလှသည်။

## ဤသင်္ခါရယမိုက်၌ဆိုဖွယ်အနည်းငယ်ကို ဆက်၍ဆိုပါဦးအံ့

ကာယသင်္ခါရ, ဝစီသင်္ခါရ ပါရှိသော ပါဠိတော်ပုဒ်တို့၏ သဘောအကောက်အယူသည် ရှုပ်ထွေး၏၊စိတ္တသင်္ခါရ ပါရှိသောပုဒ်တို့၌ ထိုကဲ့သို့ရှုပ်ထွေးသည်မဟုတ်ချေ၊ ကာယ, ဝစီနှစ်ပါးတို့တွင်လည်း ကာယသင်္ခါရပုဒ်ပါရှိသော ပါဠိတော်ပုဒ်၏ သဘော အကောက်အယူသည် ရှုပ်ထွေး၏၊ ဝစီသင်္ခါရ၌ ထိုမျှလောက် မရှုပ်ထွေးချေ၊ ဤသဘောကိုလည်း စဉ်းစားဆင်ခြင်မိကြပါကုန်။

ဝိနည်းအဋ္ဌကထာ အလိုအားဖြင့် ထွက်သက်ကို အဿာသ, ဝင်သက်ကို ပဿာသဆိုသည်၊ အဿာသောတိ ဗဟိနိက္ခမန ဝါတော၊ ပဿာသောတိ အန္တော ပဝိသနဝါတော။

[ပါရာဇိကကဏ်အဋ္ဌကထာအနက်လွယ်ပြီ။]

အဘိဓမ္မာ အဋ္ဌကထာ, သုတ္တန်အဋ္ဌကထာတို့၏ အလိုအားဖြင့် ဝင်သက်ကို အဿာသ,ထွက်သက်ကို ပဿာသ ဆိုသည်၊ အဿာသောတိ အန္တောပဝိသနနာသိကဝါတော၊ ပဿာသောတိ ဗဟိနိက္ခမနနာသိကဝါတော။

[သမ္မောဟဝိနောဒနီ၊ သုတ်မဟာဝါ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါ၌၊ အနက်လွယ်ပြီ။]

ဤသို့ အလိုရှိရာ သုတ္တန်အဋ္ဌကထာနှင့် ဝိနည်းအဋ္ဌကထာ အဆိုမညီဘဲရှိနေလေသည်၊ဝိမတိဝိနောဒနီဆရာသည်ကား သုတ္တန်အဋ္ဌကထာဆရာကြီး၏ စကားသည် ပါဠိတော်နှင့် ညီညွတ်၏-ဟူ၍ဆို၏၊ ပါဠိတော်

www.dhammaransi.com



တို့၌ ဟောတော်မူပုံမှာ ဝင်သက်ကို အဿာသ, ထွက်သက်ကိုပဿာသ-ဟူ၍ ဟောတော်မူရိပ်ရှိသည်။

ပါဠိတော်အထောက်ကား—

အဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တံပိ သာရဒ္ဓါစ ဟောန္တိ ဣဉ္ဇိတာစ ဖန္ဒိတာစ၊ ပဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ဗဟိဒ္ဓ ဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တံပိ သာရဒ္ဓါစ ဟောန္တိ ဣဉ္ဇိတာစ ဖန္ဒိတာစ။
[ပဋ္ဌာသပါဠိတော်။]

**အနက်ကား။** ။အဿာသာဒိမဇ္ဈပရိယောသာနံ၊ ဝင်သက်၏ အစ, အလယ်, အဆုံးကို။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ်တစိုက်လျှောက်၍ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ အဇ္ဈတ္တဝိက္ခေပဂတေန၊ အတွင်း၌ ပျံ့လွင့်သော။ စိတ္တေန၊ စိတ်ဖြင့်။ ကာယောပိ၊ ကိုယ်သည်ငှင်း။ စိတ္တံပိ၊ စိတ်သည်ငှင်း။ သာရဒ္ဓါစ၊ တောင့်ခိုင် ကြမ်းတန်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဉ္ဇိတာစ၊ တုန်လည်း တုန်ကြကုန်၏။ ဖန္ဒိတာစ၊ လှုပ်လည်း လှုပ်ကြကုန်၏။ ပဿာသာဒိမဇ္ဈပရိယောသာနံ၊ ထွက်သက်၏ အစ, အလယ်,အဆုံးကို။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ်တစိုက်လျှောက်၍ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ ဗဟိဒ္ဓဝိက္ခေပဂတေန၊ အပြင်၌ ပျံ့လွင့်သော။ စိတ္တေန၊ စိတ်ဖြင့်။ ကာယောပိ၊ ကိုယ်သည်ငှင်း။ စိတ္တံပိ၊ စိတ်သည်ငှင်း။ သာရဒ္ဓါစ၊ တောင့်ခိုင်ကြမ်းတန်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဉ္ဇိတာစ၊ တုန်လည်တုန်ကြကုန်၏။ ဖန္ဒိတာစ၊ လှုပ်လည်း လှုပ်ကြကုန်၏။

[ဤပါဠိတော်မှာ ဝင်သက်ကို အဿာသ,ထွက်သက်ကို ပဿာသ-ဟူ၍ ဟောတော်မူကြောင်း ထင်ရှားလေသည်။

အဋ္ဌကထာချင်း ကွဲလွဲသည်ဆိုသော်လည်း ဆရာမှာ အရှင်မဟာဗုဒ္ဓဃောသ တပါးတည်းပင်ဖြစ်၏၊ အဋ္ဌကထာကျမ်းကို ရေးစဉ်အခါ သုတ္တန်ဆောင်ပုဂ္ဂိုလ်, ဝိနည်းဆောင်ပုဂ္ဂိုလ်တို့၏ ပြောရိုး,ဆိုရိုး ရှိသည်အတိုင်း ထိုပုဂ္ဂိုလ်တို့နှင့် မဆန့်ကျင်အောင် ရေးသည်-ဟူ၍ သာလျှင်မှတ်အပ်ပေသည်။]

www.dhammaransi.com



အမိဝမ်းတွင်းမှ ဖွားသောအခါ ထွက်သက် ရှေးဦးစွာဖြစ်၏၊ ထို နောက်မှ ဝင်သက်ဖြစ်သည်၊ ဖွားခါစဖြစ်သောသူသည် ရှေးဦးစွာထွက် သက်ရှူ၍၊ထိုနောက်မှ ဝင်သက်ရှိုက်၏-ဟု ဆိုလိုသည်၊သံသေဒဇပုဂ္ဂိုလ် အဏ္ဍဇပုဂ္ဂိုလ်, ဥပပါတ်ပုဂ္ဂိုလ်တို့၌လည်း ထိုနည်းတူစွာ ထွက်သက် ရှေးဦးဖြစ်သည်-ဟူ၍ ယူရန်သင့်ပေသည်။

**မေးမြန်းဖွယ်**

ထွက်သက်၏ အစကား ချက်တိုင်, အလယ်ကား ရင်,အဆုံး ကား နှာသီးဖျား-ဟူ၍ဆိုရာ ချက်တိုင်က စ၍ဖြစ်သော ထွက် သက်လေသည် နှာသီးဖျားသို့ရောက်သလောဟူမူ–

ထိုသို့ရောက်သည်မဟုတ်၊ စိတ္တဇရုပ် ဖြစ်သောကြောင့် ရုပ် သက် အားလျော်စွာပင် ဖြစ်ရာဌာနမှာပင် ချုပ်လေသည်၊ သန္တတိသဘောအားဖြင့် ထွက်သက်လေ အစဉ်အတိုင်းဖြစ်၍ နှာခေါင်းဝသို့တိုင်အောင် ဆန်တက်လေ၏၊ နှာခေါင်းအပြင်သို့ ထွက်သောလေကိုမူကား စိတ္တဇရုပ်-ဟူ၍ မဆိုရပြီ၊စိတ္တဇရုပ်အ စဉ်မှ ဆက်လက်ဖြစ်ပွားသောဥတုဇသန္တတိရုပ်အစဉ်-ဟူ၍ မှတ် အပ်၏၊ ဝင်သက် နှာခေါင်းဝကစ၍ ချက်တိုင်သို့ ကျအောင် ထိုနည်းတူစွာကြံလေ။

ထိုကာယသင်္ခါရ-ဟုဆိုအပ်သော ထွက်သက်, ဝင်သက် နှစ်ပါးသည် ဤကိုယ်ကာယကြီးကို အစဉ်သဖြင့် စောင့်ရှောက်ဖော် ရပေသည်၊ ကာမဘုံသားတို့အား ထိုကာယသင်္ခါရသည် ကဗဠီကာရအာဟာရ ထက်ပင်ကျေးဇူးပြုပေ၏၊ အစာကို လေး ငါး ခြောက်ရက် မစားသော် လည်း ဤကိုယ်ကြီး သေကြေပျက်စီးခြင်းသို့ မရောက်နိုင်၊ဤကိုယ်ကာယ၌ တနာရီမျှထွက်သက်, ဝင်သက်ကင်းလျှင် ပျက်စီးခြင်းသို့ ရောက်မည်အ မှန်ပင်တည်း၊ ကာယသင်္ခါရချုပ်လျှင် သေခြင်းသို့ ရောက်လေ၏၊ အစာ အာဟာရကို ပင်မစားရစေကာမူ ထွက်သက်, ဝင်သက်တို့ကို အချိန် မှန်စွာ ရှူရှိုက်၍ထားနိုင်ပါလျှင် သေခြင်းသို့ ရောက်နိုင်မည်မဟုတ်။

သမထဘာဝနာခဏ်း၌ အာနာပါနအလုပ်ကြီးသည် ဤထွက်သက်, ဝင်သက်များကို နိုင်နင်းအောင်ပြုလုပ်သော အလုပ်ကြီး တခုဖြစ်

www.dhammaransi.com



၏၊ ထိုအာနာပါန အလုပ်ကိုပေါက်ရောက် ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ပါလျှင် အကျိုးနှစ်ပါးပြီးစီး၏၊ အကျိုးနှစ်ပါး ဆိုသည်ကား သမာဓိကို ရခြင်းအကျိုး၊ ထွက်သက်,ဝင်သက်တို့ကို ပိုင်နိုင်သဖြင့် ဤကိုယ်ကြီးကို အသက်ရှည်ခြင်း, ကျန်းမာခြင်းမှစ၍ တည်တန့်ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခြင်းအကျိုး၊ ဤအကျိုးနှစ်ပါးပေတည်း။

ဇမ္ဗူဒီပ်ယနိုင်ငံ၌အချို့သောဟိန္ဒူယောဂီကြီးတို့သည် သမာဓိအကျိုးကို ပဓာနမထားဘဲ ဤကိုယ်ကြီး၏ တည်တန့် ခိုင်မြဲရန်ဖြစ်သော အကျိုးသက်သက်ကိုသာ ပဓာနထား၍ ပြုလုပ်ကြသည်၊ အာနာပါနကို ပိုင်နိုင်လျှင် ကာယကိုလည်း ပိုင်နိုင်လေတော့၏၊အစာအာဟာရကို မစားဘဲသော်လည်း အာနာပါန အစွမ်းဖြင့် ဤကိုယ်ကြီးကို တည်တန့်အောင် ဆောင်ရွက်နိုင်၏၊ အာနာပါနကို ချုပ်အောင်တတ်စွမ်းနိုင်သောအခါ အသက် မရှူဘဲ, မရှိုက်ဘဲသော်လည်း တည်တန့်နိုင်တော့သည်။

မြတ်စွာဘုရားဟောကြားတော်မူအပ်သော အာနာပါနနည်းလမ်းတို့တွင်လည်း—ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသိဿာမီတိ သိက္ခတိ—စသည်ဖြင့် ဟောတော်မူသည်၊ထွက်သက်,ဝင်သက်နှစ်ပါးကို ချုပ်ငြိမ်းကင်းဆိတ်အောင်ပြုလုပ်သော နည်းလမ်းကြီးပင်ဖြစ်ပေသည်၊ အာနာပါနအလုပ်သည် သိဒ္ဓိအလုပ်ကြီးတမျိုး ဖြစ်သောကြောင့် ထိုအလုပ်စခန်းကြီး ပေါက်ရောက်ပါလျှင် သိဒ္ဓိပြီးခြင်းသို့ ရောက်နိုင်တော့သတည်း။

[ဤကား ထွက်သက်,ဝင်သက်နှင့်စပ်၍ အမြွက်မျှ ပြဆိုအပ်သော စကားရပ်ပေတည်း။]

သင်္ခါရယမိုက် အဓိပ္ပါယ်ချုပ်ပြီး၏။

## ၇-အနုသယယမိုက် အဓိပ္ပါယ်ချုပ်

အနုသယဓာတ် ၇-ပါး ရှိသည်၊ (၁) ကာမရာဂါ နုသယ၊ (၂) ဘဝရာဂါ နုသယ၊ (၃) ပဋိဃာ နုသယ၊ (၄) မာနာ နုသယ၊ (၅) ဒိဋ္ဌာနုသယ၊ (၆) ဝိစိကိစ္ဆာနုသယ၊ (၇) အဝိဇ္ဇာ နုသယ၊ ဤကား အနုသယဓာတ် ၇-ပါးတည်း။

www.dhammaransi.com



အနုအနု သေန္တီတိ အနုသယာ။ ။အနုအနု၊ အစဉ်တစိုက်။ ဝါ၊ အစွဲအမြဲ။ သေန္တိ၊ ကိန်းဝပ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အနုသယာ၊ အနုသယမည်ကုန်၏။ အစဉ်ကိန်းဝပ်စွဲတည်၍ နေသော ကြောင့် အနုသယမည်၏ဆိုလိုသည်။

"အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ် နုသယံ"

ဟူ၍ဆိုအပ်သောအတိုင်း အနုသယတရား ၇-ပါးတို့သည် သတ္တဝါ တို့၏ စိတ်အစဉ်၌ အမြဲကိန်းဝပ်၍ နေကြသည်၊ မျိုးစေ့ဓာတ်သဘော ရှိကြသည်-ဟူ၍ ဆိုလို၏၊ မျိုးဓာတ်ဆိုသည်မှာ ဥမှ ပေါက်သောသစ်ပင် နွယ်ပင် မျိုးတို့သည် နွေလအခါ အပင်ကျ၍နေသော်လည်း မိုယ်း ကျလာသောအခါ မြေတွင်းမှပေါက်လာ ကြကုန်၏၊ ဥတို့သည် မြေ တွင်း၌ ကိန်းအောင်းခါ မျိုးဓာတ်အဖြစ်ဖြင့် ငုပ်ဝပ်၍ နေကြသည်၊ မိုယ်းရွာခြင်းတည်းဟူသော အကြောင်းနှင့်ကြုံကြိုက်သောအခါ အပင် တွေပေါ်ပေါက်၍ လာကြကုန်သည်။

ထိုနည်းတူစွာ အနုသယဓာတ်တို့သည် စိတ်သန္တာန်၌ မျိုးစေ့သဖွယ် ကိန်းဝပ်၍ နေကြကုန်သည်၊ အကြောင်းမကြိုက်ကြုံက ဥပါဒ်ဖြစ်ပေါ် ခြင်းသို့ မရောက်ကြကုန်၊ အာရုံစသော အကြောင်းတို့နှင့် တိုက်ဆိုင် လာသောအခါ ဥပါဒ်ဖြစ်ပေါ်ခြင်းသို့ ရောက်ကြလေကုန်၏၊ အနုသယ ဓာတ်သည် သတ္တိသဘောပင်တည်း၊ ထိုအနုသယဓာတ်မှ ပေါ်ပေါက် လာကြကုန်သော ကာမရာဂ စသောတရားတို့သည် ဗျတ္တိသဘောတို့ တည်း၊ သတ္တိသဘောကား မထင်ရှား၊ဗျတ္တိသဘောကား ထင်ရှားသည်၊ ဗျတ္တိသဘောအခိုက်သို့ မရောက်ဘဲ သတ္တိသဘောအားဖြင့် ကိန်းဝပ်၍ နေသော ဓာတ် ၇-ပါးကို အနုသယဓာတ်-ဟူ၍ ဆိုသည်။

**ဥပမာ ဆောင်၍ ပြပေအံ့။** ။ဤလောက၌ ဝါသနာဓာတ်များသည် ရှိကုန်၏၊ အလေ့ကို ဝါသနာ-ဟု ဆိုသည်၊ ထိုဝါသနာဓာတ်ကို ပယ်ခြင်း ငှါလွန်စွာ ခဲယဉ်းလှ၏၊ အလုံးစုံသော ကိလေသာတို့ကို ပယ်ရှားတော် မူကုန်ပြီးသော ရဟန္တာအရှင်, ပစ္စေကဗုဒ္ဓါအရှင်တို့ပင်သော်လည်း ထိုဝါသနာဓာတ်ကို အရှင်းပယ်စွန့်ခြင်းငှါ မတတ်နိုင်ကြကုန်။

www.dhammaransi.com



အချို့သော ရဟန္တာတို့သည် ရာဂကင်းရှင်းပြီးပင် ဖြစ်ကြကုန်သော်လည်း သာယာဖွယ်ဖြစ်သောအာရုံနှင့် တွေ့ဆုံသောအခါ သာယာသောအမူအရာလိုလို, သာယာသလိုလိုဖြစ်ကြကုန်၏၊ သို့ရာတွင်တကယ်သာယာသည်မဟုတ်၊ ကိလေသာမကုန်ခင်က ဝါသနာဓာတ်စွဲခဲ့သောအမူအရာမျိုး အရှင်းမပျောက်ခြင်းမျှသာ ဖြစ်လေသည်။

အချို့သောရဟန္တာတို့သည် ဒေါသကင်းရှင်းပြီး ဖြစ်တော်မူကြကုန်သော်လည်း စိတ်ဆိုးဖွယ်အာရုံနှင့်တွေကြုံသောအခါ စိတ်ဆိုးသောအမူအရာလိုလို, စိတ်ဆိုးသလိုလိုဖြစ်ကြကုန်၏၊ စင်စစ်မှာ စိတ်ဆိုးသည်မဟုတ်ကုန်၊ ဒေါသအမူအရာဝါသနာအငွေ့ဟပ်ခြင်းမျှသာတည်း။

ဤသို့စသည်ဖြင့် ရဟန္တာနှင့် ပစ္စေကဗုဒ္ဓါ အရှင်တို့မှာ ဝါသနာဓာတ်ကို အရှင်းမပယ်ဖြတ်နိုင်ကြောင်း ထင်ရှားလှပေသည်၊ ရဟန္တာသာဝကတို့တွင် အထွတ်အဖူး တင်၍ထားအပ်သော အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးပင်လျှင် ရှေးရှေးဘဝတို့က မျောက်ဖြစ်တော်မူခဲ့ဘူးသည်နှင့် ထိုဝါသနာဓာတ် စွဲကပ်လာသည့်အတွက် ရဟန္တာဖြစ်သောအခါ ကိုယ်အမူအရာမငြိမ်သက်ကြောင်းကို ကျမ်းဂန်တို့၌ဆိုလေသည်။

သဗ္ဗညုဘုရားရှင်တို့သည် ဝါသနာဓာတ်နှင့်တကွ ကိလေသာကိုပယ်သတ်တော်မူနိုင်ကြကုန်၏၊ ထို့ကြောင့် ဘုရားရှင်တို့သန္တာန်မှာ ကိလေသာအမူအရာဟူ၍ အရိပ်အငွေ့မျှရှိတော်မမူ၊ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့သည် လွန်စွာ သန့်ရှင်းစင်ကြယ်တော်မူကြကုန်၏၊ လွန်စွာတည်ကြည်တော်မူကြကုန်၏၊ ဖောက်ပြန်ချွတ်ယွင်းခြင်း-ဟူ၍တစုံတရာမျှမရှိချေ။

လေငြိမ်ရာ၌ ထွန်း၍ထားအပ်သော မီးတောက်ကဲ့သို့ အစဉ်သဖြင့်တည်တန့်တော်မူသည်၊ လှုပ်ရှားဖောက်ပြားခြင်းကို မည်သူမျှ မတွေ့နိုင်ကြကုန်၊ ဥတ္တရလုလင်သည် ခြောက်လတိုင်တိုင် မြတ်စွာဘုရား၏နောက်တော်ကလိုက်၍ ချွတ်ယွင်းသော အမူအရာကိုစုံစမ်း ထောက်လှမ်းရာ တစုံတရာမျှမတွေ့သဖြင့် ဘုရားစင်စစ်ကေန်ဖြစ်သည်-ဟူ၍ ဝန်ခံဘူးလေသည်။

www.dhammaransi.com



ထို့ကြောင့် သဗ္ဗညု မြတ်စွာဘုရားတို့သည်သာလျှင် ကိလေသာကို၎င်း, ကိလေသာ၏အမှုအရာဖြစ်သော ဝါသနာဓာတ်ကို၎င်း အကြွင်းမဲ့ ပယ်သတ်နိုင်ကုန်သည်-ဟူ၍ ဆိုပေသည်၊ ထိုသို့ပယ်သတ်တော်မူနိုင်သည့် အတွက်ကြောင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာ ဘုရားစင်စစ် ဧကန်ဖြစ်သည်-ဟူ၍ တလောကလုံး သမုတ်အပ်ပေသတည်း။

ထိုဝါသနာဓာတ်နှင့်တူစွာ အလုံးစုံသော ပုထုဇဉ် သတ္တဝါတို့၏ သန္တာန်၌ အနုသယဓာတ် ၇-ပါးတို့သည် အမြဲပင်ကိန်းဝပ်တည်ရှိ၍ နေကြကုန်၏၊ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌လည်း ထိုက်သည်အားလျော်စွာ အနုသယဓာတ်တို့သည် ကိန်းဝပ်တည်ရှိကြကုန်၏၊ ရဟန္တာတို့၏သန္တာန်၌မူကား အနုသယဓာတ်-ဟူ၍ တစုံတခုမျှ မရှိချေ၊ အနုသယဓာတ်အလုံးစုံ ကင်းပြတ်ကြလေကုန်၏၊ အနုသယဓာတ်ကင်းပြတ်သောကြောင့်သာလျှင် ကိလေသာကုန်ခန်း၍ ရဟန္တာ အဖြစ်သို့ရောက်သည်-ဟုဆိုရပေသည်။

## ကာမရာဂါနုသယ၏သဘောကိုပြဆိုအံ့

ကာမရာဂ၏ဘုံသည် အနုသယဘုံ, ပရိယုဋ္ဌာနဘုံ, ဝီတိက္ကမဘုံ အားဖြင့်သုံးပါးရှိ၏။

[ပဋိဃာနုသယ စသော အနုသယတို့၌လည်း ထိုနည်းတူစွာ အသီးအသီးဘုံ သုံးပါးစီပင်ရှိကြသည်။]

၁။ ထိုကာမရာဂသည် ဖြစ်ပေါ်သောင်းကျန်းပြီးလျှင် ကိုယ်အမှုအရာ, နှုတ်အမှုအရာတို့ကို လှုပ်ရှားဖောက်ပြန်စေ၏၊ ကာမရာဂလှုံ့ဆော်သဖြင့် ကိုယ်လက်အင်္ဂါတို့သည် မူလသဘောအတိုင်းမဟုတ်ဘဲ သောင်းကျန်းလာကြ၏-ဆိုလိုသည်၊ ထိုသို့ဖြစ်မှုကို ကာမရာဂ၏ဝီတိက္ကမ ဘုံခေါ်သည်။

၂။ ထိုကာမရာဂသည် ကိုယ်အမှုအရာ, နှုတ်အမှုအရာ သောင်းကျန်းခြင်းသို့မရောက်စေဘဲ မနောဒွါရတည်းဟူသော စိတ်သန္တာန်၌သာလျှင် ဖြစ်ပေါ်၍နေ၏၊ ထိုသို့ဖြစ်မှုကို ပရိယုဋ္ဌာနဘုံခေါ်သည်။

www.dhammaransi.com



၃။ ထိုကာမရာဂသည် မနောဒွါရ၌ဖြစ်ပေါ်ဥပါဒ်ခြင်းသို့ မရောက်ဘဲ ကိန်းဝပ်မြဲကိန်းဝပ်၍နေ၏၊ ထိုအခိုက်ကို အနုသယဟုခေါ်သည်။

အနုသယအခိုက်မှာ ဖြစ်ပေါ်ရုံမျှမဖြစ်ပေါ်၊ ပရိယုဋ္ဌာနအခိုက်မှာ ဖြစ်ပေါ်ရုံဖြစ်ပေါ်၏၊ ကိုယ်အမူအရာ နှုတ်အမူအရာကို သောင်းကျန်းအောင်မပြု၊ ဝီတိက္ကမအခိုက်မှာ ဖြစ်ပေါ်ရုံမျှမက ကိုယ်အမူအရာ, နှုတ်အမူအရာကို သောင်းကျန်းစေသည်၊ဝီတိက္ကမဟုံသို့ ရောက်သောအခါ ကာယကံမြောက်အောင်, ဝစီကံမြောက်အောင် စွမ်းဆောင်နိုင်၏။

## ရေ၌ငုပ်နေသောဥပမာဖြင့်ပြဆိုပါဦးမည်

လူတယောက် ရေ၌ ငုပ်နေသည့်အခိုက်သည် အနုသယအခိုက်နှင့် တူ၏၊ရေပေါ်သို့ပေါ်ရုံမျှ ပေါ်နေသော အခိုက်သည် ပရိယုဋ္ဌာနအခိုက်နှင့်တူ၏၊ ရေပေါ်၌ပေါ်ပြီးလျှင် ကူးခတ်ခြင်း စသည်ဖြင့် သောင်းကျန်းသောအမူအရာကို ပြုလုပ်သောအခိုက်သည် ဝီတိက္ကမအခိုက်နှင့် တူ၏၊ ရေ၌ငုပ်၍နေသူကို မြင်ရုံမျှမမြင်ရ၊ ထိုနည်းတူစွာ အနုသယအခိုက်၌ တည်နေသော ကာမရာဂကို မည်သည့်နည်းနှင့်မျှ အကဲခတ်၍ မရနိုင်။
[ဤကား အနုသယ သဘောတည်း။]

## ကာမရာဂ၏ပရိယုဋ္ဌာနဖြစ်ပုံ ဝီတိက္ကမ ဖြစ်ပုံများကိုပြဆိုချက်

ဥပါဒ်ခြင်းသို့မရောက်ဘဲ စိတ်သန္တာန်၌ကိန်းဝပ်၍နေသော ကာမရာဂ အနုသယဓာတ်သည် ဒွါရခြောက်ပါးတို့တွင် တပါးပါးသော ဒွါရ၌ သာယာဖွယ်ဖြစ်သော အာရုံထင်လာ ထိခိုက်လာသည်ရှိသော် အယောနိသော မနသိကာရ သဘောဖြင့် ကာမရာဂဖြစ်ပေါ်ရန် ဘဝင်လှုပ်၍လာ၏၊ဘဝင်လှုပ်ခြင်းသည် အနုသယအခိုက်၌ တည်သော ကာမရာဂ၏ ဖြစ်ပေါ်ရန် အကြောင်းနိမိတ်ပင်ဖြစ်ပေသည်၊ နေထွက်တော့မည့် နိမိတ်လက္ခဏာ နေအရုဏ် တက်လာခြင်းကဲ့သို့တည်း။

ထိုဘဝင်လှုပ်ခြင်းကို အကြောင်းရင်းခံပြီးလျှင် ဝီထိစိတ် အစဉ်ဖြစ်ပေါ်လာ၏၊ ကာမရာဂနှင့် တကွသော ဇောစိတ်တွေ ဖြစ်ပေါ်၍လာ၏၊ ထိုသို့ဖြစ်ပေါ်ရာ ထင်လာ ထိခိုက်လာသော အာရုံကလည်းအားနည်း,

www.dhammaransi.com



စိတ်အဟုန်ကလည်း အားနည်းပါမူကား အာရုံလည်း ချုပ်လေ၏၊ ကာမရာဂလည်း ချုပ်လေ၏၊ အနုသယဘုံအခိုက်၌ တည်လေ၏၊ ကိုယ်အမူအရာ, နှုတ်အမူအရာ သောင်းကျန်းခြင်းသို့ မရောက်စေ၊ ထိုသို့ဖြစ်ခြင်းသည် ပရိယုဋ္ဌာနကိစ္စအားဖြင့် ဖြစ်ပေါ်သည်မည်၏။

ထင်လာ ထိခိုက်လာသော အာရုံကလည်း အားကြီး, ထိုအာရုံကို စွဲလမ်းခြင်းကလည်း အားကြီး, စိတ်အရှိန် အဟုန်ကလည်း အားကြီး, အယောနိသော မနသိကာရ ဟုဆိုအပ်သော နှလုံးသွင်းကလည်း ထက်သန် ပြင်းထန်၍နေခဲ့ပါလျှင် ထိုဖြစ်ပေါ်ဥပါဒ်လာသောကာမရာဂသည် ပရိယုဋ္ဌာနဘုံအခိုက်အတန့်တွင် ရပ်တည်ဆုတ်နစ်ခြင်းမရှိဘဲ ဝီတိက္ကမဘုံသို့တိုင်အောင် အဟုန်နှင့်တကွ တက်ရောက်၍ ကိုယ်အမူအရာ, နှုတ်အမူအရာများကို လှုပ်ရှားသောင်းကျန်းစေ၏၊ ထိုအခါ ကာယကံ သော်ငင်း, ဝစီကံသော်ငင်း, ကမ္မပထမြောက်ခြင်းသို့ ရောက်လေ၏၊ (ကမ္မပထမြောက်လေ၏)၊ ထိုသို့ဖြစ်သည်ကို ဝီတိက္ကမ ဘုံ ခေါ်သည်။

ဝီတိက္ကမဘုံသို့ရောက်အောင် ကျူးလွန် ဖြစ်ပေါ်ပြီးသောအခါ ထိုကာမရာဂသည် ရှေးဦးစွာ ပရိယုဋ္ဌာနဘုံ၌ ဝပ်လေ၏၊ ထိုနောက် အနုသယဘုံ၌ ဝပ်ပြန်လေ၏၊ နောက်တဖန် ထိုကဲ့သို့သော သာယာဖွယ် အာရုံနှင့် မတွေ့ကြုံသမျှကာလပတ်လုံး သာယာဖွယ်ဖြစ်သော အာရုံများသည် ဒွါရခြောက်ပါးတွင် တပါးပါး၌ မထင်သမျှ ကာလပတ်လုံး ငြိမ်သက်စွာ ကိန်းဝပ်လေ၏။

[ပရိယုဋ္ဌာနဘုံ၌လည်း ႏအမြဲဖြစ်၍ နေနိုင်သည်မဟုတ်၊ ဝီတိက္ကမဘုံ၌လည်း အမြဲဖြစ်၍ နေနိုင်သည်မဟုတ်၊ အာရုံနှင့်အဆင်သင့်လျော်ရာ ပေါ်တုံ, ငုပ်တုံ,လှုပ်ရှားတုံနှင့်သာ နေမြဲဖြစ်လေသည်၊ ကာမရာဂါနုသယ၏ ဖြစ်ပုံသဘောကိုဆိုသဖြင့် ပဋိဃာနုသယစသော အနုသယတို့၏ ဘုံသုံးပါး၌ဖြစ်ပုံကို သိကြကုန်ရာ၏။]

## မေးမြန်းဖွယ်

(က) အနုသယဓာတ်တို့သည် စိတ်အစဉ်၌ ကိန်းဝပ်၍နေသည်-ဟု ဆိုခဲ့၏၊အကုသိုလ်စိတ်အစဉ်၌ ကိန်းဝပ်၍နေသလော၊ ကုသိုလ်စိတ်အစဉ်၌ ကိန်းဝပ်၍နေသလော၊ အဗျာကတစိတ်အစဉ်၌ ကိန်းဝပ်၍ နေသလော၊ ဤသို့မေးရန် ရှိပေသည်။

www.dhammaransi.com



ကုသိုလ်, အကုသိုလ်, အဗျာကတ ဟုဆိုအပ်သော အလုံးစုံသော စိတ်အစဉ်တို့၌ပင် ကိန်းဝပ်သည်-ဟူ၍ ဖြေရာ၏။

( ခ ) ထိုသို့ဖြစ်လျှင် ကုသိုလ်စိတ် သန္တာန်၌ ကိန်းဝပ်သော အနုသယကို ကုသိုလ်ဟူ၍ငင်း, အဗျာကတစိတ် သန္တာန်၌ ကိန်းဝပ်သော အနုသယကို အဗျာကတဟူ၍ငင်း ဆိုအပ်ပါသလော။

ထိုသို့ကားမဆိုအပ်၊အကြောင်းကိုဆိုသော်-အနုသယ ၇-ပါးသည် အကုသိုလ် အစစ်ဖြစ်သောကြောင့် အကုသိုလ် ဟူ၍သာ ဆိုအပ်သည်၊ ကုသိုလ်ဟူ၍ငင်း, အဗျာကတ ဟူ၍ငင်း မဆိုအပ်ချေ၊ အကုသိုလ်သဘောရှိသော တရားများသည်လည်း ကုသိုလ်, အဗျာကတတို့နှင့် သမ္ပယုတ်မဖြစ်၊မယှဉ်နိုင်။

( ဂ ) ထိုသို့ဖြစ်လျှင် အနုသယတို့သည် အကုသိုလ်စိတ်နှင့် သမ္ပယုတ်ဖြစ်သလော။

သမ္ပယုတ်ဖြစ်သည်လည်းမဟုတ်၊ အကြောင်းမူကား အနုသယတို့သည် သမ္ပယုတ္တဖြစ်လောက်အောင် ဥပါဒ်ဖြစ်ပေါ်ခြင်းသို့ မရောက်သောကြောင့်တည်း၊ ဥပါဒ်ဖြစ်ပေါ်ခြင်းသို့ ရောက်မှ သမ္ပယုတ္တဖြစ်နိုင်သည်။

(ဃ) ထိုသို့ဖြစ်လျှင် အနုသယတို့သည်စိတ်နှင့် မယှဉ်သော စိတ္တဝိပ္ပယုတ္တလော။

ထိုသို့ဝိပ္ပယုတ္တမျိုးလည်းမဟုတ်၊ ပဋ္ဌာန်းပါဠိတော် ဝိပ္ပယုတ္တပစ္စည်း၌ ဖြစ်ပေါ်ဥပါဒ်သော တရားတို့ကိုသာလျှင် ဝိပ္ပယုတ္တဟူ၍ ဟောတော်မူသည်၊ အနုသယဓာတ်တို့သည် အကယ်၍ ဖြစ်ပေါ်ဥပါဒ်ခွင့်ကိုရလျှင် ကေန်စင်စစ် သမ္ပယုတ်ဖြစ်စမြဲပေတည်း၊ ထို့ကြောင့် ဝိပ္ပယုတ္တဟူ၍လည်းမဆိုအပ်ပေ။

ထိုအနုသယတို့၌ ချုပ်ခြင်းဟု ဆိုအပ်သော ခဏိကဘင်သဘောလည်းမရှိ၊ ခဏိကနိရောဓသဘောလည်းမရှိ၊ အဘယ့်ကြောင့်နည်းဆိုသော် အနုသယဓာတ်တို့၌ ဥပါဒ်ခြင်းသဘောမရှိသောကြောင့်တည်း၊ ဥပါဒ်ခြင်းရှိမှ ဘင်သဘော နိရောဓသဘောရှိနိုင်သည်၊ထိုသို့အနုသယ

www.dhammaransi.com



တို့၌ ခဏိကနိရောဓသဘောမရှိလေသောကြောင့် ''ဥပ္ပဇ္ဇိတ္ထ''ဟူသော အတီတဝါရကိုလည်းမရအပ်၊''ဥပ္ပဇ္ဇိဿတိ'' ဟူသော အနာဂတဝါရကိုလည်းမရအပ်၊ အနုသယကို အတိတ်ဟူ၍မဆိုအပ်၊ အနာဂတ်ဟူ၍လည်းမဆိုအပ်၊ ခဏိကနိရောဓသဘောမရှိလေသောကြောင့် ဤအနုသယယမိုက်၌ နိရောဓဝါရကို မြတ်စွာဘုရားဟောကြားတော်မမူ။

အနုသယဓာတ်ကို ပရိယာယ်အားဖြင့် ပစ္စုပ္ပန်ဟူ၍ ဆိုအပ်၏၊ အဘယ့်ကြောင့်နည်းဆိုသော် အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာတို့၌ ပုထုဇဉ်သတ္တဝါတို့၏ သန္တာန်မှာ ဝတ္တမာန်, ပစ္စုပ္ပန်သဘောအားဖြင့် အစဉ်အမြဲကိန်းဝပ်လျက်ရှိ၏၊ ထို့ကြောင့် ပရိယာယ်အားဖြင့် ပစ္စုပ္ပန်ဟူ၍ပင် ဆိုအပ်လေသည်၊ ဥပါဒ်ဖြစ်ပေါ်သော ပစ္စုပ္ပန်မျိုးမဟုတ်၊ မဂ်ဖြင့်မပယ်အပ်သေးသမျှ ပစ္စုပ္ပန်အနေအားဖြင့် ကိန်းဝပ်၍နေမှုကိုအစွဲပြု၍သာ ပရိယာယ်အားဖြင့် ပစ္စုပ္ပန်ဟူ၍ဆိုရသည်၊ ထိုသို့ပစ္စုပ္ပန်သဘောရှိလေသောကြောင့် ဤအနုသယယမိုက်၌ ဝတ္တမာန်ဝိဘတ်ကို အသုံးပြုပြီးလျှင် ပစ္စုပ္ပန္နဝါရကို မြတ်စွာဘုရားဟောကြားတော်မူအပ်ပေသည်။

အနုသယ ယမိုက်ဟောပုံပါဠိတော်များကို အနည်းငယ်မျှ ထုတ်ပြပေအံ့။

ယဿ ကာမရာဂါနုသယော အနုသေတိ၊ တဿ ပဋိဃာနုသယော အနုသေတီတိ၊ အာမန္တာ။ ။အကြင်ပုဂ္ဂိုလ်အား ကာမရာဂါနုသယ ကိန်းဝပ်ဆဲ၊ ထိုပုဂ္ဂိုလ်အား ပဋိဃာနုသယ ကိန်းဝပ်ဆဲလော။ ကိန်းဝပ်ဆဲမှန်ပေ၏။

ယဿ ကာမရာဂါနုသယော ဥပ္ပဇ္ဇတိ၊ တဿ ပဋိဃာနုသယော ဥပ္ပဇ္ဇတီတိ၊ အာမန္တာ။ ။အကြင်ပုဂ္ဂိုလ်အား ကာမရာဂါနုသယ ဖြစ်ထိုက်ဆဲ၊ ထိုပုဂ္ဂိုလ်အား ပဋိဃာနုသယဖြစ်ထိုက်ဆဲလော။ ဖြစ်ထိုက်သည်မှန်ပေ၏။

ဤသို့စသည်ဖြင့် အနုသေတိ, ဥပ္ပဇ္ဇတိ- ဟူ၍ ဝတ္တမာန်ဝိဘတ်ကို အသုံးပြုသော ပစ္စုပ္ပန္နဝါရကိုသာဟောတော်မူသည်၊ အခြားယမိုက်တို့၌ကဲ့သို့ ဥပ္ပဇ္ဇိတ္ထ, ဥပ္ပဇ္ဇိဿတိ- ဟူ၍ အတိတ်ဝိဘတ်, အနာဂတ်

www.dhammaransi.com



ဝိဘတ်တို့ကို အသုံးပြု၍ဟောသော အတီတဝါရ, အနာဂတဝါရများကို ဟောတော်မမူ။

နိရောဓဝါရမရှိသောကြောင့် အခြားယမိုက်တို့၌ နိရုဇ္ဈတိ၊ချုပ်ဆဲ။ နိရုဇ္ဈိတ္ထ၊ချုပ်ဘူးပြီ။နိရုဇ္ဈိဿတိ၊ချုပ်လတ္တံ့-ဟူ၍ဟောသကဲ့သို့ ဤအနုသယ ယမိုက်၌နိရောဓဝါရကိုဟောတော်မမူ။

ဤ အနုသယယမိုက်၌ "ဥပ္ပဇ္ဇတိ" ဟူ၍ ဟောတော်မူရာဝယ် အခြားယမိုက်၌ကဲ့သို့ "ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ" ဟူ၍ အနက်မပေးသင့်၊ အခြားယမိုက်တို့၌ ဥပါဒ်သဘောအားဖြင့် ဖြစ်ပေါ်သည်ကိုဟောသော ကြောင့် "ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ" ဟူ၍အနက်ပေးရသည်၊ ဤယမိုက်၌ကား ဥပါဒ်သဘောအားဖြင့် ဖြစ်ပေါ်ခြင်းမရှိသောကြောင့် "ဥပ္ပဇ္ဇတိ၊ ဖြစ် ထိုက်ဆဲ" ဟူ၍ အနက်ပေးရသည်၊ ဖြစ်ထိုက်ဆဲ ဆိုသည်မှာအကြောင်း နှင့်တိုက်ဆိုင်လျှင် ဖြစ်ထိုက်သည်, ဖြစ်သင့်သည်, ဖြစ်ခြင်းသတ္တိရှိသည်- ဟူ၍ ဆိုလိုသည်၊ ဥပါဒ်သဘောအားဖြင့် တကယ်ဖြစ်ပေါ်သည်ဟု အဓိပ္ပါယ်မကောက်ယူလင့်။

ဧတ္ထ စ ဥပ္ပဇ္ဇတီတိ ဥပ္ပဇ္ဇနာရဟော ဟောတိ၊ ဥပ္ပဇ္ဇနကသတ္တိယုတ္တော ဟောတီတိ အတ္ထော။

[ယမကဝိသဇ္ဇနာပါဠိ။]

စ၊ မှတ်ချက်ကိုဆိုဦးအံ့၊ ဧတ္ထ၊ ဤအနုသယ ယမိုက်၌။ ဥပ္ပဇ္ဇတီတိ၊ ဥပ္ပဇ္ဇတိ-ဟူသည်ကား။ ဥပ္ပဇ္ဇနာရဟော၊ ဖြစ်ခြင်းငှါထိုက်သည်။ ဟော တိ၊ ဖြစ်၏။ ဥပ္ပဇ္ဇနကသတ္တိယုတ္တော၊ ဖြစ်ခြင်းသတ္တိနှင့်ယှဉ်သည်။ ဟော တိ၊ဖြစ်၏။ ဣတိအတ္ထော၊ ဤသို့အနက်ပေးပုံကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဖြစ်ထိုက်၏-ဆိုသည်မှာ ထိုအနုသယတို့ကို မဂ်ဖြင့်မပယ်အပ်သေး သောကြောင့် အကြောင်းနှင့် တိုက်ဆိုင်လျှင် ဖြစ်ပေါ်မည် အမှန်ပင် တည်း၊ ထိုအနုသယတို့သည်ကား မဂ္ဂဘာဝနာကိုမပွားဘဲ တစုံတခု သောစွမ်းအန်လုံ့လ, ဝီရိယမျိုးဖြင့်ပယ်၍ ဖြစ်နိုင်သော တရားမျိုး မဟုတ်ကုန်၊ မဂ္ဂဘာဝနာကိုပွားများပါမှ ထိုအနုသယတို့ကို ပယ်နိုင် သည်၊ မဂ်ဖြင့်မပယ်အပ်သေးသမျှ အကြောင်းရှိလျှင် ဖြစ်ခြင်းငှါထိုက်

www.dhammaransi.com



သောသဘော၌ တည်လျက်ရှိကြကုန်သည်၊ ထို့ကြောင့် "ဥဇ္ဇပ္ပတိ၊ ဖြစ်ထိုက်၏"ဟူ၍အနက်ပေးရသည်ဟုဆိုပေသည်။

**အနုသယဓာတ်၏ အားရှိ,အားမဲ့ဖြစ်ပုံ**

၁။ ကာမရာဂါနုသယသည် အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာတို့၌ သတ္တဝါတို့၏သန္တာန်မှာ အစဉ်ကိန်းဝပ်၍လာရာ ရံခါရံဖန်အားကြီး၏၊ ရံခါရံဖန်အားနည်း၏။

ထိုစကားမှန်၏၊ အကြင်ပုဂ္ဂိုလ်တို့သန္တာန်၌ ကာမရာဂသည် ပရိယုဋ္ဌာနကိစ္စဖြင့် ဖြစ်ပေါ်ခြင်းများ၏၊ ထိုပုဂ္ဂိုလ်တို့၏သန္တာန်၌ ကာမရာဂသည်အားရှိ၏။

> အဘယ်ပုဂ္ဂိုလ်တို့သန္တာန်၌ အားရှိသနည်းဆိုလျှင် လူ့ဘုံ၌ မင်း စိုးရာဇာများ, စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသော သူဌေးသူကြွယ်များ, နတ်ပြည်ခြောက်ထပ်၌ရှိသောနတ်များ, နတ်ပြည်မှစုတိလာသောလူများ၊ ဤပုဂ္ဂိုလ်တို့သန္တာန်၌ ကာမရာဂဓာတ်သည် အားအင်ကြီးမား၏၊ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ကာမရာဂသည် မကြာမကြာကြိမ်ဖန်များစွာဖြစ်ပေါ်လေ့ရှိ၏။

ကာမဂုဏ်ငါးပါးတို့၌ လိုက်စားသာယာသောတဏှာကို ကာမရာဂခေါ်သည်၊ ထိုကာမရာဂသည် စည်းစိမ်ကြီးသောပုဂ္ဂိုလ်တို့၏ သန္တာန်၌ များစွာဖြစ်လေ့ရှိသည်၊ ယေဘုယျနည်းအားဖြင့်သာ ဆိုရပေသည်၊ အချို့မှာလည်း နည်းပါးကြပေလိမ့်မည်။

၂။ အကြင်ပုဂ္ဂိုလ်တို့၏သန္တာန်၌ဆင်းရဲငြိုငြင်ခြင်းဒုက္ခ,စိတ်နှလုံးမချမ်းသာခြင်း စိတ်ပူပန်ခြင်းဒေါမနဿ၊ ဤတရားတို့သည် ပဋိယုဋ္ဌာနကိစ္စဖြင့်ဖြစ်ပေါ်ခြင်းများကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏သန္တာန်၌ ပဋိဃာနုသယသည်အားကြီး၏။

> အဘယ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ပဋိဃာနုသယ အားကြီးသနည်းဆိုလျှင်- လူ့ပြည်လောက၌ ဆင်းရဲဒုက္ခကြီးသောသူများ, မုဆိုး တံငါ သားထိုးသမား သားသတ်သမားများ,ငရဲဘုံ၌ဖြစ်နေကြကုန်သော ငရဲသူသတ္တဝါများ,ငရဲပြည်မှစုတိ၍ လူ့ပြည်၌

www.dhammaransi.com



ဖြစ်လာသောလူများ၊ ဤပုဂ္ဂိုလ်တို့သန္တာန်၌ ပဋိဃာနုသယ အားကြီး၏။

[ပဋိဃာနုသယဆိုသည်ကား ဒေါမနဿသဘောပင်တည်း။]

၃။ တိရစ္ဆာန်များ, တိရစ္ဆာန်ဘဝမှစုတေ၍ လူ့ပြည်၌ ဖြစ်လာသောလူများ, ယစ်မျိုးနှင့်ပျော်မွေ့သူများ၊ဤပုဂ္ဂိုလ်တို့သန္တာန်၌အဝိဇ္ဇာနုသယဓာတ်အားကြီး၏။

[မသိခြင်း,တွေဝေခြင်း, ထုံထုံထိုင်းထိုင်းဖြစ်ခြင်း၊ ဤသဘောကို အဝိဇ္ဇာနုသယဆိုသည်။]

၄။ ရှေးရှေးသောဘဝတို့၌ မှားယွင်းသောအယူဝါဒတို့ကို လိုက်စားဘူးသောသူ, ယခုဘဝ၌ အယူမှားယွင်းသောသူတို့၌ ဒိဋ္ဌာနုသယဓာတ်အားကြီး၏။

[အယူမှားယွင်းသည်ကို နှစ်သက်လိုက်စားခြင်းသည် ဒိဋ္ဌာနုသယ မည်၏၊ မြတ်စွာဘုရားလက်ထက်တော်အခါ သုနက္ခတ္တရဟန်းဝတ္ထုကိုထောက်ထားလေ။]

[မဟာဗြဟ္မာကြီးတို့၌လည်း ဒိဋ္ဌာနုသယအားကြီး၏၊ဇူဿရနိမ္မာန ဒိဋ္ဌိဝါဒ, သဿတဒိဋ္ဌိဝါဒ, ဥစ္ဆေဒဒိဋ္ဌိဝါဒကြီးများသည် ထိုမဟာဗြဟ္မာကြီးတို့မှ အစဖြစ်လာသည်၊ ဗကဗြဟ္မာဝတ္ထုနှင့် ဗြဟ္မနိမန္တနသုတ်, ကေဝဋ္ဋသုတ်များကို ထောက်ထားဆင်ခြင်လေ။]

၅-၆။ ဗြဟ္မာတို့သန္တာန်၌ရင်း,ဗြဟ္မာ့ပြည်မှစုတိ၍ လူ့ပြည်၌ဖြစ်လာသောလူတို့၏ သန္တာန်၌ရင်း, မာနာနုသယနှင့် ဘဝရာဂါနုသယသည် အားကြီး၏၊ ဗြဟ္မာ့ဘုံ၌ ကာမရာဂါနုသယ အားနည်းလှ၏၊ ပရိယုဋ္ဌာနကိစ္စတိုင်အောင် မဖြစ်ပေါ်ချေ၊ ဗြဟ္မာ့ပြည်မှစုတိ၍ လူ့ပြည်၌ ဖြစ်လာသောသူတို့သန္တာန်၌လည်း ရှေးဘဝက အထုံဝါသီဓာတ်ပါလာသောကြောင့် ကာမရာဂသည် လွန်စွာအားနည်း၏၊ သို့ရာတွင် လူ့ပြည်သို့ရောက်သောအခါ ကာမရာဂါနုသယကို ထကြွသောင်းကျန်းအောင် အားပေးသောအာရုံနှင့် တွေ့ဆုံပြန်သောအခါ အသစ်အာရုံနှင့်တွေ့သကဲ့သို့ များစွာပင် ထကြွသောင်းကျန်းတတ်လေသည်၊ အနိတ္ထိဂန္ဓမင်းသား ဝတ္ထုကို ထောက်ထားလေ။

[ဤစကားရပ်ကား ယေဘုယျနည်းအားဖြင့် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အနုသယဓာတ်တို့၏ အားရှိအားမဲ့ကိုပြဆိုသော စကားရပ်ပေတည်း။]

www.dhammaransi.com



အခိုက်အတန့်အားဖြင့် အနုသယဓာတ်တို့၏ အားရှိခြင်း, အားမဲ့ခြင်း သဘောများရှိသေးသည်၊ တခုသောဘဝ, တယောက်သော ပုဂ္ဂိုလ်သန္တာန်၌ ကာမရာဂကို လိုက်စားအားကြီးခိုက်အခါ ကာမရာဂအနုသယဓာတ်အားရှိ၍နေ၏၊ နှလုံးမသာယာခြင်း, ပူပန်သောက များခြင်းဖြစ်နေခိုက်အခါ ပဋိဃာနုသယ အားကြီး၏၊ လောကီရေး၌ အားတက်ဖွယ် ကောင်းသော အာရုံတို့က မြှောက်ပင့်ကြသဖြင့် စိတ်တက်ကြွနေစဉ်အခါ မာနာနုသယ အားရှိ၍ နေ၏။

[ဤသို့စသည်ဖြင့် အခိုက်အတန့်ကို အစွဲပြု၍ အနုသယဓာတ်တို့၏ အားရှိ, အားမဲ့သဘောများကိုလည်း ကြံဆရာ၏။]

အာရုံအားဖြင့်လည်း အနုသယဓာတ်တို့၏ အားရှိခြင်း, အားမဲ့ခြင်းနှစ်ပါးခြားနားလျက် ရှိသေးသည်၊ သာယာနှစ်သက်ဖွယ် ကောင်းလှသော အကြင်လောဘနီယ အာရုံတခုခု၌ ကာမရာဂလည်း မပြတ်မပြတ် ကျက်စားလေ့ရှိ၏၊ ထိုအာရုံသည် ကာမရာဂ၏ ဥပါဒါန်အာရုံကြီးဖြစ်၍ နေ၏၊ ထိုအာရုံနှင့် စပ်လျဉ်း၍ ကာမရာဂါနုသယသည် အားရှိ၍နေ၏။

**ဥပမာ**—လုလင်ပျို တယောက်သည် တဦးသော မိန်းမပျို၌ သာယာစွဲလမ်း၍နေ၏၊ ထိုလုလင်ပျို၏ စိတ်သန္တာန်၌ ရှိသော ကာမရာဂါနုသယသည် ထိုမိန်းမပျိုကို အစွဲပြု၍ များစွာ အားကြီးနေသည်-ဟု ဆိုလိုသည်။

မနှစ်သက်ဖွယ်, မုန်းဖွယ် ကောင်းလှသော အကြင် အနိဋ္ဌာရုံ တခုခု၌ ဒေါသတရားသည် မပြတ်ကျက်စား၍နေ၏၊ ထိုအာရုံနှင့် စပ်လျဉ်း၍ ပဋိဃာနုသယသည် အားရှိ၍နေ၏။

**ဥပမာ**—မောင်ဖြူသည် မောင်မဲ၏ အပေါ်မှာ လွန်စွာကြီးသော ရန်ညိုးကို ထား၏၊ မောင်မဲသည် မောင်ဖြူ၏ ဒေါသအာရုံကြီး ဖြစ်၍နေ၏၊ မောင်ဖြူ၏စိတ်သန္တာန်၌ ရှိသော ပဋိဃာနုသယသည် မောင်မဲနှင့်စပ်၍ အားရှိနေ၏-ဟု ဆိုလိုသည်။

[ဤသို့စသည်ဖြင့် အာရုံကို အစွဲပြု၍ အနုသယဓာတ်တို့၏ အားရှိ, အားမဲ့သဘောကိုလည်း ကြံဆရာ၏။]

www.dhammaransi.com



ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်ကြကုန်သော လူတို့၏ သန္တာန်၌ကာမရာဂါနုသယနှင့် ပဋိဃာနုသယသည် လွန်စွာ အားနည်း၍ နေ၏၊ အဘယ့်ကြောင့်နည်းဆိုသော် လွန်ခဲ့သော ဗြဟ္မာဘဝ၌ ကာမရာဂနှင့် ပဋိဃတရားများကို ဝိက္ခမ္ဘနပဟာန်ဖြင့် ကြာရှည်လေးမြင့်စွာ ပယ်သတ်၍ ထားခဲ့ဘူးသောကြောင့်တည်း။

ဆန့်ကျင်ဖက် ဖြစ်သော တရားတို့ကို မိမိသန္တာန်၌ ကြီးပွားအောင် မွေးမြူလျှင် ဆန့်ကျင်ဖက် ဖြစ်သော အနုသယတရားတို့သည် အားနည်းခြင်းသို့ ရောက်ကြလေကုန်၏။

**ဥပမာအားဖြင့်**--ဆိုသော် တပ်မက်ခြင်း ပြယ်သော ဝိရာဂစိတ်သည် ကာမရာဂနှင့် ဆန့်ကျင်ဖက်ဖြစ်၏၊ ထိုဝိရာဂစိတ်ကို ကြီးပွားအောင် မွေးမြူလျှင် ကာမရာဂါနုသယသည် အားနည်းခြင်းသို့ ရောက်လေ၏၊ ဝိရာဂစိတ်ဆိုသည်ကား တရားကိုယ်အားဖြင့် အလောဘစေတသိက်ပင်တည်း။

ဆင်းရဲ,ချမ်းသာမရွေး အလုံးစုံသော သတ္တဝါတို့၌ ချစ်ခင်သော မေတ္တာစိတ်သည် ပဋိဃာနုသယနှင့် ဆန့်ကျင်ဖက်ဖြစ်၏၊ ထိုမေတ္တာစိတ်ကို ကြီးပွားအောင် မွေးမြူလျှင် မေတ္တာဘာဝနာကို ပွားများအားထုတ်လျှင် ပဋိဃာနုသယအားနည်းခြင်းသို့ ရောက်လေ၏၊ မေတ္တာစိတ်ကား တရားကိုယ်အားဖြင့် အဒေါသစေတသိက်ပင်တည်း။

သမ္မာဒိဋ္ဌိစိတ်သည် အဝိဇ္ဇာနုသယနှင့် ဆန့်ကျင်ဖက် ဖြစ်၏၊ ထိုသမ္မာဒိဋ္ဌိကို ကြီးပွားအောင် မွေးမြူလျှင် အဝိဇ္ဇာနုသယသည် အားနည်းခြင်းသို့ ရောက်လေ၏၊ သမ္မာဒိဋ္ဌိ ဆိုသည်ကား တရားကိုယ်အားဖြင့် ဝိဇ္ဇာခေါ်သော ပညာစေတသိက်ပင်တည်း။

ရတနာသုံးပါးတို့၌ ယုံကြည်မြတ်နိုးခြင်း တည်းဟူသော သဒ္ဓါသည် ဝိစိကိစ္ဆာနုသယနှင့် ဆန့်ကျင်ဖက်ဖြစ်၏၊ ထိုသဒ္ဓါတရားကို ကြီးပွားအောင်မွေးမြူလျှင်,သဒ္ဓိန္ဒြေကို အားပေးလျှင် ဝိစိကိစ္ဆာနုသယ အားနည်းခြင်းသို့ ရောက်လေ၏၊ ဤသို့စသည်ဖြင့် ဆန့်ကျင်ဖက် ဖြစ်သော တရားတို့ကို ပွားများခြင်းကြောင့် အနုသယစိတ်တို့၏ အားနည်းပုံကိုလည်း ကြံဆလေကုန်။

www.dhammaransi.com



## အနုသယဓာတ်တို့၏အကြွင်းမဲ့ ချုပ်ငြိမ်းမှုကိုပြဆိုခြင်း

အနုသယဓာတ်တို့သည် စိတ်သန္တာန်အတွင်း၌ ကိန်းဝပ်၍နေသောကြောင့် လွန်စွာ သိမ်မွေ့၏၊ ဥပါဒ်သဘောသို့ မရောက်ကြကုန်သောကြောင့် ထိုအနုသယတို့ကို ဝိပဿနာပညာတည်းဟူသော ကွန်ယက်ဖြင့် ဖမ်း၍ မမိနိုင်ကုန်၊ ဝိပဿနာပညာသည်ကား ဥပါဒ်ခြင်းသို့ရောက်သော တရားတို့ကို ဖမ်း၍ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် ထင်မြင်အောင် ဆင်ခြင်သော ပညာပေတည်း၊ အနုသယဓာတ်တို့သည် ဝိပဿနာပညာ၏ အာရုံလည်း မဟုတ်ကုန်၊ ဝိပဿနာ ဉာဏ်ပညာဖြင့် လက်လှမ်းမမှီသော ဓာတ်များဖြစ်ကြသည်-ဟု ဆိုလေ။

အနုသယဓာတ်တို့ကို ကာမကုသိုလ်ဖြင့်လည်း အကြွင်းမဲ့ ပယ်သတ်ခြင်းငှါ မတတ်နိုင်ကုန်၊မဟဂ္ဂုတ်ကုသိုလ်ဖြင့်လည်းအကြွင်းမဲ့ ပယ်သတ်ခြင်းငှါ မတတ်နိုင်ကုန်၊ ထိုကာမကုသိုလ်,မဟဂ္ဂုတ် ကုသိုလ်များသည် အနုသယဓာတ်တို့ကို ပရိယုဋ္ဌာနကိစ္စဖြင့် ထကြွဖြစ်ပေါ်ခြင်းမှ ရပ်ဆိုင်းအောင်, အားနည်းအောင်မျှသာ ပြုလုပ်နိုင်သော တရားတို့ပေတည်း၊ ဝိပဿနာပညာ ဆိုသည်မှာလည်း ကာမကုသိုလ်မျိုး ဖြစ်သောကြောင့် အနုသယဓာတ်ကို အကြွင်းမဲ့ သတ်နိုင်ရန် အစွမ်းမရှိချေ၊ သို့ရာတွင် ထိုဝိပဿနာဉာဏ်ကို မတည်ထောင်ဘဲနှင့်လည်း အနုသယဓာတ်တို့ကို သတ်နိုင်မည်မဟုတ်။

ဝိပဿနာဉာဏ်ကို ထူထောင်ရသည်မှာ မဂ်ဉာဏ် ဖြစ်ပေါ်စေရန် အတွက် ဖြစ်သည်၊ ဝိပဿနာဉာဏ် ရင့်သန်သောအခါ မဂ်ဉာဏ်ဖြစ်ပေါ်၍လာသည်၊ ဝိပဿနာဉာဏ်ဘဝမှ, မဂ်ဉာဏ်ဘဝသို့ ကူးပြောင်းသည်ဟူ၍ ဆိုလိုလျှင်လည်း ဆိုရပါ၏၊ ထိုဝိပဿနာဉာဏ်သည် မဂ်ဉာဏ်အဖြစ်သို့ သုံးဆင့်တိုင်တိုင် ကူးပြောင်းရ၏။

### ပြောင်းလဲပုံကိုပြဆိုဦးအံ့

၁။ ဝိပဿနာရှုဆင်ခြင်ဆဲအခိုက်၌ ဖြစ်သော ကာမာဝစရဉာဏ်သည် ပညိန္ဒြေမည်၏၊ ထိုပညိန္ဒြေသည် ရင့်သန်လာသောအခါ ရှေးဦးစွာ ''အနညာတညဿာမိတိန္ဒြေ'' အဖြစ်သို့ ကူးပြောင်းလေသည်။

www.dhammaransi.com



၂။ အနညာတညဿာမိတိန္ဒြေ ဆိုသည်ကား သောတာပတ္တိမဂ်၌ ပါရှိသော ပညာစေတသိက်ပင်တည်း၊ ထိုပညာသည် တဖန်ရင့်သန် လာပြန်သောအခါ အညိန္ဒြေအဖြစ်သို့ ကူးပြောင်းလေသည်။

၃။ အညိန္ဒြေ ဆိုသည်ကား လောကုတ္တရာ အလယ် စိတ်ခြောက်ခု တို့၌ ရှိသောပညာစေတသိက်ပင်တည်း၊ ထိုပညာသည် အရင့်သန်ဆုံး အနေအားဖြင့် ရင့်သန်လာသောအခါ "အညာတာဝိန္ဒြေ" အဖြစ်သို့ ကူးပြောင်းလေသည်။

၄။ ထိုအညာတာဝိန္ဒြေကား အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက် ပင်တည်း၊ အညာတာဝိန္ဒြေအဖြစ်သို့ ရောက်လေသောအခါ ပညာ၏ ကိစ္စကုန်ဆုံးလေပြီဖြစ်သောကြောင့် ထိုပြင်တဖန်ကူးပြောင်းတက်လှမ်း ရန် အတန်းအဆင့်မရှိတော့ချေ၊ အထွတ်အထိပ်ဆုံးသို့ ရောက်လေ၏။

[ဤကား ဝိပဿနာပညာ၏ အတန်းအဆင့်ကူးပုံ, တက်ပုံများကို အမြွက်မျှ ပြဆိုအပ်သော စကားရပ်ပေတည်း။]

ဝိပဿနာဉာဏ်အဖြစ်မှ ပြောင်းလဲ၍ မဂ်အဖြစ်သို့ ရောက်သော ပညာသည်သာလျှင် အနုသယဓာတ်တို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်၏၊ အနုသယဓာတ်တို့သည် မဂ်ဉာဏ်တည်းဟူသော ဝရဇိန်စက်၏ ပစ်ခတ် သတ်ဖြတ်ရာဖြစ်သော ဘုံတို့ပေတည်း။

မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်ပြီးသော အနုသယဓာတ်တို့သည် အငွေ့ အသက်မျှ မကျန်ဘဲ အကြွင်းမဲ့ ကုန်ခန်းခြင်းသို့ ရောက်လေကုန်၏၊ ပရိယုဋ္ဌာနကိစ္စကိုမျှ မရွက်ဆောင်နိုင်ကုန်၊ ဝီတိက္ကမကိစ္စကို အဘယ် မှာ ရွက်ဆောင်နိုင်ပါကုန်တော့အံ့နည်း။

ဤအရာ၌ သမုဒယသစ္စာခဏ်း၌ ပြဆိုအပ်သော အဆိပ်ပင်ကြီး ဥပမာကိုလည်း ထပ်၍ ပြဆိုသင့်သေး၏။

၁။ အဆိပ်ပင်ကြီး၏ အမြစ်သည် အနုသယဓာတ်နှင့်တူ၏။
၂။ အဆိပ်ပင်၏ ပင်လုံး, ပင်စည်သည် ပရိယုဋ္ဌာန ကိစ္စနှင့်တူ၏။
၃။ အခက်, အရွက်, အပွင့်, အသီး, အစေ့တို့သည် ဝီတိက္ကမကိစ္စ တွေနှင့်တူကုန်၏။

www.dhammaransi.com



၄။ အဆိပ်ပင်ကြီး၏ အမြစ်ကို အကြွင်းမဲ့ ဖြတ်လိုက်ခြင်းသည် မဂ်ဉာဏ်ဖြင့် အနုသယဓာတ်ကို အကြွင်းမဲ့ ပယ်သတ်ခြင်းနှင့်တူ၏။

၅။ ပယ်ဖြတ်လိုက်သောပုဂ္ဂိုလ်သည်ဘုရားရှင်၏ သာသနာတော်၌ အရိယာအဖြစ်သို့ရောက်သောပုဂ္ဂိုလ်နှင့် တူ၏။

၆။ ပယ်ဖြတ်ခြင်း၄ါ အားထုတ်သောဝီရိယများသည် မဂ်မဖြစ်ပေါ်မီ ရှေ့အဖို့၌ ဖြစ်ပွားသော ဝိပဿနာဉာဏ်တွေနှင့် တူ၏။

[ဤသို့ဥပမာ,ဥပမေယျနှီးနှော၍ယူလေ။]

**ဘုံတို့၌အနုသယတို့၏ဖြစ်ပုံကိုပြခြင်း**

သုဒ္ဓါဝါသငါးဘုံ ကြဉ်အပ်သောအလုံးစုံသော ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌ အနုသယဓာတ် ၇-ပါးတို့ကိုရအပ်ကုန်၏၊ရူပဘုံ, အရူပဘုံတို့၌ ပဋိဃသမ္ပယုတ်စိတ်နှစ်ခုကိုမရအပ်၊ ပဋိဃာနုသယကိုမူကား ထိုဘုံတို့၌လည်းရအပ်၏၊ အသညသတ်ဘုံ၌ တစုံတခုသောစိတ်မျှ ဖြစ်သည်မရှိ၊ သို့သော်လည်း အနုသယဓာတ် ၇- ပါးတို့ကိုမူကား ရအပ်ကုန်၏၊ မရအပ်ဟုမဆိုသင့်။

**မေးမြန်းဖွယ်**

ဤအရာ၌ စောဒနာဖွယ်ရှိသည်ကိုဆိုဦးအံ့–

အနုသယဓာတ်တို့သည် စိတ်အစဉ်၌ကိန်းဝပ်ကုန်၏-ဟု ဆိုခဲ့သည်မဟုတ်ပါလော၊ အသညသတ်ဘုံ၌ စိတ်အစဉ်ဟူ၍လည်း မရှိ၊ ထိုသို့စိတ်အစဉ်မရှိပါဘဲလျက်နှင့် အသညသတ်ဘုံ၌ အနုသယဓာတ် ၅- ပါးတို့ကို ရအပ်၏-ဆိုသည်မှာ သင့်လျော်ပါမည်လော၊ဤသို့စောဒနာရန်ရှိပေသည်။

**အဖြေကိုဆိုအံ့။** ။အသညသတ်ပုဂ္ဂိုလ်တို့သည် အနုသယဓာတ်တို့ကို မဂ်ဖြင့်မပယ်အပ်သေးကုန်၊ ထိုသို့မပယ်အပ်သေးသောသဘောအားဖြင့် အသညသတ်ဘုံ၌ အနုသယဓာတ်တို့ကို ရအပ်ကုန်၏၊ အနုသယဓာတ်ကို ရအပ်သောသဘောသည် နှစ်မျိုးရှိ၏၊ နှစ်မျိုးသည်ကား စိတ်အစဉ်တို့၌ ကိန်းဝပ်၍နေ

www.dhammaransi.com



သဖြင့် ရအပ်သောသဘော, မဂ်ဖြင့် မပယ်အပ်သေးသောကြောင့် ရအပ်သောသဘော၊ ဤသို့အားဖြင့် သဘောနှစ်မျိုးရှိသည်။

အကြင်ဘုံတို့၌ စိတ်အစဉ်ရှိ၏၊ ထိုဘုံတို့၌ ကိန်းဝပ်သောသဘော, မပယ်အပ်သော သဘောနှစ်မျိုးဖြင့် အနုသယဓာတ်တို့ကို ရအပ်ကုန်၏၊ အကြင်ဘုံ၌စိတ်အစဉ်မရှိ၊ ထိုဘုံ၌ မပယ်အပ်သောသဘောတမျိုးဖြင့် အနုသယဓာတ်ကို ရအပ်၏၊ အသညသတ်ဘုံ၌ စိတ်အစဉ်မရှိ၊ ထို့ကြောင့် မပယ်အပ်သေးသောသဘောဖြင့် အနုသယဓာက်ကိုရအပ်၏ဟုဖြေလေ။

အနုသယယမိုက်မှ တပါးသောယမိုက်တို့၌ "အရူပေ အသညသတ္တေ"အစရှိသည်ဖြင့် ဖြစ်ရာဌာနကိုဟောတော်မူ၏၊ ဤအနုသယယမိုက်၌ကား ထိုကဲ့သို့ဟောတော်မမူချေ၊ အနုသယဌာနများကို သဒ္ဒါသွားပုံတမျိုး, အနက်သွားပုံတမျိုးအားဖြင့်ဟောတော်မူသည်။

ပုထုဇဉ်ဖြစ်သော ရူပဗြဟ္မာ, အရူပဗြဟ္မာတို့၏သန္တာန်၌ အနုသယ ၇-ပါးကိန်းဝပ်ကုန်သည်-ဟူ၍ဟောတော်မူသည်။

ကာမဓာတုယာ စုတဿ ရူပဓာတုံ အရူပဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ၊ကဿစိ ပဉ္စ-အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ။

[အနုသယ ယမိုက်ပါဠိတော်။]

ကာမဘုံမှစုတေ၍ ရူပဘုံ, အရူပဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော အချို့ဗြဟ္မာအား အနုသယဓာတ် ၇-ပါးတို့သည် ကိန်းဝပ်ကုန်၏၊အချို့ဗြဟ္မာအား အနုသယ ၅-ပါးတို့သည် ကိန်းဝပ်ကုန်၏၊ အချို့ဗြဟ္မာအား အနုသယသုံးပါးတို့သည် ကိန်းဝပ်ကုန်၏။

ဤပါဠိတော်ကိုထောက်သဖြင့် အသညသတ်ဘုံ၌ အနုသယဓာတ် ၇-ပါးရသင့်ကြောင်းကိုသိအပ်ပေသည်၊ ကာမဘုံဟူသမျှကို သိမ်းကျုံး

www.dhammaransi.com



၍ ဤအနုသယ ယမိုက်၌''ကာမဓာတု-ကာမဓာတ်''ဟူ၍ ဟောတော်မူသည်၊ ရူပဘုံရှိသမျှကိုသိမ်းကျုံး၍ ''ရူပဓာတု- ရူပဓာတ်'' ဟူ၍ ဟောတော်မူသည်၊ အရူပဘုံရှိသမျှကို သိမ်းကျုံး၍ ''အရူပဓာတု- အရူပဓာတ်''ဟူ၍ဟောတော်မူသည်။

၁။ အချို့သောဖြပ်ဗ္ဗာအား အနုသယ ၇-ပါးကိန်းဝပ်၏ဆိုသည်မှာ ပုထုဇဉ်ဖြပ်ဗ္ဗာကိုရည်၍ဆိုသည်။

၂။ အချို့သောဖြပ်ဗ္ဗာအား အနုသယ ၅- ပါးကိန်းဝပ်၏ ဆိုသည်မှာ သောတာပန်, သကဒါဂါမ်ဖြပ်ဗ္ဗာကိုရည်၍ဆိုသည်။

၃။ အချို့သော ဖြပ်ဗ္ဗာအား အနုသယ ၃-ပါး ကိန်းဝပ်၏ဆိုသည်မှာ အနာဂါမ်ဖြပ်ဗ္ဗာကိုရည်၍ဆိုသည်။

### မေးမြန်းဖွယ်

**မေး။** ။ပုထုဇဉ်ဖြပ်ဗ္ဗာတို့၌ အနုသယ ၇-ပါးကိန်းဝပ်၏- ဆိုရာ၌ ကာနမရာဂါသယနှင့် ပဋိဃာနုသယ နှစ်ပါးတို့သည် အဘယ်၌ ကိန်းဝပ်သနည်း။

**ဖြေ။** ။ထိုဖြပ်ဗ္ဗာတို့၌ ကာမရာဂါနုသယသည် ကာမဓာတ် သုခဝေဒနာ, ဥပေက္ခာဝေဒနာနှစ်ပါး၌ ကိန်းဝပ်၏၊ပဋိဃာနုသယသည် ဒုက္ခဝေဒနာ၌ကိန်းဝပ်၏။

**မေး။** ။အပါယ်ဘုံသားတို့၌ ဘဝရာဂါနုသယဓာတ်သည် အဘယ်၌ကိန်းဝပ်သနည်း။

**ဖြေ။** ။ထိုအပါယ်ဘုံသားတို့၌ ဘဝရာဂါနုသယသည် ရူပဓာတ်, အရူပဓာတ်နှစ်ပါး၌ကိန်းဝပ်၏။

ဤအရာ၌စောဒနာရန်ရှိသည်မှာ--

အပါယ်ဘုံသားတို့၌ ရူပဓာတ်, အရူပဓာတ်မရှိပါတကား၊ ထို့ကြောင့် အပါယ်ဘုံသားတို့၌ ဘဝရာဂါနုသယသည် ရူပဓာတ်, အရူပဓာတ်၌ ကိန်းဝပ်၏-ဆိုသည်မှာ သင့်ပါမည်လော၊ ဤသို့စောဒနာရန်ရှိသည်။

www.dhammaransi.com



ဥပါဒ်သဘောဖြင့်သာလျှင် အပါယ်ဘုံသားတို့၌ ရူပဓာတ်, အရူပဓာတ်မရှိ-ဟူ၍ ဆိုရသည်၊ မင်ဖြင့်မပယ်အပ်သေးသော အားဖြင့် အပါယ်ဘုံသားတို့မှာလည်း ရူပဓာတ်, အရူပဓာတ် ရှိသည်သာလျှင်တည်း၊ ထို့ကြောင့်ဘဝရာဂါနုသယကို ရအပ်၏-ဟူ၍ဖြေလေ။

အပါယ်ဘုံသားတို့သည် ရူပဓာတ်, အရူပဓာတ်ကို မပယ်အပ်သေးသောကြောင့်ပင်လျှင် နောင်သံသရာ၌ အကြောင်းအခွင့် သင့်လျော်သောအခါ ရူပဘုံ, အရူပဘုံသို့ရောက်နိုင်ကြသည်ဖြစ်သတည်း၊ ရူပဓာတ်, အရူပဓာတ်တို့ကို အကြွင်းမဲ့ပယ်ခဲ့လျှင် ဘယ်အခါမှာမှ ရူပဘုံ, အရူပဘုံသို့ ရောက်နိုင်ကြမည်မဟုတ်ပေ၊ ထို့ကြောင့် အလုံးစုံသော ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အနုသယ ၇-ပါးကို ရအပ်သည်-ဟူ၍ ဆိုအပ်လေသည်၊ အနုသယ ၇-ပါးကို ရဆဲဖြစ်နေလျှင်လည်း၊ ကာမဓာတ်, ရူပဓာတ်, အရူပဓာတ်တို့၌ပဋိသန္ဓေကပ်ရဦးမည်ဖြစ်သတည်း။

## ပုဂ္ဂိုလ်တို့၌အနုသယကိန်းဝပ်ပုံ

၁။ အလုံးစုံသော ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်တို့၌ အနုသယဓာတ် ၇-ပါးကိန်းဝပ်ဆဲဖြစ်၏။

၂။ သောတာပန်, သကဒါဂါမိပုဂ္ဂိုလ်တို့၌ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ နှစ်ပါးကြဉ်သော အနုသယဓာတ်ငါးပါး ကိန်းဝပ်ဆဲဖြစ်၏၊

၃။ အနာဂါမိပုဂ္ဂိုလ်တို့၌ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, ကာမရာဂါနုသယ, ပဋိဃာနုသယ ကြဉ်သော အနုသယသုံးပါး ကိန်းဝပ်ဆဲဖြစ်၏။

၄။ ရဟန္တာပုဂ္ဂိုလ်တို့၌ အနုသယဆို၍ တစုံတခုမျှမကိန်းဝပ်ချေ။

၅။ မဂ်အခိုက်၌တည်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၌တစုံတခုသော အနုသယ ကိန်းဝပ်ဆဲ-ဟူ၍မဆိုရချေ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့သည် အနုသယကိန်းဝပ်ခိုက်မှလွတ်၏။

www.dhammaransi.com



အဘယ်ကြောင့်နည်းဆိုသော် မဂ်ပုဂ္ဂိုလ် ဆိုသည်မှာ မဂ်စိတ္တုပ္ပါဒ်ကိုသာကောက်ရ၏၊ ထိုမဂ်စိတ္တုပ္ပါဒ်သည်လည်း အနုသယတို့၏ကိန်းဝပ်ရာဌာနမဟုတ်၊ ထို့ကြောင့် မဂ္ဂဋ္ဌာန် လေးယောက်တို့သည် အနုသယသဘောမှ လွတ်ကြကုန်သတည်း။

**အဓိပ္ပါယ်တနည်းသော်ကား။** ။မဂ်တို့သည် ကိလေသာတို့နှင့်စင်စစ်ဆန့်ကျင်ဖက်ဖြစ်ကုန်၏၊ ကိလေသာရန်သူတို့ကို သတ်ဖြတ်နေသည်ကား မဂ်တရားတို့ပင်ဖြစ်သည်၊ အနုသယဓာတ်တို့သည်လည်း ကိလေသာမျိုးစေ့တို့ဖြစ်ကြကုန်၏၊ ထို့ကြောင့်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၌ အနုသယဓာတ်ကိန်းဝပ်ခြင်းမရှိနိုင်ဖြစ်သတည်း။

## အနုသယဓာတ်တို့၏ကိန်းဝပ်ရာ ဌာနကိုပြဆိုခြင်း

၁။ ကာမရာဂါနုသယသည် ဓာတ်အားဖြင့်ကာမဓာတ်၌၊ ဝေဒနာအားဖြင့် သုခဝေဒနာ, ဥပေက္ခာဝေဒနာနှစ်ပါးတို့၌ကိန်းဝပ်၏။

၂။ ပဋိဃာနုသယသည် ဓာတ်အားဖြင့် ကာမဓာတ်၌၊ ဝေဒနာအားဖြင့် ဒုက္ခဝေဒနာ၌ကိန်းဝပ်၏။

၃။ မာနာနုသယသည် ဓာတ်အားဖြင့် ကာမဓာတ်၌၊ဝေဒနာအားဖြင့် သုခဝေဒနာ, ဥပေက္ခာဝေဒနာနှစ်ပါးတို့၌ကိန်းဝပ်၏။

၄။ ဒိဋ္ဌာနုသယသည် အလုံးစုံသော တေဘူမကတရားတို့၌ ကိန်းဝပ်၏၊ ဓာတ်အားဖြင့် ကာမဓာတ်, ရူပဓာတ်, အရူပဓာတ်တို့၌ကိန်းဝပ်၏၊ ဝေဒနာအားဖြင့် သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာသုံးပါးတို့၌ကိန်းဝပ်၏။

၅-၆။ ဝိစိကိစ္ဆာနုသယနှင့် အဝိဇ္ဇာနုသယတို့သည်လည်း မာနာနုသယနှင့် ကိန်းဝပ်ရာဌာနအတူတူပင်တည်း။

၇။ ဘဝရာဂါနုသယသည် ဓာတ်အားဖြင့် ရူပဓာတ်, အရူပဓာတ်နှစ်ပါး၌ကိန်းဝပ်၏၊ ဝေဒနာအားဖြင့် သုခဝေဒနာ, ဥပေက္ခာဝေဒနာနှစ်ပါး၌ကိန်းဝပ်၏။

www.dhammaransi.com



ဤအနုသယယမိုက်၌ အနုဘဝနဘေဒအားဖြင့် ဝေဒနာသုံးပါးကိုသာဟောတော်မူသည်။

၁။ သုခဝေဒနာဆိုလျှင် သုခသဟဂုတ်ကာယဝိညာဉ်၌ ရှိသောဝေဒနာနှင့်တကွလောကီသောမနသဝေဒနာ-ဟူသမျှကိုကောက်လေ။

၂။ ဒုက္ခဝေဒနာဆိုလျှင် ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ ရှိသောဝေဒနာနှင့်တကွ ဒေါမနဿဝေဒနာနှစ်ပါးကိုကောက်လေ။

၃။ ဥပေက္ခာဝေဒနာဆိုလျှင် လောကီဥပေက္ခာ-ဟူသမျှကို ကောက်လေ။

လောကုတ္တရာတရားတို့သည် အနုသယဓာတ်တို့၏ကိန်းဝပ်ရာမဟုတ်သောကြောင့် လောကုတ္တရာဝေဒနာတို့ကိုမကောက်ယူအပ်။

[ဤသို့ ပြဆိုအပ်သော နည်းအတိုင်းအနုသယတို့၏ ကိန်းဝပ်ရာဌာနကို မှတ်သားလေ။]

### ဓာတ်သုံးပါးကိုပြဆိုခြင်း

ဤအနုသယ ယမိုက်၌ ကာမဓာတ်, ရူပဓာတ်, အရူပဓာတ်-ဟူ၍ ဓာတ်သုံးပါးကို ဟောတော်မူသည်။

၁။ ကာမဓာတ်ဆိုလျှင် ဘုံအားဖြင့် ကာမ၁၁-ဘုံကို ကောက်လေ၊ ပရမတ္ထတရားကိုယ်အားဖြင့် ဒုက္ခသဟဂုတ်စိတ်, ဒေါမနဿသဟဂုတ်စိတ်၊ ဤစိတ်သုံးပါးကြဉ်အပ်သော ကာမစိတ် ၅၁-ပါး၊ ရုပ် ၂၈-ပါးကို အရကောက်လေ။

> ဒုက္ခသဟဂုတ်စိတ်နှင့် ဒေါသမူဒွေကို အဘယ့်ကြောင့် ကာမဓာတ်၌ မကောက်ရသနည်းဆိုလျှင်—
>
> "ဒုက္ခာယဝေဒနာယ" ဟူ၍ အသီးအခြားခွဲ၍ ဟောတော်မူလျက် ရှိသောကြောင့် မကောက်ရဘဲ ချန်ထားရသည်ဟု ဖြေလေ။

၂။ ရူပဓာတ်ဆိုလျှင် ဘုံအားဖြင့် ရူပ ၁၆-ဘုံကောက်၊ တရားကိုယ်အားဖြင့် ရူပါဝစရစိတ် ၁၅-ပါးကို ကောက်လေ၊ စတုက္ကနည်းအားဖြင့် ရူပါဝစရစိတ် ၁၂-ပါးကိုကောက်လေ။

www.dhammaransi.com



၃။ အရူပဓာတ်ဆိုလျှင် ဘုံအားဖြင့် အရူပဘုံကိုကောက်၊ တရားကိုယ်အားဖြင့် အရူပါဝစရစိတ် ၁၂-ပါးကိုကောက်လေ။

ကာမဓာတ်၌ ပဋိဃာနုသယ, ဘဝရာဂါနုသယကြဉ်သော အနုသယ ငါးပါးရ၏၊ ရူပဓာတ်, အရူပဓာတ်တို့၌ ပဋိဃာနုသယ, ကာမရာဂါနုသယ နှစ်ပါးကြဉ်သော အနုသယ ငါးပါးရ၏။

ကာမစိတ်၌ ရှိသော သုခဝေဒနာ, ဥပေက္ခာဝေဒနာတို့၌ ပဋိဃာနုသယ, ဘဝရာဂါနုသယ ကြဉ်သော အနုသယ ငါးပါးရ၏၊ ဒုက္ခဝေဒနာ၌ ကာမရာဂါနုသယ, ဘဝရာဂါနုသယ, မာနာနုသယ ကြဉ်သော အနုသယလေးပါးရ၏၊ ရူပ, အရူပ စိတ်တို့၌ ရှိသော သုခဝေဒနာ, ဥပေက္ခာဝေဒနာတို့၌ ကာမရာဂါနုသယ, မာနာနုသယ, ပဋိဃာနုသယ ကြဉ်သော အနုသယလေးပါးရ၏။

ကာမရာဂါနုသယနှင့်,မာနာနုသယနှစ်ပါးသည် ကာမသုခဝေဒနာ, ကာမဥပေက္ခာဝေဒနာ နှစ်ပါးကို ရ၏၊ ပဋိဃာနုသယသည် ဒုက္ခဝေဒနာတပါးကိုသာရ၏၊ ဘဝရာဂါနုသယသည် ရူပ, အရူပဓာတ်တို့၌ ရှိသော သုခ, ဥပေက္ခာ ဝေဒနာ နှစ်ပါးကို ရ၏၊ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယ၊ ဤအနုသယ သုံးပါးသည် သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာသုံးပါးလုံးကိုရသည်။

[မှတ်ချက်။ ။ဘဝရာဂါနုသယသည် ဝေဒနာတပါးမျှမရဟု ရှေးဆရာကြီးများဆိုသည်၊ သို့ရာတွင် ထိုဘဝရာဂ၏ နယ်ဖြစ်သော ရူပစိတ်, အရူပစိတ်တို့၌ ရှိသော သုခ, ဥပေက္ခာဝေဒနာကို ကောက်ယူသဖြင့် ဤကျမ်း၌ ဘဝရာဂသည် ဝေဒနာနှစ်ပါးရ၏ ဟု ဆိုခဲ့ပေသတည်း။]

**ပဟာနေကဋ္ဌ, သဟဇေကဋ္ဌ သဘောနှစ်မျိုးကို ပြဆိုခက်း**

၁။ မဂ်ပယ်ရာ၌ တပြိုင်တည်း ပါ၍သွားသော အနုသယစုသည် ပဟာနေကဋ္ဌမည်၏။

၂။ ပယ်အပ်သော အနုသယနှင့် အတူတကွ ဖြစ်သော အနုသယစုသည် သဟဇေကဋ္ဌမည်၏၊ ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယနှစ်ပါးသည်ပဟာနေကဋ္ဌတစုမည်၏၊အဘယ့်ကြောင့်နည်း ဆိုသော် သောတာပတ္တိမဂ်သည် ထိုအနုသယနှစ်ပါးကို တပြိုင်တည်း ပယ်အပ်သောကြောင့်တည်း။

www.dhammaransi.com



ကာမရာဂါ နုသယနှင့် ပဋိဃာ နုသယနှစ်ပါးသည် ပဟာနေကဋ္ဌ တစုမည်၏၊ အဘယ့်ကြောင့် နည်းဆိုသော် အနာဂါမိမဂ်သည် ထိုအနုသယနှစ်ပါးကို တပြိုင်တည်း ပယ်အပ်သောကြောင့်တည်း။

မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ၊ ဤအနုသယ သုံးပါးသည် ပဟာနေကဋ္ဌတစုမည်၏၊ အဘယ့်ကြောင့်နည်း ဆိုသော် အရဟတ္တမဂ်သည် ထိုအနုသယ သုံးပါးတို့ကို တပြိုင်တည်း ပယ်အပ်သောကြောင့်တည်း။

[ဤကား ပဟာနေကဋ္ဌ သဘောတည်း။]

### သဟဇေကဋ္ဌသဘောကား

သောတာပတ္တိမဂ်သည် ဒိဋ္ဌာနုသယကိုပယ်ရာ၌ ထိုဒိဋ္ဌာနုသယနှင့် တကွဖြစ်သော ကာမရာဂါနုသယ, ဘဝရာဂါနုသယ, မာနာနုသယ, အဝိဇ္ဇာနုသယတို့ကိုလည်း ပယ်၏၊ ထိုသို့ပယ်ခြင်းကို သဟဇေကဋ္ဌ သဘောအားဖြင့် ပယ်သည်၊ ပဟာနေကဋ္ဌသဘောမှာ အကြွင်းမဲ့ပယ်သည်၊ သဟဇေကဋ္ဌသဘောမှာ အကြွင်းမဲ့ ပယ်သည်မဟုတ်။

၁။ သောတာပတ္တိမဂ်သည် ဝိစိကိစ္ဆာကို ပယ်ရာ၌ ထိုဝိစိကိစ္ဆာနုသယနှင့် တကွဖြစ်သော အဝိဇ္ဇာနုသယ ကိုလည်း သဟဇေကဋ္ဌ အားဖြင့်ပယ်၏။

၂။ အနာဂါမိမဂ်သည် ကာမရာဂါနုသယကိုပယ်ရာ၌ ထိုကာမရာဂါနုသယနှင့်တကွ ဖြစ်သောဘဝရာဂါနုသယ, အဝိဇ္ဇာနုသယတို့ကိုလည်း သဟဇေကဋ္ဌသဘောအားဖြင့်ပယ်သည်၊ ပဋိဃာနုသယကို ပယ်ရာ၌ သဟဇေကဋ္ဌသဘောမရှိ၊ အကြောင်းမူကား ဒေါသမူစိတ်၌ ပဋိဃာနုသယတပါးသာရှိသောကြောင့်တည်း။

၃။ အရဟတ္တမဂ်သည် ဘဝရာဂါနုသယ, မာနာနုသယ, အဝိဇ္ဇာနုသယကိုပယ်ရာ၌ ပဟာနေကဋ္ဌသဘောသာရှိသည်၊ သဟဇေကဋ္ဌသဘောအားဖြင့် ပယ်ရန်အနုသယမရှိချေ၊ အကြောင်းဆိုသော် ကြွင်းသောအနုသယတို့ကို အောက်မဂ်တို့ဖြင့်ပယ်ပြီးဖြစ်သောကြောင့်တည်း။

ဤသို့ပြဆိုအပ်သော ပဟာနေကဋ္ဌသဘော, သဟဇေကဋ္ဌသဘောများကိုလည်းရှင်းလင်းအောင်မှတ်သားရာ၏။

www.dhammaransi.com



## ပါဠိတော်ပုဒ်တို့၏ အနက်သဘောနှင့် ကောက်ယူပုံကိုပြဆိုခြင်း

**ကာမဓာတုယာ**–ဟူ၍ ဟောတော်မူရာ၌ အောက်၌ပြဆိုခဲ့ပြီးသော အတိုင်း ဒုက္ခသဟဂုတ်စိတ် ဒေါသမူဒွေ ကြဉ်သော ကာမစိတ် ၅၁၊ ၎င်းတို့၌ယှဉ်သောစေတသိက်၊ ရုပ် ၂၈-ပါးတို့ကိုကောက်လေ။

**ဒွီသုဝေဒနာသု**–ဟူ၍ဟောတော်မူလျှင် သုခဝေဒနာ, ဥပေက္ခာဝေဒနာနှစ်ပါးကိုကောက်လေ။

**ဒုက္ခာယ ဝေဒနာယ**–ဟူ၍ဟောတော်မူလျှင် အကုသလဝိပါက် ကာယဝိညာဉ်၌ရှိသော ဒုက္ခဝေဒနာ, ဒေါသမူဒွေ၌ရှိသော ဒေါမနဿဝေဒနာတို့ကိုကောက်လေ။

**ရူပဓာတုယာ**–ဟူ၍ဟောတော်မူလျှင် ရူပစိတ် ၁၅၊ စတုက္ကနည်းအားဖြင့် ၁၂-ပါး၊ ၎င်းတို့၌ယှဉ်သောစေတသိက်တို့ကိုကောက်လေ။

**အရူပဓာတုယာ**–ဟူ၍ဟောတော်မူလျှင် အရူပစိတ် ၁၂၊ ၎င်းတို့၌ယှဉ်သောစေတသိက်တို့ကိုကောက်လေ။

**သဗ္ဗသက္ကာယပရိယာပန္နေသု ဓမ္မေသု**–ဟူ၍ ဟောတော်မူလျှင် အလုံးစုံသောတေဘူမကတရားစုကိုအကုန်ကောက်လေ။

### ဟောပုံပါဠိတော်ကား

ကတ္ထ အဝိဇ္ဇာနုသယော အနုသေတိ၊ သဗ္ဗသက္ကာယပရိယာ-
ပန္နေသု ဓမ္မေသု ဧတ္ထ အဝိဇ္ဇာနုသယော အနုသေတိ။

အဝိဇ္ဇာနုသယသည် အဘယ်၌ကိန်းဝပ်သနည်း၊ အလုံးစုံသောသက္ကာယ၌ အကျုံးဝင်သောတရားတို့၌ အဝိဇ္ဇာနုသယသည် ကိန်းဝပ်၏၊ သဗ္ဗသက္ကာယပရိယာပန္န တရားသည်ကား လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈-ပါးတို့ပေတည်း၊ အချုပ်အားဖြင့်ဆိုသော် ထိုတရားတို့သည် တေဘူမကတရားတို့သာတည်း၊ လောကုတ္တရာတရားတို့၌ တစုံတခုသောအနုသယမျှကိန်းဝပ်သည်မရှိ။

www.dhammaransi.com



## သုဒ္ဓပုဂ္ဂလဝါရ၌

အနုသေတိ-ဟူ၍ဟောတော်မူလျှင် ပုဂ္ဂိုလ်၏သန္တာန်၌ အနုသယ သဘောအားဖြင့် ကိန်းဝပ်၏၊ ဥပါဒ်သဘောအားဖြင့်ရင်း, သမ္ပယုတ် သဘောအားဖြင့်ရင်း ဖြစ်သည်-ဟူ၍အဓိပ္ပါယ်မယူလင့်။

## သုဒ္ဓပုဂ္ဂလဝါရပါဠိတော်ကား

ယဿ ကာမရာဂါနုသယော အနုသေတိ၊ တဿ မာနာနု-သယော အနုသေတီတိ၊အာမန္တာ။

အကြင်ပုဂ္ဂိုလ်အား ကာမရာဂါနုသယ ကိန်းဝပ်ဆဲ၊ ထိုပုဂ္ဂိုလ် အား မာနာနုသယကိန်းဝပ်ဆဲလော၊ ကိန်းဝပ်ဆဲမှန်၏၊ အနုသေတိ၊ ကိန်းဝပ်ဆဲဆိုသည်ကို ဥပါဒ်သဘောအားဖြင့် ဖြစ်ပေါ်မှုကိုမယူလင့်၊ ယဿ- ဟူသောပုဒ်တခုတည်းကို ထည့်၍ ဟောတော်မူလျှင် သုဒ္ဓပုဂ္ဂလ ဝါရ-ဟုမှတ်လေ။

## သုဒ္ဓဘုမိဝါရ၌

ယတ္ထ-ဟူ၍ဟောတော်မူရာ၌ ယတ္ထ-ပုဒ်သည် ကာမရာဂါနုသယနှင့် တွဲလျက်ရှိလျှင် ထိုယတ္ထ-ပုဒ်၏အနက်ကို ကာမဓာတ်၌ ရအပ်သော တရားတို့ကိုကောက်ယူလေ။

## ပါဠိတော်ကား

ယတ္ထ ကာမရာဂါနုသယော အနုသေတိ၊ တတ္ထ ပဋိဃာနု-သယော အနုသေတီတိ၊နော။

အကြင်တရားစု၌ ကာမရာဂါနုသယကိန်းဝပ်ဆဲ၊ ထိုတရားစု၌ ပဋိ ဃာနုသယကိန်းဝပ်ဆဲလော၊ ကိန်းဝပ်ဆဲမဟုတ်။

ဤပါဠိတော်၌–''ယတ္ထ''အရကို ဒုက္ခသဟဂုတ် ကာယဝိညာဉ် စိတ်, ဒေါသမူဒွေကြဉ်သော ကာမစိတ္တုပ္ပါဒ် ၅၁၊ ရုပ်၂၈-ကိုကောက်လေ၊

www.dhammaransi.com



ထိုတရားစု၌ ပဋိဃာနုသယကိန်းဝပ်သည်မဟုတ်၊ ထိုကြောင့် "နော" ဟူ၍ဟောတော်မူသည်။

[ဤနည်းကိုအမှီပြု၍ "ယတ္ထ" ပုဒ်၏အနက်ကောက်ယူပုံသဘောကို ဉာဏ်ယှဉ်၍ စိစစ်ရာ၏၊ တတ္ထ-၏နောက်၌ရှိသောပုဒ်ကိုကြည့်၍ကောက်ယူလေ၊ စေ့စုံစွာထုတ်ပြနေလျှင် လွန်စွာကျယ်ဝန်းတော့မည်၊ အဘိဓမ္မာအရာတွင် ဉာဏ်ကျက်စားပုံသွက်လက်ပါစေ။]

ယတ္ထ ဝါ ပန ဘဝရာဂါနုသယော အနုသေတိ၊ တတ္ထကာမရာဂါနုသယော အနုသေတီတိ၊ နော။

အကြင်တရားစု၌ ဘဝရာဂါနုသယ ကိန်းဝပ်ဆဲ၊ ထိုတရားစု၌ ကာမရာဂါနုသယကိန်းဝပ်ဆဲလော၊ ကိန်းဝပ်ဆဲမဟုတ်။

**ဤပါဠိတော်၌**-"ယတ္ထ"အရကို ရူပါဝစရ စိတ္တုပ္ပါဒ်,အရူပါဝစရ စိတ္တုပ္ပါဒ်ကိုကောက်လေ၊ ထိုတရားစု၌ ကာမရာဂါနုသယ ကိန်းဝပ်သည်မဟုတ်၊ ထို့ကြောင့်"နော" ဟူ၍ဟောတော်မူသည်၊ ဤသို့နည်းပြလိုက်သဖြင့် ယတ္ထ-ပုဒ်တို့၏အနက်ကောက်ယူပုံကို ကျွမ်းကျင်ကြပါစေကုန်၊ တနေရာ၌နည်းပြလိုက်သဖြင့် ကြွင်းသောဌာနတို့၌ ထိုနည်းကိုမှီ၍သိခြင်းသည် ပညာရှင်တို့ဓမ္မတာပေတည်း။

**ရစနာဂါထာ**

နယမှိ ဒဿိတေ ကေ၊ ဌာနမှိ သေသ ဇာနနံ။
ဝိညူနံ သဘာဝေါ ဟေသ၊ ပပဉ္စော ကိလမောဝ သော။ ။

ကေ ဌာနမှိ၊ တနေရာတဌာန၌။ နယမှိ၊ ကောက်နည်း, ယူနည်းနိသျှည်းကို။ ဒဿိတေ၊ ရှင်းလင်းစွာဖေါ်ပြအပ်သည်ရှိသော်။ ယံသေသဇာနနံ၊ မဖေါ်မပြ ကြွင်းသမျှသောအရာဌာနတို့၌ အကြင်ကျနစွာ အသိဉာဏ်ပေါက်ခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ သေ-သော၊ ဤသို့နည်းတခုပြသဖြင့် ကြွင်းသမျှတို့၌အသိဉာဏ်ပေါက်ခြင်းသည်။ ဝိညူနံ၊ ပဋိသန္ဓေဉာဏ် ထက်သန်ကြည်လင် ပညာရှင်တို့၏။ သဘာဝေါဟိ-သဘာဝေါ ဝေ၊ သဘောစဉ်လာ ဓမ္မတာအလေ့ကြီးပင်တည်း။ ယောပပဉ္စော၊ အကြင်အကျယ်ချဲ့ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သောပပဉ္စော၊ ထိုမဆုံးနိုင်ဖွယ်

www.dhammaransi.com



အကျယ်ဖော်ပြ၍နေခြင်းသည်။ ကိလမောဝ၊ ကိုယ်နွမ်း, စိတ်နွမ်း အချိန်တွေကုန်ခန်း၍ပင်ပန်းဖွယ်အရေးကြီးပင်တည်း။

[ယတ္ထ-ပုဒ်တခုတည်းကိုတည်၍ဟောတော်မူလျှင် သုဒ္ဓဘူမိဝါရဟူ၍မှတ်လေ၊ ယဿ, ယတ္ထ-ပုဒ်နှစ်ခုပေါင်း၍ဟောတော်မူလျှင် ပုဂ္ဂိုလ်နှင့်ဘုံရောပွား၍ဟောသော ပုဂ္ဂလောကာသဝါရဟူ၍မှတ်လေ။]

### ဒွိမူလကဝါရ၌

ယတ္ထ ကာမရာဂါနုသယော စ ပဋိဃာနုသယော စ အနုသေန္တိ၊ တတ္ထ မာနာနုသယော အနုသေတီတိ၊ နတ္ထိ။

အကြင် တရားစု၌ ကာမရာဂါနုသယသည်၎င်း, ပဋိဃာနုသယ သည်၎င်း ကိန်းဝပ်ဆဲ၊ ထိုတရားစု၌မာနာနုသယ ကိန်းဝပ်ဆဲလော၊ ထိုသဘောမျိုးမရှိ။

ဤပါဠိတော်၌–ကာမရာဂါနုသယနှင့် ပဋိဃာနုသယသည်တပေါင်း တည်းကိန်းဝပ်ဆဲအလေ့မရှိ၊ တပေါင်းတည်းကိန်းဝပ်ရာဌာနလည်းမရှိ၊ ထို့ကြောင့် ''နတ္ထိ'' ဟူ၍ဟောတော်မူသည်၊ မေးရင်းကပင်မှား၍ မေးသောအမေးဖြစ်သည်။

ယမိုက်ပါဠိတော်ကြီးတလျှောက်လုံး၌–

၁။ ရှေ့ပုဒ်၏အနက်ကို တားမြစ်လိုလျှင် ''နတ္ထိ'' ဟူ၍ဟောတော်မူ၏။

၂။ နောက်ပုဒ်၏အနက်ကို တားမြစ်လိုလျှင် ''နော'' ဟူ၍ဟောတော်မူ၏။

''နတ္ထိ'' ဟူ၍ဟောတော်မူလျှင် မေးရင်းကပင်မှားသည်၊ မမေးထိုက်သည်ကိုမေးသည်-ဟူ၍မှတ်ယူလေ။

[ဤဆိုအပ်ပြီးသောအတိုင်း ''နတ္ထိ''ဟောပုံ ''နော'' ဟောပုံများကိုလည်း သဘောကျပါစေ၊ အနုသယနှစ်ခုတွဲ၍ဟောတော်မူသောဝါရကို ဒွိမူလကဝါရ ဆိုသည်၊ ထိုနည်းတူစွာ တိမူလက, စတုမူလက, ပဉ္စမူလက, ဆမူလကဝါရ တို့၏ဟောပုံများကိုလည်းသိရာ၏။]

www.dhammaransi.com



**သာနုသယဝါရ၌**

ယတော-ဟူ၍ဟောတော်မူသည်ကို''ယတ္ထ'' ဟူသောအနက်ကို ယူရာ၏။

၁။ ယတောကား-ပဉ္စမီအနက်။

၂။ ယတ္ထကား- သတ္တမီအနက်ဖြစ်သည်။

သဒ္ဒါရေးအားဖြင့်ပြသောစကားပေတည်း၊ ယတော၊ အကြင်တရားအစုမှ, အကြင်တရားအစုကြောင့်-ဟူ၍အနက်မပေးဘဲ ယတော၊ အကြင်တရားအစု၌-ဟူ၍ အနက်ပေးပါလေဟုဆိုလိုသည်။

[တတော,၌လည်းထိုနည်းတူစွာပင်တည်း။]

**ဟောတော်မူပုံပါဠိကား**

ယတော ကာမရာဂါနုသယေန သာနုသယော၊တတော ပဋိဃာနုသယေန သာနုသယောတိ၊ နော။

အကြင်တရားစု၌ ကာမရာဂါ နုသယဖြင့် သာနုသယ မည်၏၊ ထိုတရားစု၌ ပဋိဃာနုသယဖြင့် သာနုသယမည်သလော၊မည်သည်မဟုတ်။

**ရှေးဆရာကြီးတို့သည်။** ''ယတော-ကို ယတ္ထ-ဟူ၍ အနက်မယူဘဲ ''ဥပ္ပန္နေန'' ဟူသော ပုဒ်ကိုထည့်၍ ''ယတော၊ အကြင်တရားစုမှ။ ဥပ္ပန္နေန၊ဖြစ်သော။ ကာမရာဂါနုသယေန၊ ကာမရာဂါနုသယဖြင့်'' ဟူ၍ အနက် ပေးတော် မူကြကုန်သည်၊ ပါဠိတော် ဟောပုံအရိပ်ကို ထောက်လျှင် ဝိသဇ္ဇနာပါဠိတို့၌ သတ္တမီ ဝိဘတ်ဖြင့်သာ ဟောတော်မူသောကြောင့်ယတော-ပုဒ်ကို ယတ္ထ-ဟူ၍သာ အနက်ယူစေလိုသည်-ဟု ထင်မြင်ပေသည်။

အနုသယနှင့်တကွ ယှဉ်သည်ကို သာနုသယဆိုသည်။

အနုသယေန ယော သဟဝတ္တတီတိ သာနုသယော။

ယော၊ အကြင်တရားသည်။ အနုသယေန၊ အနုသယနှင့်။ သဟ၊ အတူတကွ။ ဝတ္တတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာနုသယော၊ သာနုသယမည်၏။

[အနုသယနှင့်တကွမဖြစ်သည်ကို''နိရာနုသယ''ခေါ်သည်။]

www.dhammaransi.com



## ပဇဟာနဝါရနည်း

ပဇဟတိ-ဟူသောပုဒ်ဖြင့် ဟောတော်မူအပ်သော ဝါရသည် "ပဇဟာန" ဝါရမည်၏ ထိုပဇဟာန ဝါရသည် မဂ်ပုဂ္ဂိုလ်တို့၏ အနုသယပယ်ပုံကို ဟောတော်မူအပ်သော ပဟာနပရိညာဝါရပင် ဖြစ်သည်။

## ဟောပုံပါဠိတော်ကား

ယော ကာမရာဂါနုသယံ ပဇဟတိ၊ သော ပဋိဃာနုသယံ ပဇဟတီတိ၊ အာမန္တာ။

အကြင်ပုဂ္ဂိုလ်သည် ကာမရာဂါနုသယကိုပယ်ဆဲ၊ ထိုပုဂ္ဂိုလ်သည် ပဋိဃာနုသယကို ပယ်ဆဲလော၊ ပယ်ဆဲဟုတ်မှန်၏။

အနာဂါမိမဂ်ပုဂ္ဂိုလ်သည် ကာမရာဂါနုသယကို ပယ်ဆဲ ဖြစ်၏၊ ပဋိဃာနုသယကိုလည်း ပယ်ဆဲဖြစ်၏၊ ထို့ကြောင့် "အာမန္တာ" ဟူ၍ ဟောတော်မူသည်၊ ဤပါဠိတော်၌ အဓိပ္ပါယ်ထင်ရှားပြီ။

ယော ကာမရာဂါနုသယံ ပဇဟတိ၊ သော မာနာနုသယံ ပဇဟတီ-တိ၊ တဒေကဋ္ဌံ ပဇဟတိ။

အကြင်ပုဂ္ဂိုလ်သည် ကာမရာဂါနုသယကိုပယ်ဆဲ၊ ထိုပုဂ္ဂိုလ်သည် မာနာနုသယကို ပယ်ဆဲလော၊ အတူတကွဖြစ်သော မာနာနုသယကို ပယ်ဆဲဖြစ်၏။

**ဤပါဠိတော်၌**–ကာမရာဂါနုသယကို ပယ်ဆဲဖြစ်သော အနာဂါမိမဂ်သည် မာနာနုသယကို အကြွင်းမဲ့ မပယ်နိုင်၊ မာနာနုသယကို အရဟတ္တမဂ်က အကြွင်းမဲ့ပယ်နိုင်သည်၊ ထို့ကြောင့် တကွဖြစ်သော မာနာနုသယကိုသာ ပယ်သည်-ဟုဟောတော်မူသည်။

**တဒေကဋ္ဌံ ပဇဟတိ**–ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား။ ။ကာမရာဂနှင့် မာနသည် စိတ္တုပ္ပါဒ် တခုတည်း၌ အတူတကွ ဖြစ်ကြကုန်၏၊ ကာမရာဂကို ပယ်လျှင် ထိုသမ္ပယုတ်ဖြစ်သော မာနကိုလည်း ပယ်သည်၊ နောင်အခါ ဖြစ်ပေါ်စေရန် သဘောကိုမရောက်စေ၊ ကာမရာဂကို ပယ်လျှင် ထိုမာနသည် ကာမရာဂနှင့် တွဲ၍ ဘယ်အခါမှ ဖြစ်ခြင်းသဘော

www.dhammaransi.com



မရှိတော့ပြီ-ဟု ဆိုလို၏၊ ရူပရာဂ, အရူပရာဂ စသည်တို့နှင့် တကွဖြစ်သော မာနာနုသယကိုမူကား မပယ်နိုင်ချေ။

**အဝိပ္ပါယ်တနည်းကား။** ။ကာမဓာတ်ဝေဒနာနှစ်ပါးတို့၌ ကာမရာဂါနုသယနှင့် အတူတကွဖြစ်၍ ကိန်းသော မာနာနုသယကိုပယ်သည်၊ ရူပဓာတ်, အရူပဓာတ်တို့၌ ကိန်းသော မာနကို မပယ်နိုင်-ဆိုလိုသည်။

**တဒေကဋ္ဌံပဇဟတိ**–ဆိုလျှင် အောက်၌ပြဆိုခဲ့ပြီးသော အတိုင်း သဟဇေကဋ္ဌပယ်ပုံမျိုးကိုယူလေ၊ ဤနည်းကို မှီ၍ "တဒေကဋ္ဌံ ပဇဟတိ" ဟူသောပုဒ်ကို တွေ့တိုင်း အဓိပ္ပါယ် ကောက်ယူပုံကို ထိုက်သည် အားလျော်စွာ ဝေဖန်၍ သိလေ။

**အဋ္ဌမကော**–ဟူ၍ ဟောတော်မူလျှင် သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကို ကောက်ယူလေ၊ ထိုစကားမှန်၏၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ရှိလေရာ နောက်ဆုံးအရဟတ္တဖိုလ်ပုဂ္ဂိုလ်ကစ၍ နောက်ဆုတ်ရေတွက်လျှင် သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် ရှစ်ယောက်မြောက်ဖြစ်၏၊ ထို့ကြောင့် "အဋ္ဌမက" ဆိုသည်။

၁။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်သည် ပဌမမည်၏။
၂။ အရဟတ္တမဂ်ပုဂ္ဂိုလ်သည် ဒုတိယမည်၏။

ဤသို့ပဋိလောမနည်းအားဖြင့် ရေတွက်လေ။

## ပရိညာဝါရဖြေ

ပရိဇာနာတိ-ဟူ၍ ဟောတော်မူအပ်သော ဝါရသည် ပရိညာဝါရမည်၏၊ ထိုပရိဇာနာတိ-ဟူ၍ ဟောတော်မူအပ်သော ပရိညာဝါရ၌ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက် တို့၏ ပရိညာသုံးပါးကို ဟောတော်မူသည်၊ ပရိဇာနာတိ-ဟူသောပုဒ်၌ ဉာတပရိညာ, တိရဏပရိညာ, ပဟာနပရိညာ၊ ဤသုံးပါး ပါဝင်သည်-ဟူ၍ မှတ်လေ။

## ဟောပုံပါဠိတော်ကား

ယော ကာမရာဂါနုသယံ ပရိဇာနာတိ၊ သော ပဋိဃာနုသယံ ပရိဇာနာတီတိ၊ အာမန္တာ။

www.dhammaransi.com



အကြင် ပုဂ္ဂိုလ်သည် ကာမရာဂါနုသယကို ပိုင်ပိုင်သိဆဲ၊ ထိုပုဂ္ဂိုလ်သည် ပဋိဃာနုသယကို ပိုင်ပိုင်သိဆဲလော။ မှန်ပေ၏၊ ပိုင်ပိုင်သိဆဲဆိုလျှင် ပဟာနပရိညာဖြင့် ပယ်ဆဲဖြစ်သည်တိုင်အောင် အဓိပ္ပါယ်ယူလေ။

ယော ကာမရာဂါနုသယံ ပရိဇာနာတိ၊သော မာနာနုသယံ ပရိဇာနာတီတိ၊ တဒေကဋ္ဌံ ပရိဇာနာတိ။

အကြင်ပုဂ္ဂိုလ်သည် ကာမရာဂါနုသယကိုပိုင်ပိုင်သိဆဲ၊ ထိုပုဂ္ဂိုလ်သည် မာနာနုသယကို ပိုင်ပိုင်သိဆဲလော။ အတူတကွဖြစ်သော မာနာနုသယကို ပိုင်ပိုင်သိဆဲဖြစ်၏။

**ဤပါဠိတော်၌**—''တဒေကဋ္ဌံ ပရိဇာနာတိ'' ဆိုသည်မှာ ကာမရာဂနှင့် အတူတကွဖြစ်သော မာနကို ပိုင်ပိုင်သိ၏၊ ဘဝရာဂနှင့် တကွဖြစ်သော, တကွကိန်းသော မာနကိုမူကား ပိုင်ပိုင်မသိ-ဟု အဓိပ္ပါယ်ကောက်ယူလေ။

**ပဟီနဝါရ၌**

ပဟီန-ပုဒ်ဖြင့် ဟောအပ်သော ဝါရသည် ပဟီနဝါရမည်၏၊ ထိုပဟီနဝါရသည် ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့၏ ပဟာနပရိညာကို ဟောသော ဝါရဖြစ်သည်၊ ပယ်ပြီးသည်ကို ''ပဟီန'' ဆိုသည် ဖိုလ်ပုဂ္ဂိုလ်တို့သည်ကား အနုသယတို့ကို ဆိုင်ရာဆိုင်ရာ ပယ်ပြီးဖြစ်ကြပေသည်၊ ထို့ကြောင့် ပဟီနပုဂ္ဂိုလ်သည် ဖိုလ်ပုဂ္ဂိုလ်တို့၏ အရာသာဖြစ်၏။

ယဿ ကာမရာဂါနုသယော ပဟီနော၊ တဿ ပဋိဃာနုသယော ပဟီနောတိ၊ နဝတ္တဗ္ဗော ပဟီနောတိ ဝါ အပ္ပဟီနောတိ ဝါ။

အကြင်တရားစု၌ ကာမရာဂါနုသယကို ပယ်အပ်ပြီ၊ ထိုတရားစု၌ ပဋိဃာနုသယကို ပယ်အပ်ပြီလော။ ပယ်အပ်ပြီဟူ၍၎င်း, ပယ်အပ်ပြီမဟုတ် ဟူ၍၎င်း မဆိုထိုက်။

**ဤပါဠိတော်၌**—အဖြေဟောပုံသည် အခြားယမိုက်တို့၌ ဟောပုံကဲ့သို့ မဟုတ်ဘဲ ''နဝတ္တဗ္ဗော'' ပုဒ်ဖြင့်ဟောတော်မူသည်မှာ အထူးဝိသေသ

www.dhammaransi.com



ဖြစ်၍နေသည်၊ အဓိပ္ပါယ်ကို ဤသို့မှတ်လေ၊ ကာမရာဂါနုသယ ကိန်းဝပ်သောတရားတို့၌သာ ကာမရာဂါနုသယကို ပယ်အပ်ပြီ, ပယ်အပ်ပြီးမဟုတ်-ဟူ၍ ဆိုသင့်သည်၊ မေးသင့်သည်၊ ကာမရာဂါနုသယ ကိန်းဝပ်သော တရားတို့၌ ပဋိဃာနုသယကို ပယ်အပ်ပြီ, ပယ်အပ်ပြီးမဟုတ်-ဟူ၍ မဆိုသင့်၊ မမေးသင့်၊ ထို့ကြောင့် အထက်၌ ဖော်ပြအပ်သော ပါဠိတော်၌ "နဝတ္တဗ္ဗော" ဟူ၍ ဟောတော်မူသည်ဟု မှတ်လေ။

## ဓာတုဝါရ၌

ကာမဓာတု, ရူပဓာတု, အရူပဓာတု-သဒ္ဒါတို့ဖြင့် ဟောအပ်သော ဝါရသည် ဓာတုဝါရမည်၏။

ထိုဓာတုဝါရ၌—

၁။ အလုံးစုံသော ကာမပုထုဇဉ်, ရူပပုထုဇဉ်, အရူပပုထုဇဉ်တို့၏ သန္တာန်မှာ အနုသယဓာတ် ၇-ပါးတို့သည် ကိန်းဝပ်ကုန်၏။

၂။ အလုံးစုံသော သောတာပန်,သကဒါဂါမိ ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယနှစ်ပါး ကြဉ်သော အနုသယ ၅ါးပါးတို့သည် ကိန်းဝပ်ကုန်၏။

၃။ အလုံးစုံသော အနာဂါမိပုဂ္ဂိုလ်တို့၏သန္တာန်၌ မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ သုံးပါးတို့ကိန်းဝပ်ကုန်၏။

၄။ အလုံးစုံသော ရဟန္တာတို့၏ သန္တာန်၌ တစုံတခုသော အနုသယမျှ မကိန်းဝပ်။

၅။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၏ သန္တာန်၌လည်း တစုံတခုသော အနုသယမျှ မကိန်းဝပ်။

ဗြဟ္မာ့ပြည်သို့ ရောက်ကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့သည် ကာမဘုံသို့ပဋိသန္ဓေအားဖြင့်ပြန်လည်ခြင်းမရှိကုန်၊ ထိုအရိယာပုဂ္ဂိုလ်တို့သည် အထက်အထက်ဘုံသို့ရောက်လျှင် အောက်အောက်ဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်၍ဆင်းလေ့မရှိကုန်၊ ထို့ကြောင့်—

"ဗြဟ္မာ့ဘုံမှာ၊ အရိယာ၊ အောက်ရွာဆင်းမရှိ"

ဟူ၍စပ်ဆိုတော်မူသည်။

www.dhammaransi.com



ပုထုဇဉ်ဗြဟ္မာတို့သည်သာလျှင် အောက်ဘုံသို့ရင်း, ကာမဘုံသို့ရင်း ပဋိသန္ဓေအားဖြင့် ပြန်၍ဆင်းလေ့ရှိကြကုန်သည်၊ ဗြဟ္မာ့ဘုံ၌တည်ကြကုန်သော သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမိပုဂ္ဂိုလ်တို့သည် အောက်ကာမဘုံသို့ ပြန်၍ဆင်းလေ့မရှိကြကုန်သောကြောင့် ပုဂ္ဂလဂတိအားဖြင့် အနာဂါမိ-ဟူသောရေတွက်ခြင်းသို့ ရောက်ကြကုန်သည်၊ ထိုသောတာပန်ဗြဟ္မာ, သကဒါဂါမိဗြဟ္မာတို့သည် ဓမ္မဂတိအားဖြင့် ကာမဘုံသို့ ပြန်လည်ရန် အခွင့်ရှိသေးသော်လည်း ပုဂ္ဂလဂတိအားဖြင့် ပြန်လည်လေ့မရှိကြကုန်၊ ထို့ကြောင့်အနာဂါမိနှင့် အလားတူကုန်၏-ဟူ၍ ဆိုရသည်။

အရူပဘုံမှ စုတေသောပုဂ္ဂိုလ်တို့သည် ရူပဘုံ၌ ဖြစ်လေ့မရှိကြကုန်၊ အကယ်၍ အောက်ဘုံသို့ဆင်းလျှင် ကာမဘုံသို့သာ ပဋိသန္ဓေအားဖြင့် ပြန်လည်သက်ဆင်းကြကုန်၏။

ထို့ကြောင့် ယမိုက်ပါဠိတော်၌—

အရူပဓာတုယာ စုတဿ ရူပဓာတုယံ ဥပပတ္တိနာမ နတ္ထိ၊ ဟေဋ္ဌာ ဥပပဇ္ဇမာနော ကာမဓာတုယံယေဝ ဥပပဇ္ဇတိ။

[ဟူ၍ဟောတော်မူသည်။]

အရူပဓာတုယာ၊ အရူပဓာတ်မှ။ စုတဿ၊ စုတေသောပုဂ္ဂိုလ်အား။ ရူပဓာတုယံ၊ ရူပဓာတ်၌။ ဥပပတ္တိနာမ၊ ပဋိသန္ဓေနေခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဟေဋ္ဌာ၊ အောက်ဘုံ၌။ ဥပပဇ္ဇမာနော၊ ပဋိသန္ဓေတည်နေခွင့်ရှိပါမူကား။ ကာမဓာတုယံယေဝ၊ ကာမဓာတ်၌သာလျှင်။ ဥပပဇ္ဇတိ၊ ပဋိသန္ဓေတည်နေ၏။

## ဓာတုဝါရ၌ ဟောပုံပါဠိကို နည်းပြရုံမျှထုတ်ပြပါဦးအံ့

ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တအနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စအနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။

www.dhammaransi.com



**ကာမဓာတ်မှစုတေ၍** ကာမဓာတ်၌ ပဋိသန္ဓေနေခိုက် အချို့ပုဂ္ဂိုလ်အား အနုသယ ၇-ပါးကိန်းဝပ်ကုန်၏၊ အချို့ပုဂ္ဂိုလ်အား အနုသယ ၅-ပါးကိန်းဝပ်ကုန်၏၊ အနုသယတို့ကို အသီးအသီးဝေဖန်ဖွယ်မရှိ။

> ကာမဓာတုယာ စုတဿ ရူပဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တအနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စအနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ။

ကာမဓာတ်မှစုတေ၍ ရူပဓာတ်၌ပဋိသန္ဓေနေခိုက် အချို့ပုဂ္ဂိုလ်အား အနုသယ ၇-ပါးကိန်းဝပ်ကုန်၏၊ အချို့ပုဂ္ဂိုလ်အား အနုသယငါးပါး ကိန်းဝပ်ကုန်၏၊ အချို့ပုဂ္ဂိုလ်အား အနုသယသုံးပါး ကိန်းဝပ်ကုန်၏၊ အနုသယတို့ကို အသီးအသီးဝေဖန်ဖွယ်မရှိ။

**ဤပါဠိတို့၌**—အနုသယ ၇-ပါး ကိန်းဝပ်ကုန်၏-ဆိုသည်မှာ ပုထုဇဉ်ကိုရည်၍ဆိုသည်၊အနုသယ ၅-ပါးကိန်းဝပ်ကုန်၏-ဆိုသည်မှာ သောတာပန်, သကဒါဂါမ်တို့ကိုရည်၍ဆိုသည်၊ အနုသယ သုံးပါးကိန်းဝပ်ကုန်၏-ဆိုသည်မှာ အနာဂါမ်ကိုရည်၍ဆိုသည်ဟုမှတ်လေ။

**အနုသယာ ဘင်္ဂါ နတ္ထိ**—ဟူသောပါဠိ၏အဓိပ္ပါယ်မှာ အနုသယ ၇-ပါးတို့သည် ကာမပုထုဇဉ်တို့၌ သာကိန်းဝပ်ကုန်သည်၊ ရူပပုထုဇဉ်တို့၌ မကိန်းဝပ်ကုန်၊ ဤသို့စသည်ဖြင့်ဝေဖန်ဖွယ်မရှိ။

၁။ ပုထုဇဉ်မှန်လျှင် ပုဂ္ဂိုလ်မရွေး,ဘုံမရွေး အနုသယ ၇-ပါးကိန်းဝပ်ကုန်၏။

၂။ သောတာပန်, သကဒါဂါမ်မှန်လျှင် ပုဂ္ဂိုလ်မရွေး, ဘုံမရွေး အနုသယငါးပါး ကိန်းဝပ်ကုန်၏။

၃။ အနာဂါမ်မှန်လျှင် ပုဂ္ဂိုလ်မရွေး, ဘုံမရွေး အနုသယသုံးပါး ကိန်းဝပ်ကုန်၏။

www.dhammaransi.com



၄။ ပဋိသန္ဓေအခိုက်မှာ ကိန်းဝပ်၏၊ ပဝတ္တိအခိုက်မှာ မကိန်းဝပ်၊ ဤသို့စသည်ဖြင့် ဝေဖန်ဖွယ်မရှိသည်ကို "အနုသယာ ဘင်္ဂါ နတ္ထိ" ဟူ၍ ဆိုသည်၊ စိတ္တုပ္ပါဒ်တို့မှာမူကား ထိုသို့မဟုတ် ဝေဖန်ဖွယ်တွေ့ရှိသည်။

ဥပမာ–ပဋိဃသမ္ပယုတ်စိတ်သည် ကာမဓာတ်၌သာ ဖြစ်၏၊ ရူပဓာတ်, အရူပဓာတ်တို့၌မဖြစ်၊ ကာမဓာတ်၌လည်း ပဝတ္တိအခါ၌သာ ဖြစ်သည်၊ ပဋိသန္ဓေအခါ၌မဖြစ်၊ ဤသို့ဝေဖန်ဖွယ်တွေ့ရှိသည်၊ အနုသယဓာတ်တို့မှာ ထိုသို့ဝေဖန်ဖွယ်မရှိချေ။

ဘဇိတဗ္ဗာ ဝိဘဇိတဗ္ဗာတိ ဘင်္ဂါ။ ။ဘဇိတဗ္ဗာ ဝိဘဇိတဗ္ဗာ၊ ဝေဖန်အပ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘင်္ဂါ၊ ဘင်မည်ကုန်၏၊ ဤသို့ ဝိဂြိုဟ်ပြုလေ၊ ဥပါဒ်, ဌီ, ဘင်-ဆိုရာ၌ပါသော "ဘင်" သဒ္ဒါကဲ့သို့ ပျက်စီးခြင်းကို ဟောသည်ဟုမမှတ်လင့်၊ အနုသယာ ဘင်္ဂါ နတ္ထိ- ဟူသောပါဠိ၌ ဘင်သဒ္ဒါသည် ဝေဖန်အပ်သည်ကိုဟော၏-ဟုမှတ်လေ။

**တနည်းအဓိပ္ပါယ်ကား။** ။အနုသယာ ဘင်္ဂါ နတ္ထိ-၌ ဘင်သဒ္ဒါပျက်စီးခြင်းအနက်ကိုယူ၊ အနုသယတို့မည်သည် ဘင်သဘောအားဖြင့် ပျက်စီးခြင်းမရှိ၊ အနမတဂ္ဂသံသရာတွင် ကျင်လည်ကြကုန်သော သတ္တဝါတို့၏ သန္တာန်၌ အရိယာမဂ်ဖြင့် မပယ်အပ်သေးသမျှ ကာလပတ်လုံး တစုံတခုသော အနုသယ၏ဘင်သဘောအားဖြင့် ချုပ်ခြင်းမရှိ-ဟုဆိုလိုသည်။ အနုသယာ၊ အနုသယတို့သည်။ ဘင်္ဂါ၊ ချုပ်ခြင်းသဘောတို့သည်။ နတ္ထိ၊ မရှိကုန်။ ဤသို့အနက်ပေးလေ။

[ဤကား အနုသယာဘင်္ဂါနတ္ထိ-ဟူ၍ ဟောတော်မူရာ၌ မှတ်ဖွယ်အဓိပ္ပါယ်ကို ဆိုသောစကားရပ်ပေတည်း။]

အနုသယယမိုက် အဓိပ္ပါယ်ချုပ်ပြီး၏။

## ၈–စိတ္တယမိုက်အဓိပ္ပါယ်အချုပ်

စိတ္တယမိုက်၌ စိတ္တံ၊ မနော၊ မာနသံ၊ ဝိညာဏံ၊ ဤသို့ဟောတော်မူအပ်သော ပုဒ်များသည် အဓိပ္ပါယ်အားဖြင့် ကွဲပြားသည်မဟုတ်၊ စိတ်တခုတည်းကိုပင်ဟောသည်ဟုမှတ်လေ။

**စိတ်ဆိုသည်ကား။** ။အထူးထူးသောအခြင်းအရာအားဖြင့် သိတတ်သည်၊ ထို့ကြောင့် စိတ်ကိုပင် ဝိညာဉ်-ဟူ၍ဆိုရသည်။

www.dhammaransi.com



ဝိဝိဓာကာရေန ဇာနာတီတိ ဝိညာဏံ။

ဝိဝိဓာကာရေန၊ အထူးထူးသောအခြင်းအရာအားဖြင့်။ ဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ ဝိဇာနနနှင့် ဝိညာဏာသည် အနက်အားဖြင့်တူမျှသည်သာလျှင်တည်း။

အထူးထူးသောအခြင်းအရာအားဖြင့် သိပုံမှာ—

၁။ အဆင်းရူပါရုံကို မြင်မှုအခြင်းအရာအားဖြင့် သိ၏။

၂။ အသံသဒ္ဒါရုံကို ကြားမှုအခြင်းအရာအားဖြင့် သိ၏။

၃။ အနံ့ဂန္ဓာရုံကို နံမှုအခြင်းအရာအားဖြင့် သိ၏။

၄။ အရသာဟုဆိုအပ်သော ရသာရုံကို လျက်မှုအခြင်းအရာအားဖြင့် သိ၏။

၅။ ဖောဋ္ဌဗ္ဗာရုံကိုတွေ့မှုအခြင်းအရာအားဖြင့် သိ၏။

၆။ ဓမ္မာရုံကိုသိမှုအခြင်းအရာအားဖြင့် သိ၏။

အာရုံခြောက်ပါး၌ သိပုံအခြင်းအရာခြောက်မျိုးရှိသည်။

၁။ ရူပါရုံတခုထဲ၌လည်း အနီကိုအနီ-ဟူ၍သိ၏၊အဖြူကိုအဖြူ-ဟူ၍သိ၏၊ အစိမ်းကိုအစိမ်း-ဟူ၍သိ၏။

၂။ သဒ္ဒါရုံတခုထဲ၌လည်း သီချင်းသံကိုသီချင်းသံ-ဟူ၍သိ၏၊ဆဲသံကိုကိုဆဲသံ-ဟူ၍သိ၏၊ ချိုမြိန်သောအသံကို ချိုမြိန်သောအသံ-ဟူ၍ သိ၏၊ ကြမ်းတန်းသောအသံကို ကြမ်းတန်းသောအသံ-ဟူ၍သိ၏။

၃။ ဂန္ဓာရုံတခုထဲ၌လည်း မွှေးသောအနံ့ကိုမွှေးသောအနံ့-ဟူ၍သိ၏၊ ပုပ်သောအနံ့ကိုပုပ်သောအနံ့-ဟူ၍သိ၏။

ဤသို့စသည်ဖြင့် သိပုံအခြင်းအရာတွေလွန်စွာများပြားလေသည်။

ထိုမှတပါးလည်း ဟုတ်မှန်သည်ကို ဟုတ်မှန်သည်-ဟူ၍သိ၏၊ဟုတ်မှန်သည်ကို မဟုတ်မမှန်-ဟူ၍ သိ၏၊ မဟုတ်မမှန်သည်ကို မဟုတ်မမှန်-ဟူ၍ သိ၏၊ မဟုတ်မမှန်သည်ကို ဟုတ်မှန်သည်-ဟူ၍သိ၏၊ကောင်းသောဣဋ္ဌာရုံကို ဣဋ္ဌာရုံ-ဟူ၍သိ၏၊ မကောင်းသောအနိဋ္ဌာရုံကို အနိဋ္ဌာရုံ-ဟူ၍သိ၏၊ ဣဋ္ဌာရုံကိုအနိဋ္ဌာရုံ-ဟူ၍သိ၏၊အနိဋ္ဌာရုံကိုဣဋ္ဌာရုံ-ဟူ၍သိ၏။

[စိတ်တို့မည်သည် ထင်မိထင်ရာသိတတ်သောကြောင့် အနိဋ္ဌာရုံကိုသော်လည်း ဣဋ္ဌာရုံ-ဟူ၍သိသည်၊ဣဋ္ဌာရုံ-ကိုသော်လည်းအနိဋ္ဌာရုံ-ဟူ၍သိ

www.dhammaransi.com



သည်၊ အမှန်ကိုလည်းအမှား-ဟူ၍သိသည်၊အမှန်ကိုလည်းအမှန်-ဟူ၍ သိသည်၊ ဤသို့ ကမောက္ကမသိတတ်သောကြောင့် ပုထုဇဉ်သတ္တဝါတို့လည်း ကမောက္ကမ မှောက်မှား၍နေကြကုန်သည်၊ စိတ်၏သိပုံသည် ပညာ၏သိပုံမျိုးကဲ့သို့လမ်းမဖြောင့်သည်မဟုတ်။]

ထို့ပြင်လည်း—

၁။ အာဝဇ္ဇန်းစိတ်သည် ဆင်ခြင်သောအခြင်းအရာအားဖြင့်သိ၏။

၂။ သမ္ပဋိစ္ဆိုင်းစိတ်သည် ခံလင့်သောအခြင်းအရာအားဖြင့် သိ၏။

၃။ သန္တီရဏစိတ်သည် စုံစမ်းသောအခြင်းအရာအားဖြင့် သိ၏။

၄။ ဝုဋ္ဌောစိတ်သည် ပိုင်းခြားမှတ်သားသော အခြင်းအရာအားဖြင့် သိ၏။

၅။ လောဘဇောစိတ်သည် သာယာသော အခြင်းအရာအားဖြင့် သိ၏။

၆။ ဒေါသဇောစိတ်သည် ကြမ်းတန်းသော အခြင်းအရာအားဖြင့် သိ၏။

၇။ မောဟဇောစိတ်သည်တွေဝေသောအခြင်းအရာအားဖြင့် သိ၏။

၈။ အလောဘကုသိုလ်ဇောစိတ်သည် သာယာမှု ကင်းသော အခြင်းအရာအားဖြင့် သိ၏။

ဤသို့စသည်ဖြင့် စိတ်၏သိပုံအခြင်းအရာသည် လွန်စွာများလှ၏၊ ထို့ကြောင့်—

ဝိဝိဓာကာရေန ဇာနာတီတိ ဝိညာဏံ။

ဝိဝိဓာကာရေန၊ များသောအခြင်းအရာအားဖြင့်။ ဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဉ်မည်၏- ဟူ၍ ဝိဂ္ဂြိုဟ်ဆိုအပ်လေသတည်း။

ပါဠိဘာသာအားဖြင့် သိမှုကြိယာကို "ဇာနန" ဟူ၍ဆိုသည်၊ ထိုဇာနန-သည် ဝိဇာနန, သဉ္ဇာနန, ပဇာနန, အဘိဇာနန, ပရိဇာနန-ဟူ၍ငါးပါးရှိ၏။

www.dhammaransi.com



## ထိုသိပုံ ၅ မျိုးတို့ကို ဝေဖန်၍ပြပေအံ့

၁။ ဆိုခဲ့ပြီးသောအတိုင်း များသော အခြင်းအရာအားဖြင့် သိမှုကို ဝိဇာနန-ခေါ်သည်၊ဝိညာဉ်သိ, စိတ်သိ သဘောမျိုးပေတည်း။

၂။ အမှတ်အသားပြု၍ သိခြင်းကို သဉ္ဇာနန-ခေါ်သည်၊ သညာသိ သဘောမျိုးပေတည်း၊ သဉ္ဇာနနနှင့် သညာသည် အတူတူပင်ဖြစ်၏။

၃။ ထက်ဝန်းကျင် ခြုံမိအောင် သိခြင်းကို ပဇာနန-ခေါ်သည်၊ ပညာသိ သဘောမျိုးပေတည်း၊ ပဇာနနနှင့် ပညာသည် အတူတူပင်ဖြစ်၏။

၄။ တန်ခိုးနှင့်တကွသိခြင်းကို အဘိဇာနန-ခေါ်သည်၊ အဘိညာသိမျိုးပေတည်း၊ အဘိဇာနနနှင့် အဘိညာသည် အတူတူပင်တည်း။

၅။ ပဟာနကိစ္စသို့တိုင်အောင် ပိုင်နိုင်စွာ သိခြင်းကို ပရိဇာနန-ခေါ်သည်၊ ပရိညာသိမျိုးပေတည်း၊ပရိဇာနနနှင့်ပရိညာသည် အတူတူပင်တည်း။

**အချုပ်အားဖြင့်ဆိုသော်**–ဝိညာဉ်သိ, သညာသိ, ပညာသိ, အဘိညာသိ, ပရိညာသိ ဆိုလိုသည်၊အဘိညာသိမျိုးကား လောကီဈာန်တို့၌ ပါရှိသော ပညာ၏ အသိမျိုးပေတည်း၊ ပရိညာသိမျိုးကား လောကုတ္တရာစိတ်တို့၌ ပါရှိသော ပညာ၏ အသိမျိုးတည်း၊ အဘိညာသိနှင့်ပရိညာသိနှစ်မျိုးကို ပညာသိ၌ ပေါင်း၍ ယူလျှင်လည်း ယူအပ်၏၊ အကြောင်းမူကား ပညာသိသဘောချင်း အတူတူပင် ဖြစ်သောကြောင့်တည်း။

## ပညာသိသဘောမျိုးကို ပြဆိုဦးအံ့

ပကာရေန ဇာနာတီတိ ပညာ။ ။ပကာရေန၊အပြားအားဖြင့်။ဝါ၊ ထက်ဝန်းကျင် ခြုံသောအားဖြင့်။ ဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပညာ၊ပညာမည်၏။ဤသို့ဝိဂြိုဟ်ပြုလေ။

ထက်ဝန်းကျင် ခြုံမိအောင် သိသည်ကို ပညာ-ဟူ၍ ဆိုလိုသည်၊ ခြုံမိအောင်သိသည်- ဆိုသောစကား၌ အကြင်မျှလောက် သိဖွယ်ရှိ၏၊ ထိုမျှလောက် သိ၏-ဟုဆိုလိုသည်၊ တရားတခုတခုကို သဘောအားဖြင့်

www.dhammaransi.com



လည်းသိ၏၊ အကြောင်းအားဖြင့်လည်း သိ၏၊ အကျိုးအားဖြင့်လည်း သိ၏၊ အပြစ်အားဖြင့်လည်း သိ၏၊ အကျိုးစီးပွားအားဖြင့်လည်း သိ၏၊ မမြဲသော အနိစ္စသဘောအားဖြင့်လည်းသိ၏၊ဆင်းရဲသော ဒုက္ခသဘော အားဖြင့်လည်းသိ၏၊ အနှစ်မရှိ ကိုယ်မဟုတ်သော အနတ္တသဘော အားဖြင့်လည်း သိ၏၊ဤသို့စသည်ဖြင့် ပညာသိသောနယ်သည် လွန်စွာ ကျယ်ဝန်းလှသည်။

သိဖွယ်ရှိသမျှတွေကို မကျန်မကြွင်း အလုံးစုံခြုံ၍ သိ၏-ဆိုသည်မှာ သဗ္ဗညုတဉာဏ်တော်ကိုရည်၍ဆိုပေသည်၊ဉာဏ်၏အစွမ်းသည် သဗ္ဗညုတဉာဏ်တော်သို့ရောက်မှ အရှိန်ကုန်ဆုံး၏၊သဗ္ဗညုမဟုတ်သော သူတို့၏ ဉာဏ်သည်ကား အစွမ်းကုန်သော ဉာဏ်ပညာများ မဟုတ်ပေ။

၁။ ဘုရားရှင်သန္တာန်၌ ဖြစ်သော သဗ္ဗညုတဉာဏ်သည် တရားကိုယ်အားဖြင့် ပညာစေတသိက်ပင်တည်း။

၂။ ပုထုဇဉ်တို့၏ သန္တာန်၌ ရှိသော ဉာဏ်သည်လည်း တရားကိုယ်အားဖြင့် ပညာစေတသိက်ပင်တည်း၊ တရားကိုယ်အားဖြင့် မထူးကြချေ။

သို့ရာတွင် ပညာ၏ အရည်အသွေးနှင့် အရှိန်အဟုန် ကွာခြားခြင်းကြောင့် သိပုံချင်း ခြားနားချင်တိုင်း ခြားနား၍ နေကြသည်၊ အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူပုံများကို ကြည့်ရှုပါလျှင် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းကို သိနိုင်သည်။

**အထူးအားဖြင့်**—ပဋ္ဌာန်းကျမ်းကြီး၌ ဟောတော်မူအပ်သော ပရမတ္ထဓမ္မတို့၏ အကျိုးအကြောင်း ဆက်ပုံတွေကို ကြည့်ရှုဆင်ခြင်ပါလျှင် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းကို သာ၍ပင် သိနိုင်သည်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် အနာဝရဏဉာဏ်ကို ဖွင့်ပြသော အခဏ်း၌ သဗ္ဗညုတဉာဏ်တော်၏ အစွမ်းတွေပါသည်၊ ဤပါဠိတော်ကြီးကို ထုတ်ပြနေလျှင် များစွာကျယ်ဝန်းတော့မည်။

[ဤကား သဗ္ဗညုတဉာဏ်တော်နှင့်စပ်၍ဆိုသောစကားရပ်ပေတည်း။]

သာဝကတို့၏ သန္တာန်၌ရှိသော ဉာဏ်သည်ကား ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်ရုံသာ ဆောင်ရွက်နိုင်သည်၊ သဗ္ဗညုတ ဉာဏ်တော်ကဲ့သို့အစွမ်းမရှိ၊ သာဝကတို့၏ဉာဏ်စွမ်းသည် ပဋိသမ္ဘိဒါမဂ်ပါဠိတော် အဘိဓေယျပုဒ်-အဖွင့်၌ပါရှိ၏။

www.dhammaransi.com



လောကီ လူများအပေါင်းတို့၏ ဉာဏ်စွမ်းသည်ကား အကြင်မျှ လောက်သိကျွမ်းလိမ္မာလျှင် လောက၌ အကျိုးအပြစ်ကိုသိ၍ လူတန်းစေ့ ၏၊ထိုမျှလောက်သာသိနိုင်သည်၊ လောက၌လူတန်းစေ့အောင်သိကျွမ်း လိမ္မာလျှင် အကျိုးမဲ့တွေကိုပယ်ရှားနိုင်၏၊ အကျိုးရှိအောင်ရွက်ဆောင် နိုင်၏၊ ထိုလောကီလူတို့၏ ဉာဏ်သည်လည်း ဒေသ, ဌာန, ခေတ်ကာလ အားလျော်စွာ အဆင့်ပေါင်းများစွာရှိ၏၊ လောကကြီးဆန်းကြယ် တိုင်း လောကီလူအပေါင်းတို့၏ဉာဏ်အစွမ်းလည်း ဆန်းကြယ်၏၊ခေတ် ကာလပြောင်းတိုင်း လောကီလူအပေါင်းတို့၏ဉာဏ်စွမ်းလည်း ပြောင်း လဲမြဲဖြစ်လေသည်။

[လောကီလူအပေါင်းတို့၏ ဉာဏ်ပညာစွမ်းရည်များကို အဘိဓမ္မာဉာဏ ဝိဘင်း၌ရင်း, သုတ္တန်ကျမ်းပေါင်းများစွာတို့၌ရင်း အမျိုးမျိုးပြဆိုလျက်ရှိ၏။]

လောကီလူအပေါင်းတို့၏ဉာဏ်ကို အချုပ်အားဖြင့် ရေတွက်လျှင်–

၁။ ကမ္မာယတနဉာဏ်,
၂။ သိပ္ပါယတနဉာဏ်,
၃။ ဝိဇ္ဇာဋ္ဌာနဉာဏ်,
၄။ အာယကောသလ္လဉာဏ်,
၅။ အပါယကောသလ္လဉာဏ်,
၆။ ဥပါယကောသလ္လဉာဏ်,
၇။ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်,
၈။ ဒသဝတ္ထုကာသမ္မာဒိဋ္ဌိဉာဏ်အားဖြင့် ၈-ပါးရှိ၏။

ထို၈-ပါးတို့တွင်–

၁။ လယ်ယာလုပ်ကိုင်ခြင်း, လှေလိုက်ခြင်း, လှတိုက်ခြင်း, ထမ်းပိုး ရွက်ဆောင်ခြင်း,တမြို့မှတမြို့ တရွာမှတရွာကူးတို့ပို့ခြင်းမှ စ၍ အသက် မွေးကြောင်းဖြစ်သော အလုပ်ကြမ်းမျိုးများသည် ကမ္မာယတနမည်၏၊ ထိုကမ္မာယတနအလုပ်မျိုး၌ လိမ္မာကျွမ်းကျင်ခြင်းသည် ကမ္မာယတန ဉာဏ်မည်၏။

၂။ ပန်းတိမ်အလုပ်, ပန်းပဲအလုပ်, ဗိသုကာအလုပ်, ပန်းချီ အလုပ်, ပန်းပုအလုပ်, စက်မှုလက်မှုအပေါ်မှ စ၍ အတတ်မျိုးနှင့်ဆိုင်

www.dhammaransi.com



သောအလုပ်များသည် သိပ္ပါယတနမည်၏၊ သိပ္ပါယတနအလုပ်သည် ကမ္မာယတန အလုပ်မျိုးထက်သိမ်မွေ့၏၊ ထိုသိပ္ပါယတနအလုပ်မျိုး၌ လိမ္မာကျွမ်းကျင်ခြင်းသည် သိပ္ပါယတနဉာဏ်မည်၏။

၃။ ဗေဒင်ဆရာအလုပ်, ဆေးဆရာအလုပ်, အင်းဆရာအလုပ်, တရားဟောဆရာအလုပ်, ကျမ်းရေးဆရာအလုပ်, ရွှေဖြစ် ငွေဖြစ် အလုပ်, သိဒ္ဓိပေါက်သောအလုပ်, အဘိညာဉ်ပေါက်သော အလုပ်မှစ၍ ဉာဏ်ပညာကို အရင်းခံပြု၍ လုပ်ကိုင်ရသော အလုပ်မျိုးသည် ဝိဇ္ဇာဋ္ဌာနမည်၏၊ ထိုဝိဇ္ဇာဋ္ဌာနအလုပ်မျိုးသည် သိပ္ပါယတနအလုပ်မျိုးထက် နူးညံ့သိမ်မွေ့၏၊ထိုဝိဇ္ဇာဋ္ဌာနမျိုး၌လိမ္မာကျွမ်းကျင်ခြင်းသည် ဝိဇ္ဇာဋ္ဌာန ဉာဏ်မည်၏။

၄။ ကြီးပွားမှု၌ လိမ္မာသောဉာဏ်သည် အာယကောသလ္လဉာဏ် မည်၏။

၅။ ပျက်စီးမှု၌ လိမ္မာသောဉာဏ်သည် အပါယကောသလ္လဉာဏ် မည်၏။

၆၊ ပရိယာယ်ဝေဝုစ် ဆင်ပုံအမျိုးမျိုးတို့၌ လိမ္မာကျွမ်းကျင်သော ဉာဏ်သည် ဥပါယကောသလ္လဉာဏ်မည်၏။

၇။ ကံနှင့်ကံ၏အကျိုးပေးပုံကို အမှန်ယုံကြည်နိုင်သောဉာဏ်သည် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မည်၏။

၈။ အလှူ၏အကျိုးသည်ရှိ၏-စသည်ဖြင့် အရာ၁၀ဌာန ဆယ်ပါးတို့၌ လိမ္မာသောဉာဏ်သည် ဒသဝတ္ထုကသမ္မာဒိဋ္ဌိဉာဏ်မည်၏။

ဤဒသဝတ္ထုကသမ္မာဒိဋ္ဌိကား အတ္ထိဒိန္နံ၊ အတ္ထိယိဋ္ဌံ စသည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူအပ်သောအတိုင်းပင်တည်း။

> နတ္ထိဒိန္နံ၊ နတ္ထိယိဋ္ဌံ၊ အလှူ၏အကျိုးမရှိ- စသည်ဖြင့်ယူသော အယူကို ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ဆိုသည်၊ ထိုဒသဝတ္ထုက မိစ္ဆာ ဒိဋ္ဌိ ဆယ်ပါးနှင့် ဆန့်ကျင်ဖက်ဖြစ်သော အယူမှန်ဆယ်ပါး ကိုပင် ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆိုသည်၊ ကျယ်အံ့စိုး၍ စုံလင်စွာ မဆိုတော့ပြီ။

[ဆိုခဲ့ပြီးသော ဉာဏ်ရှစ်မျိုးသည် လောကီလူများအပေါင်းတို့နှင့် ဆိုင်သော ဉာဏ်တော်မျိုးပင်တည်း။]

www.dhammaransi.com



## ကမ္မဿကတာ သမ္မာဒိဋ္ဌိကိုပြဆိုချက်

ထိုဉာဏ်ရှစ်မျိုးတို့တွင် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို ရှင်းလင်းပြဆိုပါဦးအံ့။

ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်အရာ၌ ကံကို အတိတ်ကံ,ပစ္စုပ္ပန်ကံ အားဖြင့် နှစ်ပါးခွဲဝေ၍သိရာ၏။

၁။ **အတိတ်ကံကိုဆိုအံ့။** ။အလုံးစုံသော သတ္တဝါ အပေါင်းတို့ သန္တာန်၌ ရှေးရှေးဘဝတို့က မိမိတို့ကိုယ်တိုင် ပြုလုပ်ဘူးကုန်သော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ရှိကြကုန်၏၊ ထိုကံတို့ကို အတိတ်ကံ ဟု ခေါ်သည်၊ ထိုအတိတ်ကံကြောင့် သုဂတိဘုံဘဝ, ဒုဂ္ဂတိဘုံဘဝတို့၌ ပဋိသန္ဓေ အမျိုးမျိုးကိုယူ၍ သတ္တဝါအမျိုးမျိုး ဖြစ်ကြလေကုန်၏၊ အတိတ်ကံသာလျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်၊ အတိတ်ကံ၏ အကြောင်းကိုဒီဃနိကာယ်သုဘသုတ်၌၎င်း၊မဇ္ဈိမနိကာယ်စူဠကမ္မဝိဘင်္ဂ သုတ်, မဟာကမ္မဝိဘင်္ဂသုတ်တို့၌၎င်း မြတ်စွာဘုရားဟောကြားတော်မူ၏။

၂။ **ပစ္စုပ္ပန်ကံကိုဆိုအံ့။** ။ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေတည်နေပြီးသော သတ္တဝါ အပေါင်းတို့သည် ပဝတ္တိအခါ ဆိုင်ရာ ဆိုင်ရာ ဖြစ်သော အမှုကိစ္စပေါင်းများစွာတို့ကို ပြုလုပ်ကြရကုန်၏၊ အလုပ်လက်မဲ့၍ နေထိုင်ကြသောသူတို့သည်ကား မရှိကုန်။

၁။ မင်းတို့သည် မင်းနှင့် ဆိုင်သောအမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ကြရကုန်၏။

၂။ မှူးမတ်မှစ၍ အရာရှိအပေါင်းတို့သည် မိမိတို့ဆိုင်ရာဖြစ်သော မှူးမတ်အလုပ်, မင်းကြီးအလုပ်, အရေးပိုင်အလုပ်- စသည်တို့ကို ပြုလုပ်ဆောင်ရွက်ကြရကုန်၏။

၃။ ကုန်သည်တို့သည်လည်း ရောင်းဝယ်မှုကိစ္စတို့ကို ပြုလုပ်ကြရကုန်၏၊ ကုန်သည်တို့တွင် ရောင်းကုန်ကိုလိုက်၍ အလုပ်အမျိုးမျိုးများလှကုန်၏။

၄။ တောင်သူ လယ်ယာလုပ်သော သူတို့သည်လည်း ထွန်ယက်စိုက်ပျိုးမှုမှစ၍ အလုပ်ပေါင်းများစွာတို့ကို လုပ်ကိုင်ကြရကုန်၏။

www.dhammaransi.com



၅။ ဆင်းရဲသား ကုလိဝန်ထမ်းတို့သည်လည်း ကြမ်းတန်းသော အလုပ်အမျိုးမျိုးတို့ကို လုပ်ကိုင်ကြရကုန်၏။

၆။ သူခိုး ထားပြတို့သည်လည်း၊ ခိုးမှုတိုက်မှုအလုပ်များကို လုပ်ကိုင်ကြရကုန်၏။

၇။ မုဆိုးတို့သည်လည်း သားသမင် လိုက်လံပစ်ခတ်ခြင်း တည်းဟူသော မုဆိုးအလုပ်တို့ကို လုပ်ကြရကုန်၏။

၈။ တံငါတို့သည်လည်း ငါးဖမ်းခြင်းစသော ငါးအလုပ်တို့ကို လုပ်ကိုင်ကြရကုန်၏။

၉။ ရဟန်းတို့သည် ပရိယတ် အလုပ်, ပဋိပတ်အလုပ်များကို လုပ်ကိုင်ကြရကုန်၏။

၁၀။ တိရစ္ဆာန်တို့မှာလည်း ထိုနည်းတူစွာ ဆိုင်ရာ ဆိုင်ရာ အသက်မွေးမှု အလုပ်များကို လုပ်ကိုင် ကြရကုန်၏။

၁၁။ နတ်ပြဟ္မာတို့၌လည်း ထိုနည်းတူစွာ ဆိုင်ရာ ဆိုင်ရာ အလုပ်တို့ကို လုပ်ကိုင်လျက်ပင်ရှိကြကုန်သည်။

ဤသို့ ပဝတ္တိအခါ၌ ပြုလုပ်ရသော အလုပ်မျိုးသည် ပစ္စုပ္ပန်ကံမည်၏၊ အလုပ်ကိုပင် ကမ္မ-ဟူ၍ ခေါ်သည်၊ အလုပ်နှင့်ကံ အတူတူပင်တည်း၊ ဤပစ္စုပ္ပန် ကံအကြောင်းကို သုတ္တနိပါတ် ပါဠိတော် ဝါသေဋ္ဌသုတ်၌ မြတ်စွာဘုရားဟောကြားတော်မူ၏။

[ဤကားအတိတ်ကံ, ပစ္စုပ္ပန်ကံ နှစ်ပါးတို့၏ အကြောင်းကို ပြဆိုသောစကားရပ်ပေတည်း။]

## ထိုကံတို့၏အကျိုးနှစ်မျိုး

ထိုထိုဘုံဘဝတို့၌ ဖြစ်ကြကုန်သော သတ္တဝါအပေါင်းတို့အား ပဋိသန္ဓေ၏အစွမ်းဖြင့် ဆိုင်ရာဖြစ်သော အကျိုးတို့ကို ရရှိနိုင်ကြကုန်၏၊ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ရရှိသော အကျိုးများကား ယောကျ်ားအဖြစ်, မိန်းမအဖြစ်, အသွေးအဆင်း, ပုံပန်းသဏ္ဌာန်,အမျိုးအနွယ်, ဇာတိဂုဏ် အခြေအနေ, ထိုပဋိသန္ဓေနှင့် သက်ဆိုင်သော ချမ်းသာဆင်းရဲ၊ ဤအကျိုးများကို ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ရအပ်၏၊ ထိုအကျိုးများသည်ပင် အတိတ်ကံကပေးသော အကျိုးများဖြစ်လေသည်။

www.dhammaransi.com



သတ္တဝါတဦးတယောက်သည် အကြင်မိဘတို့ကို အစွဲပြု၍ ပဋိသန္ဓေ တည်နေလေ၏၊ ထိုသတ္တဝါသည် ပဋိသန္ဓေနေသော အခိုက်မှာပင် မိဘ တို့ကပိုင်ဆိုင်သောလယ်,ယာ,မိုယ်း,မြေ,ရွှေ,ငွေရတနာတို့ကို အမွေခံ အမွေစားအဖြစ်ဖြင့် ပိုင်ဆိုင်ခွင့်ကိုရရှိလေ၏၊ ထိုသို့ မိဘတို့၏ ပိုင်နက် ပစ္စည်းများကို အမွေခံအမွေစားအဖြစ်ဖြင့် ရရှိနိုင်ခြင်းများသည်လည်း အတိတ်ကံကပေးသော အကျိုးပင်ဖြစ်၏၊ ပစ္စုပ္ပန်ကံနှင့် တစုံတရာမျှ မသက်ဆိုင်ချေ၊ပဋိသန္ဓေနေသည်နှင့်တပြိုင်နက် ထိုက်သင့်သမျှရရှိခံစား အပ်သော အကျိုးဟူသမျှကို အချုပ်အားဖြင့် အတိတ်ကံ၏အကျိုးဟူ၍ မှတ်လေ။

ပဝတ္တိအခါ မင်းစိုးရာဇာမှစ၍ ဆင်းရဲသား ကူလိဝန်ထမ်းများသို့ တိုင်အောင် ပြဆိုခဲ့ပြီးသောအတိုင်း ပစ္စုပ္ပန်ကံအမျိုးမျိုးများကို ပြုလုပ် ကြရာ ဆိုင်ရာဆိုင်ရာဖြစ်သော အကျိုးများကို ရရှိကြကုန်၏၊ ထိုအကျိုး များသည်ကား ပစ္စုပ္ပန်ကံကပေးသော အကျိုးများပေတည်း၊ အတိတ် ကံ၏ အကျိုးများမဟုတ်ကုန်။

၁။ မင်းမှုထမ်းအလုပ်တို့ကို ကြိုးကြိုးကုပ်ကုပ်လုပ်၍ ရာထူးစည်းစိမ် ကြီးစွာနှင့် ခံစားရခြင်းသည် ပစ္စုပ္ပန်ကံ၏အကျိုးမည်၏။

၂။ အရောင်းအဝယ်ပြုလုပ်၍ ဖြစ်ထွန်းကြီးပွားသော အကျိုးသည် ပစ္စုပ္ပန်ကံ၏အကျိုးမည်၏။

၃။ လယ်ယာ လုပ်ကိုင်၍ စပါး အသီးအနှံကို စားရခြင်းသည် ပစ္စုပ္ပန်ကံ၏ အကျိုးမည်၏။

၄။ ကူလီ ဝန်ထမ်းလုပ်၍ အခကြေးငွေရရှိသဖြင့် ခံစားသုံးဆောင် ရခြင်းသည် ပစ္စုပ္ပန်ကံ၏အကျိုးမည်၏။

ဤသို့စသည်ဖြင့် ဤလောက၌ ပစ္စုပ္ပန်ကံ၏အကျိုးတို့သည် လွန်စွာ များပြားကုန်၏။

၁။ အတိတ်ကံသည် ထူထောင်၍ ပေးပုံသာပေးလိုက်၏၊ ပစ္စုပ္ပန် ကံသည် တဘဝလုံး အသက်ဆုံးသည်တိုင် အကျိုးပေး၍ နေ၏။

www.dhammaransi.com



၂။ အတိတ်ကံ၌ ဉာဏ်ကူဖွယ်မရှိ၊ ပစ္စုပ္ပန်ကံ၌ ဉာဏ်ကူဖွယ်နည်းလမ်းအမျိုးမျိုးရှိသည်၊ ပစ္စုပ္ပန်ကံကို ဉာဏ်ကူနိုင်တိုင်း အကျိုးကြီးကျယ်စွာပေးနိုင်၏၊ ပစ္စုပ္ပန်ကံသည် ဉာဏ်နှင့် ဝီရိယတို့၏ အလုပ်ခွင်ကြီးပေတည်း။

အတိတ်ကံကိုသာ ယုံကြည်နေ၍ ပစ္စုပ္ပန်ကံတွေကို လုံးလုံးကြီးလက်လွှတ်ထားမည်ဆိုပါလျှင် ကိုသတ္တဝါသည် ရှည်ကြာလေးမြင့်စွာတည်တန့်နိုင်မည် မဟုတ်ချေ၊ အောက်ထစ်ဆုံးအားဖြင့် ထမင်းစားနေစဉ်အခါ ထမင်းလုပ်ကို လက်ဖြင့်ယူ၍ ခံတွင်းသို့ခွံ့ခြင်းအလုပ်ကိုလည်း ပစ္စုပ္ပန်ကံဟူ၍ ဆိုရလေသည်၊ သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှုဟုဆိုအပ်သော ဣရိယာပုထ် အလုပ်ကြီးကိုပင်သော်လည်း ပစ္စုပ္ပန်ကံဟူ၍ ဆိုရလေသည်၊ ထိုဣရိယာပုထ် လေးပါးတို့ကို လုပ်ကိုင်၍ ကျန်းမာခြင်းစသောအကျိုးများကိုလည်း ပစ္စုပ္ပန်ကံ၏အကျိုး-ဟူ၍ ဆိုရကုန်သည်။

## ဥပမာဖြင့်ပြဆိုဦးအံ့

လက်သမားတယောက်သည် သူဌေးတဦး၏အိမ်ကို ဆောက်လုပ်၏၊ အိမ်ဆောက်ခြင်းကိစ္စ ပြီးစီးသောအခါ လက်သမားအား ငွေတထောင်ကို သူဌေးကြီးက လက်သွားအားပေး၏၊ ထိုငွေတထောင်သည် ဘယ်သူကပေးသော ငွေတထောင်ဖြစ်သနည်း-ဟု ဆိုလျှင် သူဌေးကြီးက ပေးသောငွေတထောင်-ဟူ၍လည်းပြောပေလိမ့်မည်၊လက်သွားပညာကပေးသောငွေတထောင်-ဟူ၍လည်း ပြောပေလိမ့်မည်၊ ဤသို့နှစ်မျိုးပြောနိုင်၏။

ထိုစကားနှစ်မျိုးတို့တွင်—

၁။ ''သူဌေးကပေးသော ငွေတထောင်''ဟု ပြောသော စကားမှာ လောကီလူအပေါင်းတို့ အသုံးများသော လက်ရိုးစကားကြီးပင် ဖြစ်ပေသည်။

''လက်သွားပညာကပေးသော ငွေတထောင်''ဟု ပြောသောစကားမှာ ပညာရှိတို့ ပြောသောစကားမျိုးဖြစ်၏၊ အများပြောသော စကားမျိုးမဟုတ်။

www.dhammaransi.com



**စင်စစ်အားဖြင့်ဆိုသော်**–ထိုငွေတထောင်သည် ''လက်သွားပညာက ပေးသော ငွေတထောင်''ဆိုသောစကားကမှန်လေသည်၊သူဌေးကြီးက ငွေတထောင်ပေးသည် ဆိုသော်လည်း သူ့အိမ်ကို ဆောက်လုပ်သောကြောင့် ပေးသည်၊ သူ့အိမ်ကိုမဆောက်လုပ်လျှင် ပေးမည်မဟုတ်၊ အိမ်ကို မဆောက်သည်နှင့် တပြိုင်နက် သူဌေးကြီးနှင့် ကင်းလေ၏၊ လက်မှုပညာသည်ကား အသက်ရှည်သမျှ ကာလပတ်လုံး မကင်းနိုင်၊ လုပ်တိုင်း ပေး၍ နေမည်ဖြစ်၏။

သူဌေးကြီးပေးသော ငွေတထောင်သည် မကြာမီသုံးစွဲ၍ ကုန်လိမ့်မည်၊ လက်သွားပညာမှုကား အသက်ရှည်၍ ကျန်းမာသမျှ ကာလပတ်လုံး သုံးစွဲ၍ကုန်လိမ့်မည်မဟုတ်၊ သူဌေးကြီးပေးသော ငွေတထောင်သည် ဗဟိဒ္ဓဝတ္ထုမျိုးဖြစ်၍ ကိုယ်ပိုင်ပစ္စည်း-ဟုမဆိုရ၊ လက်သွားပညာသည်ကား အဇ္ဈတ္တသဘောမျိုးဖြစ်၍ ကိုယ်ပိုင်ပစ္စည်း-ဟု ဆိုရသည်၊ ထို့ကြောင့် ''လက်သွားပညာက ပေးသော ငွေတထောင်'' ဟူသောစကားက မှန်ရာကျသည်-ဟုဆိုခဲ့ပေသည်။

[ပညာရှိပုဂ္ဂိုလ်တို့သည် ဗာဟိရပစ္စည်းမျိုးကိုချီးမွမ်းတော်မမူကြကုန်၊ ကိုယ်ပိုင်ဖြစ်သော အဇ္ဈတ္တပစ္စည်းကိုသာ ချီးမွမ်းတော်မူကြကုန်သည်။]

ပဏ္ဍိတာ ဟိ ဗာဟိရဓနံ န ပသံသန္တိ၊ပညာဓနေ ဝီရိယဓနေ-
သန်္ဒိတံ အဇ္ဈတ္တဓနံ အဇ္ဈတ္တသန္တကံ ပသံသန္တိ။

[ယမိုက်ဝိသဇ္ဇနာပါဠိ။]

ဟိ၊ စင်စစ်ကေန်ဆိုသော်ကား။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ ဗာဟိရဓနံ၊ ကိုယ်ပိုင်မဟုတ်သော အပဗာဟိရပစ္စည်းများကို။ နပသံသန္တိ၊ အရေးလုပ်၍ ချီးမွမ်းတော် မမူကြကုန်။ ပညာဓနေ ဝီရိယဓနေ သန်္ဒိတံ၊ ပညာဥစ္စာ, ဝီရိယဥစ္စာ ဟုဆိုအပ်သော။ အဇ္ဈတ္တဓနံ၊ ကိုယ်ပိုင်ဖြစ်သော အတွင်းဥစ္စာကို။ အဇ္ဈတ္တသန္တကံ၊ ကိုယ်ပိုင်ဖြစ်သော အတွင်းပစ္စည်းကိုသာလျှင်။ပသံသန္တိ၊အရေးကြီးစွာ ချီးမွမ်းတော်မူကြကုန်၏။

၁။ ဖော်ပြခဲ့သော ဥပမာ၌ လက်သွားပညာအလုပ်သည် ပစ္စုပ္ပန်ကံမည်၏။

www.dhammaransi.com



၂။ ထိုအလုပ်ကြောင့် ရရှိသော ငွေတထောင်သည် ပစ္စုပ္ပန်ကံ၏ အကျိုးမည်၏။

ပဝတ္တိအခါ၌ တည်နေကြကုန်သော သတ္တဝါတို့သည် များသော အားဖြင့် ပစ္စုပ္ပန်ကံ၏ အကျိုးကိုသာ ခံစား၍ နေကြရကုန်၏၊ ပစ္စုပ္ပန် ကံတွေကိုသာ မိမိကိုယ်ပိုင်ဥစ္စာပြုလုပ်၍ နေကြရကုန်၏၊ ပစ္စုပ္ပန်ကံက ပေးသောအမွေကိုသာ နေ့စဉ်မပြတ်ခံယူ၍နေကြရကုန်၏၊ထို့ကြောင့်-

"သဗ္ဗေသတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ"

စသည်ဖြင့် မြတ်စွာဘုရားဟောကြားတော်မူပေသတည်း။

သဗ္ဗေသတ္တာ၊ အလုံးစုံသောသတ္တဝါအပေါင်းတို့သည်။ကမ္မဿကာ၊ မိမိတို့၏ အလုပ်တည်းဟူသောကံသာလျှင် ဥစ္စာရှိကြကုန်၏၊ ကမ္မ-ဒါယာဒါ၊ အလုပ်တည်းဟူသော ကံ၏အမွေကိုသာ နေ့စဉ်ခံယူ၍နေကြကုန်၏။

**အမွေခံဆိုသောစကား၌**–မိဘတို့၏အမွေကိုခံသည် ဆွေမျိုးဉာတိတို့၏ အမွေကိုခံသည်၊ ဆရာသမားတို့၏အမွေကိုခံသည်- ဆိုသောစကားမှာ လူအများတို့ပြောရိုးဆိုရိုးဖြစ်သော ဗာဟိရ စကားမျိုးသာဖြစ်သည်၊ "ကံ၏အမွေခံ"ဆိုသောစကားသာလျှင် အဇ္ဈတ္တစကားမျိုးဖြစ်၍ စင်စစ် အားဖြင့်မှန်ကန်ပေသတည်း။

[သဗ္ဗေသတ္တာ ကမ္မဿကာ-စသောပါဠိတော်ကို အတိတ်ကံ, ပစ္စုပ္ပန်ကံ နှစ်မျိုးလုံး၌ပင်အသုံးပြုနိုင်၏။]

ကံနှစ်ပါးတို့၏အကျိုးကို ပြဆိုသောစကားရပ်ပြီး၏။

ဆိုခဲ့ပြီးသောအတိုင်း အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်မျိုးဟူသော ကံရှိကြောင်း, ထိုကံနှစ်မျိုးတို့၏ အကျိုးနှစ်ပါးလည်း ထင်ရှားရှိကြောင်းကို ကောင်းစွာသိမြင်၍ ယုံကြည်ခြင်းကိုပင် ကမ္မဿကတာသမ္မာဒိဋ္ဌိ ဆိုသတည်း၊ဤစကားရပ်မှာ ပဇာနန-ခေါ်သောပညာနှင့်စပ်၍ ဖွင့်ဆိုသော စကားရပ်ဖြစ်သတည်း။

**ဝိဇာနန-ခေါ်သောစိတ်၏သဘောကိုပြဆိုချက်**

ဝိဇာနန, သဉ္ဇာနန, ပဇာနန, အဘိဇာနန, ပရိဇာနန ၄ါးမျိုးတို့ တွင် ဤစိတ္တယမိုက်၌ အထူးထူးသော အခြင်းအရာအားဖြင့် သိတတ်

www.dhammaransi.com



သော''ဝိဇာနန'' ကိုအလိုရှိအပ်၏၊ ထိုဝိဇာနန-သည်ကား အခြား မဟုတ်၊စိတ်ဓာတ်ပင်လျှင်တည်း။

### မေးမြန်းဖွယ်

**အမေး။** ။ဝိဇာနန-သဘောရှိသော စိတ်ဓာတ်တခုကို အဘယ် အကျိုးကိုမြော်၍ ယမကဒေသနာနည်းအားဖြင့်ဝေဖန် ၍ ဟောတော်မူအပ်ပါသနည်း။

**အဖြေ။** ။စိတ်ဓာတ်သည် အထူးဝိသေသအားဖြင့် သဿတဒိဋ္ဌိ၏ တည်ရာမှီရာကြီးလည်းဖြစ်၏၊ ထိုသဿတဒိဋ္ဌိကိုပယ်ဖျက် ခြင်းအကျိုးကိုမြော်၍ စိတ်ဓာတ်ကို ယမကဒေသနာနည်း အားဖြင့် ဟောတော်မူရသည်။

**ချဲ၍ပြဦးအံ့။** ။စိတ်ဓာတ်သည် မြဲ၏ဟု ယူသောနိစ္စဒိဋ္ဌိ၏တည်ရာ မှီရာကြီးဖြစ်၏၊ အထူးအားဖြင့် သဿတဒိဋ္ဌိကြီး၏ မှီရာဘုံဌာနကြီးဖြစ် ၏၊ ထိုစကားမှန်၏။

ဒီဃနိကာယ် သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌–

ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ တက္ကီ ဟောတိ ဝီမံသီ၊ သော တက္ကပရိယာဟတံ ဝီမံသာနုစရိတံ သယံ ပဋိဘာနံ ဧဝမာဟ ''ယံခေါ ဣဒံ ဝုစ္စတိ၊ စက္ခုံ ဣတိပိ၊ သောတံ ဣတိပိ၊ ဃာနံ ဣတိပိ၊ ဇိဝှါ ဣတိပိ၊ ကာယော ဣတိ- ပိ၊ အယံ အတ္တာ အနိစ္စော အဓုဝေါ အသဿတော ဝိပရိဏာ- မဓမ္မော။ ယဉ္စခေါ ဣဒံ ဝုစ္စတိ၊ စိတ္တံတိ ဝါ၊ မနောတိ ဝါ၊ဝိညာ- ဏံတိ ဝါ၊ အယံ အတ္တာ နိစ္စော ဓုဝေါ သဿတော အဝိပရိ- ဏာမဓမ္မော သဿတိသမံ တထေဝ ဌဿတီ''တိ။

ဟူ၍စိတ်ဓာတ်၌ သဿတဒိဋ္ဌိမှီခိုပုံကိုဟောတော်မူသည်။

### ဤပါဠိတော်ကြီးကို မြန်မာသက်သက်ပြန်ဆိုပါအံ့

''ဤလောက၌ အချို့သောရဟန်းသည်၎င်း, အချို့သောပုဏ္ဏား သည်၎င်း ကြံစည်လေ့ရှိ၏၊စုံစမ်းဆင်ခြင်လေ့ရှိ၏၊ထိုရဟန်းပုဏ္ဏားသည် ကြံမိသည့်အတိုင်း (အကြံတွင်ပေါ်လာသည့်အတိုင်း)၊ စုံစမ်းမိသည့်အ

www.dhammaransi.com



တိုင်း (စုံစမ်းရာတွင်-ပေါ်လာသည့်အတိုင်း)၊မိမိထင်မြင်ချက်ကို ဤသို့ ထုတ်ဖော်ပြောဆိုကြ၏။

**ပြောဆိုပုံကား။** ။စက္ခု, သောတ, ဃာန, ဇိဝှါ,ကာယဟုဆိုအပ်သော ဤအတ္တများသည် တဖန်ဖြစ်ခြင်းသဘောရှိသောကြောင့် မမြဲ၊ ပျက်စီးခြင်းသဘောရှိသောကြောင့် မမြဲ၊ရင့်ရော်ဆွေးမြေ့ခြင်းသဘောရှိသောကြောင့် မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။

စိတ်, မနော, ဝိညာဉ်ဟုဆိုအပ်သော ဤအတ္တသည် တဖန်ဖြစ်ခြင်းသဘောမရှိသောကြောင့်မြဲ၏၊ပျက်စီးခြင်းသဘောမရှိသောကြောင့် မြဲ၏၊ ရင့်ရော်ဆွေးမြေ့ခြင်းသဘောမရှိသောကြောင့် မြဲ၏၊ ဖောက်ပြန်ခြင်းသဘောမရှိ၊ အမြဲထာဝရတည်သော မြေကြီး, မြင်းမိုရ်တောင်, နေ, လတို့ကဲ့သို့ အမြဲတည်လတ္တံ့၊ ဤသို့ထုတ်ဖော်ပြောဆိုကြ၏။

[ဤပါဠိတော်ကြီးကား စိတ်၌နိစ္စဒိဋ္ဌိစွဲပုံ သဿတဒိဋ္ဌိ ခိုအောင်းပုံကို ဟောတော်မူအပ်သော ပါဠိတော်ကြီးပေတည်း။]

စိတ်ဓာတ်ကို အမြဲနိစ္စ-ဟူ၍ယူသောသူတို့ကား မျက်မြင်ဒိဋ္ဌအားဖြင့် လွန်စွာများလှသည်၊ စိတ်ကိုအတ္တဟူ၍၎င်း, စိတ်တည်းဟူသော အတ္တသည် မြဲ၏-ဟူ၍၎င်း၊ ဤသို့ မှတ်ယူပြောဆိုလေ့ရှိသောသူတို့သည် ဤမျက်မှောက်ဘဝ၌ပင်လျှင် သေသောအခါ ရူပကာယ ကိုယ်ကောင်ကြီး၏ ပျက်စီးပုံကို မြင်ကြကုန်၏၊ စိတ်ဓာတ်၏ပျက်စီးပုံကိုမူကား မမြင်ကြကုန်၊ ရုပ်ကောင်ကြီး ပျက်စီးလေသောအခါ စိတ်ဓာတ် ဟုဆိုအပ်သော အတ္တသည် ဘဝသစ်သို့ ကူးပြောင်းလေ၏၊ ထိုကူးပြောင်းရာဖြစ်သော ဘဝသစ်၌ အသစ်ဖြစ်သော ရုပ်ကောင်ကြီးဖြစ်ပေါ်၏၊ ထိုရုပ်ကောင် အသစ်ကြီးကို အိမ်ပြု၍တည်နေလေ၏။

ထိုရုပ်ကောင်တည်းဟူသော အိမ်သစ်ကြီး ခိုင်မြဲသမျှကာလပတ်လုံး စိတ်ဓာတ်သည် ထိုရုပ်ကောင်ကြီး၌ တည်၍နေလေ၏၊ နောင်တဖန် ဘဝပြောင်းရာ၌လည်း ထိုနည်းအတိုင်းပင်တည်း၊ စိတ်ဓာတ်၏ မှီရာဖြစ်သော ရုပ်ကောင်ကြီးသာလျှင် အသစ်အဟောင်းပြောင်း၍နေသည်၊ စိတ်ဓာတ်တည်းဟူသော အတ္တကား မပြောင်းလဲ၊ ရုပ်သစ်,ရုပ်ဟောင်း တခါတခါ ပြောင်းသည်ကိုပင် အနမတဂ္ဂ သံသရာအစဉ်၌ တဘဝ,

www.dhammaransi.com



တဘဝ ခေါ်သည်ဟူ၍ မှတ်ထင်စွဲယူကြကုန်၏၊ ဤလောက၌ ဤအတိုင်း ထင်မြင်စွဲယူသောသူတို့သည် လွန်စွာများပြားကုန်၏။

**အမှန်အားဖြင့်ဆိုသော်**-စိတ်ဓာတ်သည် ခဏခဏတိုင်း တဖြစ်ထဲဖြစ်၍နေ၏၊ တပျက်ထဲပျက်၍နေ၏၊ ထိုသို့စိတ်တို့၏ ခဏခဏ ဖြစ်ခြင်းတည်းဟူသော ဥပါဒ်ကိုဋ္ဌင်း, ခဏခဏချုပ်ခြင်းတည်းဟူသော နိရောဓကိုဋ္ဌင်း အနုစိတ်အားဖြင့် ဖော်ပြပြီးလျှင် တလောကလုံး စွဲလမ်း၍နေသော သဿတဒိဋ္ဌိ အယူဆိုးကြီးကို ပယ်ရှားတော်မူခြင်းငှါ ဤစိတ္တယမိုက်ကို ဟောတော်မူရသည်-ဟု မှတ်ယူအပ်၏။

## ဤအရာ၌ စောဒနာဖွယ်ကိုပြဦးအံ့

ရူပကာယကြီးသည် ဤမျက်မှောက်ဘဝ၌ပင် ပျက်စီး၏၊ ဘဝတပါးသို့ကူးပြောင်းသည် မဟုတ်၊ နာမကာယသည်လည်း ဤမျက်မှောက် ဘဝ၌ပင်လျှင် ပျက်စီး၏၊ ဘဝတပါးသို့ ကူးပြောင်းသည်မဟုတ်၊ ထိုသို့ဖြစ်ခဲ့ပါလျှင် ထိုထိုသတ္တဝါများသည် ဤမျက်မှောက်၌ပင်လျှင် ပျက်စီးချုပ်ဆုံး၏၊ ဤဘဝ၌ပင်လျှင် ပြတ်၏၊ ဘဝတပါးသို့ ကူးပြောင်းသည်မရှိ၊ သတ္တဝါဆိုသည်မှာ တဘဝတခါသာဖြစ်၏။ တဘဝဆုံးလျှင် သတ္တဝါလည်း ပြတ်လေတော့၏-ဟူသော အဓိပ္ပါယ်သို့ ရောက်၏၊ ထိုသို့အဓိပ္ပါယ်ရောက်လျှင် ဥစ္ဆေဒဒိဋ္ဌိအစစ်ကြီးပင် ဖြစ်သည်-မဟုတ်ပါလော၊ ဤသို့ စောဒနာဖွယ်ရှိပေသည်။

**အဖြေကိုဆိုအံ့။** "ရူပကာယ,နာမကာယ-ဟူသော အမည်သည် ပရမတ္ထသဒ္ဒါ၏ အမည်တည်း၊ သတ္တဝါ-ဟူသော အမည်သည် သမ္မုတိသစ္စာ၏ အမည်တည်း၊ သစ္စာနှစ်ပါး ရောနှော၍ ကား အသုံးအစွဲကို မပြုရာ၊ ဤလောက၌ လူများအပေါင်းတို့သည် သမ္မုတိသစ္စာအနေအားဖြင့် ဤမည်သောသူသည် ဤဘဝမှ စုတေ၍ ဘဝတပါးသို့ ကူးပြောင်းလေ၏၊ ဤမည်သော သူသည် ထိုဘဝမှ ဤဘဝသို့လာ၍ဖြစ်၏၊ လူဝင်စားဖြစ်လာ၏-ဟူ၍ ပြောဆိုကြကုန်၏၊ ထိုစကားသည် သမ္မုတိသစ္စာ အလိုအားဖြင့် မှန်သောစကားပင် ဖြစ်ပေသည်၊အချို့သောသူတို့သည်

www.dhammaransi.com



ပရမတ္ထသစ္စာ အနေအားဖြင့် ထိုထိုသတ္တဝါတို့၏ ရူပကာယနှင့် နာမကာယများသည် တဌာနမှ တဌာနသို့ ကူးပြောင်းခြင်းမရှိ၊ တဘဝမှ တဘဝသို့ ကူးပြောင်းခြင်းမရှိ၊ ဖြစ်ရာဌာန၌ပင်လျှင် ချုပ်ဆုံးကွယ်ပျောက်ကြကုန်၏-ဟူ၍ပြောဆိုကြကုန်၏၊ထိုစကားသည် ပရမတ္ထသစ္စာအလိုအားဖြင့် မှန်သောစကားပင်ဖြစ်၏။

ထိုနည်းတူစွာ သမ္မုတိသစ္စာ အနေအားဖြင့် သတ္တဝါသည် ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်း၏၊ သတ္တဝါသည် အနမတဂ္ဂ သံသရာ၌ ကြိမ်ဖန်များစွာ ကျင်လည်၏၊ ကူးပြောင်းလှည့်လည်၏၊ ဤသို့ပြောဆိုသောစကားသည် မှန်သောသစ္စာစကားမျိုးပင် ဖြစ်၏၊ ပရမတ္ထသစ္စာ အနေအားဖြင့် ရုပ်ဓာတ်,နာမ်ဓာတ် ဟူသမျှသည် ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်းလေ့မရှိ၊သံသရာ၌ ကျင်လည်သည်-ဟူ၍ မရှိ၊ ဖြစ်ရာဌာန၌ပင်လျှင် ခဏခဏချုပ်ဆုံးကွယ်ပျောက်၏၊ ဤသို့ပြောဆိုသောစကားသည်လည်း မှန်သောသစ္စာစကားမျိုးပင်ဖြစ်၏၊ သစ္စာနှစ်ပါးကို ရောနှောခြင်းမရှိစေဘဲ၊ အရာဌာနအားလျော်စွာ ပြောဆိုလျှင် မှန်သည်ချည်းပင်တည်း။

## ဥပမာဖြင့်ထင်စွာပြဆိုဦးမည်

သဲတို့ဖြင့် လောင်းဖို့၍ထားအပ်သော "သဲလမ်းမကြီး" တခုကိုပြုလုပ်ရာ ထိုသဲလမ်းမကြီးသည် တမြို့မှတမြို့သို့ ရောက်အောင်ဖောက်လုပ်ထားသဖြင့် အလွန်ရှည်လျားသောလမ်းမကြီးဖြစ်၏။

၁။ တယောက်သောသူက ထိုသဲလမ်းမကြီး၌ "လမ်း" ဟူသောအမည်ကိုယူ၍ "ဤသဲလမ်းမကြီးသည် ဤမြို့မှ ထိုမြို့သို့ တိုင်အောင်ပေါက်၏၊အလွန်ရှည်လျား၏" ဤသို့ ပြောဆိုရာ လမ်း-ဟူသောစကားဖြင့်ပြောဆိုသောကြောင့် မှန်သောဝေါဟာရစကားသုံးပင်ဖြစ်ပေသည်။

၂။ တယောက်သောသူက "သဲ" ဟူသောအမည်ကိုယူ၍ သဲဆိုသည်မှာ ခရီးရှည်ရမည်ဝေးလေစွ လက်တသစ်မျှမရှည်၊ သဲပွင့်ကလေးမျှသာဖြစ်၏၊ တည်ရာဌာနကလေးအပေါ်၌သာတည်ရှိ၏၊ ဤသို့ပြောဆိုရာ ထိုစကားသည်လည်း မှန်သောစကားပင်ဖြစ်ပေသည်။

www.dhammaransi.com



သဲလမ်း-ဟူသောစကား၌ သဲကိုပြောလျှင် ဝေါဟာရစကားတမျိုးဖြစ်၏၊ လမ်းကိုပြောလျှင် ဝေါဟာရစကားတမျိုးဖြစ်၏။

ဤဥပမာကဲ့သို့ သတ္တဝါတို့၏ ဘဝကူးပြောင်းခြင်းနှင့်ဆိုင်သောအရာ၌လည်း သစ္စာနှစ်မျိုးကွဲပြားခြားနားလျက်ရှိသောကြောင့် ဝေါဟာရနှစ်မျိုးခြားနားထူးထွေလျက်ရှိသည်-ဟူ၍ယုံကြည်ရာသည်။

၁။ ရုပ်ဓာတ်, နာမ်ဓာတ်များသည် ဘဝတပါးသို့ ကူးပြောင်းခြင်းမရှိ-ဟူသောအဓိပ္ပါယ်ကိုယူ၍ သတ္တဝါသည် ဘဝတခုမှဘဝတခုသို့ ကူးပြောင်းခြင်းမရှိ-ဟူ၍မဆိုသင့်၊ အကယ်၍ဆိုခဲ့လျှင် ပရမတ္ထသစ္စာကို သမ္မုတိသစ္စာပေါ်၌ တင်စား၍ ဆိုသောစကားမျိုးဖြစ်သောကြောင့် မှားယွင်းမည်အမှန်ဖြစ်လေသည်။

၂။ သတ္တဝါသည် ဘဝတပါးမှ ဘဝတပါးသို့ကူးပြောင်းသည်-ဟူသော အဓိပ္ပါယ်ကိုယူ၍ ရုပ်ဓာတ်, နာမ်ဓာတ်များသည် ခိုင်မြဲသော သဿတ မျိုးဖြစ်၏၊ ဘဝတခုမှဘဝတခုသို့ ကူးပြောင်း၏-ဟူ၍မဆိုသင့်၊ အကယ်၍ဆိုခဲ့လျှင် သမ္မုတိသစ္စာကို ပရမတ္ထသစ္စာ၌ တင်စား၍ဆိုသောစကားမျိုးဖြစ်သောကြောင့် မှားယွင်းမည်အမှန်ဖြစ်လေသည်။

ဤသဲလမ်းဥပမာကို ဉာဏ်ဖြင့်ထိမိအောင် သေချာစွာဆင်ခြင်ပါ၊ သဲနှင့်လမ်းကို ခြားနား၍အဓိပ္ပါယ်ပေါ်လျှင် သတ္တဝါတို့၏ဘဝကူးပြောင်းမှု,နာမ်ရုပ်တို့၏ဘဝမကူးမပြောင်းမှု ဟူသောအချက်ကို ထင်ရှားစွာသိမြင်ပေလိမ့်မည်။

## သဿတဒိဋ္ဌိဖြစ်ပုံ,ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပုံကိုပြဆိုခြင်း

၁။ ရုပ်ဓာတ်, နာမ်ဓာတ်များကို အတ္တအစစ်, ဇီဝအစစ်, ပုဂ္ဂိုလ်အစစ်, သတ္တဝါအစစ်-ဟူ၍ မှတ်ယူစွဲလမ်းပြီးလျှင် ''သတ္တဝါသည် တဘဝနှင့်ပြတ်လေ၏၊ဘဝကူးပြောင်းခြင်းမရှိ''ဤသို့ ပြောဆိုမှတ်ယူလျှင် ဥစ္ဆေဒဒိဋ္ဌိအစစ်ကြီးဖြစ်၏။

၂။ ထိုရုပ်နာမ်နှစ်ပါးတို့ကိုပင်လျှင် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ ဟူ၍ မှတ်ယူစွဲလမ်းပြီးလျှင် သတ္တဝါသည်မြဲ၏-ဟူ၍ပြောဆိုမှတ်ယူလျှင် သဿတဒိဋ္ဌိဖြစ်၏။

www.dhammaransi.com



ဤအရာ၌မြစ်ဥပမာဖြင့်ပြဆိုဦးမည်။

၁။ တယောက်သောသူသည် မြစ်ကမ်းပါး၌ ရပ်တည်၍ မြစ်ကို ကြည့်ပြီးလျှင် ''ဤမြစ်သည် ဤနေရာ၌တည်ခဲ့သည်မှာအနှစ်တရာရှိပြီ၊ အနှစ်တထောင်ရှိပြီ''၊ဤသို့''မြစ်''ဟူသော အမည်ကိုယူ၍ပြောဆိုရာ ထိုစကားသည်အမှန်ပင်ဖြစ်၏။

၂။ တယောက်သောသူသည် မြစ်ထဲ၌စီးနေသော ''ရေအစု'' ကို အစွဲပြု၍ ''ဤရေများသည် တနေရာထည်း၌ တနာရီမျှမတည် အမြဲ စီး၍နေ၏၊ အမြဲအောက်သို့စုန်၍နေ၏''၊ ဤသို့ရေအမည်ကိုယူ၍ ပြော ဆိုရာ ထိုစကားသည်လည်း အမှန်ပင်ဖြစ်၏။

ထိုနည်းတူစွာ သဿတ,ဥစ္ဆေဒအရာ၌လည်း သစ္စာနှစ်ပါးခြားနား ထူးထွေခြင်းကြောင့် ဝေါဟာရထူးထွေပုံကို ယုံကြည်မှတ်သားအပ် ပေသတည်း၊ သဲလမ်းဥပမာနှင့် မြစ်ဥပမာကို သဘောကျခဲ့ပါလျှင် တစုံတရာမျှ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိဖြစ်ရန် အကြောင်းမရှိချေ။

စိတ်တို့၏ခဏခဏဖြစ်ပုံ,ပျက်ပုံကို
ပြဆိုချက်

စိတ်ဝေတ်၏ခဏခဏဖြစ်ခြင်း, ပျက်ခြင်းကိုပြ၍သဿတဒိဋ္ဌိ ကို ပယ်ခြင်းငှါ ဤစိတ္တယမိုက်ကို မြတ်စွာဘုရား ဟောကြား တော်မူသည်-ဟုဆိုခဲ့၏၊ ထိုသို့ဆိုရာ၌ စိတ်တို့၏ခဏခဏဖြစ်ပုံ, ခဏခဏချုပ်ပုံကို အဘယ်သို့သိရပါမည်နည်း။

[ဤကားအမေးတည်း။]

**အဖြေကိုဆိုအံ့။** ။စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်,ကာယဝိညာဉ်,,မနောဝိညာဉ်-ဟူ၍ ဝိညာဉ်ခြောက်ပါးရှိသည်။

စက္ခုပသာဒ-ခေါ်သော ကမ္မဇရုပ်အကြည်ပေါ်၌ဖြစ်သော စိတ်ကို စက္ခုဝိညာဉ်ခေါ်သည်၊ ထိုစက္ခုဝိညာဉ်သည် စက္ခု ပသာဒရုပ်ပေါ်၌သာလျှင်ဖြစ်၏၊ အခြားရုပ်ပေါ်၌ မဖြစ်၊ ထို စက္ခုဝိညာဉ်သည် ချုပ်သောအခါ စက္ခုပသာဒရုပ်ပေါ်၌သာ ချုပ်၏၊ အခြားရုပ်ပေါ်၌မချုပ်၊ ထိုသို့စက္ခုပသာဒရုပ်နှင့်

www.dhammaransi.com



စပ်လျက် ရှိသောကြောင့် စက္ခုဝိညာဉ်-ဟူ၍ခေါ်သည်၊ ထိုစက္ခုဝိညာဉ်ကို လောကီလူများအပေါင်းတို့က "မြင်ခြင်း,ကြည့်ခြင်း, တူရူကြည့်ခြင်း, စောင်း၍ကြည့်ခြင်း, မျှော်၍ကြည့်ခြင်း, စိုက်၍ကြည့်ခြင်း"ဟု ခေါ်ဝေါ်ကြသည်။

"ငါသည် အဆင်းကိုမြင်၏" ဟု ဆိုလျှင် စက္ခုဝိညာဉ်ကို အတ္တစွဲလမ်းသည်မည်၏၊ထိုစက္ခုဝိညာဉ်ကိုပင် ငါလုပ်၍နေ၏၊ စက္ခုဝိညာဉ်ကို အတ္တလုပ်ထားသဖြင့် သတ္တဝါအပေါင်းတို့သည် များစွာ အားတက်၍ နေကြကုန်၏။

စက္ခုဝိညာဉ်သည် နာမ်ဓာတ်တမျိုးဖြစ်၏၊အာယတနတမျိုး ဖြစ်၏၊ ထိုစက္ခုဝိညာဉ်သည် ငါပိုင်မဟုတ်, ငါမဟုတ်, ငါ့အတ္တမဟုတ်၊ ဤသို့ဟုတ်မှန်စွာ မြင်သောအတိုင်း ပြောဆိုလျှင် စက္ခုဝိညာဉ်၌ အတ္တပြုတ်သည်မည်၏၊ စက္ခုဝိညာဉ်ကို ငါ-ဟု မစွဲလမ်းဆိုလိုသည်။

[သောတဝိညာဉ် စသည်တို့၌လည်း ဤနည်းအတိုင်းသိပါလေ။]

**ကာယဝိညာဉ်ကိုဆိုအံ့။** ။ကာယပသာဒရုပ်ပေါ်၌ဖြစ်သော ဝိညာဉ်သည် ကာယဝိညာဉ်မည်၏၊ ထိုကာယဝိညာဉ်သည် ကာယပသာဒရုပ်ပေါ်၌သာဖြစ်၏၊ အခြားရုပ်ပေါ်၌ချုပ်သောအခါ ကာယပသာဒရုပ်ပေါ်၌သာ ချုပ်၏၊ အခြားရုပ်ပေါ်၌ မချုပ်၊ ကာယပသာဒသည် တကိုယ်လုံး၌ ပြန့်နှံ့၍ တည်၏၊ (ဆံပင်ဖျား, သွား, ခြေသည်းဖျား, လက်သည်းဖျား, အရိုးတို့၌မူကား မတည်ချေ)၊ ကာယဝိညာဉ်သည် တကိုယ်လုံး၌ရှိသော ကာယပသာဒတို့ကို မှီ၍ဖြစ်သည်။

တကိုယ်လုံး၌ ကာယပသာဒ ရှိပုံကို သိရန်မှာ ထက်လှစွာသော အပ်ငယ်ကလေးနှင့် ဤကိုယ်ကြီးကို ထိုး၍ကြည့်လျှင် အပ်ဖျားထိသော နေရာက နာကျင်ခြင်းတည်းဟူသော ဒုက္ခဝေဒနာ ပေါ်လာလိမ့်မည်၊ ထိုဒုက္ခဝေဒနာပေါ်လာသော နေရာမှန်သမျှတွင် ကာယပသာဒရှိ၏-ဟု မှတ်လေ၊ ကာယပသာဒရှိလျှင် ကာယဝိညာဉ် ဖြစ်ပေါ်မြဲတည်း၊ ကာယဝိညာဉ် ဖြစ်ပေါ်သည့်အတွက်ကြောင့်ပင်လျှင် နာကျင်ခြင်းဒုက္ခ

www.dhammaransi.com



ဝေဒနာဖြစ်ပေါ်လာရသည်၊ ကာယပသာဒ မရှိသောဌာနမှာ ကာယ ဝိညာဉ် ဖြစ်လေ့မရှိ၊ကာယဝိညာဉ် မဖြစ်ပေါ်လျှင် နာကျင်ခြင်းမဖြစ်နိုင်၊ အစေးရှိသော သစ်ပင်များကို အပ်နှင့် ထိုးလိုက်လျှင် ရုတ်တရက် အစေးထွက်ပေါ်လာသကဲ့သို့ ကာယပသာဒရှိရာသို့ အပ်ဖျားနှင့် တို့ လိုက်လျှင် နာကျင်ခြင်းနှင့်တကွ ကာယဝိညာဉ် ဖြစ်ပေါ်စမြဲတည်း။

[ခြင်၏ နှုတ်သီးဖျားကလေးနှင့် ထိုးလိုက်လျှင်ပင် ခြင်ကိုက်ရာ ဌာနမှ ကာယ ဝိညာဉ်တွေဖြစ်ပေါ်လာပုံကို ဆင်ခြင်လေ။]

အောက်အဖို့အားဖြင့် ခြေဘဝါး, အထက်အဖို့အားဖြင့် ဦးခေါင်း ထိပ်, ဖီလာထက်ဝန်းကျင်အားဖြင့် အရေပါး လွှမ်းခြုံ၍ ထားအပ် သော ဤကိုယ်တကိုယ်လုံးအတွင်းမှာ ဘယ်နေရာမဆို ကာယပသာဒရှိ သည်ချည်းတည်း၊ ကာယပသာဒရှိသမျှနေရာတို့မှာ ကာယဝိညာဉ် ဖြစ်ပေါ်နိုင်သည်ချည်းတည်း၊ ဤကိုယ်ကောင်ကြီး၌ ကာယဝိညာဉ်ဖြစ် ရာ နယ်သည် အလွန်ကျယ်ဝန်းလှ၏။

၁။ အလွန်ပူသော မြေပြင်သဲပြင်၌ရင်း, သမံတလင်းအပြင်၌ရင်း, ကျောက်အပြင်၌ရင်း, ခြေဘဝါးကို ချ၍နင်းလိုက်ရာ ခြေဘဝါးတပြင် လုံး၌ ဒုက္ခဝေဒနာတို့သည် တဖွားဖွား ဖြစ်ပေါ်ကြကုန်၏၊ ထိုအခါ ငါ၏ ခြေဘဝါးသည် အလွန်ပူလှ၏-ဟူ၍ ငြီးငြူ၏၊ ထိုအခါ ခြေဘဝါး အပြင်၌ နာမက္ခန္ဓာလေးပါးတို့သည် တဖွားဖွားဖြစ်ပေါ်ကြကုန်၏။

ဆင်းရဲခြင်းနှင့်တကွဖြစ်သော ကာယဝိညာဉ်စိတ်တို့သည် သိန်းပေါင်း များစွာ တပြိုင်နက် ဖြစ်ပေါ်ကြကုန်၏၊ ဤကာယဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။

၂။ ထိုကာယဝိညာဉ်စိတ်နှင့်အတူတကွ သိန်းပေါင်းများစွာသော ဒုက္ခဝေဒနာတို့သည်လည်း ဖြစ်ပေါ်ကြကုန်၏၊ ဤဒုက္ခဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။

၃။ ထိုကာယဝိညာဉ်နှင့်တကွပူသည်-ဟူ၍မှတ်သားနိုင်သောသညာ တို့သည်လည်း သိန်းပေါင်းများစွာဖြစ်ပေါ်ကြကုန်၏၊ ထိုသညာသည် သညာက္ခန္ဓာမည်၏။

www.dhammaransi.com



၄။ ထိုကာယဝိညာဉ်နှင့်တကွ ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရတရားတို့သည်လည်း သိန်းပေါင်းများစွာဖြစ်ပေါ်ကြကုန်၏၊ ထိုတရားတို့သည် သင်္ခါရက္ခန္ဓာမည်ကုန်၏။

[ဤကား ခြေဘဝါးအပြင်၌ နာမက္ခန္ဓာ လေးပါးတို့ တပြိုင်နက်ဖြစ်ပေါ်ပုံတည်း။]

၁။ ထိုနာမက္ခန္ဓာလေးပါးတို့ဖြစ်ပေါ်ရာ၌ အပူဓာတ်ကို အပူ-ဟူ၍ သိကာမျှသည် ဝိညာဉ်မည်၏။

၂။ အပူ-ဟူ၍ သိကာမျှနှင့် မရပ်တန့်ဘဲ အပူတည်းဟူသော ဖေါဋ္ဌဗ္ဗရုပ်ဓာတ်နှင့် အပူကိုသိသောနာမ်ဓာတ်တို့၏ ထိခိုက်ခြင်း, ရောစပ်မိခြင်းသဘောသည် ဖဿမည်၏။

၃။ ဖဿ-ဖြစ်ပေါ်သည်ရှိသော် မခံသာခြင်းဟူသော ဒုက္ခဝေဒနာဓာတ်ဖြစ်ပေါ်လာ၏။

၄။ ထိုဖဿကြောင့်ပင်လျှင် အပူကိုမှတ်သားသော သညာဓာတ်ဖြစ်ပေါ်လာ၏။

၅။ ဖဿ ဖြစ်ပေါ်ခြင်းကြောင့် ထိုအပူအာရုံ၌ နာမ်တရားတို့အား မိမိတို့ကိစ္စကို ရွက်ဆောင်ကြစေရန် နှိုးဆော်သော စေတနာဓာတ်ဖြစ်ပေါ်လာ၏။

၆။ ထိုအပူအာရုံထဲ၌ နာမ်တရားတို့ကို တည်ငြိမ်စွာထားသော ဧကဂ္ဂတာဓာတ်ဖြစ်ပေါ်လာ၏။

၇။ ထိုအပူအာရုံကို အာရုံပြု၍ ထိုအပူချုပ်လေသော်လည်း ထိုအာရုံကို အဖန်ဖန် နှလုံးသွင်းနိုင်ခြင်းတည်းဟူသော မနသိကာရဓာတ်ဖြစ်ပေါ်လာ၏။

၈။ ထိုအပူအာရုံ၌ နာမ်တရားကို ခဏငယ်သုံးချက် ပြည့်သည်တိုင်အောင် အသက်ရှည်စေနိုင်သော ဇီဝိတိန္ဒြိယဓာတ်ဖြစ်ပေါ်လာ၏။

ပြဆိုခဲ့သောနာမ်တရား ၈-ပါးတို့သည် ခြေဘဝါးအပြင်၌ တပြိုင်နက်ဖြစ်ပေါ်လာကြကုန်သည်၊ ထိုတရား ၈-ပါးကို နာမ်ကလာပ်-ဟူ၍ ဆိုသည်၊ ထိုအပူဓာတ်မငြိမ်းသမျှကာလပတ်လုံး ခြေဘဝါးအပြင်၌ရှိကြကုန်သော အရေအသားတို့၌ ထိုနာမ်ခန္ဓာလေးပါးတို့သည် ရပ်ဆိုင်းခြင်းမရှိဘဲ အမြဲပင်တဖွားဖွားဖြစ်ပေါ်၍နေကြလေကုန်သည်။

www.dhammaransi.com



ခြေဘဝါးအပြင်၌ စွဲငြိသောအပူဓာတ်သည် အကြင်အခါ၌ ငြိမ်စဲလေ၏၊ ထိုအခါခြေဘဝါးအပြင်လည်း အေးမြခြင်းသို့ ရောက်လေ၏၊ ထိုသို့အေးမြခြင်းသို့ရောက်သောအခါ ဆိုခဲ့ပြီးသောနာမ်ခန္ဓာလေးပါးတို့သည် ချုပ်ကြလေကုန်၏၊ ပျက်စီးဆုံးပါးကြလေကုန်၏၊ ပျက်စီးဆုံးပါးခြင်းတို့သည်လည်း အထင်အရှားပင်ဖြစ်ကုန်၏၊ ထိုအခါနာမ်ခန္ဓာလေးပါးတို့၏အနိစ္စသဘောသည်ထင်ရှား၏။

အပူကိုနင်းလိုက်ရာတွင် ခြေဘဝါးအပြင်၌သာလျှင် နာမ်ခန္ဓာလေးပါးတို့ဖြစ်ပေါ်ကြကုန်သည်မဟုတ်သေး၊ ထိုနာမ်ခန္ဓာလေးပါးတို့၏ ဖြစ်ဆဲမှာပင် ကြိုးကြားကြိုးကြား ရံခါရံဖန် ဟဒယဝတ္ထုကိုမှီသော နာမ်ခန္ဓာလေးပါးတို့သည်လည်း ဖြစ်ပေါ်ကြကုန်သေး၏၊ ဟဒယဝတ္ထု၌ဖြစ်သောဝိညာဉ်သည်ကား မနောဝိညာဉ်ပေတည်း၊ ထိုမနောဝိညာဉ်စိတ်ဖြစ်ပေါ်သောအခါ ဒုက္ခဝေဒနာကိုအာရုံပြု၍ ငြီးတွားခြင်း, ကိုယ်လက်အင်္ဂါလှုပ်ရှားခြင်းတို့ဖြစ်ပေါ်ကြကုန်သည်၊ ဤအတောအတွင်းမှာပင် ထင်လာသောအာရုံကို အစွဲပြု၍စက္ခုဝိညာဉ်စသော ဝိညာဏဓာတ်တို့သည်လည်း ဖြစ်ပေါ်နိုင်ကြကုန်သေးသည်၊ ထိုဝိညာဉ်စိတ်, ဝီထိစိတ်တို့သည် တစဉ်တည်း တတန်းတည်း ဖြစ်ပေါ်ကြသည်မဟုတ်၊ ဘဝင်ခြား၍သာဖြစ်ပေါ်ကြကုန်သည်၊ တယောက်သောပုဂ္ဂိုလ်၏ သန္တာန်၌စိတ်နှစ်ခုတို့သည် အတူတကွပြိုင်၍မဖြစ်နိုင်ကြကုန်။

သို့ရာတွင် နာမ်ဓာတ်သဘောသည် အလွန်လျင်မြန်လှသောကြောင့် နာကျင်၍နေဆဲမှာပင် မြင်ခြင်း, ကြားခြင်း, နံခြင်းသဘောများသည် တပြိုင်နက်ဖြစ်သကဲ့သို့ ထင်ကြရကုန်သည်၊ နာမ်ဓာတ်တို့၏ဖြစ်ပုံသဘောသည် အလွန်သိမ်မွေ့လှ၏၊ လွန်စွာလျင်မြန်လှ၏၊ ဘဝင်ပေါင်းများစွာခြား၍ဖြစ်သည်ကိုပင် တပြိုင်နက်ဖြစ်သကဲ့သို့ ထင်မြင်ရလေသည်။

[ဤကား ခြေဘဝါးအပြင်၌နာမ်ခန္ဓာလေးပါးတို့၏ဖြစ်ပေါ်ပုံ, ပျက်စီးချုပ်ဆုံးပုံကိုပြဆိုသောစကားရပ်ပေတည်း၊အခြားသောကိုယ်အင်္ဂါတို့၌ ကာယဝိညာဉ်နှင့်တကွ နာမ်ခန္ဓာလေးပါးတို့၏ဖြစ်ပုံကို ဤနည်းအတိုင်းပင်သိလေကုန်။]

**အကျဉ်းအားဖြင့်ဆိုသည်ရှိသော်**-ဦးခေါင်း အင်္ဂါတခု၌ ခေါင်းကိုက်ခြင်းမှစ၍ ဒုက္ခဝေဒနာပေါင်းများစွာရှိကြကုန်၏၊ ထိုဦးခေါင်းနှင့်ဆိုင်သော ဒုက္ခဝေဒနာတို့သည်လည်း ကာယဝိညာဉ်နှင့်တကွသော နာမ်

www.dhammaransi.com



ခန္ဓာလေးပါးတို့ပင်ဖြစ်ကုန်သည်၊ ဦးခေါင်းရောဂါအမျိုးမျိုးတို့၏ ဖြစ်ခြင်း, ချုပ်ခြင်းတို့သာတည်း၊ ဦးခေါင်း ရောဂါမျိုးမှတပါး မျက်စိနှင့်ဆိုင်သောရောဂါအမျိုးမျိုး,နားနှင့်ဆိုင်သောရောဂါအမျိုးမျိုး,နှာခေါင်းနှင့်ဆိုင်သောရောဂါအမျိုးမျိုး, လျှာနှင့်ဆိုင်သောရောဂါအမျိုးမျိုး တို့သည်လည်း ထင်ရှားစွာရှိကြကုန်၏။

ထိုရောဂါအမျိုးမျိုးတို့သည်လည်းအခြားမဟုတ်ကုန်၊ကာယဝိညာဉ်နှင့်တကွသော နာမ်ခန္ဓာလေးပါးတို့ပင်ဖြစ်ကြကုန်သည်၊ ထိုရောဂါအမျိုးမျိုးတို့၏ဖြစ်ခြင်း,ချုပ်ခြင်းတို့သည်လည်း အခြားမဟုတ်ကုန်၊ ထိုနာမ်ခန္ဓာလေးပါးတို့၏ ဖြစ်ခြင်း, ချုပ်ခြင်းတို့သာ ဖြစ်ကြကုန်သည်၊ ကျင်နာခံက်သောကာယိကဝေဒနာတို့၌ နာမ်ခန္ဓာလေးပါးတို့ ဖြစ်ပုံ, ပျက်ပုံကိုဆင်ခြင်လေ။

[ဤစကားရပ်ကား ဒုက္ခသဟဂုတ် ကာယဝိညာဉ်နှင့်တကွ နာမ်ခန္ဓာလေးပါးတို့၏ဖြစ်ပုံ,ပျက်ပုံကိုပြဆိုသောစကားရပ်ပေတည်း။]

သုခသဟဂုတ် ကာယဝိညာဉ်နှင့်ဆိုင်သော နာမ်ခန္ဓာလေးပါးတို့၏ဖြစ်ပုံ,ချုပ်ပုံကို ဆိုဦးမည်။

နွေလအခါ လွန်စွာပူပြင်းသော မွန်းတည့်အချိန်ကြီး၌ ခရီးသွားသောသူတယောက်သည် စိမ်းညိုသော တောအုပ်ကြီးအလယ်၌ စင်ကြယ်အေးမြသော ရေအိုင်ကြီးတအိုင်ကိုတွေ့သဖြင့်ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာ ထိုရေအိုင်ကြီးအတွင်းသို့ သက်ဆင်း၍ ငုပ်လေ၏။

ထိုအခါ ရေမငုပ်မီအတွင်း မိမိတကိုယ်လုံး၌ ဖြစ်ပေါ်နေကြကုန်သော ဒုက္ခသဟဂုတ်နာမ်ခန္ဓာလေးပါးတို့သည်ချုပ်ဆုံးကြလေကုန်၏၊ အေးမြချမ်းသာသော သုခသဟဂုတ် နာမ်ခန္ဓာလေးပါးတို့သည် တဖွားဖွားဖြစ်ပေါ်လာကြကုန်၏၊ ထိုရေအိုင်မှ တက်၍ ပူပြင်းသော ခရီးသို့လျှောက်၍ သွားပြန်လေရာ အေးမြချမ်းသာသော သုခသဟဂုတ် နာမ်ခန္ဓာလေးပါးတို့သည်ချုပ်ဆုံးကြပြန်ကုန်၏၊ ပူပြင်း၍ မခံသာသော ဒုက္ခသဟဂုတ် နာမ်ခန္ဓာ လေးပါးတို့သည် တဖွားဖွား ပေါ်ပေါက်လာကြပြန်ကုန်၏။

[ဤသို့ နည်းပြအပ်သောအတိုင်း သုခသဟဂုတ်နာမ်ခန္ဓာလေးပါးတို့၏ဖြစ်ပုံ, ချုပ်ပုံကို ဆင်ခြင်၍ကြည့်လေ။]

www.dhammaransi.com



ဤလောက၌ ကာယဝိညာဉ်နှင့် စပ်လျဉ်း၍ သုခဖြစ်ပုံ, ဒုက္ခဖြစ်ပုံ အချက်များသည် လွန်စွာထင်ရှားပါ၏၊ သုခဖြစ်နေခိုက် အတွင်းမှာပင် ဒုက္ခဝင်၍လာတတ်ကုန်၏၊ သုခဖြစ်သည်၏ အဆုံး၌လည်း ဖြုံးခနဲ ဒုက္ခဝင်ရောက်၍ လာတတ်ကုန်၏၊ အေးမြချမ်းသာစွာ လေညှင်းခံ၍ နေစဉ် အခိုက် ခြင်ကိုက်သဖြင့် ဖြုံးကနဲ ဒုက္ခဝေဒနာ ဝင်ရောက်လာ၏၊ယခင်က သုခဝေဒနာတို့သည် ချုပ်ဆုံး ကွယ်ပျောက်ခြင်းသို့ရောက်ကြလေကုန်၏။

ကာမဘုံ၌ဖြစ်ဖြစ်သမျှသောသတ္တဝါအပေါင်းတို့သည်ကိုယ်ချမ်းသာ ဟု ဆိုအပ်သော သုခသဟဂုတ် ကာယဝိညာဉ်ကို များစွာ လိုလား တောင့်တကြကုန်၏၊ ထိုသုခသဟဂုတ် ချမ်းသာနှင့် ပြည့်စုံသောသူ ဖြစ် လေလေ၊ ထိုချမ်းသာမျိုးကို တိုးတက်၍ တောင့်တလေလေ ဖြစ်ကုန်၏။

စည်းစိမ် ချမ်းသာနှင့် ပြည့်စုံသော မင်းစိုးရာဇာ, သူဌေးသူကြွယ်, အထက် ကာမာဝစရနတ်များ၊ ဤပုဂ္ဂိုလ်များသည် သုခသဟဂုတ်နှင့် တကွသော ကိုယ်ချမ်းသာစည်းစိမ်ကို ရလွယ်ကြကုန်၏၊ ရလွယ်သည့် အတွက်ကြောင့်ပင်လျှင်တိုးတက်၍ လိုလားကြကုန်၏၊ ထိုကိုယ်ချမ်းသာ မျိုးကို သာယာသော တဏှာခေတ် သည်လည်း ငတ်သည်ထက်သာ ငတ်၍နေ၏၊ အငတ်ပြေသည်-ဟူ၍ မရှိနိုင်၊ မန္ဓာတ်မင်းကြီး၏ ဝတ္ထုကို ကြည့်ရှုဆင်ခြင်ပါလျှင်ကိုယ်ချမ်းသာအတွက်နှင့် တင်းမတိမ်နိုင်ကြောင်း, ရလေရလေ တိုး၍ တိုး၍ တောင့်တလေ ဖြစ်ကြောင်း များကို ထင်ရှား စွာသိနိုင်ကြလိမ့်မည်။

ဤလောက၌ လူအပေါင်းတို့သည် ထိုကိုယ်ချမ်းသာ တည်းဟူသော ဖေါဋ္ဌဗ္ဗသုခကို အလိုရှိကြကုန်သောကြောင့် အိမ်ရာ တည်ထောင်၍ လင်ယူခြင်း,မယားယူခြင်း အမှုများကိုပြုလုပ်ကြရကုန်၏၊ ထိုချမ်းသာ ကို အကြောင်းပြု၍ ပစ္စည်းဥစ္စာတို့နှင့် တကွ ဆန်, ရေ, စပါးရှာ မှီးခြင်းအလုပ်တို့ကို များစွာလုပ်ကြရကုန်၏၊ အလုပ် အမျိုးမျိုးတို့ကို ကြိုးကြိုးပမ်းပမ်း လုပ်ကိုင်ကြပြီးလျှင် ကိုယ်၏ပင်ပန်းခြင်း, စိတ်၏ပင် ပန်းခြင်းများကို အားခဲ၍ ခံကြရကုန်၏။

ကာမချမ်းသာဟု ဆိုအပ်သော ကိုယ်ချမ်းသာကိုခံစားနေစဉ်အခိုက် မှာပင်လျှင် ချမ်းသာဟူ၍သမုတ်အပ်သော သုခသဟဂုတ် နာမ်ခန္ဓာတို့

www.dhammaransi.com



သည် ပျက်ဆုံးပျောက်ကွယ်ခြင်းသို့ ရောက်ကြလေကုန်၏၊ ချမ်းသာဟု သမုတ်အပ်သော သုခသဟဂုတ် နာမ်ခန္ဓာတို့သည် လွန်စွာ ချုပ်လွယ်ကြကုန်သောကြောင့် ကာမချမ်းသာကို ခံစားသော ပုဂ္ဂိုလ်၏ သန္တာန်မှာ ဘယ်အခါမှာမှ အဖတ် တင်ရစ်သည်၊ အသားတင်ရစ်သည်၊အခိုင်အမြဲ အဆိုင်အခဲ ကျန်ရစ်သည်-ဟူ၍ မရှိဘဲ ပျက်စီးမြဲအတိုင်းသာလျှင် ပျက်စီး၍ သွားကြလေကုန်၏။

ထိုသို့ ပျက်စီးချုပ်ဆုံးလေသည့် အတွက်ကြောင့် အကြိမ်ကြိမ်အဖန်ဖန် ခံစားလိုခြင်းတည်းဟူသော ဆန္ဒတို့သည် ပေါ်ပေါက်လာကြပြန်ကုန်၏၊ ထိုဆန္ဒအတိုင်း အကြိမ်ကြိမ်အဖန်ဖန်ထပ်မံ၍ ခံစားကြပြန်သော်လည်း ပျက်စီးမြဲအတိုင်းသာ ပျက်စီးကြပြန်၏၊ အဖတ်မတင်ရစ်ဘဲ ပျက်စီးမြဲ ပျက်စီးသည့်အတွက်ကြောင့် တဖန်ထပ်မံ၍ ခံစားလို၏၊ ခံစားလိုသောအတိုင်း ခံစားပြန်ရာ ပျက်စီးမြဲအတိုင်း ပျက်စီးကြပြန်ကုန်၏၊ ''ပျက်စီးလေလေ,ခံစားချင်လေလေ၊ခံစားချင်လေလေ, ပျက်စီးလေလေ'' ဖြစ်တော့သည်။

ကာမစည်းစိမ် ဟုဆိုအပ်သော ကိုယ်ချမ်းသာကို နှစ်မြိုက်စွာခံစား၍ ပြီးသည်နှင့်တပြိုင်နက် ကိုယ်၏ ပင်ပန်းနွမ်းနယ်ခြင်း တည်းဟူသော ဒုက္ခသဟဂုတ် ဆင်းရဲဘေးကြီး ဆိုက်ရောက်လာ၏၊ ကိုယ်ချမ်းသာဟု ဆိုအပ်သော သုခသဟဂုတ်, ကိုယ်ဆင်းရဲ ဟုဆိုအပ်သောဒုက္ခသဟဂုတ် တို့သည် တခုပြီးလျှင်တခု ဆက်လက်၍ စက်လှည့်ကာနေကြလေသည်၊ ထို့ကြောင့်—

''ဆင်းရဲ၏နောက် ချမ်းသာရောက်၊
ချမ်းသာ၏နောက် ဆင်းရဲရောက်''

ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူပေသတည်း၊ သုခသဟဂုတ် ကာယဝိညာဉ်တို့၏ ခဏခဏဖြစ်ပေါ်ခြင်း, ခဏခဏချုပ်ခြင်းလည်း လောက၌ အလွန်ထင်ရှားပါ၏။

[ဤစကားရပ်မှာ ကိုယ်စည်းစိမ်,ကိုယ်ဆင်းရဲခေါ်သော ကာယဝိညာဉ်ဓာတ်၏ ဖြစ်ပုံ,ပျက်ပုံသဘောကိုပြဆိုသောစကားရပ်ပေတည်း။]

ဤနည်းကိုမှီ၍ စက္ခုဝိညာဉ် စသည်တို့၏ ခဏခဏဖြစ်ပုံ, ခဏခဏချုပ်ပုံများကိုလည်း ဤနည်းအတိုင်းပင် သိကြပါလေကုန်။

## မနောဝိညာဉ်ကိုပြဆိုချက်

မနောဝိညာဉ်စိတ်များသည် ဟဒယဝတ္ထု ရုပ်ကိုမှီ၍ဖြစ်ကုန်၏၊ နှလုံးအတွင်း၌ဖြစ်ကြကုန်၏ ဟုဆိုလိုသည်၊ ဒွါရအားဖြင့် မနောဒွါရ၌ဖြစ်ကြကုန်၏၊ ထို့ကြောင့်မနောဝိညာဉ်-ဟူ၍ခေါ်ရသည်၊ ထိုမနောဝိညာဉ်စိတ်တို့သည် ကုသိုလ်လည်းရှိကုန်၏၊ အကုသိုလ်လည်းရှိကုန်၏၊ အဗျာကတလည်း ရှိကုန်၏။

၁။ အကုသိုလ်မနောဝိညာဉ်မှာလည်း လောဘနှင့်တကွဖြစ်သောမနောဝိညာဉ်, ဒေါသနှင့်တကွဖြစ်သော မနောဝိညာဉ်, မောဟနှင့်တကွဖြစ်သော မနောဝိညာဉ်အားဖြင့် သုံးမျိုးပြားပြန်၏။

၂။ လောဘနှင့်တကွဖြစ်သော မနောဝိညာဉ်မှာလည်း သောမနဿဝိညာဉ်, ဥပေက္ခာဝိညာဉ်အားဖြင့် နှစ်မျိုးရှိပြန်၏။

၃။ ထို့ပြင်လည်း မာနနှင့်ယှဉ်သော မနောဝိညာဉ်, ဒိဋ္ဌိနှင့်ယှဉ်သော မနောဝိညာဉ်အားဖြင့် နှစ်မျိုးပြားပြန်၏။

၄။ ထို့ပြင်လည်း အဆင်းကိုအာရုံပြုသော မနောဝိညာဉ်, အသံကိုအာရုံပြုသော မနောဝိညာဉ်၊ ဤသို့စသောအားဖြင့် အာရုံခြောက်ပါးရှိသည့်အတိုင်း ဝိညာဉ်ခြောက်ပါးပြားပြန်၏။

၅။ ရူပါရုံကိုအာရုံပြုရာတွင် အနီကိုအာရုံပြုသော မနောဝိညာဉ်, အဖြူကိုအာရုံပြုသော မနောဝိညာဉ်, အညိုကိုအာရုံပြုသော မနောဝိညာဉ်၊ ဤသို့စသောအားဖြင့် မရေမတွက်နိုင်အောင်ပင် များပြားကြကုန်သည်။

၆။ လောဘနှင့်ယှဉ်သော ဝိညာဉ်သည် သူတပါးတို့၏ဥစ္စာကို ခိုးသောအခါ၌ဖြစ်သော အဒိန္နာဒါနမနောဝိညာဉ်, သူ့သားအိမ်ရာကို ပြစ်မှားကျူးလွန်၍ဖြစ်သော ကာမေသုမိစ္ဆာစာရမနောဝိညာဉ်, မဟုတ်မမှန်ပြော၍ဖြစ်သော မုသာဝါဒမနောဝိညာဉ်- စသောအားဖြင့် များစွာပင် ပွားများပြန်လေ၏။

[အကုသိုလ်ဝိညာဉ်၌ မရေမတွက်နိုင်အောင်များပြားသကဲ့သို့ကုသိုလ်ဝိညာဉ်, အဗျာကတဝိညာဉ်တို့၌လည်း မရေမတွက်နိုင်အောင် များပြားကြကုန်သည်များကို ဉာဏ်ဖြင့်ဆင်ခြင်စဉ်းစားလေကုန်၊ ကုသိုလ်ဝိညာဉ် တမျိုး, အကုသိုလ်ဝိညာဉ် တမျိုး, အဗျာကတဝိညာဉ်တမျိုး၊ သဘောအားဖြင့်လွန်စွာခြားနားကြကုန်သည်။]

www.dhammaransi.com



တယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌ အကုသိုလ်ဝိညာဉ် ဖြစ်ခိုက် ကုသိုလ်ဝိညာဉ်မရှိ၊ ရှေးကပင်ချုပ်ခဲ့ပြီ၊ ကုသိုလ်ဝိညာဉ်ဖြစ်ခိုက်အကုသိုလ်ဝိညာဉ်မရှိ၊ ရှေးကပင်ချုပ်ခဲ့ပြီ၊ ကုသိုလ်ဝိညာဉ်, အကုသိုလ်ဝိညာဉ်တို့သည် ဘယ်အခါမှာမှ ပုဂ္ဂိုလ်တဦး၏သန္တာန်၌ တပြိုင်နက် ဖြစ်လေ့မရှိကုန်၊ စိတ်ဆိုသည်မှာ တခုချုပ်ပြီးမှ တခုဖြစ်မြဲဓမ္မတာရှိသည်၊ ထို့ကြောင့် စိတ်ခေတ်အစဉ်တို့၌သာ အနန္တရပစ္စည်းကိုရပေသည်။

ဤအရာ၌ စောဒကပုဂ္ဂိုလ်၏ စောဒနာဖွယ်ရှိသည်များကို ပြဆိုဦးအံ့။

> စိတ်ဆိုသည်ကား သတ္တဝါတယောက်မှာ တစိတ်သာရှိ၏၊ စိတ်အမျိုးမျိုးမရှိ၊ ထိုစိတ်သည် ခဏခဏဖြစ်ခြင်းသဘော, ပျက်ခြင်းသဘောမရှိ၊ အမြဲတည်နေသော နိစ္စ, ထာဝရ, ဓုဝသဘောမျိုးဖြစ်၏၊ အကြင်အခါ လောဘ, ဒေါသ, မောဟတို့သည် ထိုစိတ်နှင့်ပေါင်းသင်းလာကြကုန်၏၊ ထိုအခါ အကုသိုလ်စိတ်ဟူသောအမည်ကိုရ၏၊အကြင်အခါအလောဘ, အဒေါသ, အမောဟတို့သည် ထိုစိတ်နှင့်ပေါင်းသင်းလာကြကုန်၏၊ ထိုအခါ ကုသိုလ်စိတ်-ဟူသော အမည်ကိုရ၏၊ အကြင်အခါ ထိုစိတ်သည် ပင်လျှင်မကောင်းသောအကြံကိုကြံ၏၊ ထိုအခါအကုသိုလ်စိတ်-ဟူသောအမည်ကိုရ၏၊ အကြင်အခါ ကောင်းသောအကြံကို ကြံ၏၊ ထိုအခါ ကုသိုလ်စိတ်-ဟူသော အမည်ကိုရ၏၊ ဤသို့ စောဒနာဖွယ်ရှိလေသည်။

ထိုသို့စောဒနာလျှင် စောဒနာသောပုဂ္ဂိုလ်ကို ပြန်မေးအပ်၏။

> အချင်းစောဒကပုဂ္ဂိုလ် .... လောဘဖြစ်ပုံ အခြင်းအရာ, ဒေါသဖြစ်ပုံအခြင်းအရာများသည် သဘောအားဖြင့် အတူတူပင်လော၊သို့မဟုတ် ကွဲပြားခြားနားသလော၊ဤသို့မေးအပ်၏။

ဉာဏ်ရှိသော စောဒကပုဂ္ဂိုလ်ဖြစ်လျှင် ဤသို့ဖြေဆိုပေလိမ့်မည်။

> လောဘဖြစ်ပုံ, ဒေါသဖြစ်ပုံ အခြင်းအရာများသည် တမျိုးတည်းမဟုတ်ပါ၊ ကွဲပြား ခြားနားပါသည်၊ လောဘဖြစ်ခိုက်

www.dhammaransi.com



တပ်မက်ပါသည်၊ အမျက်မထွက်ပါ၊ ဒေါသဖြစ်ခိုက်ကြမ်းတန်းစွာနှင့် အမျက်ထွက်ပါသည်၊ မတပ်မက်ပါ၊ ထို သဘောနှစ်မျိုးသည် တပြိုက်နက် တချက်တည်း မဖြစ်နိုင်ပါ၊ ဤသို့ဖြေဆိုပေလိမ့်မည်။

**ဤသို့ဖြေဆိုလျှင်**—သူ့ အဖြေနှင့် သူ့စောဒနာပုံ ကြေနပ်ပြီးပင် ဖြစ်တော့သည်၊ လောဘဖြစ်ပုံတမျိုး, ဒေါသဖြစ်ပုံတမျိုး၊ ဤသို့ခြားနားကြောင်းမှာ မျက်မှောက်ဒိဋ္ဌအားဖြင့် လွန်စွာထင်ရှားပါ၏၊ လောဘစိတ်ဖြစ်၍ လိုချင်မက်မောနေသောသူ၏ အမူအရာကို မြင်လျှင် "ဤသူသည် တပ်မက်၍နေ၏၊လိုချင်မက်မော၍နေ၏၊ကြမ်းတန်းစွာ အမျက်ဒေါသဖြစ်နေသည်မဟုတ်" ဟု သိနိုင်ကြကုန်၏၊ ဒေါသစိတ်ဖြစ်၍ ကြမ်းတန်းသောသူတယောက်ကိုမြင်လျှင်"ဤသူသည် ဒေါသဖြစ်နေ၏၊ စိတ်ဆိုးနေ၏၊ လိုချင်မက်မောနေသည်မဟုတ်" ဟု သိနိုင်ကြကုန်၏၊ လူကိုမဆိုထားဘိ အချို့အချို့သော တိရစ္ဆာန်ကိုပင်သော်လည်း လောဘအမူအရာ, ဒေါသအမူအရာတို့ကို ခြားနားစွာသိနိုင်ကြကုန်၏။

လောဘနှင့်ဒေါသ အတူတကွမဖြစ်နိုင်ကြောင်း ထင်ရှားသဖြင့် အကုသိုလ်အချင်းချင်းပင်သော်လည်း အတူတကွမဖြစ်နိုင်၊ သဘောတမျိုးစီ,ဖြစ်ပုံအခိုက်တမျိုးစီ-ဟူသော အဓိပ္ပါယ်သည် ထင်ရှားစွာပေါ်လေ၏၊ အကုသိုလ်အချင်းချင်းသော်မှ တပြိုင်နက် အတူတကွမဖြစ်နိုင်ပါလျှင် အကုသိုလ်နှင့်ကုသိုလ်, ကုသိုလ်နှင့်အကုသိုလ်, ကုသိုလ်နှင့် အဗျာကတတို့သည် အဘယ်မှာအတူတကွတပြိုင်နက် ဖြစ်နိုင်ပါတော့မည်နည်း၊ သဘောအားဖြင့်လွန်စွာခြားနားကြကုန်သည်။

ထို့ကြောင့်စောဒကပုဂ္ဂိုလ်ဆိုသောအတိုင်း—

"ပုဂ္ဂိုလ်တဦးမှာ စိတ်တခုတည်းသာရှိသည်၊ ထိုစိတ်သည် အပြဲတည်၏၊ လောဘ, ဒေါသ, မောဟတို့က ပေါင်းသင်းလာသောအခါ အကုသိုလ်အမည်ကိုရ၏၊ အလောဘ, အဒေါသ, အမောဟတို့က ပေါင်းသင်းလာသောအခါ ကုသိုလ်အမည်ကို ရ၏-ဆိုသောစကားသည် စင်စစ်ပင်မှားလေတော့၏။

www.dhammaransi.com



**နေ့စာဒကဆရာ၏စကား၌**– "စိတ်တခုထဲသာရှိပါသည်၊ အမြဲတည်ပါသည်၊ ထိုစိတ်သည် မကောင်းသောအကြံကိုကြံသောအခါ အကုသိုလ်-ဟူသောအမည်ကို ရပါသည်၊ ကောင်းသောအကြံကို ကြံသောအခါ ကုသိုလ်-ဟူသောအမည်ကိုရပါသည်"ဟူ၍ဆို၏၊ ထိုစကားသည်လည်း အမှားစင်စစ်ဖြစ်၍ မသင့်ချေ၊ မကောင်းသောအကြံကို ကြံရာ၌လည်း တပ်မက်သဖြင့်ကြံစည်ခြင်း, အမျက်ထွက်သဖြင့်ကြံစည်ခြင်း, ခိုးရန်ကြံစည်ခြင်း, သတ်ရန်ကြံစည်ခြင်း, မုသားပြောရန်ကြံစည်ခြင်းမှစ၍ ကြံစည်ပုံအခြင်းအရာတွေ အမျိုးမျိုးရှိလေသည်။

ကောင်းသောအကြံကိုကြံစည်ရာ၌လည်း ထိုနည်းတူစွာ အလှူပေးရန်ကြံစည်ခြင်း, သီလစောင့်ရန်ကြံစည်ခြင်း, ဘာဝနာပွားရန်ကြံစည်ခြင်း, မေတ္တာပို့ရန်ကြံစည်ခြင်းမှစ၍ အမှုအရာတွေအမျိုးမျိုး ရှိကြကုန်သည်၊ အကြံတမျိုးကိုကြံခိုက် စိတ်တမျိုးဖြစ်ရမည်၊ ထိုစိတ်တခုထဲက အမျိုးမျိုးသောအကြံကိုမကြံနိုင်၊ စိတ်တခုထဲ အမြဲတည်သည်မှန်လျှင် အဆင်းကိုမြင်သောစိတ်သည် အမြဲပင်မြင်၍နေရာ၏၊ မြင်ခြင်းမပျောက်နိုင်ရာ၊ အသံကိုကြားသောစိတ်သည် အမြဲပင် ထိုအသံကိုကြား၍နေရာ၏၊ ကြားခြင်းမပျောက်နိုင်ရာ၊ မြင်သောစိတ်နှင့် ပြည့်စုံသောသူသည် တမြင်ထဲမြင်၍နေရာ၏၊ ကြားသောစိတ်ရှိသောသူသည် တကြားထဲကြား၍နေရာ၏။

ယခုမြင်၏၊အတန်ကြာလျှင်မမြင်တော့ဘူး၊ ယခုကြား၏၊အတန်ကြာလျှင် မကြားတော့ဘူး-ဟူသောသဘောများလည်းမဖြစ်နိုင်ရာ၊ ဤလောက၌ မြင်ခြင်း, မမြင်ခြင်း၊ ကြားခြင်း, မကြားခြင်း- စသောသဘောတို့သည် အထင်အရှားပင်ရှိကြကုန်၏၊ မြင်ဖွယ်ရှိ၍ မြင်သောစိတ်ဖြစ်ခိုက် မြင်၏-ဟုဆိုသည်၊ ထိုစိတ်ချုပ်လျှင် မမြင်တော့ဘူး-ဟုဆိုသည်၊ သူ့အာရုံနှင့် သူ့စိတ်နှင့် သူ့အခြင်းအရာ တမျိုးစီခြားနားလျက် ရှိကြောင်းမှာ လွန်စွာထင်ရှားလေသောကြောင့် "စိတ်သည်"တခုထဲပါ၊အမြဲတည်ပါသည်၊ ထိုစိတ်သည်ပင်လျှင် အကြံကောင်းကိုကြံခိုက် ကုသိုလ်မည်ပါသည်၊ မကောင်းသောအကြံကိုကြံခိုက် အကုသိုလ်မည်ပါသည်" ဟုဆိုသော စောဒကဆရာ၏စကား ကြောင်ကြောင်ကြီး မှားယွင်းလေသတည်း။

www.dhammaransi.com



စောဒကပုဂ္ဂိုလ်က ဆိုဖွယ်ရှိပြန်သည်မှာ—

စိတ်ဆိုသည်မှာ တခုတည်းဖြစ်၏၊ မြဲသောကြောင့် နိစ္စ, ထာဝရမည်၏၊ ထိုစိတ်သည် နှလုံးအိမ်အတွင်း၌ အမြဲတည်ရာ နေအိမ်သဖွယ်ပြု၍နေ၏၊ ပင့်ကူသန္ဓေတည်သည်ကစ၍ စုတိသည့် တိုင်အောင် နှလုံးအိမ်တွင်း၌ အမြဲတည်နေ၏၊ စက္ခု,သောတ စသော ဒွါရခြောက်ပါးတို့၌ ရူပါရုံစသော အာရုံခြောက်ပါး တို့ ဆိုင်ရာဆိုင်ရာထိခိုက်လာကြသောအခါ ထိုစိတ်သည် နှလုံး အိမ်မှထွက်၍ အာရုံထိခိုက်ရာဌာနသို့ သွားရောက်ကွန့်မြူးပြီး လျှင် ထိုအာရုံကိုအာရုံပြု၏၊ ဖဿအစရှိသော စေတသိက် တရားတို့သည် စိတ်နှင့်အတူလိုက်ပါ၍ အမှုထမ်းကြကုန်၏၊ စိတ်သည် ဘုရင်သဖွယ်ဖြစ်၏၊ စေတသိက်တို့သည် နောက်ပါ ခြွေရံတို့သဖွယ်ဖြစ်ကုန်၏၊အာရုံချုပ်လေသောအခါထိုစိတ်သည် မိမိခြွေရံသင်းပင်းနှင့်တကွ မူလတည်နေရင်းဖြစ်သော နှလုံး အိမ်အတွင်းမှာ အာရုံသစ်မထင်လာသမျှ ကာလပတ်လုံး ငြိမ် ဝပ်စွာတည်တန့်၍နေ၏။

**ဥပမာအားဖြင့်**—ပင့်ကူသည် ကြီးကျယ်သောပိုက်ကွန်ကြီးကို ဖွဲ့ယှက် သွယ်တန်းပြီးလျှင်မိမိသည်ကားအလယ်ဗဟိုတည့်တည့်၌ ငြိမ်ဝပ်စွာနေ ၏၊ အကြင်အခါ ယင်ကောင်စသော သတ္တဝါကလေးများသည် မိမိ ထောင်၍ထားသော ပိုက်ကွန်၏တနေရာရာတွင် ထိလာငြိလာ၏၊ ထို အခါ ပင့်ကူသည် မိမိနေရာဖြစ်သောဗဟိုဌာနမှ ထိလာငြိလာသော သတ္တဝါကလေးရှိရာသို့ လျင်မြန်စွာ သွားရောက်ကူးသန်းပြီးလျှင် ထို သတ္တဝါကလေးကိုဖမ်းစား၏၊ ဖမ်းစားပြီးသော် မိမိတည်ရာဖြစ်သော ဗဟိုဌာနသို့ပြန်၍ငြိမ်သက်စွာတည်နေ၏၊ ဤဥပမာနှင့်အလားတူစွာစိတ် ကိုလည်းမှတ်အပ်၏၊ ဤသို့ဆိုဖွယ်ရှိလေသည်။

**အဖြေကိုဆိုအံ့။** ။ရောဂါဖြစ်ခြင်းသဘော, ရောဂါငြိမ်းခြင်းသဘောဖြင့် ထင်ရှားစွာပြမည်၊ဤလောက၌ မျက်စိရောဂါ, နားရောဂါ, ဦးခေါင်း ရောဂါမှစ၍ ရောဂါအမျိုးမျိုးတို့သည် ထင်ရှားစွာရှိကုန်၏၊ မျက်စိရော

www.dhammaransi.com



ဂါဖြစ်လျှင် မျက်စိ၌သာဖြစ်၏၊ အခြား၌မဖြစ်၊ မျက်စိရောဂါပျောက်လျှင် အခြား၌မပျောက်၊ မျက်စိပေါ်မှာသာ ပျောက်၏၊ နားရောဂါ ဦးခေါင်းရောဂါ စသည်တို့မှာလည်း ထိုနည်းတူစွာပင်တည်း၊ ထိုထိုရောဂါတို့၏ ဖြစ်ခြင်း,ပျောက်ငြိမ်းခြင်းတို့သည် လူတို့၏အမှတ်အသား, လူတို့၏ ဝေါဟာရစကားတို့ဖြင့်ထင်ရှားလှပါ၏။

ရောဂါဆိုသည်မှာ အခြားမဟုတ်၊ဖြစ်ရာဌာန၌ ရုပ်တို့သည် ဖောက်ပြန်ချွတ်ယွင်းကုန်၏၊ ထိုဖောက်ပြန်ချွတ်ယွင်းသောရုပ်တို့ကို အစွဲပြု၍ ဒုက္ခသဟဂုတ် ကာယဝိညာဉ်နှင့်တကွသောနာမ်ခန္ဓာလေးပါးဖြစ်ပေါ်ကြကုန်၏၊ ဤသို့ ဖောက်ပြန်သောရုပ်နှင့် ဒုက္ခဝေဒနာအုပ်စီးသောနာမ်ခန္ဓာတို့၏ဖြစ်ပေါ်သည်ကိုပင် ရောဂါ-ဟူ၍ခေါ်ဆိုရသည်။

မျက်စိရောဂါဖြစ်သည်ဆိုလျှင် အခြားဌာနကလာ၍ဖြစ်သည်မဟုတ်၊ မျက်စိ၌ရှိသော ရုပ်တို့ကိုသာအစွဲပြု၍ဖြစ်၏၊မျက်စိရောဂါငြိမ်းသည်ဆိုလျှင် ထိုရောဂါသည် ဘယ်ကိုမျှပြောင်းရွှေ့၍မသွား၊ ထိုမျက်စိ၌ပင် ပျောက်၏။

[မျက်စိရောဂါပျောက်၏-ဆိုသည်မှာအခြားမဟုတ်၊ထိုမျက်စိ၌ဖောက်ပြန်သောရုပ်အစဉ်တွေ ချုပ်ငြိမ်း၍ ညီညွတ်သောရုပ်အစဉ်တွေ ဖြစ်ပေါ်လာသည်၊ ထိုအခါ ဒုက္ခသဟဂုတ်ဝေဒနာအုပ်စီးလျက်ရှိသော နာမ်ခန္ဓာလေးပါး တို့လည်း ချုပ်ငြိမ်းကြကုန်သည်၊ဤသို့ဖြစ်မှုကိုပင် မျက်စိရောဂါပျောက်ငြိမ်း၏ဟုဆိုရသည်။]

မျက်စိရောဂါပျောက်ငြိမ်းရာ၌ ထိုရောဂါသည် ဘယ်ဌာနသို့မျှ ရွှေ့ပြောင်း၍သွားသည်မဟုတ်၊ ထိုမျက်စိပေါ်မှာပင် ချုပ်ငြိမ်းလေသည်၊ ဤသို့ရောဂါဖြစ်ပုံ,ရောဂါပျောက်ငြိမ်းပုံကိုပြဆိုသဖြင့် စောဒကဆရာဆိုသောအတိုင်း "စိတ်ဝိညာဉ်သည် နှလုံးအိမ်အတွင်းမှာ အမြဲတည်ရာပြု၍နေ၏၊အာရုံထိလာမှထိုအာရုံရှိရာသို့သွား၍ အာရုံကိုအာရုံပြု၏၊အာရုံချုပ်လျှင် ထိုစိတ်ဝိညာဉ်သည် မိမိတည်ရင်းဌာနသို့ ပြန်၍ ကိန်းဝပ်၏" ဆိုသောစကားသည် စင်စစ်မှားကြောင်း ထင်ရှားလှပေသည်၊ ဤစောဒနာချက်သည် လောကီလူများတို့၏ အမှတ်အသားများ, ဝေါဟာရစကားများဖြင့် မှားကြောင်းထင်ရှားလေသည်၊ ဤသို့ဖြေဆိုရာ၏။

www.dhammaransi.com



စောဒကပုဂ္ဂိုလ်က ဆိုဖွယ်ရှိပြန်သည်မှာ—

လောကအမှတ်အသားနှင့် လောကဝေါဟာရများ ဆိုသည်မှာ လူတို့ထင်သောအတိုင်းသာမှတ်သားကြကုန်၏၊ ထင်သောအတိုင်းသာ ပြောဆိုကြကုန်၏၊ ထိုလောကအမှတ်အသား, လောကဝေါဟာရများကို ပမာဏ မပြုလောက်ပါ၊အသိဉာဏ်ကိုသာလျှင် ပမာဏပြုလောက်ပါသည်-ဟူ၍ ဆိုဖွယ်ရှိပြန်လေသည်။

ဉာဏ်စကားပြောသော စောဒက ပုဂ္ဂိုလ်ကို ဤသို့ ပြန်၍မေးခွန်းထုတ်အပ်၏။

''အို ဉာဏ်စကားပြောသော စောဒကပုဂ္ဂိုလ်····သင်သည် ဉာဏ်သာလျှင် ပမာနဖြစ်သည်၊ ဉာဏ်ကိုသာလျှင် ပမာဏပြုအပ်သည်- ဟူ၍ဆိုဘိ၏၊ ဤအရာ၌ သင်သည် အဘယ်ဉာဏ်မျိုးကို ဆိုလိုပါသနည်း၊ သင်စောဒက ပုဂ္ဂိုလ်အား ဤကဲ့သို့ နက်နဲ သိမ်မွေ့သော အရာမျိုး၌ ဉာဏ်နှစ်မျိုးရှိကြောင်းကို ပြဆိုပါဦးမည်၊အနုမာနဉာဏ်,ပဋိဝေဓဉာဏ် ဟူ၍ ဉာဏ်နှစ်မျိုးရှိသည်။

၁။ နက်နဲသိမ်မွေ့သော ပရမတ္ထဓမ္မတို့၌ စုံစမ်းသောဉာဏ်, မှန်းဆသော ဉာဏ်မျိုးသည် အနုမာနဉာဏ်မည်၏။

၂။ သဘောမှန်သို့ထိအောင်စူးစိုက်သောဉာဏ်သည် ပဋိဝေဓဉာဏ်မည်၏။

''အနုမာန-မျက်ရမ်းဆ'' ဆိုသောစကားအတိုင်း ဟုတ်တန်ကောင်း၏-ဟု မှန်းဆသော ဉာဏ်မျိုးသည် သမာဓိဘာဝနာ, ပညာဘာဝနာများကို မပွားဘူးသော ပကတိလူတို့၏ ဉာဏ်မည်၏၊ ထိုအနုမာနဉာဏ်မျိုးသည် ပရမတ္ထဓမ္မတို့၏ သဘာဝသို့ထိအောင် စူးစိုက်နိုင်သော ဉာဏ်မျိုးမဟုတ်ချေ၊ ပဋိဝေဓ ဉာဏ်မျိုးသည် သမာဓိဘာဝနာ, ပညာဘာဝနာတို့ကိုပွားများ၍ ဉာဏ်ပညာကြီးထွားသော ပုဂ္ဂိုလ်မြတ်တို့၏ ဉာဏ်မျိုးဖြစ်ပေသည်၊ ထိုပဋိဝေဓဉာဏ်မျိုးမှ သာလျှင် ပရမတ္ထဓမ္မတို့၏ သဘာဝသို့တိုင်အောင် စူးစိုက်ထိုးထွင်းနိုင်သည်။

www.dhammaransi.com



ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ-ဟူသော အမှတ်သညာ လက်ရိုးကြီးများကိုပယ်ရှား၍ တရားသဘောသက်သက်, ဓာတ်သဘောသက်သက်သို့ ထိုးထိုက်အောင် စူးစိုက်သော ပဋိဝေဓ ဉာဏ်မျိုးမှသာလျှင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တည်းဟူသော ပရမတ္ထသဘောမှန်, သဘောစစ်တို့ကို ထိထိရောက်ရောက် သိမြင်နိုင်သည်၊ ပရမတ္ထတရားတို့မည်သည်မှာ သို့ကလောက် သိမ်မွေ့နူးညံ့ကြကုန်သည်၊ ထိုပရမတ္ထတရားတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ အထင်အမှတ်များကို တခဏမျှ မပယ်ရှားနိုင်ကြကုန်သော ပကတိလူသာမန်တို့၏ ပကတိဉာဏ်မျိုးဖြင့် သိမြင်နိုင်သော အရာမဟုတ်ကြကုန်၊ သမာဓိဘာဝနာ, ပညာဘာဝနာများကို ပွားများအားထုတ်ခြင်း အလေ့မရှိသော သူတို့၏ သာမညဉာဏ်ဖြင့် သိမြင်နိုင်သော အရာတို့လည်း မဟုတ်ကြကုန်၊ ပဋိဝေဓဉာဏ်၏အရာသာဖြစ်ကြကုန်သည်။

အနုမာနဉာဏ်ဖြင့် အဖန်ဖန်လေ့လာအားထုတ်သောအခါ ဉာဏဘာဝနာကိစ္စဖြစ်၏၊ ထိုဉာဏဘာဝနာ ရင့်သန်လာသောအခါ ပဋိဝေဓဉာဏ်အဖြစ်သို့ရောက်၏၊ ပဋိဝေဓဉာဏ် ပေါက်ရောက်တော်မူကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်အရှင်မြတ်တို့ ဟောကြားတော်မူအပ်သော တရားတို့၌ ဉာဏဘာဝနာ နည်းလမ်းတို့သည် လွန်စွာများကုန်၏၊ ထိုဉာဏဘာဝနာ နည်းလမ်းအတိုင်း အနုမာနဉာဏ်ဖြင့် ကြံဆပါလျှင် ပဋိဝေဓဉာဏ်နှင့် အလားတူစွာပင်လျှင် ပရမတ္ထဓမ္မတို့ကို ထိထိရောက်ရောက်စူးရှသိမြင်နိုင်၏၊ ဤနည်းအတိုင်း အနုမာနဉာဏ်ဖြင့် အဖန်ဖန်လေ့ကျင့်သောအခါ ပဋိဝေဓဉာဏ်သို့ရောက်၍ ပရမတ္ထဓမ္မတို့ကို လှလှမိမိ ထိထိရောက်ရောက်ကြီး သိမြင်နိုင်ကြကုန်သည်။

ပဋိဝေဓဉာဏ် ပေါက်တော်မူကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်မြတ်ကြီးတို့ ဟောကြားတော်မူအပ်သော ဉာဏဘာဝနာဒေသနာနည်းလမ်းများကိုလည်း မကြားစဘူး၊ ထိုကျမ်းဂန်မျိုးများကိုလည်း မကြည့်စဘူး၊ သမာဓိဘာဝနာ, ပညာဘာဝနာများကိုလည်း မပွားစဘူး၊ ထိုကဲ့သို့သော ပကတိလူသာမန်တို့၏ အနုမာနဉာဏ်မျိုးဖြင့် ကြံဆပါမူ

www.dhammaransi.com



ကား ပရမတ္ထဓမ္မသို့ မခိုက်ဘဲ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ နယ် အတွင်း၌သာလျှင် မျက်စိလယ်၍ နေမည်အမှန်တည်း။

[သာမန်လူစား ပကတိလူများတို့၏ အနုမာနဉာဏ်သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ,ဇီဝနယ်ကမထွက်နိုင်၊ ပရမတ္ထဓမ္မကို ထိခိုက်နိုင်မည် ဝေးစွ-ဆိုလိုသည်။]

ထိုသာမညဖြစ်သော ပကတိလူတို့သည် အဘိဓမ္မာစကား, ပရမတ္ထ စကားကို ဖွာဖွာလောင်လောင် တဖောင်ဖောင် ပြောနေကြ ကုန်သော် လည်း ထိုပကတိလူစားတို့၏ ဉာဏ်သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ နယ်သို့သာလျှင် အစဉ်လျှောက်၍ နေလိမ့်မည်။

**ဥပမာအားဖြင့်**-ဗူးတောင်းကို ရေ၌နှစ်လေရာ မနစ်ဘဲ ပေါ်၍သာ နေသကဲ့သို့ ပကတိလူတို့၏ ဉာဏ်သည် ပရမတ္ထဓမ္မသို့ ထိခိုက်အောင် ကြံဆပါသော်လည်း ပရမတ္ထဓမ္မသို့တိုင်အောင် စူးစိုက်ခြင်းမရှိဘဲ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝတွေအပေါ်မှာသာလျှင် ပေါလောကြီး ပေါ်၍နေလိမ့်မည်ဖြစ်သတည်း။

ဉာဏ်စကား ပြောသော စောဒကပုဂ္ဂိုလ်၏ ဉာဏ်မှာ "အဘယ် ဉာဏ်ကို ဆိုလိုပါသနည်း" ဟူ၍ ပြန်လှန်ကာ မေးခွန်းထုတ်အပ်၏၊ ဤသို့မေးခွန်းထုတ်ခဲ့ပါလျှင် စောဒကပုဂ္ဂိုလ်သည် မည်သို့မျှနှုတ်မဟ နိုင်ဘဲ ငုတ်တုတ်ကြီးမှိုင်ငေး၍သာနေရမည်ဖြစ်သတည်း။

အဘယ့်ကြောင့်နည်းဆိုသော် စောဒကပုဂ္ဂိုလ်၏ စောဒနာ ပုံများကို ထောက်ထားလျှင် ပရမတ္ထဓမ္မတို့၏ သဘောသဘာဝ တို့၌ လိမ္မာခြင်းမရှိကြောင်း ထင်ရှားလေသောကြောင့်တည်း၊ အကယ်၍ ပရမတ္ထဓမ္မအရာ၌ လိမ္မာစူးစိုက်သော ဉာဏ်မျိုးစေ့ ရှိပါလျှင် ဖော်ပြခဲ့သောစောဒနာမျိုးကိုပြောဆိုမည်မဟုတ်ချေ။

[**မှတ်ချက်**။ ။ဤစိတ္တယမိုက်၌ပြဆိုခဲ့သော စောဒနာချက်များနှင့် အဖြေများ ကို ထုတ်ဖော်ထည့်သွင်းပြဆိုရသည်မှာ လောက၌ ဤကဲ့သို့စောဒနာသောပုဂ္ဂိုလ် မျိုး,ဤကဲ့သို့ထင်မှတ်နေသောပုဂ္ဂိုလ်မျိုး ရှိတတ်ကြသောကြောင့် ရှင်းလင်းစေခြင်း အကျိုးငှါ ထည့်သွင်းဖော်ပြရပါသတည်း။]

www.dhammaransi.com



အကြင်သူတို့သည်ရုပ်တရားနာမ်တရားတို့၏ ဖြစ်ခြင်းဥပါဒ်သဘော, ချုပ်ခြင်းနိရောဓသဘောများသို့တိုင်အောင် ဉာဏ်မစူးစိုက်နိုင်၊ ထိုသူတို့သည် ရုပ်တရား နာမ်တရားတို့၏ဖြစ်ခြင်း, ပျက်ခြင်းသဘောကိုမထင်နိုင်, မမြင်နိုင်ကြကုန်၊ ရုပ်နာမ်တရားတို့၏ သန္တတိ အစဉ်အတန်းကြီးတွေကိုသာလျှင် မြင်၍နေကြကုန်လိမ့်မည်။

၁။ ရုပ်၏သန္တတိ, နာမ်၏သန္တတိကိုသာ မြင်တတ်ကြကုန်သောသူတို့သည် "ငါ၏စိတ်သည် ငါ၏ကိုယ်သန္တာန်အတွင်း၌ အမြဲတည်ရှိ၏၊ ထိုစိတ်သည်ပင်လျှင် အာရုံအမျိုးမျိုး ထိခိုက်ရာသို့ လှည့်လည်ကျက်စား၍နေ၏" ဟူ၍မှတ်ယူကြကုန်၏။

၂။ နံနက်အခါကလည်းထိုစိတ်, နေ့လည်အခါ၌လည်းထိုစိတ်, ညချမ်းအခါ၌လည်းထိုစိတ်, မနေ့ကလည်းထိုစိတ်, ယနေ့လည်းထိုစိတ်, နက်ဖြန်၌လည်း ထိုစိတ်၊ မွေးဖွားသည်ကစ၍ စုတေသည်တိုင်အောင် ထိုစိတ်-ဟူ၍နိစ္စ,ဓာဝရအနေအားဖြင့်မှတ်သားစွဲယူကြကုန်၏။

၃။ ငါသည် ထိုစိတ်ဖြင့်သွား၏၊ထိုစိတ်ဖြင့်ရပ်၏၊ထိုစိတ်ဖြင့်ထိုင်၏၊ ထိုစိတ်ဖြင့်လျောင်း၏၊ ထိုစိတ်ဖြင့်ကိစ္စအမျိုးမျိုးကို ဆောင်ရွက်၏-ဟူ၍ မှတ်ထင်စွဲလမ်းကြကုန်၏။

ထိုသူတို့သည်ကား စိတ်ဓာတ်၏ ပဋိစ္စသမုပ္ပါဒ်သဘောကို မသိရှိသောသူတို့ဖြစ်ကြကုန်သည်၊စိတ်ဓာတ်၏ပဋိစ္စသမုပ္ပါဒ် သဘောကိုသိပါလျှင်ထိုကဲ့သို့မှတ်ထင်စွဲလမ်းကြမည်မဟုတ်ကုန်။

## စိတ်၏ပဋိစ္စသမုပ္ပါဒ်ကိုပြဆိုချက်

အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ခြင်းသဘောကို ပဋိစ္စသမုပ္ပါဒ်ဆိုသည်၊ အကြောင်းရှိလျှင် ဖြစ်၏၊ အကြောင်းမရှိလျှင် မဖြစ်၊ ရှေးကဖြစ်နေနှင့်သည်လည်းမဟုတ်၊အကြောင်းနှင့်တွေ့ဆုံမှ ဘွားကနဲဖြစ်ပေါ်လာသည်။

[ဤကား ပဋိစ္စသမုပ္ပါဒ်၏ သဘောပေတည်း။]

စက္ခုဝိညာဉ်စိတ်၏ပဋိစ္စသမုပ္ပါဒ်အချက်ကိုပြဆိုပါမည်။

စက္ခုပသာဒတည်းဟူသော မျက်စိအကြည်ဓာတ်,အဆင်းတည်းဟူသော အာရုံဓာတ်၊ ဤဓာတ်နှစ်ပါးတို့ပေါင်းဆုံမိလျှင် စက္ခုဝိညာဉ်

www.dhammaransi.com



စိတ်ဘွားကနဲဖြစ်ပေါ်လိမ့်မည်၊ မပေါင်းဆုံမိလျှင် မည်သည့်နည်းနှင့်မျှ ဖြစ်ပေါ်နိုင်မည်မဟုတ်၊ ထိုစက္ခုဝိညာဉ်စိတ်သည် စက္ခုနှင့်ရူပါရုံကင်းလျှင် တစုံတယောက်သော လူ, နတ်, ဗြဟ္မာတို့၏တန်ခိုးဖြင့် ဖန်ဆင်းသော်လည်း ဖြစ်လိမ့်မည်မဟုတ်၊ ဖြတ်စွာဘုရားတို့ပင်သော်လည်း စက္ခုနှင့် ရူပါရုံကိုကြဉ်ထား၍ စက္ခုဝိညာဉ်စိတ်ဖြစ်ပေါ်အောင် တတ်စွမ်းတော်မမူနိုင်ကြကုန်။

စက္ခုနှင့်ရူပါရုံတွေ့ဆုံထိခိုက်ကြသောအခါ စက္ခုဝိညာဉ် စိတ်သည် အမှန်ဖြစ်ပေါ်လိမ့်မည်၊ ထိုအခါ တစုံတယောက်သောလူ, နတ်, ဗြဟ္မာတို့၏ တန်ခိုးဖြင့်တားမြစ်သော်လည်း စက္ခုဝိညာဉ်စိတ်မဖြစ်ပေါ်ဘဲနေလိမ့်မည်မဟုတ်၊ စက္ခုနှင့်ရူပါရုံ ထိခိုက်ဆဲအခါတွင် ဘုရားရှင်ကိုယ်တိုင်တားသော်လည်း စက္ခုဝိညာဉ်စိတ်ကိုမဖြစ်ပေါ်အောင် တတ်စွမ်းတော်မူနိုင်မည်မဟုတ်ချေ၊ ဤကဲ့သို့အကြောင်းတိုက်ဆိုင်လာလျှင် အမှန်ဖြစ်သည်၊ အကြောင်းမတိုက်ဆိုင်လျှင် မဖြစ်-ဟူသော သဘောကို ပဋိစ္စသမုပ္ပါဒ်သဘောဟူ၍မှတ်လေ။

[သောတဝိညာဉ်စသောစိတ်တို့၏ ပဋိစ္စသမုပ္ပါဒ် သဘောကိုလည်း ဤနည်းအတိုင်းသိပါလေ။]

## ဇနကိယပစ္စည်းသဘောအားဖြင့် စက္ခုဝိညာဉ် မည်ပုံကိုပြဆိုချက်

စက္ခုံ သမ္ဘ ဥပ္ပဇ္ဇတိ ဝိညာဏံ စက္ခုဝိညာဏံ။ ။စက္ခုံ၊ စက္ခုဝတ္ထုပေါ်သို့။ ဥပ္ပဇ္ဇတိ၊ မှီ၍ဖြစ်သော။ ဝိညာဏံ၊ ဝိညာဉ်စိတ်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်မည်၏။

ဤဝိဂြိုဟ်သည်ကား နိဿယပစ္စည်းသဘောအားဖြင့် ပြဆိုအပ်သောဝိဂြိုဟ်ဖြစ်သည်၊ နိဿယပစ္စည်း၏သဘောမှာ စက္ခုဝတ္ထုသည် မှီရာအားဖြင့်စက္ခုဝိညာဉ်စိတ်အား ကျေးဇူးပြု၏၊စက္ခုဝိညာဉ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍ဖြစ်၏၊ စက္ခုဝတ္ထုသည် နိဿယပစ္စည်း, စက္ခုဝိညာဉ်သည် နိဿယပစ္စယုပ္ပန်တည်း။

www.dhammaransi.com



ဣန္ဒြိယပစ္စည်းသဘောအားဖြင့်ဝိဂ္ဂြိုဟ်ပြုလျှင်–

စက္ခု၊ဿ ဝိညာဏန္တိ စက္ခုဝိညာဏံ။ ။စက္ခုဿ၊ စက္ခုဝတ္ထု၏။ ဝိညာဏံ၊သိမှုတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ စက္ခုဝိညာဏံ၊ စက္ခု ဝိညာဉ်မည်၏။ ဤသို့ဝိဂ္ဂြိုဟ်ပြုလေ၊ စက္ခုဝတ္ထု၏သိမှုကို စက္ခုဝိညာဉ် ဆိုသည်ဟုမှတ်။

စက္ခု၏သိမှု-ဟူသောအဓိပ္ပါယ်ကိုဖြေရှင်းပါမည်။

**ပဋ္ဌာန်းဣန္ဒြိယပစ္စည်းအရာ၌**–စက္ခုဝတ္ထုသည် ဣန္ဒြိယပစ္စည်း, စက္ခု ဝိညာဉ်သည် ဣန္ဒြိယပစ္စယုပ္ပန်၊အစိုးရခြင်းသဘောကို ဣန္ဒြိယခေါ်သည်၊ ထို့ကြောင့် စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်ကိုအစိုးရ၏၊ စက္ခုဝိညာဉ် သည် စက္ခုဝတ္ထု၏အစိုးရခြင်းကို ခံရ၏၊ ဤအရာ၌ရုပ်တရားကအစိုးရ သော အရှင်သခင်ဖြစ်၍ နာမ်တရားက အုပ်စိုးခံရသော ကျေးကျွန် သဖွယ်ဖြစ်လေသည်၊ စက္ခုဝိညာဉ်ဟုဆိုအပ်သော မြင်ခြင်းသဘောကို စက္ခုဝတ္ထုကပိုင်ဆိုင်သည်, အုပ်စိုးသည်ဟုဆိုလိုသည်။

**ဥပမာအားဖြင့်ထင်ရှားစွာပြပါအံ့။** ။ကြည်လင်သောရေအပြင်၌၎င်း, မှန်အပြင်၌၎င်း, မျက်နှာရိပ်အစရှိသော အဆင်းနိမိတ် အာရုံတို့သည် ထင်မြင်ကြကုန်၏၊ ထိုသို့ပင် ထင်ကြကုန်သော်လည်း ရေနှင့်မှန်တို့မှာ (ဣန္ဒြိယပစ္စည်းသဘောမရှိကြကုန်သောကြောင့်) မြင်ခြင်းကိစ္စမရှိကြ ကုန်၊ ထို့ကြောင့် ရေကမြင်သည်,မှန်ကမြင်သည် -ဟူ၍ မဆိုရဘဲမျက်စိ ကသာမြင်သည်-ဟူ၍ဆိုရသည်၊ စက္ခုအစရှိသော ကမ္မဇရုပ်တို့၌သာ လျှင် ဣန္ဒြိယပစ္စည်းသဘောကို ရကြကုန်သည်၊ အခြားသောရုပ်တို့၌ ကား ဣန္ဒြိယပစ္စည်းသဘောကိုမရကုန်၊ ထို့ကြောင့် ရေအကြည်, မှန် အကြည်တို့၌ ရူပါရုံနိမိတ် ထင်ကြကုန်သော်လည်း မြင်ခြင်းကြိယာ မဖြစ်နိုင်ဘဲရှိသတည်း၊ ထို့ကြောင့် ရေနှင့်မှန်တို့သည် သတ္တဝါသဘော, ဇီဝသဘော, အသက်သဘောမရှိကြကုန်-ဟူ၍ လူများအပေါင်းပင် သိနိုင်ကြကုန်သည်။

**စက္ခုဝတ္ထုအကြည်သည်ကား။** ။ဆိုခဲ့ပြီးသော ရေအကြည်, မှန်အ ကြည်တို့ကဲ့သို့ မဟုတ်ကုန်၊ မြင်ခြင်းသဘောကို စိုးပိုင်သော ဣန္ဒြိယ

www.dhammaransi.com



ပစ္စယသတ္တိတန်ခိုးရှိလေသောကြောင့် မျက်စိအကြည်၌ ရူပါရုံထင်မြင်လာလျှင် မြင်ခြင်းကြိယာကိုထွက်ပေါ်ဖြစ်ပွားစေနိုင်၏၊ ထိုစက္ခုဝိညာဉ်စိတ်ဖြစ်ပေါ်သောအခါ "ငါ၏မျက်စိသည် အဆင်းကိုမြင်၏၊ လကိုမြင်၏၊ နေကိုမြင်၏၊ လူကိုမြင်၏" စသောအားဖြင့် ပြောဆိုနိုင်သောအခွင့်ကို ရရှိကြကုန်၏၊ ထို့ကြောင့် မျက်စိတည်းဟူသော စက္ခုဝတ္ထုသည် အသက်ရှိ၏၊ သတ္တဝါသဘောရှိ၏-ဟူ၍ လူများအပေါင်းတို့ပင်လျှင် မှတ်သားကြကုန်၏။

ထိုသို့ လောကီလူများအပေါင်းတို့၏ မှတ်သားရိုးရှိသည်အတိုင်း စက္ခု၏ မြင်မှုဖြစ်သောကြောင့် စက္ခုဝိညာဉ်-ဟူ၍ ခေါ်ဆိုရလေသည်၊ ထိုလောကီလူများ အပေါင်းတို့သည်ကား ထိုစက္ခုဝိညာဉ်စိတ်ကို အကြောင်းဆုံသဖြင့် ဖြစ်ပေါ်လာသော တရားတမျိုး-ဟူ၍ မသိကြကုန်၊ စက္ခုဝတ္ထုနှင့် စက္ခုဝိညာဉ်စိတ်ကို တပေါင်းတည်းပင် ထင်မြင်မှတ်ယူကြကုန်သည်။

**အဘိဓမ္မာဒေသနာတော်ကြီး၌မူကား။** ။စက္ခုဝိညာဉ်သည် ခတ်အသီးအခြား, ဓမ္မအသီးအခြား အကြောင်းတိုက်ဆိုင်မှု ဖြစ်ပေါ်သောတရား-ဟူ၍ ထင်ရှားစွာဟောကြားတော်မူ၏၊ မြင်ခြင်းသဘောသည် စက္ခုဝတ္ထုစိုးပိုင်သောတရား-ဟူ၍ထင်ရှားစွာဟောတော်မူ၏။

စက္ခုဝတ္ထုသည် အသက်ရှိ၏၊ ဇီဝရှိ၏-ဆိုသောစကားမှာ ဇီဝိန္ဒြိယပစ္စည်းသဘောအားဖြင့် ရုပ်ဇီဝိတိန္ဒြေရှိသည်ကိုရည်၍ဆိုသည်၊ ရုပ်ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်ဖြစ်၏၊ ကမ္မဇရုပ်ကလာပ်တို့၌သာဖြစ်၏၊ ကမ္မဇရုပ်တို့နှင့်သာပေါင်းသင်းစုဝေး၍နေ၏၊ ရုပ်ဇီဝိတိန္ဒြေသည်မိမိနှင့်ပေါင်းသင်းသမျှသောရုပ်တို့ကို အသက်ရှင်ခြင်းသဘောအားဖြင့် အုပ်စိုး၍နေ၏၊ ထို့ကြောင့် ရုပ်ဇီဝိတိန္ဒြေနှင့်ကလာပ်တူဖြစ်ကြသော ကမ္မဇရုပ်တို့သည် အသက်ရှိသောအရှင်သဖွယ်ဖြစ်နေကြကုန်သည်။

ထိုရုပ်ဇီဝိတိန္ဒြေပါရှိသော ကမ္မဇရုပ်တို့သည် သတ္တဝါထင်မှတ်ဖွယ်သော မြင်ခြင်း, ကြားခြင်း အစရှိသည့်ကြိယာအမှုအရာတို့ကို ဆောင်ရွက်၍နေကြကုန်သည်၊ ထိုအသက်သဖွယ်, သတ္တဝါ၏အမှုအရာသဖွယ်ဖြစ်နေပုံများကို အတင်းဖမ်းပြီးလျှင် အတ္တဒိဋ္ဌိကတကယ်စင်စစ်သတ္တဝါ

www.dhammaransi.com



ဖြစ်သည်၊ တကယ်စင်စစ်အသက်ရှင်သည်-ဟူ၍ အမှောက်အမှားကြီး စွဲလမ်းလေသတည်း။

ရုပ်ဇီဝိတိန္ဒြေ၏ အသက်ရှင်ပုံသဘောကတမျိုး, ဒိဋ္ဌိတို့စွဲလမ်းသော ဇီဝသဘောက တမျိုးဖြစ်သည်၊ ရုပ်ဇီဝိတိန္ဒြေ၏ အသက်ရှင်စေပုံမျိုး, နာမ်ဇီဝိတိန္ဒြေ၏ အသက် ရှင်စေပုံမျိုးကို ကျကျနန နားလည်ပါလျှင် သတ္တဝါသည်အသက်ရှိ၏-ဟူသောဇီဝဒိဋ္ဌိကြီးကို ပယ်ရှားနိုင်မည်အမှန် ဖြစ်သတည်း၊ ဤကား ဣန္ဒြိယပစ္စည်း သဘောအားဖြင့် စက္ခုဝိညာဉ် စိတ်ကို ပြဆိုသော စကားရပ်ပေတည်း၊ သောတဝိညာဉ်, ဃာန ဝိညာဉ်, ဇိဝှါဝိညာဉ်တို့၌လည်း ဤနည်းကိုမှီ၍သိပါလေ။

ဣန္ဒြိယ ပစ္စည်းသဘောအားဖြင့် သောတဝတ္ထုသည် ကြားမှုကို အစိုးရ၏၊ ဃာနဝတ္ထုသည် နံမှုကို အစိုးရ၏၊ ဇိဝှါဝတ္ထုသည် အရ သာသိမှုကိုအစိုးရ၏-ဟုမှတ်လေ။

**ကာယဝိညာဉ်ကိုပြဆိုပါဦးမည်**

ကာယဿ ဝိညာဏန္တိ ကာယဝိညာဏံ။ ။ကာယဿ၊ ကိုယ်၏။ ဝါ၊ကာယဝတ္ထု၏။ ဝိညာဏံ၊ ဝိညာဉ်တည်း။ဣတိတသ္မာ၊ ထို့ကြောင့်။ ကာယဝိညာဏံ၊ ကာယဝိညာဉ်မည်၏။ ဣန္ဒြိယပစ္စည်း သဘောအား ဖြင့် ပြသော ဝိဂြိုဟ်တည်း၊ ကာယသည် အပူကိုသိခြင်း, အအေးကိုသိ ခြင်း, အကြမ်းကိုသိခြင်း, အနုကိုသိခြင်း စသောကာယဝိညာဉ် အမှု အရာတွေကို အစိုးရ၏၊ ကာယပသာဒကား အရှင်သခင်, ကာယဝိညာဉ် စိတ်ကား ကျေးကျွန်ဆိုလိုသည်။

**ဥပမာအားဖြင့်**-ထင်းတုံးကိုသော်၎င်း,မြေဆိုင်ခဲကိုသော်၎င်း မီးပြင်း တိုက်ရာ၌ပူမှုကိုသိသော ကြိယာမပေါ်နိုင်၊ ထင်းတုံးနှင့်မြေဆိုင်ခဲတို့က ပူပါသည်,လောင်ပါသည်-ဟူ၍ မငြီးတွား၊ထင်းတုံးနှင့်မြေဆိုင်ခဲတို့မှာ ဣန္ဒြိယပစ္စည်းသဘောမရှိ၊ ရုပ်ဇီဝိတိန္ဒြေမရှိ၊ ထို့ကြောင့် ပူမှုကိုသိသော ဝိညာဉ်ကို မဖြစ်ပေါ်စေနိုင်၊ ဇီဝိတိန္ဒြေ ရုပ်မရှိသောကြောင့် ပူပါသည်-ဟူ၍ မငြီးတွားနိုင်ကြကုန်၊ ထို့ကြောင့် ထင်းတုံးစသည်၌ သတ္တဝါ သဘောမရှိ,ဇီဝသဘောမရှိ-ဟူ၍လူအပေါင်းပင်သိကြကုန်သည်၊လူတို့၌

www.dhammaransi.com



ကာယကြီးသည်ကား ထင်းတုံး, မြေဆိုင်ခဲတို့ကဲ့သို့ မဟုတ်၊ ဣန္ဒြိယ ပစ္စည်းသဘောရှိသည်၊ ဇီဝိတိန္ဒြေရုပ်ရှိသည်၊ ထို့ကြောင့် အပူနှင့်ထိလျှင် ပူမှန်းသိသော ဝိညာဉ်ကိုပေါ်စေနိုင်၏၊ အအေးနှင့်ထိလျှင် အေးမှန်းသိသော ဝိညာဉ်ကို ပေါ်စေနိုင်၏။

မီးနှင့်ထိသောအခါ ငါ၏ကိုယ်ပူလှ၏၊ ရေခဲနှင့် ထိသောအခါ ငါ၏ ကိုယ်အေးလှ၏-ဟူ၍ဆိုခွင့်ရှိ၏၊ ထို့ကြောင့် သတ္တဝါတို့၏ ကိုယ်ကာယကြီးသည် သတ္တဝါသဘောရှိ၏၊ အသက်ရှင်သော ဇီဝသဘောရှိ၏-ဟူ၍ လူများအပေါင်းတို့ပင် အမှတ်အသားပြုခါ သမုတ်ကြကုန်သည်၊ ဤသို့ကာယ၏ ဝိညာဉ်, ကာယစိုးပိုင်သော ဝိညာဉ်ဖြစ်သောကြောင့် ကာယဝိညာဉ်ခေါ်သည်၊ လောကီလူများအပေါင်းတို့သည် ထိုကာယဝိညာဉ်စိတ်ကို စိတ်အသီးအခြား-ဟူ၍ မသိကြကုန်၊ ကာယနှင့်တွဲ၍ တပေါင်းတည်း အမှတ်ထားလိုက်ကြကုန်၏။

**အဘိဓမ္မာဒေသနာတော်ကြီး၌မူကား**-ကာယဝိညာဉ်သည် စိတ်အသီးအခြား, ဓာတ်အသီးအခြား၊ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံ ထိခိုက်သောအခါမှ ဖြစ်ပေါ်သော တရား-ဟူ၍ ထင်ရှားစွာ ဟောကြားတော်မူ၏၊ ကာယပသာဒသည် ရုပ်ဇီဝိတိန္ဒြေနှင့် အမြဲတွဲယှဉ်လျက် ရှိသောကြောင့် အသက်အရှင်ဖြစ်၍နေ၏၊ တကိုယ်လုံးမှာ ကာယပသာဒရှိသောကြောင့် တကိုယ်လုံးသည် အသက်အရှင်ကြီး ဖြစ်၍နေ၏၊ ထိုသို့အရှင်သဘော, ဣန္ဒြိယသဘောရှိသောကြောင့် တကိုယ်လုံးမှာ ဘယ်နေရာမဆို ဖောဋ္ဌဗ္ဗာရုံထိခိုက်လျှင် သိနိုင်သော ဝိညာဉ်စိတ်တွေတဖွားဖွား ဖြစ်ပေါ်၏၊ ဤသို့ဇီဝိတိန္ဒြေ၏ အရှင်သဘောကို အစွဲပြု၍ အတ္တဒိဋ္ဌိကြီးက ဤကိုယ်သည် သတ္တဝါအမှန်တည်း၊ ပုဂ္ဂိုလ်အမှန်တည်း၊ အသက် အရှင်တည်း-ဟူ၍ အပြင်းအထန် အမှောက်အမှား စွဲလမ်းလေသည်။

## မနောဝိညာဉ်ကိုပြဆိုပါဦးမည်

မနဿဝိညာဏန္တိ မနော ဝိညာဏံ။ ။မနဿ၊ မနောဓါတ်၏၊ ဝိညာဏံ၊ အသိတည်း။ ဝါ၊ ဝိညာဉ်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မနောဝိညာဏံ၊ မနောဝိညာဉ်မည်၏။ ဤဝိဂ္ဂဟ်အလိုအားဖြင့် မနော

www.dhammaransi.com



ဒွါရ၏ သိမှုတွေကို မနောဝိညာဉ်ဆိုသည်မှတ်လေ၊ ဘဝင်စိတ်တို့ကို မနောဒွါရဟုခေါ်သည်၊ ထိုမနောဒွါရမှ ဖြစ်ပေါ်လာသော မနောဒွါရိကဝီထိစိတ်တို့ကို မနောဝိညာဉ်ခေါ်သည်၊ အထူးထူးသော အခြင်းအရာအားဖြင့် သိသော စိတ်ကိုဝိညာဉ်-ဟုဆို၏၊ ဘဝင်စိတ်များသည် အထူးထူးသိတတ်သည်မဟုတ်၊ အာရုံသစ်ကိုလည်း ယူနိုင်သည်မဟုတ်၊ အာရုံပြုမြဲတိုင်းသော အာရုံတခုကိုသာ အာရုံပြုနိုင်သည်၊ ထိုဘဝင်တည်းဟူသော မနောဒွါရဖြစ်သော ဝီထိစိတ်သည် အထူးထူးအထွေထွေသိသော ဝိညာဉ်သဘောနှင့် ပြည့်စုံကြကုန်၏၊ ထို့ကြောင့် မနောဝိညာဉ်ဆိုသည်။

**ဤဝိဂြိုဟ်အလိုအားဖြင့်**–မနောဒွါရ ခေါ်သော ဘဝင်စိတ်များသည် မနောဝိညာဏဓာတ် မဟုတ်ဟု အဓိပ္ပါယ်ရောက်လေသည်၊ စင်စစ်သော်ကား ဘဝင်စိတ်တို့သည်လည်း မနောဝိညာဏဓာတ်တို့ ဖြစ်ကြကုန်၏၊ ဤဝိဂြိုဟ်ကို ပြဆိုခြင်းမှာ မနောဝိညာဉ်၏ သဘောကို အထူးသိစေလို၍သာ ဖြစ်ပေသည်၊ ဘဝင်စိတ်တို့သည်လည်း မနောဝိညာဉ်တို့သာ ဖြစ်ကြကုန်၏-ဟူသော စကားလည်း မှန်ပေ၏၊ ဘဝင်စိတ်တို့သည် အထူးထူးသိသော ဇောစိတ်တို့၏ အကျိုးဖြစ်ကုန်သည်၊ အထူးထူးသိ၍ ကံဟုဆိုအပ်သောဇောစိတ်တို့ကြောင့် ဖြစ်သော ဝိပါက်တို့ဖြစ်ကြကုန်သည်၊ ထို့ကြောင့် ဘဝင်စိတ်တို့လည်း မနောဝိညာဉ်ဟူသော ဝေါဟာရကို ရရှိကြကုန်သည်။

ထို့ကြောင့် ထိုဘဝင်စိတ်၏ မနောဝိညာဉ်မည်ကြောင်းကို ဤသို့ဝိဂြိုဟ်ပြုအပ်၏။

မနောဝေ ဝိညာဏန္တိ မနောဝိညာဏံ။ ။မနောဝ၊ မနောဒွါရဟုဆိုအပ်သော ဘဝင်သည်ပင်လျှင်။ဝိညာဏံ၊ ဝိညာဉ်မည်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မနောဝိညာဏံ၊ မနောဝိညာဉ်မည်၏။ ဤသို့ဝိဂြိုဟ်နှစ်မျိုး ပြုသောအခါ မနောဒွါရစိတ်, မနောဒွါရ၌ ဖြစ်သောစိတ်တို့၏ မနောဝိညာဉ်မည်ကြောင်း အဓိပ္ပါယ် ထင်ရှားလေ၏။

မနောဝိညာဉ်စိတ်တို့၏ အထူးထူးသိပုံသည် လွန်စွာများပြားလှ၏၊ သဗ္ဗညုတဉာဏ်တော် ကြီးသည်လည်း မနောဝိညာဉ် စိတ်ပင်ဖြစ်၏၊

www.dhammaransi.com



ချာန်စိတ်, အဘိညာဥ်စိတ်, မဂ်စိတ်, ဖိုလ်စိတ်တို့သည်လည်း မနောဝိညာဥ်စိတ်တို့ပင်ဖြစ်ကြကုန်၏၊ စက္ခုဝိညာဥ်စိတ်,သောတဝိညာဥ်စိတ်, ဃာနဝိညာဥ်စိတ်, ဇိဝှါဝိညာဥ်စိတ်, ကာယဝိညာဥ် စိတ်တို့သည် အဗျာကတတို့သာဖြစ်ကြကုန်၏၊မနောဝိညာဥ်စိတ်သည်ကား ကုသိုလ်, အကုသိုလ်, အဗျာကတအားဖြင့် သုံးပါးအပြားရှိ၏။

[ပဉ္စဝိညာဥ်စိတ်မှတပါးသောစိတ်တို့ကို မနောဝိညာဥ်စိတ်ခေါ်သည်။]

ပုထုဇဥ်ဖြစ်သောလောကီလူများအပေါင်းတို့သည်ထိုမနောဝိညာဥ်တို့ကိုပင်လျှင် သတ္တဝါတို့၏ အတွင်းအင်္ဂါအကြီးဆုံး-ဟူ၍ မှတ်ထင်နေကြကုန်၏၊ ထိုမနောဝိညာဥ်တို့ကိုပင်လျှင် သတ္တဝါတို့၏အသက်-ဟူ၍ မှတ်ထင်နေကြကုန်၏၊ ငါ၏ စိတ်သည် အလုံးစုံကို ကြံနိုင်၏၊ သိသင့်သိထိုက်သမျှတွေကိုသိနိုင်၏၊ ငါ၏စိတ်သည် ကာယကံ,ဝစီကံ,မနောကံတို့ကိုဖြစ်စေနိုင်၏-ဟူ၍ မှတ်ထင် စွဲလမ်းနေကြကုန်၏၊ မနောဝိညာဥ်များသည် သတ္တဝါတို့၏ အားကိုးဖွယ်ရာကြီးတွေ ဖြစ်ကြကုန်၏၊ အမှုကိစ္စအမျိုးမျိုးတို့ကို မနောဝိညာဥ်စိတ်ဖြင့် ဆောင်ရွက်နေကြရကုန်၏-ဟူ၍ မှတ်ထင်စွဲလမ်း နေကြကုန်၏၊ ထိုသို့ ထင်မြင်ပြောဆို စွဲလမ်းခြင်းများသည် သမ္မုတိသစ္စာ အနေအားဖြင့် မှန်ပါပေ၏၊ ပရမတ္ထသစ္စာအနေအားဖြင့် ဆိုလျှင် အမှားပင်ဖြစ်လေသည်၊ မှန်ပုံ,မှားပုံကို ထင်ရှားစေခြင်းငှါ ကာရကသဘော, ကြိယာသဘောအားဖြင့် ထင်ရှားစွာ ပြဆိုသင့်ပေသည်။

## ကာရကသဘော,ကြိယာသဘောတို့ကိုပြဆိုချက်

ပြုလုပ်သော ပုဂ္ဂိုလ်ကို ကာရကဆိုသည်၊ ပြုလုပ်ခြင်း အမှုအရာမျှကို ကြိယာဆိုသည်၊ လောက၌ပြုသော ပုဂ္ဂိုလ်ကတမျိုး, ပြုခြင်း ကြိယာကတမျိုး-ဟူ၍ အသီးအခြားမှတ်ယူနေကြသည်။

ယောကျ်ားသည် သွား၏-ဟူသောစကား၌—

သွားသောယောကျ်ားသည် ကာရကမည်၏၊ သွားခြင်းအမှုသည် ကြိယာမည်၏၊ ကာရကပုဂ္ဂိုလ်တမျိုး, သွားခြင်း ကြိယာတမျိုး-ဟူ၍ မှတ်ထင်စွဲလမ်းကြသည်၊ ကာရက-ဆိုသည်မှာ ပုဂ္ဂိုလ်, သတ္တဝါဟု

www.dhammaransi.com



စွဲလမ်းသော အယူတည်း၊ ကြိယာသည် ထိုပုဂ္ဂိုလ်က ပြုလုပ်သော အမှု-ဟူ၍ မှားယွင်းသောအယူပင်တည်း၊ ပုဂ္ဂိုလ်နှင့် မတွဲစပ်ဘဲ ကြိယာသက်သက်ကို ယူခဲ့ပါလျှင် မှားသည်ဟု မဆိုနိုင်ပေ။

တယောက်သောပုဂ္ဂိုလ်သည် ကြိယာပေါင်းများစွာကို ပြုလုပ်နိုင်သည်-ဟူ၍ယူ၏၊ ထိုသူသည်ပင်လျှင်သွား၏၊ ထိုသူပင်လျှင်ရပ်၏၊ ထိုသူပင်လျှင်အိပ်၏၊ ထိုသူပင်လျှင်စား၏၊ ထိုသူပင်လျှင် ချက်ပြုတ်၏၊ ထိုသူပင်လျှင် အမှုကိုပြုလုပ်၏၊ ထိုသူပင်လျှင်ဆင်းရဲ, ချမ်းသာကို ခံစား၏၊ ထိုသူပင်လျှင်ဖွားမြင်၏၊ ထိုသူပင်လျှင်အို၏၊ ထိုသူပင်လျှင်နာ၏၊ ထိုသူပင်လျှင်သေ၏၊ ထိုသူပင်လျှင် ပဋိသန္ဓေတဖန်နေ၏၊ ထိုသူသည်ပင်လျှင် သံသရာ၌ကျင်လည်၏- ဟူ၍ မှတ်ယူစွဲလမ်းကြကုန်၏၊ ထိုသို့ထင်မြင်စွဲလမ်းခြင်းများသည် သမ္မုတိသစ္စာ အနေအားဖြင့် မှားသည်-ဟူ၍ မဆိုနိုင်၊ မှန်ပေသည်-ဟူ၍ သာလျှင် ဆိုအပ်ပေသည်။

ပရမတ္ထသစ္စာအနေအားဖြင့်မူကား မှားယွင်းလေ၏။

**မှားယွင်းပုံမှာ။** ။အဘိဓမ္မာပရမတ်သဘောအားဖြင့် ကာရကနှင့် ကြိယာသည် ကွဲပြားခြားနားသည်မဟုတ်၊ တမျိုးတည်းပင်ဖြစ်သည်၊ အကြောင်းမူကား ပရမတ္ထသဘောအားဖြင့် ကာရကဟူ၍မရှိ၊ ကြိယာသက်သက်မျှသာရှိသောကြောင့်တည်း။

၁။ သိခြင်းသဘောသည် စိတ်ပင်ဖြစ်၏၊ သိခြင်းကို ပြုလုပ်သော ကာရကပုဂ္ဂိုလ်ဟူ၍မရှိ။

၂။ ထိုနည်းတူစွာ ခံစားမှုကြိယာသည် ဝေဒနာဓာတ်ဖြစ်၏၊ခံစားသော ဝေဒကပုဂ္ဂိုလ်ဟူ၍မရှိ။

၃။ တွေ့ထိခြင်းကြိယာသည် ဖဿဓာတ်ဖြစ်၏၊ တွေ့ထိတတ်သော ပုဂ္ဂိုလ်ဟူ၍မရှိ။

၄။ လိုချင်မှုကြိယာသည် လောဘဓာတ်ဖြစ်၏၊ လိုချင်တတ်သော ပုဂ္ဂိုလ်ဟူ၍မရှိ။

၅။ တတ်သိလိမ္မာခြင်းကြိယာသည် ပညာဓာတ်ဖြစ်၏၊တတ်သိလိမ္မာသောပုဂ္ဂိုလ်ဟူ၍မရှိ။

www.dhammaransi.com



ဤသို့စသည်ဖြင့် နာမ်ဓာတ်၏ကြိယာအမျိုးမျိုးတို့ကို သိမြင်အောင် ဆင်ခြင်လေ။

ရုပ်ဓာတ်ကြိယာတို့၌—

၁။ သွားခြင်းဟုဆိုရာ၌ ထိုသွားခြင်းသည် ဝါယောဓာတ်၏ လှုပ်ရှားခြင်းကြိယာဖြစ်၏၊ ထိုကြိယာသည်ပင်လျှင် ဝါယောဓာတ်ဖြစ်၏၊ သွားတတ်သောပုဂ္ဂိုလ်,လှုပ်ရှားတတ်သောပုဂ္ဂိုလ် မရှိ။

၂။ အပူလောင်သည်-ဆိုရာ၌ ပူမှုကြိယာသည် တေဇောဓာတ်ပင် ဖြစ်၏၊ပူလောင်တတ်သော သတ္တဝါမရှိ။

၃။ လှသည်-ဆိုရာ၌ လှမှုသည်ဝဏ္ဏဓာတ်ပင်ဖြစ်၏၊လှသောပုဂ္ဂိုလ် မရှိ။

၄။ အသံကောင်းသည်-ဆိုရာ၌ အသံကောင်းခြင်းသည် သဒ္ဒဓာတ်ပင်ဖြစ်၏၊ အသံကောင်းသောပုဂ္ဂိုလ်မရှိ၊ သီချင်းဆိုနိုင်သူမရှိ။

ဤသို့စသောအားဖြင့် ရုပ်ဓာတ်ကြိယာအမျိုးမျိုးတို့ကို သိမြင်အောင် ဆင်ခြင်လေ။

ထိုသို့ပရမတ္ထသဘောအားဖြင့် ကြိယာသက်သက်မျှသာ ရှိပါသည်ကို အတ္တဒိဋ္ဌိကြီးက ထိုကြိယာအမျိုးမျိုးတွေကို တပေါင်းတည်းပြု၍ ပုဂ္ဂိုလ်ဟုစွဲလမ်းလေသည်၊ ထိုကြိယာတွေကို ပုဂ္ဂိုလ်ကလုပ်သည်-ဟူ၍ စွဲလမ်းလေသည်၊ မရှိသည်ကို-အရှိ၊ မဟုတ်သည်ကို- အဟုတ်ဟူ၍ စွဲလမ်းသောကြောင့် မှားယွင်းသည်၊ဒိဋ္ဌိဖြစ်သည်-ဟူ၍ဆိုရလေသည်။

**စင်စစ်အားဖြင့်**—စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟုဆိုအပ်သော ပရမတ္ထ- တရားလေးပါးတို့သည် အမှုအရာကြိယာမျှသာလျှင်ရှိကြကုန်၏၊ ထိုကြိယာတို့သည် အတ္တဒိဋ္ဌိထင်သောအတိုင်း တစုံတရာကိုမျှ ပြုလုပ်တတ်ကြသည် မဟုတ်ကုန်၊ မိမိတို့၏ဆိုင်ရာဆိုင်ရာ သဘောကိစ္စကိုသာ ဆောင်ရွက်ကြကုန်သည်၊ ထိုပရမတ္ထအမှုအရာကြိယာတို့ကို ပြုလုပ်ဖန်ဆင်း၍နေသော ကာရကပုဂ္ဂိုလ်လည်းမရှိ၊ထိုပရမတ္ထကြိယာတို့ကို မည်သူကမျှ ပြုပြင်ဖန်ဆင်းသည်မဟုတ်ဟုဆိုလိုသည်၊ နိဗ္ဗာန်မှတပါးသော ပရမတ္ထတရား သုံးပါးတို့သည် အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပေါ်

www.dhammaransi.com



ဥပါဒ်တတ်သော ပဋိစ္စသမုပ္ပါဒ် တရားတို့ဖြစ်ကြကုန်၏၊ ဖြစ်ပေါ်ပြီး လျှင်လည်း အမြဲတည်နေခြင်းမရှိဘဲ လျင်မြန်စွာချုပ်ဆုံးသောအလေ့ လည်း ရှိကြကုန်၏၊ဖြစ်ပေါ်ခြင်းရှိလျှင် ချုပ်ဆုံးခြင်းအမှန်ရှိလိမ့်မည်။

နိဗ္ဗာန်သည်ကား မည်သည့်အခါမှာမှ မဖြစ်ပေါ်၊ ဥပါဒ်ခြင်း သဘောမရှိ၊ ဖြစ်ပေါ်အောင် မည်သည့်နည်းနှင့်မျှ ပြုပြင်၍မရ၊ ထိုသို့ မပြုပြင်အပ်, မပြုပြင်နိုင်သောကြောင့်ပင်လျှင် နိဗ္ဗာန်ကိုအသင်္ခတ-ဟူ၍ ဆိုရပေသည်၊ ဖြစ်ပေါ်ခြင်းသဘော, သင်္ခတသဘော မရှိသောကြောင့် နိဗ္ဗာန်သည် ပဋိစ္စသမုပ္ပါဒ်နယ်မှလွတ်၏။

**သာမညလက္ခဏာသုံးပါးကိုပြဆိုချက်**

နိဗ္ဗာန်မှတပါး ပရမတ္ထတရားအလုံးစုံတို့နှင့်သက်ဆိုင်သောလက္ခဏာ သုံးပါးရှိသည်၊ ထိုလက္ခဏာကို ပရမတ္ထအများနှင့်ဆိုင်သောကြောင့် သာမညလက္ခဏာခေါ်သည်။

ထိုလက္ခဏာ သုံးပါးကား—

၁။ ဖြစ်ပေါ်ခြင်း ဇာတိလက္ခဏာတပါး,

၂။ ရင့်ရော်ဆွေးမြေ့ခြင်း ဇရတာလက္ခဏာတပါး,

၃။ ပျက်စီးချုပ်ဆုံးခြင်း အနိစ္စတာ လက္ခဏာတပါး,

ဤသုံးပါးပင်ဖြစ်သည်။

ထိုလက္ခဏာသုံးပါးသည် ပြုပြင်စီရင်အပ်သော သင်္ခတတရား, အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပေါ်သောပရမတ္ထတရားအလုံးစုံတို့နှင့် သက်ဆိုင်၏၊ ပဋိစ္စသမုပ္ပါဒ်နယ်မှလွတ်သောနိဗ္ဗာန်သည်ကား ထိုလက္ခဏာ သုံးပါးမရှိ။

၁။ စိတ်၏ဖြစ်ပေါ်ခြင်းသည်ဇာတိမည်၏၊ ဥပါဒ်ဟူ၍လည်းမည်၏။

၂။ စိတ်၏ရင့်ရော်ခြင်းဟုဆိုအပ်သော ဌီအခိုက်သည် ဇရတာမည်၏။

၃။ စိတ်၏ချုပ်ဆုံးခြင်းသည် အနိစ္စတာမည်၏၊ဘင်လည်းမည်၏။

နိဗ္ဗာန်မှတပါးသော ပရမတ္ထမျိုးမှန်လျှင် ထိုလက္ခဏာသုံးပါးကို ရစမြဲဖြစ်သည်၊ စိတ်, စေတသိက်, ရုပ်တို့သည် မိမိတို့သဘောကိစ္စအား

www.dhammaransi.com



ဖြင့် အသီးအသီးကွဲပြားခြားနားကြကုန်သော်လည်းထိုလက္ခဏာသုံးပါး နှင့်ဆိုင်ရာတွင် ကွဲခြားခြင်းမရှိ၊ အလုံးစုံတူကြ၏၊ ထို့ကြောင့်ပင်လျှင် သာမညလက္ခဏာ–ဟူ၍ ခေါ်သည်။

စိတ်ဓာတ်သည်အထူးထူးသိခြင်းတည်းဟူသော ဝိဇာနနကိစ္စကိုလည်း ဆောင်၏၊ထိုမှတပါး ဖြစ်ပေါ်ခြင်း, ရင့်ရော်ခြင်း, ချုပ်ဆုံးခြင်းတည်း ဟူသော လက္ခဏာကိစ္စကြီး သုံးပါးကိုလည်း ဆောင်ရ၏၊ ဤသို့ စိတ်၏ ကိစ္စလေးချက် ဆောင်ရွက်ရပုံကို မှတ်ပါလေ၊ နိဗ္ဗာန်မှ တပါးသော ပရမတ္ထတရားတိုင်းမှာပင် ဤသို့ကိစ္စလေး‌ချက်ရှိပုံကို စိတ်ဓာတ်၌ ခွဲပြ အပ်ပြီးသောအတိုင်း ဆင်ခြင်စဉ်းစားလေ။

### စိတ်၏ကြိယာအမျိုးမျိုးဖြစ်ပုံကိုပြဆိုချက်

စိတ်ဓာတ်တခုတည်း၌သော်လည်း ကြိယာအမျိုးမျိုးရှိပြန်သည်။

**ကြိယာအမျိုးမျိုးရှိပုံမှာ။** ။မြင်ခြင်း ကြိယာ, ကြားခြင်း ကြိယာ, နံခြင်း ကြိယာ, အရသာကို သိခြင်း ကြိယာ, အတွေ့အထိကို သိခြင်း ကြိယာ, ဓမ္မာရုံနှင့်ဆိုင်သော အာရုံအမျိုးမျိုးတွေကို သိခြင်းကြိယာ အားဖြင့် ကြိယာပေါင်း များစွာရှိလေသည်၊ ကြိယာတခုလျှင် စိတ် တမျိုးပင်တည်း၊ မြင်ခြင်းကြိယာသည် စက္ခုဝိညာဉ်စိတ်, ကြားခြင်း ကြိယာသည် သောတဝိညာဉ်စိတ်၊ ဤသို့စသည်ဖြင့် ကြိယာတမျိုးတမျိုး သည် စိတ်တမျိုးတမျိုး ဖြစ်ကြောင်းကို ဆင်ခြင်လေ။

မြင်ခြင်းကြိယာတခုမှာလည်း အာရုံအမျိုးမျိုး, အရပ်အမျိုးမျိုး, ဒေသဌာနအမျိုးမျိုး, ဝတ္ထုအမျိုးမျိုး, အချိန်ကာလ ခဏအမျိုးမျိုးကို အစွဲပြု၍ မြင်ခြင်းကြိယာအမျိုးမျိုး ကွဲပြားခြားနား လေကုန်သည်၊ ထိုမြင်ခြင်း ကြိယာတခုကိုပင်လျှင် အာရုံစသည်တို့ဖြင့် မြောက်ပွားပါ လျှင် အသင်္ချေ,အသင်္ချာ လွန်စွာများပြားသည်တိုင်အောင် တိုးပွားလေ ကုန်၏၊ ထိုသို့ မြင်မှုကြိယာတွေ များတိုင်း စိတ်တွေ များပြားကြောင်း ကိုသိနိုင်ပေသည်။

**အာရုံအားဖြင့်**–မြင်ခြင်းကြိယာတွေများပြားပုံမှာ၊ အညိုကို မြင်ခြင်း တခု, အဖြူကိုမြင်ခြင်းတခု, အနီကိုမြင်ခြင်းတခု, အစိမ်းကိုမြင်ခြင်းတခု စသောအားဖြင့် အထွေထွေများပြားလေသည်၊ အညိုကို မြင်ခြင်းနှင့်

www.dhammaransi.com



အဖြူကိုမြင်ခြင်းသည် တပြိုင်နက် မဖြစ်နိုင်၊ တခြားစီသာဖြစ်၏၊ မြင်ခြင်းကြိယာတခုလျှင် စိတ်တမျိုးဖြစ်ကြောင်းကိုလည်း ဆင်ခြင်မိပါစေ။

**အရပ်ဒိသာအားဖြင့်**—မြင်ခြင်းကြိယာတွေများပြားပုံမှာ အရှေ့အရပ်၌ အနီကိုမြင်ခြင်းတမျိုး, တောင်အရပ်၌ အနီကိုမြင်ခြင်းတမျိုး-စသည်ဖြင့် အရပ်ဒေသရှိသမျှဖြန့်၍ကြည့်လေ။

**ဒေသဌာနအားဖြင့်**—မြင်ခြင်းကြိယာများပြားပုံမှာမြို့၌မြင်ခြင်း, ရွာ၌မြင်ခြင်း, တောထဲ၌မြင်ခြင်း, တောင်ပေါ်၌မြင်ခြင်း, မြစ်ထဲ၌မြင်ခြင်း, သောင်ထဲ၌မြင်ခြင်းမှစ၍ အရပ်ဒေသ ရှိသမျှမျှော်၍ မြင်မှုကြိယာတွေကိုဆင်ခြင်မိပါစေ။

**ဝတ္ထုအားဖြင့်**—မြင်ခြင်းကြိယာတွေ များပြားပုံမှာ အနီနှင့်ဆိုင်သောဝတ္ထုတခုထဲကိုသာ ပြဆိုပါမည်၊ ပန်းပွင့်အနီကိုမြင်ခြင်း, သစ်သီးအနီကိုမြင်ခြင်း, သစ်ပင်အနီကိုမြင်ခြင်း, အဝတ်အနီကိုမြင်ခြင်း, ကျောက်အနီကိုမြင်ခြင်းမှစ၍ အနီဝတ္ထုအမျိုးမျိုးမြင်ပုံတွေကို ဆင်ခြင်မိပါစေ။

[အညိုစသောဝတ္ထုတို့မှာလည်း ထိုနည်းတူစွာ အလွန်များပြားသည်။]

**အချိန်ကာလခဏအားဖြင့်**—မြင်မှုကြိယာတွေ များပြားပုံမှာ နံနက်ခင်း၌ မြင်ခြင်း, နေ့လည်ခင်း၌မြင်ခြင်း, ညနေခင်း၌မြင်ခြင်း, ရှစ်နာရီအချိန်၌မြင်ခြင်း, ရှစ်နာရီခွဲအချိန်၌မြင်ခြင်းမှစ၍ အချိန်ကာလတွေများတိုင်းအနုစိတ်၍ မြင်မှုကြိယာတွေများပုံကို ဆင်ခြင်မိပါစေ၊ ဤသို့ပြဆိုအပ်ပြီးသော နည်းအတိုင်း မြင်မှုကြိယာတွေ အသင်္ချေ, အသင်္ချာလွန်စွာ များပြားကြောင်း ထင်ရှားလေသည်၊ ဒိဋ္ဌသက်သေအားဖြင့်လည်း မြင်မှုကြိယာတွေများပြားကြောင်းထင်ရှားပါ၏။

**အချုပ်အားဖြင့်ဆိုသော်**—ဣရိယာပုထ် တခုအတွင်းမှာပင် မြင်ခြင်းကြိယာတွေလွန်စွာများပြားသည်၊ထိုမြင်ခြင်း ကြိယာတွေများပြားတိုင်းစက္ခုဝိညာဉ်စိတ်တွေ များပြားလေသည်၊ မြင်ခြင်းကြိယာတခုမှာ စက္ခုဝိညာဉ်စိတ် တခုသာတည်း၊ စက္ခုဝိညာဉ်စိတ် တခုသည် မြင်ခြင်းကြိယာအမျိုးမျိုးကို မဆောင်ရွက်နိုင်။

www.dhammaransi.com



သတ္တဝါတို့၏သန္တာန်၌ နာမ်ပရမတ္ထကြိယာသည် နှစ်ခုပြိုင်၍ဖြစ်လေ့မရှိ၊ ကြိယာတခုပြီးမှ ကြိယာတခုဖြစ်နိုင်သည်၊ သို့သော်လည်းစိတ်ဓာတ်၏ဖြစ်ပေါ်ပုံက ဥပမာမပြနိုင်အောင် လျင်မြန်လှသောကြောင့် ဤကိုယ်ခန္ဓာအတွင်း၌ နာမ်ခန္ဓာကြိယာတွေ တပြိုင်နက်ဖြစ်သည်-ဟူ၍ ထင်မြင်နေကြကုန်သည်၊ ကြိယာအသစ်တခုတခုပေါ်လာလျှင် ကြိယာဟောင်းတို့သည်မရှိကုန်၊ ချုပ်ကွယ်ကြလေကုန်ပြီးသည်သာလျှင်တည်း။

အာရုံသစ်ထင်မြင်လာတိုင်း နာမ်ခန္ဓာကြိယာအသစ်အသစ်တို့သည် ဖြစ်ပေါ်ကြကုန်၏၊ ကြိယာအသစ်အဟောင်း ပြောင်းလဲဆက်လက်၍ နေသည်ကိုပင် နာမ်အစဉ်-ဟူ၍ခေါ်သည်၊ (သန္တတိသဘောကြီးပေတည်း)၊ ထိုအစဉ်သန္တတိကြီးကိုခွဲစိတ်၍မမြင်နိုင်လျှင် ကြိယာအသစ်အဟောင်း လဲပြောင်းမှုကိုထင်မြင်နိုင်မည်မဟုတ်၊ ထိုသို့မထင်မြင်ပါလျှင် အနိစ္စကိုကျနစွာမမြင်နိုင်ချေ၊ ထိုသန္တတိအစဉ်အတန်းကြီးသည် အနိစ္စလက်နက်ကို ခုခံသောဒိုင်းတပ်ကြီးပေတည်း၊ ထို့ကြောင့် အနိစ္စကို သန္တတိဖုံးလွှမ်းသည်-ဟူ၍ အဋ္ဌကထာဆရာကြီးတို့ မိန့်ဆိုတော်မူကြပေကုန်သည်။

စီး၍နေသောမြစ်ရေအယဉ်, တောက်၍နေသော မီးတောက်တို့ကို သာမန်အားဖြင့်ကြည့်လျှင် ရေပြင်တခုတည်း, မီးတောက်တခုတည်း မလှုပ်မရှားဟုထင်မြင်ရ၏၊ သေချာစူးစိုက်၍ စိမ်းစိမ်းကြည့်ပါလျှင် ရိုပ်ရိပ်ရိပ်ရိပ်နှင့်လှုပ်ရှားသောအမူအရာများကိုမြင်ရ၏၊ ရိပ်ရိပ်ရိပ်ရိပ်နှင့် လှုပ်ရှားနေသောအမူအရာများသည် ရေအယဉ်,မီးတောက်တို့၌ရှိသော ရုပ်ဓာတ်တို့၏ အသစ်အဟောင်း ပြောင်းလဲသောအမူအရာတို့ပင်ဖြစ်သည်၊ထိုသို့အသစ်အဟောင်း ပြောင်းလဲမှုရှိသောကြောင့်သာလျှင် ရေစီးနိုင်သည်, မီးတောက်နိုင်သည်၊ အသစ်အဟောင်း ပြောင်းလဲမှုကြိယာတို့မရှိပါလျှင် ရေလည်းမစီးနိုင်၊ မီးတောက်လည်းမရှိနိုင်။

ရေအယဉ်နှင့် မီးတောက်များကဲ့သို့ပင် နာမ်ခန္ဓာကြိယာတို့၏ အသစ်အဟောင်း ပြောင်းလဲခြင်းသဘောတို့ရှိကြကုန်သည်၊ နာမ်ခန္ဓာကြိယာတို့၏ အသစ်အဟောင်း လဲပြောင်းဆက်လက်မှု သဘောသည် လွန်စွာသိမ်မွေ့လှ၏၊ အလွန်လျင်မြန်လှသောကြောင့် တစဉ်တည်း,

www.dhammaransi.com



တတန်းတည်းကဲ့သို့ပင် မှတ်ထင်ကြရကုန်သည်၊ စိတ်တို့၏ပဋိစ္စသမုပ္ပါဒ် အချက်နှင့်ကြည့်ရှုပါလျှင်ထိုသန္တတိအစဉ်ကြီးသည် အပိုင်းအပိုင်းပြတ် လေကုန်၏၊ အစိတ်စိတ်, အမြွာမြွာ ဖြစ်လေကုန်၏၊ ထိုသို့မြင်ပါလျှင် အနိစ္စကို ပိုင်နိုင်ပြီဟုမှတ်လေ၊ ပဋိစ္စသမုပ္ပါဒ်သဘောနှင့် ထိအောင် ကြည့်နိုင်သောအခါ အနိစ္စဘာဝနာကိုပွားများရန်မခက်ခဲပြီ။

အသစ်အသစ်ဖြစ်သော နာမ်ကြိယာတို့သည် မဖြစ်မီ ရှေးအခါ ဘယ်မှာတည်နေသည်-ဟူ၍မရှိကုန်၊ဘယ်ကလာ၍ဖြစ်သည်-ဟူ၍လည်း မရှိကုန်၊ အကြောင်းတိုက်ဆိုင်လာသည့်အတွက် ရုတ်တရက် ဖြူးကနဲ ဖြစ်ပေါ်သော ကြိယာတို့သာဖြစ်ကြကုန်၏၊ ဖြစ်ပြီး၍ ချုပ်လေသော အခါ၌လည်း ဘယ်ကိုသွားလေသည်, ဘယ်ကိုကူးပြောင်းလေသည်-ဟူ၍မရှိ၊ အစတုံးအောင် ချုပ်ဆုံးကြလေကုန်သည်သာတည်း။

ဤသို့ ပြဆိုအပ်သော စကားရပ်သည် မြင်မှုကြိယာတည်းဟူသော စက္ခုဝိညာဉ်စိတ်တခုနှင့် စပ်လျဉ်း၍ပြဆိုအပ်သောစကားဖြစ်ပေသည်၊ ဤသို့ပြအပ်သောနည်းအတိုင်း သောတဝိညာဉ်စသောစိတ်တို့၏ထူးထွေ များပြား၍ဖြစ်ပုံသဘောကို စဉ်းစားဆင်ခြင်ကြလေကုန်၊ ဤသဘော ကိုသိမြင်ပါလျှင် ပဋိစ္စသမုပ္ပါဒ်သဘောအားဖြင့် ခဏခဏ စိတ်တို့၏ ဖြစ်နေပုံ, ခဏခဏစိတ်တို့၏ချုပ်နေပုံ, ကြိယာတမျိုးတမျိုး ပြောင်း လဲတိုင်း စိတ်တမျိုးတမျိုးပြောင်းလဲပုံများကို ထင်ရှားစွာသိမြင်နိုင်ကြ ပေလိမ့်မည်။

စိတ်တို့၏ခဏခဏဖြစ်ပုံ, ခဏခဏချုပ်ပုံကို ဘယ်သို့ သိရပါမည်နည်း-ဟု မေးသော အမေးပုစ္ဆာနှင့်စပ်လျဉ်း၍ ပြဆိုအပ်သောစကားရပ်ပြီး၏။

[စိတ်စေတသိက်၏အကြောင်းတို့ကို များစွာပြဆိုလိုက်သည်မှာ စိတ္တယမိုက်ကို ဖြေဆိုသောအချက်နှင့်သက်ဆိုင်သဖြင့် စိတ်၏ဆိုင်ရာဖြစ်သော နာမ်စေတသိက်တို့၌ ဉာဏ်အမြင်ပွင့်လင်းစေခြင်းအကျိုးငှါ များစွာပြဆိုလိုက်ရပေသတည်း၊ ဤကျမ်း၌ပြဆို အပ်သော စိတ်စေတသိက်၏သဘောတွေကို သဘောထင်ထင် သိမြင်ကြပါလျှင် နာမ် တရားတို့၌ဝိပဿနာတင်၍ ဆင်ခြင်ကြကုန်သော ပုဂ္ဂိုလ်တို့အားလည်း များစွာ ကျေးဇူးပြုနိုင်မည်ဖြစ်သတည်း။]

www.dhammaransi.com



## စိတ္တယမိုက်၏အဓိပ္ပါယ်ကိုဖော်ပြချက်

ဤစိတ္တယမိုက်၌ ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇမာနံ-ဟူ၍ဟောတော်မူလျှင် ဖြစ်ဆဲ ဥပါဒ်အခိုက်၌ တည်သောစိတ်ကို မှတ်ယူအပ်၏။

နိရုဇ္ဈတိ၊ နိရုဇ္ဈမာနံ-ဟူ၍ ဟောတော်မူလျှင် ချုပ်ဆဲအခိုက်၌ တည်သောစိတ်ကို မှတ်ယူအပ်၏။

ဥပ္ပန္နံ-ဟူ၍ ဟောတော်မူလျှင် ဥပါဒ်အခိုက်, ဘင်အခိုက် နှစ်ပါး စုံ၌ တည်သောစိတ်ကို မှတ်ယူအပ်၏။

စိတ္တယမိုက်ဟောပုံများနှင့် ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇမာနံ၊ နိရုဇ္ဈတိ၊ နိရုဇ္ဈ-မာနံ၊ ဥပ္ပန္နံ-ဟူသောပုဒ်တို့၏ သဘောကို နားလည်စေရန် ပါဠိတော် များကို ထုတ်၍ပြဦးအံ့။

> ယဿ စိတ္တံ ဥပ္ပဇ္ဇတိ၊ န နိရုဇ္ဈတိ။ တဿ စိတ္တံ နိရုဇ္ဈိဿတိ၊ န ဥပ္ပဇ္ဇိဿတီတိ။ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ၊ န နိရုဇ္ဈတိ၊ နိရုဇ္ဈိဿတိ၊ န ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ နိရုဇ္ဈိဿတိ စေဝ ဥပ္ပဇ္ဇိဿတိ စ။

အကြင်ပုဂ္ဂိုလ်အား စိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်၊ ထိုပုဂ္ဂိုလ် အား စိတ်သည် ချုပ်လတ္တံ့လော၊ မဖြစ်ဘဲ နေလတ္တံ့လော၊ ပစ္ဆိမစိတ် ခေါ်သော စုတိစိတ်၏ ဥပါဒ်အခိုက်၌ ထိုပုဂ္ဂိုလ်တို့၏ စိတ်သည်ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်၊ချုပ်လတ္တံ့၊မဖြစ်ဘဲနေလတ္တံ့။ စုတိအခိုက်မှ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ဥပါဒ်ခိုက်၌ စိတ်သည်ဖြစ်ဆဲ၊ချုပ်ဆဲမဟုတ်၊ချုပ်လတ္တံ့ လည်း ဟုတ်၏၊ ဖြစ်လတ္တံ့လည်း ဟုတ်၏။

[ဤပါဠိတော်ဖြင့် ဥပ္ပဇ္ဇတိ၊နိရုဇ္ဈတိ-ပုဒ်တို့၏ အနက်အဓိပ္ပါယ်ထင်ရှားပြီ။]

နိရုဇ္ဈိဿတိ-ဟူ၍ ဟောတော်မူလျှင် မချုပ်သေး၊ဥပါဒ် အခိုက်ရှိ သေးသည်-ဟု အဓိပ္ပါယ်ကောက်ယူလေ။

ဥပ္ပဇ္ဇိဿတိ-ဟူ၍ ဟောတော်မူလျှင် ဖြစ်ပေါ်ခြင်းသို့မရောက်သေး-ဟု အဓိပ္ပါယ် ကောက်ယူလေ၊ အထက်၌ ပြခဲ့သော ပါဠိတော်၌ နိရုဇ္ဈိဿတိ၊ ဥပ္ပဇ္ဇိဿတိ-ပုဒ်တို့၏ အနက်သွားကို ထောက်ရှုလေ။

www.dhammaransi.com



ယဿ စိတ္တံ ဥပ္ပဇ္ဇတိ၊ တဿ စိတ္တံ ဥပ္ပန္နန္တိ၊ အာမန္တာ။ ။အကြင်ပုဂ္ဂိုလ်အား စိတ်ဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ်အား စိတ်ဖြစ်နေတုန်းလော၊ဖြစ်နေတုန်း မှန်ပေ၏။

[ဥပ္ပဇ္ဇတိ၊ဥပ္ပဇ္ဇမာနံ-ဆိုလျှင် ဖြစ်ဆဲဟူ၍အနက်ပေး၊ဥပ္ပန္နံ-ဆိုလျှင် ဖြစ်နေတုန်းဟူ၍ အနက်ပေး၊ဥပ္ပဇ္ဇတိနှင့် ကွဲပြားအောင်အနက်ပေးပုံကိုပြသည်၊ဥပ္ပဇ္ဇတိနှင့်ဥပ္ပဇ္ဇ-မာနံပုဒ်သည် ဥပါဒ်ဆဲခဏ၌သာ အဓိပ္ပါယ်ရသောကြောင့် နယ်ကျဉ်း၏၊ ဥပ္ပန္နံ-ပုဒ်သည် ဥပါဒ်အခိုက်,ဘင်အခိုက်၊ ဤသို့ခဏနှစ်ပါးအဓိပ္ပါယ်ရသောကြောင့် နယ်ကျယ်ဝန်း၏။]

ယဿ ဝါပန စိတ္တံ ဥပ္ပန္နံ၊တဿ စိတ္တံ ဥပ္ပဇ္ဇတီတိ၊ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ စိတ္တံ ဥပ္ပန္နံ၊ နောစ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ။ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇတိ စ။

အကြင်ပုဂ္ဂိုလ်အား စိတ်သည် ဖြစ်နေတုန်း၊ ထိုပုဂ္ဂိုလ်အား စိတ်သည်ဖြစ်ဆဲလော၊ စိတ်၏ဘင်ခဏ၌ ထိုပုဂ္ဂိုလ်တို့၏စိတ်သည် ဖြစ်နေတုန်း ဟုတ်၏၊ဖြစ်ဆဲမဟုတ်။စိတ်၏ဥပါဒ်ခဏ၌ ထိုပုဂ္ဂိုလ်တို့၏စိတ်သည် ဖြစ်နေတုန်းလည်း ဟုတ်၏၊ ဖြစ်ဆဲလည်း ဟုတ်၏။

ဥပ္ပဇ္ဇမာနံ ဥပ္ပန္နန္တိ၊ အာမန္တာ။ ။ဖြစ်ဆဲစိတ်သည် ဖြစ်နေတုန်းမည်သလော၊ မှန်ပေ၏။

ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ၊ ဘင်္ဂက္ခဏေ ဥပ္ပန္နံ နော စ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏေ ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇမာနဉ္စ။ ။ဖြစ်နေတုန်း စိတ်သည် ဖြစ်ဆဲလော၊ ဘင်ခဏ၌ ဖြစ်နေတုန်း ဟုတ်၏၊ ဖြစ်ဆဲမဟုတ်။ ဥပါဒ်ခဏ၌ ဖြစ်နေတုန်းလည်း ဟုတ်၏၊ ဖြစ်ဆဲလည်း ဟုတ်၏။

ဤပါဠိတော်များကို ထောက်ထားသဖြင့် ဥပ္ပဇ္ဇမာန, ဥပ္ပန္နပုဒ်တို့၏ ကောက်ယူပုံ သဘောကို ထင်ရှားစွာ သိနိုင်သည်၊ ဤ ယမိုက်ပါဠိတော်၌ ဌီခဏကို ဟောတော်မမူ၊ ထို့ကြောင့် ဥပ္ပန္နံ-ဆိုလျှင် ဥပါဒ်ခဏနှင့် ဘင်ခဏနှစ်ပါးကိုသာ ယူရသည်-ဟုမှတ်လေ။

ဥပါဒ်ဆဲဖြစ်သောစိတ်သည် ဥပ္ပဇ္ဇတိ,ဥပ္ပဇ္ဇမာန,ဥပ္ပန္န, နိရုဇ္ဈိဿတိ မည်၏၊ချုပ်ဆဲ ဖြစ်သောစိတ်သည် နိရုဇ္ဈတိ,နိရုဇ္ဈမာန,ဥပ္ပန္နမည်၏၊ ချုပ်ပြီးသော အတိတ်စိတ်သည် နိရုဒ္ဓ, နိရုဇ္ဈိတ္ထ, ဥပ္ပဇ္ဇိတ္ထမည်၏၊ အနာဂတ်စိတ်သည် ဥပ္ပဇ္ဇိဿတိ မည်၏။

www.dhammaransi.com



ကာလလွန်ပုံကိုဟောသော အတိက္ကန္တဝါရ၌ ဘင်ခဏ၌တည်သော စိတ်သည် ဥပါဒ်ခဏကို လွန်သည်မည်၏၊ ချုပ်လေပြီးသော အတိတ်စိတ်သည် ဥပါဒ်ခဏ,ဘင်ခဏနှစ်ပါးကိုလွန်သည် မည်၏။

ဘင်္ဂက္ခဏေ စိတ္တံ ဥပ္ပါဒက္ခဏံ ဝီတိက္ကန္တံ ဘင်္ဂက္ခဏံ အဝီတိက္ကန္တံ။ အတီတံ စိတ္တံ ဥပ္ပါဒက္ခဏဉ္စ ဝီတိက္ကန္တံ၊ ဘင်္ဂက္ခဏဉ္စ ဝီတိက္ကန္တံ။

[ယမိုက်ပါဠိတော်၊ အနက် လွယ်၏။]

ဥပါဒ်ဆဲဖြစ်သောစိတ်, အနာဂတ်စိတ် များသည် ဥပါဒ်ခဏကို လည်းမလွန်၊ ဘင်ခဏကိုလည်း မလွန်။

ဥပ္ပါဒက္ခဏေ အနာဂတဉ္စ စိတ္တံ ဘင်္ဂက္ခဏဉ္စ အဝီတိက္ကန္တံ၊ ဥပ္ပါဒက္ခဏဉ္စ အဝီတိက္ကန္တံ။

[ယမိုက်ပါဠိတော်၊ အနက် လွယ်၏။]

သရာဂစိတ်,ဝီတရာဂစိတ်အစရှိသည်တို့ကိုကောက်ပုံကား—

၁။ လောဘမူစိတ်ရှစ်ခုသည် သရာဂစိတ်မည်၏၊ ကြွင်းသောစိတ် ၈၁-သည် ဝီတရာဂစိတ် မည်၏။

၂။ ဒေါသမူ၂ခုသည် သဒေါသစိတ်မည်၏၊ကြွင်းသော စိတ် ၈၇-သည် ဝီတဒေါသစိတ် မည်၏။

၃။ မောဟမူ၁၂ခုသည် သမောဟစိတ် မည်၏၊ကြွင်းသောစိတ် ၇၇-သည် ဝီတမောဟစိတ်မည်၏။

၄။ ဥဒ္ဓစ္စသဟဂုတ်စိတ် တခုသည် သံခိတ္တစိတ်မည်၏၊ ကြွင်းသော စိတ် ၈၈-သည် ဝိက္ခိတ္တစိတ် မည်၏။

၅။ လောကီစိတ် ၈၁-သည် သဥတ္တရစိတ် မည်၏၊ လောကုတ္တရာ စိတ် ၈-သည် အနုတ္တရစိတ် မည်၏။

၆။ မဟဂ္ဂုတ် လောကုတ္တရာစိတ်ပေါင်း ၃၅-သည် သမာဟိတ စိတ်မည်၏၊ ကာမစိတ် ၅၄-သည် အသမာဟိတစိတ် မည်၏၊ တည်ကြည်သောစိတ်ကိုသမာဟိတစိတ်ခေါ်သည်၊ မတည်ကြည်သောစိတ်ကို အသမာဟိတ စိတ်ခေါ်သည်။

www.dhammaransi.com



၇။ လောကုတ္တရာစိတ် ၈-သည် ဝိပ္ပယုတ္တစိတ်မည်၏၊ လောကီစိတ် ၈၁-သည် အဝိပ္ပယုတ္တစိတ်မည်၏၊ သံသရာမှကျွတ်လွတ်သော စိတ်ကို ဝိပ္ပယုတ္တစိတ်ခေါ်သည်၊မကျွတ်လွတ်သောစိတ်ကို အဝိပ္ပယုတ္တစိတ်ခေါ်သည်။

**သာမညအားဖြင့်**-''ပစ္ဆိမစိတ်'' ဆိုလျှင် စုတိစိတ်ကို ကောက်ယူလေ၊ ပစ္ဆိမသရာဂစိတ်ဆိုလျှင် ဤမျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်လတ္တံ့သော ပုဂ္ဂိုလ်သန္တာန်၌ အရဟတ္တမဂ်မပေါ်မီ နောက်ဆုံးဖြစ်သော လောဘမူစိတ်ကို ကောက်ယူလေ၊ ဤနည်းအတိုင်း ပစ္ဆိမသဒေါသစိတ်, ပစ္ဆိမကုသလစိတ် စသည်တို့ကိုလည်း မှတ်ယူလေ၊ ပစ္ဆိမအဗျာကတစိတ်ဆိုလျှင် ရဟန္တာတို့၏ စုတိစိတ်ကို ကောက်ယူလေ။

ကုသလတိက်ကို ဤစိတ္တယမိုက်သဘောအားဖြင့်ဟောမည်ဆိုပါလျှင် ဖော်ပြလတ္တံ့သောအတိုင်း ဟောပုံများကို ထုတ်ပါလေကုန်။

> ယဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇတိ၊ န နိရုဇ္ဈတိ။ တဿ ကုသလံ စိတ္တံ နိရုဇ္ဈိဿတိ၊ န ဥပ္ပဇ္ဇိဿတီတိ။ အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ကုသလံ စိတ္တံ ဥပ္ပဇ္ဇတိ၊ န နိရုဇ္ဈတိ၊ နိရုဇ္ဈိဿတိ၊ န-ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ ကုသလစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ ကုသလစိတ္တံဥပ္ပဇ္ဇတိ၊န နိရုဇ္ဈတိ၊နိရုဇ္ဈိဿတိစေဝ၊ဥပ္ပဇ္ဇိဿတိစ။

အကြင်ပုဂ္ဂိုလ်အား ကုသိုလ်စိတ်သည် ဖြစ်ဆဲဟုတ်၏၊ ချုပ်ဆဲမဟုတ်၊ ထိုပုဂ္ဂိုလ်အား ကုသိုလ်စိတ်သည် ချုပ်လတ္တံ့လော မဖြစ်ဘဲနေလတ္တံ့လော။ အရဟတ္တမဂ်၏ ဥပါဒ်ခဏ၌ ထိုပုဂ္ဂိုလ်တို့အား ကုသိုလ်စိတ်သည် ဖြစ်ဆဲဟုတ်၏၊ချုပ်ဆဲမဟုတ်၊ ချုပ်လတ္တံ့၊ မဖြစ်ဘဲနေလတ္တံ့။ အရဟတ္တမဂ်အခိုက်မှ တပါးသောပုဂ္ဂိုလ်တို့အား ကုသိုလ်စိတ် ဥပါဒ်ဆဲခဏ၌ ကုသိုလ်စိတ်သည် ဖြစ်ဆဲဟုတ်၏၊ ချုပ်ဆဲမဟုတ်၊ ချုပ်လည်းချုပ်လတ္တံ့၊ ဖြစ်လည်းဖြစ်လတ္တံ့။

[ဤသို့စသည်ဖြင့် ယမိုက်ဟောပုံနည်းကို ဝေဖန်၍သိလေ၊ အောက် အောက် ယမိုက်ကျမ်းတို့၌ ဟောပုံများကို အလေ့အကျင့်များ၍ ကျွမ်းခဲ့ပါလျှင် စိတ္တယမိုက်မှစ၍ အထက်ယမိုက်ကျမ်းတို့၏ ဟောပုံများသည် ခက်ခဲတော့မည် မဟုတ်ချေ အလေ့အကျင့်ရ၍ လွယ်လေတော့သည်။]

www.dhammaransi.com



ဤစိတ္တယမိုက်၌ စိတ်တို့ကို အမျိုးမျိုးခွဲဝေလျက် ဥပါဒ်အခိုက်, ဘင်အခိုက်အားဖြင့် အနုစိတ်၍ဟောတော်မူသည်၊ ခဏကလေးနှင့် ဖြစ်ပုံသဘော, ခဏကလေးနှင့်ပျက်ပုံသဘော, ခဏကလေးနှင့် လွန်သွားပုံသဘောများကိုလည်း ဟောတော်မူသည်၊ စိတ်ကိုဟောသဖြင့် ထိုစိတ်နှင့်ယှဉ်သော စေတသိက်တို့ကိုလည်း ဟောခြင်းကိစ္စ ပြီးလေတော့သည်၊ နာမ်ခန္ဓာလေးပါးတို့တွင် စိတ်တည်းဟူသော ဝိညာဏက္ခန္ဓာသည် အချုပ်အချာကြီးဖြစ်၏၊ ဤသို့စိတ်ဓာတ်တခုကို အနုစိတ်၍ ဟောတော်မူခြင်းမှာ နာမ်ခန္ဓာတို့၏ အနိစ္စတရားကို အနုစိတ်အားဖြင့် ထင်စေမြင်စေလို၍ ဟောတော်မူခြင်းဖြစ်ပေသည်။

ဤစိတ္တယမိုက်၌ ဟောတော်မူအပ်သော နည်းလမ်းအတိုင်း အနုစိတ်၍ စိတ်ဓာတ်၏အနိစ္စသဘောတွေကိုမြင်လျှင် နာမ်တရားတို့၏အစဉ်သန္တတိကြီးကို အစိတ်စိတ်အမြွာမြွာဖြစ်အောင် ဖြတ်တောက်နိုင်သည်၊ ထိုသို့ဖြတ်တောက်နိုင်သောအခါ နာမ်ဓာတ်တို့၌ အနိစ္စဘာဝနာဟုဆိုအပ်သော ဝိပဿနာဝိဇ္ဇာလမ်းကြီးပေါက်လေ၏၊ သဿတဒိဋ္ဌိကို ပိုင်နိုင်စွာအောင်မြင်လေ၏။

အနိစ္စသညာကောင်းစွာထင်မြင်လာလျှင်လည်း—

အနိစ္စသညိနော-မေဃိယ အနတ္တသညာ သဏ္ဌာတိ။

ဟူ၍မြတ်စွာဘုရား ဟောကြားတော်မူအပ်သောအတိုင်း အနတ္တဝိဇ္ဇာစခန်းလည်း ပေါက်ရောက်လာတော့သည်၊ ဤစိတ္တယမိုက် သည် နာမ်ခန္ဓာလေးပါးတို့၌ အနိစ္စဝိဇ္ဇာဉာဏ်ကို ထူထောင်ရန် လွန်စွာကောင်းလှပေသည်၊ နာမ်ခန္ဓာတို့၌ အနိစ္စဝိဇ္ဇာဉာဏ်ပေါက်လျှင် ရုပ်ခန္ဓာတို့၌လည်းအနိစ္စဝိဇ္ဇာဉာဏ်ပေါက်လေတော့သည်သာတည်း၊ ရုပ်ခန္ဓာတို့၌ အနိစ္စဝိဇ္ဇာဉာဏ်ကို ထူထောင်ခြင်းငှါ လွယ်ကူပါ၏၊ နာမ်ခန္ဓာတို့၌သာ အနိစ္စဝိဇ္ဇာဉာဏ်ကို ထူထောင်ခြင်းငှါ ခဲယဉ်းလေသည်၊ အနိစ္စဝိဇ္ဇာဉာဏ်နှင့် အနတ္တဝိဇ္ဇာဉာဏ်ပေါက်လျှင် ဒုက္ခဝိဇ္ဇာဉာဏ်လည်း အလိုလိုကိစ္စပြီးစီးလေတော့သည်၊ ဤဝိဇ္ဇာဉာဏ်သုံးပါးသို့ ထိထိရောက်ရောက် ပေါက်မြောက်အောင်မြင်လေသောအခါ သံသရာ၌ပြုဖွယ်ကိစ္စဆုံး၍ ဘဝအဆုံး ဇာတိအဆုံးဖြစ်သော နိဗ္ဗာန်ဓာတ်သို့ ဆိုက်ကပ်ခိုလှုံရလေတော့သတည်း။

www.dhammaransi.com



ရုစနာ ဂါထာ

ဝိညူ အနိစ္စတံ စိတ္တ၊ ယမကေ ဒေသိတံ နယံ။
ယော သစေ ဂယှ ဘာဝေတိ၊ သော ဟောတု နိစ္စပါရဂူ။ ။

ဝိညူ၊ ခွဲခြမ်းစိတ်ဖြာ အရာရာ၌ ကောင်းစွာသိမြင်လေ့ရှိပေသော။ ယော၊ အကြင်ပညာရှိပုဂ္ဂိုလ်သည်။ စိတ္တယမကေ၊ စိတ္တယမိုက်ကျမ်း၌။ ဒေသိတံ၊ ဟောတော်မူအပ်သော။ အနိစ္စတံနယံ၊ အနိစ္စနည်းလမ်းကို။ ဂယှ-ဂဏှိတွာန၊ ယူ၍။ အနိစ္စတံ၊ နာမ်တရားတို့၏မမြဲပုံသဘောတွေကို။ သစေဘာဝေတိ၊ အကယ်၍ ပွားများအားထုတ်လေသည်ဖြစ်အံ့။ သော၊ ထိုပုဂ္ဂိုလ်သည်။ အနိစ္စပါရဂူ၊ အနိစ္စဝိဇ္ဇာလမ်း၌ တဖက်ကမ်းခတ်နိုင်သောပုဂ္ဂိုလ်မြတ်ကြီးသည်။ ဟောတိ-ဟေဿတိ၊ မချွတ်ကေန် အမှန်ဖြစ်လိမ့်မည်သာတည်း။

စိတ္တယမိုက် အဓိပ္ပါယ်ချုပ်ပြီး၏။

## ၉–ဓမ္မယမိုက် အဓိပ္ပါယ်ချုပ်

ဤဓမ္မယမိုက်၌ ကုသလာဓမ္မာ,အကုသလာဓမ္မာ,အဗျာကတာဓမ္မာ-ဟူ၍ ဓမ္မသင်္ဂဏီကျမ်း၌ ဟောတော်မူအပ်သော ကုသလတိက်ဝင်တရားတို့ကို ယမကဒေသနာနည်းအားဖြင့် ဝေဖန်၍ ဟောတော်မူသည်၊ ကုသလတိက်တခုကို ဓမ္မယမိုက်ကျမ်းတစောင်ဖြစ်အောင် ဟောတော်မူ၏-ဆိုလိုသည်။

ဤဓမ္မယမိုက်၌ အဓိပ္ပါယ်ကောက်ယူပုံများသည် မခဲယဉ်းပါ၊ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ ဟူသောပုဒ်တို့၏ အဓိပ္ပါယ်သဘောကို ရှင်းလင်းစွာပြရန်သာလိုပေသည်၊ ကုသလာဓမ္မာ ပုဒ်၏ အဓိပ္ပါယ်သဘောကို ရှေးဦးစွာပြဆိုပါမည်။

လိမ္မာသည်, ကောင်းသည်, အပြစ်ကင်းသည်-ဟူသော အနက်များသည် ကုသလ-သဒ္ဒါ၏အနက်ပင်တည်း၊ ဤသူသည် သူတော်ကောင်းတည်း၊ ဤသူသည် လိမ္မာ၏၊ ဤသူသည်ကောင်းသောအမှုကိုသာပြု၏၊ ဤသူသည် ကောင်းသောအကြံကိုသာကြံ၏၊ မကောင်းသောအမှုကိုမပြု၊ မကောင်းသောစကားကိုမဆို၊မကောင်းသောအကြံကို မကြံစည်၊

www.dhammaransi.com



ဤသူသည် မိမိအကျိုးစီးပွား၌လိမ္မာ၏၊ သူတပါးတို့၏ အကျိုးစီးပွား၌ လိမ္မာ၏၊ နှစ်ဦးအကျိုးတို့၌လိမ္မာ၏၊ ဤသူသည် အတတ်ပညာကို တတ်ကျွမ်း၏၊ ဤသူသည်ပညာရှိ၏။

ဤသူသည် တပ်မက်ခြင်းမရှိ၊ အမျက်ထွက်ခြင်းမရှိ၊ တွေဝေခြင်းမရှိ၊ ဤသူသည်တရားကိုစောင့်၏၊ တရားကိုကျင့်၏၊ ဤနတ်သည်လိမ္မာ၏၊ ဤဗြဟ္မာသည်လိမ္မာ၏၊ ဤသို့စသောအားဖြင့် များစွာပင်ပြောဆိုလေ့ရှိကြကုန်သည်၊ထိုဝေါဟာရစကားများသည် ကုသလ-သဒ္ဒါကိုအစွဲပြု၍ပြောဆိုသောစကားတို့သာဖြစ်ကြကုန်၏။

လောကီလူများအပေါင်းတို့သည်ကား လိမ္မာသည်, ကောင်းသည်, အပြစ်ကင်းသည်-ဟူသောစကားတို့ကို ပုဂ္ဂိုလ်၏ဂုဏ်အဖြစ်ဖြင့် ပြောဆိုကြကုန်၏၊ လိမ္မာမှုသဘောဓာတ်သို့ ထိခိုက်အောင် ပြောဆိုလေ့မရှိကြကုန်၊သုတ္တန်နည်းအားဖြင့်လည်း လောကီလူတို့ ပြောဆိုသောအတိုင်းပင် ဟောတော်မူရ၏၊ လိမ္မာသောသူ, ကောင်းသောသူ, အပြစ်ကင်းသောသူ-ဆိုသောစကားများသည် သုတ္တန်နည်းအားဖြင့်သော်ငင်း, သမ္မုတိသစ္စာ အနေအထားအားဖြင့်သော်ငင်း မှန်ပါ၏၊ အမှား-ဟူ၍ မဆိုထိုက်ပေ၊ ပရမတ္ထသစ္စာ အဘိဓမ္မာနည်းအားဖြင့် လိမ္မာသောသူ, ကောင်းသောသူ,အပြစ်ကင်းသောသူ-ဟူ၍မဆိုထိုက်ချေ၊ ဆိုလျှင် စင်စစ်မှားယွင်းမည်သာတည်း။

**သုတ္တန် နည်းအားဖြင့်**--ကုသလော ပုရိသော၊လိမ္မာသောယောက်ျား။ ကုသလာ ဣတ္ထီ၊ လိမ္မာသောမိန်းမ။ ကုသလော ဒေဝေါ၊ လိမ္မာသောနတ်။ ကုသလော ဗြဟ္မာ၊ လိမ္မာသောဗြဟ္မာ။ ဤသို့စသောအားဖြင့် ကုသလ-သဒ္ဒါကို ပုဂ္ဂိုလ်၏ ဝိသေသနဂုဏ်ပြု၍ဆိုနိုင်သည်၊ ပရမတ္ထဓမ္မအစစ်ကို အသီးထုတ်၍ ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာနည်း၌မူကား ပုဂ္ဂိုလ်,သတ္တဝါ,နတ်,ဗြဟ္မာ မရှိ၊ တရားသဘောသက်သက်, ဓမ္မသက်သက်သာရှိသည်၊ ထို့ကြောင့် "ကုသလာ ဓမ္မာ"ဟူ၍ ဟောတော်မူသည်၊ လိမ္မာသောတရား, ကောင်းသောတရား, အပြစ်ကင်းသော တရား-ဟူ၍ ဆိုလိုသည်၊အဘိဓမ္မာ၌ ကုသလ-သဒ္ဒါကို ဓမ္မ၏ ဝိသေသနဂုဏ်ပြု၍ ဟောတော်မူသည်။

www.dhammaransi.com



**ဓမ္မာ-ဟူသောပုဒ်ဖြင့်**-ပုဂ္ဂိုလ် သတ္တဝါမဟုတ်, အတ္တ ဇီဝ မဟုတ်ကြောင်းကို ပြတော်မူသည်၊ ထို့ကြောင့် အဋ္ဌကထာကြီး၌-

ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ-ဟူ၍ ဖွင့်ပြတော်မူသည်၊ ဓမ္မာ၊ တရားတို့သည်။ နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တဝါသဘောမဟုတ်, ဇီဝသဘောမဟုတ်ကုန်။

**တနည်းကား။** ။နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တဝါသဘောမဟုတ်,ဇီဝသဘောမဟုတ်ကုန်သော။ ဓမ္မာ၊ တရား သက်သက်တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကြကုန်၏။ (ဤသို့အနက်ပေးလေ….)။

လိမ္မာသောသူ-ဆိုရာ၌ လိမ္မာခြင်းသဘောကိုပင်လျှင် သတ္တဝါပြုလုပ်၍ ပြောဆိုသောစကားဖြစ်သည်၊ အဘိဓမ္မာနည်းအားဖြင့် လိမ္မာသောသူမဟုတ်၊ အလိမ္မာစိတ်တွေ,ကုသိုလ်စိတ်တွေ ဖြစ်ခိုက်ကြုံနေသည်-ဟုဆိုလို၏၊အလိမ္မာမှုသဘောတွေကိုမြင်လျှင် လိမ္မာသောသတ္တဝါကိုမြင်နိုင်မည်မဟုတ်၊ စင်စစ်အမှန်အားဖြင့်လည်းအလိမ္မာစိတ်သဘောသာလျှင်အမှန်ရှိသည်၊ လိမ္မာသောသူမရှိ၊ ပရမတ္ထသစ္စာအားဖြင့် အလိမ္မာစိတ်ရှိသည်ကိုအစွဲပြု၍ ''လိမ္မာသောသူ''ဟူသောစကားကို အသုံးအစွဲပြုကြလေသည်၊ ကောင်းသောတရားမှန်လျှင် ကောင်းသောအကျိုးကိုကေန်ပေးလိမ့်မည်။

[ဤကား ကုသလာ ဓမ္မာ ပုဒ်၏-ဆိုလိုရင်းအဓိပ္ပါယ်ပေတည်း။]

**အကုသလာဓမ္မာပုဒ်၌။** ။ဤလောက၌ မိုက်သည်,မကောင်း,အပြစ်မကင်း-ဟူသောစကားကို ပြောဆိုလေ့ရှိကြကုန်၏၊ ထိုစကားများသည် အကုသလ-သဒ္ဒါ၏ အနက်တို့ပေတည်း။

၁။ ဤသူသည် မိုက်၏၊ ကောင်းသော အမှုကိုမပြု၊ ကောင်းသောစကားကို မဆို၊ ကောင်းသောအကြံကိုမကြံ၊ မကောင်းသော အမှုကိုပြု၏၊မကောင်းသောစကားကို ဆို၏၊မကောင်းသောအကြံကိုကြံ၏။

၂။ ဤသူသည် မိမိအကျိုးစီးပွား၌ မလိမ္မာ၊ သူတပါး၏ အကျိုးစီးပွား၌ မလိမ္မာ၊ နှစ်ဦးတို့၏အကျိုးစီးပွား၌ မလိမ္မာ။

www.dhammaransi.com



၃။ ဤသူသည် လောဘရမ္မက် ကြီး၏၊ ဤသူသည် အမျက်ကြီး၏၊ ကြမ်းကြုတ်၏၊ ဤသူသည်မိုက်မဲ၏၊ တွေဝေ၏၊ ဤသူသည်တရားမစောင့်၊ ဤသူသည် သစ္စာမဲ့၏။

ဤသို့စသောအားဖြင့် များစွာပင်ပြောဆိုလေ့ ရှိကြကုန်သည်၊ ထို ဝေါဟာရ စကားတို့သည် အကုသ-လသဒ္ဒါကို အစွဲပြု၍ ပြောဆိုသော စကားတို့သာ ဖြစ်ကြကုန်၏။

လောကီလူများ အပေါင်းတို့သည် မိုက်သည်, မကောင်း, အပြစ် မကင်း-ဟူသောစကားတို့ကို ပုဂ္ဂိုလ်၏ဂုဏ်အဖြစ်ဖြင့်ပြောဆိုကြကုန်၏၊ မလိမ္မာမှု, မိုက်မဲမှုဓာတ်သဘောသို့ ထိခိုက်အောင်ပြောဆိုလေ့ မရှိကြကုန်။

၁။ သုတ္တန် နည်းအားဖြင့်လည်း လောကီလူများ ပြောဆိုသောအတိုင်းပင် ဟောကြားတော် မူရ၏၊ မိုက်သောသူ, မကောင်းသောသူ, အပြစ်မကင်းသောသူ- ဆိုသောစကားများသည် သုတ္တန်နည်းအားဖြင့် သော်၎င်း, သမ္မုတိသစ္စာ အနေအားဖြင့်သော်၎င်း မှန်ပါ၏၊အမှား-ဟူ၍ မဆိုထိုက်ပေ။

၂။ ပရမတ္ထသစ္စာ အဘိဓမ္မာနည်းလမ်းအားဖြင့် မိုက်သောသူ, မကောင်းသောသူ,အပြစ်မကင်းသောသူ- ဟူ၍ မဆိုထိုက်ချေ၊ ဆိုလျှင် မှားယွင်းမည်သာတည်း။

[သုတ္တန်နည်းအားဖြင့် အကုသလ-သဒ္ဒါကို ပုဂ္ဂိုလ် သတ္တဝါတို့၏ ဝိသေသန ဂုဏ်ပုဒ်ပြု၍ဆိုသည်၊ အဘိဓမ္မာနည်းအားဖြင့် အကုသလ-သဒ္ဒါကို ဓမ္မ၏ဝိသေသန ဂုဏ်ပုဒ်ပြု၍ဆိုသည်၊ ထို့ကြောင့် အကုသလာဓမ္မာ-ဟူ၍ ဟောတော်မူသည်။]

ဓမ္မာ-ဟူသောပုဒ်ဖြင့်-ပုဂ္ဂိုလ်သဘော, သတ္တဝါသဘော, အတ္တသဘော, ဇီဝသဘောကိုပယ်ရှားတော်မူသည်၊ ဓမ္မ-သဒ္ဒါသည် ပုဂ္ဂိုလ် သတ္တဝါကိုမဟော၊ တရားသဘောသက်သက်ကိုသာ ဟောနိုင်သည်၊ အဘိဓမ္မာနည်းအားဖြင့်မိုက်သောသူ-ဟူ၍မရှိ၊အမိုက်သဘော, အမိုက်ဓာတ်တွေသာအမှန်ရှိသည်၊ ထိုအမိုက်သဘောတွေကိုပင်လျှင် "အကုသလာဓမ္မာ"ဟူ၍ဟောတော်မူသည်။

www.dhammaransi.com



**မိုက်သောသူ**-ဆိုရာ၌ မိုက်မှုသဘောကိုပင်လျှင် သတ္တဝါ ပြုလုပ်၍ ပြောသောစကားဖြစ်သည်၊ အဘိဓမ္မာနည်းအားဖြင့် မိုက်သောသူ မဟုတ်၊ အမိုက်ဓာတ်တွေ, အကုသိုလ်ဓာတ်တွေဖြစ်နေသည်-ဟု ဆိုလို၏၊ အမိုက်သဘောတွေကိုထင်မြင်လျှင် မိုက်သောသူကို မြင်နိုင်မည် မဟုတ်၊ စင်စစ်အားဖြင့်ဆိုသော် အမိုက်ဓာတ်တွေသာအမှန်ရှိသည်၊ မိုက်သောသူ-ဟူ၍မရှိ၊ အမိုက်ဓာတ်ရှိသည်ကို အစွဲပြု၍ "မိုက်သောသူ" ဟူသောစကားကိုအသုံးပြုကြလေသည်၊ မကောင်းသောတရား မှန်လျှင် မကောင်းသောအကျိုးကို ကေန်ပေးလိမ့်မည်။

[ဤကား အကုသလာဓမ္မာပုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ်ပေတည်း။]

**အဗျာကတာဓမ္မာဆိုသည်ကား။** "ကုသလ, အကုသလ နှစ်မျိုးတို့မှ လွတ်သော တရားတို့ပေတည်း၊ ကောင်းသည်-ဟူ၍မဆိုရ၊ မကောင်း-ဟူ၍လည်းမဆိုရသောတရားမျိုးတို့ကိုပင် အဗျာကတခေါ်သည်။

၁။ ကောင်းသောအကျိုးကိုပေးလျှင် ကုသလခေါ်သည်။

၂။ မကောင်းသောအကျိုးကိုပေးလျှင် အကုသလခေါ်သည်။

၃။ ကောင်းသောအကျိုးကိုလည်းမပေး၊ မကောင်းသောအကျိုး ကိုလည်းမပေးလျှင် အဗျာကတခေါ်သည်။

အဗျာကတတရားစုကို တရားကိုယ်အားဖြင့်ကောက်ယူလျှင် လွန်စွာ များပြား၏၊ ကုသလာဓမ္မာပုဒ်ကို တရားကိုယ်အရကောက်လျှင် ကုသိုလ်စိတ် (၂၁) စေတသိက် (၃၈) ကိုကောက်ရသည်၊ အကုသလာဓမ္မာပုဒ်ကို တရားကိုယ်ကောက်လျှင် အကုသိုလ်စိတ် (၁၂) စေတသိက် (၂၇)ကိုကောက်ရသည်။

**အဗျာကတာဓမ္မာ**–ပုဒ်ကို တရားကိုယ်အရကောက်လျှင် ဝိပါက်စိတ် (၃၆) ကြိယာစိတ် (၂၀) စေတသိက် (၃၅) ရုပ်(၂၈) နိဗ္ဗာန်၊ ဤတရားများကိုကောက်ယူရသည်၊ ထို့ကြောင့်အဗျာကတနှင့်ဆိုင်သော တရားကိုယ်တွေ လွန်စွာများသည်-ဟုဆိုအပ်ပေသတည်း။

**သတ္တဝါတို့၏သန္တာန်၌**–ဖြစ်ပုံအနေအားဖြင့်လည်း အဗျာကတ ဖြစ်ခြင်းတို့သာများကုန်သည်၊ ကုသိုလ်, အကုသိုလ်တို့သည်ကား ဝီထိစိတ်

www.dhammaransi.com



ပေါ်၍ ဇောကျလာမှုဖြစ်နိုင်ကြကုန်သည်၊ အဗျာကတတရားတို့သည်ကား သတ္တဝါတို့၏သန္တာန်မှာ အမြဲမပြတ်ဖြစ်နေကြကုန်သည်၊သတ္တဝါတို့၏ကိုယ်ကောင်-ဟုခေါ်သော ရုပ်တရားကြီးကပင်လျှင် အဗျာကတဖြစ်၍နေသောကြောင့် သတ္တဝါတို့၏သန္တာန်မှာ အဗျာကတတရားတွေမပြတ်မစဲ အမြဲဖြစ်နေကြောင်း လွန်စွာထင်ရှားပေသည်၊ လိမ္မာမှု, မလိမ္မာမှု-ဟုဆိုအပ်သော ကုသိုလ်, အကုသိုလ်တို့သည် ရံခါရံဖန်မှသာဖြစ်ကြကုန်၏၊ ဘဝင်-ဟုဆိုအပ်သော အဗျာကတစိတ်တို့သည်ကားကုသိုလ်ဖြစ်ခိုက်, အကုသိုလ်ဖြစ်ခိုက်ကို ချန်ထား၍ အမြဲမပြတ်အစဉ်တစိုက်ဖြစ်နေကြကုန်သည်။

၁။ အဗျာကတတရားတို့သည် သတ္တဝါတို့၏သန္တာန်မှာ အိမ်သယ်, အိမ်ရှင်နှင့်တူကုန်၏။

၂။ ကုသိုလ်, အကုသိုလ် တို့သည် ရံခါရံဖန် တည်းခိုလာသောဧည့်သည်အာဂန္တုတို့နှင့်တူကုန်၏။

**တနည်းကား—**

၁။ အဗျာကတတရားတို့သည် အထယ်ခံ, အမာခံအဖြူထယ်တို့နှင့်တူကုန်၏။

၂။ ကုသိုလ်, အကုသိုလ်တို့သည် အမွှမ်းတို့နှင့်တူကုန်၏။

သတ္တဝါတို့သည် အဗျာကတတရားတို့ကိုသာလျှင် အမြဲအဖော်ပြုကာနေကြရကုန်သည်၊ ကုသိုလ်, အကုသိုလ်ဘို့ကိုမူကား (အဗျာကတတို့နှင့်စာ ျင်)ရံခါရံဖန်၌သာပေါင်းသင်း၍နေကြရကုန်၏၊ သတ္တဝါတို့သည် ဤအဗျာကတတရားတို့ကိုပင် သတ္တဝါ၏အထယ်ကိုယ်ကြီးပြုလုပ်၍နေကြကုန်သည်၊ ဤအဗျာကတတရားတို့ကိုပင်လျှင် ဦးခေါင်း, ခြေ, လက်, မျက်စိ, နား, နှာခေါင်း, လျှာ, အသား, အသွေး, အမွေး, အရိုး, အရေ-ပြုလုပ်၍နေကြကုန်သည်။

**ဗဟိဒ္ဓသန္တာန်၌လည်း—**ဤအဗျာကတတရားတို့ကိုပင်အိမ်, ကျောင်း, ခုတင်, ညောင်စောင်း, စားပွဲ, ကုလားထိုင်, တုံး, တိုင်, သစ်ပင်, သစ်သီး, ပန်းပွင့်, အစာအာဟာရ, တော, တောင်, ရေ, မြေ, နေ, လ, နက္ခတ်-ဇသော အားဖြင့် အားကိုးတခုပြုလုပ်၍နေကြကုန်သည်၊ လူတို့

www.dhammaransi.com



က ကိုယ်,လက်,အင်္ဂါ ခေါ်လေသမျှ၊ ရေ, မြေ,တော, တောင် ခေါ်လေသမျှသည် အဘိဓမ္မာနည်းအားဖြင့် အဗျာကတတရားတို့သာဖြစ်ကြကုန်၏။

၁။ သုတ္တန်နည်း, သမ္မုတိသစ္စာနည်းအားဖြင့် ကိုယ်, လက်, အင်္ဂါ, ရေ,မြေ, တော, တောင်-စသည်ဖြင့် ခေါ်လျှင် မှားသည်-ဟူ၍ မဆိုထိုက်ပေ၊ မှန်ပါပေ၏။

၂။ ပရမတ္ထသစ္စာ အဘိဓမ္မာ ဒေသနာနည်းအားဖြင့် ကိုယ်,လက်, အင်္ဂါ,ရေ,မြေ, တော,တောင်-ဆိုလျှင် စင်စစ်မှားယွင်းလေ၏။

ပရမတ္ထသစ္စာနည်း၌ ကိုယ်, လက်,အင်္ဂါ-ဟူ၍မရှိ၊ရေ,မြေ, တော, တောင်-ဟူ၍မရှိ၊ အဗျာကတ တရားတို့သာ အမှန်အားဖြင့် ရှိကြကုန်သည်၊ ထို့ကြောင့် အဗျာကတာဓမ္မာ ဟူ၍သာလျှင် ဟောတော်မူပေသတည်း။

**ပုဂ္ဂိုလ်,သတ္တဝါ**−စသည်ဖြင့် အတ္တဒိဋ္ဌိစွဲလမ်းချက်များသည် အဗျာကတ တရားတို့၌ လွန်စွာ အစွဲများကုန်၏၊ အဗျာကတ တရားတို့၌ အတ္တဒိဋ္ဌိအမြစ်တွယ်ပုံ အချက်တွေ လွန်စွာများလှသည်ဟုဆိုလို၏။

၁။ ပထဝီဓာတ်၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၂။ တေဇောဓာတ်၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၃။ စက္ခု၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၄။ သောတ၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၅။ အဆင်း၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၆။ အသံ၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၇။ ဣတ္ထိဘာဝရုပ်၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၈။ ပုမ္ဘာဝရုပ်၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၉။ စက္ခုဝိညာဉ်၌ တွယ်သော အတ္တဒိဋ္ဌိအမြစ်,
၁၀။ သောတဝိညာဉ်၌ တွယ်သောအတ္တဒိဋ္ဌိအမြစ်,

ဤသို့စသည်ဖြင့် အဗျာကတ တရားတို့၌ အတ္တဒိဋ္ဌိ တရားဆိုးကြီး၏ အမြစ်တွေ အမြွာမြွာတွယ်ပုံများကို ဉာဏ်သွားကျယ်ပြန့်တိုင်း စဉ်းစားဆင်ခြင်ပါလေကုန်။

www.dhammaransi.com



ထိုကဲ့သို့ အဗျာကတ တရားတို့၌ အတ္တဒိဋ္ဌိအမြစ်တွယ်ချက်တွေများလှသဖြင့် ထိုသက္ကာယဒိဋ္ဌိ အမြစ်တွေကို ခုတ်ဖြတ်သုတ်သင်တော်မူခြင်းငှါ အဗျာကတာဓမ္မာ-ဟူ၍ ဟောတော်မူသည်၊ ဓမ္မာ-ဟူသော ပုဒ်ဖြင့် သတ္တဝါမဟုတ်, ပုဂ္ဂိုလ်မဟုတ်, အသက်ရှင်သော ဇီဝမဟုတ် ဟူ၍ ပြဆိုတော်မူသည်။

အဗျာကတ တရားတို့၏ ကုသိုလ်မဟုတ်, အကုသိုလ်မဟုတ်ပုံများကို အမြွက်မျှ ပြဆိုဦးအံ့။

(က) ပထဝီဓာတ်သည် လိမ္မာသလော, မိုက်သလော-မေးလျှင် လိမ္မာသည်လည်းမဟုတ်, မိုက်သည်လည်းမဟုတ်ဟု ဖြေဆိုရလိမ့်မည်။

(ခ) ပထဝီဓာတ်သည် ကောင်းသလော၊ ကောင်းသော အကျိုးကိုပေးနိုင်သလော၊မကောင်းသလော၊မကောင်းသောအကျိုးကိုပေးနိုင်သလော-ဟုမေးလျှင် ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်းမဟုတ်၊ကောင်းကျိုးကိုလည်းမပေးနိုင်၊ မကောင်းကျိုးကိုလည်း မပေးနိုင်-ဟူ၍ ဖြေရလိမ့်မည်။

ထိုကဲ့သို့ ကုသိုလ်သဘော, အကုသိုလ်သဘော နှစ်ပါးတို့မှ လွတ်သည်ကိုပင် အဗျာကတသဘောဟုဆိုရသည်။

[ဤနည်းအတိုင်း အဗျာကတတရားဟူသမျှတို့၌ ကုသိုလ်, အကုသိုလ်သဘောတို့မှ လွတ်ပုံကို ကြံဆင်ခြင်လေ။]

အဗျာကတ သဘောတွေကို ရှင်းလင်းစွာ ထင်မြင်လျှင် ငါ့ကိုယ်, ငါ့လက်, ငါ့ဦးခေါင်း, ငါ့မျက်လုံး, ငါ့နား, ငါ့နှာခေါင်း-စသောအထင်အမြင်တို့သည် ကင်းရှင်းကြကုန်မည်သာတည်း၊ ဗဟိဒ္ဓသန္တာန်၌လည်း အိမ်, ကျောင်း, ရွှေ,ငွေ, လယ်,ယာ, ရေ,မြေ, တော, တောင်, နေ,လ, နက္ခတ်-စသော အထင်တို့သည်လည်း ရှင်းရှင်းပျောက်ကင်းကြကုန်မည်သာတည်း၊ ဆိုခဲ့ပြီးသော ထင်မြင်ပုံများသည် အတ္တဒိဋ္ဌိနှင့် စပ်သော အထင်တို့ မည်ကုန်၏၊ အတ္တဒိဋ္ဌိ ဆရာကြီးက နည်းညွှန်ကြားသော အတိုင်းထင်မြင်သော အထင်အမြင်တို့ပေတည်း။

www.dhammaransi.com



မိမွေးတိုင်း, ဘမွေးတိုင်းက ပါလာသော အထင် လက်ရိုးကြီးတို့ပေ
တည်း၊ သမ္မုတိသစ္စာအနေအားဖြင့် ထင်သော အထင်တို့ပေတည်း။

ဤ အထင်အမြင်တွေကွယ်ပျောက်၍ အဗျာကတယဘောသက်သက်
အားဖြင့် ထင်မြင်လာသောအခါမှန်သောဉာဏ်အမြင်သို့ ဆိုက်ရောက်
ပြီ-ဟူ၍ ဆိုရပေမည်၊ထိုအထင်မျိုးကို အတ္တဒိဋ္ဌိဆရာကြီး၏ နည်းပြည့်နှ
ကြားခြင်းမှ လွတ်သော အထင်မျိုးဟူ၍၎င်း, ပရမတ္ထ သစ္စာအားဖြင့်
မှန်ကန် ဖြောင့်မတ်စွာ လင်းလင်းကြီး ထင်သော အထင်ကောင်း,
အမြင်ကောင်း-ဟူ၍၎င်း ဆိုအပ်ပေသည်၊ ထိုသို့အမှန်အတိုင်းထင်မြင်
လာသောအခါ အနတ္တဝိဇ္ဇာဉာဏ် အလင်းကြီးပေါ်လာပြီ၊ အတ္တဒိဋ္ဌိ
ဆရာကြီး မှော်ပညာဖြင့် မှိုင်းတိုက်ထားသော အမိုက်မှောင်ကြီးကို ဖြို
ခွင်းရပြီ-ဟူ၍ ဆိုထိုက်လေတော့သတည်း။

[ဤကား ကုသလာဓမ္မာ,အကုသလာဓမ္မာ,အဗျာကတာဓမ္မာ-ဟူသော တိက်
ပုဒ်၏ အနက်အဓိပ္ပါယ်ကို ပြဆိုသောစကားရပ်ပေတည်း။]

### ကုသလတိက် တခုလုံး၏အဓိပ္ပါယ်ကို ပြဆိုချက်

အနန္တလောကဓာတ်ကြီးအတွင်း၌ ရှိရှိသမျှသော သက်ရှိ, သက်မဲ့
ဝတ္ထုတွေကို သေတ္တုချ၍ကြည့်လိုက်သည်ရှိသော် ကုသလတိက်အတွင်း
သို့သာ အလုံးစုံသက်ဝင်ကြလေကုန်၏၊ ထိုကုသလတိက်မှ လွတ်သော
တရား-ဟူ၍တစုံတခုမျှမရှိချေ၊ တော, တောင်, ရေ, မြေ, နေ, လ,
နက္ခတ်-မှစ၍ အဝိညာဏကဝတ္ထု-ဟူသမျှတို့သည် အဗျာကတာဓမ္မာ
ပုဒ်အတွင်းသို့ ဝင်ကြလေကုန်၏၊ အသက်ရှိသောသတ္တဝါတို့၏သန္တာန်၌
ရှိသမျှသောတရားတို့သည်ကား ကုသလ, အကုသလ, အဗျာကတ
သုံးပုဒ်အတွင်းသို့ ဆိုင်ရာဆိုင်ရာ သက်ဝင်ကြလေကုန်သည်။

၁။ အလိမ္မာသဘော ဟူသမျှတို့သည် ကုသလပုဒ်အတွင်းသို့ ဝင်ကြ
လေကုန်၏။

၂။ အမိုက်သဘော ဟူသမျှတို့သည် အကုသလပုဒ်အတွင်းသို့ ဝင်
ကြလေကုန်၏။

www.dhammaransi.com



၃။ အလိမ္မာသဘောလည်းမဟုတ်, အမိုက်သဘောလည်းမဟုတ်သောတရားတို့သည် အဗျာကတပုဒ်အတွင်းသို့ဝင်ကြလေကုန်၏။

[သဲတနယ်, ပဋိစ္စသမုပ္ပါဒ်နယ်မှ အလွတ်ဖြစ်သောနိဗ္ဗာန်သည်လည်း အဗျာကတပုဒ်အတွင်းသို့ပါဝင်ရလေသည်။]

အတ္တဒိဋ္ဌိအုပ်စိုးခြင်းကို ခံလျက်ရှိနေကြကုန်သော သတ္တဝါတို့၏ကိုယ်ခန္ဓာအတွင်းမှာ ကုသလ, အကုသလ, အဗျာကတတရားတို့ဖြင့် ပြည့်၍နေကြလေကုန်သည်၊ သတ္တဝါတို့သည်ကား မိမိတို့သန္တာန်၌ရှိသောကုသလတိက်တရားတို့ကို ကောင်းမွန်ကျနစွာမသိရှာကြကုန်၊ ထိုသို့မသိသည်အတွက်ကြောင့်ပင်လျှင် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ, ငါငါ- ဟူသော အထင်တို့ဖြင့် အစဉ်တစိုက်အမှားကြီးမှား၍ လာကြကုန်သည်၊ သတ္တဝါတို့သည် မိမိကိုယ်ကို မိမိတို့ မသိကြကုန်၊ အဘယ်တရားတို့ကို အရင်းခံထား၍ မိမိတို့သည်လောကကြီးပေါ်မှာ သတ္တဝါလုပ်နေကြရသည်များကိုလည်း လားလားမျှ မသိကြကုန်။

ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့အား မြတ်စွာဘုရားက "အို- မင်းသားတို့....သင်တို့၏ကိုယ်ကို ရှာကြကုန်လော" ဟူ၍ မိန့်တော်မူသည်မှာ မိမိတို့အတွင်းသန္တာန်၌ ရှိနေကြကုန်သောတရားတို့ကို အမှန်အားဖြင့် သိကြစေရန် မိန့်တော်မူသောစကားတော်ဖြစ်ပေသည်၊ပုထုဇဉ်သတ္တဝါဟူသမျှတို့သည် ရွှေကိုရှာခြင်း, ငွေကိုရှာခြင်း, ဆန်ရေစပါးကိုရှာခြင်း, မယားကိုရှာခြင်း, လင်ကိုရှာခြင်း- အစရှိသော ဗဟိဒ္ဓရှာမှုတွေကိုသာအရေးကြီးတခု လုပ်ခါလုပ်ခါနှင့် သံသရာတွင် အကြာကြီးကြာ၍နေကြကုန်သည်၊"မိမိအဇ္ဈတ္တသန္တာန်မှာ ဘာတွေရှိပါလိမ့်မလဲ"ဟူ၍ ဆင်ခြင်စဉ်းစားသောဉာဏ်ဖြင့် အတွင်းသန္တာန်သို့ထိခိုက်အောင် ရှာဖွေစိစစ်ဘူးကြသည်မဟုတ်ကုန်။

ဗဟိဒ္ဓရှာမှုတွေကိုအရေးပြုခါ အပဝတ္ထုကို ရှာဖွေနေသမျှကာလပတ်လုံး မည်သည့်အခါမှာမှ သံသရာအတွင်းက ကျွတ်လွတ်နိုင်ကြမည်မဟုတ်ပေ၊ မိမိတို့ကအဇ္ဈတ္တသန္တာန်၌ရှိသောတရားတွေကို ရှာမှီး၍ တိတိရောက်ရောက် အသိဉာဏ်ပေါက်ပြီးလျှင် အလင်းရောင်ကြီးတောက်သောအခါသို့ကျရောက်မှသာလျှင် သံသရာကကျွတ်လွတ်နိုင်ကြပေမည်။

www.dhammaransi.com



အဇ္ဈတ္တသန္တာန်၌ ရှာမှုဆိုသည်ကား ဤကိုယ်အတွင်း၌ရှိသော တရားတွေကို သေချာစေ့ငုသိအောင် ပြုခြင်းပေတည်း၊ ခန္ဓာနည်းလမ်း အားဖြင့်ရှာဖွေလျှင် ဤကိုယ်အတွင်း၌ ခန္ဓာငါးပါးတို့ကို အလင်းမြင် အောင်ပြုခြင်း, ကုသလတိက်သဘောအားဖြင့် ရှာဖွေပါလျှင် ဤကိုယ် အတွင်း၌ အလိမ္မာစိတ်တွေ, အမိုက်စိတ်တွေ, အဗျာကတစိတ် တွေကိုအလင်းမြင်အောင်ပြုခြင်းများကို ဆိုလိုသည်။

[ကိုယ့်ခန္ဓာအတွင်း၌ အလင်းမြင်သည့်တိုင်အောင် ရှာဖွေရန်နည်းလမ်းတို့ကို မြတ်စွာဘုရားသည် နည်းပေါင်းများစွာထား၍လမ်းညွှန်တော်မူခဲ့ပေသည်၊ အာ ယတနနည်းအားဖြင့် ကိုယ်အတွင်း၌ရှာဖွေပုံ, ဓာတ်နည်းအားဖြင့်ရှာဖွေပုံ, သစ္စာ နည်းအားဖြင့်ရှာဖွေပုံ, ဝေဒနာနည်းအားဖြင့်ရှာဖွေပုံမှစ၍ ဒေသနာနည်းပေါင်း များစွာရှိကြလေကုန်သည်။]

မိမိတို့ကိုယ်အတွင်း၌ရှိသောတရားတို့ကို အမှန်အလင်းသိမြင်သော အခါ ထိုသူကို "မိမိကိုယ်ကိုမိမိသိသောသူ, ကိုယ့်စိတ်ကိုယ်သိသော သူ" ဟူ၍ခေါ်ဆိုအပ်သည်၊ အနမတဂ္ဂသံသရာ၌ မိမိစိတ်ကို မိမိသိ သောသူတို့သည်ကား လွန်စွာပါးရှားလှကုန်၏၊ ဝိပဿနာအလုပ်ကြီး သည် မိမိကိုယ်အတွင်း၌ရှိသောတရားတို့ကို အမှန်အားဖြင့် သိအောင် ရှာဖွေသောအလုပ်ကြီးပင်တည်း၊ ဝိပဿနာလမ်းဖြင့် စခန်းပေါက် ရောက် ဉာဏ်ရောင်တောက်သောပုဂ္ဂိုလ်သည်ကား မိမိစိတ်ကြောကို ပေါလောကြီးပေါ်အောင် သိပြီးသော ပုဂ္ဂိုလ်မည်၏၊ မိမိစိတ်သဘော ကို ပေါလောကြီးပေါ်အောင် သိပြီးသော ပုဂ္ဂိုလ်သည် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ, ငါငါ-ဟူသော တွယ်တာခြင်းမှ ကင်းရှင်းလေ၏၊ ထိုအခါ ကိစ္စတုံး၍ အဆုံးစခန်းသို့ ရောက်လေ၏၊

အဘိဓမ္မာ ဒေသနာတော်ကြီး ဟူသမျှသည် အနန္တလောက ဓာတ်၌ ရှိရှိသမျှသော သက်ရှိသက်မဲ့ ဝတ္ထုတွေကို အမှန်အ တိုင်းသိအောင် ဖော်ပြသော ဓမ္မမှန်ပြောင်းတော် ကြီးတွေ ဖြစ်ကြပေသည်၊ ထို ဓမ္မမှန်ပြောင်းတော်ကြီးတွေ အသင့်ရှိနေ ခိုက် ကြုံကြိုက်ကြကုန်သော သူအပေါင်းတို့သည် ထိုဓမ္မမှန် ပြောင်းတော်ကြီးဖြင့် မိမိတို့သန္တာန်မှာ ရှိသော တရားတို့ကို ထင်ရှားစွာ သိသည်တိုင်အောင် ရှာဖွေစုံစမ်းခြင်းငှါ လွန်စွာ သင့်လျော်လှပေသတည်း။

www.dhammaransi.com



ရထနာဂါထာ

အဇ္ဈတ္တံ တေ န ဇာနန္တိ၊ ယေ ဗဟိဒ္ဓ ဂဝေသရေ။
အဇ္ဈတ္တ မဂဝေသန္တာ၊ မုဋ္ဌာ ဝဋ္ဋမှိ ဒုက္ခရေ။ ။

ယေ၊ အကြင်ပုထုဇဉ်သတ္တဝါတို့သည်။ ဗဟိဒ္ဓ၊ ရွှေငွေရတနာ ဥစ္စာ ခမ်းနား သားမယားစသော အပြင်ပဝတ္ထုတွေကို။ ဂဝေသရေ-ဂဝေ သန္တိ၊ အပန်းတကြီး ရှာမှီး၍နေကြကုန်၏။ တေ၊ ထိုအပြင် ဗန်းကြိုက်၊ ပုထုဇဉ်အမိုက်တို့သည်။အဇ္ဈတ္တံ၊မိမိတို့အတွင်းသန္တာန်၌ရှိသောတကယ့် အမှန်တရားတို့ကို။ နဇာနန္တိ၊ သိမည်ဝေးစွ ရေးရေးမျှ မထင်မမြင်နိုင် ကြကုန်။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌ရှိသော တကယ့်တရားမှန်တွေကို။ အဂဝေသန္တာ၊တိမ်းချော်လမ်းလွဲ အမှားကဲလျက် မရှာဘဲ နေကြကုန် သည်ရှိသော်။ မုဋ္ဌာ၊ အတွင်းသန္တာန်၌ အသိဉာဏ်မဆိုက် အမှောင် ကြီးမိုက်ကြကုန်လျက်။ ဝဋ္ဋမှိ၊ သုံးဆဲ့တဆိုင် ခရိုင်တလွှား ဝဋ်သုံးပါး၌။ ဒုက္ခရေ-ဒုက္ခန္တိ၊ တပင်ပန်းပန်း တန္ဒမ်းရိရိ ဘေးပေါင်းထိလျက် မချိ တရိပင်ပန်း၍ နေကြရလေကုန်သတည်း။

ဓမ္မာဒါသော ဖြဟာ အတ္ထိ၊ အဇ္ဈတ္တံ ပေက္ခိတုံ မုဟုံ။
တေန ပေက္ခိယ အဇ္ဈတ္တံ၊ အလံ ဒါနိ ဂဝေသိတုံ။ ။

ဒါနိ-ဣဒါနိ၊ ယခုအခါ သာသနာတော်ကြီး ထွန်းကားသည့် အခိုက်၌။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌ အမှန်ရှိနေသော တရားတို့ကို။ မုဟုံ၊ လျင်မြန်စွာ။ ပေက္ခိတုံ၊ အမှန်သိဖို့ ရှုကြည့်စုံစမ်းခြင်းငှါ။ ဖြဟာ၊ အဆန်းတကြယ် လွန်ကြီးကျယ်သော။ ဓမ္မာဒါသော၊ အဘိဓမ္မာ ဒေသ နာအပေါင်း တရားမှန်ပြောင်းတော်ကြီးသည်။ အတ္ထိ၊ ထင်ရှားရှိဆဲ သာလျင်တည်း။ တေန၊ ထိုတရားမှန်ပြောင်းတော်ကြီးဖြင့်။ ပေက္ခိယ၊ ဖြောင့်မတ်တိတိ မြင်အောင်ကြည့်၍။အဇ္ဈတ္တံ၊အတွင်းသန္တာန်၌ အမှန် တည်ရှိ၍နေသော အဇ္ဈတ္တတရားတို့ကို။ ဂဝေသိတုံ၊ အရေးတကြီး ရှာ မှီးခြင်းငှါ။ အလံ၊ အချိန်မဖင့်စေလင့် အသင့်လျော်ဆုံး အခါကြီး ပေတည်း။

ဤကုသလတိက်၏ အနက် အဓိပ္ပါယ်ကို အကျယ် ပြဆိုအပ်သော နည်းကိုအမှီပြု၍ ဝေဒနာတိက် စသည်တို့၏ အနက်အဓိပ္ပါယ်ကိုလည်း

www.dhammaransi.com



အကျယ် သိထိုက်ပေသည်၊ အမြွက်အားဖြင့် ဆိုသော် ဝေဒနာတိက်၌ ပါရှိသော–

၁။ သုခဝေဒနာတို့ကို အတ္တဒိဋ္ဌိညွှန်ပြချက်ဖြင့် "ငါပြုလုပ်၍ ငါ ချမ်းသာသည်၊ ငါစည်းစိမ်ရှိသည်" ဟု ပြောဆို စွဲလမ်းကြကုန်သည်။

၂။ ဒုက္ခဝေဒနာတို့ကို အတ္တဒိဋ္ဌိညွှန်ပြချက်ဖြင့် "ငါပြုလုပ်၍ ငါ ဆင်းရဲသည်၊ ငါပင်ပန်းသည်၊ ငါဒိုက်ထွေးသည်" ဟု ပြောဆိုကြကုန်သည်။

စင်စစ်အားဖြင့် ချမ်းသာသူမရှိ၊ သုခဝေဒနာ ဓာတ်တွေသာရှိသည်၊ ဆင်းရဲသူမရှိ၊ ဒုက္ခဝေဒနာဓာတ်တွေသာရှိသည်၊ သုခဝေဒနာ,ဒုက္ခဝေဒနာဆိုသည်မှာလည်း ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ဇီဝမဟုတ်၊ ဓမ္မသက်သက်တို့သာ ဖြစ်ကုန်သည်၊ ထိုသို့ဓမ္မသက်သက် ဖြစ်သောကြောင့် အဘိဓမ္မာ ဒေသနာတော်ကြီး၌ "ဓမ္မာ" ပုဒ်ဖြင့်သာ ချုပ်၍ ချုပ်၍ ဟောတော်မူသည်၊ဓမ္မာပုဒ်ဖြင့်ချုပ်၍ဟောတော်မူလေသမျှ သတ္တ,ဇီဝ, ပုဂ္ဂလသဘောကိုပယ်တော်မူသည်ချည်းသာဖြစ်သည်-ဟူ၍မှတ်လေ။

[ဤသို့ စသည်ဖြင့် ဓမ္မသင်္ဂဏီကျမ်းတွင် လာသော တိက်, ဒုက်, တို့၏ အဓိပ္ပါယ်များကို နိဿတ္တ,နိဇ္ဇီဝ, ဓမ္မသဘောသို့ ဆိုက်အောင် အဓိပ္ပါယ်ကောက် ယူကြကုန်ရာသည်။]

ဤဓမ္မယမိုက်ကို ဟောတော်မူရသည်မှာ သတ္တဝါမဟုတ်,အသက်မ ဟုတ်-ဟူသောသဘောကိုအနုစိတ်အားဖြင့်ထင်ရှားအောင်ဟောတော် မူရခြင်းဖြစ်ပေသည်၊ အချုပ်အားဖြင့်ဆိုသော် နိဿတ္တ,နိဇ္ဇီဝဟုဆိုအပ် သော အနတ္တ သဘောကြီး ပေါ်အောင် ဟောတော်မူရသည်-ဟုဆိုလို ၏။

ဤဓမ္မယမိုက်၌ ကုသလတိက်ကိုသာ ယမကနည်းအားဖြင့် ဝေဖန်၍ ဟောတော်မူသောကြောင့် သရုပ်ကောက်ယူပုံ, အဓိပ္ပါယ်ကောက်ယူပုံ သဘောများမှာ မခက်ခဲချေ၊ ယမိုက် ဒေသနာသည် အဘိဓမ္မာအစစ် ကြီး ဖြစ်သောကြောင့် "ကုသလ" ဆိုလျှင် လိမ္မာသောသတ္တဝါ, လိမ္မာ သောနတ် ဟုအဓိပ္ပါယ်မရဘဲ အလိမ္မာတရားတို့ကိုသာ ကောက်ယူရ တော့သည်၊ ဓမ္မသင်္ဂဏီကျမ်း၌ပင်လျှင် ကုသလပုဒ်၏ ဓမ္မသဘော

www.dhammaransi.com



သက်သက်ဖြစ်ပုံကို ဆိုးဖြတ်ခဲ့ပြီး ဖြစ်သောကြောင့် သမ္မုတိသစ္စာအား ဖြင့် ခေါ်ဆိုအပ်သော ကုသလမျိုးတွေကို မကောက်ယူနိုင်၊ ကုသလ ဆိုလျှင် ဓမ္မသို့ဆိုက်အောင် ကောက်ယူရတော့သည်။

ထို့ကြောင့်—

ကုသလာ ကုသလာ ဓမ္မာတိ၊ အာမန္တာ။

ကုသလဆိုလျှင် ကုသလဓမ္မပင်လော၊ မှန်၏-ဟူ၍ ဟောတော်မူ သည်။

ဤဓမ္မယမိုက်၌ ဟောတော်မူပုံများကို သိကျွမ်း နားလည်လေ အောင် ဟောပုံ ပါဠိတော်များကို အမြွက်မျှ ထုတ်ပြပါဦးအံ့။

ယဿ ကုသလာဓမ္မာဥပ္ပဇ္ဇန္တိ၊တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တီတိ၊ နော။ ။အကြင်ပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည် ဖြစ်ကုန်ဆဲ၊ ထို ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် ဖြစ်ကုန်ဆဲလော၊ မဟုတ်။

> ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တီတိ။အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ နောစ တေသံ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။ ပဉ္စဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ ကုသလာ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ အဗျာကတာ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ။

အကြင်ပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည် ဖြစ်ကုန်ဆဲ၊ ထိုပုဂ္ဂိုလ် အား အဗျာကတ တရားတို့သည် ဖြစ်ကုန်ဆဲလော၊ အရူပဘုံ၌ ကုသိုလ် စိတ်တို့၏ ဥပါဒ်ခဏ၌ ထိုပုဂ္ဂိုလ်တို့အား ကုသိုလ်တရားတို့သည် ဖြစ် ကုန်ဆဲ၊ အဗျာကတတရားတို့သည် ဖြစ်ဆဲမဟုတ်ကုန်။ ပဉ္စဝေါကာရဘုံ ၌ ကုသိုလ်စိတ်တို့၏ ဥပါဒ်ခဏ၌ ထိုပုဂ္ဂိုလ်တို့အား ကုသိုလ်တရားတို့ လည်း ဖြစ်ကုန်ဆဲ၊ အဗျာကတတရားတို့လည်း ဖြစ်ကုန်ဆဲ။

> ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ။ အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ၊တဿ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ နောစ တေသံ အကုသလာ

www.dhammaransi.com



ဓမ္မာ ဥပ္ပဇ္ဇိဿန္တိ။ ဣတရေသံ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ ကုသလာ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ အကုသလာစ ဓမ္မာ ဥပ္ပဇ္ဇိဿန္တိ။

အကြင်ပုဂ္ဂိုလ်အား ကုသိုလ်တရားတို့ ဖြစ်ကုန်ဆဲ၊ ထိုပုဂ္ဂိုလ်တို့အား အကုသိုလ်တရားတို့သည် ဖြစ်ကုန်လတ္တံ့လော။ အရဟတ္တမဂ်၏ ဥပါဒ်ခဏ၌၎င်း, အကြင်စိတ်၏ အခြားမဲ့၌ အရဟတ္တမဂ်ကို ရတော့လတ္တံ့၊ထိုဝေါဒါန်စိတ်၏ ဥပါဒ်ခဏ၌၎င်း ထိုပုဂ္ဂိုလ်တို့အား ကုသိုလ်တရားတို့သည် ဖြစ်ကုန်ဆဲ၊ အကုသိုလ်တရားတို့သည် ဖြစ်လတ္တံ့ မဟုတ်ကုန်။ ဆိုခဲ့ပြီးသည်မှ တပါးသော ပုဂ္ဂိုလ်တို့၏ အကုသိုလ်စိတ်ဥပါဒ်ဆဲခဏ၌ ကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်ဆဲ၊ အကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်လတ္တံ့။

[ဤသို့ပြဆိုအပ်သောနည်းဖြင့် ဓမ္မယမိုက်၌ ဟောတော်မူပုံများကို ရှိမိသိမြင်ပါကုန်။]

ဘုံအားဖြင့် ကုသိုလ်တရားကို အသညသတ်ကြဉ်သော ဘုံသုံးဆယ်တို့၌ ရအပ်၏၊ ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် လေးယောက်, မဂ္ဂဋ္ဌာန်လေးယောက်, အောက်ဖလဋ္ဌာန်သုံးယောက်တို့၌ ရအပ်၏။

အကုသိုလ်တရားကို ဘုံအားဖြင့်အသညသတ်ကြဉ်သော ဘုံသုံးဆယ်တို့၌ရအပ်၏၊ ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်လေးယောက်, အောက်ဖလဋ္ဌာန်သုံးယောက်တို့၌ ရအပ်၏။

အဗျာကတ တရားကို အလုံးစုံသောဘုံ, အလုံးစုံသော ပုဂ္ဂိုလ်တို့၌ ရအပ်၏၊ အရူပဘုံ၌ ကုသိုလ်ဥပါဒ်ခိုက်, အကုသိုလ်ဥပါဒ်ခိုက်၌ အဗျာကတ တရားကိုမရအပ်၊ နိရောဓသမာပတ်ဝင်စားခိုက်ဖြစ်သောပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်တို့၌ အဗျာကတ တရားတခုကိုသာရအပ်သည်။

ဓမ္မယမိုက်အဓိပ္ပါယ်ချုပ်ပြီး၏။

## ၁၀-ဣန္ဒြိယ ယမိုက်အဓိပ္ပါယ်ချုပ်

ဤဣန္ဒြိယ ယမိုက်၌ ဣန္ဒြေ(၂၂)ပါးကို ယမကဒေသနာနည်းအားဖြင့် ဝေဖန်၍ ဟောတော်မူသည်။

www.dhammaransi.com



**ဣန္ဒြေ (၂၂) ပါးကား။** ။(၁)စက္ခုန္ဒြေ၊ (၂)သောတိန္ဒြေ၊ (၃) ဃာနိန္ဒြေ၊ (၃)ဇိဝှိန္ဒြေ၊ (၅)ကာယိန္ဒြေ၊ (၆)မနိန္ဒြေ၊ (၇)ဣတ္ထိန္ဒြေ၊ (၈)ပုရိသိန္ဒြေ၊ (၉) ဇီဝိတိန္ဒြေ၊ (၁၀) သုခိန္ဒြေ၊ (၁၁) ဒုက္ခိန္ဒြေ၊ (၁၂) သောမနဿိန္ဒြေ၊ (၁၃) ဒေါမနဿိန္ဒြေ၊ (၁၄) ဥပေက္ခိန္ဒြေ၊ (၁၅)သဒ္ဓိန္ဒြေ၊ (၁၆)ဝီရိယိန္ဒြေ၊ (၁၇)သတိန္ဒြေ၊ (၁၈)သမာဓိန္ဒြေ၊ (၁၉) ပညိန္ဒြေ၊ (၂၀) အနညာတညဿာမိတိန္ဒြေ၊ (၂၁) အညိန္ဒြေ၊ (၂၂)အညာတာဝိန္ဒြေ။

[ဤကား ဣန္ဒြေ ၂၂-ပါးတို့ပေတည်း၊ သင်္ဂြိုဟ်သမုစ္စည်းပိုင်း၌ ပါရှိသော ဣန္ဒြေ ၂၂-ပါးပင်တည်း။]

ဤ ဣန္ဒြေ ၂၂-ပါးတို့တွင်—

ရုပ်သက်သက်နှင့် ဆိုင်သော ဣန္ဒြေကား ၇-ပါးရှိသည်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိ, ပုရိသိန္ဒြေတို့ ပေတည်း။

၂။ မနိန္ဒြေနှင့်တကွ သုခိန္ဒြေအစ, အညာတာဝိန္ဒြေ အဆုံးရှိသော ဣန္ဒြေ (၁၄)ပါးတို့သည်ကား နာမ်သက်သက်တို့နှင့် ဆိုင်သည်။

၃။ ဇီဝိတိန္ဒြေသည်ကား ရုပ်နာမ်နှစ်ပါးနှင့် သက်ဆိုင်သည်။

[ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေဟူ၍ နှစ်ပါးခွဲဝေလေ။]

၁။ သုခိန္ဒြေ အစ ဥပေက္ခိန္ဒြေ အဆုံးရှိသော ဣန္ဒြေငါးပါးသည် တရားကိုယ်အားဖြင့် ဝေဒနာတပါးတည်းသာတည်း။

၂။ ပညိန္ဒြေအစ, အညာတာဝိန္ဒြေ အဆုံးရှိသော ဣန္ဒြေ လေးပါးသည် တရားကိုယ်အားဖြင့်ပညာစေတသိက်တပါးတည်းသာတည်း။

[အစိုးရပုံ သဘော ကွဲပြားသောကြောင့် ဝေဒနာကိုဣန္ဒြေငါးမျိုး၊ ပညာကို ဣန္ဒြေလေးမျိုးဟူ၍ ခွဲခြမ်းဝေဖန်ထားသည်။]

ဤဣန္ဒြေ ၂၂-ပါးကို တရားကိုယ်ကောက်လျှင် ရုပ်ဣန္ဒြေရှစ်ပါး၊ နာမ်ဣန္ဒြေရှစ်ပါး၊ ပေါင်း ၁၆-ပါးသာရသည်။

**ရုပ်ဣန္ဒြေရှစ်ပါးကား။** ။စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်, ဇီဝိတရုပ်၊ ဤရှစ်ပါးတည်း။

www.dhammaransi.com



**နာမ်ဇီဝိတိန္ဒြေ ရှစ်ပါးကား။** ။စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, နာမ်ဇီဝိတ၊ ဤရှစ်ပါးတည်း။

### ဈာနိန္ဒြေ ခေါ်ခြင်း၏ အကြောင်းကို ပြဆိုပါမည်

ဈာနဿ ဘာဝေါ ဈာနိန္ဒြိယံ။ ။ဈာနဿ၊ အစိုးရသည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဈာနိန္ဒြိယံ၊အစိုးရသည်၏အဖြစ်။ အစိုးရသည်၏ အဖြစ်ဆိုသည်မှာ အစိုးရခြင်း, အစိုးရမှုကို ဆိုလိုသည်။ (ဈာနိန္ဒြိယသဒ္ဒါနှင့် ဈာဿရိယ သဒ္ဒါသည် အနက်တူ၏။)

### အစိုးရပုံကို ပြဆိုပါမည်

ဤကိုယ်ခန္ဓာကြီး၏ အတွင်း၌ သတ္တဝါထင်မြင်ဖွယ်ဖြစ်အောင် ကိစ္စကိုရွက်ဆောင်သော ဌာနကြီး ၂၂-ပါးရှိသည်၊ထိုဌာန ၂၂-ပါးကား-

၁။ ဒဿနဋ္ဌာန-မြင်မှုဌာန။
၂။ သဝနဋ္ဌာန-ကြားမှုဌာန။
၃။ ဃာယနဋ္ဌာန-နံမှုဌာန။
၄။ သာယနဋ္ဌာန-လျက်မှုဌာန၊အရသာကိုယူမှုဌာန။
၅။ ဖုသနဋ္ဌာန-တွေ့ထိမှုဌာန၊အတွေ့အထိကိုသိမှုဌာန။
၆။ မနနဋ္ဌာန-အာရုံအမျိုးမျိုးကိုသိမှုဌာန။
၇။ ဣတ္ထိဋ္ဌာန-မိန်းမဖြစ်မှုဌာန။
၈။ ပုရိသဋ္ဌာန-ယောကျ်ားဖြစ်မှုဌာန။
၉။ ဇီဝဋ္ဌာန-အသက်ရှည်မှုဌာန။
၁၀။ ဝေဒယိတဋ္ဌာန-ခံစားမှုဌာန။

[ဤဝေဒယိတဋ္ဌာနသည် သုခဋ္ဌာန, ဒုက္ခဋ္ဌာန, သောမနဿဋ္ဌာန,ဒေါမနဿဋ္ဌာန,ဥပေက္ခာဋ္ဌာနအားဖြင့်ငါးပါးရှိသည်။]

၁၅။ ကမ္မကြိယာဋ္ဌာန-အမှုအမျိုးမျိုးကို ဆောင်ရွက်ရေးဌာန။

[ဤကမ္မကြိယာဋ္ဌာနသည် သဒ္ဓါဋ္ဌာန, ဝီရိယဋ္ဌာန, သတိဋ္ဌာန, သမာဓိဋ္ဌာန, ပညာဋ္ဌာန-အားဖြင့်ငါးပါး ရှိပြန်သည်။]

www.dhammaransi.com



၂၀။ ဉာဏာဒဿနဝိသုဒ္ဓိဌာန-ဉာဏ်အမြင်စင်ကြယ်ရေးဌာန။

[ဤဌာနသည် သောတာပတ္တိမဂ်အခိုက်၌ တဌာန, အရဟတ္တဖိုလ်၌တဌာန, လောကုတ္တရာအလယ်စိတ်ခြောက်ခုတို့၌ တဌာနအားဖြင့် သုံးဌာနရှိသည်။]

ပေါင်း၍ရေတွက်သောအခါ ဌာနပေါင်း ၂၂-ဌာနဖြစ်၏။

တိုင်းနိုင်ငံကို အုပ်စိုးသောမင်းတို့သည် ဌာနအမျိုးမျိုးခွဲဝေ၍အသီးအသီး အုပ်စိုးဘိသကဲ့သို့ ဣန္ဒြေတရားတို့သည်လည်း ဤကိုယ်ကြီး၌ ဌာနပေါင်း ၂၂-ဌာန ခွဲဝေ၍ အသီးအသီး အုပ်စိုးကြကုန်သည်။

## ဣန္ဒြေတရားတို့အသီးသီး အုပ်စိုးကြပုံ

၁။ မြင်မှုဌာန၌ စက္ခုသည်အုပ်စိုး၏၊ စက္ခုသည် မြင်ရာဌာနကိုစိုးပိုင်၏၊ မြင်ရာဌာန၌စက္ခုသည် ဘုရင်တည်း-ဟု ဆိုလိုသည်၊ ထို့ကြောင့် စက္ခုသဒ္ဒါပေါ်တွင်ဣန္ဒြိယသဒ္ဒါထပ်လောင်း၍“စက္ခုန္ဒြိယ-စက္ခုန္ဒြေ” ဟူသောဘွဲ့ထူး ဆိုလေသတည်း။

(က) စက္ခုန္ဒြေ ဆိုသည်ကား စက္ခုပသာဒပင်တည်း။

(ခ) စက္ခုန္ဒြေ၏အုပ်စိုးခြင်းကို ခံရသောတရားကား စက္ခုဝိညာဉ်တည်း။

စက္ခုဝိညာဉ်စိတ်သည် စက္ခုန္ဒြေ၏ အုပ်စိုးခြင်းအာဏာကို ခံရ၏။

## အုပ်စိုးခြင်းခံရပုံကိုပြဆိုပါဦးမည်

လူတို့၌ အရွယ်အားလျော်စွာ မျက်စိကြည်လင်ခြင်း, မျက်စိမှုန်ခြင်းများအထင်အရှားရှိသည်၊ ထိုသို့မျက်စိကြည်လင်ခြင်း, မျက်စိမှုန်ခြင်း နှစ်မျိုးကွဲပြားလေရာ စက္ခုဝိညာဉ်ဖြစ်ပုံကား ခြားနားတော့သည်မဟုတ်ချေ၊မျက်စိကြည်လင်သူ၌ဖြစ်သော စက္ခုဝိညာဉ်စိတ်မှာ ယှဉ်သောစေတသိက်တွေများ၍အသက်ရှည်သည်၊ မျက်စိမှုန်သူ၌ဖြစ်သော စက္ခုဝိညာဉ်စိတ်မှာ ယှဉ်သောစေတသိက်နည်းပါး၍ အသက်တိုသည်၊ ထို့ကြောင့် မျက်စိကြည်လင်ခြင်း,မျက်စိမှုန်ခြင်း ခြားနားကြသည်ဟူ၍မဆိုထိုက်။

www.dhammaransi.com



မျက်စိကြည်လင်သူ၌ဖြစ်သော စက္ခုဝိညာဉ်စိတ်မှာလည်း စေတသိက် ၇-ပါးယှဉ်၍ ခဏငယ်သုံးချက်မျှသာအသက်ရှိသည်၊မျက်စိမှုန်သူ၌ဖြစ်သော စက္ခုဝိညာဉ်စိတ်မှာလည်းထိုနည်းတူစွာစေတသိက် ၇- ပါးယှဉ်၍ ခဏငယ်သုံးချက်မျှသာအသက်ရှိသည်၊ သို့ရာတွင် စက္ခုဝိညာဉ်ကိုအုပ်စိုးသောစက္ခုပသာဒသည်ကား ခြားနားလျက်ရှိ၏။

အသက်ကြီးသောသူတို့၌မျက်စိမှုန်တတ်သည်၊ထိုသူတို့၌ရှိသောစက္ခုပသာဒသည် ဇရာဖိစီးချက် အားကြီးသည့်, မှေးမှိန်သည်၊ ထိုစက္ခုပသာဒကိုမှီရသောစက္ခုဝိညာဉ်စိတ်သည်လည်း မှီရာစက္ခုအားလျော်စွာ မှေးမှိန်ခြင်းဖြစ်ရသည်၊ထိုသို့ဖြစ်သည်ကိုမျက်စိမှုန်သည်ဟူ၍ခေါ်၏။

ပျိုရွယ်သောသူတို့၌ မျက်စိ ကြည်လင်တတ်သည်၊ ထိုသူတို့၌ရှိသော စက္ခုပသာဒသည် ဇရာဖိစီးချက် အားမကြီးသေး၊ မမှေးမှိန်သေး၊ ထိုစက္ခုပသာဒကိုမှီရသော စက္ခုဝိညာဉ်စိတ်သည်လည်း မှီရာစက္ခုအားလျော်စွာ ကြည်လင်ခြင်းဖြစ်လေသည်၊ အချို့ပျိုရွယ်သော သူတို့၌ပင်သော်လည်း စာကြည့်လွန်းအားကြီးခြင်း-စသည်တို့ကြောင့်စက္ခုပသာဒ မှေးမှိန်ခြင်း, အခြေပျက်ယွင်းခြင်းများလည်းရှိတတ်သည်၊ ထိုသူတို့၌လည်း စက္ခုပသာဒအားလျော်စွာ မျက်စိမှုန်ခြင်းများဖြစ်တတ်သေး၏။

**ဆိုလိုရင်းအဓိပ္ပါယ်မှာ။** ။စက္ခုဝိညာဉ်ကို စက္ခုပသာဒကအုပ်စိုး၏၊ စက္ခုပသာဒ၏အာဏာအတိုင်း စက္ခုဝိညာဉ်လိုက်၍ဖြစ်ရ၏၊ စက္ခု၏အာဏာကိုမလွန်ဆန်နိုင်၊ ထို့ကြောင့် မျက်စိမှုန်ခြင်း, မျက်စိကြည်လင်ခြင်း ခြားနား၏ဟု ဆိုလိုသတည်း၊ စက္ခုဝိညာဉ်စိတ်ဖြစ်ပုံမှာ မျက်စိမှုန်သူ, မျက်စိကြည်လင်သူဟူ၍ မထူးခြားတော့ပြီ၊ ဤသဘောကို ရည်၍ပင် ရုပ်တရားသည် ဆွေးမြေ့၏၊ နာမ်တရားသည် မဆွေးမြေ့ဟု မြတ်စွာဘုရားဟောကြားတော်မူပေသတည်း။

ရူပံ ဇီရတိ မစ္စာနံ၊ နာမဂေါတ္တံ နဇီရတိ။
[သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။]

www.dhammaransi.com



မစ္စာနံ၊ သတ္တာဝါအပေါင်းတို့၏။ ရူပံ၊ ရုပ်တရားအပေါင်းသည်။ ဝိရတိ၊ ဆွေးမြေ့ရင့်ရော်၏။ နာမမတ္တံ၊ နာမ်တရားမျှသည်သာလျှင်။ နဝိရတိ၊ မဆွေးမြေ့ဘဲ ဖြစ်မြဲအတိုင်း ဖြစ်နေသည်သာလျှင်တည်း။

[ဤစက္ခုန္ဒြေ၏အစိုးရပုံသဘောကိုပြဆိုအပ်သောအတိုင်း သောတိန္ဒြေစသည်တို့၏အစိုးရပုံကိုလည်း နည်းယူ၍သိကြလေကုန်။]

၂။ သောတိန္ဒြေသည် ကြားမှုဌာနကိုအစိုးရ၏၊ အုပ်စိုးခံရသောတရားကား သောတဝိညာဉ်စိတ်တည်း။

၃။ ဃာနိန္ဒြေသည် နံမှုဌာနကိုအစိုးရ၏၊ အုပ်စိုးခံရသောတရားကား ဃာနဝိညာဉ်စိတ်တည်း။

၄။ ဇိဝှိန္ဒြေသည်လျက်မှု,အရသာကိုသိမှုဌာနကိုအစိုးရ၏၊အုပ်စိုးခံရသောတရားကား ဇိဝှါဝိညာဉ်စိတ်တည်း။

၅။ ကာယိန္ဒြေသည်တွေ့ထိမှုဌာန, အတွေ့အထိကိုသိသောဌာနကိုအစိုးရ၏၊အုပ်စိုးခံရသောတရားကား ကာယဝိညာဉ်စိတ်တည်း။

၆။ မနိန္ဒြေသည် အာရုံအမျိုးမျိုး သိမှုဌာနကြီးကိုအစိုးရ၏၊ အုပ်စိုးခံသောတရားတို့ကား စေတသိက်တရားတို့ပေတည်း။

၇။ မိန်းမဖြစ်မှုဌာနကြီးကိုဣတ္ထိန္ဒြေအုပ်စိုး၏၊အုပ်စိုးခံရသောတရားတို့ကား မိန်းမသန္တာန်၌ရှိသော စတုဇရုပ်တရားတို့ပေတည်း။

## ဣတ္ထိန္ဒြေ၏အုပ်စိုးပုံသဘောကိုပြဆိုဦးအံ့

မိန်းမတို့အား ပဋိသန္ဓေတည်ဆဲအခါကစ၍ပင်လျှင် ဣတ္ထိဘာဝရုပ်ဖြစ်ပေါ်လာ၏၊ ထိုဣတ္ထိဘာဝရုပ်သည် မိန်းမသန္တာန်၌ဖြစ်သော စတုဇရုပ်တို့ကို မိမိ၏အာဏာတန်ခိုးဖြင့်အုပ်စိုးလေ၏၊ ထိုဣတ္ထိဘာဝရုပ်၏အာနုဘော်ကြောင့် အုပ်စိုးခံရကုန်သောစတုဇရုပ်တို့သည် မိန်းမအမှုအရာကိစ္စကို ဆောင်ရွက်ကြကုန်၏၊ မိန်းမအမှုအရာကိစ္စဆိုသည်ကား ဣတ္ထိလိင်-စသောအမှုအရာလေးပါးတို့ပေတည်း။

ထိုအမှုအရာလေးပါးတို့ကား—

(က) **ဣတ္ထိလိင်**—မိန်းမအသွင်တပါး။ ။မိန်းမအသွင် ဆိုသည်ကား မိန်းမကိုယ်သဏ္ဍာန်တခုလုံးကိုပင်ဆိုလိုသည်၊ ထို

www.dhammaransi.com



မိန်းမကိုယ်သဏ္ဌာန်သည် ယောက်ျားတို့၏ကိုယ်နေပုံနှင့် မတူဘဲ ထူးခြားကွဲလွဲလျက် ရှိသည်၊ လူတို့၏ အမှတ်သင်္ကေတအားဖြင့် မိန်းမ ကိုယ်သဏ္ဌာန်ကို မြင်လိုက်လျှင်ပင် "ဤသူကားမိန်းမ" ဟူ၍ သိနိုင်လေသည်။

[ဤကား ဣတ္ထိလိင်၏ သဘောတည်း။]

(ခ) **ဣတ္ထိနိမိတ္တ**–မိန်းမ အရိပ်နိမိတ်တပါး။ ။မိန်းမအရိပ်နိမိတ်ဆိုသည်ကား မိန်းမသဏ္ဌာန်၌ ယောက်ျားတို့နှင့် မတူ၊ ကိုယ်လက်အင်္ဂါသေးသွယ် ပြေပျောင်းခြင်း, မုတ်ဆိတ်ကြင်စွယ်မရှိခြင်း–စသည်များပေတည်း၊ ဤနိမိတ်များကို မြင်သဖြင့် မိန်းမဟူ၍သိနိုင်ကြကုန်သည်။

(ဂ) **ဣတ္ထိကုတ္တ**–မိန်းမတို့၏ အပြုအလုပ်တပါး။ ။မိန်းမတို့၏အပြုအလုပ် ဆိုသည်ကား ကလေးအရွယ်မှစ၍ ချိန်ခွင် အိုးဘုတ်စသော မိန်းမအမူအရာတို့ဖြင့် သေးသိမ်စွာ ကစားခြင်း, မိန်းမတို့နှင့် ဆိုင်သော အပြုအမူတို့ဖြင့် ပျော်မွေ့လေ့ ရှိခြင်း, မိန်းမနှင့်ဆိုင်သော အလုပ်အကိုင်တို့ကို လုပ်ကိုင်ခြင်း၊ ဤအပြုအမူတို့ကို မြင်သဖြင့် မိန်းမဟူ၍ သိနိုင်ကြကုန်သည်။

(ဃ) **ဣတ္ထာကပ္ပ**–မိန်းမတို့၏ အမူအရာတပါး။ ။မိန်းမတို့၏ အမူအရာဆိုသည်ကား သွားပုံ,လာပုံ,ခြေသိမ်းပုံ, လက်သိမ်းပုံ, ပြုံးပုံ,ရယ်ပုံ စသောကိုယ်အမူအရာ၊စကားသုံးပုံ,လေထား,လေယူစသောနှုတ်အမူအရာ၊ ဤကိုယ်အမူအရာ, နှုတ်အမူအရာများသည်ယောက်ျားတို့နှင့် မတူဘဲ ပြေပြေခွဲခွဲ ဆွဲဆွဲငင်ငင် မူမူရာရာ ရှိသည်၊ ထိုအမူအရာများကိုပင် မိန်းမပြီသသော အမူအရာများဟူ၍ ခေါ်သည်၊ဤအမူအရာများကိုမြင်သဖြင့် မိန်းမဟူ၍ သိနိုင်ကြကုန်သည်။

ပြဆိုခဲ့ပြီးသော ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့သည် ဣတ္ထိန္ဒြေခေါ်သော ဣတ္ထိဘာဝရုပ်၏ အာနုဘော်ကြောင့် ဖြစ်ပေါ်ကြကုန်၏၊ မိန်းမသန္တာန်၌ ရှိသော စတုဇရုပ်တရား တို့သည် ယောက်ျား သန္တာန်၌ရှိသော ရုပ်တို့ကဲ့သို့မဟုတ်ဘဲ မိန်းမအသွင်,

www.dhammaransi.com



မိန်းမအရိပ်နိမိတ်,အပြုအလုပ်, မိန်းမအမှုအရာတို့ကို ရွက်ဆောင်ကြကုန်သည်၊ ဤ နိမိတ်ကြီး လေးပါးတို့ကြောင့် ပင်လျှင် ကေန် စင်စစ် မိန်းမဖြစ်သည် ဟူ၍ တလောကလုံး၌ အတည်ပြဋ္ဌာန်း ကြကုန်ပြီးလျှင် ယောကျ်ားတို့၏ သန္တာန်၌ရှိသော ပုရိသတဏှာသည် အသာယာကြီး သာယာ, အစွဲလမ်းကြီး စွဲလမ်း၍နေ၏၊ ဣတ္ထိန္ဒြေ၏ အုပ်စိုးပုံသဘောသည် တန်ခိုးအာဏာ လွန်စွာပြင်းထန်လှပေ၏တကား။

[ဤကားဣတ္ထိန္ဒြေနှင့် စပ်၍ပြဆိုအပ်သောစကားရပ်ပေတည်း။]

ဂ။ ယောကျ်ားဖြစ်မှု ဌာနကြီးကို ပုရိသိန္ဒြေ အုပ်စိုး၏၊ အုပ်စိုးခံသော တရားတို့ကား ယောကျ်ားသန္တာန်၌ရှိသော စတုဇ ရုပ်တရားတို့ပေတည်း။

### ပုရိသိန္ဒြေ၏ အုပ်စိုးပုံ သဘောကို ပြဆိုဦးအံ့

ယောကျ်ားတို့အား ပဋိသန္ဓေ တည်နေသည့် အခါကစ၍ ပင်လျှင် ပုမ္ဘာဝရုပ်ဖြစ်ပေါ်လာသည်၊ ထိုပုမ္ဘာဝရုပ်သည် ယောကျ်ားသန္တာန်၌ရှိသော စတုဇရုပ်တို့ကို မိမိအာဏာတန်ခိုးဖြင့် အုပ်စိုးလေ၏၊ ထိုပုမ္ဘာဝရုပ်၏ အာနုဘော်ကြောင့် အုပ်စိုးခံရကုန်သော စတုဇရုပ်တို့သည် ယောကျ်ားနှင့် ဆိုင်သော အမှုအရာ ကိစ္စ အမျိုးမျိုးကို ရွက်ဆောင်ကြကုန်၏၊ ယောကျ်ားအမှုအရာ ကိစ္စ အမျိုးမျိုးဆိုသည်ကား ပုရိသလိင်စသော အမှုအရာလေးပါးတို့ပေတည်း။

ထိုအမှုအရာလေးပါးကား—

(က) ပုရိသလိင်—ယောကျ်ား အသွင်အပြင် တပါး။ ။ ယောကျ်ားအသွင်အပြင် ဆိုသည်ကား ယောကျ်ားတို့၏ ကိုယ်သဏ္ဌာန် တခုလုံးကိုပင်ဆိုသည်၊ ထိုယောကျ်ားတို့၏ ကိုယ်သဏ္ဌာန်သည် မိန်းမတို့၏ ကိုယ်နေပုံနှင့် မတူဘဲ ထူးခြားကွဲလွဲလျက်ရှိသည်၊ လူတို့၏ အမှတ်သင်္ကေတအားဖြင့် ယောကျ်ားကိုယ်သဏ္ဌာန်ကို မြင်လိုက်လျှင်ပင် “ဤသူကား ယောကျ်ားတည်း” ဟူ၍သိနိုင်ကြလေသည်။

www.dhammaransi.com



(ခ) **ပုရိသနိမိတ္တ**-ယောက်ျား၏ အရိပ်နိမိတ် တပါး။ ။ ယောက်ျား၏ အရိပ်နိမိတ် ဆိုသည်ကား ယောက်ျားတို့၏ သန္တာန်၌ မိန်းမတို့နှင့်မတူဘဲ ကိုယ်လက်အင်္ဂါ ကြီးထွားခြင်း, ကြံ့ခိုင်တောင့်တင်းခြင်း, မုတ်ဆိတ် ကြင်စွယ် ပေါက်ရောက်ခြင်း, လက်ရုံးလက်မောင်း အားကောင်းခြင်း-စသည်များပေတည်း၊ ဤနိမိတ်များကို မြင်သဖြင့် ယောက်ျားဟူ၍ သိနိုင်ကြကုန်သည်။

(ဂ) **ပုရိသကုတ္တ**-ယောက်ျားတို့၏ အပြုအလုပ် တပါး။ ။ ယောက်ျားတို့၏ အပြုအလုပ်ဆိုသည်ကား ကလေးအရွယ်မှစ၍ လှေ,လှည်း, ရထား, ဒုတ်,ဓား-စသည်တို့ဖြင့် ခန့်ခန့်ကြီးကစားကွန့်မြူးခြင်း,ယောက်ျားတို့နှင့်ဆိုင်သော အပြုအမူတို့ဖြင့် ပျော်ပါးလေ့ရှိခြင်း, ယောက်ျားနှင့်ဆိုင်သော အလုပ်အကိုင်တို့ကို လုပ်ကိုင်ခြင်း၊ ဤအပြုအလုပ်များကိုမြင်သဖြင့် ယောက်ျားဟူ၍ သိနိုင်ကြကုန်သည်။

(ဃ) **ပုရိသာကပ္ပ**-ယောက်ျားတို့၏ အမူအရာတပါး။ ။ ယောက်ျားတို့၏ အမူအရာ ဆိုသည်ကား သွားပုံ, လာပုံ,ခြေသိမ်းပုံ, လက်ရမ်းပုံ-စသောကိုယ်အမူအရာ၊ စကားသုံးပုံ,လေထား, လေယူ-စသော နှုတ်အမူအရာ၊ ဤကိုယ်အမူအရာ,နှုတ်အမူအရာ များတို့သည် မိန်းမတို့နှင့် မတူဘဲ ခန့်ခန့် ညားညားတောင့်တောင့် တင်းတင်းကြီး ပြုလုပ်ပြောဆိုလေ့ ရှိသည်၊ ဤအမူအရာ များကိုပင် ယောက်ျားပြီသသော အမူအရာများဟူ၍ ခေါ်ဆိုရသည်၊ ဤအမူအရာများကို မြင်သဖြင့် ယောက်ျားဟူ၍ သိနိုင်ကြကုန်သည်။

ပြဆိုခဲ့ပြီးသော ပုရိသလိင်, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသာကပ္ပတို့သည် ပုရိသိန္ဒြေခေါ်သော ပုမ္ဘာဝရုပ်ကြောင့် ဖြစ်ပေါ်ကြကုန်၏၊ ဤနိမိတ်ကြီးလေးပါးတို့ကြောင့်ပင်လျှင်ကေန်စင်စစ်ယောက်ျားဖြစ်သည် ဟူ၍တလောကလုံးအတည်ဆုံးဖြတ်ကြကုန်ပြီးလျှင် မိန်းမတို့သန္တာန်၌ရှိသော ဇုတ္ထိတဏှာသည် အသာယာကြီးသာယာ, အစွဲလမ်းကြီးစွဲလမ်း

www.dhammaransi.com



၍နေ၏၊ပုရိသိန္ဒြေ၏အုပ်စိုးပုံသဘောသည် တန်ခိုးအာဏာ လွန်စွာပြင်းထန်လှပေ၏တကား။

[ဤကား ပုရိသိန္ဒြေနှင့်စပ်၍ပြဆိုအပ်သောစကားရပ်ပေတည်း။]

ဣတ္ထိန္ဒြေနှင့်ပုရိသိန္ဒြေတို့သည် အထီး, အမ ကွဲပြားအောင်ပြုလုပ်နိုင်သော အစွမ်းရှိကြကုန်၏၊ အထီး, အမ ကွဲပြားသည်ကအစပြု၍ သာယာခြင်းနှစ်မျိုးကွဲပြားပြီးလျှင် တဏှာထီး, တဏှာမဟူ၍ခြားနားလေ၏၊ သမ္မုတိသစ္စာအနေအားဖြင့်သာလျှင် အထီး,အမ ရှိနိုင်သည်၊ ပရမတ္ထသစ္စာအနေအားဖြင့် အထီး,အမ မရှိချေ၊ ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်နှစ်ပါးတို့၏ကွဲပြားသောအမူအရာကို လက်ရဖမ်းယူပြီးလျှင် အတ္တဒိဋ္ဌိဆရာကြီးက ဤကားအထီး, ဤကားအမ-ဟူ၍ ဆုံးဖြတ်လေသည်၊ ဤသို့အတ္တဒိဋ္ဌိကဆုံးဖြတ်သည်ကို အတည်ပြုလုပ်ပြီးလျှင် တဏှာထီးသည် အမသန္တာန်တခုလုံးကို သိမ်းရုံး၍သာယာလေ၏၊ တဏှာမသည် အထီးသန္တာန်တခုလုံးကို သိမ်းရုံး၍သာယာလေ၏။

ဤကဲ့သို့ သတ္တဝါအထီး, သတ္တဝါအမ၊ တဏှာထီး, တဏှာမ—ကွဲပြားခြားနားခြင်းကို အကြောင်းပြုသဖြင့် ကာမဘုံ တည်းဟူသော လောကကြီးတခုလုံးအတွင်း၌ တအုံးအုံး တကြွက်ကြွက် ဆူပူလှုပ်ရှား၍နေလေသည်၊ ဤအထီးအမနှစ်ပါးကို အစွဲပြု၍ ဒုစရိုက်တရားတို့သည်လည်း များစွာဖြစ်ထွန်းကြီးပွား၍နေလေသည်၊ အထီး အမသညာပြု၍ ဣတ္ထိဘာဝရုပ်သက်သက်, ပုမ္ဘာဝရုပ်သက်သက်တို့ကိုသာ ထင်မြင်ပါလျှင် တစုံတရာမျှအရေးကြီးဖို့လမ်းမရှိချေ၊ ကာမဘုံ၌သာ အထီးအမရှိကြသည်၊ ဗြဟ္မာဘုံ၌မူကား အထီး, အမ မရှိချေ၊ ထိုသို့အထီးအမမရှိသောကြောင့် ဗြဟ္မာ့ဘုံ၌တဏှာထီး, တဏှာမဟူ၍ မရှိနိုင်တော့ပြီ။

အထီး အမ ရှိသောကြောင့် ကာမတဏှာနှင့် ကာမေသုမိစ္ဆာစာရကံများဖြစ်ပေါ်ရသည်၊ အထီး အမ ရှိသောဘုံသည် လွန်စွာရှုပ်ထွေး၍ညစ်ညမ်း၏၊ အထီး အမ မရှိသောဘုံသည် လွန်စွာ ရှင်းလင်းစင်ကြယ်၏၊ ကာမဘုံ၌ကျင်လည်သမျှသောသတ္တဝါတို့သည် အထီးသဘော, အမသဘောကို မလွန်ဆန်နိုင်ကြကုန်၊ ရံခါအထီးဖြစ်လိမ့်မည်၊ ရံခါ အမဖြစ်လိမ့်မည်၊ ဤသို့အထီးဖြစ်ချည်,အမဖြစ်ချည်နှင့် နိမ့်တုံ,မြင့်တုံ, အထက်ရောက်တုံ,အောက်ကျတုံနေရသည်မှာလွန်စွာရှက်ဖွယ်ကောင်း

www.dhammaransi.com



လှပေသည်၊ ဤသို့ရှက်ဖွယ်ကောင်းလှသဖြင့် အမြင်ကျယ်ဝန်းသော ပညာရှိပုဂ္ဂိုလ်တို့သည် ကာမဘုံကိုမကြည့်ချင်အောင်ပင် စက်ဆုပ်တော်မူကြကုန်သတည်း။

ကာမနယ်ကြီးတခွင်လုံး၌ ဇာတ္တိန္ဒြေ, ပုရိသိန္ဒြေနှစ်ပါးတို့ အုပ်စိုးပုံများသည် လွန်စွာတန်ခိုးကြီးလှပေ၏၊ ကာမဘုံ၌ ထိုဣန္ဒြေကြီးနှစ်ပါးသည် ဧကရာဇ်ဘုရင်ကြီးတဆူ ပြုလုပ်၍နေကြကုန်၏၊ ထိုဧကရာဇ်ဘုရင်ကြီးနှစ်ပါးကြောင့် အတ္တဒိဋ္ဌိသည်လည်း လွန်စွာအားတက်၍နေ၏၊ အတ္တဒိဋ္ဌိ၏ ဝယ်ကျွန်တော်ရင်းဖြစ်သော တဏှာဗိုလ်ချုပ်ကြီးသည်လည်း ကာမနယ်တခွင်မှာ လွန်စွာသရမ်း၍နေလေ၏၊ထိုဧကရာဇ်ဘုရင်ကြီး နှစ်ပါးကြောင့်သာလျှင်''ငါဟဲ့ယောကျ်ား, ငါဟဲ့မိန်းမ''ဤသို့သော မာနတက်ခြင်းများသည်လည်း တားဆီး၍မရနိုင်အောင် မှန်ကင်းစိုက်ထောင်၍နေကြလေသတည်း။

[ဤကား ဇာတ္တိန္ဒြေ, ပုရိသိန္ဒြေနှစ်ပါးတို့ကြောင့် တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားကြီးသုံးပါးတို့၏ အားတက်ပုံကိုပြဆိုသောစကားရပ်ပေတည်း။]

ဒွိဘာဝေန ဒွိဓာဟောတိ၊ ပုမာထီ ကာမဘူမိယံ။
တဏှာပိစ ဒွိဓာဘိန္နာ၊ဒိဋ္ဌိမာနာစ ဥဗ္ဗလာ။ ။

ကာမဘူမိယံ၊ ကာမဘုံ၌။ ဒွိဘာဝေန၊ ဇာတ္တိဘာဝ,ပုမ္ဘာဝဟုဆိုအပ်သောဘာဝ ရုပ်နှစ်ပါးကြောင့်။ ပုမာထီ၊ အဖို, အမဟူ၍။ ဒွိဓာ၊နှစ်မျိုးနှစ်စား,အထီးအမ ကွဲပြားမှုသဘောသည်။ဟောတိ၊ဖြစ်၍နေ၏။ဒွိဘာဝေန၊ ဘာဝရုပ် နှစ်ပါးကြောင့်။ တဏှာပိစ၊ တဏှာသည်လည်း။ ဒွိဓာဘိန္နာ၊ တဏှာထီး,တဏှာမ-အားဖြင့် နှစ်မျိုးနှစ်စား ကွဲပြားမှုသဘောကြီးသည်။ ဟောတိ၊ ဖြစ်၍နေ၏။ ဒွိဘာဝေန။ ဘာဝရုပ်နှစ်ပါးကြောင့်။ ဒိဋ္ဌိမာနာစ၊ ဒိဋ္ဌိတရား, မာနတရားတို့သည်လည်း။ ဥဗ္ဗလာ၊ အားတစွင့်စွင့်, တလူလူမြင့်၍ နေကြလေကုန်သတည်း။

ဘာဝရုပ်နှစ်ခုတို့၏ အုပ်စိုးပုံကိုပြဆိုချက်ပြီး၏။

၉။ ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေ နှစ်ပါးရှိရာတွင်—

(က) ရုပ်ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့၏အသက်ရှင်မှုကို အစိုးရ၏၊ ကမ္မဇရုပ်တို့၏ အသက်ရှင်မှုဆိုသည်ကား ကမ္မဇရုပ်အစဉ်မပြတ်

www.dhammaransi.com



အောင် ဆက်လက် ဖြစ်ပွားစေခြင်းကိုပင် ဆိုသည်၊ ရုပ်ဇီဝိတိန္ဒြေ အုပ်စိုး၍နေခြင်းကြောင့် ကမ္မဇရုပ်တို့သည် ဇီဝရှိသော အရှင်ကဲ့သို့ ဖြစ်နေကြကုန်၏၊ ကမ္မဇရုပ်ကလာပ်တိုင်းမှာပင် ရုပ်ဇီဝိတိန္ဒြေ အုပ်စိုးလျက်ပါရှိ၏၊ ထို့ကြောင့် ကမ္မဇရုပ်များကို "ရုပ်ရှင်" ဟူ၍ ခေါ်ဆိုအပ်ပေသည်၊ စိတ္တဇ, ဥတုဇ, အာဟာရဇကလာပ်တို့၌ ရုပ်ဇီဝိတိန္ဒြေမရှိ၊ ထို့ကြောင့် ထိုစိတ္တဇ,ဥတုဇ, အာဟာရဇရုပ်များကို "ရုပ်သေ" ဟူ၍ ဆိုအပ်ပေသည်။

ဇီဝိတိန္ဒြေအုပ်စိုး၍ နေမှုကြောင့် အရှင်သဖွယ် ဖြစ်၍နေသော ဤရုပ်ကောင်ကြီးကိုပင် "တကယ်အရှင်"ဟု စွဲလမ်းပြီးလျှင် ဇီဝဒိဋ္ဌိကြီးခိုင်မြဲနေလေသည်၊ စင်စစ်မှာ တကယ်အရှင်မဟုတ်၊ ရုပ်ဇီဝိတိန္ဒြေအုပ်စိုးမှုကြောင့် ကမ္မဇရုပ်တို့၏ အစဉ်မပြတ် ဆက်လက်ဖြစ်ပေါ်မှုသဘောသာ ရှိချေသည်၊ ရုပ်ဇီဝိတိန္ဒြေ၏ အုပ်စိုးမှုကို ခံသော တရားတို့ကား ကမ္မဇရုပ်တို့ပေတည်း။

(၁) နာမ်ဇီဝိတိန္ဒြေသည် နာမ်ခန္ဓာလေးပါးတို့၏ အသက်ရှင်မှုကို အစိုးရ၏၊ နာမ်ခန္ဓာလေးပါးတို့၏ အသက်ရှင်မှု ဆိုသည်ကား ထိုနာမ်တရားတို့၏ အစဉ်မပြတ် ဆက်လက် ဖြစ်ပေါ်နေခြင်း သဘောပေတည်း။

နာမ်ကလာပ်တိုင်းမှာနာမ်ဇီဝိတိန္ဒြေပါရှိ၏၊ ထို့ကြောင့်နာမ်တရားတို့သည် အရှင်သဖွယ် ဖြစ်နေကြကုန်သည်၊ နာမ်ဇီဝိတိန္ဒြေ၏ အုပ်စိုးခြင်းကို ခံသောတရားတို့ကား ထိုနာမ်ဇီဝိတိန္ဒြေနှင့် အတူတကွဖြစ်သော သမ္ပယုတ်နာမ်တရားတို့ပေတည်း၊ နာမ်ဇီဝိတိန္ဒြေ အုပ်စိုးလျက်ရှိနေသောနာမ်တရားတို့ကို တကယ်ပင် အရှင်ဖြစ်သည် ဟူ၍ ဇီဝ ဒိဋ္ဌိဖြင့် စွဲလမ်းလေသည်၊ ရုပ်ဇီဝိတိန္ဒြေ၏ အရှိန်ကြောင့် သတ္တဝါတို့၏ ကိုယ်ကောင်ကြီးကို အသက်ရှိသည်,အရှင်ဖြစ်သည်-ဟူ၍ ထင်မြင်ကြကုန်သည်၊နာမ်ဇီဝိတိန္ဒြေအရှိန်ကြောင့် နာမ်တရားတွေကို အရှင်-ဟူ၍ ထင်မြင်ကြကုန်သည်။

စင်စစ်အားဖြင့်ဆိုသော် ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ နှစ်ပါးတို့၏ အုပ်စိုးပုံ အမှုအရာတို့ပင်တည်း၊ ဤသဘောကို ကျနစွာထင်မြင်ပါလျှင်

www.dhammaransi.com



ဇီဝသညာနှင့် ဇီဝဒိဋ္ဌိပျောက်ကင်းလေ၏၊ ဇီဝိတိန္ဒြေ နှစ်ပါးတို့၏ ခဏ ခဏဖြစ်ပုံ, ပျက်ပုံသဘောကို ထင်မြင်လျှင် "သတ္တဝါသည် မြဲ၏" ဟူသောသဿတဒိဋ္ဌိကိုလည်း ပယ်ဖျောက်နိုင်၏။

ရစနာ ဂါထာ

ဒွိဟိ ဇီဝိတိန္ဒြိယေဟိ၊ သတ္တော ဇီဝေါတိ မညရေ။
ဇီဝိတံ သမ္ဘဇာနန္တာ၊ ဇီဝသညံ ဇဟိဿရေ။ ။

ဒွိဟိ၊ နှစ်ပါးကုန်သော။ ဇီဝိတိန္ဒြိယေဟိ၊ ရုပ် ဇီဝိတိန္ဒြေ,နာမ်ဇီဝိ တိန္ဒြေတို့ကြောင့်။ သတ္တော၊ သတ္တဝါသည်။ ဇီဝေါတိ၊ တကယ်တမ်းပင် အသက်ရှင်၍နေသည် ဟူ၍။ မညရေ-မညန္တိ၊ မှတ်ထင်ကြလေကုန်၏။ ဇီဝိတံ၊ ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေ နှစ်ပါးကို။ သမ္ပဇာနန္တာ၊ အုပ်စိုး ပုံအချက်နှင့် ဖြစ်ပျက်ပုံအနေကိုသေချာထင်ထင်ဆင်ခြင်ရိပ်မိပိုင်ပိုင်ကြီး သိကြကုန်သောသူတို့သည်။ ဇီဝသညံ၊ သတ္တဝါတိုင်းပင် အသက်ရှင်၏ဟု မှတ်ထင်သောသညာကို။ ဇဟိဿရေ-ဇဟိဿန္တိ၊ အကြွင်းမကျန်ဘဲ ပယ်ရှားနိုင်ကုန်လတ္တံ့သတည်း။

ဇီဝိတိန္ဒြေနှစ်ပါးနှင့် စပ်၍ပြဆိုအပ်သော စကားရပ် ပြီး၏။

ခံစားမှု ဌာနကြီးငါးရပ်ကို ဝေဒနာသည် အစိုးရ၏၊ အုပ်စိုးခံသော တရားတို့ကား ထိုဝေဒနာနှင့် အတူတကွဖြစ်သောစိတ်စေတသိက်တရား တို့ပေတည်း။

ခံစားမှု ဌာနကြီး ငါးရပ်ကား-
၁။ ကိုယ်၏ ချမ်းသာကိုခံစားခြင်း။
၂။ ကိုယ်၏ဆင်းရဲကို ခံစားခြင်း။
၃။ စိတ်၏ချမ်းသာကိုခံစားခြင်း။
၄။ စိတ်၏ဆင်းရဲကို ခံစားခြင်း။
၅။ ချမ်းသာ,ဆင်းရဲနှစ်ပါး လွတ်၍ လျစ်လျူခံစားခြင်း။
ဤငါးရပ်ပေတည်း။

၁။ ကိုယ်ချမ်းသာကို ခံစားမှုဌာန၌ သုခိန္ဒြေအစိုးရ၏၊ ကာယ ဝိညာဉ်စိတ်၌ ရှိသော သုခဝေဒနာကို ကောက်ယူလေ။

www.dhammaransi.com



၂။ ကိုယ်၏ ဆင်းရဲကို ခံစားမှုဌာနနှင့် ဒုက္ခိန္ဒြေအစိုးရ၏၊ ကာယ ဝိညာဉ် စိတ်၌ရှိသော ဒုက္ခဝေဒနာကို ကောက်ယူလေ။

၃။ စိတ်၏ ချမ်းသာကို ခံစားမှုဌာနနှင့် သောမနဿိန္ဒြေအစိုးရ၏၊ သောမနဿသဟဂုတ် စိတ်တို့၌ ရှိသောဝေဒနာကို ကောက်ယူလေ။ ဝမ်းမြောက်သည်-ဟူ၍လည်းခေါ်၏။

၄။ စိတ်၏ဆင်းရဲကို ခံစားမှုဌာနနှင့် ဒေါမနဿိန္ဒြေအစိုးရ၏၊ ဒေါသ မူဒွေး၌ရှိသော ဝေဒနာကို ကောက်ယူလေ၊ နှလုံးမသာ- ဟူ၍လည်း ခေါ်၏။

၅။ လျစ်လျူခံစားမှုဌာနနှင့် ဥပေက္ခိန္ဒြေအစိုးရ၏၊ ဥပေက္ခာသဟ ဂုတ်စိတ်၌ရှိသော ဝေဒနာကို ကောက်ယူလေ။

ခံစားပုံငါးမျိုးပြားသဖြင့် ဌာနငါးရပ်သတ်မှတ်၍ ဝေပုံချထားရ လေသည်၊ ခံစားခြင်းသဘောမှာမူကား တခုတည်းသာတည်း။

[ဤကား-ငါးဌာနနှင့် ဝေဒနာအုပ်စိုးပုံကို ပြဆိုသော စကားရပ်ပေတည်း။]

အမှုအမျိုးမျိုးကို ပြုလုပ်မှု-ဟုဆိုအပ်သော ကမ္မကြိယာ ဌာနနှင့် သဒ္ဓါစသောတရား ငါးပါးတို့သည် ဆိုင်ရာဆိုင်ရာ အုပ်စိုးကြကုန်၏၊ ကမ္မကြိယာဌာနဆိုသည်ကား ကာယကံ, ဝစီကံ, မနောကံ ထမြောက် အောင် ပြုလုပ်သော ဌာနသိုလိုသည်။

**အသီးအသီးအုပ်စိုးပုံကား**

၁။ သဒ္ဓိန္ဒြေသည် ယုံကြည်မှုဌာနကိုအုပ်စိုး၏။
၂။ ဝီရိယိန္ဒြေသည် အားထုတ်လုပ်ကိုင်ရေးဌာနကို အစိုးရ၏။
၃။ သတိန္ဒြေသည် မမေ့မလျော့ခြင်းဌာနကို အစိုးရ၏။
၄။ သမာဓိန္ဒြေသည်တည်ကြည်ရေးဌာနကို အစိုးရ၏။
၅။ ပညိန္ဒြေသည် တတ်သိလိမ္မာရေးဌာနကို အစိုးရ၏။

အုပ်စိုးခြင်းကို ခံသောတရားတို့ကား အတူတကွ ယှဉ်ဖော်ယှဉ်ဖက် ဖြစ်သော စိတ်,စေတသိက် တရားတို့ ပေတည်း၊ လောကီစိတ်တို့၌ရှိသော ပညာကိုပညိန္ဒြေခေါ်သည်၊ ကံသုံးပါးကိုပြုလုပ်ဆောင်ရွက်ရာ၌ ဤဣန္ဒြေ တရား ငါးပါးတို့က အုပ်စိုးကြသည်၊ ထိုဣန္ဒြေငါးမျိုးမအုပ်စိုးလျှင် ကံ သုံးပါးကို ပြုလုပ်၍ မဖြစ်မြောက်နိုင်ချေ။

www.dhammaransi.com



ထိုငါးပါးတို့တွင်—

(က) သဒ္ဓိန္ဒြေ, သတိန္ဒြေ, ပညိန္ဒြေတို့သည် ကောင်းသောအမှုကိစ္စတို့ကို ဆောင်ရွက်ရာ၌ အုပ်စိုးကြကုန်၏။

(ခ) ဝီရိယိန္ဒြေ,သမာဓိန္ဒြေတို့သည် ကောင်းသောအမှု,မကောင်းသောအမှုတို့ကို ပြုလုပ်ရာတို့၌ အုပ်စိုးကြ၏။

ဉာဏ်အမြင် စင်ကြယ်ရေးဟု ဆိုအပ်သော "ဉာဏဒဿနဝိသုဒ္ဓိ" ဌာနကြီးသုံးပါးရှိရာ—

၁။ သောတာပတ္တိမဂ်အခိုက်၌ ဉာဏ်အမြင် စင်ကြယ်ရေးဌာနကို အနညာတညဿာမိတိန္ဒြေအစိုးရ၏၊ အနမတဂ္ဂ သံသရာ၌ တခါဘူးမျှ မမြင်ရသေးသော သစ္စာလေးပါးကို ရှေးဦးစွာ မြင်သဖြင့် သောတာပတ္တိမဂ်၌ ယှဉ်သော ပညာကို အနညာတညဿာမိတိန္ဒြေဆိုသည်။

၂။ အရဟတ္တဖိုလ်အခိုက်၌ ဉာဏ်အမြင် စင်ကြယ်ရေး ဌာနကို အညာတာဝိန္ဒြေအစိုးရ၏၊ အသိဉာဏ် ကုန်ဆုံးပြီးသည်ကို အညာတာဝိန္ဒြေခေါ်သည်၊ အရဟတ္တဖိုလ်သို့ ရောက်သောအခါ အထူးထပ်မံ၍ သစ္စာလေးပါးကို သိဖွယ်မရှိ၊ သိခြင်းကိစ္စပြီးပြီ၊ ထို့ကြောင့် အရဟတ္တဖိုလ်၌ ယှဉ်သောပညာကို အညာတာဝိန္ဒြေခေါ်သတည်း။

၃။ သောတာပတ္တိဖိုလ်မှစ၍ အရဟတ္တမဂ်တိုင်အောင် အလယ်ဖြစ်သော လောကုတ္တရာစိတ် ခြောက်ပါးတို့၌ ဉာဏ်အမြင် စင်ကြယ်ရေးဌာနကို အညိန္ဒြေအုပ်စိုး၏၊ အသိဉာဏ်စခန်း မဆုံးသေးသဖြင့် သိပြီးသော သစ္စာလေးပါးကိုပင် အထပ်ထပ်သိခြင်းကို အညိန္ဒြေဆိုသည်၊ အလယ် လောကုတ္တရာစိတ် ခြောက်ခုတို့၌ယှဉ်သော ပညာစေတသိက်သည် သောတာပတ္တိမဂ် အခိုက်က သိပြီးသော သစ္စာ လေးပါးကိုပင် ထပ်၍သိသည်၊ ထို့ကြောင့်ပင်လျှင် အညိန္ဒြေခေါ်သတည်း။

လောကုတ္တရာစိတ် ရှစ်ခုကို သုံးဌာနခွဲဝေ၍ ဉာဏ်သုံးမျိုးအုပ်စိုးပုံကို ပြဆိုသည်၊လောကုတ္တရာ စိတ်တို့၌ရှိသော ပညာကို ဣန္ဒြိယ ယမိုက်ဒေသနာ အလိုအားဖြင့် ပညိန္ဒြေ မဆိုထိုက်ချေ၊ လောကီ စိတ်တို့၌ရှိသော ပညာကိုသာလျှင် ပညိန္ဒြေဆိုထိုက်ချေသည်၊ လောကုတ္တရာစိတ်

www.dhammaransi.com



တို့၌ရှိသော ပညာသည်ကား ဆိုခဲ့ပြီးသောအတိုင်း အမည်သုံးပါးဖြင့် ထင်ရှားလေသည်။

[ဤကား ဣန္ဒြေ ၂၂-ပါးတို့၏ဆိုင်ရာဌာနတို့၌ ဝေပုံကျအုပ်စိုးပုံကို ပြဆိုသော စကားရပ်ပေတည်း။]

ဤသဘောကိုရည်၍–

"ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စကိုယ်စီစီ"။

ဟူ၍ စပ်ဆိုတော်မူပေသတည်း။

### ဣန္ဒြေတရားတို့၏အုပ်စိုးမှုကြောင့် တဏှာ, မာန, ဒိဋ္ဌိကြီးသုံးပါး အားရှိ၍နေပုံကိုပြဆိုချက်

ဆိုခဲ့ပြီးသောအတိုင်း သတ္တဝါတို့၏ကိုယ်အတွင်း၌ ဌာနကြီး ၂၂-ပါးဝေပုံချ၍ စက္ခုန္ဒြေစသော ဣန္ဒြေတရားတို့က ဆိုင်ရာဆိုင်ရာအုပ်စိုးကြလေရာ မြင်မှုကိစ္စ, ကြားမှုကိစ္စ၊ ဤသို့စသော ကိစ္စကြီးတို့သည် အဆင်သင့်စွာပြီးစီး၍ နေကြကုန်၏၊ ဣန္ဒြေတရားတို့၏ အုပ်စိုးမှုကြောင့် အဆင်သင့်စွာ ပြီးစီး၍နေကြသော ကိစ္စအမျိုးမျိုးတို့ကို သတ္တဝါတို့၏ ကိစ္စပြုလုပ်ပြီးလျှင်–

၁။ ငါသည်မြင်နိုင်၏။

၂။ ငါသည်ကြားနိုင်၏။

၃။ ငါကားယောကျ်ားတည်း။

၄။ ငါကားမိန်းမတည်း။

၅။ ငါသည်ခံစားနိုင်၏။

၆။ ငါသည် စွမ်းအန်လုံ့လ,ဝီရိယရှိ၏။

၇။ ငါသည်တတ်သိလိမ္မာ၏။

ဤသို့စသောအားဖြင့် အားတက်၍နေကြကုန်သည်။

၁။ စက္ခုန္ဒြေအုပ်စိုးခြင်းကိုခံ၍ စက္ခုဝိညာဉ်၏ မြင်ခြင်းကိစ္စကို သတ္တဝါတို့၏ကိစ္စပြုလုပ်ကြကုန်သည်။

www.dhammaransi.com



၂။ ရူပက္ခန္ဓာအုပ်စိုးခြင်းကိုခံ၍ စတုဇရုပ်တို့၏ အမူအရာများကို မိန်းမစင်စစ်အမှန်ဖြစ်သည်-ဟူ၍စွဲလမ်းကြကုန်သည်။

၃။ ပုရိသိန္ဒြေအုပ်စိုးခြင်းကိုခံ၍ စတုဇရုပ်တို့၏ အမူအရာများကို ငါယောကျ်ားအမှန်ဖြစ်သည်-ဟူ၍ စွဲလမ်းကြကုန်သည်။

၄။ ဝေဒနာအုပ်စိုးခြင်းကိုခံ၍ နာမ်တရားတို့၏ခံစားမှုကို ငါခံစားသည်, ငါချမ်းသာသည်, ငါဆင်းရဲသည်-ဟူ၍ စွဲလမ်းကြကုန်သည်။

၅။ အုပ်စိုးသောဣန္ဒြေတရားတို့နှင့် အုပ်စိုးခံသောတရားတို့၏ အမူအရာကို သတ္တဝါတို့၏အမူအရာပြုလုပ်ကြကုန်သည်။

ထိုသို့ပြုလုပ်ရခြင်းသည်ကား အခြားမဟုတ်၊ အမှားခေါင်းချုပ်ကြီးဖြစ်သော အတ္တဒိဋ္ဌိ၏ ညွှန်ကြားချက်ကြောင့်ပင်လျှင် ပြုလုပ်ကြရကုန်သည်၊ အတ္တဒိဋ္ဌိ၏အလေ့သည်ကား အစွန်းအစတခုတွေ့လျှင် အတင်းဖမ်း၍အတ္တထင်မြင်အောင်ပြုလုပ်၏။

ထိုသို့ ၅၁န၂၂- ပါးတို့၌ အသီးအသီးအုပ်စိုးကြသော တရားတို့၏ ကိစ္စအရပ်ရပ်ကို သတ္တဝါတို့၏ကိစ္စတွေပြုလုပ်ထားသည်။

၁။ သတ္တဝါသည် ပြုလုပ်နိုင်၏-ဟုစွဲလမ်းသောကာရကဒိဋ္ဌိ,သတ္တဝါသည် ခံစားနိုင်၏-ဟုစွဲလမ်းသော ဝေဒကဒိဋ္ဌိများလည်း အားရှိစွာနှင့် သန်စွမ်း၍နေသည်။

၂။ ပြုနိုင်သည်-ဟူသော ကာရကသဘော, ခံစားနိုင်သည်-ဟူသော ဝေဒကသဘော၊ ဤသဘော နှစ်ပါးရှိခြင်းကြောင့် တဏှာတရားကလည်း အားသန်သန်နှင့် တပ်မက်စွဲလမ်းရန်ကိုသာ အရံသင့်ပြင်၍နေလေတော့သည်။

၃။ ကာရကသဘော, ဝေဒကသဘော ရှိခြင်းကြောင့် မာနတရားလည်း ငါတကားဟုအားတက်ပြီးလျှင် အထင်ကြီးထင်ကာ မြင့်မောက်၍နေလေတော့သည်။

၄။ ကာရက, ဝေဒက သဘောနှစ်ပါးကို သတ္တဝါနှင့်မဆိုင်ဟု ပိုင်ပိုင်ကြီးမမြင်သမျှကာလပတ်လုံး တဏှာ, မာန, ဒိဋ္ဌိတရားတို့ကို ပယ်ရှားနိုင်ကြမည်မဟုတ်ချေ။

www.dhammaransi.com



ဣန္ဒြိယ ယမိုက်တွင် ဟောတော်မူအပ်သော ဒေသနာနည်းအတိုင်း ဤကိုယ်ကြီးအတွင်း၌ ဌာနပေါင်း ၂၂-ပါးခွဲဝေ၍အသီးအသီး အုပ်စိုး ကြပုံသဘော၊ ဣန္ဒြေတရားတို့၏အုပ်စိုးမှုကိုခံ၍ ဆိုင်ရာဆိုင်ရာကိစ္စများ ရွက်ဆောင်ကြပုံသဘောများကို ထင်ရှားစွာသိနိုင်ပါလျှင်—

(က) ငါပြုနိုင်သည်၊ငါခံစားနိုင်သည်-ဟူသော ကာရကသဘော, ဝေဒကသဘောများကို အမှန်ပင်ပယ်ရှားနိုင်လိမ့်မည်။

(ခ) ငါယောက်ျား, ငါမိန်းမ- ဟူသောအထိး, အမသဘော များကို ပယ်ရှားနိုင်လိမ့်မည်။

ထိုသို့ပယ်ရှားနိုင်သောအခါ အတ္တဒိဋ္ဌိနှင့်တကွ တဏှာမာနတို့သည် ကင်းကွာကြကုန်၏၊ ထိုပပဉ္စတရားကြီးသုံးပါးကို ပယ်နိုင်လျှင် သံသရာ တွင် ရှုံရန်မရှိတော့ပြီ၊ သံသရာနယ်ကိုချုံး၍ ဘဝအဆုံးဖြစ်သောနိဗ္ဗာန် သို့သာ ဆိုက်ကပ်လေတော့သတည်း။

ဤဣန္ဒြိယယမိုက်ကို ဟောတော်မူရခြင်းအကြောင်းမှာ ကာရကသ ဘော, ဝေဒကသဘောများကို ပယ်ရှားခြင်းအကျိုးငှါ ဟောတော်မူရ ခြင်းဖြစ်ပေသည်။

တနည်းကား—

၁။ ငါ့အလိုသို့လိုက်သည်၊ ငါအစိုးရသည်- ဟူသောအထင်သည် အတ္တဒိဋ္ဌိ၏လက်ရှိုးအထင်ကြီးပေတည်း။

၂။ အလိုသို့မလိုက်, အစိုးမရ-ဟူသောအထင်သည် အနတ္တဝိဇ္ဇာ ဉာဏ်၏အထင်ပေတည်း။

ဤဣန္ဒြိယယမိုက် ဒေသနာအလိုအားဖြင့် ဣန္ဒြေတရားတို့သာလျှင် ဆိုင်ရာဌာနတို့၌အစိုးရကြကုန်သည်၊သတ္တဝါအစိုးရသည်,ပုဂ္ဂိုလ်အစိုးရ သည်-ဟူ၍မရှိဟု အဓိပ္ပါယ်ရသည်၊ ဤနည်းအတိုင်းထင်မြင်လာသော အခါ အတ္တဒိဋ္ဌိအထင်ပျောက်၍ အနတ္တဝိဇ္ဇာဉာဏ်ပေါက်၏၊ထို့ကြောင့် အစိုးမရ, အလိုသို့မလိုက်-ဟူသော အနတ္တသဘောကို ပေါ်လောပေါ် စေခြင်းအကျိုးငှါ ဤဣန္ဒြိယ ယမိုက်ဒေသနာကို မြတ်စွာဘုရားဟော ကြားတော်မူ၏-ဟူ၍လည်း မှတ်သင့်ပေသည်။

www.dhammaransi.com



## ဣန္ဒြိယယမိုက်၌ ဟောပုံတို့ကို စိစစ်၍ ပြဆိုချက်

ပဏ္ဏတ္တိဝါရ၌။ ။ဇုတ္တိ ဇုတ္တိန္ဒြိယန္တိ၊ နော။ ။မိန်းမသည် ဇုတ္တိန္ဒြေ မည်သလော၊ မဟုတ်။

ဤပါဠိတော်၌ "မိန်းမသည် ဇုတ္တိန္ဒြေမည်သလော" ဟု မေးရာ မဟုတ်ဟု ဖြေသည်၊ အကြောင်းသော်ကား ဇုတ္တိန္ဒြေ အုပ်စိုးလျက်ရှိသောသဏ္ဍာန်ကောင်ကြီးကို လောကီလူများ အပေါင်းတို့က မိန်းမ ဟူ၍ ပညတ်ထားသည်၊ မိန်းမဆိုသည်ကား ပညတ်ဖြစ်သည်၊ ဇုတ္တိန္ဒြေဆိုသည်ကား ပရမတ်ဖြစ်သည်၊ မိန်းမဆိုလျှင် ဇုတ္တိန္ဒြေ မဟုတ်နိုင်၊ ဇုတ္တိန္ဒြေဆိုလျှင်လည်း မိန်းမ မဟုတ်နိုင်၊ ထို့ကြောင့် "နော" ဟူ၍ ဖြေတော်မူသည်။

[နော–သဒ္ဒါသည် နောက်ပုဒ်၏ အနက်ကို တားမြစ်၏။]

ပုရိသော ပုရိသိန္ဒြိယန္တိ၊ နော။ ။ယောကျ်ားသည် ပုရိသိန္ဒြေ မည်သလော၊ မဟုတ်။ ဤပါဠိတော်၌ ဆိုခဲ့ပြီးသောအတိုင်း အဓိပ္ပါယ်ကို ကောက်ယူလေ။

အညာတာဝီ အညာတာဝိန္ဒြိယန္တိ၊အာမန္တာ။ ။သိပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အညာတာဝိန္ဒြေမည်သလော၊ ဟုတ်မှန်၏။

[ဤအတိုင်း ပါဠိတော်ရှိသည်များကို တွေ့ရသည်၊ ဤအချက်၌ ဆင်ခြင်ရန်ရှိသည်မှာ၊အညာတာဝီဆိုသည်မှာ အရဟတ္တဖိုလ်၌တည်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ရသည်၊ အညာတာဝိန္ဒြိယ ဆိုလျှင်အရဟတ္တဖိုလ်၌ရှိသော ပညာကိုရသည်၊ ပုဂ္ဂိုလ်ကိုမရ၊ ထို့ကြောင့်"အာမန္တာ" ဟူ၍ရှိသည်မှာ ပမာဒလေခ စာရေးတို့မှားယွင်း၍ ရေးထားသောပါဌ်ဟု ထင်မိပေသည်။

ပုရိသော ပုရိသိန္ဒြိယန္တိ၊ နော။ ဤပါဠိတော်ကဲ့သို့ အညာတာဝီ အညာတာဝိန္ဒြိယန္တိ၊ နော။ ။သိပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အညာတာဝိန္ဒြေ မည်သလော၊ မဟုတ်။ ဤကဲ့သို့သာ "နော" သဒ္ဒါဖြင့် နေသင့်သည်ဟု ထင်ပေသည်။

သို့ရာတွင် အညာတာဝီ, ဟူသော ပုဒ်၏အနက်ကိုပင် အရဟတ္တဖိုလ်၌ရှိသော ပညာကို ကောက်ယူသောအားဖြင့် "အာမန္တာ"ဟူ၍ ရေးထားဟန် လက္ခဏာရှိသည်–ဟူ၍လည်း ကြံသင့်ပေ၏၊ စင်စစ်လမ်းရိုးအားဖြင့်ဆိုသော် အညာတာဝီဟူသောပုဒ်သည် ရဟန္တာကိုသာ ဟောရိုးဖြစ်ပေသည်၊ ဆင်ခြင်ရန်ရှိ၍ ဖော်ပြလိုက်ပေသည်။]

www.dhammaransi.com



## ပဝတ္တိမဟာဝါရ၌

ဣန္ဒြေ ၂၂-ပါးတို့တွင် သုခိန္ဒြေ, ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ၊ ဤဝေဒနာ ဣန္ဒြေသုံးပါးနှင့် လောကုတ္တရာဣန္ဒြေသုံးပါး၊ ဤဣန္ဒြေခြောက်ပါးကို ပဝတ္တိဝါရကြီး၌ ဟောကြားတော်မမူချေ၊ အကြောင်းသော်ကား ပဝတ္တိဝါရကြီးသည် ပဋိသန္ဓေအခိုက် စုတိအခိုက်ကိုဟောသော ဝါရဖြစ်သည်၊ ဆိုခဲ့ပြီးသော ဣန္ဒြေခြောက်ပါးသည် ပဋိသန္ဓေအခိုက်,စုတိအခိုက်၌မဖြစ်၊ ထို့ကြောင့် ဟောတော်မမူဟု မှတ်လေ၊ ကြွင်းသော ဣန္ဒြေ ၁၆-ပါးကိုသာ ဟောတော်မူသည်။

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ၊ ဤဣန္ဒြေခြောက်ပါးတို့ကို ဟောပုံမှာ အာယတန ယမိုက်၌ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန ဟောပုံများနှင့် အလုံးစုံတူလေသည်၊ မနိန္ဒြေကိုကား ပညိန္ဒြေ၏ နောက်၌ထား၍ ဟောတော်မူသည်။

ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေနှစ်ပါးကို ကာမဘုံ၌သာရအပ်၏၊ ရူပဘုံ, အရူပဘုံတို့၌ မရအပ်၊ ကာမဘုံ၌လည်း ကမ္ဘာဦးသူ, နပုံးလိင်ပုဂ္ဂိုလ်တို့၌ မရအပ်၊ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေနှစ်ပါးသည် ကာမပဋိသန္ဓေနှင့်အတူဥပါဒ်၏။

ဇီဝိတိန္ဒြေနှစ်မျိုးရှိရာ ရူပဇီဝိတိန္ဒြေကို အရူပဘုံ၌ မရအပ်၊အသညသတ်ဘုံ၌ ထိုရူပဇီဝိတိန္ဒြေတပါးကိုသာ ရအပ်သည်၊ ပဉ္စဝေါကာရဘုံတို့၌ကား ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ နှစ်ပါးလုံးကို ရအပ်၏၊ အသညသတ်ဘုံ၌ နာမ်ဇီဝိတိန္ဒြေကို မရအပ်။

သောမနဿိန္ဒြေကို ကာမသုဂတိ ၇-ဘုံ၊ အောက်ဗြဟ္မာ ၉-ဘုံတို့၌ ပဋိသန္ဓေအခါ, စုတိအခါ တို့၌လည်း ရအပ်၏။

ဥပေက္ခိန္ဒြေကို အသညသတ် ကြဉ်သော အလုံးစုံသော ဘုံတို့၌ ရအပ်၏။

ပညိန္ဒြေကို ဉာဏသမ္ပယုတ် ပဋိသန္ဓေ ၁၃-ခု၊ စုတိ ၁၃-ခုတို့၌ရအပ်၏။ (ဉာဏသမ္ပယုတ် ပဋိသန္ဓေ ၁၃-ခု ဆိုသည်မှာ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခုကို ဆိုသည်)။

www.dhammaransi.com



သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ၊ ဤဣန္ဒြေ လေးပါးတို့ကို သဟိတ်ပဋိသန္ဓေ ၁၇၊ စုတိ ၁၇-တို့၌သာ ရအပ်ကုန်၏၊ ပဝတ္တိဝါရကြီး၌ ဟောတော်မူအပ်သော အဓိပ္ပါယ် ကောက်ယူပုံ သဘောအတိုင်း ဖော်ပြအပ်သော စကားရပ်ဖြစ်ပေသည်၊ သောမနဿိန္ဒြေသည် ကာမသုဂတိ ၇-ဘုံ၊ အောက်ဖြဟ္မာ၄-ဘုံ၌ ပဋိသန္ဓေအခါ, စုတိအခါ၌လည်း ရအပ်၏-ဆိုသဖြင့် သောမနဿ ဝေဒနာသည် ဆိုပြီးသည်မှတပါးသော အပါယ်လေးဘုံ၊ အထက်ဖြဟ္မာဘုံ၌မဖြစ်-ဟူသော အဓိပ္ပါယ်ကို မကောက်ယူပါလင့်၊ ဣန္ဒြိယ ယမိုက် ပဝတ္တိဝါရကြီး၌ ဝေဖန်အပ်သော အတိုင်းသာ ပြဆိုသည်ဟု မှတ်အပ်၏။

### ပရိညာဝါရနည်း

ဣန္ဒြေ ၂၂-ပါးရှိရာ-

၁-(က) ဒေါမနဿိန္ဒြေသည် ပယ်အပ်သော တရားမျိုးဖြစ်၍ ပဇဟတိ ကြိယာပုဒ်နှင့်ဆိုင်သည်။

(ခ) အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေတို့သည် ပွားများအပ်သော တရားမျိုးဖြစ်၍ ဘာဝေတိ ကြိယာပုဒ်နှင့် ဆိုင်သည်။

(ဂ) အညာတာဝိန္ဒြေသည် မျက်မှောက်ပြုအပ်သော တရားမျိုးဖြစ်၍ သစ္ဆိကရောတိ ကြိယာပုဒ်နှင့် ဆိုင်သည်။

(ဃ) ဆိုအပ်ပြီးသည်မှ ကြွင်းသောစက္ခုန္ဒြေ အစရှိသည့် ဣန္ဒြေဆဲ့ရှစ်ပါးတို့သည် ပိုင်းခြား၍ သိအပ်သောတရားမျိုးဖြစ်၍ ပရိဇာနာတိ ကြိယာပုဒ်နှင့်ဆိုင်သည်။

၂-(က) ဒေါမနဿိန္ဒြေကို ပယ်ဆဲသောပုဂ္ဂိုလ်ကား အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တည်း။

(ခ) ပယ်ပြီးသောပုဂ္ဂိုလ်ကား အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်, အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်သုံးယောက်တည်း။

www.dhammaransi.com



(ဂ) ပယ်လတ္တံ့သောပုဂ္ဂိုလ်ကား ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်, အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်နှစ်ယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်နှစ်ယောက်၊ပေါင်းပုဂ္ဂိုလ် ၅ါးယောက်တည်း။

၃—(က) အနညာတညဿာမိတိန္ဒြေကို ပွားဆဲ ပုဂ္ဂိုလ်ကား သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တည်း၊ ပွားပြီးသော ပုဂ္ဂိုလ်ကား အထက် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ပေါင်းပုဂ္ဂိုလ် ၇-ယောက်တည်း၊ပွားလတ္တံ့သော ပုဂ္ဂိုလ်ကား ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်တည်း။

(ခ) အညိန္ဒြေကိုပွားဆဲပုဂ္ဂိုလ်ကား အထက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တည်း၊ပွားပြီးသော ပုဂ္ဂိုလ်ကား ရဟန္တာပုဂ္ဂိုလ်တည်း၊ ပွားလတ္တံ့သောပုဂ္ဂိုလ်ကား ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်, သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်၊ ပေါင်းပုဂ္ဂိုလ် ၅ါးယောက်တည်း။

၄—(က) အညာတာဝိန္ဒြေကို မျက်မှောက်ပြုဆဲ ပုဂ္ဂိုလ်ကား အရဟတ္တမဂ်၏အခြားမဲ့၌ ဖြစ်ပေါ်သော အရဟတ္တဖိုလ်အခိုက်၌ တည်သောပုဂ္ဂိုလ်တည်း။

(ခ) မျက်မှောက်ပြုပြီးသော ပုဂ္ဂိုလ်ကား အရဟတ္တမဂ်၏အခြားမဲ့၌ဖြစ်သော အရဟတ္တဖိုလ်မှ တပါးသောအရဟတ္တဖိုလ်အခိုက်၌တည်သောရဟန္တာပုဂ္ဂိုလ်တည်း။

(ဂ) မျက်မှောက်ပြုလတ္တံ့သောပုဂ္ဂိုလ်ကား ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်တယောက်,မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်, အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်၊ ပေါင်းပုဂ္ဂိုလ် ရှစ်ယောက်တည်း။

၁။ စတ္တုစသော ဣန္ဒြေ ၁၀-ပါးကို ပိုင်းခြား၍ သိဆဲဖြစ်သော ပုဂ္ဂိုလ်ကား အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တည်း။

၂။ သိပြီးသောပုဂ္ဂိုလ်ကား ရဟန္တာပုဂ္ဂိုလ်တည်း။

၃။ သိလတ္တံ့သော ပုဂ္ဂိုလ်ကား ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ် တယောက်, အောက်မဂ်ဌာန်ပုဂ္ဂိုလ် သုံးယောက်, အောက်ဖလဌာန်ပုဂ္ဂိုလ် သုံးယောက်၊ ပေါင်းပုဂ္ဂိုလ် ၇-ယောက်တည်း။

သောတာပတ္တိမဂ်စသော အောက်မဂ်သုံးခုတို့ဖြင့် ဇက္ခုန္ဒြေစသည်ကိုပိုင်းခြား၍ သိကုန်သော်လည်း အဆုံးတိုင်သိခြင်းကိစ္စ မပြီးသေးသောကြောင့် ထိုအောက်မဂ်အခိုက်တို့၌ သိဆဲမဆိုရချေ၊ သိလတ္တံ့သာ ဆိုရသည်၊ အရဟတ္တမဂ်အခိုက်မှာ သိဆဲဆိုရသည်၊ ပရိညာကိစ္စ ဆိုသည်မှာ အထွတ်အထိပ်ဆုံးဖြစ်သော ဉာဏ်ကို ကောက်ယူရသောကြောင့် အရဟတ္တမဂ်အခိုက်၌သာလျှင် "သိဆဲ"ဟု ကောက်ယူရသတည်း။

## ဣန္ဒြိယယမိုက်ပါဠိတော်များကိုထုတ်ပြချက်

ဤဣန္ဒြိယ ယမိုက်၌ ဟောတော်မူပုံများကိုသိရှိကြစေရန် ပါဠိတော်များကို အမြွက်မျှထုတ်ဆောင်ပါဦးအံ့။

> ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ။ သစက္ခုကာနံ နပုရိသာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတိ၊ နော စ တေသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတိ။ သစက္ခုကာနံ ပုရိသာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခုန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ၊ ပုရိသိန္ဒြိယဉ္စ ဥပ္ပဇ္ဇတိ။

အကြင်ပုဂ္ဂိုလ်အား စက္ခုန္ဒြေဖြစ်ဆဲ၊ ထိုပုဂ္ဂိုလ်အား ပုရိသိန္ဒြေဖြစ်ဆဲလော။ စက္ခုနှင့်ပြည့်စုံသော ယောကျ်ားမဟုတ်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခိုက်၌ စက္ခုန္ဒြေဖြစ်ဆဲဟုတ်၏၊ ပုရိသိန္ဒြေဖြစ်ဆဲမဟုတ်၊ စက္ခုနှင့်ပြည့်စုံသောယောကျ်ားတို့၏ ပဋိသန္ဓေအခိုက်၌စက္ခုန္ဒြေလည်းဖြစ်ဆဲ၊ ပုရိသိန္ဒြေလည်းဖြစ်ဆဲ။

[သစက္ခုကာနံ,အစက္ခုကာနံပုဒ်တို့၏အဓိပ္ပါယ်သဘောကို အာယတနယမိုက်ခဏ်း၌ ပြဆိုခဲ့သောအကိုင်းမှတ်ပါလေ။]

> ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိတ္ထ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထာတိ။ ယော ရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ ယာစ

www.dhammaransi.com



ဍ္ဋ္ဌိယော ဝေတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ နောစ တေသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ စက္ခုန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ၊ ပုရိသိန္ဒြိယဉ္စ ဥပ္ပဇ္ဇိဿတိ။

အကြင်ပုဂ္ဂိုလ်အား စက္ခုန္ဒြေဖြစ်လတ္တံ့၊ ထိုပုဂ္ဂိုလ်အား ပုရိသိန္ဒြေဖြစ်လတ္တံ့လော။ အကြင်ပုဂ္ဂိုလ်တို့သည် ရူပဘုံ၌ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုကြကုန်လတ္တံ့၊ အကြင်မိန်းမတို့သည်လည်း ထိုဣတ္ထိဘောဖြင့် ပင်လျှင် နှစ်ဘဝ သုံးဘဝ ကျင်လည်၍ ပရိနိဗ္ဗာန်ပြုကြကုန်လတ္တံ့၊ ထိုပုဂ္ဂိုလ်တို့အား စက္ခုန္ဒြေဖြစ်လတ္တံ့၊ ပုရိသိန္ဒြေမဖြစ်လတ္တံ့။ ထိုမှတပါးသောပုဂ္ဂိုလ်တို့အားစက္ခုန္ဒြေလည်းဖြစ်လတ္တံ့၊ပုရိသိန္ဒြေလည်းဖြစ်လတ္တံ့။

[ကတိစိ ဘဝေ ဒဿေတွာ-ဆိုသည်မှာ နှစ်ဘဝ, သုံးဘဝ သံသရာထဲ၌ ကျင်လည်သည်ကိုဆိုသည်။]

### ပရိညာဝါရဖော်ပုံများကား

ယော စက္ခုန္ဒြိယံ ပရိဇာနာတိ၊ သော ဒေါမနဿိန္ဒြိယံ ပဇဟတီတိ၊ နော။ ။အကြင်ပုဂ္ဂိုလ်သည် စက္ခုန္ဒြေကိုပိုင်းခြား၍သိဆဲ၊ ထိုပုဂ္ဂိုလ်သည် ဒေါမနဿိန္ဒြေကိုပယ်ဆဲလော၊မဟုတ်။

စက္ခုန္ဒြေကိုသိဆဲကား အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ဒေါမနဿိန္ဒြေကို ပယ်ဆဲကား အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ဤသို့ကွဲပြားနေသောကြောင့် ''နော''ဟူ၍မြစ်ပယ်တော်မူသည်။

ယော စက္ခုန္ဒြိယံ ပရိဇာနာတိ၊ သော အနညာတညဿာမိတိန္ဒြိယံ ဘာဝေတီတိ၊နော။ ။အကြင်ပုဂ္ဂိုလ်သည် စက္ခုန္ဒြေကိုပိုင်းခြား၍သိဆဲ၊ ထိုပုဂ္ဂိုလ်သည် အနညာတညဿာမိတိန္ဒြေကိုပွားဆဲလော၊ မဟုတ်။

ယော အညိန္ဒြိယံ ဘာဝေတိ၊ သော အညာတာဝိန္ဒြိယံ သစ္ဆိကရောတီတိ၊နော။ ။အကြင်ပုဂ္ဂိုလ်သည် အညိန္ဒြေကိုပွားဆဲ၊ထိုပုဂ္ဂိုလ်သည် အညာတာဝိန္ဒြေကို မျက်မှောက်ပြုဆဲလော၊မဟုတ်။

ယော စက္ခုန္ဒြိယံ ပရိဇာနိတ္ထ၊ သော အညာတာဝိန္ဒြိယံ သစ္ဆိကရိတ္ထာတိ၊ယော အဂ္ဂဖလံ သစ္ဆိကရောတိ၊သော စက္ခုန္ဒြိယံ

www.dhammaransi.com



ပရိဇာနိတ္တ၊နော စ သော အညာတာဝိန္ဒြိယံ သစ္ဆိကရိတ္တ။ယော အဂ္ဂဖလံ သစ္ဆာကာသိ၊ သော စက္ခုန္ဒြိယဥ္စ ပရိဇာနိတ္တ၊ အညာတာဝိန္ဒြိယဥ္စ သစ္ဆိကရိတ္တ။

အကြင်ပုဂ္ဂိုလ်သည် စက္ခုန္ဒြေကိုသိပြီးပြီ၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးပြီလော။ အကြင်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုဆဲ၊ ထိုပုဂ္ဂိုလ်သည် စက္ခုန္ဒြေကိုသိပြီးပြီ၊ အညာတာဝိန္ဒြေကို မျက်မှောက်ပြုပြီးပြီမဟုတ်။ အကြင်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးပြီ၊ ထိုပုဂ္ဂိုလ်သည် စက္ခုန္ဒြေကိုလည်း သိပြီးပြီ၊ အညာတာဝိန္ဒြေကိုလည်းမျက်မှောက်ပြုပြီးပြီ။

**ဤပါဠိတော်၌**-အဂ္ဂဖလံ သစ္ဆိကရောတိ ဆိုသည်မှာ အရဟတ္တမဂ်အခြားမဲ့ဖြစ်ပေါ်သော ပထမအရဟတ္တဖိုလ်စိတ်တခုကိုဆိုသည်၊ အဂ္ဂဖလံ သစ္ဆာကာသိ ဆိုသည်မှာ ဒုတိယအရဟတ္တဖိုလ်စိတ်မှစ၍ အလုံးစုံသော အရဟတ္တဖိုလ်စိတ်တို့ကို ဆိုသည်ဟုမှတ်လေ၊ ယမိုက်ပါဠိတော်ဟောပုံများသည် လွန်စွာ အနုစိတ်လှ၏၊ မျက်မှောက်ပြုဆဲ, မျက်မှောက်ပြုပြီးပြီဟူသော ကာလခြားရုံမျှနှင့် အဓိပ္ပါယ်အယူ လွန်စွာခြားနားလေသည်၊ ဤကဲ့သို့သော သဘောများသည် ယမိုက်ပါဠိတော်၌ လွန်စွာများ၏။

ယော ဝါပန အညာတာဝိန္ဒြိယံ သစ္ဆိကရိဿတိ၊ သော အညိန္ဒြိယံ ဘာဝေဿတီတိ၊ အဂ္ဂမဂ္ဂသမင်္ဂီ အညာတာဝိန္ဒြိယံ သစ္ဆိကရိဿတိ၊ နော စ အညိန္ဒြိယံ ဘာဝေဿတိ၊ သတ္တပုဂ္ဂလာ အညာတာဝိန္ဒြိယဥ္စ သစ္ဆိကရိဿန္တိ၊ အညိန္ဒြိယဥ္စ ဘာဝေဿန္တိ။

အကြင်ပုဂ္ဂိုလ်သည် အညာတာဝိန္ဒြေကို မျက်မှောက်ပြုလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် အညိန္ဒြေကိုပွားလတ္တံ့လော။ အရဟတ္တမဂ်နှင့် ပြည့်စုံခိုက်ဖြစ်သောပုဂ္ဂိုလ်သည် အညာတာဝိန္ဒြေကိုမျက်မှောက်ပြုလတ္တံ့၊အညိန္ဒြေကိုပွားလတ္တံ့မဟုတ်၊ ပုဂ္ဂိုလ် ၇- ယောက်တို့သည် အညာတာဝိန္ဒြေကိုလည်းမျက်မှောက်ပြုကုန်လတ္တံ့၊ အညိန္ဒြေကိုလည်းပွားကုန်လတ္တံ့။

www.dhammaransi.com



ဤပါဠိတော်၌ ပုဂ္ဂိုလ် ၇-ယောက်သရုပ်ကား ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ် တယောက်၊ အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်၊ ဤ ၇-ယောက်တို့ပေတည်း။

[ဤကား ဣန္ဒြိယယမိုက်၌ ဟောတော်မူပုံများကို သိရှိရပ်မိကြစေရန်အမြွက်မျှထုတ်ပြအပ်သောပါဠိတော်တို့ပေတည်း။]

ဣန္ဒြိယယမိုက်အဓိပ္ပါယ်ချုပ်ပြီး၏။

ဤသို့ပြဆိုအပ်ပြီးသောစကားရပ်ဖြင့်—

"ယမိုက်ဆယ်ကျမ်းတို့တွင် တခုခုသော ယမိုက်ကျမ်းကြီးတို့၏လိုရင်းအချုပ်ဖြစ်သော ပိဏ္ဍတ္ထအဓိပ္ပါယ်များကိုလည်းအသီးအသီးပိုင်းခြား၍သိလိုပါသည်ဘုရား။"

ဤသို့လျှောက်ထားအပ်သော ပဉ္စမပုစ္ဆာ၏ အဖြေစကားရပ်အပြီးသတ်သတည်း။

ဤပဉ္စမပုစ္ဆာ၏အဖြေသည် လွန်စွာ ကျယ်ဝန်းလှ၏၊ ယမိုက်ဆယ်ကျမ်း၏ ဆိုလိုရင်းအဓိပ္ပါယ်ချုပ်ကို အလုံးစုံခြုံ၍ မေးသောကြောင့် အဖြေမှာလည်း လွန်စွာကျယ်ဝန်းလေသည်၊ အရပ်ရပ်ဖြေဆိုရေးသားအပ်ပြီးသော ယမိုက်အဓိပ္ပါယ်ချုပ်များကို မသချာစွာကြည့်ရှုမှတ်သား၍ ဉာဏ်သွားနက်နက်ဖြင့် အချက်ကျကျသိမြင်နိုင်ကြပါလျှင် အဘိဓမ္မာ ၇-ကျမ်းတို့တွင် ခြောက်ဆင့်မြောက်ဖြစ်သော ယမိုက်ကျမ်းကြီး၏ သဘောအဓိပ္ပါယ်အချက်ကို နက်နက်နဲနဲသိမြင်နိုင်ကြမည်ဖြစ်သတည်း၊ ဤယမိုက်ကျမ်းကြီးသည် ကောင်းကင်တမျှ လွန်စွာ ကျယ်ဝန်းလှ၏၊ သမုဒ္ဒရာတမျှလွန်စွာနက်နဲလှ၏၊ အနန္တလောကဓာတ်တို့၌ အပြည့်ရှိ၍နေသော လေ၏တမျှလွန်စွာသိမ်မွေ့လှ၏၊ ထိုသို့ကျယ်ဝန်းနက်နဲ သိမ်မွေ့လှသော ယမိုက်ကျမ်းကြီးသို့ သက်ဝင်နိုင်သော ဉာဏ်သည်လည်း ကျယ်ဝန်းခြင်း, နက်နဲခြင်း, သိမ်မွေ့ခြင်းသုံးပါးနှင့် ပြည့်စုံသည်ဟူ၍ ဆိုထိုက်ပေသည်။

www.dhammaransi.com



ရစနာဂါထာ

အာကာသော သမုဒ္ဒေါ ဝါတော၊
ဝိတ္ထိဏ္ဏော ဂမ္ဘိရော သဒါ၊
ယထေဝ ယမကော သဏှော၊
သမ္မာသမ္ဗုဒ္ဓ ဂေါစရော။ ။

ယထာ၊ ဥပမာတုန္ဒိုင်း၍ ပုံနှိုင်းယှဉ်ပြပါဦးအံ့။ ယမကော၊ ယမိုက်ကျမ်းကြီးသည်။ အာကာသော၀၊ အဆုံးမထင်သော ကောင်းကင်ပြင်ကြီးကဲ့သို့။ ဝိတ္ထိဏ္ဏော၊ ကျယ်ဝန်းလှပေ၏။ သမုဒ္ဒေါ၀၊ ကမ္ဘာကိုပတ်ခြံသည့် လေးတန်သောသမုဒ္ဒရာကြီးကဲ့သို့။ ဂမ္ဘီရော၊ နက်နဲလှပေ၏။ ဝါတော၀၊ အနန္တလောကဓာတ်ဝယ် နှံ့စပ်၍တည်နေသောပကတိလေကဲ့သို့။ သဏှော၊ သိမ်မွေ့နူးညံ့လှပေ၏။ ယမကော၊ ယမိုက်ကျမ်းကြီးသည်။ သမ္မာသမ္ဗုဒ္ဓဂေါစရော၊ မဖောက်မပြန် ဉာဏ်တော်မှန်ဖြင့် ကေန်ဟုတ်တိုင်း ဆုတ်ဆိုင်းမရှိ အကုန်သိတော်မူသော ရှင်တော်မြတ်ဘုရား၏ ကျက်စားကွန့်မြူးရာကြီးပေတည်း။

ယမိုက်အဖြေကျမ်းအပြီးသတ်ပြီ။

---

နိဂုံးဂါထာ များ

(၁) လယ်တီထေရော မဟာပညော၊မမ ပဏ္ဏတ္တိစ္စကာရကော။
လောကေကုက္ကာ၀ ဇောတေတွာ၊ အဂ္ဂိက္ခန္ဓော၀ နိဗ္ဗုတော။

(၂) လယ်တီထေရော မဟာသီလော၊မမ သောသိလျကာရကော။
လောကေကကပ္ပရုက္ခော၀၊ရုဟိတွာန ဝယင်္ဂတော။ ။

(၃) လယ်တီထေရော မဟာဓညော၊မမ လက္ခိပဝဍ္ဎကော။
စက္ကဝတ္တီဝ သောဘိတွာ၊သသိရိ ံသော နိရုဇ္ဈိတော။ ။

(၄) တဿ မေ ဂုဏဓာရိဿ၊ဒိန္နံ ထေရဿ ဂမ္ဘိရံ။
ရစိတော နယမာဒါယ၊အယံ ယမကနိစ္ဆယော။ ။

(၅) လယ်တျာရာမောတိ လောကမှိ၊ကိတ္တိသဒ္ဒေါ သမုဂ္ဂတော။
သမန္တာ ပတ္တဋ္ဌော စေသ၊မဟာထေရေန နိမ္မိတော။ ။

(၆) တသ္မိံ ဝသတာနေက၊ပါဠိဂန္ထေစ ဝါစတာ။
သီလဋ္ဌ ရက္ခတာ ဓိတိံ၊ဘာဝတာ လိခိတော မယာ။ ။

(၇) ပဉ္စဋ္ဌဒွေကသာကမှိ၊ဖဂ္ဂုဏော ပုဏ္ဏမာသိယံ။
နိဋ္ဌောယံ လယ်တျာရာမမှိ၊မမ ပုဒ္ဓိဝိဘူသနေ။ ။

(၈) ပုညေနေတေနစညေန၊ မမာစေရဿ ဘာသိတံ၊
ရစိတဋ္ဌ ရဝိန္ဒုပ္ပဝ၊ စိရံ ဌာတု အနာကုလံ။ ။

(၉) ပဇာ သဗ္ဗာ သုခါယန္တု၊ပိယာယန္တု ပမောဒိတာ။
ဝဍ္ဎုန္တု သိရိယော လောကေ၊မမေန္တု အဝမင်္ဂလေ။ ။

(၁) မမ၊လယ်တီပဏ္ဍိတ မည်ရသမုတ် အကျွန်ုပ်၏။ ပဏ္ဍိစ္စကာရကော၊ ပညာရှိသည့် အဖြစ်သို့ရောက်အောင် ပျိုးထောင်ပြုစုတော်မူပေယသော။ မဟာပညော၊ ကောင်းကင်တန္တု နှိုင်းတုစဖွယ် ကြီးကျယ်မြင့်မြတ်သော ပညာ အလင်းဓာတ် ရှိတော်မူပေထသော။ လယ်တီထေရော၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်။ လောကေ ကုက္ကာဝ၊ တုဖက်ပြိုင်ကင်း လောကတွင်းဝယ် အလင်းထိန်ညီး ကမ္ဘာ့ဓာတ်မီးတိုင်ကြီးကဲ့သို့။ ဇောတေတွာ၊ထိန်တပြောင်ပြောင် လင်းအောင်ယွန်းပ တော်မူပြီး၍။ ဣဒါနိ၊ ယခုအခါ၌။အဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ နိဗ္ဗုတောဣဝ၊ ငြိမ်းလေပြီးသကဲ့သို့။ နိဗ္ဗုတော၊ ဤကမ္ဘာအတွင်း၌ အလင်းရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူလေပြီ။

[ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ချုပ်ငြိမ်းတော်မူသော အချိန်မှာ ၁၂၈၅–ခု၊ ဒုတိယပါဆိုလပြည့်နေ့ ဖြစ်သတည်း။]

(၂) မမ၊ လယ်တီပဏ္ဍိတ နာမသမုတ် အကျွန်ုပ်၏။ သောသိလျကာရကော၊ ကိုယ်နှုတ်နှစ်ဝ သီလအကျင့် မြင့်မြတ်လေအောင် ပျိုးထောင် ပြုစုတော် မူပေထသော။ မဟာသီလော၊ ကြီးကျယ် မြင့်မြတ် အကျင့်ဓာတ်ဟု ဖြောင့်မတ်သီလ အာစာရဂုဏ် လောက်လုံပြည့်ဖြိုးတော်မူပေထသော။ လယ်တီထေရော၊ ကျေးဇူးရှင်လယ်တီဆရာတော်

www.dhammaransi.com



ဘုရားကြီးသည်။ လောကေကကပ္ပရုက္ခော၀၊ တုဖက်ပြိုင်ကင်း ကမ္ဘာတွင်းဝယ် ထင်လင်းဝန်းကျင် ကမ္ဘာ့ပဒေသာပင်ကြီးကဲ့သို့။ ရူဟိတွာန၊ မတ်မတ်မားမား ထွားထွားစွင့်စွင့် မြင့်ထက်မြင့်အောင် အသင့်ပေါ်ပေါက်တော်မူလာပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ဝယင်္ဂတော၊ဤကမ္ဘာတွင်း၌ ပျောက်ခြင်းမလှ ပျောက်ကွယ်တော်မူလေပြီ။

(၃) မမ၊ လယ်တီပဏ္ဍိတ နာမသမုတ် အကျွန်ုပ်၏။ လက္ခိပဝမ္-ကော၊ ဘုန်းကြက်သရေ အမျိုးမျိုး ပွားတိုးလေအောင် ပျိုးထောင် ပြုစုတော်မူပေထသော။ မဟာဓဉ္ဇော၊ ကြက်သရေဘုန်းဂုဏ် သုံးမကုန်အောင် လုံးစုံပြည့်ဖြိုးတော်မူပေထသော။ လယ်တီထေရော၊ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်။ စက္ကဝတ္တီ၀၊ရတနာ ၇-ဆူ အောင်လန်ထူသည့် ပြိုင်သူဖက်ကင်း စကြဝတေးမင်းကြီးကဲ့သို့။ သောဘိတွာ၊ အကြီးအကျယ် တင့်တယ်ထွန်းတောက်တော်မူပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ သော၊ ထိုကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည်။ သသိရိံ၊ ကိုယ်တော်မြတ်၏ ကြက်သရေတော်အပေါင်းကို။ နိရုန္ဓိတော၊ရုပ်သိမ်းတော်မူလေပြီ။

(၄) မေ၊အကျွန်ုပ်၏။ဂုဏာဓာရိဿ၊ ဂုဏ်ကျေးဇူးတော်အပေါင်းကို ဆောင်တော်မူပေသော။ တဿထေရဿ၊ ထိုလယ်တီ ဆရာတော်ဘုရားကြီး၏။ ဒိန္နံ၊ ထံပါးထက်ကြပ်, လက်ထပ်ပေးသနားတော်မူအပ်သော။ ဂမ္ဘီရံ၊ယထာဘူတ ကျနပိုင်နိုင် ကြံ့ခိုင်နက်နဲစွာထသော။နယံ၊ ပိဋကတ်သုံးပုံ ဥဿုံကျယ်ပြော နည်းသဘောကို။ အာဒါယ၊ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ယူထား၍။ အယံယမကနိဿယော၊ ဤယမိုက်အဖြေကျမ်းကြီးကို။ ရစိတော၊ ရေးသားစီရင်အပ်ပေသတည်း။

(၅) လောကမှိ၊ ဤကမ္ဘာ လောကကြီးအတွင်း၌။ လယ်တျာရာ-မောတိ၊ လယ်တီ တိုက်ကြီးဟူ၍။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသောဂုဏ်သတင်းသံသည်။ သမုဂ္ဂတောစ၊ ဤကမ္ဘာကို ကျော်လွှန်၍ မိုဃ်းစွန်တိုင်အောင်လည်း ပျံတက်လေ၏။ သမန္တာ၊ ဝန်းကျင်ဖိလာ ရှစ်မျက်နှာအားဖြင့်။ ကိတ္တိသဒ္ဒေါ၊ ကျော်ဇောသောဂုဏ်သတင်းသံသည်။ နိစ္စံ၊ အမြဲ။ ပတ္ထဋောစ၊ လေ၏ အလားကဲ့သို့။ နှံ့ပြားလျက်လည်း

www.dhammaransi.com



လွှမ်းခြုံလေ၏။ သေ-သော၊ထိုလယ်တီတိုက်ကြီးသည်ကား။ မဟာထေ-ရေန၊ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည်။ နိမ္မိတော၊ အာဒိကမ္မိက အစဦးဆောင် တည်ထောင် ဖန်ဆင်းအပ်သော တိုက်တော်ကြီးပေတည်း။

(၆) တသ္မိံ၊ ထိုလယ်တီ တိုက်တော်ကြီး အတွင်း၌။ အနေက ပါဠိဂန္ထေ၊များစွာသောပါဠိတော်ကျမ်းဂန်တို့ကို။ဝါစေတာ-ဝါစေန္တေန၊ သင်ကြားပို့ချလျက်။ သီလဍ္ဍ၊ ကျင့်ဝတ် သီလတော် များကိုလည်း။ ရက္ခတာ-ရက္ခန္တေန၊ ကျင့်သုံးဆောက်တည်လျက်။ ဓိတိံ စ၊ တည်ကြည် တုံ့ဘိ သမာဓိ ခေတ်များကိုလည်း။ ဘာဝတာ-ဘာဝေန္တေန၊ ပွားများ မွေးမြူလျက်။ ဝသတာ-ဝသန္တေန၊ နေတုန်း, နေဆဲဖြစ်သော။ မယာ၊ လယ်တီပဏ္ဍိတ မည်ရသမုတ် အကျွန်ုပ်သည်။ အယံ၊ ဤယမိုက်အဖြေကျမ်းကြီးကို။ ရစိတော၊ ရေးသားစီရင်အပ်ပေသတည်း။

(၇) မမ၊ လယ်တီပဏ္ဍိတ မည်ရသမုတ် အကျွန်ုပ်၏။ဗုဒ္ဓိဝိဘူသနေ၊ အဆင်းတန်ဆာ ဉာဏ်ပညာဖြင့် ကောင်းစွာ ဆင်ယင်ရာ ဖြစ်သော။ လယ်တျာရာမမှိ၊ လယ်တီတိုက်ကြီး အတွင်း၌။ ပဥ္စဒ္ဓေကသာကမှိ၊ မြန်မာသက္ကရာဇ် ၁၂၇၅ ခု-နှစ်၌။ ဖဂ္ဂုဏော၊ အခါလည်းကောင်း လတပေါင်း၌။ ပုဏ္ဏမာသိယံ၊ လပြည့်နေ့၌။ အယံ၊ ဤယမိုက်အဖြေကျမ်းကြီးသည်။ နိဋ္ဌော၊ ဘေးရန်မနှောင့် မကြောင့်မကြ လုံးဝ ချောပြေ ပြီးစီးလေသတည်း။

[၁၂၇၅-ခု တပေါင်းလပြည့်နေ့၌ ဤကျမ်းကိုရေး၍ ပြီးသည်၊ဤကျမ်း ပြီးသောနေ့၌ပင်လျှင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ အလောင်းတော်ကို ပျဉ်းမနားမြို့၌ သာစုကီဋ္ဌနသဘင် ဆင်ယင်ပူဇော်၍ ရှာပနပွဲကြီးကို ကျင်းပသည်။]

(၈) တေန ပုညေနစ၊ ဤကျမ်းကို ရေးရသော ကောင်းမှုကြောင့်၎င်း။ အညေနစ၊ သည်မှတပါးသော ကောင်းမှုကုသိုလ်များကြောင့်၎င်း။ရဝိန္ဒု၊ နေဝန်းလဝန်းကြီးတို့သည်။အနာကုလံ၊ အနှောင့် အရှက်မရှိဘဲ။ စိရံ၊ ကမ္ဘာကုန်ဆုံး ကပ်လုံးတည်ကာ ရှည်မြင့်စွာ။ ဝိဋ္ဌန္တိဋ္ဌဝ၊တည်ကုန်ဘိသကဲ့သို့။ တထာ၊ထိုနည်းတူစွာ။ မမ၊အကျွန်ုပ်-

www.dhammaransi.com



၏။ အာစေရသ်၊ ဆရာသခင် ကျေးဇူးရှင်အစစ် ဖြစ်ကြီးဖြစ်တော်မူပေသော လယ်တီဆရာတော်ကြီး၏။ ဘာသိတံစ၊ ဆုမ္မဟောပြောတော်မူအပ်သော တရားအချက်များသည်၎င်း။ ရစိတဋ္ဌ၊ ရေးသားတော်မူအပ်သော ကျမ်းဂန်အရပ်ရပ်သည်၎င်း။ စိရံ၊ သာသနာကုန်ဆုံး ခေတ်လုံးတည်ကာ ရှည်မြင့်စွာ။ တိဋ္ဌတု၊ မပျောက်နိုင်ဘဲ အမြဲတည်တန့်ပါစေသတည်း။

(၉) သဗ္ဗာ၊ ဘုံသုံးဆဲ့တစ် ဖြစ်ကြဆန်စုံ အလုံးစုံကုန်သော။ ပဇာ၊ အနမတဂ္ဂ သုတ္တန်အလာ ဆွေညာတကာ ဖြစ်ကြကုန်သော သတ္တဝါ အပေါင်းတို့သည်။ သုခါယန္တု၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွင့်စင် လိုအင် ပြည့်ဝ အချမ်းသာကြီးချမ်းသာကြပါစေကုန်သတည်း။ ပမောဒိတာ၊ ကိုယ်ရွှင်စိတ်ရွှင် ကြည်လင်ပျော်ပိုက် နှစ်ခြိုက်ကြည်နူး အထူးဝမ်းမြောက် ကြကုန်သည်ဖြစ်၍။ ပိယာ-ယန္တု၊ ချစ်ခင်မြတ်နိုး ချစ်ကြိုးနွယ်တန်း ချစ်ပန်းပွင့်ခါ ချစ်ခင်ကြပါစေကုန်သတည်း။ လောကေ၊ကောကဓာတ်အများတိုက်တသွား၌။ သိရိယော၊ကောင်းကျိုးချမ်းသာ မင်္ဂလာအထွေထွေ ကြက်သရေ အမျိုးမျိုး ဝုဍ္ဍာရုံ ဘုန်းတန်ခိုးတို့သည်၊ ဝဍ္ဍန္တု၊ လဆန်းပက္ခ တူမျှမသွေ တိုးတက်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပဇာ၊သတ္တဝါအပေါင်းတို့သည်။ အဝမင်္ဂလေ၊ အနိဋ္ဌာရုံ လုံးစုံများတောင်း အမင်္ဂလာအပေါင်းတို့ကို။ ဓမေန္တု၊ လေပြင်းတိုက်ခွေ့ တိမ်တိုက်ရွေ့သို့ နေ့တိုင်းရက်ဆင့် ပျောက်ကုန်လွင့်အောင် မှုတ်လွင့် နိုင်ကြပါစေ ကုန်သတည်း။

ယမိုက်အဖြေကျမ်းအလုံးစုံပြီးပြီ။

www.dhammaransi.com

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့

တအုပ်- ၅—ကျပ်၊ ၅၀ ပြား။